


www.burmeseclassic.com
မဟူရာ
(လှိုင်ကော်)
သတို့သမီးအတွက်
ရွှေနဲ့ရက်တဲ့ခြုံပဝါ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅ဝိ/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
မဟူရာ(လှိုင်ကော်)
သတို့သမီးအတွက် ရွှေနဲ့ရက်တဲ့ မြုပဝါ/မဟူရာ(လှိုင်ကော်)။
ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၄။
၃၀၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) သတို့သမီးအတွက် ရွှေနဲ့ရက်တဲ့ မြုပဝါ

www.burmeseclassic.com

ငါ့ရဲ့သတို့သမီးလေးရေ

ငါ့နှလုံးသားယက္ကန်းစင်မှာ

ငါ့အချစ်ရွှေခြည်မျှင်တွေနဲ့

တောက်ပစွာ လင်းလဲ့နေတဲ့

ရွှေနဲ့ရက်တဲ့ခြုံပဝါကို

မင်းအတွက် ငါရက်ထားတယ် ...

မင်း ... မြတ်နိုးစွာ ခြုံပါလေ ...။

BURMESE CLASSIC

မင်းရဲ့ ရင်ထဲက

အပူတွေအားလုံးကို

နှုတ်သိမ်းပစ်လိုက်နိုင်အောင်

ခုကတည်းက ...

ငါ့ရဲ့အချစ်တွေကို

မင်းရယူပိုင်ဆိုင်ထားလိုက်ပါ ...။

www.burmeseclassic.com

www.burmeseclassic.com

ရင်ကိုလောင်စေတဲ့

မီးဆိုတာ ...

မျက်ရည်ကို လောင်စာတိုက်ပြီး

ဖြစ်ရတာပါ ...။

အဲဒီမီးဟာ

နှလုံးသားကို ပြာကျစေနိုင်တယ်...




BURMESE CLASSIC

အချစ်နဲ့ ပတ်သက်လာရင်

တွေဝေနေခြင်းဟာ

အချိန်ဖြုန်းမှုတစ်ခုပဲ ...။



www.burmeseclassic.com

www.burmeseclassic.com

မွှမွှကြွေနေသည့်

ကြေကွဲမှု၏

ပေါက်ကွဲရှိန်သည်

မျက်ရည်နှင့်ရိုက်သံပဲဖြစ်လေသည် …။

မျက်ရည်ဆိုတာ

ဘယ်သူ့မျက်ဝန်း

မျက်ဆံကပဲကျကျ

မျက်ရည်ချင်းကတော့

အတူတူပါပဲ …။

ချမ်းသာသူကျတဲ့မျက်ရည်က


ရွှေစက်ဖြစ်ပြီး

ဆင်းရဲသူကျတဲ့မျက်ရည်က

ရေစက်မဖြစ်ပါဘူး …။

www.burmeseclassic.com

www.burmeseclassic.com




# ရွှေသမင်
## စာပေ

မှ စီစဉ်တင်ဆက်သည်။

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁- ၂၉၆၁၁၀၊ ၀၁- ၃၉၈၅၅၇၊
၀၁-၈၆၁၀၀၈၈

www.burmeseclassic.com

www.burmeseclassic.com


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝေနေတွေသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ… အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ… ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုး…
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး…
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်… ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေပြု၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်… နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်…
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး… တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း… ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသား… လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်…
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။


ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# မဟူရာ


(လှိုင်ဇော်)

…ကို့သိမ်းအတွက် ရွှေနဲ့ရက်တဲ့ ခြုံပဝါ


ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀


www.burmeseclassic.com

www.burmeseclassic.com





သတို့သမီးအတွက်
ရွှေနဲ့ရက်တဲ့ မြို့ပဝါဆိုတာ ...။

သတို့သားရဲ့သစ္စာရှိ
ရင်မှာတည့် ရွှေမျှင်ဖွဲ့ပါတဲ့
ရက်ကန်းစင်နဲ့ရက်တဲ့ မြို့ပဝါ ...။

ပဝါတကော့ ပဝါမှာ
မြတ်နိုးစရာ မြတ်နိုးရာ
ရွှေနဲ့ရက်ပါတဲ့ မြို့ပဝါ ...။

နန်းတော်ဇင် သခင်မှူးပေမို့
မြို့စေဦးရယ်လို့ ပခုံးပေါ်တင်
ပဝါတင် ရွှေတစ်ခက်
နုညက်ညက် မြို့ပါ ခင် ...
အလှတွင် ပိုယဉ်ကျေး
အလွင်အသွေး သိမ်မွေ့ရာ
ရွှေစင်ကညာ ရှုမငြီး
(မောင့် ...ဦ)




သတို့သမီးအတွက် ရွှေနဲ့ရက်တဲ့ မြို့ပဝါ ...။
ဪ ...
သတို့သမီးအတွက် ရွှေနဲ့ရက်တဲ့ မြို့ပဝါ ...။

www.burmeseclassic.com

www.burmeseclassic.com









အခန်း [၁]

ခေါင်းရင်းရှိ စံကားဖြူနီပင်တန်းမှာ ညအိပ်ကြပါသည့် ငှက်လေးတွေ၏ မနက်ခင်းနိုးထပါသည့် ကျည်ကျည်ကျာကျာ မြည်သံလေးတွေက ဝေစည်နေပြီ ..။ အနီရောင် ဖဲသားအိပ်ရာခင်းထက်မှာ ကိုယ်လေးကွေး၍ ယုန်မွေးစောင်နီနီလေးကို ခြုံအိပ်နေရာမှ ငွေဝန်းပျို မျက်ဝန်းလေးတွေကို ကြည်နူးစွာ ဖွင့်လိုက်ရပါ၏။

ဤနေ့သည် ငွေဝန်းပျို ၏မွေးနေ့..။ တက်ကြွလန်းသစ်နေသည့် [illegible]ချက်အပျော်လေးတွေဖြင့် ငွေဝန်း ထထိုင်လိုက်ကာ လက်လေးကို ဆန့်တန်း၍ အညောင်းလေး ဖြေသည်။ ဖဲသား ညဝတ်အင်္ကျီ ပန်းနုရောင်လေးကို ဆွဲဆန့်ပြီး ငွေဝန်းပြတင်းကို ပြေးဖွင့်လိုက်မိရပါ၏။

ကောင်းကင်ကြီးက ကြည်လင်နေသည်..။ မိုးသားရိပ် မလွှမ်းနေ..။ ရွှမ်းကုန် ပွင့်ဝေနေကြပါသည့် စံကားဖြူနှင့် စံကားနီပွင့်တွေက အပင်ကလည်း အခိုင်လိုက် ခေါင်းကိုမော့၍ ပွင့်၏။ ပင်ခြေမှာလည်း လှလှပပ တန်းသစ်နေဆဲ ပန်းလေးတွေအဖြစ် ကြွေ၏။ ပန်း၏ရနံ့က သင်းမြမြ ထုံစွာ ငွေဝန်း၏နှာဖျားလေးကို တို့ထိကျီစယ်နေသည့်အဖြစ် ..၊ ပြတင်းဆီမှ တိုးဝင်လာသည့် ပန်းရနံ့တို့က တစ်ခန်းလုံးသို့ ရုတ်ခြည်း မြန်ဆန် လွန်းစွာပဲ ပျံ့နှံ့ ခိုဝင်သွားသည်ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကိုက.. ပန်းစံကားတို့၏ ထူးခြားသောစွမ်းရည်ပဲ ဖြစ်လေသည်။ ပန်းရနံ့သည် မြန်ဆန်လွန်းစွာပင် လွှမ်းခြုံနိုင်ချေသည့်အဖြစ်..။

"ဒီနေ့ဟာ .. ငွေဝန်း ရဲ့မွေးနေ့ .."

အပျော်စိတ်လေးဖြင့် လွတ်လပ်ကြည်စင်စွာပဲ လက်လေးဇကွကို ဘေးသို့ဆန့်တန်းလိုက်ပြီး ကိုယ်လေးကို ချာလည်လှည့်ပတ်၍ ကလေးလို့ပဲ စိတ်ကိုလွှတ် ပျော်လိုက်မိပြန်သည်။ ခါးလည်ထိ မည်းနက်ထူသိပ်စွာရှိနေပါသည့် ပျောင်းနွဲ့နွဲ့ ဆံပင်ခက်ခက်သည်လည်း ပိုးသားနှယ်ပင် ဟိုသည်ဝေချေ၏။

ငွေဝန်းပျို ပြုံး၍ ကြည့်လိုက်မိသည်ကလည်း စေ့ပိတ်ထားသော တံခါးရှိရာသို့ပါ ..။ ခါတိုင်းမနက်များထက် ပို၍ စောနိုးလာရသည်ကိုက ဤနေ့၏ ထူးခြားမှုတစ်ခု ..။ နာရီနိုးစက် မသုံးဘဲ ငွေဝန်း ဘာသာနိုးလာအောင်လည်း ညကတည်းက အာရုံစိုက်၍ အိပ်မိခြင်း ..။ ခုမနက်ရောက်ပြီ ..။ စော၍လည်း နိုးသည်။ ငွေဝန်း ခြေသံဖွဖွဖြင့် တံခါးအနီးသို့ ချဉ်းကပ်မိရပါ၏။

တံခါးရွက်အနီးမှာ နားလေးကပ်၍ အပြင်ဘက်ကို နားစွင့်မိရင်းလည်း ငွေဝန်း ပြုံးနေမိသည်ပါပဲ ..။ ကြားရပြီ ..။ ခြေသံဖွဖွလေးတွေ– တံခါးရွက်အနီး ကပ်လာပြီ ..။

ငွေဝန်း မျက်ဂန်းလေးတွေကို မှိတ်လိုက်မိရပါ၏။ ဖေဖေနှင့် မေမေတို့ ပြုံးနေကြမည်။ ကိုကြီးနှင့် ကိုငယ်တို့လည်း အသံမကြားအောင် တိတ်တဆိတ် ကြိုးစားနေကြရင်း ငွေဝန်း တံခါးအဖွင့်ကို စောင့်နေကြပြီ။ မမထား နှင့် မမဒက် တို့ကလည်း ကိုကြီးနှင့် ကိုငယ်တို့၏ဘေးမှာ ရပ်ရင်း ယောက်မငယ်ထွေးလေးဖြစ်သည့် ငွေဝန်း ကို ပြုံးချိုချိုလေး စောင့်နေကြလောက်ပြီ။ ဤသည်က .. ငွေဝန်း ၏မွေးနေ့တိုင်းမှာ ကြုံနေကျ မပြောင်းလဲသော ပျော်စရာမနက်ခင်းများ ..။ ငွေဝန်းပျို အညင်သာဆုံး တံခါးရွက်ကို ရုတ်ခနဲ မြန်ဆန်လွန်းစွာ ဖွင့်လိုက်တော့ ထုံး





အတိုင်း ပန်းစံကားဖြူနီတွေကို သီ၍ လည်မှာဆွဲထားကြပါလေသော ကိုကြီးနှင့် ကိုငယ်တို့ထံမှ ပန်းရနံ့က မွှေးမြမြ ချိုလွင် နှုတ်ဆက်၏။ ကိုကြီးနှင့် ကိုငယ်တို့ နှစ်ယောက် ငွေဝန်း ကို ဖက်ကြ ..။ နဖူးနမ်းကြ ..။ ခေါင်းနမ်းကြဖြင့် ရှုံကုန်ရရင်းမှ ...

"တွေ့လား .. ကိုကြီးတို့ရဲ့ညီမလေးက မနက်အိပ်ရာထတာနဲ့ မျက်နှာသစ်စရာကို မလိုဘူး .. မွှေးနေတာပဲ .. မွှေးနေတာပဲ .."

မျက်နှာလေးကို လက်ဖဝါးဖြင့် အုပ်ကြ ..။ ကြည့်ကြ ..။ နမ်းကြဖြင့် ရှုပြန်၏။ ရင်ခွင်ထဲ ဆွဲပွေ့တာမို့လည်း ငွေဝန်း မှာဖြင့် ကိုကြီးရင်ခွင်ထဲ ရောက်သွားလိုက် ..။ ပန်းစံကားဆွဲကြိုးကြီးနှင့် ထိလိုက် ..။ ပန်းရနံ့ကို ရှူ ..။ ပွင့်ဖတ်တို့၏ နုအိအိအထိကို ခံလိုက်ဖြင့် ရှိနေရ .. ကိုငယ့် ရင်ခွင်ထဲ ရောက်သွားလိုက် ..။ ပန်းရနံ့နှင့် ပန်းဝတ်လွှာတို့၏ အထိကို ခံစားရဖြင့် အပျော်တွေနှင့် လုံးထွေးရစ်ပတ် အတန်မျှ ရှိနေရသည်ပါပဲ..။

"ကိုငယ့်ညီမလေးကို တမင် မျက်နှာမသစ်ဘဲ တံခါးဖွင့်ရမယ်လို့ စည်းကမ်းထုတ်ထားတာကိုက အဓိပ္ပာယ် အပြည့်အဝရှိတာလေ .. ဟောဒီ ညီမ နံ့သာမွှေးလေးက .. မျက်နှာမသစ်ဘဲကို မွှေးတာဗျ .. လှတာဗျ.."

ကိုငယ်ကလည်း ငွေဝန်း ၏ပါးလေးတွေ နဖူးလေးတွေကို တရှုံ့ရှုံ့ နမ်းမဆုံးရှိရင်း ပြောနေသမျှ ဖေဖေနှင့်မေမေကတော့ ကြည်နူးပြုံးဖြင့် ကြည့်နေသည်ပါပဲ ..။

"ကဲ .. ကဲ .. ညီအစ်ကိုနှစ်ယောက် .. ဘေးလူအလှည့်လည်း ချန်ပါရှင် .. မေမေတို့လည်း သမီးလေးကို နမ်းပါရစေဦး .. နံ့သာမွှေးလေးကို .."

ဟု မေမေ ပြုံး၍ပြောတော့မှ ကိုကြီးနှင့် ကိုငယ်တို့ ညီမလေးကို မိဘလက် လွှဲချေသတည်း ..။ မေမေ ပြုံး၍ ငွေဝန်းပျို ကို ပွေ့ကာ



www.burmeseclassic.com

www.burmeseclassic.com



နဖူးလေး နမ်းသည်။ ဆံစလေး သပ်ပေးသည်။ ပါးလေး နမ်းသည်။ လည်မှာဆွဲလာပါသည့် ပတ္တမြားလည်ဆွဲကို ဖြုတ်၍ ငွေဝန်း ၏လည်မှာ ဆွဲပေးလာပါ၏။ အလွန် အရည်လဲ့တောက်ပနေသော ပတ္တမြားလည်ဆွဲလေးသည် ငွေဝန်း အတွက် မေမေ ပေးလေသော မွေးနေ့လက်ဆောင်...၊ ဖေဖေကလည်း ငွေဝန်း ကို ရင်ခွင်မှာပိုက်ပွေ့၍ နဖူးနမ်း ပါးနမ်းဖြင့် အတန်ရှိနေရာမှ ...

"ဖေဖေတို့ အလွန်တောင့်တတဲ့ သမီးဖွေးလေး .. သမီးတစ်ယောက် လိုချင်လှတဲ့ ဖေဖေတို့မိသားစုအတွက် အပျော်တွေ သယ်ဆောင်ပေးလာတဲ့ ဟောဒီ သမီးလေးအတွက် .. ဖေဖေ့လက်ဆောင် .."

ဟု ပြောကာ ပတ္တမြားနားဆွဲလေးနှင့် လက်ကောက်လေးကို အိတ်ကပ်တွင်းမှ ထုတ်၍ ဖေဖေကိုယ်တိုင် ဝတ်ပေးပြန်၏။ ကိုကြီးက ငွေဝန်း အတွက် ပတ္တမြားလက်စွပ်နှင့် ကလစ်လေး ...၊ ကိုငယ်က ငွေဝန်း အတွက် ပတ္တမြားရင်ထိုးလေး ...၊ မမထား က ပတ္တမြားလက်စွပ်တန်းလေးနှင့် မမခက် က ပတ္တမြားဆံကုတ်လေးကို ပေးလာပါ၏။ အားလုံးပေးလာကြသည်က စုပေါင်းလိုက်တော့ ပတ္တမြားတစ်ဆင်စာ ဖြစ်နေသည်။

"ဟောဒါက .. မေမေ့လက်ဆောင် .."

ဟု ထပ်၍ ပေးလာသည်က ပတ္တမြားလုံးချောလေးတွေဖြင့် လက်ပတ်ကြိုး လုပ်ထားပါလေသော နာရီလေးပါတည့် ...။

"ဟောဒါက .. မွေးတဲ့ညီမလေးအတွက်.. ပန်းစည်း .."

အဖြူရောင်နှင်းဆီပန်းစည်းကြီးကို ဘေးဘက်ရှိ ပန်းတင်ခုံထက်မှာတင်ထားရာမှ ယူ၍ ကိုကြီး ပေးသည်။ ငွေဝန်းပျို ပန်းစည်းကြီးကို ယူလည်း ယူ ...၊ မွေးလည်း မွေးလိုက်သည်ပါပဲ ...။ နောက်တော့ ဖေဖေနှင့်မေမေ့ကို ငွေဝန်း နမ်းသည်။ ကိုကြီးနှင့် ကိုငယ်ကို နမ်းသည်။ မမထား နှင့် မမခက် ကို နမ်းသည်။





နောက်ဆုံးကျတော့.. အားလုံးကို ထိုင်၍ကန်တော့လိုက်သည်ပါပဲ..။

"သာဓု .. သာဓု .. သာဓုပါ သမီးရယ် .. အမြဲ ဖေဖေ မေမေတို့နဲ့.. ကိုကြီး ကိုငယ်တို့နဲ့ .. မမထား နဲ့ မမခက် တို့နဲ့ .. မခွဲဘဲ နေရပါစေ.."

ဟု ဖေဖေနှင့် မေမေ ဆုပေးပါ၏။

"လာ.. အခု အခန်းထဲဝင်မယ် .. ရေချိုးတော့ .. ကိုကြီးတို့ စောင့်နေမယ် .."

ဟု ပြောကာ အခန်းထဲထိ အားလုံး ဝင်လာကြ ...၊ ငွေဝန်း ရေချိုးပြီးလျှင် လိမ်းဖို့ သနပ်ခါးကို မမထား က သွေးနေပြီ ...။ မမခက် က အစကတည်းက မိသားစု ရွေးချယ် ချုပ်ထားပါလေသော မွေးနေ့ဝတ်စုံလေးကို ဘီရိုထဲမှ ထုတ်နေပြီ ...။

"သားငယ်ဟာလေ .. သမီးလေးကို မျက်နှာမသစ်ဘဲ အခန်းထဲက ထွက်ရမယ်လို့ .. ငယ်ကတည်းကိုက .. အဲသလိုကြီး တရရ စည်းကမ်းချထားတာ မေမေဖြင့် .. ရယ်ပဲ ရယ်ရမလိုလို .. စိတ်ပဲ ညစ်ရမလိုလို ဖြစ်လို့ကွယ် .."

ငွေဝန်း ၏ခုတင်မှာ ထိုင်ရင်း မေမေ ညည်းပါ၏။

"ဟာ မေမေကလည်း .. ဘယ်သူက ရေချိုးပြီးမှ မွေးလာလို့လဲ မေမေရ .. ညီမလေးရဲ့ မွေးနေ့မနက်ခင်းကို .. မေမေ့ဗိုက်ထဲက ကျွတ်လာသလိုမျိုးကြီးပဲ ဖြစ်စေချင်တယ် .. ညီမလေးက မျက်နှာမသစ်လည်း မွှေးနေတာပဲ .. လှနေတာပဲ .. ကြွေရုပ်လေးဖြစ်လို့ .. ရွှေရုပ်လေးဖြစ်လို့.."

ကိုငယ် ဆိုတာက.. မြန်မာစာအမိက်ဖြင့် ကျောင်းပြီးကာ .. စာရေးဆရာ၊ ကဗျာဆရာလည်း ဖြစ်နေတာမို့ .. နည်းနည်းတော့ နူးညံ့သည့်အတွေးတွေဖြင့် သူများတကာထက် ထူးသည့်စိတ်ကူးလေးတွေလည်း ရှိတတ်သူပါ ...။ အစကတည်းက စာရေးဆရာဖြစ်လာရမည့် စာရေးဆရာလောင်းလျာကို ငယ်သည် ငယ်ကတည်းက ထူးသည့်အတွေးလေးတွေဖြင့် သူများတကာထက်လည်း တွေးတတ်ကာ ...။ ငွေဝန်းပျို



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို မွေးနေ့မနက်မှာ မျက်နှာမသစ်ဘဲ လာရမည်။ ပွေ့ကြ မွှေးကြမည်ဆိုတာကို စည်းကမ်းချခဲ့သူပါ ...။ ကိုယ် ဆယ့်လေးနှစ်သား အရွယ်ကျတော့မှ ငွေဝန်း ကို မေမေ မွေးတာမို့ ...။ ဆယ့်လေးနှစ်သား ကိုယ်ဖြစ်ချင်သည့် ထိုပူဆာသော ထူးဆန်းသည့်မွေးနေ့မနက်ဆုံပွဲ ဆိုတာကို အားလုံးကလည်း လက်ခံပေးလိုက်ကြသည်ပါပဲ ...။ ကိုကြီး ဆယ့်ခြောက်နှစ်အရွယ် ကိုယ် ဆယ့်လေးနှစ်အရွယ်ကျတော့မှ ငွေဝန်း ညီမလေးကို ရကြတာမို့ သည်းသည်းလှုပ် ဖူးဖူးတင် ချစ်ကြသည်က လည်း တစ်အိမ်လုံးပါတည့် ...။

ငွေဝန်း ရေချိုးထွက်လာတော့ အဝတ်အစားလဲချိန်လေးတစ်ချက်ပဲ ကိုကြီးနှင့် ကိုယ် အပြင်ထွက်သည်။ ဖေဖေလည်း ပါသွားသည်ပါပဲ...။ သားအဖသုံးယောက် အောက်ထပ် ထမင်းစားဆောင်မှာ ရောက်သွားကြချေသမျှ စားဖို့သောက်ဖို့ကိစ္စတွေ အခင်းအကျင်းကိစ္စ ဒေါ်ကြီးစိန် ကို ပြောရှေ့ဆိုနေသံတွေကဖြင့် အပေါ်ထပ်ထိ တစ်ယောက်တစ်ပေါက် အသံတွေဖြင့် လွင့်တက်လာနေသည့်အဖြစ် ...။

မမထား ၏ လက်ကိုင်ဖုန်းလေး မြည်လာတာမို့ ပဝါမြားတစ်ဆင်စာ ဆင်ပေး ဝတ်ပေးနေရာမှ မမထား ဖုန်းနံပါတ်ကို ကြည့်သည်။ ကျွတ်ခနဲ စုတ်သပ်ကာ ...

"ဘာမှကို ဖြောင့်ဖြောင့် မလုပ်ရဘူး ... ခု ဘာမှာမလို့လည်း မသိပါဘူး မေမေရယ် .. ကိုကြီး ဖုန်းဆက်လာတာ ...၊ အဲဒါပဲကြည့် .. အောက်ထပ်ကနေပြီး ဘာမှာတမ်းပို့ဦးမယ် မသိပါဘူး .."

ဟု ညည်းကာ စပီကာခလုတ်ကို နှိပ်၍ ...

"ဟယ်လို .. ဘာမှာမလို့လဲ .. မှာချင်တာမှာ .. စပီကာနှိပ်ထားတယ် .. အားလုံးကြားရအောင်လို့.. တခြားတစ်ယောက်ယောက်ကို မှာချင်တာ ရှိနေတယ်ဆိုရင် .. ထား မပြောတော့ဘူး .. အလိုလို ကြားအောင် စပီကာနှိပ်ထားတာရှင့် .. ကိုကြီးရယ် .. အပေါ်ထပ်အောက်ထပ်





ုန်းဆက်ရတယ်လို့ ...၊ ကဲ .. ဘာပြောမလို့လဲ .. ငွေဝန်းလေး ကို .. ီမှာ လက်ဝတ်လက်စားဆင်နေတာရှင့် .. မပြီးသေးဘူး .."

"ငါ တက်လာတော့မယ် ထား .. ညီမလေးကို ကိုကြီး သနပ်ခါး ူးပေးမှာ နော် .. ကိုကြီး ညီမလေးကို .. ငယ်ငယ် ပုတုစုကွေးလေး ာတည်းက .. ကိုကြီး သနပ်ခါးလူးပေးလာတာ .. မွေးနေ့တွေမှာတော့.. ိုကြီးပဲ အမြဲလူးပေးနေကျ .. ခု .. မေ့ပြီး မိထား လူးပေးလိုက်မှာ ်ပူလို့ လှမ်းသတိပေးတာ .."

"ဟော့ ...ဟော့ .. ညီမလေးကို .. ကိုယ် ခေါင်းဖြီးပေးမှာနော်.. ခု တက်လာကြတော့မယ် .. ကိုယ်က အမြဲ ခေါင်းဖြီးပေးနေကျ ိုယ်လေ .."

ဟု ပြောသံတွေ ပေါ်လာတော့ မေမေ ရယ်ပါ၏။ ငွေဝန်း ၏ဆံစ ားကိုလည်း သပ်ပေးကာ ...

"ဒီလောက်ချစ်ကြတဲ့ အစ်ကိုတွေ ရတာမို့ .. သမီးလေးအတွက် မေ ကြည်နူးပါရဲ့ကွယ် .. သည်းသည်းလှုပ်နေတာ .. အံမယ် .. ီးကိုကြီးဆိုရင်ဖြင့် တကယ့်ကို သနပ်ခါးကိုယ်တိုင် သွေး .. ညီမ ားကို လူးပေးနဲ့ .. ခင်းနှီးထုပ်ဖွေးဖွေးထဲက ညီမလေးကို .. အဲသလို ှုလိုက်ချစ်လိုက်နဲ့ အရုပ်လေး ရနေသလိုပါပဲ.. ကိုယ်ကလည်း ကလေး င် မည်းနက်နက် ပျော့အိအိလေးကို သူပဲ ခေါင်းဖြီးမယ် တကဲကဲ .. ခေါင်းသားမနာအောင် ဖွဖွလေး ဖြီးပေးတတ်တာလေ .. ကျောင်း ွားခင်လည်း ညီမလေး .. ကျောင်းကပြန်ရောက်ရင်လည်း ညီမလေး.. ာလိုရှိကြတာ .. ခင်းနှီးက အစ .. သူတို့ပဲလျှော်မယ်ဆိုလို့ ဒေါ်ကြီးစိန် ြင့် စိတ်ကို ညစ်ယူရရောလေ .."

ဟု မေမေ ရယ်မောပြောနေသမျှ ငွေဝန်း ရင်ကိုနှစ်၍ တကြည်နူး ားထောင်နေမိရသည်ပါပဲ ...။

ဟုတ်သည် ...၊ ကိုကြီးဆိုတာ ငွေဝန်း ကို သနပ်ခါး လူးပေးနေ



www.burmeseclassic.com

www.burmeseclassic.com



ကျ ...၊ ကိုယ်က ခေါင်းဖြီးပေးနေကျဆိုတာ ငယ်ဘဝမှာ တစ်လျှော လုံး ကလေးဘဝမှတ်ဉာဏ်လေးကတည်းက သိသိလာရသည်ပဲလေ တကယ်ပဲ ခုလည်း ကိုကြီးနှင့် ကိုယ်တို့လည်း ရောက်လာကြသည် ဖေဖေလည်း ပါလာပြန်သည့်အဖြစ် ...။ ကိုကြီးမှ သနပ်ခါးလူးပေးနေ မှာ ပါးကွက်ကျားလေးပင် တင်ပေးနေသေးကာ .. အသားတ ပါးကွက်ကြောင်းလေး ညီညီရှိအောင် သနပ်ခါးခြစ်သည့် ဘီးသေး လေးဖြင့် ခြစ်ပေးနေသေးသည်တည့် ...၊ မျက်ခုံးမွေးခြစ်တံလေးန လည်း မျက်ခုံး ထူခုံးခုံးလေးကို သနပ်ခါးစိုနေသေးချိန်မှာ ညင်ညင် သာသာလေး ခြစ်ပေးသည်။ ကျောက်ပျဉ်ထက်မှာ ကျန်နေသေးသ သနပ်ခါးနှစ်ကို လက်ညှိုးဖြင့် ကော်ယူကာ...

"ပါးစပ်ဟ .. သနပ်ခါးနှစ်လေး စားလိုက် .. ကိုကြီး အရင်တု က အမြဲ အဲသလို သနပ်ခါးနှစ်လေး ကျွေးကျွေးနေလို့ ခုလို ငွေဝန်းလေ ရဲ့ အသားလေးတွေ ဝင်းအိနေတာ သိလား .. ငွေဝန်းလေး ဆယ်ငေ နှစ်အရွယ်ရောက်တော့မှ .. မေမေ အတင်းတားပြီး ညီမလေးကိုယ်တို့ သနပ်ခါးလိမ်းပါစေဆိုလို့သာ ကိုကြီးမှာ မလူးပေးရတော့တာ .."

ကိုကြီး ပြောနေသမျှ ငွေဝန်း နားထောင်သည်ပါပဲ။ ပါးစပ်လေ ဟပေးတော့ ငယ်တုန်းကလိုပင် ငွေဝန်း ကို သနပ်ခါးနှစ်လေး ခွံ့ သည်က ကိုကြီးပါ ...။ ငွေဝန်း မှာ သနပ်ခါးနှစ်လေးကို ခုထိ သနပ် လူးပြီးတိုင်း လက်ညှိုးတစ်ကော်လေး ယူယူစားဖြစ်သည်ကလည်း ကို ကြောင့်ပါ ...။ သနပ်ခါးနှစ်လေး မစားဘဲ နေလိုက်ရလျှင်ဖြင့် တစ်ခု နေသယောင်ပင် ဖြစ်နေသည်ကိုးလေ ...။

ကိုယ်ကလည်း ငွေဝန်း ကို ခေါင်းဖြီးပေးသည်။ အုန်းဆီ လေး လူးပေးသည်။ နောက်တစ်ကျော့ ခေါင်းလေးထပ်ဖြီးပြီးချိန်မှာ ပတ္တမြားဆံကုတ်လေးကိုလည်း ကိုယ် လှလှပပတပ်ပေးသည်။ ကာ လေးလည်း ညှပ်ပေးသည်။ ပြီးတော့ ရေမွှေးလည်း ငွေဝန်း ၏အ





အသစ် ပန်းရောင် ပိုးဂါဝန်ရှည်လေးမှာ ဖျန်းပေးသည်ကလည်း ကိုယ် ပါ ...။

"အိုကေ .. ပြည့်စုံပြီ .. နှုတ်ခမ်းနီဆိုးစရာ မလိုဘူး .. မျက်လုံးမှာ သိုင်နာတင်စရာ မလိုဘူး .. အလိုလို နှုတ်ခမ်းလေးက ရဲနေပြီးသား .. မျက်တောင်လေးတွေက ရှည်ထူထူလေးတွေ ဖြစ်နေပြီးသား .."

ကိုယ် လက်ကြီးပိုက်၍ ကျေကျေနပ်နပ် ပြောနေပုံကဖြင့် ညီမ လေး အချောဆုံးဆိုသည့် အစ်ကိုတစ်ယောက်၏ဟန်ဖြင့်ပါ။ ကိုကြီး ကလည်း နှင်းဆီဖြူတစ်ပွင့်ကို ခေါင်းမှာ လာပန်ပေးပြန်၏။ အားကျ ခဲ့ ကိုယ်ကလည်း ထပ်၍ တစ်ပွင့်လာပန်ပေးသည်။

နောက်တော့ ညီအစ်ကိုနှစ်ယောက် ဘာစိတ်ကူးရသွားကြသည် သိ ...၊ စောစောက လက်ဆောင်ပေးသည့်ပန်းစည်းထဲမှ နှင်းဆီဖြူတွေ ကို တစ်ပွင့်ပြီးတစ်ပွင့် ပတ္တမြားဆံကုတ်လေးကြားမှာ အပိုင်းလိုက်လေး ဖြစ်အောင် စီညီထည့်ပန်ပေးကြပြန်တာမို့ ပန်းကုံးခုံးခုံးလေး ဆံကုတ် အဖြစ် ကုတ်ထားသည့်နှယ်ပင် ဖြစ်ကုန်ရပြန်သည်ပါပဲ ...၊ ငွေဝန်း က တော့ဖြင့် မှန်ထက်မှာ ထင်နေသည့် ပုံရိပ်လေးကို အပျော်လေးတွေဖြင့် ကြည့်မိရသည်ပါပဲ ...။

အပန်းရောင် ပိုးဂါဝန်ရှည်လေးက ခါးနေရာမှာ နောက်ဘက်ဆီ ကြိုးစည်းလေးကို ပန်းပွင့်ပုံဖော်၍ ချည်ထားတာမို့ ခါးသိမ်လေးလည်း ပေါ်နေသည်။ အစိမ်းရောင်ကျောက်ပွင့်လေးတွေဖြင့် နွယ်ခက်လေးတွေ ယ် စီခြယ်ထားပါသည့်ဂါဝန်လေးက ထင်းထင်းပပ လှနေသည်ပါပဲ...။ တက်တိုအနားတွန့်လေးမှာလည်း အဖြူရောင်ပုလဲလုံးတွေ တွဲရရွဲ အောင် ဆင်ထားသည့်အင်္ကျီ ...၊ ထိုဂါဝန်လေးကို ပုံစံစိတ်ကူးပေး သည်က ကိုယ်၏ဇနီးဖြစ်သည့် မမခက် ပါ ...။ ပြီးမှ စက်ဆိုင်အပ်ခြင်း ခဲ့တည့် ...။

"ကဲ .. အောက်ထပ်ဆင်းကြမယ် .. လာ .. လာ .."



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဆို အသက်သုံးဆယ့်လေးနှစ်ထဲ ရောက်နေပြီ ..၊ ကိုယ်
ကလည်း သုံးဆယ့်နှစ်နှစ်ထဲမှာရှိနေပြီ ..။ သားသမီးကလည်း မထွန်း
ကားကြ ..။ ချစ်စရာဆို၍ ညီမလေးတစ်ယောက်တည်း ပုံအောချစ်
ကြသည်ကလည်း ခုမှမဟုတ် ..၊ ငွေဝန်းပျို ညီမလေးကို .. ခင်နှီးထု
ဖွေးဖွေးအရွယ်လေးကတည်းက လက်ဖျားမချ မွေ့ချီကြ ချစ်ကြနှင့်
တာ မေမေကလည်း တကြည်ကြည်ရှူရှူ ပြောနေတတ်သည့်နှယ် ..၊ ဒေါ်ကြ
စိန် ဆိုတာကဖြင့် ကိုကြီးနှင့် ကိုယ်တို့ အချစ်သည်းကြပုံကို ပုံပြင်လေ
တစ်ပုဒ်နှယ် အမြဲ တလွမ်းတတဖြင့် ပြောပြတတ်တာ ငွေဝန်း ကြား
ရသည်ပါပဲ ..။ ငွေဝန်း သိတတ်စအချိန်ကတည်းကဖြင့် ကိုကြီး ကိုယ်
တို့ အရမ်းချစ်ကြတာကို .. အစဉ်တစိုက်ကြီး အချမ်း၍ ငွေဝန်းအဖြ
တပျော်ပျော် လက်ခံခဲ့ရသည် မဟုတ်ပါလားလေ ..။ ပိုင်ဆိုင်ရပါသည်
ထိုအချစ်တွေဖြင့်ပင် ငွေဝန်းပျို ဆိုတာ ဖူးဖူးမှုတ်ခံ ကောင်မလေး ဖြ
ခြင်းမဂ္ဂ ဖြစ်ရ ..၊ ဘာဆိုဘာမှကို မလုပ်ရ .. မကိုင်ရဖြင့် မီးဖိုချော
ကိစ္စလည်း မသိလိုက်ရ ..၊ အိမ်မှုကိစ္စလည်း မလုပ်လိုက်ရဖြင့် နု
ဖူးစင်နေသည့် ငွေဝန်းပျို အဖြစ် ရှိနေရသည်ပါပဲ ..။

မေမေက မိန်းကလေးတစ်ယောက်အနေဖြင့် အလုပ်လေး လုံ
ကိုင်တာမျိုးလေးတွေ သင်ပေးချင်ပေမယ့် .. ကာဆီးကာဆီး လုပ်ကြ
သည့်အထဲမှာ ကိုကြီးနှင့် ကိုဇယ် နှစ်ယောက်တည်း မဟုတ်တော့
ဖေဖေပါ .. ပါလာသည်မို့ မေမေလည်း လက်လျှော့လိုက်ရပါသည်
အဖြစ် ..၊

အောက်ထပ်သို့ အားလုံး ဆင်းလာကြကာ ..။ ညှော်ခန်းဆောင်မှ
စားပွဲဝိုင်းကြီး ချထားလျက် ..။ ဖဲသားစားပွဲခင်းဖြူဖြူထက်မှာ နှင်း
ပန်းဖြူတွေ ပုံအောနေအောင် မြိုင်ဆိုင်ထိုးထားပါသည့် ငွေပန်းအိုးကြ
လည်း ရှိနေသည်။ အဖြူရောင်ကရင်(မ်)တွေအပေါ်မှာ ပုံအောနေသည်
ချောကလက်ကိတ်ကြီးကလည်း အပန်းရောင်နှင်းဆီပွင့်တွေ ခွေဝိုင်





ထားရာမှာ အစိမ်းရောင်ရွက်ခက်လေးတွေ ခွေဝိုက်ပါနေသည့်နှယ် အလှ
ဆင်ထားပါသည့် အလှဆုံးကိတ်ကြီးအဖြစ် ရှိနေသည်ပါပဲ။ ထိုကိတ်မှာ
ဖြင့် ဖယောင်းတိုင်ရောင်စုံ တစ်ဆယ့်ရှစ်တိုင် စိုက်ထားသည်။ သေးမှာ
ဘ ဖဲကြိုးပန်းရောင်လေးဖြင့် လက်ကိုင်နေရာလေးမှာ ပန်းပွင့်ပုံဖော်
ထားပါလေသော ငွေဓားလေးကို ပန်းကနုတ်ထွင်း ငွေလင်ပန်းထက်မှာ
သားခင်းလေးခင်းလျက်ဖြင့် ရှိနေစေပါ၏။

မွေးနေ့ကိတ်စားပွဲသို့ရောက်တော့ ဖေဖေက ဖယောင်းတိုင်လေး
တွေမှာ မီးညှိပေးသည်။ မေမေက မွေးနေ့ကိတ်လှီးဓားလေးကို ငွေဝန်း
လက်ထဲ ထည့်ပေးသည်။ ငွေဝန်း ဖယောင်းတိုင်မီးလေးတွေ မှုတ်ပြီး
မွေးနေ့ကိတ်လှီးကာ ပထမဆုံး ဖေဖေ့ကို ခွံ့ကျွေး..၊ နောက်တော့ မေမေ့
ကို ခွံ့ကျွေးနှင့် ရှိသွားရပါ၏။ ဖေဖေနှင့် မေမေကလည်း ငွေဝန်း ကို
ကိတ်မုန့်လေး ပြန်ခွံ့ကျွေးသည်။

"ကဲ .. မဲနှိုက်မယ် .."

ထုံးစံအတိုင်း ငွေဖလားငယ်လေးထဲမှာ မဲလိပ်လေးလိပ်ဖြင့် ရှိနေ
ပြီချေပြီကောလေ ..၊ ငွေဝန်း ရယ်လိုက်ဂိကာ မဲလိပ်လေးတစ်လိပ်ကို
ရွေးချယ်လိုက်တော့ ...

"ကိုယ့်နာမည် ဖြစ်မှာကွ .."

"ဟော့ကောင် .. ကိုကြီးမှ ကိုကြီး .."

"ခင်းထား ပါ နော် .."

"ခက် ပါ .. သေချာပါတယ် .."

နှင့် သေးမှ ဝိုင်းအော်နေကြသည်ကလည်း ပျော်စရာပျော်စရာပါ။
အားလုံး၏အကြည့်က မဲလိပ်လေးဘက်မှာရှိနေသည်။ ငွေဝန်း ဖွင့်ကြည့်
လိုက်တော့ ...

"ကိုကြီး .."

ဟု ပြောလိုက်တာနှင့် ကိုကြီး လက်ရုံးတန်း၍ ခုန်ပေါက်နေချေ



www.burmeseclassic.com

www.burmeseclassic.com



သတည်း ..။

"ပြောတယ် မဟုတ်လား .. ကိုကြီး ပါလို့ .. ကဲ .. ကဲ .. ခွံ့ကျွေး.. အချိန်ဆုံး ကျွေး .. အရေးကြီးတယ် .. အရေးကြီးတယ် .."

နှင့် တကယ့်ကို တက်သုတ်နှင်၍ မုန့်စားဖို့ လောနေသည်မို့ မသက်ာပဲ ဖြစ်လာသည်က ကိုယ်ပါ ..။

"ရပ်ပါ .. တစ်ဆိတ် ရပ်ပါ .. စစ်ဆေးစရာ ရှိတယ် .."

ဟု ထအော်သည်။ ကိုကြီး မျက်မှောင်ကြီးကုတ်၍ ကိုယ့်ကို ကြည့်သည်။ ငွေဝန်း ကိုလည်း ကြည့်လည်း ကြည့် ..၊ လက်ထဲမှ ကိတ်မုန့်လေးကို ငွေဝန်း လက်လေးပါဆွဲယူ၍ ပါးစပ်မှာတော့ရောက စားပစ်လိုက်ပါသတည်း ..။ ကိုယ် မဲလိပ်တွေ ပြူးတူးပျာတာဖြင့် စစ်ရင်းမှ...

"ဟော့ .. ဟော့ .. ဘယ်အချိန်က ဒီမဲလိပ်တွေ လာလဲထားတာလဲကွ .. အားလုံး ကိုကြီးဆိုတဲ့ဥစ္စာတွေချည်း ဖြစ်နေတယ် ..၊ ကိုကြီး .. အဲသလို လူလည်ကျတာ ကောင်းသလား .."

"ကောင်းတာပေါ့ကွ .. ဒါမှ ညီမလေး ကျွေးတဲ့ကိတ်.. ငါ အရင်စားရမှာပေါ့ ကိုယ် ရ .. ဟေး .. ဟေး ..."

မွေးနေ့ကိတ်ကို သူ အရင်စားမည် ..၊ ငါ အရင်စားမည်နှင့် လုယက်နေကြတာမို့ .. မဲလိပ်နှိုက်စနစ်ဖြင့် နှစ်စဉ် ရွေးချယ်ခဲ့ရကာ .. အရင် အမည်ပေါက်သူ အရင်စားရသည့်ကိစ္စ ..၊ ခုကျတော့ ကိုကြီး လူလည်ကျချေတာမို့ အရင်စားဖြစ်သွားလေသမျှ ကိုယ် ဇွေ့ဇွေ့ခါနေသည်ပါပဲ ..။ ကိုယ်ကိုယ်တိုင် မဲလိပ်သုံးလိပ်မှာ နာမည်သုံးခုံ ထပ်ရေးသည်။ မျက်မှောင်ကြီးကုတ်၍ ကိုကြီးကိုလည်း ပေစောင်းပေစောင်းဖြင့် ကြည့်နေသေးသည့်အဖြစ် ..၊ အားလုံးကတော့ ကိုယ့်အဖြစ်ကို ကြည့်ကာ ပြုံးသည့်ကိစ္စကို ထိန်းသိမ်း၍ ပြုံးကြည့်နေရသည်ပါပဲ။

ကိုယ် ဒေါပွနေသည်ကိုးလေ ..။ ညီအစ်ကိုနှစ်ယောက်က အရင်ဆုံး ညီမလေး၏ မွေးနေ့ကိတ်ကို သူ့ထက်ငါ စားချင်ကြသည့်အထဲမှာ





ယောက်မတွေ ပါကုန်ကြရင်းမှ နှစ်စဉ် မဲနှိုက်နေရသည်အထိ ဖြစ်ကုန်ရသည်ကလည်း ညီမချစ်ဓာဖြင့်ပါတည့် ..။

ငွေဝန်း မဲနှိုက်ရပြန်သည်။ ကိုယ် ပေါက်တာမို့ နည်းနည်း မျက်ကြောပြေလာ၏။ နောက်တစ်လိပ်က မမခက် ဖြစ်နေသည်။ ကိုယ် ခေါင်းမော့နေပြီ ...

"တွေ့လား .. ငါ့ရဲ့ဒေဝီ ခက် .. မဲပေါက်တယ် .. မမထား ကျန်ခဲ့ပြီ .. စားလိုက် ခက် ရေ .. စားလိုက် .. ကိုယ်တို့မောင်နှံစုံ ရှေ့နောက်ဆင့်စားကြရတာလေ .. ဟေး .. ဟေး ..."

ဟု ပြောနေတော့ မမခက် ကလည်း တကြွားကြွားဖြင့် မွေးနေ့ကိတ်ကို စားလိုက်သည်ပါပဲ။ ငွေဝန်း မှာ ခွံ့သာကျွေးနေရပေမယ့် မမထား ကို အားနာနေမိရပြန်သည်။ လက်ကျန်မဲစာရင်းထဲ ရှိသွားရပါသည့် မမထားလည်း မျက်နှာပျက်တက်တက် ဖြစ်နေသည်ကိုးလေ..။

ဤသည်က ငွေဝန်း ကို ချစ်ကြလွန်း၍ဆိုတာ ငွေဝန်း သိပါသည်။ ဤအတွက် ငွေဝန်း ကြည်နူးရ .. ပျော်ရသည်ပါပဲ ..။

ဒါပေမယ့် .. တစ်ခါတစ်ခါကျတော့လည်း ခုလို .. အချစ်တွေသူဦး ငါဦး လုနေကြချိန်မျိုး ကြုံရချိန်မှာဖြင့် .. ငွေဝန်းပျို အားနာမျက်နှာ ပူရပြန်သည်ကောလေ ..။

"မမထား အတွက် ကိတ်မုန့်လှီးတဲ့အခါ အကြီးကြီး လှီးပေးမယ်နော် .."

ဟု ငွေဝန်းပျို ပြုံး၍ပြောတော့မှ မမထား မျက်နှာလေး အတန်လန်းလာသည်။ မျက်နှာကြီး ညို့နေသည့် ကိုကြီးလည်း ထိုအခါမှ ပြုံးဖော်ရလာပါသတည်း ..။

"ဟောဒီ ပန်းရုံမှာ .. ညီမလေး ငွေဝန်းပျို ဟာ .. အလှဆုံးသော လဝန်းလေး တစ်ခုပဲကွ .."

ဟု ကိုကြီး ပြောကာ ဆံစလေးကို သပ်ပေးလာပါသတည်း ..။



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း မျက်ဝန်းလေးကို စုံမှိတ်ထားလိုက်မိရပါ၏။ ငွေဝန်းမှာ ဘာများ လိုကွက်ဟာကွက်ဆိုသည့်အရာ ရှိနိုင်ပါ့မည်ဟဲ့လည်းလေ ..။

ပန်းရဂုံမှ အားလုံးသောအချစ်ကို ငွေဝန်း ပိုင်ဆိုင်နေရချေလေ သမျှ .. ဘဝသည် .. ပြည့်စုံအေးချမ်းစွာ .. ကြည်နူးစရာဘဝအဖြစ် .. ရှိ နေရချေမည်သာ ..။ ဖေဖေ မေမေတို့၏သမီး ..၊ ကိုကြီး ကိုငယ်တို့၏ ညီမလေးအဖြစ် .. ဘဝမှာ လူလာဖြစ်ရပါသည့်အတွက် .. ကံကြမ္မာကို ငွေဝန်း ကျေးဇူးတင်ရပါသည် ..။ ဤထက်ကြီးသော ဆုလာဘ် ငွေဝန်း ဘယ်မှာမှ မရနိုင်ပါသည့်အဖြစ် ..။

ပန်းစံကားတို့၏ရနံ့က .. မွှေးတမြမြဝေစွာ လေနှင့်အတူ လွင့် မျော.တိုးဝင်၏။

မေမေ ပြောခဲ့သည်ပဲလေ ..၊ ငွေဝန်း ကို မွေးဖွားချိန်မှာ ပန်းစံကား တို့ဝေသောကာလ ..၊ မွှေးရနံ့တို့ ထုံသင်းပါသောကာလ ဖြစ်သည်တဲ့ ..

ဒါကြောင့်ဖြစ်ချေမည် ..။ ငွေဝန်း ချစ်သည့်ပန်းထဲမှာ .. ပန်းစံကား ဖြူနီတို့သည်လည်း ပါချေသည်တည့် ..။ ငွေဝန်း ဖြတ်သန်းခဲ့သည့် ငယ်ဘဝလေးထဲမှာ .. ကိုကြီး ကိုငယ်တို့ ဆင်ပေးရာ ပန်းသရဖူ ပန်းဆွဲ ကြိုးဆိုတာတွေက .. ပန်းစံကားဖြူနီတို့ဖြင့် ဤပန်းရဂုံ၏မြက်ခင်းပြင် ထက်မှာ မောင်နှမတတွေ ရှိနေရင်း .. ဖြူဥဥ .. ကောင်မလေး တစ် ယောက်ထံမှာ မွှေးရနံ့လွင့်စွာ .. ဖြစ်တည်ရဖူးသည်ပဲလေ ..။

ခုလည်း .. ညနေခင်းတို့မှာ ကိုကြီး ကိုငယ်တို့၏ ပန်းသရဖူ ပန်းဆွဲကြိုးတို့ကို .. ငွေဝန်းပျို သည် ငယ်ဘဝနှယ်ပင် .. ပန်ဆင်ရတတ် စမြဲ ..၊ လည်မှာ ဆင်ရစမြဲပါ ..။ နောက်တစ်ကျော့ .. ပန်းရနံ့တို့ တိုး ဝင်လာကြပြန်ချေပြီကောလေ ..။





အခန်း [ ၂ ]

"ငွေဝန်းလေး .."

ကိုကြီးနှင့် ကိုငယ်လည်း ဖေဖေနှင့်အတူ စက်ရုံသို့သွားလိုက်ကြ ပြီ ..၊ မမထား နှင့် မမခက် တို့ကလည်း ဤနေ့၏ နေ့လယ်စာကို ဟင်း အမယ်စုံ ချက်မည်ဆိုကာ လတ်လတ်ဆတ်ဆတ် အသားငါးနှင့် ဟင်းသီးဟင်းရွက်ဝယ်ဖို့ ဈေးသွားလိုက်ကြပြီ ..။ မေမေကလည်း ဘုရားခန်းမှာ ရှိနေသည်။ ငွေဝန်း တစ်ယောက်တည်း ပျင်းနေမိရ သည်ပါပဲ ..။ အခန်းထဲမှာ ခွေထိုးကြည့်နေမိုက် ဒေါ်ကြီးစိန် အခန်းထဲ ဝင်လာရင်း ပြုံး၍ ခေါ်ခြင်းပါ ..။

မွေးနေ့ကိတ်ကျွေးစဉ်က ဒေါ်ကြီးစိန် ရော .. ဘဘစိမ်း ရော .. ဒန်ကယ်သွေး ရော .. ထမင်းစားဆောင်မှာ ခေါ်ကျွေးခဲ့သည့် မွေးနေ့ပွဲ သေးလည်း .. မနက်ခင်းမှာ အဆုံးသတ်ခဲ့ပြီ။

ဒေါ်ကြီးစိန်မှာ ဈေးသို့ လိုက်မသွားဖြစ်ပဲ မမထား တို့ ပြန်ရောက် ဘာတာနှင့် အားလုံး အသင့် ချက်ပြုတ်နိုင်ဖို့ရာ ကြက်သွန်၊ ဂျင်းတွေက အစ ခွာထား လှီးထား ထောင်းထားဖြင့် ရှိနေခဲ့ရခြင်းပါ။ ခရမ်းချဉ်သီး တွေလည်း လှီးထားရသည်။ ငရုတ်သီးပွခြောက်ကြီးတွေလည်း ရေစိမ် အစေ့ထုတ် ထောင်းထားရသည်က ကျောက်ငရုတ်ဆုံကြီးဖြင့်ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း မှာ ဒေါ်ကြီးစိန် နားမှာလည်း ကြာကြာနေခွင့် မရနိုင်ခဲ့ ...။

"သွား .. သွား .. အခန်းထဲမှာ နားနေပါ ကလေး ရဲ့ ... ဒီမှာက ရေတ်သီးပွခြောက်လေးတွေ ကြော်ဖို့ ရှိသေးတာ ..."

ဟု ဖွတ်နှင်နေသည့် ဒေါ်ကြီးစိန် မှာ ရေတ်ပွခြောက်ကြော်ဖို့ရာ မီးသွေးမီးဖိုလေး သီးသန့် မီးမွေးပြီး အပြင်ထွက်ကြော်ဖို့ ပြင်နေတာမို့ ငွေဝန်း အခန်းပြန်ရသည့်ကိန်းပဲ ဆိုက်ခဲ့ရသည်ပါပဲ ...။ ခုကျတော့ ဒေါ်ကြီးစိန် အခန်းထဲရောက်လာပြီ ...၊ လက်ထဲမှာလည်း စက္ကူဖြူလေးဖြင့် သေချာခေါက်ထုပ်ထားသည့် ခပ်သေးသေး အထုပ်လေး ပါလာပါ၏။

"ဒေါ်ကြီးစိန် .. ကလေးကို လက်ဆောင်ပေးချင်လို့ .."

ဟု ခပ်ငေးငေးကြည့်ရင်း ပြောလာတော့ ငွေဝန်းပျို အားနာသွားရသည်ပါပဲ ...၊ ဒေါ်ကြီးစိန် ၏လက်ထဲမှာ စက္ကူဖြူခေါက်လေးဖြင့် ရှိနေသည့် အရာသည် ငွေဝန်းပျို အတွက် မွေးနေ့လက်ဆောင်အဖြစ် ပါလာခြင်းဟု ခုမှ သဘောပေါက်သွားရသည်ပါပဲ ...။

ဘာဖြစ်မည် မသိ ...၊

သေးငယ်သော ပစ္စည်းလေးတစ်ခုသည် ထို ခေါက်ထုပ်ထားရာ စက္ကူဖြူ၏အတွင်းဘက်မှာ ရှိနေပါလိမ့်မည် ...။

"ဟယ် .. ဒေါ်ကြီးကလည်း .. ငွေဝန်း အတွက် မွေးနေ့လက်ဆောင်တွေ ဘာတွေ ပေးနေရတယ်လို့ .. ငွေဝန်း အတွက် ပိုက်ဆံတွေ ကုန်နေပြီပေါ့ .. နေပါစေ ဒေါ်ကြီးရယ် .. ငွေဝန်း မယူပါရစေနဲ့ .. ဘဘစိမ်း နဲ့ ဒေါ်ကြီးတို့ ချစ်နေကြတဲ့ အချစ်ကို ငွေဝန်း ရနေတာပဲ ဥစ္စာ .."

ဟု ပြောတော့ ဒေါ်ကြီးစိန် မျက်ရည်ဝဲလျက် အတန်ကြာ ငေးကြည့်နေသည်။





မျက်ဝန်းတွေ မှိုင်းညို့နေကြတာ တစ်စုံတရာကို ကြေကွဲ လွမ်းတနေသည့်ဟန်လည်း ဖြစ်နေတာမို့ ငွေဝန်း စိတ်ထဲမကောင်း ...၊ ငွေဝန်း ငြင်းလိုက်၍များ ဒေါ်ကြီးစိန် စိတ်ထိခိုက်သွားခြင်းများလားလေ ...၊

ဒေါ်ကြီးစိန် ၏ လက်တုတ်ခဲခဲကြီးကို ငွေဝန်း ဖွဖွဆုပ်ထားလိုက်တော့ ...

"ငွေဝန်း က ဒေါ်ကြီး ပိုက်ဆံကုန်တာကို.. အားနာလို့ပါ .. မယူချင်တာ မဟုတ်ပါဘူး ဒေါ်ကြီးရယ် .. ကဲ .. ပေး .. ပေး ..."

ဟု လက်ဖဝါးလေး ဖြန့်၍ ပြုံးပြောတော့မှ ဒေါ်ကြီးစိန် မျက်နှာ အတန်မျှ လန်းလာသည်။ လက်ထဲမှ စက္ကူခေါက်လေးကိုလည်း ငွေဝန်း လက်ထဲ ထည့်ပေးသည်။ ဆံစလေးကိုလည်း သပ်ပေးလာရင်း ...

"တကယ့် စိတ်ရင်းကောင်းလေးပါလားကွယ် ... အမေ တူလိုက်တာ .. အမေတူလိုက်တာ .."

ဟု တစ်ချက် ခပ်သဲ့သဲ့ ညည်းသည်။ ငွေဝန်း ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားလိုက်ရပါပြီ ...၊ ဒေါ်ကြီးစိန် ပြောနေပုံက တစ်ယောက်ယောက်ကို တမ်းတမ်းတတ လွမ်းဆွတ်စွာ ကြေကြေမွှေမွှေ ပြောနေပုံကြီး ဖြစ်နေသည်ကိုးလေ ...။ ငွေဝန်း မေမေနှင့်တူသည့်ကိစ္စ .. ဤမျှ ကြေကွဲခံစားပြောစရာ မရှိ ...၊ ဤအဖြစ်က သဘာဝနှင့် ဆန့်ကျင်နေသည်။

တကယ်ဆို ဖြူညိုဥ မေမေနှင့် ငွေဝန်း တို့ စိတ်ချင်းလည်း တူကြတာ အရမ်း သဘောဖြူသည်ဟု ဖေဖေကလည်း ပြော ...၊ ကိုကြီးနှင့် ကိုငယ်ကလည်း ပြော .. တစ်အိမ်လုံး ပြောနေကြတာ ငွေဝန်း ကြားကြားနေရ .. ကြည်နူးရ ...၊ ပြီးတော့ .. ပြုံးနေသည့် မေမေ့ရင်ခွင်ထဲ ခေါင်းလေး ခွေ့ပြီး ...

"မေမေ့ သမီးပဲ ဥစ္စာ .. မေမေနဲ့ တူတာပေါ့လို့ .."

ဟု ချွဲနွဲ့နေကျ ...၊ ထိုအဖြစ်တွေသည် ပန်းရဂုံမှာ သမေးရိုးကျ



www.burmeseclassic.com

www.burmeseclassic.com



ကြုံကြုံနေကျအဖြစ် တစ်ခုပင် ဖြစ်နေခဲ့သည်ပဲလေ ..။ ဤနေ့ကျတော့မှ ဒေါ်ကြီးစိန် ခုလို လွှမ်းဆွတ်တမ်းတပုံကြီးဖြင့် ကြေမြေကြေကွဲကြီး ပြောနေရပါသတဲ့လဲ ..။

မေမေနှင့် ငွေဝန်းပျို့ စိတ်ရင်းကအစ တူကြသည့်ကိစ္စသည် ဝမ်းနည်းစရာမှ မဟုတ်သည်ပဲလေ ..။ စူးစမ်းသလိုလေး မော့ငေးကြည့်နေသည့် ငွေဝန်း ၏အကြည့်ကို ခုမှ သတိထားမိဟန်ဖြင့် ချက်ချင်းဟန်ဆယ်ပြုံးပြလာသည်ကလည်း ဒေါ်ကြီးစိန် ပါ ..။

"ငွေဝန်းလေး ဆယ့်ရှစ်နှစ်ပြည့်ပြီဆိုတော့ အမှတ်တရလည်းဖြစ်ချင်လို့ ဒေါ်ကြီး လက်ဆောင်ပေးတာပါ ကလေးရယ် ... ကလေးက ငယ်ကတည်းက .. မွေးကင်းစ ဖြူအိအိလေးရယ် သိလား .. ပြင်ဦးလွင်အိမ်မှာ မွေးကဲ့ ငွေဝန်းလေး ဟာ ဖွန်လအပူကို ငွေဝန်း မေမေ ရန်ကုန်က ရှောင်ရင်း .. ဟိုမှာ မိုးတွေက သည်းသည်းမှာချိန်ကြီးမှာ ပန်းစံကားဖြူတွေ အနီတွေ လှုပ်လှုပ်ထအောင် ပွင့်ကြချိန်မှာ မွေးတာလေ .. ဒါကြောင့် .. ငွေဝန်းလေး က ... အေးအေးမြမြလည်း နေရတယ်.. ပန်းလေးလိုလည်း လှတယ် .. မွေးဘယ် .."

ဟု ငွေဝန်း အားမှာ ဒေါ်ကြီးစိန် ထိုင်လိုက်ကာ ဆံစလေးသပ်ပေးရင်း တစိမ့်စိမ့် ကြည့်ကာကြည့်ကာဖြင့် ပြောလာပါ၏။ ဟုတ်သည်..၊ ငွေဝန်း ကို ပြင်ဦးလွင်ရှိ ပန်းစံကားအိမ်ကြီးမှာ မေမေ မွေးဖွားခဲ့သည်တဲ့ ..။ မေမေနှင့် ဖေဖေ ပြောပြသည်ပဲလေ ..။ ကိုယ်ဝန် ခုနစ်လဖြင့် မေမေသည် ငွေဝန်း ကို လမစေ့ပဲ မွေးဖွားခြင်း..။ ထိုသို့ ခုဖေဖေနှင့် မေမေ ပြောပြသည်။

ရန်ကုန်မှာက ဧပြီ၊ မေ၊ ဇွန် ဆိုတာ ပူသည့်ကာလတွေထဲမှာ အတော်ပူတာမို့ .. ကိုယ်လေးလက်ဝန်ဖြင့် ရှိနေပါသည့် မေမေ ..၊ ပြင်ဦးလွင်ရှိ ပန်းစံကားအိမ်ကြီးမှာ အပူရှောင်ရင်း ရှိနေခဲ့သည်။ မေမေ့ကို လိုက်ပို့ပေးပါသည့် ဖေဖေသည် စက်ရုံကိစ္စ အလုပ်ပေါ်လာ၍ တစ်





ချက် ရန်ကုန်ပြန်ချိန်မှာ မမျှော်လင့်ပဲ မေမေသည် လမစေ့သေးချိန်မှာ ကိုယ်ဝန်ခုနစ်လဖြင့် ငွေဝန်း ကို မွေးဖွားခဲ့ရသည်တဲ့ ...။

ဤသည်က .. ငွေဝန်း ၏ မွေးဖွားသည့် ကာလလေးတစ်ခုကို.. ဘန်ဖိုးထားစွာ မေမေ ပြောပြောတတ်သည်တည့် ..။

"အဲဒီအချိန်တုန်းက .. ဒေါ်ကြီးနဲ့ ဘဘစိမ်း တို့က ဒီရန်ကုန်မှာကို နေခဲ့ကြသေးတာ .. ပြင်ဦးလွင်အိမ်မှာ .. အိမ်ကြီးလည်း စောင့်ရှောက်.. န်းပင်တွေဘာတွေ ဥယျာဉ်လေးလည်း ရှိစေရင်း .. အိမ်စောင့် ခြံစောင့်အဖြစ် ရှိခဲ့ကြတာကွယ် .. ငွေဝန်းလေး မွေးပြီးမှ .. မမလေးက ဒေါ်ကြီးတို့နှစ်ယောက်စလုံးကို .. ဒီပန်းရဂုံ အိမ်ကြီးကို ခေါ်လာလိုက်တော့တာ.. ငွေဝန်းလေး ကို မွေးချိန်မှာ ဒေါ်ကြီး နဲ့ ဘဘစိမ်း တို့က .. မမလေးကို စိတ်လည်းပူကြ .. ဆရာဝန် ပြေးပင့်ရအောင်ကလည်း .. မနက်ဦးကြီးသည်း ဖြစ် .. မိုးတွေကလည်း ထန်နေတော့ .. မခေါ်နိုင်ပဲ ရှိနေသမျှ ဒေါ်ကြီးပဲ .. ဆရာဝန်လုပ်ပြီး ကလေးကို မွေးပေးလိုက်ရတာကိုး .. အဲဒါ .. မမလေးက အရမ်းကျေးဇူးတင်တာကွယ် ..၊ တစ်ခါတည်း ရန်ကုန်အပြန် .. ပန်းရဂုံကို ခေါ်လာလိုက်တော့တာပဲ .. ပြင်ဦးလွင်က ပန်းစံကားအိမ်ကြီးကို .. ဒီပန်းရဂုံမှာရှိနေကြတဲ့ ဦးသူ နဲ့ ဒေါ်လှိုင် တို့ကို ပြောင်းနေနိုင်းလိုက်တော့တာ .. အဲဒီအထိ .. ရှိခဲ့တာလေ .."

ဟု ဒေါ်ကြီးစိန် ပြောကာ ငွေဝန်း ကို မျက်တောင်မခတ် တစ်ချက် ခပ်ငေးငေး ကြည့်သည်။

"ဟင် ... ဟုတ်လား .. ဒေါ်ကြီးက မွေးပေးတာလား .. အဲ့ဒါကို မေမေ ပြောပြတဲ့အထဲမှာ ပါမလာဘူး ဒေါ်ကြီးရဲ့ .. မေ့သွားတယ်ထင်တယ် ..၊ ဒါဆို .. ဒေါ်ကြီးက .. လေဒီဒေါက်တာ ဒေါ်ကြီးပေါ့ .. သိပ်တော်တာပဲ .."

ငွေဝန်းပျို့ ဒေါ်ကြီး၏ လက်မောင်းတုတ်ခဲခဲကြီးကို ဆုပ်ကိုင်ထားရင်း တချစ်တခင်ကြီး ပြောမိခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ဆို ဒေါ်ကြီးက ငွေဝန်း ကို .. မွေးဖွားပေးသည့်အဖြစ်ကို သိရပြန်၍ပါ ..။

"ကလေးရဲ့ ဖေဖေဆိုတာ .. သမီးလေး မွေးတယ်လို့ ဖုန်းဆက်ပြောပြတော့ .. အုံအားကြီးကို သင့်လို့ .. ခုနစ်လပဲ ရှိသေးတာဆိုတော့ မမွေးသေးဘူးလို့ ထင်ထားတာကိုးလေ .. ချက်ချင်း သားအဖတတွေကားနဲ့ ရောက်လာကြတာ .. ကိုကြီးနဲ့ ကိုငယ်လည်း ကျောင်းတွေဘာတွေ ပျက်ကုန်တဲ့အထိကွယ် .. ညီမလေး .. ဆိုပြီး ပွေ့ကြ .. နမ်းကြ .. မမလေးက .. ကလေးက နုနုလေး .. နုနုလေးနဲ့ လှမ်းလှမ်း သတိပေးရနဲ့ကွယ် .. အစ်ကိုလေးကလည်း သူ့သမီးလေးကို .. ပွေ့မဝ .. နမ်းမဝနဲ့ သိလား .. သူ မရှိတုန်း .. အားငယ်ပါးငယ်နဲ့ ကလေးမွေးရရှာတယ်ဆိုပြီး မမလေးကိုလည်း အစ်ကိုလေးက အရမ်းသနားနေတာမှ .. တဖွဖွရယ် .."

ငွေဝန်း ပြုံးနေမိသည်။ မြင်ကွင်းကို မှန်းဆကြည့်မိရပါ၏။

ခင်းနှီးထုပ်ဖွေးဖွေးလေးနှင့် ငွေဝန်း ပေါက်စနလေးကို ..။ ဖေဖေက ပွေ့ချီနမ်းနေလိုက် ..၊ ကိုကြီးနှင့် ကိုငယ်က သူပွေ့ငါပွေ့ .. သူနမ်းငါနမ်းဖြင့် ရှိနေကြလေသမျှ ..။ မေမေ့ထံမှ .. ကလေးက နုနုလေး .. ဆိုသည့် အဖြစ်သည်းဖွာ ကလေးအတွက် စိတ်ပူပြောနေသံတွေကအစ မြင်ယောင်လာရ ကြားယောင်လာရနှင့် ဖြစ်ကုန်ရသည်ပါပဲ ..။

ငွေဝန်းကို သည်းသည်းလှုပ် ချစ်ကြတာကတော့ဖြင့် .. ကိုယ်တွေ့ပဲလေ ..၊ ဤဘဝမှာ ငွေဝန်း နေခွင့် .. လူဖြစ်ခွင့်ရသည့်အတွက် အမြဲကြည်နူးနေရသည်ပါပဲ ..။

"ဖွင့်ကြည့်ပါဦး ကလေးရယ် .. လက်ဆောင်လေး .."

ဟု ပြောလာတာမို့ ငွေဝန်း စက္ကူဖြူလေးနှင့် ခေါက်ပတ် တုပ်ထားပါသည့် အခေါက်ငယ်လေးကို စက္ကူအနားခေါက်လေးတွေအတိုင်း အလိုက်သင့် ဖွင့်ဖြန့် ဖြေကြည့်လိုက်မိရပါ၏။





"ဟင်!..."

ရွှေဆွဲကြိုးလေးပါတကား ..၊ ငါးမူးသားလောက်ရှိမည့် ရွှေဆွဲကြိုးမှုင်မျှင်လေး ..၊ ဒေါ်ကြီးခမျာ .. တန်ဘိုးကြီးသည့် ရွှေနှင့်မှ လက်ဆောင်ပေးရှာသည်တည့် ..။ ရသည့် လစာလေးတွေထဲက စုဆောင်းထားရင်းခုလို .. မွေးနေ့မှာ တကန်တက .. လာပေးသည့် လက်ဆောင်လေးပါတကား ..။

ရွှေဈေးနှင့်ဆိုတော့လည်း ငါးမူးသားဆိုတာ ကိန်းဂဏန်း သုံးသိန်းအထက် ရှိတာမို့ ငွေဝန်း မယူရက်နိုင်ပါ ..။

"ဟင် ... ဒေါ်ကြီးရယ် ... အဲသလောက်ကြီး တန်ဖိုးကြီးတာကို မပေးပါနဲ့ .. ပြန်ယူထား နော် .. ပြန်ယူထား နော် .."

ဟု ပြောကာ ပြန်ပေးတော့ ဒေါ်ကြီး ခေါင်းခါသည်။

"ဒေါ်ကြီး ဝယ်ထားတာ မဟုတ်ပါဘူး ကလေးရယ် .. ဒေါ်ကြီးရဲ့ တူမလေး မယ်မှုန် ရဲ့ ဆွဲကြိုးလေးပါ .."

မယ်မှုန် ..၊ တစ်ခါဖူးမျှ ငွေဝန်း မကြားဖူးသောအမည် ..၊ ထိုအမည်ကို မေမေ့ထံမှလည်း ငွေဝန်း မကြားစဖူး..၊ ပြီးတော့ .. ဒေါ်ကြီး ပြောသည့်အထဲမှာ ပါသည်။ ဒေါ်ကြီး၏ တူမလေး ဖြစ်သည်တဲ့ ..။ ဒေါ်ကြီး၏တူမလေး မယ်မှုန် ၏ ဆွဲကြိုးကို ဘာကြောင့် .. ငွေဝန်း ကို မွေးနေ့လက်ဆောင်အဖြစ် ဒေါ်ကြီး မနှမြောဘဲ ရက်ရက်ရောရောကြီး ပေးလာရပါသတဲ့လဲ ..။

ဒေါ်ကြီး လည်ပင်းမှာ ဆွဲကြိုးတစ်ကုံးပင် မရှိ ..၊ ဖြစ်သင့်သည်က.. ဒေါ်ကြီးသည် ထိုဆွဲကြိုးလေးကို ငွေဝန်း အတွက် မွေးနေ့လက်ဆောင်ပေးတာထက် ဒေါ်ကြီးဆွဲထားဖို့ ကောင်းသည်လေ ..။

ဖေဖေ ကတော့ ထားပါ ..၊ ယောက်ျားပေမို့ မယ်မှုန် ဆိုသည့်မိန်းကလေးတစ်ယောက်၏အကြောင်းကို တကန်တက သတိရဖြစ်ပြောစရာ မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ .. ဖေဖေဆိုတာက အလုပ်အရမ်းများသည့် ဖေဖေ .. ဒေါ်ကြီး၏ တူမတစ်ယောက်၏အကြောင်းကို ပြောပြဖို့ စိတ်အာရုံထဲမှာ ပေါ်လာစရာ မရှိ။ ဒါပေမယ့်.. မေမေသည် ဘာကြောင့် ထို မယ်မှုန် ဆိုသည့် မိန်းမတစ်ယောက်၏အကြောင်းကို လေသံပင် မသမ်းခဲ့ဖူးရပါသတဲ့လဲ ...။

တစ်ခုတော့ရှိမည် ...၊ မယ်မှုန် ဆိုတာ မေမေနှင့် မရင်းနှီး .. ဖေဖေနှင့်လည်း မရင်းနှီးသော သူတစ်ယောက်လည်း ဖြစ်နေနိုင်သည်လေ ...။

ဒေါ်ကြီး၏ တူမဆိုပေမယ့် .. ဒေါ်ကြီးနှင့်ပဲ ပတ်သက်သည့်ကိစ္စ-ထမင်းချက် အလုပ်သမားတစ်ယောက်၏ တူမကို ဖေဖေနှင့် မေမေသည် အာရုံထားချင်မှ ထားမိချေမည်ပေါ့ ...။

"ဆွဲကြိုးလေးက အဲဒီ အန်တီမယ်မှုန် ရဲ့ ဆွဲကြိုးပဲ ဥစ္စာ .. အန်တီက ဘာလို့ မဝတ်ပဲ ဒေါ်ကြီးဆီမှာ ရှိနေရတာလဲ ဟင် .."

ငွေဝန်း မေးမိရပါပြီ ...၊ ထိုအချက်သည်လည်း ငွေဝန်း အတွက် နားမလည်နိုင်စရာ ဖြစ်နေသည်ကိုးလေ ...။

"သူ .. သူ .. ဆုံးသွားပြီ ကလေးရယ် .. သူ မရှိတော့တာမို့ - ဒေါ်ကြီး သိမ်းထားရတဲ့ ကြိုးကုံးလေးပါ .. နှစ်တွေလည်း ကြာလှပါပြီ- ဒေါ်ကြီးလည်း ကြိုးကုံးလေး မဝတ်ရက်ပါဘူး ကလေးရယ် .. ဒါကြောင့်- ကလေးရဲ့ မွေးနေ့လက်ဆောင်အဖြစ်ပဲ .. ပေးလိုက်တော့မယ်ဆိုပြီး - လာပေးတာပါ .."

ငွေဝန်း ဖြန်းခနဲ ကြက်သီးမွေးညင်းထသွားရပါပြီ ...၊ သေသူတစ်ယောက်၏ ဆွဲကြိုးတစ်ကုံး .. ဒေါ်ကြီးထံမှာ နှစ်များစွာ ကြာနေခဲ့ ရှိနေခဲ့သည့် ဆွဲကြိုးကုံးတဲ့လားလေ ...။

ဟင့်အင်း ...၊ ငွေဝန်း မဝတ်ရဲ .. ကြောက်သည် ...။ အိပ်မက်ထဲမှာ ဆွဲကြိုးကုံး ပြန်လာတောင်းနေလျှင် အခက် ...၊





ငွေဝန်း လက်ကလေး တွန့်သွားကာ စက္ကူရောဗူး ကြိုးကုံးလေးရော ဒေါ်ကြီး လက်ထဲ သုတ်သုတ်ပါ ပြန်ထည့်လိုက်မိရပါပြီ ...။

"ဟင့်အင်း .. ငွေဝန်း မဝတ်ရဲဘူး .. ကြောက်တယ် .."

ဟုတ်သည် ...၊ တစ်အိမ်လုံး ဖူးဖူးမှုတ် ချစ်ကြပါသည့် ငွေဝန်းပျို ဆမို့ .. ဘာဆိုဘာမျှ သောကမရှိရပါသည့် ဘဝထဲ အလိုက်သင့် ကြည်နူး ဖြတ်သန်းနေရပါသည့် ငွေဝန်းပျို ပေပဲ ...။ သေသူတစ်ယောက်၏ ဆွဲကြိုးကုံးလေးကို မွေးနေ့မှာ လည်မှာဆွဲရမည့်ကိစ္စ ...၊ လန့်နေသည် ဆဲ့ ...။

"မကြောက်ပါနဲ့ ကလေးရယ် .. မယ်မှုန် က အလွန်သဘောဖြူ တာ .. အလွန်ချောတာ .. ခမျာ .. ငယ်ငယ်နဲ့ မုဆိုးမ ဖြစ်ရှာတယ် .. အဲဒါကြောင့် .. ပြင်ဦးလွင်က ပန်းစံကားအိမ်ကြီးမှာ ခေါ်ထားပါရစေ လို့ မမလေးတို့ဆီ ဖုန်းဆက်ပြီး ဒေါ်ကြီးတို့ ခွင့်ပန်တုန်းက သဘော ကောင်းတဲ့ မမလေးက ခွင့်ပြုခဲ့တာမို့ .. မယ်မှုန် လည်း ပန်းစံကား အိမ်ကြီးမှာ နေခဲ့ရတာပါ .. မမလေး ကိုယ်ဝန်နဲ့ ပြင်ဦးလွင် ရောက်လာ တုန်းက မယ်မှုန် ရှိနေသေးတယ်လေ .."

"ဟင်!... ဒါဆို ... ဒါဆို .. အန်တီမယ်မှုန် ဆိုတာက .. အဲဒီ ပန်းစံကားအိမ်မှာ နေဖူးတာပေါ့ .. ဟုတ်လား .."

ဟု လွှတ်ခနဲ မေးမိရသည်က ငွေဝန်း ပါ ...၊ မေမေ တစ်ခါမျှ ထိုအမည်ကိုလည်း မပြောပြခဲ့ပါလားလေ ...။ ပန်းစံကားအိမ်ကြီးမှာပင် နေခဲ့သည့် အန်တီမယ်မှုန် ဆိုသည့် အမည်လေးတစ်ခုသည် ဘာကြောင့် များ မေမေ့ နှုတ်မှ ထွက်ကျလာသည့်စကားတွေထဲမှာ တစ်ခါဖူးသော်မျှ ပါလာပဲ ရှိနေရပါသတဲ့လဲ ...။

"ဆွဲကြည့်လိုက် နော် ကလေး .."

ဟု ဒေါ်ကြီးကလည်း ဆွဲကြိုးလေး ပေးချင်ဇောဖြင့် ကြိုးချိတ်လေး ဖြုတ်၍ ဆွဲပေးမည်ပြုနိုက် ငွေဝန်း ခေါင်းလေး တိမ်း၍ ..



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. မဝတ်ရပါဘူး ဆို .. ကြောက်တယ် .."

ဟု ကလေးစိတ်ဖြင့် ငြင်းစဉ်နိုက် ...

"ဆွဲကြိုးကို ပြန်သိမ်းလိုက်ပါ ဒေါ်စိန် .. ငွေဝန်း အပေါ်မှာ ဆွဲကြိုးရဲ့ အရိပ်လေးတောင် မသမ်းပါစေနဲ့ .. ဘာကြောင့် .. အဲသလို ပြောရတယ်ဆိုတာ ဒေါ်စိန် သိပါတယ် .. ယမုန် သမီးအခန်းကို လာ တော့ .. တံခါး ဟိုဘက်မှာ ကြားသင့်တာ ကြားခဲ့ရပြီးပြီ .. သေသွားတဲ့ မယ်မှုန် ဆိုတဲ့ မိန်းမတစ်ယောက်အကြောင်းကို သမီးလေးကို ပြောပြဖို့ အကြောင်း ဘာမှကို မရှိတာ ဒေါ်စိန် နားလည်ထားပါ ...၊ ကလေး မွေးနေ့မှာ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာ မကောင်းပါဘူး- ကြည့်ပါဦး .. သမီးလေး လန့်နေရှာပြီ ...၊ ကလေး သွေးလန့်အောင် လုပ်လိုက်တဲ့ကိစ္စ .. သမီး ဖေဖေ သိရင် .. သူ့အစ်ကိုတွေ သိရင် - ဒေါ်စိန့် ကို.. အလုပ်ကတောင် ထုတ်ပစ်ကြလိမ့်မယ် သိရဲ့လား .. ယမုန် ကတော့ .. မိုးကြီးသည်းသည်း ...လေထန်ထန်မှာ .. ယမုန့် သမီးကို မွေးဖွားပေးခဲ့တဲ့ ဒေါ်စိန့် ကျေးဇူးကို မမေ့နိုင်တာမို့ .. ဒီ ပန်းရဂုံအိမ်ကြီး ထိ ဘာဘစိမ်း ရော ဒေါ်စိန် ကိုရော .. လင်မယားနှစ်ယောက်စလုံး ခေါ်လာခဲ့တာပါ .. ခုအချိန်ထိလည်း .. ဒေါ်စိန့် ကို တခြားသွားနေစေ စိတ်မထားပါဘူး .. ဒီမှာ နေပါ ဒေါ်စိန် .. ဒါပေမယ့် ကလေး ခုလို စိတ်ရှုပ်အောင် နှောင်များမှာ မလုပ်မိပါစေနဲ့ .."

မေမေ့ မျက်နှာ တည်နေသည်။ မျက်ဝန်းတွေကလည်း တင်းမာ ရိပ်တွေဖြင့် ရူးရှ လက်တောက်နေကြသည်။ ငွေဝန်း ဘေးမှာ ရပ်လ ရင်းမှ ငွေဝန်း ၏ခေါင်းလေးကို ရင်မှာ မေမေ ဖေးကပ်ထားလာပါ၏ ဆံစလေးကိုလည်း သပ်ပေးနေသည်။

ဒေါ်ကြီးစိန် မျက်လွှာချ၍ ငြိမ်နားထောင်နေသည်ပါပဲ။ ခု မေမေ့ အဆူကို ခံရတာမြင်တော့လည်း ငွေဝန်း ရင်ထဲ မကောင်းပါ- ဒေါ်ကြီးခမျာ .. ဆွဲကြိုးလေး ပေးချင်၍ လာပေးခြင်းဟု ခုကျတော့လည်





သနားလာသည်။ ဝယ်ပေးရမှာကျတော့လည်း အသစ်ဆိုလျှင် ပိုက်ဆံက အများ ကြီး ပေးရမည်မို့ .. ရှိသည့် လက်ထဲက ဆွဲကြိုးလေး ဒေါ်ကြီးစိန် ဆး လာတာ ဖြစ်ချေမည်သာ။

မေမေ့ရင်ခွင်မှာ မျက်နှာလေး ဖေးကပ်ထားရာမှ ဒေါ်ကြီးကို မျက် က်ဝန်းလေးတွေဖြင့် သနားစိတ်နှင့် ကြည့်နေတာကိုလည်း ဒေါ်ကြီး စိန် လှမ်းကြည့် မြင်တွေ့ရှာပါ၏။ ဆွဲကြိုးလေးကို မျက်ရည်ဝဲနေရင်း ဖြူဖြူဖြင့် ပြန်၍ ခေါက်ပတ် ထုပ်သည်။ လက်ထဲမှာ ပြန်ဆုပ်ကိုင် ထားလိုက်ရင်းမှ ...

"ဒေါ်ကြီးစိန် တစ်ချက် သတိလက်လွတ် ဖြစ်သွားတာပါ ၊မမ လေး ရယ် .. ကလေးကို ပေးချင်ဇောပဲ ရှိနေတာမို့ပါ .."

ဟု ခေါင်းကြီး ငိုက်ငုံ့ချရင်း အသံတိမ်ဖြင့် ပြောပြီးတာနှင့် ဒေါ်ကြီး စိန် အခန်းတွင်းမှ ထွက်ခွာသွားပါ၏။ ခုလို မြင်ရတော့လည်း ငွေဝန်း ရင်ထဲမကောင်းပဲ ကျန်နေ့ရသည်ပါပဲ ...။

"ငါကိုက .. အလန့်ပိုတာပါ .. သေသူရဲ့ ဆွဲကြိုးဖြစ်တော့ရော.. ခုလိုက်ပေါ့ .. ပြီးရင် သိမ်းထားလိုက်ပေါ့ .. မဆွဲနဲ့ပေါ့ .. ခုလို မယူပဲ ငြင်းလိုက်တာခံရတော့ အဒေါ်ကြီး စိတ်ထိခိုက်သွားပြီ .."

ပင်ကိုစိတ်ရင်းကောင်းလေးပီပီ ခုကျတော့လည်း ငွေဝန်း မှာ ကိုယ့်ကိုယ်ကိုယ် အပြစ်ဖွဲ့ ကျိန်ဆဲမိပြန်သည့်အဖြစ် ...၊ မေမေကတော့ ငွေဝန်း ၏ ဆံစလေးကို သပ်ပေးနေရင်းမှ ခေါင်းငုံ့ချကာ နဖူးကလေး နမ်းလာပါ၏။ ငွေဝန်း ၏ ဘေးမှာ မေမေ ထိုင်သည်။ မျက်နှာလေး လက်ဖဝါးဖြင့် ဖေးအုပ်၍ ..

"မေမေ့ သမီးလေးက အလွန် စိတ်ထားနူးညံ့တာ .. မင်္ဂလာမရှိတဲ့ ားကို မကြားစေချင်တာမို့ .. အဲဒီ မယ်မှုန် ဆိုတဲ့ သေသွားသူ းမတစ်ယောက်ဆိုတာနဲ့ ပတ်သက်လို့ .. နာမည်ကိုတောင်မှ မေမေ.. ပြောဘဲ နေခဲ့တာပါ .. သမီးလေး ငယ်ကတည်းက ခုထိ ဆိုပါတော့..၊



www.burmeseclassic.com

www.burmeseclassic.com



အခု ကြားရပြီဆိုတာနဲ့ .. သမီးလေး စိတ်ထဲ လန့်ရှိန်လေး ဝင်လာတာ မဟုတ်လား ... မယ်မှုန် ဆိုတာကို ခေါင်းထဲက ထုတ်ပစ်လိုက် သမီး သူဟာ ဒေါ်စိန် ရဲ့တူမ ဖြစ်တယ် .. မရှိတော့ဘူး .. ဆုံးသွားပြီ .. ကြ ခဲ့ပြီ ..၊ သူ့အကြောင်း တွေးစရာရယ်လို့လည်း သမီးလေးနဲ့ ဘာမှ ပတ် သက်တာမှ မဟုတ်တာ .. ခေါင်းထဲက ထုတ်ပစ်လိုက် .. မွေးနေ့ပွဲလေး မနက်က ကျင်းပခဲ့ရင်း ပျော်ခဲ့တာတွေကိုပဲ ပြန်သတိရ .."

ဟု ပါးလေး နမ်း၍ မေမေ ပြောပါ၏။

ငွေဝန်း ခုကျတော့လည်း စိတ်ဝင်တစားဖြင့် မေးချင်လာသည် အမည်တစ်ခု ရှိလာသည်။ မယ်မှုန် ..၊ အမြဲတမ်း အေးချမ်းသော အပြ ဖြင့် ရှိတတ်ပါသော မေမေ ..၊ ပြောတတ်ပါသော မေမေ ..၊ စာနာစိတ် အမြဲရှိပါလေသည့် မေမေသည် .. ထို အန်တီမယ်မှုန် နှင့်ပတ်သက်သည် ဆွဲကြိုးကုံးလေးကို ပေးလာပါချေသော ဒေါ်ကြီးစိန် ကို မျက်နှာတင်းမ မာမာပြတ်ပြတ်ပြောခဲ့သည် မဟုတ်ပါလား ...။

အန်တီမယ်မှုန် ဆိုတာ .. ပန်းစံကားအိမ်ကြီးမှာ နေခဲ့သည်တဲ့ မည်သို့ .. သေသုံးခဲ့သည်ဆိုတာကိုတော့ ငွေဝန်း မသိရသေး ..။ ဒေါ်ကြ စိန် ပြောသည့်အထဲမှာ ပါသည်။ မယ်မှုန် ဆိုတာ အလွန် စိတ်ရှင်းဖြ သည် တဲ့ ..။ ချောသည် တဲ့ ..။

ထို မယ်မှုန် နှင့်ပတ်သက်၍ စောစောက လန့်နေတာပဲရှိနေသည် ငွေဝန်း ၏ ရင်ထဲမှာ မေးခွန်းတွေ အငမ်းမရ ဖြစ်တည်လာနေကြ လျက်..၊ ထိုမေးခွန်းများကို မေမေ မရှိသည့်အချိန်၌ ဒေါ်ကြီးစိန် ထံ ဖွင့်ချလိုက်ဖို့ ငွေဝန်း ဆုံးဖြတ်လိုက်မိရပါသတည်း။

ပြီးတော့.. ခုမှ တစ်ခု သိလာရသည်က .. ငွေဝန်း ရုတ်ခနဲ လန် ဖျပ်သွားရပါသည့် ထိုဆွဲကြိုးမျှင်မျှင် ..။ သေသူတစ်ယောက်၏ ကျ ရစ်ရာ ကြိုး .. ရွှေမျှင်တစ်ကုံးသည် ... ခုကျတော့လည်း ငွေဝန်း ၏ ရင်ကို ညှို့ငင်ထားသည့်နယ် ဖြစ်လာရပြန်ချေသည်တကား ..။





သေးသွယ်ပျောင်းနွဲ့သည်နှင့်အမျှ လှပသော မေမေ့လက်လေးတွေ က ငွေဝန်း ၏ မျက်နှာလေးထက်မှာ ခုထိ ဖေးတင်ထားဆဲ ..၊ မေမေ့ သက်သူကြွယ်နှင့် လက်ခလယ်တွေမှာ စိန်လက်စွပ်လေးတွေ ရှိနေကြ တာ လင်းလဲ့ တောက်ပနေကြသည်။

မေမေ့ လက်မှာ ဝတ်ထားသည်က စိန်လက်ကောက် ..၊ မေမေ့နား ဘိသည်ပင်လျှင် အပွင့်ကြီး စိန်ပွင့်တွေနှင့် ဖြစ်ပါချေ၏။

ထိုအရာတွေနှင့်ဆိုလျှင်ဖြင့် ဒေါ်ကြီး ဝတ်ဆင်ပေးချင်ပါလေသော ဆွဲကြိုးကုံးမျှင်မျှင်လေးသည် တန်ဖိုးချင်း ကွာလွန်းနေချေသည်တည့်..၊

ဒါပေမယ့် .. လတ်တလောမှာ ထိုကြိုးမျှင်လဲ့လဲ့လေးသည် ငွေဝန်း ၏ အာရုံ အဖမ်းစားဆုံး ဖြစ်လာနေကြတာက မြန်ဆန်လွန်းသည်နှင့် ရှေ့ နိုင်မာလွန်းနေသည့်အဖြစ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃ ]

ငွေဝန်းပျို အတွက် စိတ်ရှုပ်စေရသည့်အထဲမှာ ထီးကောက်တစ်လက်သည်လည်း အမြဲ ပါဝင်နေသည့်အဖြစ် ...၊ ကိုကြီးနှင့် ကိုယ်ကြောင့် ဤထီးရိုးရှည် ထီးကောက်တစ်လက်ဆိုတာက အမြဲ ပါနေရပါသည့်အဖြစ် ...။ ကုန်တိုက်သို့သွားလျှင်လည်း ဤထီးကောက်ကတော့ ပါရစမြဲ ...၊ အဝေးသင်အတွက် ကျူရှင်တက်လျှင်လည်း ဤထီးကောက်က မလွတ် ...။

"နေပူနေချိန်ဆိုရင် ခရမ်းလွန်ရောင်ခြည် ထိမယ် .. ညီမလေးက နုနုဖန့်ဖန့် .. ဝင်းဝင်းအိအိလေး .. အသားဖြူတဲ့လူတွေက ပိုပြီး ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ခံနိုင်ရည် မရှိဘူးတဲ့ကွ .. ဒီတော့ ထီးယူရမယ် .. အကယ်၍ မိုးရွာတယ်ဆိုရင်လည်း ထီးလိုတာပဲ .. ကားပါကင်ရပ်ထားတဲ့နေရာကို သွားရတဲ့အချိန်လေးမှာ မိုးမိလည်း မခံနိုင်ဘူး .. နေထိလည်း မခံနိုင်ဘူး .. ဒီတော့ ထီး ဆောင်ရမယ် .. ခေါက်ထီးဆိုတာမျိုးက အိတ်ထဲ ခေါက်ခက်ထည့်ထားနိုင်တာမို့ .. အိတ်ထဲပါပြီထင်ပြီး မေ့ကျန်ခဲ့တာမျိုး ဖြစ်နိုင်တယ် .. ဒီတော့ .. မပါရင် ဒက်ခနဲ သိနိုင်ဖို့ .. မကျန်ဖို့ဆိုတာက .. ဒီလို ထီးကိုင်းရှည်လက်ကိုင်ကွေးနဲ့ ထီးမျိုးကိုပဲ ဆောင်ရမယ် .."





ဟု ကိုကြီး စည်းကမ်းသတ်တော်မူတာမို့ ငွေဝန်း မှာ ဘယ်သွားသွား ထီးကောက်တစ်လက်ကတော့ အမြဲ ပါနေရပါသည့်အဖြစ် ...၊ ကိုယ်ကလည်း မခေပါ ...။ ငွေဝန်း အပြင်ထွက်မည်ဆိုလျှင် ထီးပါရဲ့လားဆိုတာ အရင်စစ်သည့်အဖြစ် ...၊ ကိုကြီးနှင့် ကိုယ်တို့ အဖြစ်သည်းကြလွန်းတာမို့လည်း မေမေ့မှာ ရယ်မဆုံးပါ ...။

ကိုကြီးနှင့် ကိုယ်က အမေတစ်ယောက်၏တာဝန်တွေကို ကိုယ့်သဘောနှင့်ကိုယ် ဝင်၍ အလုအယက် ယူနေကြတာမို့ မေမေ့မှာ တာဝန်ဝင် မကျန်နိုင်အောင် ဖြစ်ကုန်ရပြီဟု ရယ်မော၍ ပြောနေကျပါ ...။

ဤနေ့မှာတော့ ငွေဝန်း မွေးနေ့ပေမို့ .. ကိုကြီးနှင့် ကိုယ်တို့ အိမ်မှာ မရှိနိုက် .. မမထား တို့ ဈေးမှ ပြန်ရောက်နိုက်မှာ .. ကုန်တိုက်မှာ လက်ဆောင်တွေ ဝယ်ချင်လေသမျှ မေမေ့ကို ခွင့်ပန်ကာ အန်ကယ်ထွေး နှင့် ကားမောင်းပို့ခိုင်းရခြင်းပါ။ ကုန်တိုက်သို့ရောက်ပြီ ...၊ ထုံးစံအတိုင်း ထီးကောက်တစ်လက်ကတော့ လက်ထဲမှာ အတူတွဲ၍ ပါလာရသည်ပါပဲ။

ဘာဝယ်ဝယ် ...၊ တစ်ခုခု ရွေးချယ်ပြီးလျှင် ငွေချေမည်ဆိုလျှင်ဖြင့် ထီးကို မှန်ဘီရိုပေါ်တင် .. ပိုက်ဆံကို ပိုက်ဆံအိတ်လေးထဲမှ ထုတ်ရှင်းနှင့် ရှိရှိနေရလေသမျှ တချို့က ထီးကြီး မှန်ဘီရိုပေါ်တင်တာကို သိပ်ကြိုက်ချင်ကြ ...၊ မျက်နှာညိုးချင်သည်လေ ...။ ပစ္စည်းဝယ်ချိန်မှာ ဘာဝယ်သည်ဆိုတာ ဘယ်သူ့ကိုမှ မသိစေချင်တာမို့ .. အန်ကယ်ထွေးကိုလည်း ကားပါကင်နေရာမှာပဲ ငွေဝန်း စောင့်ခိုင်းခဲ့ခြင်းပါ ...။ မေမေပေးလိုက်သည့် ပိုက်ဆံကလည်း တစ်သောင်းတန် ငါးအုပ် ဖြစ်နေတာမို့ .. ပိုက်ဆံရေတွက်လျှင်လည်း သေချာ စစ်ရသေးသည်။ တစ်ရွက်ပိုပါသွား၍ မဖြစ် ...၊ တန်ဖိုးကနည်းသည်မှ မဟုတ်ချေပဲလေ ...။

မေမေကတော့ဖြင့် ငွေဝန်း စိတ်ကြိုက် ဝယ်ချင်သမျှ ဝယ်ဖို့အတင်း ပိုက်ဆံ ခပ်များများထည့်ပေးလိုက်ခြင်းပါ ...။ အရင်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ကုန်တိုက်သွားလျှင်ဖြင့် မေမေ ပါလာတတ်သည်။ ဤနေ့မှာတော့ မေမေက ထူးထူးဆန်းဆန်းပင် ငွေဝန်း ကို အန်ကယ်ထွေး နှင့်ပဲ သွားလိုက်တော့ဟု လွှတ်လိုက်ခြင်းပါ ..။ အန်ကယ်ထွေး ဆိုတာကလည်း ပန်းရဂုံ၏ဒရိုင်ဘာဆိုပေမယ့် ငွေဝန်း အတွက်ကတော့ ဦးလေးတစ်ယောက်နယ်ပါ။ အန်ကယ်ထွေး ကလည်း ငွေဝန်း ကို သားသမီးလေးလိုပဲ ချစ်သည့်သူပါ ..။ ခုလည်း ... ကုန်တိုက်သို့ တူတူလိုက်မည်ဆိုပေမယ့် ငွေဝန်း တမင်နေရစ်စေခဲ့တာမို့သာ ကျန်ခဲ့ရခြင်းပါ။ ငွေဝန်းကလည်း ချန်ခဲ့မှ ဖြစ်မည်လေ ..၊ ခု .. ငွေဝန်း ဝယ်သည့် ပစ္စည်းတွေထဲမှာ အန်ကယ်ထွေး အတွက်လည်း လက်ဆောင်ပါရမည်ကိုးလေ ..၊ ပေးသည့်အခါကျတော့မှ အန်ကယ်ထွေး ပျော်စေတော့ .. ဟု တွေးထားသည်လေ ..။

"ဒီချည်ပိုးဝတ်စုံလေးကိုတော့ မေမေ ကြိုက်မှာပါ .."

မမထား နှင့် မမခက် တို့အတွက်ကတော့ ခြုံပဝါလှလှလေးနှင့် ပိုက်ဆံအိတ်လေးဝယ်ပေးဖို့ ဆုံးဖြတ်ထားတာမို့ .. မေမေ့အတွက် ချည်ပိုးဝတ်စုံလေး ဝယ်ဖြစ်သည်။ လှမ်းလင့်မြင်ရပါသည့် ပိုက်ဆံအိတ်လှလှလေးတွေထဲက သုံးလုံးကို ရွေးချယ်၍ဝယ်သည်။ ပဝါတွေကတော့ ငွေဝန်း စိတ်ကြိုက် သိပ်မဖြစ်သေးတာမို့ ဤဆိုင်မှာ မဝယ်ဖြစ် ..၊ စောစောက ဖေဖေနှင့် ကိုကြီး ကိုငယ်တို့အတွက် ဝယ်ထားသည့် လက်ဆောင်တွေကလည်း စက္ကူလက်ဆွဲအိတ်ကြီးတွေဖြင့် ရှိနေကာ .. လက်တံတောင်မှာ စက္ကူအိတ်ကြိုးကွင်းတွေကို စွတ်ချိတ်ထားသည်က ငွေဝန်း ပါ ..။

"အရင်တုန်းကဆို .. မမထား တို့ ပါလာရင်ပါလာ .. မေမေ ပါလာရင်ပါလာ .. အဲသလိုတော့ ရှိတာပါပဲ .. ဒီထီးကောက်ကိုစွဲငြိမ်းတယ် ..၊ ငွေဝန်း က ထီးကောက်ကြီးကိုင်ပြီး .. မျက်စိနဲ့ ဟိုဟာကြည့်သည်ဟာကြည့် .. ဝယ်ချင်တာ ရွေး .. မေမေတို့က ပိုက်ဆံရှင်းအဲသလိုရှိတာ .. အေးလေ .. ဒါပေမယ့် .. ခုလို .. ငွေဝန်း မွေးနေ့မှာတော့ .. မေမေပဲ ပါလာနေကျ .. ငွေဝန်း ရွေးတာ မေမေက ပိုက်ဆံရှင်းပေးနေကျ .. ဒီတစ်ခေါက်ပဲ .. မေမေ ပါမလာတာ .."

ဟုတ်သည် ..၊ ငွေဝန်း ၏မွေးနေ့တိုင်းမှာ ငွေဝန်း ကလည်း အားလုံးကို လက်ဆောင်ပေးနေကျပါ ..။ ထိုအခါ ကုန်တိုက်သို့ မေမေ ပါလာနေကျလည်း ဖြစ်ပါ၏။ ဤတစ်ခေါက်မှာ မေမေ ပါမလာတာမို့ ငွေဝန်း မှာဖြင့် အိတ်ဆွဲတွေရော .. လက်ထဲကိုင်ထားရာ ရွှေရောင်ပိုက်ဆံအိတ်လေး ဆုပ်ခဲကိုင်ထားရ၍ရော .. ထီးကောက်တစ်လက်ကြီးကလည်း ပါနေ၍ရော .. နည်းနည်းတော့ ရှုပ်ထွေးနေသည်။ တစ်ယောက်တည်းမှာ ဝန်စည်စလယ်တွေက များနေသည့်အဖြစ် ..။

ထီးကောက်ကြီးကို ရှေ့မှာ ရှိသည့် မှန်ဗီရိုပေါ်တင်နိုက် ဘေးမှာ ထားနေသည့် မိန်းမကြီးမှ ...

"ဒီမှာ .. ပစ္စည်းလေးတွေ ရွေးနေတာလေ .. ထီးကောက်ကြီးကလည်း ရှုပ်ပဲ့ .."

ဟု ကျောက်စီရင်ထိုးလေးတွေ ကဗ္ဗိုပါဘူးလေးတွေဖြင့် စီရီခင်းကျင်းထားရာကို ခုထိ အချိန်ကြာမြင့်စွာ ဟိုကြည့်သည်ကြည့်နှင့် ရွေးမနိုင်ပဲ ရှိနေလေသမျှ စိတ်ရှုပ်နေပုံဖြင့် မျက်မှောင်တွန့်၍ ဈေးဝယ်အဒေါ်ကြီးက ပြောတော့လည်း အရောင်းတာဝန်ကျ မိန်းကလေးကလည်း မျက်နှာကြောက အစကတည်းကိုက သိပ်မချော ..၊ ခပ်တင်းတင်း နိုင်သည်။ ဆိုင်ရှင်လိုလို .. မန်နေဂျာလိုလို .. စတိုင်ချိုးနေခြင်းဟု အစောကပဲ ငွေဝန်း စိတ်ထဲက အတင်းတုတ်ထားမိလေသမျှ ..။ ခုလည်း ထိုအမျိုးသမီးငယ်၏ မှုန်ကုတ်ကုတ်အကြည့်ကို ငွေဝန်း ရင်ဆိုင်ရပြန်၏။

အဝယ်တွေကလည်း များနေတာမို့ စက္ကူလက်ဆွဲအိတ်တွေကိုလည်း အောက်ချ မထားရဲ ..။ ငွေဝန်း က သိပ်ပြီး လည်လည်ဝယ်ဝယ်







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ မဟုတ် ..၊ တော်နေကြာ ပိုက်ဆံထုတ် ရေတွက်နေစဉ်နိုက် အောက်ချထားမိသည့် လက်ဆွဲအိတ်ထဲက တချို့တလေ သူများ အလစ်သုတ်တာ ခံသွားရနိုင်သည်လေ ..။

ဤသည်ကလည်း မမထား ၏ သင်ပေးထားသော သင်တန်းဆင်း ငွေဝန်းပျို အဖြစ် သတိတွေ မြဲနေရခြင်းပါသည့် ..။

"စောစောကတည်းက .. ပိုက်ဆံအိတ်လေးတွေ ရွေးတာကိုလည်း .. သူက သိပ်စိတ်လက်ရှည်ပုံ မရဘူး .. ယူပြခိုင်းလို့ ယူယူပြနေပေမယ့် .. ငွေဝန်း ကို သိပ်ပစိပစပ်များတာပဲဆိုတဲ့ အကြည့်နဲ့ ကြည့်နေတာ .. ခုလည်း .. ဟိုအဒေါ်ကြီး လေသံထွက်လာတာနဲ့ .. ငါ့ကို မှုန်တေတေနဲ့ ကြည့်နေပြီ .."

ဟု တွေးတောနေရင်းမှ ထီးကို ချိုင်းကြားညှပ်၍ ပိုက်ဆံအိတ်လေးကို ဖွင့်လိုက်ရပါပြီ။ ပိုက်ဆံကို ထုတ်နေရင်း ရေတွက်နေနိုက်မှာ ငွေဝန်း စိတ်ထဲ တစ်ခုသိလာသည်။ ငွေဝန်းကို တစ်စုံတစ်ရာက ဆွဲထားသလို ဖြစ်နေခြင်း ..၊ ပိုက်ဆံ ငုံ့ရေတွက်နေချိန်မှာ နောက်ဆီမှ တောင့်ခဲခဲကြီး လှမ်းချိတ်ထားသည့်နှယ် ခံစားနေရသည်။ ငွေဝန်း ရှေ့နည်းနည်း တိုးကြည့်သည်။ ပို၍ တင်းခနဲဖြစ်လာတာမို့ နောက်ကို လှည့်ကြည့်လိုက်တော့ လန့်ခနဲ ဖြစ်သွားရပါပြီ ..။ လူတစ်ယောက်နှင့် အနီးတကပ်ကြီး ရှိနေရကာ .. ထိုသူ၏ လက်မောင်းကြီးမှာဖြင့် ငွေဝန်း ချိုင်းကြားညှပ်ထားရာ ထီးကောက်၏ လက်ကိုင်က ချိတ်ထားချေသည်တကား ..။

ခုမှ ငွေဝန်း တစ်ကိုယ်လုံး ကမန်းကတမ်းလှည့်လိုက်ကာ အားနာတကြီးဖြင့် ထီးကောက်ကြီးကို ထိုလက်မောင်းဆီမှ ဖြုတ်ပေးမိရပါပြီ.. ထိုသူကလည်း ငြိမ်သက်၍ ခံ၏။ အကြည့်က ငွေဝန်း ထံမှာ မရွှေမလျား ရှိနေသည်။ ရယ်ချင်စိတ်တွေကိုလည်း မျိုသိပ်ထားပုံ ရပါ၏။ မျက်ဝန်းတွေမှာ ရယ်ရိပ်သမ်းနေသည်လေ .. တကယ်ဆို .. ထိုသို့





ထီးကောက်ကြီး အမှတ်မထင် ထိုအစ်ကိုကြီး လက်မောင်းမှာ ချိတ်သွားလျှင်လည်း အသာလေး ဖယ်ပစ်ဖို့ ကြိုးစားနိုင်ပေမယ့် .. ဘာကြောင့် ထိုသို့ မဖယ်လိုက်ရပါသတဲ့လဲ .. ဟုလည်း ငွေဝန်း စိတ်ညစ်ညစ်နှင့် တွေးမိကာ ထီးကောက်ကြီး ချိုင်းကြားဆီမှ အောက်ဘက်စိုက်ချ၍ ကိုင်လိုက်ရသည်ပါပဲ ..။

ကယောင်ကတမ်းနိုင်စွာဖြင့် လက်ထဲက ပိုက်ဆံအိတ်ကလည်း ပြုတ်ကျသည်။ ထီးကောက်ကြီး ရှုပ်နေတာမို့ ထိန်းလိုက်ချိန်မှာ လက်ဆွဲအိတ်တွေကလည်း ထပ်၍ ပြုတ်ကျကုန်ပြန်သည်။ ကသောင်းကနင်း တစ်ယောက်တည်း အလွန်တရာနိုင်စွာ ရှုပ်ထွေးဖြစ်တည်နေပါသည့် ငွေဝန်း ကို အားလုံးကလည်း ဟိုကသည်က ဝိုင်းကြည့်တာ ခံရတာမို့ ရှက်လာရသည်ပါပဲ။ မျက်ရည်က စီမ့်ချင်၏။

ရွှေရောင် ပိုက်ဆံအိတ်ထဲမှ အံထွက်ကျလာသည့် ပိုက်ဆံကတ်လိုက်တချို့ ..၊ ဖြည်ထားတာတချို့ကို ငွေဝန်း ဆောင့်ကြောင့်လေး ထိုင်၍ ကောက်သည်။ ထီးကောက်ကြီးလည်း ကြမ်းပြင်မှာ အဆန့်သား ချထားပစ်လိုက်ရပြီ ..။

"ဆောရီး .."

စောစောက သူများလက်မောင်းကြီး ထီးကောက်ဖြင့် ချိတ်မိတာ ခုမှ တောင်းပန်ဖို့ သတိရရင်း မော့၍ တစ်ချက် ထရပ် တောင်းပန်ဖို့ ကိုယ်လေးထိုင်နေရာမှ အထ .. ငွေဝန်း ကို ပစ္စည်းတွေ ကူကောက်ပေးဖို့ ကိုယ်ငုံ့ကိုင်းလာပါသည့် ထိုအစ်ကိုကြီး၏ မေးရိုးကို ငွေဝန်း ၏ ခေါင်းက ဆောင့်လိုက်သလို ဖြစ်သွားပြန်ပါသတည်း ..။ တစ်ဖက်သားကတော့ ဘယ်လောက်နာသွားပြီ မသိ ..။ ငွေဝန်း မှာဖြင့် ခေါင်းပူထူသွားရကာ လက်လေးဖြင့် နာသည့်ခေါင်းကို ကမန်းကတမ်း ပွတ်လိုက်မိရပြန်ကာ ...

"ဆောရီး .."

www.burmeseclassic.com



ဟု နောက်တစ်ကြိမ် အပြောမှာ ငွေဝန်း ၏ လက်လေး စောစော က ခေါင်းအပွတ်တွင် လက်ကောက်ဝတ်လေးသည်လည်း မြောက်တက်ပါသွားတာမို့ ထိုအစ်ကိုကြီး၏ နက်(ခ်)တိုင် ထိန်းညှပ်ရာ ရင်ထိုးပုံလေးမှာ ကျောက်စီလက်ကောက်လေးက ငြိသွားပြန်ကာ ချိတ်လေးပြုတ်ကျသွားပြန်၏။ ငွေဝန်း မှာဖြင့် ရှက်လွန်း၍ ခေါင်းပင် မဖော်ချင်တော့ပါ။ ဤမျှအထိ ဘက်ပေါင်းစုံ ကသောင်းကနင်း အရှုလည်လည်ရှုပ်ထွေးထွေးတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ကြုံလာတော့ ငွေဝန်း မျက်ရည်ကျလာပါပြီ ..။

"ဘာမှ မဖြစ်ပါဘူးကွ .. ထိုင်နေ .. ထိုင်နေ .. ကိုယ် .. အားလုံးလုပ်ပေးမယ် .. ဒါ .. လူတိုင်း လူတိုင်းမှာ မတော်တဆ ဖြစ်တတ်တာမျိုးပဲကွ .. ကဲ .. မထူးတော့ပါဘူး မိန်းကလေးရေ .. ကြမ်းပေါ်သာ ခဏ ထိုင်ချထားလိုက်တော့ .. စိတ်ကို တင်းမထားနဲ့ .. လျှော့ထား .. ဟုတ်ပလား .."

အလွန်တရာမှ ညင်သာသော ဖျောင်းဖျ အားပေးသံ ..။ ငွေဝန်း ၏ရင်ထဲသို့ တိုးဝင်လာသည်နှင့်အမျှ .. လောလောဆယ်မှာ ထိုအစ်ကိုကြီးသည်ပင်လျှင် ငွေဝန်း အတွက် အားကိုးစရာ လူတစ်ယောက်အဖြစ်သို့ ရုတ်ခြည်း ရောက်သွားရသည်ပါပဲ ..။ စောစောက မေးရိုးနေရာ အဆောင့်ခံထားရတာ အတော်နာသွားချေမည့် ထိုအစ်ကိုသည် .. ငွေဝန်းကို ဘာတစ်ခုမှ မဆူပဲ ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ကောက်ထည့်ပေးနေသည်။ ပိုက်ဆံကိုလည်း အိတ်ထဲ ပြန်ထည့်ပေးသည်။ ငွေဝန်း မှာဖြင့် ပိုက်ဆံကောက်ထည့်တာပင် အဆုံးမသတ်ပဲ တချို့အပြင်မှာ ကျန်နေသေးသည်ကိုးလေ ..။ စက္ကူအိတ်ကြီးတွေထဲမှ ထွက်ကျသမျှ အဝတ်အထည် ..။ ပစ္စည်းပစ္စယတွေကို အားလုံးတစ်ခုမကျန် အစ်ကိုကြီး ဂရုတစိုက် ကောက်ထည့်ပေးနေတာကို ငွေဝန်း ထိုင်နေရင်း ငေးကြည့်ငြိမ်သက်နေသည်ပါပဲ။ ဘေးကလူတွေကလည်း ခုထိ ကြည့်နေကြဆဲ ..။





ကြည့်ကောင်းကောင်းဖြင့် ကြည့်မဝကြသည့်နှယ် အားမနာတမ်း ကြည့်နေကြတော့လည်း ငွေဝန်း နည်းနည်းတော့ စိတ်ညစ်လာသည်။ တကယ်ဆို .. သူတို့အလုပ် သူတို့ ဆက်လုပ်ဖို့ကောင်းပြီလေ..။ ဝယ်ချင်တာဝယ် ..၊ ပိုက်ဆံရှင်း ..၊ ကိုယ့်ခရီး ကိုယ်ဆက်ကြဖို့ ကောင်းပြီ ..။ ဒါပေမယ့် .. ဝယ်ရေးပြုရေးကိစ္စ ရပ်နေကြရင်း စိတ်ဝင်တစားဖြင့် ကြည့်နေကြတာက အဆုံးမသတ်နိုင်ကြသေးပဲ ရှိနေကြဆဲ ..။ အစ်ကိုကြီးကတော့ ထိုကိစ္စကို ဂရုပင်စိုက်ပုံ မရ ..၊ ကျောက်စီလက်ကောက်လေးကို ငွေဝန်း လက်ထဲ ထည့်ပေးလာရင်းမှ ...

"ဝတ်လိုက် .. သေချာချိတ်လေး ချိတ်လိုက်ဦး .."

ဟု အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ပြောလာသည်။ ငွေဝန်း ကလေးလိုပင် သူ့လက်ထဲမှ လက်ကောက်လေးကို ယူလည်းရ ..၊ ပြောသည့်အတိုင်း သေချာ ချိတ်လေးချိတ်၍ ဝတ်လိုက်ရပါ၏။

သူ နောက်ဆုံး ကောက်ကိုင်လိုက်သည်က ကြမ်းပေါ်ချထားရာ ဆီးကောက်ကြီးပါ ..။ အပြာခံမှာ အနီရောင်ပန်းပွင့်လေးတွေ ပါသည့် ဆီးလှလှလေး ..။ ငွေဝန်း လက်ထဲ ပိုက်ဆံအိတ်လေး ထည့်ပေးကာ...

"ဖြည်းဖြည်းထ .. ပိုက်ဆံရှင်းစရာ ရှိတာလည်း ရှင်းပေးလိုက်.. ဘာတွေအားလုံး ကိုင်ထားပေးမယ် .."

ဟု ပိုက်ဆံအိတ် တစ်မျိုးတည်းပဲ ငွေဝန်း လက်ထဲမှာ ရှိစေလျက် အားလုံးသော အရာတွေထဲမှာ ထီးကောက်ရှည်ကအစ သူ ကိုင်ရင်းပြောသည်။ ငွေဝန်းပျို ထရပ်ကာ ပိုက်ဆံရှင်းတော့လည်း ဘေးမှငြိမ်၍ ကြည့်နေ၏။

"ကုန်ပြီလား ... ဝယ်တဲ့ကိစ္စ .."

ဘေးတွင်ရပ်ရင်း စိတ်ရှည်လက်ရှည် ညီမတစ်ယောက်အပေါ်မှာ စောင့်မေးနေသည့်နှယ် သူ မေးလာတော့ ငွေဝန်း ခေါင်းလေးခါ၍ ...

"ပဝါ .. ဝယ်ဖို့ ကျန်သေးတယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးတော့ ငွေဝန်း ခေါင်းလေး ညိတ်သည်။ ခုထိ ရပ်နေဆဲဖြစ်နေသည့် ငွေဝန်း ကို ပစ္စည်းတွေ သယ်ချင်နေမှန်း သိပုံဖြင့် ...

"ကားရပ်ထားတဲ့နေရာအထိ ကိုယ် လိုက်ပို့ပေးမယ် .. ကဲ .. ရှေ့က သွား .. ရှေ့က သွား .."

စောစောက ငွေဝန်း အရမ်းရှက်ထားလေသမျှ မြင်ထားရတာမို့ သနားစိတ်ဖြင့် တစ်ယောက်တည်း မလွှတ်ရက်နိုင်ပဲ ဖြစ်နေတာလည်း သိသာနေသည်ပါပဲ ...။ ငွေဝန်း ရှေ့မှလျှောက်တော့ နောက်မှ အစ်ကိုကြီး ခြေလှမ်းမှန်မှန်ဖြင့် လိုက်လာသည်ပါပဲ။ ကားပါကင်ရပ်ထားရာအထိ အစ်ကိုကြီး လိုက်ပို့သည်။

ငွေဝန်း ရောက်လာတာမို့ အန်ကယ်ထွေး ကမန်းကတမ်း ကားထဲမှ ထွက်ကာ ကားနောက်ခန်းတံခါးကို ဖွင့်၍ အစ်ကိုကြီး လက်ထဲမှ ပစ္စည်းတွေကို နောက်ခန်းဆိုဖာရှည်ကြီးမှာ တင်နေပေမယ့် အကဲခတ်သလိုတော့ တကြည့်ကြည့်ဖြင့် အစ်ကိုကြီးကို ကြည့်နေတာ ငွေဝန်း တွေ့နေရပါ၏။ ဘယ်လိုဆိုကြသည်လဲ .. ဆိုသည့် အကဲခတ်ကြည့်...။

ငွေဝန်း အတွက် .. ခုလို လူတစ်ယောက်နှင့်တူတူ ဘေးသူစိမ်းနှင့် ခြင်း .. ရောက်လာခြင်းဆိုတာက .. ပထမဆုံးအကြိမ်လည်း ဖြစ်နေသည်ကိုးလေ ...။

အစ်ကိုကြီးကတော့ .. ငွေဝန်း တို့၏ ကားရှေ့မှန်အတွင်းပိုင်းမှာ တပ်ထားသော 'နေဝန်း ဆောက်လုပ်ရေးပစ္စည်းစက်ရုံ' ဆိုသည့် .. တစ်ကာကပ်ထားရာကို တစ်ချက်ကြည့်သည်။ ဖေဖေက အိမ်ရှိကားများ .. စက်ရုံသုံးကားတွေရော .. ဖေဖေနှင့် ကိုကြီး ကိုယ်တို့၏ ကားတွေမှာပါ၍ စတစ်ကာလေးကို တပ်ထားသည်မို့ .. အစ်ကိုကြီး သည် အလိုလို သိသွားပါချေလိမ့်မည် ...။ ငွေဝန်း သည် .. နေဝန်း ဆောက်ပစ္စည်းစက်ရုံနှင့် ပတ်သက်သူ ဟု ...၊

"ကိုယ့်နာမည် .. ထက်ခေါင်မှူး ပါ .. ရတနာမွန် ဆောက်လုပ်





ဟု ခေါင်းလေးငုံ့၍ ဖြေသည်။ သူ့လက်ထဲမှ ထီးကောက်နှင့် အိတ်တွေကိုယူမည့်နယ် လက်ကလေးကမ်းရာမှ တစ်ချက် အကြည့် တန့်သွားသည်က ... သူ့နက်(ခ်)တိုင်မှာ ဖေးညှပ်ထားရာ နက်(ခ်)တိုင် ထိန်း ရွှေညှပ်လေးဆီမှာပါ ...။ စောင်းရွဲ့ရွဲ့လေးဖြစ်နေသည်က ငွေဝန်း ၏ လက်ကောက်နှင့် ငြိမိချိတ်မိ၍ပေမို့ ...။ အပြစ်ရှိသည့်နယ် ငွေဝန်း ခံစားရရင်း အားနာတကြီးဖြင့် ကလေးလေးနယ်ပင် ထိုနက်(ခ်)တိုင် ထိန်းလေးကို ပြန်၍ တည့်တည့်လေးဖြစ်အောင် လုပ်ပေးမိရသည်။

"ဆောရီး .. ငွေဝန်း တောင်းပန်ပါတယ် .."

ထပ်၍ ငွေဝန်း တောင်းပန်ချိန်မှာ သူက ပြုံး၍ ...

"ပဝါဝယ်မယ် ဆို .. ဒီမှာ ဝယ်မှာလား .."

ငွေဝန်း ခေါင်းခါသည်။ ဤဆိုင်မှ ပဝါဆင်ကို ငွေဝန်း မကြိုက်

"ဘယ်မှာ ဝယ်မှာလဲ .. ကိုယ် အဖော်လိုက်ပေးမယ် .. ဟိုမှာ နောက်တစ်ခါ .. ခုလိုမျိုး တစ်ယောက်တည်း ဟိုမနိုင် ဒီမနိုင်နဲ့ .. ပစ္စည်းတွေ ပြုတ်ကျကုန်မှာ စိုးရတယ် ငွေဝန်း .."

ငွေဝန်း ၏ အမည်လေး စောစောကပြောသည့်အထဲပါသွားတာမို့ .. ခုကျတော့လည်း တရင်းတနီး အတန်မျှနိုင်လာသော ဆက်ဆံ လေးဖြင့် ထိုအစ်ကိုကြီးက ပြောလာတော့ ငွေဝန်းမှာဖြင့် ကိုကြီးနှင့် ကိုငယ်ကို ပြေး၍ သတိရမိသည်ပါပဲ။ ကိုကြီးနှင့် ကိုငယ်တို့ဘေးမှာ ရှိနေလျှင်လည်း ခုလိုပဲ ပစ္စည်းတွေ သယ်ပေးနေကြမှာ သေချာသည် လေ ...၊ ဘေးဆိုင်မှ ပဝါကို ငွေဝန်း ရွေးဝယ် ငွေချေသည်အထိ ထို အစ်ကိုကြီးဘေးမှာ လိုက်ရပ်၍ စိတ်ရှည်လက်ရှည် စောင့်ပေးသည်။

"ပြန်တော့မလား .."

ငွေဝန်း ခေါင်းညိတ်ကာ ပစ္စည်းတွေယူဖို့ လက်လှမ်းတော့ ...

"ရတယ် .. အဲဒီ ပိုက်ဆံအိတ်ရယ် .. ပဝါအိတ်ရယ် .. အဲဒါ ကိုင်ထား ..ဘယ်ကို လိုက်ပို့ရမှာလဲ .. ကားပါလာသလား .."



www.burmeseclassic.com

www.burmeseclassic.com



ရေးလုပ်ငန်းကို လုပ်ကိုင်သူပါ .. တက်နေဝန်း နဲ့ ကိုယ်တို့ လုပ်ငန်း ချင်း ဆက်ဆံမှုတွေ ရှိကြပါတယ် ... ဒါပေမယ့် .. ငွေဝန်း နဲ့က.. ခု မမျှော်လင့်ပဲ ဆုံဖြစ်တာပါ .. ကဲ .. ပြန်တော့မယ် မဟုတ်လား .. ပြ တော့ ..''

ဟု ကလေးလေးကို စိတ်ရှည်လက်ရှည် လိုက်ပို့သည့်နယ်ပ ပြုံး၍ ပြောလာတော့ ငွေဝန်း ကား ရှေ့ခန်းမှာ ထိုင်လိုက်ရာမှ ..

''စောစောက .. ဖြစ်ခဲ့တာ .. ဆောရီးပါ အစ်ကိုကြီး ဟို .. မေးရိုး မေးစေ့ .. နာသွားလား ဟင် .. ကန်တော့ပါ .. ကန်တော့ပါ ရှင် ..''

ဟု လက်အုပ်လေးချီ၍ တောင်းပန်တော့ အစ်ကိုကြီးမှ ပြုံး၍ လက်ကာသည်။

''အိမ်ရောက်ရင် .. ခေါင်းနာတဲ့ နေရာကို ပရုပ်ဆီလေး ဖြစ်ဖြ လူးလိုက် ငွေဝန်း .. ကဲ .. ကဲ .. ပြန်တော့ နော် ..''

ဟု နောက်သို့ ခြေတစ်လှမ်းဆုပ်၍ လက်ပြသည်။ အန်ကယ်တွေ ကားမောင်းထွက်လာချိန်အထိ နေရာမှာ ငြိမ်သက်စွာ ရပ်ငေးကျန်ခဲ့ သည့် အစ်ကို ထက်ခေါင်မှူး ဆိုသူကို ငွေဝန်း နောက်ဘက် ခေါင်းလေ လှည့်၍ ကြည့်မိရာမှ .. ကုန်တိုက်မှာ အစစ .. ငွေဝန်း ကို ဘေး ထိန်း၍ ကူခဲ့ပါသည့် အစ်ကိုကြီးကို ကျေးဇူးတင်စိတ်ဖြင့် ကားတံခါးမှ ဆီမှ ခေါင်းလေး ပြူထွက်၍ ကြည့်မိချိန်မှာ .. အစ်ကိုကြီးသည်လည် လှမ်းမြင်ပုံဖြင့် လက်လှမ်းပြလာပါသတည်း ..။ ငွေဝန်း .. မဖြစ်မနေ ပြုလုပ်ရမည်က .. လက်လေး ပြန်ပြလိုက်ဖို့မှ တစ်ပါး ဘာရှိမည်တဲ့လဲ လေ ..။

ထိုမှုအထိ ငွေဝန်း ကို လှုပုံအလည်မှာ အရှက်လေးတွေနှင့် လုံး ထွေးနေချိန်ကြီးမှာ .. ကူညီခဲ့ပါသည့် အစ်ကိုကြီးကိုမှ ငွေဝန်း လက် ကလေး တုံ့ပြန်မပြလိုက်လျှင်ဖြင့် .. ငွေဝန်း အရမ်းကို ရိုင်းသွားချေ မည်ပေ့ ..။





ဒါပေမယ့် ..၊ ဩော် .. ဒါပေမယ့် .. ထိုအစ်ကိုကြီးနှင့် ငွေဝန်း တို့ ဤတစ်ကြိမ်ပဲ ဆုံကြုံခဲ့ကြချေရုံပဲ ရှိမည်ဟု ထင်ထားမိခြင်းသည်.. ားနေချေလိမ့်မည်ဟုတော့ ငွေဝန်း ကြိုတင် မသိနိုင်ခဲ့ပါ အစ်ကိုကြီး ရယ် ..၊

အရမ်းကို တည်ငြိမ်ရင့်ကျက်ကာ .. စိတ်ရှည် ကူညီတတ်သော အစ်ကိုကြီး ထက်ခေါင်မှူး ဆိုသူနှင့် ငွေဝန်းပျို တို့ .. ပန်းရဂုံ၏ ညွှ န်းဆောင်ကြီးမှာ .. ပြန်လည် တွေ့ဆုံကြချေမည်ဟု ထိုစဉ်က ငွေဝန်း သိနိုင်ခဲ့ပါ ..။

တကယ်တော့ .. ငွေဝန်းပျို ဆိုတာ .. ကိုယ့်ကံကြမ္မာကို .. တင် ကြို၍ ဘာကိုမျှ မသိနိုင်ခဲ့သည့် ငွေဝန်းပျို အဖြစ် .. ထိုစဉ်က .. ရှိနေ သျက် ..။

အကြောင့်ကြကင်းသော ဘဝတစ်ခုကို .. နောက်ဆုံးအဖြစ် ဖြတ် န်းရခြင်းဆိုတာကိုလည်း ငွေဝန်း မသိနိုင်ခဲ့ ချေသည်ကောလေ ..။

www.burmeseclassic.com



အခန်း [ ၄ ]

"ဘာလို့ မေမေ က အတူလိုက်မသွားရတာလဲ .. ငွေဝန်းလေး ကို တစ်ယောက်တည်း လွှတ်လိုက်ရတယ်လို့ မေမေ ရာ .. အံ့ရော - ဒီကလေးကို တစ်ယောက်တည်း လွှတ်လိုက်တယ် တဲ့ .. လွှတ်တယ် တဲ့ .."

ငွေဝန်းပျို ၏ ပခုံးလေးကို တကိုင်ကိုင်ဖြင့် ရှေ့တွန်းပြရင်း မျက်နှာကြီး တပျက်ပျက်ဖြင့် ရှိနေသည်က ကိုကြီး ပါ..၊

"ဟုတ်သားပဲ မေမေ ကလဲ .. ကလေးခမျာ .. တစ်ယောက်တည် ဝယ်ဖူးပြုဖူးတာလည်း မဟုတ် .. ဟိုမှာ .. ပစ္စည်းလွှတ်ကျ ဘာလွှတ်က နဲ့ ဘယ်လောက် သနားဖို့ ကောင်းလဲ .."

ကိုငယ် ကလည်း အလွန်တရာကိုမှ ထိခိုက်နာကျင်ဖွယ် ဖြစ်ေ သည့် ကိစ္စတစ်ခုနှယ် ဝင်ဝင်ပြောနေသည်။ မျက်ရည်တွေ ဘာတွေ ဝဲနေရင်းဖြင့်လည်း ငွေဝန်း ကို ဆံစလေး သပ်ပေးနေပြန်၏။ ဤကိ ဖော်ကောင်လုပ်သည်က အန်ကယ်ထွေး ပါ ..။

ငွေဝန်း ကို ကားပါကင်နေရာအထိ လူတစ်ယောက် လိုက်ပို့ေ သည်ဟု မေမေ့ကို သတင်းတော် ပို့သည်။





မေမေကလည်း အံ့အားတသင့်ဖြင့် ငွေဝန်း ကို ဘယ်သူလဲ .. ဘယ်သူလဲ နှင့် မေးနေသမျှ ငွေဝန်း ကလည်း မဖြေနိုင်ပဲ ဖြစ်နေရသည် မဟုတ်ပါလား ..။

ထိုစဉ်ခိုက်မှာပင် ကိုကြီးနှင့် ကိုငယ်တို့ကလည်း ပြန်ရောက်လာ ကြတာမို့.. လက်ဆောင်ထုပ်တွေ ဖွင့်ကြည့်ဖို့ နေနေသာသာ ..။ နေ့လယ် စာလည်း မစားနိုင်ကြ ..။

ငွေဝန်း ကို ထိုကုန်တိုက်မှ လူဆိုသည့်ကိစ္စ မေးကြမြန်းကြရမှ.. နောက်ဆုံးတော့ အဖြစ်စုံလည်း ငွေဝန်း ရှင်းပြရ.. ဘယ်သူဆိုတာလည်း သိပါဟု ဖြေရနှင့် ရှိပြီးသည့်နောက်မှာ ကိုကြီးနှင့် ကိုငယ်တို့ နှစ် ယောက်စလုံး ငွေဝန်း ကို တစ်ယောက်တည်း လွှတ်ချေသည်ကောဟု မေမေ့ကိုပင် အပြစ်တင်ရိပ်လေးတွေ သမ်းရင်း ပြောနေကြပါချေ သတည်း ..။

"ငွေဝန်း .. ညီမလေး .. မှန်မှန်ဖြေ နော် .. အဲဒီလူကို တကယ် သိဘူး .. ဟုတ်လား .. သေချာတယ် နော် .."

ကိုငယ် ထပ်၍ မေးပြန်၏။ မျက်စိမျက်နှာပျက်နေသည်ကလည်း ဆိန်းမရနိုင် ..၊

"ဟုတ်ပါတယ် ဆို .. ကိုငယ်ကလည်း.. ငွေဝန်း တကယ် မသိ ဘာပါ .. နာမည်ပဲ သိရတာ ရှိတယ် .. အဲဒါကလည်း .. ကားပါကင် ဆိုးရပ်ထားတဲ့နေရာကို လိုက်ပို့ရင်း .. သူ့နာမည် ပြောပြသွားလို့ ထက် ခေါင်မှူး ဆိုတာ အဲဒီ အစ်ကိုကြီးရဲ့နာမည်ဆိုတာ သိလိုက်ရတာ .."

"ဟာ .. ကိုထက်ခေါင်မှူး ဆိုတာမျိုးပဲ ပြောစမ်းပါ ငွေဝန်း ရ.. အစ်ကိုကြီးလို့ ဘာလို့ ခေါ်ရမှာလဲ .. နောက် မခေါ်နဲ့ .."

အရေးထဲ ကျွဲမြီးတတိုတိုဖြင့် ကိုကြီး ထ,ကန့်ကွက်နေပြန်သည် သည် ..။

တကယ်ကတော့ .. ညီမလေး ချစ်သူရှိနေမှာ ..၊ အိမ်ထောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ကျသွားမှာကို ဤညီအစ်ကိုနှစ်ယောက် လန့်နေတာ ပန်းရဲ့ တစ်အိမ်လုံး သိနေသည့်ကိစ္စ ..၊ ခုလည်း ဒေါ်ယမုန် မျက်မှောင်တွန့်၍ ...

"သမီးလေး ဝယ်တတ်ပြုတတ်အောင်ဆိုပြီး ဒီတစ်ခါပဲ လွှတ်မိတာပါ ရှင်တို့ရယ် .. နောက်ကိုလည်း မလွှတ်တော့ပါဘူး .. မျက်နှာတွေ ပျက်နေကြတာလည်း ပြင်စမ်းပါ့ရှင် .. ကလေးက သူ့အစ်ကိုတွေအတွက် လက်ဆောင်သွားဝယ်လာတဲ့ ဥစ္စာတွေကို ကြည့်မယ်ပြုမယ် မရှိဘူး .. တကတည်းတော် .. ကုန်တိုက်က လူကိစ္စ .. ဒီလောက် မောကျသောကြောတွေ တစ်ကိုယ်လုံး ဝင်ပူးနေတာ ကောင်းသလား.. မျက်နှာမှာ ချွေးတွေ ထွက်လို့ .."

တကယ်ပဲ ညီမလေး ဖူးစာဆုံမှာ သေအောင် လန့်နေကြသည့် ညီအစ်ကို နှစ်ယောက်စလုံး ချွေးတွေဘာတွေပင် မျက်နှာမှာ သီးနေကြအောင် စိတ်ပူနေကြသည့်အဖြစ် ..၊

"ဟာ .. ချွေးထွက်တာများ အဆန်းမှတ်လို့ မေမေရာ .. ဒီညီမလေး တစ်ယောက်ကို ရွှေလို ဥထားရတာ .. ယောက်ျားပေးစားလိုက်ရင်ဖြင့်.. ဒီအစ်ကိုတွေ အသက်ပါ ထွက်ကုန်မှာဗျ .."

"အံမယ် .. ကိုကြီး .. နင်က အရင်ဆုံး မိန်းမယူတာနော် .. ကိုယ့်ကျတော့ မိန်းမယူတယ် .. ညီမလေးကိုကျတော့ အိမ်ထောင်မချပေးချင်ဘူးလို့ ဖြစ်မလား .. သင့်တော်ရာတော့ .. တစ်နေ့ အိမ်ထောင်ချပေးရမှာပဲ .. ညီအစ်ကိုနှစ်ကောင် နော် .. ကြိုတင် ပြောထားပါရဲ့ .. အရင်တုန်းက လာလာပြီး သမီးလေးကို စေ့စပ်ကမ်းလှမ်းကြတဲ့သူတွေ ဆိုရင်လည်း .. အပြစ်တွေချည်း ရှာခဲ့တာချည်းပဲ ..၊ သူများအပြစ်များ ဆန်ကာတိုက်ချသလို ကြည့်တဲ့ကိစ္စ .. တစ်ဖက်သားကြားရင် အားနာဖို့ တောင် ကောင်းတယ် .. မေမေတို့မှာဖြင့် .. သမီးလေး ငယ်ပါသေးတယ် လို့ချည်း ကြားကောင်းအောင် တစ်ဖက်ကို စကားပြန်ခဲ့တာချည်းပဲ .."





ကိုကြီး က ငွေဝန်း ၏ ပခုံးလေးပေါ် လက်ကိုတင်၍ ...

"ဟာ .. မှားနေလို့လား မေမေ ရ .. ဟိုကုမ္ပဏီပိုင်ရှင် အောင်ဇမ္ဗူ ဆိုတဲ့လူကို ကြည့် .. နာမည်ကြီးကလည်း အပေါ်စီးနိုင်တယ် .. မျက်နှာကြောကြီးကလည်း တည်ပ့ါ .. အသံကလည်း သြရှရှကြီးနဲ့ .. သူ့မို့ ညီမလေးကို .. မှန်းရက်တယ် ..၊ အရပ်ကြီးကလည်း မြင့်သေး .. အဲဒါကြောင့် .. ရှေ့သွားနောက်လိုက် မညီတာတစ်ခုနဲ့ပဲ .. သားတို့က .. ...းပစ်တာ .. နေနဲ့လ ရွှေနဲ့မြဆိုတဲ့ စကားပုံလိုတော့ .. ရှိရမှာပေါ့ .. ...မေ ရ .. ရုပ်ဆိုးကြီးနဲ့ မပေးစားနိုင်ပါဘူး .."

"ဟုတ်တယ်လေ .. မေမေ့ ဆရာဝန်ကြီး ဦးကြည်ဆွေ ရဲ့သား.. ...ါက်တာ မြင့်ထူးမြိုင် ဆိုတာကျတော့လည်း .. စဉ်းစားကြည့် .. လူပုံ ...ာကြီးနဲ့ .. ဆရာဝန်ကလည်း ဖြစ်သေး .. ဆရာဝန်ဆိုတာ .. သူတို့ရဲ့ ...ုံးသားကို လူနာတွေက ပိုင်တာတဲ့ .. ညီမလေးနဲ့ ပေးစားလိုက်ရင်.. ...ညီမလေးအတွက် သူ့မှာ ပေးစရာ နှလုံးသားမှ မရှိတော့တာ .."

"တော်တော့ .. ရပ်တော့ .. ဒီ ညီမလေးကလည်း အစ်ကိုတွေ ...ပြောသမျှ အဟုတ် လိုက်လိုက်လုပ် .. အောင်ဇမ္ဗူကိုလည်း ငြင်းတယ်.. ...ာင်မြင့်ထူးမြိုင် ကိုလည်း ငြင်းတယ် .. ငြင်းတာကိုလည်း ကြည့် .. ...ောင်ဇမ္ဗူက မျက်နှာကြီး သိပ်တည်ပြီး အသံကြီးက သြရှရှနဲ့တဲ့ .. ...ထူးမြိုင် ကျတော့လည်း ချောလည်း ချော .. ဆရာဝန်လည်းဖြစ်တော့ ...ကိုကြိုက်တဲ့ မိန်းကလေးတွေ အများကြီး ရှိမှာတဲ့ .. ဆရာဝန်ရဲ့နှလုံး ...ားဆိုတာ လူနာပိုင်တာမို့ .. လက်မထပ်ပါရစေနဲ့ တဲ့ .. ငွေဝန်းပျို ...ား နော် .. ကြပ်ကြပ် သူတို့နောက်လိုက်လုပ်နေ အပျိုကြီး ဖြစ်လိမ့် ...ည်.."

"ဖြစ်တော့ ကောင်းတာပေါ့ .. ကိုကြီးတို့နဲ့ တူတူနေမှာပေါ့လို့ ...လိုက် .."

"ရှာကျွေးမယ် သိလား .. ကိုကြီးနဲ့ ကိုငယ်တို့ ရှာကျွေးမှာ.. ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား .. ဒီဦးနှောက်တွေ .. ဒီလက်တွေက .. ညီမလေးကို ရှာကျွေး မွေးကတည်းက ပါလာတာ .."

ညီမကို အလွန်ချစ်သည့်စောတွေဖြင့် အကြီးအကျယ် လန့်နေ သည်က ငွေဝန်းလေး အိမ်ထောင်ပြုသွားမည့်ကိစ္စပဲ ဖြစ်လေသည်။

"အန်ကယ်ထွေး .. အဲဒီ ဘယ်သူ .. ကိုထက်ခေါင်မှူး ဆို ချောသလား .."

အရေးထဲ ကုန်တိုက်မှာ ခဏဆုံဖူးလိုက်ရုံပဲရှိသည့်သူကိုလည် မနေရ ..၊ မကျန်ရ ..။ အပြစ်ရှာဖို့ ကြိုးစားသည့်အလုပ်ကို စတင်သ က ကိုကြီးပါ ..။

"မချောပါဘူး .."

"ချောတယ် ကိုကြီး .."

ငွေဝန်း က မချောဘူးဟု ဖြေသည်။ အန်ကယ်ထွေး က ချေ သည်ဟု ဖြေသည်။ ဖြေသံက တစ်ပြိုင်တည်း ထွက်လာပေမယ့် အ က ဆန့်ကျင်ဘက် ဖြစ်နေ၏။

ကိုကြီး အကဲခတ်သလို ငွေဝန်း ကို ငုံ၍ ကြည့်လာသည်။ ချေ သည့်လူတစ်ယောက်ကို မချောပါဘူးဟု ဖြေသည့်အပေါ်မှာလည် သက်ဘရန့် မကင်းပြန် ..၊ အကယ်၍ အမှန်အတိုင်း ချောသည်ဟု ေ ကြည့် ..၊ ချွေ့ချွေ့ခုန်နေလိမ့်မည်။

ကြာတော့လည်း ငွေဝန်း စိတ်ညစ်လာသည်ပါပဲ ..။

"ပြောပြစမ်းပါ အန်ကယ်ထွေး .. အဲဒီကောင်ရဲ့ ရုပ် .."

ကြည့် ..၊ လေသံကိုက မာထောင့်ဖြင့် တစ်ဖက်သားကို အ ကောင်တွေ ဘာတွေ ဖြစ်လာကုန်ပြီ ..၊

"အရပ်မြင့်တယ် .. အသားဖြူတယ် .. မျက်ခုံးမျက်လုံး ကော တယ် .. ရုပ်သန့်သန့်ပဲ .. မွန်မွန်ရည်ရည် ဗျ .. ပစ္စည်းတွေများ ငွေ လေးကို မကိုင်ရဘူး .. အားလုံး ဆွဲပြီး လိုက်ပို့ပေးတာ .."





အလိုက်မသိ အန်ကယ်ထွေး ကလည်း စွတ်တင်၍ ဖြေနေသည်ပါ .. ဒါမှမဟုတ် အကဲခတ်လွန်းသည့် ကိုကြီးနှင့် ကိုငယ့်ကိုများ ပြင်းကပ်လာ၍ တမင် အမှန်အတိုင်း ဖြေနေခြင်းလားလည်း မသိ ..၊

တခြားလူ မဆိုနှင့် .. တစ်ခါတစ်ခါ .. ဖေဖေနှင့် မေမေပင် ကြီးနှင့် ကိုငယ်တို့ အချစ်သည်းကြပုံကို မြင်ပြင်းကပ်ကြသည်အထိ ဘတ်ဖူးသည်ပဲလေ။

ရေချိုး .. ချိုးပြန်ပြီ ..၊ မြန်မြန်ချိုး ..။ အပြင်ထွက် .. ထွက်ပြန် .. ထီးဆောင်း .. အပင်လေး ရေလောင်း ..၊ လောင်းပြန်ပြီ ..။ ထီး ောင်း၍ လောင်းနှင့် ခရမ်းလွန်ရောင်ခြည်ထိမှာ စိုးကြ ..၊ ပူကြနှင့်..။ အလွန်တရာ ပိုက်ကဲနေကြတော့လည်း ဘေးလူတွေ ထီးမဆောင်းဘဲ ကြတာကဖြင့် လူမဟုတ်တာ ကျနေသည်ပဲဟု မေမေ ညည်းဖူးသည် ..။

"အဲသလောက် ချောမောခန့်ညားနေမှတော့ ... ရည်းစားများမှာ ချာတယ် .."

ကိုငယ် က မှတ်ချက် အချစော၏။ ကိုကြီး ခေါင်းညိတ်၍ ...

"အေးလေ .. ယောကျ်ားဆိုတာ သိပ်ချောရင်လည်း မကောင်းဘူး .. ရုပ်ဖြောင့်ရင် .. မိန်းကလေးတွေက ဝိုင်းဝိုင်းလည်နေကြတာ ပဲ .. ချမ်းသာပုံလည်း ရတယ်ဆို .. ပိုပြီးတော့ ကောင်မလေးတွေ က်ကြမှာ ..၊ အဲဒီလူကို နောက်တွေ့ရင် မမှတ်မိယောင်ဆောင်နေ သား ညီမလေး .. လာနှုတ်ဆက်ရင်လည်း .. ရှင့်ကို ငွေဝန်း မမှတ်မိ လို့ ဖြေလိုက် ... ဒါမှ .. သူ့ကို ညီမလေးက ဘာဆိုဘာမှ စိတ်မဝင် ဘူးဆိုတာ သူ သိသွားမှာ .. မှတ်မိတယ်ဆိုရင် .. အဲဒီကောင် ဘဝင် သွားလိမ့်မယ် ... တစ်ခါလေးပဲ တွေ့ဖူးတဲ့ ဥစ္စာ .. မှတ်မိခံရပြီး ော့ပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ရန်တိုက်သည့်အလုပ်လည်း အလွန်ကျွမ်းသည့် ကိုကြီး ပါ ဘယ်သူမှန်းပင် မမြင်ရသေးသည့် လူတစ်ယောက်ကိုယည်း ညီမ ဖြင့် တစောင်စောင်လုပ်နေကြသည့် အစ်ကိုတွေကို ငွေဝန်း သနားလည် သနားရသည်။ ပို၍လည်း ချစ်ရသည်။

ပြီးတော့ .. စိတ်လည်း ညစ်ရသည်ပါပဲ ..။ မလွတ်လပ်သည့်နေ ပင် တစ်ခါတစ်ခါ ရှိရှိလာသည်ကိုးလေ ..။

ထိုစဉ်ခိုက် ဖုန်းမြည်လာတာမို့ ဒေါ်ကြီးစိန် ဖုန်းသွားကိုင်ပါ

"မမလေး .. အစ်ကိုလေးဆီက .."

ဖေဖေ့ထံမှ ဖုန်းဖြစ်နေ၍ မေမေ သွားကိုင်သည်။

"ဟုတ်ကဲ့ပါ မောင် .."

မေမေ ကတော့ ဖေဖေ့ ဆို အလွန်ချစ်သူပါ ..၊ မောင် .. ဟု ခေ သည်ကိုက ချိုချိုသာသာ နိုင်၏။

ရုပ်လည်း ချောသည်မို့ ငွေဝန်း မှာဖြင့် မေမေ့ဆို .. စိတ်ထ ကောင်းသည့် မေမေမို့ ချစ်ရ ..၊ ဂုဏ်ယူရ ..၊ ချောသည့် မေမေ သူငယ်ချင်းတွေကို ကြွားရနှင့် အမြဲရှိရသည်ပါပဲ..။

ဖေဖေ ဖုန်းပြောနေတာကို မေမေ ငြိမ်၍ နားထောင်နေသည် မျက်နှာထက်မှာ အံ့ဩရိပ် ထင်၏။

စိတ်ညစ်ပုံဖြင့်လည်း ကိုကြီးနှင့် ကိုငယ်ကို တစ်ချက် လှမ်းကြ တာ ငွေဝန်း မြင်နေရသည်။

"ဟုတ်ကဲ့ပါ မောင် .. နေ့လယ်စာ တူတူလာစားကြမယ်ဆိုတ က .. သူတို့ကို မောင် ဖိတ်ကျွေးတာပဲ မောင်ရယ် .. အိမ်မှာက ချ ပြုတ်ထားတာကလည်း အမယ်စုံလည်း ဖြစ်နေ .. အားလုံး ပိုင် စားသောက်ဖို့ အိမ်ကုန်လူအတွက် လျှံနေအောင် ချက်ထားတာမို့ သူတို့သားအဖနှစ်ယောက်ကို မောင် ထမင်းစားဖိတ်လိုက်တဲ့ကိစ္စ စိ မပူပါနဲ့ မောင် .. တိုက်တိုက်ဆိုင်ဆိုင် ငွေဝန်းလေး ရဲ့ မွေးနေ့ဆိုတော





ဟင်းအမယ်လည်း မြိုင် .. မုန့်ပွဲတွေလည်း အမယ်စုံ .. အဲသလိုရှိတာ ဆိုတော့ .. ဘာမှ ပိုချက်ပြုတ်စရာကို မလိုတော့တာပါ မောင် .."

မေမေ ပြောနေသည်က ဖေဖေ့ကို စိတ်မပူစေဖို့ဆိုတာ သိသာနေ သည်ပါပဲ။

ကြည့်ရတာ ဖေဖေနှင့်အတူ ဧည့်သည်နှစ်ယောက် ပါလာမည့်ပုံ..၊ ကြားရသည်ကလည်း သားအဖနှစ်ယောက်ဆိုသည့် စကား ..။

မေမေ ဖုန်းချ၍ ဆိုဖာထက်မှာ ထိုင်သည်။

စိတ်မောလက်မောပုံကြီးဖြင့်လည်း အရင်ဆုံး ကြည့်သည်က ကိုကြီး နှင့် ကိုငယ့်ကိုပါ ..။

"ဖေဖေကလည်း .. ငွေဝန်းလေး မွေးနေ့မှာ မိသားစုတစ်စုပဲ .. အိမ်ကလူတွေပဲ .. စားကြ ပျော်ကြမယ့်ဥစ္စာ .. ဘယ်က ဧည့်သည် သူစိမ်း ခေါ်လာရမှာတဲ့လဲ မေမေရာ .."

ကိုငယ် မျက်နှာညို၍ ပြောလာသည်။

"ရွှေသာ နဲ့ မျိုးသာ .."

မေမေ စိတ်နည်းနည်း ညစ်လာပြီဆိုလျှင် ကိုကြီးနှင့် ကိုငယ်ကို နာမည်တပ်၍ ခေါ်တတ်တာမို့ .. လောလောဆယ်မှာ နည်းနည်းတော့ မေမေ စိတ်လက်တိုစ ပြုလာပြီဟု ငွေဝန်း သိနေရပြီ ..။

"ကိုကြီးက အင်္ဂလိပ်စာနဲ့ ဘွဲ့ရပြီးပြီ .. အသက်လည်း သုံးဆယ် လေးနှစ်ထဲ ရောက်နေပြီ .. အိမ်ထောင်လည်း ကျပြီ .. ကိုငယ်လည်း မြန်မာစာအဓိကနဲ့ ဘွဲ့ရပြီးပြီ.. အသက်လည်း နှစ်ဆယ့်ရှစ်နှစ်ထဲ ရောက် နေပြီ .. ညီမလေးက ဆယ့်ရှစ်နှစ်ဆိုတာမို့ .. ကလေးလေးလို ပိုင်းချစ် တာ မေမေ အပြစ်မပြောချင်ဘူး .. ဒါပေမယ့် ကိုယ့်အိမ်မှာ ကိုယ်ချစ် တာ ကိစ္စမရှိဘူး .. ကိုယ့်အိမ်ကို ဘေးသူစိမ်း ရောက်လာချိန်မှာတော့ မျက်နှာကြောတင်းကြီးတွေနဲ့ တစောင်စောင် မလုပ်ချင်ကြစမ်းပါနဲ့.. နှစ်ယောက်စလုံး အိမ်ထောင်သည်ဖြစ်နေကြတာပဲ .. ကိုယ့်အဖေနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



တက်နေဝန်း ဆောက်လုပ်ရေးပစ္စည်းစက်ရုံ .. အိမ်အလှဆင်ပစ္စည်းစက်ရုံ .. ပရိဘောဂစက်ရုံတွေကို ကြီးကြပ်နေကြတာပဲ .. ကလေးမဆော် ချင်ကြစမ်းပါနဲ့ ..''

မေမေ ပြောကာ သက်ပြင်းရှိုက်၍ တစ်ချက် ငြိမ်၏။ ငွေဝန်း ကိုလည်း ကြည့်သည်။

''ဒီကလေးကလည်းလေ ... မြင်တာနဲ့ကို ချစ်ဖို့ကောင်းနေတာ ခက်တယ် .. ခုလည်းကြည့် .. တစ်ခါပဲ မြင်လိုက်ရတယ် .. ခု .. ရောက်လာတော့မယ် ..''

ဟု ညည်းသည်။

''ခု ရောက်လာမှာက .. ရတနာမွန် ဆောက်လုပ်ရေးလုပ်ငန်း- အိမ်ရာလုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့သူ ..၊ ပြီးတော့ .. လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ ဒီလုပ်ငန်းကို စတင်လုပ်ကိုင်လာတဲ့သူ ဦးမြတ်မှူး တို့ သားအဖပဲ .. သူ့သားက အင်ဂျင်နီယာဖြစ်တယ် တဲ့ .. ဒီနေ့ သားတို့ဖေဖေရဲ့ရုံးခန်းကို သားအဖနှစ်ယောက်စလုံး ရောက်လာကြတယ် .. အရင်တုန်းကတော့ ဦးမြတ်မှူး ပဲ ရောက်လာတတ်တယ်တဲ့- အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ရင်းနှီးခဲ့ကြပြီးသူတွေလည်း ဖြစ်နေတယ်- လုပ်ငန်းလည်း အောင်မြင်တယ် .. သူတို့ပိုင် ဟိုတယ်ကြီးတစ်ခုလည်း ရန်ကုန်မှာ ဆောက်နေတာ ရှိတယ်တဲ့.. အဲဒါတွေ သားတို့ဖေဖေ ခုပဲ ဖုန်းနဲ့ ပြောပြခဲ့တာ .. သူ့သားရဲ့ နာမည်ကတော့ .. ထက်ခေါင်မှူး တဲ့ ...''

ငွေဝန်း ရင်ထဲ သိမ့်ခနဲ ခါ၏။

ဘုရားရေ ..၊ အစ်ကိုကြီးက ဤနေ့မှာပဲ ငွေဝန်း တို့ရှိရာ ပန်းရုံသို့ ရောက်လာတော့မည်တဲ့လား ..။

ကိုကြီးနှင့် ကိုငယ့်ကို ငွေဝန်း ကြည့်မိတော့ မှင်တက်ငြိမ်တွေနေကြတာပဲ ကြုံလိုက်ရသည်။





ထိုသို့ မြန်ဆန်လွန်းစွာ ပန်းရုံသို့ ရောက်လာခြင်းသည် မတော်တဆ တိုက်ဆိုင်ခြင်းတစ်ခုဟု ငွေဝန်း မှတ်ယူလိုက်ချင်သည်။

ဖေဖေနှင့်ရင်းနှီးသော ဦးမြတ်မှူး က ဖေဖေ့ရုံးခန်းသို့ အလုပ်ကိစ္စဖြင့် ရောက်လာချိန်မှာ .. ဖေဖေက ငွေဝန်း ၏ မွေးနေ့နှင့်လည်း တိုက်ဆိုင်တာမို့ .. ထမင်းစားဖိတ်လိုက်တာ ဖြစ်ချေလိမ့်မည်။

ထိုသို့သောနေ့တွင်မှ ငွေဝန်း နှင့် အစ်ကိုကြီးက ဤနေ့မှာ ကုန်တိုက်တွင် ဆုံမိခဲ့ကြခြင်းပဲ ဖြစ်ခဲ့ချေလျှက် .. အံ့သြစရာတော့ ကောင်းနေသည့် တိုက်ဆိုင်မှုတစ်ခုပဲ ဖြစ်ချေလိမ့်မည်တည့် ..။

''ဦးမြတ်မှူး က .. သူ့သားနဲ့ ငွေဝန်း ကို စကားမြန်းခွင့် ပြုဖို့ ပထမဆုံး ... အရင် .. လာစကားကမ်းတာတဲ့ ..၊ လက်ခံမယ်ဆိုရင် .. ဆွေကြီးမျိုးကြီးတွေပီပီ .. ဆွေမျိုးမိသားစုနဲ့ လာစကားမြန်း စေ့စပ်ကြောင်းလမ်းပွဲ ကျင်းပချင်တာတဲ့ ..''

ဟု ပြောလာတော့ ငွေဝန်း ကိုယ်လေး ယိုင်ခနဲ ဖြစ်၏။ ဟင်..ခနဲ နှုတ်မှ အသံပွင့်ကျ၏။

အရမ်းကို နူးညံ့ရွှန်းလဲ့စွာ ကြည့်ခဲ့ပါလေသော အစ်ကိုကြီး၏ အကြည့်တွေကို မြင်ယောင်လာမိသည်။

ထိုမျက်ဝန်းတွေ၏ အရှင်သခင်သည် .. ဤနေ့မှာပင် .. ငွေဝန်း ကို စကားကမ်းနိုင်ဖို့အတွက် ဖခင်နှင့်အတူ .. ဖေဖေ့ထံ ရောက်သွားခဲ့ချေပြီတဲ့လားလေ ..။

ဒါဆို .. ဒါဆို ..၊

အစ်ကိုကြီးသည် ... အစ်ကိုကြီးသည် .. ငွေဝန်း ကို မြင်မြင်ချင်း ချစ်မြတ်နိုးသွား၍ပေါ့ ..။

ဤမျှ မြန်ဆန်လွန်းစွာ .. ငွေဝန်း ဘဝအတွင်းသို့ တိုးဝင်လာဖို့ အထိ.. အစ်ကိုကြီး .. ပြတ်သားစွာ .. ဆုံးဖြတ်လိုက်ခြင်းသည် .. ငွေဝန်း ကို လွန်စွာ .. ချစ်မြတ်နိုး၍ ဖြစ်ချေမည်ပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်သူ့ သူစိမ်း .. စကားလာမြန်းသူအပေါ်မှာမှ ငွေဝန်း

ဝေ မခံစားပေးဖူးသောစိတ် ..၊ အစ်ကိုကြီးနှင့်ကျတော့မှ .. ယုံကြ

နားလည်စိတ်တွေဖြင့် .. မျှဝေ သိပေးလိုစိတ်တွေ ဖြစ်တည်လာရခြ

သည်ကော ..။ ဘာကြောင့်များပါလဲ ..၊ ငွေဝန်း မခွဲခြားတတ် ..။ ငွေဝ

သိတာ တစ်ခုပဲရှိသည် ..။

ငွေဝန်း ၏ နှလုံးသားလေးတွေက နူးညံ့ ရှိန်းမြစွာ .. မြတ်

စဖွယ် .. ခုန်နေကြသည့်အဖြစ် ..။

ပြီးတော့ ရက်စနိုးလေးလည်း ဖြစ်ရပြန်တာမို့ .. အားလုံး ဝိုင်

ကြည့်နေကြသည့်နေရာလေးမှာ မနေရဲစွာ .. ရက်သွေးဖြန်းရင်း အဝေ

ထဝ်သို့ တက်လာမိသည်က အပြေးပြေး အလွှားလွှားဖြင့်ပါ ..။

ဒါပေမယ့် .. ကြည်နူးရှိန်းမြစွာ ချိုမြေး တိုးဝင်နေသည့် နှလုံးသာ

အခုန်လေးကတော့ နူးနူးညံ့ညံ့ရင်မှာ တစ်ပါတည်း ခံစား ပါလာနေ

ပါ တကား ..။





နုနုနုံ့မွှေးကို
အချစ်ဆိုသောအခါ
ရင်ထဲမှာ ရောက်လာခိုက်
တိုးလျှိုက်လျှိုက် ရင်ခုန်
မွှေးထုံထုံ သင်းပျံ့
အချစ်ရနံ့ဆိုတာ
ကျွန်ုပ်သို့ ပါလာလေ ..
ခံစားနေတဲ့အခါ
ကြည်နူးစွာ ရင်မှာငြိ
ပမာ သိချင်သလား ...။
ပြော ...
ပမာ သိချင်သလား ...၊





www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅ ]

အိမ်၏ ပေါ်တီကိုအောက်မှာ ကားရပ်သံကြားတော့ မျက်စိမျက်ဆံ အပျက်ဆုံးမှာ ကိုကြီးနှင့် ကိုယ်ပဲ ဖြစ်လေသည်။ ငွေဝန်း မှာဖြင့် ကိုကြီးနှင့် ကိုယ်တို့ စိတ်ချမ်းသာအောင် နိုင်းသမျှ အားလုံး လိုက်လုပ်ပေးထားရသည်ပါပဲ။

မျက်နှာသစ်ထားလိုက်ရသည်။ အခြယ်အသအဖြစ် သနပ်ခါးပင် မတင်စေရ ...၊ အဝတ်အစားကလည်း အဝါရောင်ချည်ထည်လေးမှာ ပန်းခက်ပန်းနွယ် ထိုးထားသည့် ဂါဝန်ရှည်လေးဖြစ်ကာ ...။ ဘာဆိုဘာမျှ လက်ဝတ်ရတနာမဝတ်ပဲ ရှိနေရပါသည့်အဖြစ် ...။

ဆံပင်ကိုလည်း တစ်ချောင်းတည်း ဖဲကြိုးဝါလေးဖြင့် စုချည်ထားစေသည်။ ခုတင်ထက်မှာ ခြေတွဲလွဲလေးချ၍ ငြိမ်ထိုင်နေရသည်က လည်း ငွေဝန်း ပါ ...။ ကိုကြီးနှင့် ကိုယ်ကတော့ ငွေဝန်း ကို ရှေ့တည့်တည့်မှာ ရပ်ရင်း ကြည့်နေကြပါ၏။

ကိုယ် တစ်ချက် တွေခနဲဖြစ်ကာ ကိုကြီးကို ကြည့်သည်။

ငွေဝန်း ကတော့ အားလုံး ဘာမဆို အစ်ကိုတွေ ဘာခိုင်းခိုင်း လုပ်ပေးမည့် ငွေဝန်း အဖြစ် စောဒကမတက်စွာ ရှိနေသည့် ငွေဝန်း ပဲ ဖြစ်နေရှာဆဲ ...။





"နားဆွဲလေးတောင် မဆွဲထားဘူးဆိုရင်တော့ .. နည်းနည်း .. သိက္ခာကျမယ်ထင်တယ် ကိုကြီးရ .. ပိုလှသွားမှာ လန့်နေတာနဲ့ ... ဘာလက်ဝတ်လက်စားမှ မဝတ်ပဲ နေနိုင်းတာ ကိစ္စမရှိဘူး .. ပန်းရဂုံ ရဲ့ ချမ်းသာဂုဏ်လည်း ပွန်းရှကုန်မယ်ဗျ .. ကဲ .. ကဲ .. နားဆွဲလေးတော့ ဆွဲလိုက် .. ဆွဲလိုက် .."

ဟု ပြောလာတာမို့ ငွေဝန်း မှန်တင်ခုံအံဆွဲထဲမှ ရတနာယွန်းအစ် လေးထုတ်ကာ ကျောက်ရောင်စုံ နားဆွဲလေး ဆွဲလိုက်မိရသည်ပါပဲ ...။

ဤနားဆွဲလေးကို ငွေဝန်း ချစ်သည်လေ ...၊

ဘာကြောင့်ရယ် မသိ.. အစ်ကိုကြီး ရှေ့မှာတော့ ငွေဝန်း သည် သုပသော ရောင်စုံ ကျောက်စီနားဆွဲလေးနှင့်တော့ ရှိလိုက်ချင်သည်ပါပဲ ...။

"ဟာ .. မဖြစ်ဖူး ... ပြန်ဖြုတ် ... ပြန်ဖြုတ် .. ရောင်စုံကျောက် နားဆွဲလေးနဲ့ ချစ်စရာလေး ပိုဖြစ်နေပြီကွ ... အဲဒီကောင်ရှေ့မှာ ပန်းရဂုံ သိက္ခာတင်နေဖို့ မလိုဘူး .. နားလည်လား ...၊ ငါတို့ ညီမလေး ပါသွားမှာ ပိုအရေးကြီးတယ် .. အဲဒါ စိုးရိမ်စမ်းပါ ကိုယ် ကလဲ .."

ဟု ပြောကာ ကိုယ်တိုင်လာ၍ နားဆွဲကို ကိုကြီး ချွတ်ပြန်၏။ ငွေဝန်း မျက်ရည်လည်လာသည်။

နားဆွဲလေးတော့ ဝတ်ရမည်ဆိုသည့် စိတ်လေးဖြင့် ရုတ်ခနဲ ပျော်ခဲ့ခိုက် အချွတ်ခံလိုက်ရတာမို့ .. ဤတစ်ကြိမ်မှာတော့ မဖြစ်စဖူး ခမ်းနည်းရှိန်လေး ရင်ထဲမှာ ဘာကြောင့် ဖြစ်လာရပါသတဲ့လဲ ...၊

အစ်ကိုကြီး ရှေ့မှာ ငွေဝန်း လှနေချင်၍များ ပေလား ...၊

"ဒီမျက်ခုံးလေးကလည်း နုံးကုံးနေတာပဲ ... နေ – နေ .."

ဟု ဆိုကာ ကိုကြီး လက်မကြီးဖြင့် ငွေဝန်း၏ မျက်ခုံးလေးကို ပြားနေအောင် ဖိနေပြန်သည်။ မျက်နှာလေးကို လက်ဖဝါးဖြင့် ပွတ်ခြေ၍ နဖူးလေး နမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဒီလောက်လှနေရတာလဲ ညီမလေး ရာ .. ဟင် .." ဟု ညည်းသည်။

ငွေဝန်း အခန်းသို့ လိုက်လာကြပြီဆိုကတည်းက လုံးဝ ပြန်မဆင်းတော့ပဲ မိုင်ကုန် စိတ်ညစ်ကြ ...။ အဝတ်ဗီရို ဖွင့်ကြ ...။ ဝတ်ရမည့် အဝတ် ရွေးပေးကြ ...။ လက်ဝတ်လက်စား ရွတ်နိုင်းကြနှင့် ပျာယာခတ်နေကြသည်ကလည်း ညီမလေး ငွေဝန်း သူတစ်ပါးနှင့် လက်ထပ်သွားလိုက်ရတာမျိုး ဖြစ်မလာအောင်ပါ ...။

ဝတ်နိုင်သမျှ ငွေဝန်း ၏ အလှပဲ့သမျှကို ဖုံးကွယ် မှိန်ဖျော့အောင် ကြိုးစားကြခြင်း ...၊ နောက်ဆုံးတော့ ညီအစ်ကိုနှစ်ယောက် မှိုင်တွေချ၍ ငွေဝန်း ဘေးမှာ ကပ်ထိုင်လိုက်ကြရင်းမှ ...

"အလကားပါပဲ .. ကိုကြီးတို့ရဲ့ ညီမလေးက .. ဘယ်လိုမှ အလှတွေ မှိန်သွားအောင် လုပ်လို့မရတဲ့ ညီမလေး ဖြစ်နေတယ်ကွာ .. တောက် .. ဖြစ်နိုင်ရင် .. ညီမလေးကို တောင်းနဲ့သာ အုပ်ထားလိုက်ချင်တော့တာပါပဲ ..."

"တောင်းနဲ့အုပ်ရအောင် .. ငွေဝန်းလေး က ကြီးကန်းမို့လို့လား ကိုကြီးရ ... အလကား ကဲနိမ့်အောင် ပြောနေတယ် .."

အရေးထဲ စကားအပွန်းမခံသည်က ကိုငယ် ဖြစ်နေပြန်၏။ ထိုစဉ် ခိုက် မေမေ အခန်းထဲ ရောက်လာသည်။ ငွေဝန်း ကို ကြည့်ကာ အံ့ဩပုံဖြင့် ...

"ဟယ် ... သမီးလေးက အဝတ်အစား ဒါပဲ ဝတ်ထားတယ် .. ဟုတ်လား .. လက်ဝတ်လက်စားလည်း ဘာမှ မဝတ်ထားဘူးလား .."

ဟု မေးလာပြီးမှ မျက်မှောင်ကုတ်၍ သားနှစ်ယောက်ကို ကြည့်သည်။

"ဟိုနှစ်ကောင် .. အောက်ဆင်း .. ကလေးကို .. ဒီလိုဝတ်နိုင်းတာ မေမေ သိတယ် နော် .. သမီး ငွေဝန်းလေး .. အဝတ်အစား လဲရလိမ့်မယ် ကွယ် .. ဟဲ့ .. ဘာလို့ ပေတေပြီး ရပ်နေကြတာလဲ ညီအစ်ကိုနှစ်ကောင် သွားဆို .. သွား နော် ..."





ဟု ပြောတော့မှ ပေစောင်းပေစောင်းဖြင့် အခန်းထဲမှ မထွက်ချင် ထွက်ချင် ထွက်သွားကြသည်က ကိုကြီးနှင့် ကိုငယ်ပါ ...။ မေမေက ဂါဝန်ရှည် အပြာရင့်ရောင်လေးကို ရွေးချယ်၍ ငွေဝန်း ကို ဝတ်နိုင်းသည်။

နီလာနားဆွဲရှည်လေးနှင့် နီလာလည်ဆွဲလေးကို ဆင်သည်။ နီလာ ရှည်လှဲနေသည့် လက်ကောက်လေးကိုလည်း ဝတ်နိုင်းသည်။ နီလာ လက်စွပ်ဆိုတာက အရှည်လှဲနေသော အပွင့်ကြီး လက်စွပ်ဖြစ်ကာ .. ထိုလက်စွပ်ကို ဘယ်လက်သူကြွယ်မှာ ဝတ်နိုင်းသည်။ ညာလက်မှာကျ တော့ နီလာကို စိန်ပွင့်ရံသည့် ခြယ်လက်စွပ်ကို ဝတ်နိုင်းပါ၏။

ထူသိပ်စွာ ကျောလည်ထိ ခက်နေအောင် ရှိနေပါသည့် ဆံနွယ် နက်နက်လေးတွေကိုတော့ ကျောက်စိမ်းရွှေကလစ်လေးဖြင့် သိမ်းညှပ် ထားတာမို့ ငွေဝန်း ၏ မျက်နှာလေးက အပြာရင့်ရောင် ပိုးထည်ဂါဝန် ရှည်လေးဖြင့် ထင်းဝင်းနေသည်ပါပဲ ...။

မျက်နှာထက်မှာ မေမေကိုယ်တိုင် သနပ်ခါးလေး လူးပေးတာမို့ ပြည့်သည့်မိတ်ကပ်မှ မကူရပါပဲနှင့် ဝင်းအိနေသည်ပါပဲ ...။

"လာ .. ငွေဝန်းလေး .. မေမေနဲ့ လိုက်ခဲ့ ..."

ဟု လက်ဆွဲခေါ်တော့ ငွေဝန်း ရှက်သွေးဖြန်းစွာ ပါလာရပါသည် ဖြစ် ...၊ ဤတစ်ကြိမ်မှာတော့ မေမေ အလှဆင်ပေးသမျှကို ကြည့်နူး ၍ ငွေဝန်း စိတ်ပါလက်ပါလေး ခံနေမိသည်ကိုက .. ကိုကြီး ရှေ့မှာ ခန်းပျို ဆိုသည့် ကောင်မလေးတစ်ယောက်သည် လှလှပပလေး ရှိနေ ချင်ဆိုတာ အလိုလို သိလာနေမိရင်းမှ ...။ ရင်သည်လည်း ခုန်၏။ လှုပ်ရှားခြင်းလည်း ဖြစ်ရသည်။

ခုလို .. ငွေဝန်း မှ မဖြစ်ခဲ့ဖူးပဲလေ ...၊ အစ်ကိုကြီးသည် ဗိုလ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com



သော ခံစားချက်နုနုလေးတွေကို ငွေဝန်း အတွက် ရင်မှာ ခံစားတတ်လာ
စေဖို့ ဖန်ဆင်းနိုင်သူ တစ်ယောက်ပင် ဖြစ်နေချေသည်ကောလေ ..။

"ပွဲနေပွဲထိုင်ပုံလေးလည်း မဖြစ်အောင် ဆင်ရတာ ငွေဝန်းလေး
ရေ .. ဒါပေမယ့် .. လည်ဆွဲလေး ဆွဲထားတာ တစ်ခုကတော့ နည်းနည်း
ပွဲနေပွဲထိုင် ဆန်သွားပါရဲ့ ... ဒါပေမယ့် .. ဒီနေ့ဟာ သမီးလေးရဲ့ မွေးနေ့
ဆိုတာကလည်း ရှိနေတော့ .. မွေးနေ့ရှင်အဖြစ် ဝတ်ကောင်းစားလှ
လေး ဝတ်ထားတယ်ဆိုတာမျိုးလည်း ဖြစ်စေတယ်လေ .."

ဟု မေမေ ပြုံး၍ ပြောကာ ငွေဝန်း ၏ လက်လေးကို ဆွဲ၍ အပေါ်
ထပ်မှသည် အောက်ထပ် ထမင်းစားဆောင်ထိတိုင် ခေါ်လာသည်ပါပဲ..။

ဧည့်ခန်းမှာ ဘယ်သူမှ ရှိမနေ ..၊ ကြည့်ရတာ .. ဧည့်သည်တွေက
အစ အားလုံး ထမင်းစားဆောင်ထဲ ရောက်နေကြပြီထင့် ..။ ထမင်းစား
ဆောင်ခန်းထဲသို့ မဝင်မီ တံခါးတစ်ထက်မှာ ရှိနေစဉ်မှာပင် ခန်းဆီး
ခြားလျက်ရှိသော အခန်းဆီမှ ဖေဖေ့ ရယ်မောပြောဆိုသံကိုတော့ ငွေဝန်း
ကြားနေရပြီ ..။

ကြီးမားသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်ပါသည်
ဖေဖေသည် ဆက်ဆံရေးမှာလည်း မွန်ရည်အပြောညက်သူဖြစ်ကာ ..
အေးအေးချမ်းချမ်း ဆက်ဆံတတ်လျက် ..။ ဆက်သွယ်ပတ်သက်ရ
စီးပွားရေးလုပ်ငန်းရှင်တိုင်းနှင့် အမြဲ မွန်ရည် နားလည်ပေးတတ်စွာ
ရှိတတ်သည်မို့ .. ဖေဖေ့ကို အားလုံးက တန်ဖိုးထား၍ ခင်မင်ကြသည်ဟု
မေမေကတော့ ငွေဝန်း ကို ပြောပြတတ်ပါ၏။

ကိုကြီးနှင့် ကိုငယ့်ကို ဖေဖေ့ ခြေရာနင်း မှီနိုင်အောင် ကြိုးစားခိုင်း
နေရဆဲဟုလည်း ပြောတတ်သည်က မေမေပါ။ အခန်းထဲ မေမေနှင့်
အတူ ငွေဝန်း ရောက်သွားချိန်မှာ အားလုံးလှမ်းကြည့်လာသည်။

ထိုကြည့်လာကြသူအထဲမှာ ... အစ်ကိုကြီးလည်း ပါပါ၏။ ခုဏ
အစ်ကိုကြီး ဝတ်ထားသည်က .. ကုန်တိုက်မှာ ငွေဝန်း နှင့် ဆုံခဲ့စဉ်က





တ်ထားသည့် အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ပဲ ဖြစ်လေသည်။ ပုံစံ
ပြောင်း ..။

ငွေဝန်း ကိုမြင်တော့ အေးချမ်းစွာ ကြည့်လာသည်။ မြတ်နိုးရိပ်
ည် မျက်ဝန်းဝယ် ထင်းခနဲ ရှိ၏။ ငွေဝန်း ရှိရာ ပန်းရဂုံအိမ်သို့
ရောက်လာသည်အထိ .. ငွေဝန်း နှင့် ဆုံဖို့ ပြတ်သားစွာ .. မြန်ဆန်စွာ
ဆက်မဆုတ်စတမ်းကြီး ချစ်နေသည်ဆိုတာကိုလည်း ငွေဝန်း မှာဖြင့်
င်တက် အံ့သြချင်ရသည်ကလည်း အမှန်ပါ။

တဖွတ်ထိုး စိတ်ရှိသည်များလားလေ ..။

"လာ သမီး .. လာ .. ဒီနေ့ ... ငွေဝန်းလေး ရဲ့ မွေးနေ့မှာ ..
ဖေမိတ်ဆွေ ကိုမြတ်မှူး နဲ့ .. သားလေး မောင်ထက်ခေါင်မှူး ကို
ဖေ ဖိတ်ထားတယ်ကွယ့် .. သမီးရဲ့ မွေးနေ့ပွဲများစွာမှာ .. ပထမဆုံး
ဖေ ဖိတ်ကြားရာ ဧည့်သည်တွေလည်း ဖြစ်ကြတယ် သမီး .. သမီးရဲ့
န်ကယ်ကို နှုတ်ဆက်လိုက်ပါဦး .. သမီးရဲ့ ကိုကို့ကိုလည်း နှုတ်ဆက်
ိုက်ပါ ... မင်္ဂလာပါ လို့ .."

ဟု ပြောတော့ ငွေဝန်း ရှက်သွေးဖြန်းနေရင်း အစ်ကိုကြီးကို ကြည့်
ရပါ၏။ ကိုကို .. ဟုတ်လားလေ ..၊ ဖေဖေက ထိုသို့ခေါ်ခိုင်းသည်တဲ့
ား ..။

ဘာကြောင့် ကိုကိုတို့ သားအဖ ဤပန်းရဂုံသို့ ရောက်လာကြ
ည်ဆိုတာကို မေမေ ပြောပြထား၍ သိထားရပြီမို့ ..။ ငွေဝန်း နှုတ်မှ
ိုကို .. ဟု ခေါ်ရမှာ ရှက်နေမိရသည်ပါပဲ ..။

"မင်္ဂလာပါ အန်ကယ်ရှင့် .."

လက်အုပ်လေးချီ၍ ငွေဝန်းပျို နှုတ်ဆက်တော့ အန်ကယ် ဦးမြတ်
း မှ ပြုံး၍ ...

"မင်္ဂလာပါ သမီးလေးရယ် .. တကယ့်ကို .. ပရင့်ဆက်(စ်)လေး
လားကွယ့် .. မင်းသမီးလေးတစ်ပါး ကျနေတာပါပဲလား .. ဟုလည်း



www.burmeseclassic.com

www.burmeseclassic.com



လှ .. ချစ်စရာလေးလည်း ကောင်း .. နန်းလည်း ဆန်လိုက်တာ သမီး ရယ် .. ဒီလို သမီးလေးကို ရလိုက်တဲ့ ဒီက အစ်ကိုကြီး ဘုန်း ကိုဖြင့် မနာလိုတောင် ဖြစ်လာရ .. အားကျလာရနဲ့ပါ ဗျာ .."

ဟု ပြောကာ ငွေဝန်း ကို ကြည့်သည်မှ တချစ်တခင်ပါ ..။ ငွေဝန်း မငံ့မရဲလေး အစ်ကိုကြီးကို ကြည့်မိရပါ၏။

ပြုံး၍ကြည့်နေသည်က ငွေဝန်း ထံမှ နှုတ်ဆက်လာမည့် အသံ လေးကို တမျှော်လင့်လင့် စောင့်နေသည့်နှယ်ပါ ..။

ခေါ်လေ ကောင်မလေးရဲ့ .. ဟု ချစ်စနိုးလေး လှမ်းပြောနေသည့် နှယ် အကြည့်က ပြုံးရိပ်သမ်း၏။ အလိုလိုက်ခြင်းလည်း နှယ်၏၊ ချစ်မြတ်နိုးခြင်းလည်း ရှိ၏။

ငွေဝန်း ရင်လေး တခုန်ခုန်ဖြင့် ရှက်စိတ်လေးသည်းနေရင်းမှ ..

"မင်္ဂလာပါ .. ကိုကို .."

ဟု နှုတ်ဆက်တော့ ...

"မင်္ဂလာပါ ငွေဝန်းပျို .."

ဟု ပြုံး၍ တုံ့ပြန်ပြောလာသည်ကလည်း တစိမ့်စိမ့် အေးချမ်း သော အပြုံးဖြင့်ပါ ..။

ကိုကြီးနှင့် ကိုငယ့်ကို ငွေဝန်း မရဲတရဲလေး ကြည့်တော့ မျက်ဝိုင်း မျက်နှာ မကောင်း ..၊ ဟန်ဆယ်၍သာ ငြိမ်နေကြတာလည်း သိသာ သည်။

ဖေဖေ ခေါ်လာရာ စည့်သည်ပေမို့ .. ကျိုမတိုက်ရဲ၍သာ ငြိမ်နေတာ လည်း သိသာနေသည်ပါပဲ ..။

"ဒါက .. အန်ကယ်ရဲ့ မွေးနေ့လက်ဆောင် .. သားကလည်း ပေးလိုက်လေ ... သားရဲ့ မွေးနေ့လက်ဆောင်ကို .."

ဟု အန်ကယ် ပြောကာ လှပသော စက္ကူဘူးကို ငွေဝန်း လက်ထဲ လာပေးသည်။





အစ်ကိုကြီးကလည်း ပြုံး၍ ရစ်လာကာ လှပသော ထီးကောက် တစ်လက်ကို ပေးလာပါ၏။ အပန်းရောင် ပန်းပွင့်လေးတွေပါသော ပြာရောင် ထီးတစ်လက် ..၊ ထီးအိတ်အစွပ်လေးဖြင့် ရှိနေသည့် ထီးလေးသည် အနားလေးမှာ ဇာနားလေးတွေပင် ပါနေသေးသည်။

ဖွင့်လိုက်လျှင် အတော်လှမည့် ထီးလေးတစ်လက်ပါ ..၊ ခုလည်း ...င်လိုက်တာနှင့် လှနေသည်ပဲလေ ..။ ငွေဝန်း လက်ထဲ ထီးလေးကို ကမ်းပေးလာရင်းမှ မြင့်မားသည့် အရပ်ကြီးဖြင့် ငုံ့မိုး၍ ကြည့်ကာ ...

"ထီးကောက်တစ်လက်ကြောင့် ကိုကိုတို့ ဆုံကြရတာနော် .."

ဟု အလွန်တစ်ရာကိုမှ နူးညံ့စွာ ပြောလာသည်က အစ်ကိုကြီးပါ..။ ငွေဝန်း ရင်ထဲ သိမ့်ခနဲ ဖြစ်၏။

ဒါကြောင့် .. အစ်ကိုကြီးသည် ထီးကိုင်းလက်ကိုင် ကောက် ...ာက်လေးပါသည့် ထီးတစ်လက်ကို .. မြတ်နိုးစွာ တန်ဖိုးထား၍ .. ...ာပေး၍ .. ငွေဝန်း ကို ပေးခြင်းပါတကား ..။

အစ်ကိုကြီး၏ ဘဝမှာ .. ထီးတစ်လက်သည် .. အမှတ်ထင်ထင်.. မြတ်နိုးစရာ တန်ဖိုးကြီးသည့်နေရာမှာ အမြဲရှိနေမည်ဟုများ ငွေဝန်း ...ို ပြောလာခြင်းများပေလား ..။

ရှက်စနိုးလေးဖြင့် ငွေဝန်း ထီးလေးကို ယူရသည်။ တုန်ခါနေ သည့် ငွေဝန်း ၏ လက်လေးထဲမှာ ထီးလေးသည် မငြိမ်နိုင်ဘဲ ဖြစ်နေ သည်။

အရမ်းရှက်နေမှန်း အစ်ကိုကြီး ရိပ်မိပုံဖြင့် ...

"မကြောက်နဲ့လေ .. သွားထိုင်လိုက်တော့ နော် .."

ဟု တိုးသက်စွာ ပြောလာပါ၏။ မေမေ ကတော့ ငွေဝန်း လက်ထဲ လက်ဆောင်လေးတွေကို ပြောင်းယူကာ စီရှိရှည်လေးထက်မှာ သွား ...ထားလိုက်ပါ၏။

စားကြဖို့ ဖေဖေ ခေါ်တာမို့ အားလုံး ဝိုင်းဖွဲ့စားဖြစ်ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း ကတော့ မေမေ့ ဘေးမှာ ထိုင်သည်။ ရွှေပဲစေ့ပဲထမင်းနှ[illegible] ဟင်းအမယ်စုံဖြင့် ထမင်းပွဲသည် တခမ်းတနားတော့ ရှိသည်ပါပဲ ..

"သမီးလေးလက်ရာ .. ဘယ်ဟင်းလည်းကွယ် .. အန်ကယ် [illegible] ချင်လို့ .."

ဟု အမှတ်မထင် မေးလာသည့် မေးခွန်းတစ်ခုသည် ငွေဝ[illegible] အတွက် အနားကပ်၍ ကျယ်လောင်လွန်းစွာ မုန့်တိုင်းတစ်ခုကျ[illegible] သည့်နယ်ပါ ..။

ငွေဝန်း .. ငွေဝန်း မျက်နှာလေး ငယ်ကျသွားသည်။ လက်ဖျ[illegible] မှာ ချွေးစေးလေးတွေ ချက်ချင်း ဖြစ်တည်လာသည်။ မကြာလိုက် [illegible] လက်ဖဝါးတစ်ပြင်လုံး ချွေးစေးအေးတွေ စေးထန်းလာကြပြီး ဖွန်း ခ[illegible] ရင်းကို ငြိမ်အောင် ငွေဝန်း ကိုင်မထားနိုင်ဘဲ ဖြစ်နေကာ လက်ထဲ[illegible] ခက်ရင်းသည် ဘယ်လိုမှ နိုင်အောင် ငြိမ်အောင် ကိုင်မထားနိုင်တော့[illegible] လွှတ်ကျချေသတည်း။

ငွေဝန်း မျက်ရည်လည်နေရင်း ငြိမ်ကျနေနိုက်မှာ .. အားလုံး[illegible] မှာ မထင်မှတ်သော အဖြစ်တစ်ခုသည် ဖြစ်တည်လာပါ၏။

အစ်ကိုကြီးသည် ချက်ချင်း နေရာမှထ၍ ငွေဝန်း ၏ လွှတ်ကျ[illegible] ခက်ရင်းလေးကို အားလုံး ဘယ်သူမှ မထလိုက် မယူလိုက်နိုင်မီမှာ[illegible] ကောက်ယူသည်။ ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် ဒေါ်ကြီးစိန် ကို က[illegible] ပေးသည်။

"ခက်ရင်း နောက်တစ်ခု ယူလာပေးပါလား ခင်ဗျာ .."

ဟုလည်း တစ်ဖက်သား ရင်ထဲမှာ လုပ်ပေးချင်လာအောင် ယ[illegible] ကျေးစွာလည်း ပြောသည်။ ငွေဝန်းကိုလည်း ပြုံး၍ကြည့်ကာ ...

"ကုန်တိုက်မှာလည်း .. ငွေဝန်း က .. အဲသလိုပဲ .. ဟိုဟာပြု[illegible] ကျ .. ဒီဟာ ပြုတ်ကျ .. ထီးကောက်ကြီး ချိုင်းကြားညှပ်ရင်း .. ကလေ[illegible] လေးလိုပဲ .. မေမေ ရ .."





ဟု ပေါ့ပေါ့ပါးပါးဆန်စွာ ပြုံး၍ ပြောလာသည်။

စားရင်းသောက်ရင်း ဖွန်း ခက်ရင်းပင် မနိုင်အောင် ပေါ့တီပေါ့ဆ [illegible]သော ကောင်မလေးအဖြစ် အမြင်စောင်း အထင်သေးသွားမှာကို [illegible]ွန်း စိုးရိမ်ချိန်မှာ အစ်ကိုကြီးက .. ချစ်စနိုးနိုင်စွာပင် ပြောလာသည် .. အတန်မျှ နေသာသွားရသည်ပါပဲလေ ..။

"ဒီအိမ်ကြီးတစ်ခုလုံးမှာက .. ဒီကလေးကို ဝိုင်းချစ်နေကြတာနဲ့ .. အချိန်တွေ မလောက်နိုင်ပဲ ဖြစ်နေတာ ကိုမြတ်မှူး ရေ .."

ဟု ဖေဖေကလည်း အန်ကယ် ဦးမြတ်မှူး ကို ရယ်မော၍ ပြောပါ [illegible]

"ညီမလေးက ဘာမှ မချက်တတ်ဘူး အန်ကယ် .. သူ့လက်ရာ [illegible]ထဲမှာ ဘာတစ်ခုမှကို မပါတာ .. မန်းကန့်ကိုင်ထားတာတောင် မရှိ [illegible] .. အိမ်မှာ .. ညီမလေးကို .. ဘာမှကို ပေးမလုပ်တော့ .. ဘာမှကို [illegible]ချက်ပြုတ်တတ်ဘူး ဖြစ်နေတာပါ အန်ကယ် .."

ငွေဝန်း မချက်တတ် မပြုတ်တတ်တာ ..၊ မီးဖိုချောင်မဝင်တာ.. [illegible]ဘ်သွက်အာသွက်ဖြင့် ဘယ်အချိန် တစ်ဖက်သား စိတ်ညစ်အောင် [illegible]ပြောရမည်လဲဟု အကွက်ချောင်းနေပါသည့် ကိုကြီး ပြောလာတော့ [illegible]ွန်း ပို၍ နေရခက်လာရပါ၏။ သိမ်ငယ်စိတ်ဖြင့် မျက်လွှာချမိသည်။

ဟုတ်သည်ပဲလေ ..၊ ငွေဝန်း ဘာလုပ်တတ်တာ ရှိဖူး၍လဲလေ..။ [illegible]ချောင်းကိစ္စ ..၊ ဘာတစ်ခုမှ လုပ်ခွင့်လည်း မရ ..။ ဘာမှလည်း [illegible]ဘတ် ..။

ငွေဝန်း ကိုဖြင့် ခပ်ပေါ့ပေါ့နေသည့် ကောင်မလေး တစ်ယောက် [illegible]ရှား အန်ကယ် မြင်သွားချေပြီလား ..၊ အစ်ကိုကြီးကရော စိတ်ပျက် [illegible]က်ပျက်ဖြင့် မှတ်ချက်ချလိုက်ပြီလား ..။

ငွေဝန်း မော့ခနဲ ကြည့်မိတော့ အေးချမ်းစွာ ငုံ့မိုးကြည့်နေပါသည့် [illegible]စ်ကိုကြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ငွေဝန်း က .. ကလေးလေးပဲ ဥစ္စာ .. သူ့ကို ဘာမှပေးမလုပ်တ[illegible] ကောင်းပါတယ် .."

ဟု ပြောလာသည်မို့ ကိုကြီး မျက်နှာပျက်ချေ၏။ ငွေဝန်း လက်[illegible] ဟင်းလေးတစ်မယ်လောက်ကိုဖြင့် စားကြည့်ချင်ရှာပါသည့် အန်က[illegible] ကိုလည်း ငွေဝန်း တောင်းပန်သလိုလေး ကြည့်မိရပါပြီ။

အန်ကယ်၏ဆန္ဒ မပြည့်ဝရသည့်အတွက် ငွေဝန်း စိတ်မကော[illegible] ပါ။ ထမင်းပွဲမှာ အစ်ကိုကြီး ပြန်သွားထိုင်သည်။ ဖေဖေကပဲ ဦးဆော[illegible] စားသောက်လိုက် ..၊ စီးပွားရေးကိစ္စ အန်ကယ်နှင့် ပြောလိုက် ..။ မေ[illegible] နှင့် အစ်ကိုကြီးတို့ စကားပြောလိုက် ..၊ တစ်ခွန်းစ နှစ်ခွန်းစ ကိုကြီး[illegible] ကိုငယ်တို့ဖြင့်လည်း အန်ကယ်နှင့် အစ်ကိုကြီးတို့ ပြောလိုက်ဆိုလို[illegible] ဖြင့် .. ထမင်းပွဲသည် အေးချမ်းစွာ ပြီးခဲ့ပါ၏။

ငွေဝန်း မယောင်မလည်လေး ထရပ်မိကာ .. ထမင်းပန်းကန်[illegible] ကိုင်၍ ပန်းကန်ဆေးစင်နေရာလေးဆီသို့ လျှောက်ခဲ့ကာ .. က[illegible] ဂုတမ်း ပန်းကန်လေး ဆေးပြီးတာနှင့် နောက်ဘက်တံခါးဆီမှ [illegible] နောက်ဘက်ရှိ ကံ့ကော်ပင်ရိပ်ဆီသို့ ဝမ်းနည်းပန်းနည်းလေး ထွက်[illegible] မိရသည်ပါပဲ ..။

"ငါ့ကို .. အလှတွေ ပြင်ပြီး ... အပျင်းထူတဲ့ ကောင်မလေး[illegible] နမော်နမဲ့နိုင်တဲ့ ကောင်မလေးဆိုပြီး .. အန်ကယ်ရော .. အစ်ကိုကြီး[illegible] အထင်သေးသွားပါပြီ ..၊ ထမင်းဟင်းလေးတောင် ဒီအရွယ်ထိ မ[illegible] ပြုတ်တတ်ဖူးဆိုတာနဲ့ပဲ .. အထင်သေးမှာ .."

ဟု တွေးရင်း ကံ့ကော်ပင်အောက်ရှိ ခုံတန်းလေးမှာ တွေ[illegible] လေး ထိုင်နေမိရ ..၊ မျက်ရည်လေး လည်နေမိရနှင့်ပါ ..။

"ဒီနေရာလေးက အေးတယ် နော် .."

ဟင် .. ခနဲ ဖြစ်သွားရရင်း နောက်ဘက်ကို လှည့်ကြည့်[illegible] ပြုံး၍ ရပ်နေပါသည့် အစ်ကိုကြီးပါ တကား ..။





"ဟို .. ဟို .. အန်ကယ့်ကို .. တောင်း ... တောင်းပန်ပေးပါ နော် .. ငွေဝန်း .. ငွေဝန်း .. ဘာမှ မချက်ခဲ့တာမို့ .. ငွေဝန်း လက်ရာ.. စားရဘဲ ဖြစ်ခဲ့ရတဲ့ .. အတွက် .."

"ဒီကိုလာတာ .. ငွေဝန်း ရဲ့ ချက်ထားတဲ့ ထမင်းဟင်းတွေ စားဖို့မှ မဟုတ်တာ .. ငွေဝန်း ကို တွေ့ချင်လို့ ဖေဖေ လာတာ .."

ဟု ဖျတ်ခနဲ ကြားဖြတ်၍ ငွေဝန်း ကို ပြောလိုက်သည့် အစ်ကိုကြီး ၏ စကားကြောင့် အားနာစကား ပြောနေသည့် ငွေဝန်း မှာဖြင့် စကား ကို ဆုံးအောင် မပြောလိုက်ရပါ ..။

"ထမင်းဟင်းချက်တယ်ဆိုတာက သင်ယူလို့ ရပါတယ် ငွေဝန်း.. အပြစ်ကင်းစင်တာ.. ချစ်စရာကောင်းလွန်းနေတာလေးတွေက .. တခြား သူဆီက သင်ယူလို့လည်း မရဘူး ... တောင်းယူလို့လည်း မရဘူး .. ငွေဝန်းလေး က အရမ်း အပြစ်ကင်းစင်တာ .. ဖြူစင်တာ ..၊ ငွေဝန်း ဆို မြင်မြင်ချင်း အဲဒီ အပြစ်ကင်းတာလေးကို ရင်ထဲ စွဲသွားမိတယ် ငွေဝန်းပျို့ .. ဒါကြောင့် .. ဖေဖေ့ကို ချက်ချင်း သွားပူဆာမိတာပါပဲ..၊ ဒီလောက် ဖြူစင်အေးချမ်းပြီး ... ချစ်စရာကောင်းလွန်းနေတဲ့ မိန်း ကလေးကို .. နောက်တစ်နေ့ထိ ဆိုင်းပြီး .. လက်ထပ်ခွင့်ပန်ဖို့ဆိုတာ ဆိုကို့ နှလုံးသားက .. ခွင့်မပြုပဲ ဖြစ်နေတယ် ..."

ဟယ်!...

အစ်ကိုကြီးသည် .. ငွေဝန်းကို လက်ထပ်ချင်တာတွေလည်း ဤ နေရာအထိ လိုက်လာကာ ပြောနေသည်တဲ့လား ..၊

"ငွေဝန်း ရဲ့ထီးလက်ကိုင်ကောက်ကောက်ကြီး ကိုကို့လက်မောင်း ကို လာချိတ်တော့ .. ကြီးမြတ် အတွက် ရွှေရင်ထိုးလေးတစ်ခုလောက် ဝယ်ဖို့ စိတ်ကူးရွေးချယ်နေတဲ့ ကိုကိုဟာ .. ကြည့်လည်း ကြည့်လိုက်ပိ ရော .. ဖူးဖူးဥဥ နုနုဖက်ဖက်နဲ့ ... အရမ်းကို ချစ်စရာကောင်းတဲ့ ကောင် မလေးတစ်ယောက်ကို တွေ့လိုက်ရတာပါပဲ ..၊ စောစောက .. ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ ကျွတ်စီကျွတ်စီနဲ့ .. ထီးတစ်လက် ရှိုးကေ့(စ်)ပေါ်တင်တဲ့သူ တစ်ယောက်ကို ပြောနေတာ ကြားရပေမယ့် .. ကိုကို သတိမထားမိ မကြည့်မိဘူး ..၊ အဲဒီမိန်းမကြီး ထွက်သွားတော့ .. ကိုကို .. နေရာရွေ့ လိုက်မိတာ .. ထီးကောက်လေးက လက်မောင်းကို လာချိတ်တော့တာ ပါပဲ ..၊ အဲဒီကတည်းက .. ကိုကို .. ဒီက ကြွေရုပ်လေးကို ငေးနေမိရ တာ .. ပြီးတော့ ကလေးလေးလိုပဲ .. ရှက်ကိုးရှက်ကန်းတွေ ဖြစ်ရင်း ဟိုဟာပြုတ်ကျ .. သည်ဟာပြုတ်ကျနဲ့ .. ရှိကုန်တော့လည်း သနားသွား ပြန်ရော ..၊ မျက်ရည်တွေလည်နေတာ တွေ့တော့ ရင်ထဲကို မကောင်း တော့တာပဲ ငွေဝန်း ရယ် ..”

ကိုကို ပြောနေချေသမျှ ငွေပန်း ငြိမ်ကျ နားထောင်တာပဲ ရှိနေ သည်။ တကယ်က .. နမော်နမဲ့အလွန်နိုင်သော ကောင်မလေး တစ် ယောက်ဟု အပြစ်မြင်ရမည့်ကိစ္စ ..။ အစ်ကိုကြီးက သနားစရာ ချစ် စရာလေးဟု ငွေဝန်း ကို မြင်ပေးနေသေးသည် တဲ့ ..။

“ကိုကိုက .. ဘာတစ်ခုကိုပဲဖြစ်ဖြစ် ... ကိုယ့်ကိုယ်ကိုယ် .. သိ လိုက်ပြီဆိုရင် .. အဲဒါကို ချက်ချင်းဆုံးဖြတ်တာ ..၊ ဆက်ပြီး အချိန် မဆိုင်းပဲ လုပ်ကိုင်တာ ငယ်ကျင့်ပဲ .. ခုလည်း .. ကိုကို့နှလုံးသားကို ကိုကို သိလိုက်တာနဲ့ .. ငွေဝန်း ကို လက်ထပ်ခွင့် .. စကားကမ်းဖို့ ဖေဖေ့ကို ဒီနေ့မှာပဲ ခွင့်ပန်တာပါပဲ ..၊ အချိန်တွေကို အလကား ဆွဲနေ တာဟာ .. အချိန်ဖြုန်းတာနဲ့ တူတူပဲလေ .. အချစ်နဲ့ပတ်သက်လာရင် အချိန်ဖြုန်းနေခြင်းဟာ တွေဝေမှု တစ်ခုပဲလို့ ကိုကို ခံယူထားတာ ငွေဝန်းပျို ...”

အစ်ကိုကြီး ပြောနေသည်က ဘေးတွင်လာထိုင်နေတာမျိုးဖြင့် မဟုတ်ပါ။ ငွေဝန်း အနေခက်မှာ စိုး၍လား မသိ ..၊ ဘေးမှာ လာမထိုင် .. ခုံတန်း၏ ဘေးဘက်မှာ ရပ်၍ ငွေဝန်း ကို ကြည့်ကာ တည်တည် ငြိမ်ငြိမ် ပြောနေခြင်းပါတည့် ..။





“ငွေဝန်း ကို ကားပါကင်နေရာထိ လိုက်ပို့တော့ .. အဲဒီမှာ .. နေဝန်း ဆောက်လုပ်ရေးပစ္စည်းစက်ရုံ .. ဆိုတဲ့ စတောကာလေး ကားရှေ့ မှန်ထိပ်အတွင်းဘက်မှာ ကပ်ထားတာတွေ့တာနဲ့ ... ငွေဝန်း ကို.. ဘယ် မှာ စကားလိုက်မြန်းရမယ်ဆိုတာ ကိုကို သိခဲ့တာလေ .. ငွေဝန်းပျို .. ကိုကို .. ဒီနေ့မှာ ကဗျာလေးတစ်ပုဒ် မင်းအတွက် ရေးလာတယ် .. ဖတ်ကြည့်ပါ .. အလွန်နူးညံ့လှပတဲ့ အတွေးစိတ်ကူးလေးတွေကို .. ရင်ထဲမှာ ငွေဝန်းလေး က အပ်နှံပေးထားတယ်ဆိုတာကိုလည်း မမေ့နဲ့ နော် ..”

ဟု ပြောကာ ငွေဝန်း ၏လက်လေးထဲမှာ စာအိတ်လေး တစ်အိတ် ကို ထည့်ပေးလာသည်။

“ငွေဝန်း ဆင်းသွားတာကို မြင်လို့ လိုက်လာတာလေ.. ခြံထဲ ခဏ ဆင်းကြည့်ပါရစေလို့ အန်ကယ်ဘုန်း ဆီမှာ ခွင့်ပန်ပြီး ဆိုပါတော့ .. ငွေဝန်းလေး လစ်သွားတာကို သိတာပေါ့ .. ကိုကို က .. တကောက် ကောက် ကြည့်နေတဲ့သူကိုး ..”

ဟု ပြောလာတော့ ငွေဝန်း မျက်လွှာလေး မရဲတရဲ ပင့်မော့၍ ...

“ငွေဝန်း က .. ငွေဝန်း က .. ဘာမှ .. မချက်တတ် ..”

“အရေးထဲ .. အဲဒီ ထမင်းအိုး ဟင်းအိုးကိစ္စကြီးက ရင်ထဲ စွဲနေပြန် တာကိုး ငွေဝန်း ရယ် .. အရေးမကြီးဘူး .. အဲဒီကိစ္စ .. ကိုကို့အတွက်.. ငွေဝန်းလေး ဟာ .. တန်ဖိုးအထားရဆုံးသော မိန်းကလေး ဖြစ်တယ်..၊ အဲဒါကိုပဲ စွဲထားပါကွယ် .. ခက်တော့တာပါပဲ .. မချက်တတ်တာကြီး ကို ရင်ထဲက ထုတ်ပစ်လိုက်တော့လေ .. ကိုကိုက ပြောလို့လား .. ငွေဝန်း ချက်တတ်ပြုတ်တတ်ဖို့ အရေးကြီးနေပါတယ်လို့ .. ဟင် ..”

ဟု ကလေးလေး ချော့သလို မေးလာပြီးမှ အစ်ကိုကြီး နေရာမှ ထွာဖို့ ဟန်ပြင်သည်။ ဟာ .. ခနဲ့ တစ်ချက် ငွေဝန်း ရင်မှာ ဖြစ်၏။ အစ်ကိုကြီး ပြန်သွားတော့မည်လားလေ ..။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရမှာ တစ်ချက်စက်နေသလို အစ်ကိုကြီးကလည်း ခြေလှမ်း တန့်သည်။ ငဲ့၍လည်း ငွေဝန်း ကို ကြည့်လာပါ၏။

"ကိုကို ... ညည်ခန်းမှာ ပြန်နေလိုက်တော့မယ် ငွေဝန်း .. ဒီမှာ နေချင်တယ်ဆိုရင် နေခဲ့ပါ .. ဟိုမှာ ငွေဝန်း လူကြီးတွေကြားထဲမှာ အနေခက်မှာကို ကိုကို နားလည်ပါတယ် .. ထီးလေးကို .. အခန်းထဲ ရောက်ရင် ဖွင့်ကြည့် နော် .."

ဟု မှာကာ အစ်ကိုကြီး ပြန်သွားတော့ ငွေဝန်း ငြိမ်သက်စွာ ထိုင် ရင်း ငေးကျန်ခဲ့ရပါ၏။ နောက်တော့မှ ကဗျာလေးကို သတိရကာ ဖွင့်ဖတ်မိလိုက်ရသည်ပါပဲ ...။

ဘာကို ဟန်ဆောင်ထားဖို့ လိုတော့မည်လည်း အစ်ကိုကြီးရယ် .. အစ်ကိုကြီး ပြောခဲ့သည်လေ .. ချစ်လျှင် အချိန်မဖြုန်းသင့်ပါတဲ့ .. အစ်ကိုကြီး၏ ကဗျာလေးကို ဖတ်ရမည့်ကိစ္စ .. ဘာကြောင့် .. ငွေဝန်း အချိန်ဆွဲထားရဦးမည်တဲ့လဲ .. ။ ရင်ခုန်စွာပဲ ကဗျာစာရွက်လေးကို ဖြန့်၍ စိတ်လှုပ်ရှားစွာ .. ပြီးတော့ .. ဖတ်ချင်စိတ် သည်းစွာဖြင့် ဖတ် လိုက်မိရသည်ကလည်း ငွေဝန်း ၏ နှလုံးသား စေရာအတိုင်းပဲ ဖြစ် ချေသည်ကော အစ်ကိုကြီးရယ်လေ ...။

**နှုတ်ဆိတ်မှုအချို့**
အချစ်ဆိုသော အရာ
ရင်ထဲမှာ ရောက်ရှိက်
တို့လိုက်လိုက် ရင်ခုန်
မွှေးထုံထုံ သင်းပျံ့
အချစ်ရနံ့ဆိုတာ
ဤသို့ပါလားလေ ...
ခံစားစေတဲ့အရာ





ကြည်နူးစွာ ရင်မှာငြိ
ယခုမှ သိရှားလည် ...။
သြော် ...
ယခုမှ သိရှားလည် ...။ ။

**ချစ်သော ...**

**ထက်ဇော်မှူး**

ငွေဝန်း ရင်ထဲ သိမ့်ခနဲ ဖြစ်သည်တည့် ...၊

သြော် .. အစ်ကိုကြီးတို့ ရောက်လာမည်ဆိုတုန်းက .. ငွေဝန်း ရင်မှာ ခံစားခဲ့ရပါလေသောအရာ ...၊ ထိုအရာတွေသည် .. အစ်ကိုကြီး၏ ကဗျာလေးထဲမှာ ပါလာသည်ကောလေ ...။

ဒါဆို .. ဒါဆို ... တစ်ခါဖူးမျှ မခံစားဖူးသော ခံစားချက်တွေ သည်လည်း ငွေဝန်း ကြောင့် အစ်ကိုကြီး၏ ရင်မှာ ဖြစ်တည်လာရသည်နှင့် နယ် ...၊ တူညီသော ... ထိုခံစားချက်တွေသည်လည်း .. အစ်ကိုကြီး ကြောင့် ... ငွေဝန်း ၏ရင်မှာ ဖြစ်တည်ရတာတွေသည် အချစ်ကြောင့်ပဲ ဖြစ်ချေသည်ပေါ့ ...။

အေးမြမြ ကံ့ကော်ရိပ်မှာ ငွေဝန်းပျို သည် ကဗျာလေးနှင့်အတူ ရှိနေရင်း .. ကြည်နူးခြင်းတို့ ဆုံးစမရှိ .. ရင်မှာ ဖြန့်ကျက် ဝေစည်ချေ သည်တကား ...။

ဤသည်ကိုလည်း .. အချစ်ကြောင့် .. ဟု .. ခေါ်ရချေမည်လား အစ်ကိုကြီးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com





မျှဝေခံစားစေတဲ့ အရာ

ဖန်ဆင်းနိုင်တာလည်း

အချစ်ပါပဲကွယ် …။

သက်သေတည်ရစ်စေတဲ့ အရာ

သက်ဆုံးတိုင်တာလည်း

အချစ်ပါပဲကွယ် …။

ထိုအချစ်ဖြင့် ငါရှင်သန်

ရပ်တည်ရန် စွမ်းအားများ

မင်းရဲ့ နှလုံးသားမှ

(ငါ့အား …)

ပေးသနားလှည့်ပါကွယ် …။

ဪ …

ပေးသနားလှည့်ပါကွယ် …။







## အခန်း (၆)

ဖွင့်ထားရာ ပြတင်းဆီမှ ညဏ် လေပြည်နုနုအေးတွေက ပန်းရနံ့နှင့်အတူ လွှမ်းခြုံ၏။

ညစာစားပြီးတာနှင့် အပေါ်ထပ်သို့ ငွေဝန်း တက်လာခဲ့ကာ အခန်းတံခါးကို မပိတ်စဖူး ပိတ်ထားမိရာမှ စိတ်ထဲမှာ ကိုကြီးတို့ အပေါ် မရှိးသားရာ ရောက်နေပြီကောဟုလည်း လိပ်ပြာမလုံ …။

ဒါပေမယ့် …၊ ဪ .. ဒါပေမယ့် .. ငွေဝန်း ၏ နှလုံးအိမ်ကို နှိုင်အမိန့်ပေးနေသည့် အရာတစ်ခုက ရှိနေသည်။ အစ်ကိုကြီးပေးခဲ့ရာ ထီးလေးကို ငွေဝန်း ငေးစိုက်ကြည့်နေမိရပါ၏။

"ထီးလေးကို အခန်းထဲရောက်ရင် ဖွင့်ကြည့် နော် …"

ဟု အစ်ကိုကြီး မှာခဲ့သည့် စကား …၊

ထီးလေးက ငွေဝန်း ၏ခုတင်ဘေးရှိ စားပွဲထက်မှာ တင်လျက် ရှိ၏။ ထိုထီးလေးကို ငွေဝန်း အခန်းမှာ သွားထားလိုက်ဖို့ နေ့လယ်ကတည်းက မေမေ ခိုင်းလိုက်တာမို့ ငွေဝန်း ၏ ခုတင်ဘေးရှိ စားပွဲထက်မှာ ရောက်နေရခြင်း …။

ဒါမှ မဟုတ်လျှင်ဖြင့် ကိုကြီးနှင့် ကိုငယ် .. တစ်ယောက်ယောက် ၏ ဖွင့်ကြည့်လိုက်တာကို ခံရဖွယ် ရှိချေသည်တည့် …။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း .. ဖေဖေ မေမေတို့နှင့် မခွာပဲ ကိုကြီးနှင့် ကိုယ်တို့ ပေကပ်၍ ညှော်ခန်းမှာ ထိုင်ကျန်ခဲ့ခြင်းပါ။

"အဖြေကို လောလောဆယ် မပေးသေးနဲ့ ဖေဖေ .. သားတို့ စုံစမ်းဦးမယ် .. ဒီကောင်က ရုပ်ဖြောင့်တယ် .. ရှည်းစားသနံ့ ပွေနိုင်တယ်.."

ဟု ကိုကြီးကတော့ ဖေဖေ့ ကို တမှာမှာ လုပ်နေသမျှ ငွေဝန်း ကြားခဲ့ရကာ .. အပေါ်ထပ် အခန်းသို့ တက်လာခဲ့ရခြင်းပါ။

ငွေဝန်း အိမ်ထောင်မကျဖို့ ဇောကပ်နေကြရင်း ဖေဖေနှင့် မေမေ့ ထံမှာ လောလောဆယ် ကိုကြီးနှင့် ကိုယ်တို့မှ အစ်ကိုကြီးအပေါ် အပြစ်ရှာဖို့ အခွင့်အရေး ရနိုင်ချေဖို့အတွက် အချိန်တစ်ခုကို အရင် ရအောင် ကြိုးစားပန်းစား လုပ်နေကြချိန်မှာ .. ငွေဝန်း က .. အစ်ကိုကြီး ပေးခဲ့ရာ ထီးလေးကို လျှို့ဝှက်စွာ ကိုကြီးနှင့် ကိုယ်တို့ မသိအောင် ဖွင့်ဖို့ အဆင်သင့်ဖြစ်နေသည့် ညီမလေး ဖြစ်နေပြီ ..။

ဤသည်အတွက် .. ကိုကြီးနှင့် ကိုယ့်ကို ငွေဝန်း အားနာမိရပြန် သည်ပါပဲ ..။ ငွေဝန်း သည် .. ကိုကြီးနှင့် ကိုယ့် စကားကို နားမထောင် သည့် ကောင်မလေး ဖြစ်နေချေပြီလား မသိ ..၊ အပြစ်တစ်ခု လုပ်မိသည် နှယ်လည်း ငွေဝန်း ခံစားရသည်ပါပဲ ..။

ဒါပေမယ့် .. ခက်သည်က .. အစ်ကိုကြီး ပေးခဲ့ရာ ထီးလေးကို ဖွင့်မကြည့်ပဲလည်း မနေနိုင် ..၊ သော် .. အစ်ကိုကြီး ပေးခဲ့ပါလေသော ကဗျာလေးကလည်း ငွေဝန်း ကို ညှို့ငင်နိုင်စွမ်း ရှိနေသည်ကိုးလေ ..။

ထိုကဗျာလေးကပင်လျှင် ... အစ်ကိုကြီး ပေးခဲ့ရာ ထီးလေးကို ဖွင့်ကြည့်လိုက်ဖို့ တဖွဖွ လာ၍ ငွေဝန်း ၏ နှလုံးသား တံခါးလေးကို ခေါက်နေသည့်နှယ် ရှိနေချေသည်တကား ..။

အစ်ကိုကြီးနှင့် အန်ကယ် ဦးမြတ်မျိုးတို့ ပြန်သွားသည့် နေ့လယ် တုန်းကတော့ ငွေဝန်း ကုံကော်ပင်လေးအောက်မှာပဲ ရှိနေခဲ့တာမို့ ထပ်၍ မဆုံဖြစ်နိုင်ခဲ့ ..။





တကယ်တ .. အစ်ကိုကြီးနှင့် ဆုံရမှာ ငွေဝန်း ရှက်နေသည်လေ..၊ ကြောင့် ကုံကော်ပင်လေးအောက်မှာပဲ နေခဲ့ခြင်းပါ။ အစ်ကိုကြီး၏ ကဗျာလေးကို ဖတ်ခဲ့ပြီးသည့်နောက်မှာ .. အစ်ကိုကြီး၏ရှေ့မှာ ငွေဝန်း မနေရဲ ..၊ ရှက်သည်ပေါ့ ..။

ခုလည်း .. အစ်ကိုကြီး ပေးခဲ့ရာ ထီးလေးကို ဖွင့်ဖို့ ငွေဝန်း စားပွဲ ခုံမှာ ရပ်နေပြီ ..၊ ထီးလေးကို ဖွဖွညင်ညင် ကိုင်လိုက်မိသည်ကိုက တုန်တယနိုင်နေတာကို ပထမဆုံး သတိထားမိရပြန်သည်ကလည်း ငွေဝန်း ပါ ..။

အစ်ကိုကြီး ပေးခဲ့ရာ ပစ္စည်းလေးကို ဤမျှအထိ နူးနူးညံ့ညံ့နိုင်စွာ ငွေဝန်း ဘာကြောင့် ကိုင်ရပါသတဲ့လဲ ..၊ တကယ်က ... ဤထီးလေး တစ်လက်သည် ငွေဝန်းအတွက် သာမန်ဖြစ်မနေ၍သာ ..။

ဟုတ်သည် ..၊ သာမန်ဖြစ်မနေ ..။ မြတ်နိုးတန်ဖိုးထားရာ ပစ္စည်း တစ်ခု ဖြစ်နေချေသည်တကား..။ တဖြည်းဖြည်း ငွေဝန်း သည် ကိုယ့် နှလုံးသားကို ပြန်၍ ထင်းထင်းပပ မြင်စပြုလာသည့် ကောင်မလေးငယ် လေးတစ်ယောက် ဖြစ်ဖြစ်လာနေရပါ၏။

အပန်းရောင် ပန်းပွင့်လေးတွေ ဖြန့်ကြဲထားရာ အပြာရောင် ပိုးထီး လေးတစ်လက်သည် အဖြူရောင် ဇာနားကွပ်လေးဖြင့် ငွေဝန်း လက်ထဲ မှာ ရှိနေပြီ ..၊ ထီးအိတ်အစွပ် အကြည်သားလေးကို ဖယ်၍ ငွေဝန်း ထီးလေးကို ဖွင့်လိုက်မိရပါပြီ ..။

ဖွားခနဲ ကျလာသည်က ပိုးသားရောင်စုံတို့ကို ပန်းပွင့်ဖတ်လေး များနှယ် ညှပ်ထားပါလေသည့် ပွင့်ဖတ်လွှာအဆင်းများ ..၊

ပြီးတော့ .. မော့ကြည့်လိုက်တော့ ထီးအတွင်းအမိုးသားမှာ တိပ် ခွေဖြင့် ကပ်ထားပါသည့် အနီရောင် ကတ္တီပါဘူးငယ်လေးတစ်ခု ..၊ ပလတ်စတစ်(ဝ်)အကြည်သားလေးကို ဖယ်၍ ငွေဝန်း ဘူးလေးကို ယူမိသည်။

ဝတ်လွှာရောင်စုံတို့ကြားမှာ အပြာရောင် စာအိတ်လေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မြင်ရတာမို့ ကောက်ယူ၍ ဖွင့်ဖတ်မိရပြန်သည်ကဖြင့် .. ကဗျာလေးတစ်ပုဒ် ဖြစ်နေချေသည် တကား ...။

ငွေဝန်း .. ရင်တွေ သိမ့်သိမ့်ခုန်၏ ...၊ ကြည်နူး၏။

ဤမျှအထိ စိတ်ကူးနုနုလှလှလေးတွေဖြင့် ငွေဝန်း အတွက် ဤထီးလေးတစ်လက်ကို ပန်းဝတ်လွှာရောင်စုံအဆင်းကို ခင်းဖြန့်ကြဲချ၍ ပေးလာပါသည့် အစ်ကိုကြီး၏ နှလုံးသားသည်လည်း .. အလွန်တရာကိုမှ .. ချစ်ခြင်းတို့ဖြင့် ပြည့်ဝနေချေမည်သာ ...။

ဟုတ်သည်...၊ ငွေဝန်း အပေါ်မှာ ထားရှိပါလေသည့် ချစ်ခြင်းများ သေသပ်လှပသော အစ်ကိုကြီး၏ လက်ရေး ကဗျာတစ်ပုဒ် ...။

ထိုကဗျာလေးကို ပိုးသားပန်းဝတ်လွှာတို့ ဖြန့်ကြက်ခင်းကျင်းထားရာမှာ ငွေဝန်း ဖတ်နေရခြင်း ...။

မှုဝေခံစားစေတဲ့ အရာ
ဖန်ဆင်းနိုင်တာလည်း
အချစ်ပါပဲကွယ် ..။

သက်သေတည်ရစ်စေတဲ့ အရာ
သက်ဆုံးတိုင်တာလည်း ..
အချစ်ပါပဲကွယ် ...။

ထိုအချစ်တွေဖြင့် ဇီရှင်သန်
ရစ်တည်ရန် စွမ်းအားများ
မင်းရဲ့ နှလုံးသားမှ ...
(ဤအား ...)
ပေးသနားလှည့်ပါကွယ် ...။





ခြောက် ...
ပေးသနားလှည့်ပါကွယ် ...။ ။

ချစ်မြတ်နိုးသော ...
ထက်ခေါင်မှူး

ငွေဝန်း ၏ မျက်ဝန်းဝယ် မျက်ရည်လေးတွေ လဲ့လဲ့လည်၏။ ကြည်နူးသော ရယ်မောမှုလေးကလည်း တိုးသက်စွာ ဖြစ်တည်၏။

ဤမျှ .. ဤမျှ .. အစ်ကိုကြီးသည် ငွေဝန်း ကို ချစ်သည်တဲ့လားလေ ...။

နူးညံ့သော ကဗျာလေးနှစ်ပုဒ်ကိုလည်း အစ်ကိုကြီးပေးခဲ့ပြီ ...၊ လှပသော ပိုးဝတ်လွှာ ပန်းအဆင်းတို့ကိုလည်း စိတ်ကူးတရဖြင့် ထီးလေးထဲမှာ ထည့်ခဲ့သည်။

ဤမျှ လှပသော စိတ်ကူးနုနုလေးတွေကို အစ်ကိုကြီးသည် နှလုံးသားနှင့် ရင်း၍ ဖြစ်တည်ခဲ့ချေမည်သာ ...။

ပိုးသားပန်းဝတ်လွှာရောင်စုံလေးတွေကို ငွေဝန်း ဖွဖွကိုင်ကြည့်မိသည်။ လက်ထဲမှ ကဗျာစာရွက်လေးကို စာအိတ်လေးထဲ တယုတယ ပြန်ထည့်ကာ ခေါင်းအုံးအောက်မှာ တမြတ်တနိုး ထားမိပြန်၏။

နောက်တော့ .. ကတ္တီပါဘူးနီလေးကို လှုပ်ရှားနေသော ခံစားမှုများဖြင့် ဖွဖွလေး ဖွင့်လိုက်တော့ .. အသည်းပုံလေးကို အထပ်ထပ်ဆင့်၍ ပုံဖော် နန်းဆွဲထားပါသည့် လက်စွပ်လေးက စိန်တစ်ပွင့်ဖြင့် လင့်ချေသည်တည့် ...။

ခြော် .. အစ်ကိုကြီးသည် .. ဤလက်စွပ်လေးကို ကမ်း၍ .. အစ်ကိုကြီး၏ ကဗျာလေးထဲကနှယ်ပင် ...၊

"ငွေဝန်း ကို ချစ်တဲ့ ကိုကို့အချစ်တွေနဲ့ ကိုကို့ဘဝတစ်ခုကို ရစ်တည်နိုင်တဲ့ စွမ်းအား .. ရှင်သန်ရမယ့် စွမ်းအားတွေကို .. ငွေဝန်း ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားလေးဆီကနေပြီး .. ကိုကို့ကို ပေးသနားလှည့်ပါတော့ကွယ်.. လက်စွပ်လေးကို ဝတ်လိုက်တော့ နော် ..”

ဟုပင် ပြောနေသည့်နှယ်ပါ တကား ...။

ငွေဝန်း လက်စွပ်လေးကို မျက်တောင်မခတ် ကြည့်နေမိရဆဲ ..။ လှပသော အပြုံးနုနုလေး တစ်ခုသည်လည်း ဖြစ်တည်လာရလျက် ..။ ထိုမျှ နူးညံ့လှပသော ကြည်နူးစဖွယ် အပြုံးလေးတစ်ပွင့်သည် .. အစ်ကိုကြီးအတွက် ပထမဆုံးရသောအပြုံး ..။

ဩော် .. ငွေဝန်း ၏ ချစ်တတ်လာသော နှလုံးသားဆီမှ အဦးအစ မွေးဖွားလာပါသည့်အပြုံးလေး ဖြစ်ချေ၏ ..။ ချစ်ဦး သခင်မှူးအတွက်.. နှလုံးသား၏ တိုက်တွန်းမှုသက်သက်ဖြင့် ဖြစ်တည်လာသည့် အပြုံး တစ်ခုကို .. ဖန်ဆင်းပေးနိုင်သည်ကလည်း အချစ်ပဲ ဖြစ်လေသည်ကော လေ ...။

“ငါ .. ငါ .. ချစ်တယ်ဆိုတဲ့ ခေါင်းညိတ်ဖြေလေး တစ်ခုကို .. အစ်ကိုကြီးအတွက် ... ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ရင်ထဲမှာ သိမ်းဆည်းလာစေနိုင်ခဲ့ပါလား ..၊ ဘာကြောင့်လဲ .. ဘာကြောင့်လဲ ..”

ငွေဝန်း ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် အံ့ဩထူးဆန်းနေသည်ပါပဲလေ ..၊ ဤမျှ နက်ရှိုင်းသော အချစ်ဆိုသည့်အရာသည် ငွေဝန်း ၏ နှလုံးသားမှာ ရှိတတ်နေချေပြီတဲ့လား ..။

ဘယ်တုန်းကမှ နားမလည်ခဲ့ဖူးသော အချစ်တစ်ခုသည် .. ငွေဝန်း ထံမှာ ရှင်သန်ဖြစ်တည်လာစေနိုင်သည့် သူသည်လည်း အစ်ကိုကြီးပဲ ဖြစ်လေသည်။

ငွေဝန်း ပထမဆုံး လုပ်မိသည်က လက်စွပ်လေးကို ဖွဖွညင်ညင် လေး ဘယ်ဘက်လက်သူကြွယ်လေးမှာ ဝတ်မိခြင်း ..။

နည်းနည်း ချောင်နေတာမို့ လက်ခလယ်လေးမှာ ပြောင်းဝတ် လိုက်ရသည်ပါပဲ ..။





“အမြဲ ဝတ်ထားမှာမှ မဟုတ်ပဲလေ .. ကိုကြီးတို့ မြင်လို့မှ မဖြစ်တာ .. လက်စွပ်လေး ချောင်နေလို့ ပျောက်သွားမှာလည်း မစိုးရိမ်ရပါဘူး ...”

ဟု တွေးကာ ခဏလေးလောက်တော့ လက်စွပ်လေးကို ဝတ်ထားမိရ ..။ အရိပ်တကြည့်ကြည့်နိုင်စွာလည်း ကြည့်မိရနှင့် ငွေဝန်း တစ်ယောက်တည်း အခန်းထဲမှာ ဝန်းရန့်တို့နှင့်အတူ အချစ်တွေနှင့် စီးမျောနေသည့် မိန်းကလေး ဖြစ်နေပါသတည်း ..။

နောက်တော့ ပိုးသားပန်းဝတ်လွှာရောင်စုံလေးတွေကို ဗီရိုထဲမှ ယွန်းဘူးလေးကို ထုတ်ကာ ထည့်နေမိရသည်။ ယွန်းဘူးပြားထဲမှာ အစကရှိနေသည့် လက်ဝတ်လက်စား တစ်ဆင်စာကိုတော့ဖြင့် တခြား တစ်ဆင်စာဘူးလေးထဲ ပြောင်းထည့်လိုက်ရသည်ကိုက .. ဤပန်းဝတ်လွှာလေးတွေသည် ငွေဝန်း အတွက် ရတနာတွေနှယ် ရှိနေ၍ပါ ..။

တဖြည်းဖြည်း ငွေဝန်း သည် .. အစ်ကိုကြီး၏ အချစ်ကို ယုံကြည် သက်ဝင် တန်ဖိုးထားခြင်းမက .. တန်ဖိုးထားနေမိရသည့် ငွေဝန်းပျို ဖြစ်ဖြစ်လာနေရသည်တည့် ..။

လက်စွပ်လေးကို ကတ္တီပါဘူးနီလေးထဲ တယုတယ ပြန်ထည့်..၊ ဝန်းဝတ်လွှာယွန်းဘူးလေးထဲမှာ လက်စွပ်လေးကိုလည်း ထည့်ကာ ဗီရို ထဲ ပြန်၍ သေချာသိမ်းထားမိရပါသည့်အဖြစ် ..၊

ထိုးလေးက ဖွင့်လျက်သားလေး အနီရောင် သားမွေးကော်ဇောကြီး ထက်မှာ လှလှပပလေး ရှိနေတာမို့ ပြန်၍ ယူမိရ ..။ ဆောင်းကြည့်မိ ရ ..။

မှန်ထက်မှာ ထင်နေသည့် ထီးဆောင်းထားရသော ကောင်မလေး တစ်ယောက်၏ ပုံရိပ်လေးကို တကြည့်ကြည့်ဖြင့် ရှိနေမိရပါပြီ ..။

မိန်းကလေးတစ်ယောက်သည် ချစ်တတ်လာလျှင် .. ချစ်ရသူဆီမှ .. အမှတ်တရရှိရာ ပစ္စည်းလေးတွေကို .. တန်ဖိုးမဖြတ်နိုင်သည့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



ခံစားတတ်ရချေပါလား ဟုလည်း နှမှ ငွေဝန်း နားလည်တတ်လာရခြင်း…။

ထိုစဉ်ခိုက် တံခါးခေါက်သံ ပေါ်လာတာမို့ .. ထိတ်ခနဲ ဖြစ်သွားရ …။ ထီးလေးကို ပြန်ပိတ်ရ …။ ထီးအိတ်အကြည်သားလေးထဲ အလိုက်သင့် ပြန်ထည့်ရနှင့် ငွေဝန်း ရှိသွားရသည်ပါပဲ။

တံခါးကို ပြေးဖွင့်တော့ တံခါးဝမှာ ရပ်နေသည်က ကိုကြီးနှင့် ကိုငယ် …၊ ထုံးစံအတိုင်း .. ည .. အိပ်ရာဝင်ချိန်တိုင်းမှာ ငွေဝန်း ထံ အရင်ရောက်လာတတ်ပါသည့် အစ်ကိုနှစ်ယောက်၏အကြည့်က ဤနေ့ညမှာတော့ စူးစမ်းခြင်းတွေဖြင့် ပြည့်သိပ်နေ၏။

အစ်ကိုကြီး အပေါ်မှာ ငွေဝန်း ဘယ်လိုများ သဘောထားသည်လဲ ဆိုတာ သိချင်နေသည့် အကဲခတ်ကြည့် …၊ စူးစမ်းကြည့် …။

ငွေပန်း ဟန်လေးဆယ်၍ နေလိုက်ရသည်ပါပဲ။ ကိုကြီး၏ အကြည့်က စားပွဲထက်မှာ ရှိနေသည့် ထီးဆီသို့ ရောက်၏။

ပြီးတော့ .. ခုထိ .. မဖောက်မဖွင့်ရသေးသော အန်ကယ် လက်ဆောင်ဘူးဆီသို့လည်း ရောက်၏။

ထီးကလည်း အကြည်သား ထီးစွပ်အိတ်လေးထဲမှာ ရှိနေလျက်…၊ အန်ကယ့်လက်ဆောင်ကလည်း ဖောက်ပင်ဖောက်မထားတာမို့ နည်းနည်းတော့ စိတ်သက်သာရာ ရသွားကြပုံ ဖြစ်ကုန်ရသည်က ကိုကြီးနှင့် ကိုငယ် ပါ …။

"ညီမလေး ဘုရားရှိခိုးပြီးပြီလား .."

ငွေဝန်း ခေါင်းလေးညိတ်ပြရသည်က ကိုငယ့်ကိုပါ …၊

"ငွေဝန်းလေး ခါတိုင်းနေ့တွေမှာ အခန်းတံခါး မပိတ်ထားပါဘူး .. ဒီည ဘာလို့ ပိတ်ထားတာလဲ .."

အရေးထဲ စစ်ဆေးရေးဝင်နေသည်က ကိုကြီးပါ …။

"ငွေဝန်း အဝတ်လဲမလို့ပါ .."





ဟု ချက်ချင်း အလိုက်တသင့် လိမ်ညာသည့် အဖြေတစ်ခုကို ငွေဝန်း သည် ဘယ်သူမှ မသင်ပေးရပါပဲနှင့် တတ်မြောက်နေတာကိုလည်း ကိုယ့်ကိုယ်ကိုယ် အံ့သြမိရပြန်သည်ပါပဲ …။

ရင်ထဲမှာ မကောင်း …၊ ကိုကြီးနှင့် ကိုငယ့်ကို မလိမ်စဖူး လိမ်မိရသည်ကိုးလေ …။

"ဒီနေ့တော့ လဲမနေနဲ့တော့ ညီမလေး .. ဒီဝတ်စုံလေးပဲ ဆက်ဝတ်ထားလိုက်တော့ .. သိပ်လှတာပဲ သိလား .. ကဲ .. ကဲ .. အိပ် .. အိပ် .."

ဟု ကိုကြီး ပြောတာမို့ ငွေဝန်း အိပ်လိုက်ရပါ၏။ ကိုငယ်က စောင်ခြုံပေးသည်။ ကိုကြီးက ငွေဝန်း ၏ နဖူးလေးပေါ် လက်ဖဝါးကို ဖေးအုပ်၍ ခပ်ဖွဖွ ပုတ်ပေးကာ …

"ညီမလေးရယ် ×× အိပ်ချင်ပြီ×× ဝဲတိုင်ကို မှီ×× အိပ်ချင်ပြီကွယ့်×× ခပယ်ကုံး ×× လွဲကြပါဦး ×× အိပ်ဆွင်တဲ့ မျက်တောင် ×× မြေးယောင်ယောင်×× ချက်တောင်ကော့ကလေး ×× ဖေမြွေးမြွေး ××"

ငွေဝန်း ငယ်စဉ်ကတည်းက ကိုကြီး ဆို၍ ချော့သိပ်ရာ တေး…၊ ထိုသီချင်းလေးနှင့်မှ ချော့မသိပ်ရလျှင် ကိုကြီး ညအိပ်၍ မပျော်ပါဟု အမြဲပြောတတ်လျက် …။

ကိုငယ်ကလည်း ကိုကြီးနှယ်ပင် ဤသီချင်းလေးကို ဘေးမှ လိုက်၍ လိုက်၍ ဆို …၊ ကိုကြီးက ငွေဝန်း နဖူးလေးကို လက်ဖဝါးလေးဖြင့် ဖွဖွပုတ်၍ သိပ် …။

ကိုငယ်က ငွေဝန်း ၏ ပခုံးလေးကို ဖွဖွပုတ်သိပ်နှင့် ရှိခဲ့ကာ .. ငွေဝန်း သည်လည်း အိပ်ပျော်ခဲ့ရသည်ပါပဲ …။ ငယ်ဏလေးကတည်းက ရှိခဲ့ပါသည့် ထိုညလေးတွေသည် .. ယခုတိုင်လည်း ရှင်သန်တည်ငြိမ်နေခဲ့ …။



www.burmeseclassic.com

www.burmeseclassic.com



ခြော် .. ကိုကြီးနှင့် ကိုငယ့်အတွက် ငွေဝန်း သည် .. ခင်းနီးထုပ် ဖွေးဖွေး ညီမလေး အရွယ်မှသည် ..။ ခုထိ .. ကလေးလေးလို ချစ်မဝနိုင်ပဲ ရှိရမြဲပါ ..။ ခုထိ ညီမလေး အပေါ် အချစ်ကြီး ချစ်ကြပါသည့် ကိုကြီး နှင့် ကိုငယ် တို့၏ အစ်ကိုချစ်မျိုးကလည်း ရှားပါးလှပါသည်ဟု မေမေ ပင် .. ကြည်နူးစွာ ပြောဖူးသည် ..၊ ပြောတတ်သည်။

တကယ်တော့ ပန်းရဂုံ တစ်အိမ်လုံးက ငွေဝန်း ကို ချစ်ကြသည်ပါ ပဲ ..၊ ဖေဖေနှင့် မေမေ ဆိုလျှင်လည်း အရိပ်တကြည့်ကြည့်နှင့် အလို လိုက် မဆုံးပါ ..။ ကိုကြီးနှင့် ကိုငယ်ကတော့ဖြင့် .. ညီမလေးကို .. ကလေးလို ချော့သိပ် အိပ်စေတုန်း ..၊ ငွေဝန်း မှာလည်း ထိုသို့ ချော့ မသိပ်လျှင်ပင် အိပ်မရသလို ဖြစ်နေရသည်တည့် ..။

ခုလည်း .. ကိုကြီး၏ လက်ဖဝါး အပုတ်ဖွဖွလေးကို ခံနေရာ နှဖူး ..။ ကိုငယ်၏ လက်ဖဝါးလေး ကလေးချော့သိပ်သလို ပခုံးပေါ် ဖွဖွ ပုတ်ပေးရာလက်၏အထိ ..၊

"ညီမလေးရယ် အိပ်ချပါဦး×× ဝဲတိုင်ကိုမှီ×× အိပ်ချပါဦးကွယ့် စံပယ်ကုံး×× လွဲကြပါဦး ×× အိပ်ချင်တဲ့ မျက်တောင် ×× မြှေးယောင်ယောင် ×× မျက်တောင် ကော့ကလေး ×× ပေမြှေးမြှေး ××"

ဟူသည့် သီချင်းသံ ချိုအေးအေးလေးကို နားစိုက်ရင်း မျက်တောင် လေးတွေ မှေးယှက်လာရပါပြီ တကား ..။ အိပ်ခန်းလေးသည် မေ့ချော ဖြင့် အေးမြချေ၏။





အခန်း [ ၇ ]

"မောင်ထက်ခေါင်မှူး ဟာ ဆွေကြီးမျိုးကြီးထဲက ဖြစ်တယ် .. စိတ်ထားလည်း ကောင်းပုံရတယ် .. သူ့အဖေ ကိုမြတ်မှူး နဲ့ကတော့ လုပ်ငန်းချင်း ပတ်သက်ပြီး သိခဲ့ကြပေမယ့်.. ဖေဖေနဲ့ တိုက်ရိုက်ထိတွေ့ ဆက်ဆံဖြစ်တာလည်း ကိုမြတ်မှူး ပဲ ဖြစ်တာမို့ .. မောင်ထက်ခေါင်မှူး ကိုတော့ အခုမှ ဖေဖေ စတွေ့ဖြစ်ခဲ့တာပါ..၊ ကိုမြတ်မှူး ကတော့ စိတ်ထားပြည့်ဝပြီး အလုပ်မှာ ကတိတည်တယ် .. လုပ်ငန်းကြီးလည်း လုပ်ကိုင်တယ် .. ဒီနေ့မှာ ကိုမြတ်မှူး ဖေဖေ့ စက်ရုံကို ရောက်လာပြီး.. သားကိုလည်း ခေါ်လာတယ် .. သူ့သားနဲ့ သမီး ငွေဝန်း ကို စကားကမ်း လိုတာကိုလည်း ရိုးရိုးကြီးပဲ ခွင့်ပန်တယ် .. ဒီနေ့မှာပဲ မောင်ထက်ခေါင် မှူး က သမီးလေးကို ကုန်တိုက်မှာ တွေ့ခဲ့ဖူးတာတဲ့လေ .. အဲဒါ .. မြင်မြင်ချင်း မြတ်နိုးလှချေရဲ့ဖြစ်ပြီး .. စကားကမ်းပေးဖို့ ပူဆာလွန်းနေ တာမို့.. အမိမဲ့သားကို အမြဲ အလိုလိုက်တဲ့ ကိုမြတ်မှူး ခမျာ.. ဖေဖေ့ဆီ ရောက်လာရတော့တာပါပဲ ..၊ စက်ရုံကနေပြီး ဖေဖေ့ကို သူတို့အိမ်ကို လည်း အလည်အပတ် ခေါ်သွားသေးတယ် .. အိမ်ကြီးက ခြံဝန်းကျယ် ကြီးမှာ ရဲတိုက်တစ်ခုလို ခန့်ထည်နေတာကွယ့် .. ရတနာမွန်း ဆောက် လုပ်ရေးလုပ်ငန်းနဲ့ အိမ်ရာဆိုတာကလည်း ဒီနှစ်ထဲမှာမှ စခဲ့လုပ်ငန်း ဖြစ်ပေမယ့် .. အရှိန်အဟုန်နဲ့ကို အောင်မြင်နေတာ ဖေဖေ သိတာပေါ့..



www.burmeseclassic.com

www.burmeseclassic.com



မောင်ထက်ခေါင်မှုး မှာ အမေ မရှိတော့ဘူး .. ဆုံးသွားတာ ဆယ်နှစ် ရှိပြီတဲ့ .. ရှမ်းပြည်နယ်ဘက်မှာ လီမွှော်ခြံတွေ .. သစ်ဒတော်ခြံတွေက မောင်ထက်ခေါင် ရဲ့အဖေဘက်က အမွေအဖြစ် ရှိနေတာတဲ့လေ.."

ကိုကြီး အိပ်မပျော် ..၊ အဖေဖြစ်သူ ညနေစာ စားအပြီးမှာ ပြော ပြခဲ့သည့် စကားတွေကြောင့် ရင်ထဲ လေးနေရသည်။ ညီမလေးကို အိမ်ထောင်ချပေးလိုက်လျှင် အခက် ..၊ ချစ်စရာ ညီမလေးကို တစ်ပါးသူ လက်ထဲ အပ်လိုက်ရမှာမျိုး ခံစားနေရတာလောက် ရင်ထဲ လောင်မြိုက်နေတာ မရှိ ..၊ ချစ်မဝနိုင်ပါသည့် ညီမလေးကို .. မျက်စိအောက်မှာပင် အပျောက်မခံနိုင်သည့်အောဖြင့် ဘယ်လူး ညာလိမ့် ဖြစ်နေသည်။

"ဟိုဘက်က စကားလာကမ်းတဲ့ဥစ္စာ .. ဖေဖေက ဘာဖြစ်လို့ ညီမလေး မွေးနေ့ကို အဲဒီ သားအဖကို ဖိတ်ရတာတဲ့လဲ .. အဲဒါကိုက.. မဟုတ်တာ .."

ကိုကြီး ညည်းမိပြန်သည်။ ညီမလေးရှိရာ အိမ်ထိတိုင် ထိုသားအဖကို ဖိတ်သည့်ကိစ္စထဲမှာ .. ဖေဖေသည်လည်း ထိုသားအဖ နေထိုင်ရာ အိမ်ကြီးကို ဤနေ့မှာ အလည်ပင် ပါသွားသေးသည်တဲ့။ ထိုသို့ ပါသွားပြီးမှ .. သူများအိမ်ကြီးကိုပါ လှေ့လာခဲ့ပြီးမှ .. ပန်းရုံသို့ ထိုသားအဖကို ညီမလေး ၏ မွေးနေ့ဧည့်သည်တွေအဖြစ် ဆက်၍ ခေါ်လာခဲ့ခြင်း ..။

"ဟိုကောင်ကလည်း လူပုံချော .. ညီမလေးများ မေတ္တာရှိသွားရင် ခက်ပြီ ..၊ ပြီးတော့ .. အဲဒီကောင်မှာက အမေသာ မရှိတာ.. သူ့အဖေရဲ့ အစ်မဖြစ်တဲ့ အပျိုကြီး ကြီးဒေါ်နဲ့ နေရတာတဲ့ .. အဲဒီအပျိုကြီးဆိုတဲ့ အဘွားကြီးဟာ .. ပစိပစပ်များနေရင် ဘယ့်နှယ်လုပ်မလဲ .. အပျိုကြီး တွေ လျှာကြောရှည်တယ်လို့ ကြားဖူးတာပဲ .."

ဘယ်သူ့ကိုမှ အကောင်းမြင်ပေးဖို့ စိတ်ကူးမရှိစွာဘဲ အပြစ်ရှာ တွေးတွေဖြင့် ကိုကြီး အိပ်မရနိုင်ပဲ ဖြစ်နေတော့ ထထိုင်မိရပြန်သည်။ အပူအပင်မရှိ အိပ်နေသည့် ခင်ထား ကို ကြည့်ကာ မျက်စိထဲ ထောင့်





ချိုးမပြေပဲ ဖြစ်လာပြန်သည်။ ထောင့်မကျိုးသည့် မိန်းမ ..၊ သူမို့ အိပ်ရက်သည် .. ဆိုသည့်အတွေးသည် ရင်ထဲ တိုးဝင်ပြန်၏။

အပြစ်ရှာကြည့်သည် မိန်းမအပေါ်လည်း မကျန်ဘဲ ဖြစ်ဖြစ်လာနေခြင်းမှ ကိုကြီး ဝမ်းထဲ ဆာသယောင်ယောင် ဖြစ်လာသည်။ ဟုတ်သည်.. ဆာနေခြင်း..၊ ညနေစာလည်း ဟုတ်တိဟုတ်ညား စားဖြစ်ခဲ့တာမှ မဟုတ်ဘဲလေ ..။ နေ့လယ်စာတုန်းကလည်း ဟိုသားအဖကြောင့် စားမဝင်ခဲ့ရ..၊ ဝမ်းထဲမှာ ဟုတ်ဟုတ်ညားညား အစားမရှိ ..။

အခန်းထဲမှ ကိုကြီး ထွက်ခဲ့သည်။ နာရီကိုကြည့်တော့ ဆယ့်တစ်နာရီခွဲ ..၊ အောက်ထပ် မီးဖိုဆောင်ဆီသို့ ဝင်လာမိသည်က ကိုကြီးပါ..။ ဒေါ်ကြီးစိန် တို့ အခန်းထဲ မီးလင်းနေလျှင် တစ်ခုခု စားစရာလုပ်ပေးဖို့ ပြောမည်။ မီးပိတ် အိပ်ကြပြီဆိုလျှင်လည်း ကော်ဖီဖျော်သောက်လိုက်မည် ..၊ မုန့်တစ်ခုခု စားလိုက်မည် ..။ အတွေးဖြင့် ကိုကြီး မီးဖိုဆောင်ဘဲ ဝင်လာမိရပါ၏။ မီးဖိုဆောင်နှင့် ကပ်လျက်မှာ ဒေါ်ကြီးစိန် နှင့် ဘတစ်မ်း တို့ လင်မယား၏အခန်း ရှိသည်လေ ..။ အခန်းဆီမှ မီးရောင်သည် မှန်တစ်ဝက်ပါ တံခါးရွက်ဆီမှ ဖြာထွက်နေတာမို့ ...

"ဒေါ်ကြီးစိန် မအိပ်သေးဘူး .. အတော်ပဲ .. ခေါက်ဆွဲကြော်တစ်ပွဲလောက်တော့ ကြော်ခိုင်းလိုက်မယ် .."

ဟု တွေးကာ မီးဖိုခန်းမီးကိုပင် ဖွင့်မနေတော့ဘဲ တောက်လျှောက် ဒေါ်ကြီးစိန် တို့ အခန်းတံခါးရှေ့သို့ ရောက်သွားရပါ၏။ တံခါးရွက်ကလည်းနည်းပင် ဟနေသေးသည်။ တံခါးကို တွန်းဖွင့်လိုက်မည်ပြုခိုက်...

"ငွေဝန်းလေး ခုလို .. လူပုံချောလေးတစ်ယောက်နဲ့ စေ့စပ်ဖြစ်တော့မလိုလို ကြားရတော့လည်း .. သူ့အမေ မယ်မှုန် ကို သတိရလိုက်တာ ကိုစိမ်း ရယ် .."

အလွန်တရာကိုမှ လွဲမှားချွတ်ချော်နေသည့်စကားကို ကြားလိုက်ရသျှက် လောလောဆယ်မှာ တစ်ကိုယ်လုံး ထုံသွားသည့်နှယ် ရှိသွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်က ကိုကြီးပါ ...။ မယ်မှုန် ...၊ ဒေါ်ကြီးစိန် သည် ညီမလေး ငွေဝန်းပျို၏မေမေ ဆိုတာ ဘာကြောင့် မယ်မှုန် ဟု အမည်တပ်၍ ပြောလာရပါသတဲ့လဲ ...၊ တကယ်က .. မေမေ ဒေါ်ယမုန် ဖြစ်သည်ပဲလေ ...။

"မပြောအပ်တဲ့စကား .. ကြမ်းကြား လေကြား .. ထရံကြားဆိုသလို တစ်ယောက်ယောက် ကြားသွားရင် .. အားလုံး မကောင်းဖြစ်ကုန်မယ် .. သတိထားစမ်းပါ မယ်စိန် ရယ် .. မယ်မှုန့် သမီးဆိုတာ.. လုံးဝ လေသံလေးတောင် မဟဖို့ မမလေးက ညည်းကို သေချာမှာခဲ့ကာမမေ့စမ်းပါနဲ့ ...၊ ညည်းတူမရဲ့ သမီးလေး .. ခုလို .. ကြွယ်ပိုးကြွယ်ဝ.. ဖူးဖူးမှုတ်ခံ .. ရွှေနန်းစံ မင်းသမီးလေးလို နေနေရတာကို .. ကြည်နူးစမ်းပါ့ မယ်စိန် ရယ် .. ညည်း မဟုတ်တော့ဘူး နော် .. ကလေးကို ဆွဲကြိုးလေး သွားပေးတယ်ဆိုတာ မမလေး နင်နဲ့ ငါ့ကို ခေါ်ပြီး သတိပေးကတည်းက .. ငါ ညည်းကို စိတ်ဆိုးနေတာ ...၊ မမလေး ခမျာ ..ဒီနေ့.. ကလေးနဲ့ ကုန်တိုက်လိုက်မသွားဘဲ အိမ်မှာနေခဲ့ပြီး .. လူရှင်းတုန်း .. ငါတို့နှစ်ယောက်စလုံးကို စာကြည့်ခန်းထဲ ခေါ် .. အခန်းတံခါးပိတ်ပြီး.. ညည်း ရွှေဆွဲကြိုးလေး ကလေးကို သွားပေးတဲ့ကိစ္စ သတိပေးတုန်းက.. ငါ့မှာဖြင့် မမလေးကို မျက်နှာတောင် မကြည့်ရဲဘူး .. အားနာ အနေခက်လိုက်ရတာ မယ်စိန် ရယ် .. ညည်း တော်တော် မိုက်တွင်းနက်တာပဲ .."

"မဟုတ်ပါဘူး ကိုစိန်း ရယ် .. ကျွန်မလည်း မယ်မှုန့် ကို သတိရလွန်းတာနဲ့.. ခုလို .. ငွေဝန်းလေး ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့လေးဆိုတော့.. သူ့အမေ့ပစ္စည်းလေး ပေးချင်စိတ် ဝင်လာလွန်းလို့ပါ .. ကျွန်မ ပေးတဲ့ လက်ဆောင်ဆိုပြီး ပေးတာပါ ကိုစိန်း ရယ် .. ကလေးက ထုံးစံအတိုင်း ပင်ကိုစိတ်ရင်းကောင်းလေးပီပီ .. တန်ဖိုးကြီးလှချေရဲ့နဲ့ မယူရက်ဘူး လုပ်နေချိန်မှာ .. ပေးချင်စောနဲ့ ကျွန်မလည်း လွှတ်ခနဲ .. မယ်မှုန့် ဆွဲကြိုးပါ .. ဝယ်ရတာ မဟုတ်ပါဘူးဆို ထွက်သွားတာပါ ရှင် .."





"အေး .. အဲသလောက်ပဲထွက်လို့ပေါ့ .. မယ်မှုန့် ကို .. လက်မထပ်ဘဲ ရှောင်သွားတဲ့ လူတစ်ယောက်အကြောင်း ထည့်မပြောလို့ပေါ့ .. မယ်မှုန် ကလည်း အဲဒီလူ ဘယ်သူဆိုတာ ညည်းကို ခေါင်းမာမာနဲ့ကို ဖွင့်မပြောဘဲ သေသာ အသေခံသွားတာ .. နှုတ်စကားပိတ်လိုက်ပုံများ.. ညည်းနဲ့တော့ ခြားနားပါပေရဲ့ ...၊ ညည်းကတော့ .. ဒီနေ့လို နေ့မျိုးမှာမှ.. ကလေးကို အဲဒီဆွဲကြိုး သွားပေးရတယ်လို့ကွာ .. ဒီမှာ မယ်စိန် .. မမလေးဆိုတာ ညည်းတူမရဲ့ သမီးလေးကို သမီးရင်းလေးလို ချစ်တာ ညည်း မျက်မြင်ပဲ ...၊ အစ်ကိုလေးဆိုရင် .. သူ့သမီးရင်း မဟုတ်မှန်းတောင် မသိဘူး .. ကိုကြီးနဲ့ ကိုငယ် ဆိုရင်လည်း သူတို့ ညီမလေးကို မျက်စိအောက်က အပျောက်မခံအောင် ချစ်ကြရှာတာ .. ခုထိ .. သူတို့ညီမလေးကို ကလေးလေးလို ညတိုင်း သီချင်းဆို ချော့သိပ်တုန်း .. အဲသလောက် ကံကောင်းနေတဲ့ ကလေးကို .. ညည်း .. အပူသွားပေးရက်တယ်ကွာ.. မတော်တဆ .. ကလေး သိသွားရင် .. ဘယ့်နှယ်လုပ်မလဲ.. ကဲ .."

ဟု ပြောကာ ဘဘစိမ်း ရုတ်ခနဲ ထထွက်လာတာမို့ တံခါးရွက်တစ်ဖက်မှာ ရပ်နေသည့် ကိုကြီးကို ဘဘစိမ်း တံခါးဖွင့်အထွက်မှာ ပက်ပင်းတိုးသွားသည်ပါပဲ ...။ မှင်တက်၍ ကြောက်သေသေကြီး ကြည့်နေသည့် ဘဘကို လက်ကာပြကာ ကိုကြီး ထမင်းစားဆောင်ထဲ အနိုင်နိုင်ခြေလှမ်း လှမ်းရသည်။ စားပွဲပေါ် လက်ထောက်၍ မနည်းကြီး ကိုယ်ကို ထိန်းပြီးမှ နီးရာ ကုလားထိုင်မှာ ပုံပုံကျကျ ထိုင်ချလိုက်မိရသည်ပါပဲ...။ နောက်ကို လှည့်ကြည့်တော့ ဘဘ လိုက်မလာ ...၊ မလာရဲတာလည်း ဖြစ်ချေမည် ...။ ကိုကြီး သိသွားပြီဟုတော့ ရိပ်မိသွားပုံ ရသည်ပါပဲ။

ဆံပင်ကြားထဲ လက်ချောင်းတွေ လျှိုသွင်းပြီး ကိုကြီး အတော်ကြာငြိမ်ထိုင်နေသည်။ ဖြူဥဥလေးနှင့် အလွန်ချစ်စရာကောင်းသည့် ညီမလေး ငွေဝန်းပျို ၏မျက်နှာလေး ပေါ်လာသည်။ ချစ်လိုက်ရသည်မှ



www.burmeseclassic.com

www.burmeseclassic.com



လေ.. တသသထား ..၊ ဖူးဖူးမှုတ် ချစ်ရင်း .. ဘယ်မှာမှ ချမထားနိုင်လောက်အောင် ရွှေရုပ်လေးနှယ် ထားရပါသည့် ညီမလေး ..၊ ထို မိန်းကလေးသည် .. ပန်းရဂုံ၏အိမ်မှ အစေအပါး ဒေါ်ကြီးစိန် ၏ သွေးတဲ့လားလေ ..၊ ဒေါ်ကြီးစိန် ၏တူမ မယ်မှုန် ဆိုတာ၏ ကလေး ..။ ပြီးတော့ .. ထိုကလေးသည် .. မယ်မှုန် ကို လက်မထပ်ဘဲ ရှောင်သွားသူတစ်ယောက်၏ကလေးလည်း ဖြစ်နေသည်တဲ့ ..။

ကလေး၏အဖေကလည်း လူကောင်းမဟုတ် ..၊ လူယုတ်မာ ..။ ကလေးအမေကလည်း .. ဒေါ်ကြီးစိန် ၏တူမ ..၊ ဒေါ်ကြီးစိန် ဆိုတာ ပန်းရဂုံ၏အိမ်မှ အစေအပါး ထမင်းချက် ..။ ထိုမျိုးဆက်သွေးသည် .. ပန်းရဂုံ၏မျိုးဆက်သွေး ဖြစ်သွားရမည်တဲ့လား ..။ မျိုးဂုဏ်အလွန်တင်သော ဖေဖေသာ သိလျှင် မည်သို့ ရှိချေမည်တဲ့လဲ ..။

ဒေါ်ကြီးစိန် နှင့်ဆိုလျှင် တူမက မွေးတာမို့ မြေးလေးတော်သည့် ကလေးသည် ..၊ ပန်းရဂုံ၏ အရှင်သခင် ဦးဘုန်းသာ၊ ဒေါ်ယမုန် တို့၏ သမီး ဖြစ်သွားရမည်တဲ့လား ..။ ကိုကြီး မျက်ရည်ကျနေသည်။ ဖြစ်ရလေဟု ရင်ထဲမှာ မချိ ..။ ညီမလေး အရင်းသာ ဖြစ်လိုက်ပါတော့..ဟု ရင်ထုမနာ ဖြစ်နေရသည်။ လက်ဖဝါးတွေကို ဖြန့်ကြည့်မိပြန်သည်။ ဤလက်ဖဝါးတွေဖြင့် ညီမလေးကို ပွေ့ခဲ့သည်၊ ချီခဲ့သည်၊ ချော့၍ ပုတ်၍ သိပ်ခဲ့သည်။ သြော် .. ဤညမှာပင် .. ချော့သိပ်ခဲ့သေးသည်ပဲလေ..။

ရင်သည် ယောက်ယက်ခတ်နေ၏။ နောက်ဆုံးတော့ အံခဲလိုက်မိကာ ဒေါ်ကြီးစိန် နှင့် ဘဘတို့၏ အခန်းရှေ့သို့ ရောက်လာရပြန်သည်။ အခန်းတံခါးကို ကိုကြီး ဖွင့်လိုက်မိရပါပြီ ..။ ခုတင်ထက်မှာ ငူငူငိုင်ငိုင်ကြီး ထိုင်နေသည့် ဘဘစိမ်း နှင့် ဒေါ်ကြီးစိန် တို့ကို အခန်းမီးရောင်အောက်မှာ မျက်ရည်တွေဖြင့် တွေ့ရသည်က ကိုကြီးပါ ..။ နှစ်ဖက်စလုံး မျက်ရည်ပြည့်နေကြသည်။ ကိုကြီးလည်း မျက်ရည်ကျနေသည်။ ဘဘစိမ်း ရော ဒေါ်ကြီးစိန်ပါ မျက်ရည်တကျကျဖြင့် ရှိနေသည့် အဖြစ်..။





"ဒေါ်ကြီးစိန် နဲ့ ဘဘစိမ်း ခြံထဲလိုက်ခဲ့ပါ .. ဟိုမှာ ကိုကြီး စောင့်မယ် .."

ဟု စိတ်ကို ဆောင်ထားလျက် အံခဲ၍ ပြောပြီးတာနှင့် ခြံထဲဆင်းခဲ့သည်က ကိုကြီးပါ ..။ မဖြစ် ..၊ ဤအတိုင်း ငြိမ်နေ၍ မဖြစ်။ အဖြစ်မှန်တစ်ခုကိုတော့ သိဖို့ကို လိုအပ်နေပြီ။ သိမှလည်း ဖြစ်မည်။ ဤကိစ္စကို သိထားပြီးသည့်နောက်မှာတော့ ကိုကြီး ရေငုံနှုတ်ပိတ်၍ မနေနိုင်..။ အထူးသဖြင့် ဖေဖေ့အပေါ်မှာ သစ္စာမဲ့ရာ ရောက်မည်။ ဤအိမ်ကြီးမှာ ဖေဖေ မသိပဲ ဖြစ်တည်ခဲ့သည့် အဖြစ်အပျက်တစ်ခုသည် ဤမျှ နက်ရှိုင်းဆိုးဝါးနေမည်ဟု ကိုကြီး ဘယ်တုန်းကမှ စိတ်ကူးထဲမှာပင် ရှိမလာနိုင်သည့်ကိစ္စ ..။ လက်တွေ့မှာ .. ရင်ကွဲအောင် ဖြစ်တည်နေသည်တည့်..။

ဘဘနှင့် ဒေါ်ကြီးစိန် တို့ ရောက်လာကြသည်က ပန်းဥယျာဉ်အားဘက်ရှိ ပုဏ္ဏရိက်တန်းဘေးဆီမှ ခုံတန်းနေရာသို့ပါ ..။ ကိုကြီး ခုံတန်းမှာ ထိုင်နေရာမှ ရှေ့မှာ မြင်နေရပါသည့် ပုဏ္ဏရိက်ပန်းနီနီလေးတွေကို ငေးစိုက်ကြည့်နေသည်။

"လိုရင်း ပြောကြတာ ပိုကောင်းပါတယ် ဒေါ်ကြီး .."

ရှေ့မှာ ရှိုရှိုလေး ရပ်နေကြတာကိုလည်း ထိုင်ဖို့ ကိုကြီး မပြော..၊ အေးစက်စက်လေသံဖြင့် ကိုကြီး စတင်၍ ပြောလာသည်။

"ကြားရမယ့် စကားတွေဟာ စိတ်ချမ်းသာစရာ ဖြစ်မနေတာကိုတော့ ကျွန်တော်လည်း ကြိုတင် သိထားပြီးပါပြီ .. ဒါပေမယ့် အဖြစ်စုံကိုတော့ ကျွန်တော် သိချင်တယ် .. သိမှလည်း ဖြစ်မယ် ..၊ မယ်မှုန် ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့သမီးဟာ ဘယ်လိုဖြစ်ပြီး မေမေ့သမီး ဖြစ်ရတာလဲ .. မယ်မှုန် ဆိုတာက ဘာကြောင့် သူ့သမီးကို မေမေ့သမီး ဖြစ်အောင် လုပ်ခဲ့ရတာလဲ .."

အသံတွေအက်နေသည်။ လက်ထဲက မချ ချစ်ခဲ့ရပါသည့် ညီမလေးဆိုသည့် ကလေးတစ်ယောက်သည် လုံးဝ မပတ်သက်ရာ အလွှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခု .. မိသားစုနှစ်ခုဆီမှ လျှို့ဝှက်ထားရာ အတိတ်တစ်ခု၏ ပုံရိပ်တစ်ခု အဖြစ် ရှိနေသည်တဲ့လား ..။

"ဒီကိစ္စ .. ဘယ်သူ့ကိုမှ မပြောရဘူးလို့ မမလေး ပြောထားလို့ပါ ကိုကြီးရယ် .. သိချင်ရင်လည်း မမလေးကိုပဲ မနက်ကျတော့မှ မေးပါလား ကိုကြီးရယ် .. နော် .."

ခဲယယ ဒေါ်ကြီးစိန် တောင်းပန်ပေမယ့် ကိုကြီး လက်မခံနိုင်..၊ ခေါင်းခါသည် ..။

"ပြောမှ ဖြစ်မယ် ဒေါ်ကြီး .. ဖေဖေ့ ကို အခု ခေါ်လိုက်ရမလား.."

ဟု တည်တည်ကြီး မေးလိုက်တော့မှ ဒေါ်ကြီးစိန် ချုန်းချ ငိုချေသတည်း ..။

"အေး .. မင်း ခုမှ ငိုမနေနဲ့ အဆင်ခြင်နည်းတဲ့ မိန်းမ ..၊ ငါ မပြောဘူးလား .. ကြမ်းကြား လေကြား .. နံရံ ကြားမယ်ဆိုတာလေ..၊ အခု အဲဒီအဖြစ် ကြုံပြီ .. မင်း .. ပြောပေတော့ .."

ဟု ဘဘစိမ်း စိတ်ထိခိုက်စွာ ပြောလာသည်။ ပုဏ္ဏရိက်တန်းမှာ ခြေပစ်လက်ပစ် သွား၍ ထိုင်လည်း ထိုင်လိုက်သည်ပါပဲ ..။ လရောင်အောက်မှာ တစ်ယောက်မှ စိတ်လက်ချမ်းသာ ရှိမနေ ..၊ ကိုကြီး၏ ရင်ထဲမှာ ခုထိ ကပ်၍ ပါလာနေသည်က .. ဖောဖော့က ခံစားခဲ့ရာ ထမင်းစားဆောင်ဆီမှအဖြစ် ..။ မှန်ပြတင်းဆီမှ တိုးဝင်ဖြာကျရာ လရောင်တို့ ခပ်ဖွဖွ လင်းလဲ့ရာ ထမင်းစားဆောင်နေရာမှာ အဘယ်မျှထိ အားအင်ကုန်ခန်းနေသူတစ်ယောက်အဖြစ် ရှိခဲ့ရပါသလဲ ..။ ကြေကွဲကြေမွှ ခံစားနေခဲ့ရပါသလဲ ..။ ခုလည်း ဘာမျှမထူး ..၊ အခန်းထဲရှိနေတာနှင့် အပြင်ရောက်နေတာပဲ ခြားသည်။ လရောင်အောက်မှာ ကြေကွဲနေရတာကတော့ အတူတူပင် ..။

"မယ်မှုန် ဆိုတာ ဒေါ်ကြီးရဲ့ တူမလေးပါ .. အလွန်လှတဲ့ ကလေးပါ .. ပြင်ဦးလွင်မှာ ပန်းခြံတစ်ခုမှာ အလုပ်လုပ်ပါတယ် .. အလွန်





အေးချမ်းတဲ့ မယ်မှုန် ဟာ .. ကလေးကိုယ်ဝန် လွယ်ထားရပြီဆိုတာ ကိုရော .. အဲဒီလူဟာ မယ်မှုန် ကို လက်မထပ်ဘဲ ရှောင်သွားတယ်ဆိုတာကိုရော .. မယ်မှုန် ပြင်ဦးလွင်က ပန်းစုံကားအိမ်ကို လာပြောတုန်းက ရင်ထဲ မယုံနိုင်အောင်ပါ .. မယ်မှုန် မှာက အဲစကတည်းက မိဘမဲ့..၊ အခုလို မျက်နှာပျက်စရာကိစ္စ ရပ်ထဲရွာထဲ ပေါ်တော့မယ်ဆိုတော့ .. ဒေါ်ကြီးကလည်း မမလေးတို့ အစ်ကိုလေးတို့က ပြင်ဦးလွင်အိမ်ကြီးမှာ အိမ်စောင့် ပန်းဥယျာဉ်စိုက်နဲ့ နေဖို့ ထားထားတာဆိုတော့ ကိုယ့်သဘောနဲ့ကိုယ် မယ်မှုန် ကို ခေါ်ထားဖို့ရာ မလွယ်ဘူးဖြစ်နေတုန်းမှာ.. မယ်မှုန် ကားဒရိုင်ဘာတစ်ယောက်နဲ့ လက်ထပ်လိုက်တယ် ကြားရတော့ ရင်ထဲက တစ်ချက်ငအေးတုန်းပဲ ရှိသေးတယ် .. မယ်မှုန် တစ်ယောက် ဒေါ်ကြီးစိန် ဆီ ရောက်လာတာပဲ .. အဲဒီ ဒရိုင်ဘာကလည်း မယ်မှုန် ကို သနားလို့ အမည်ခံ လက်ထပ်ပေးခဲ့တာတဲ့.. ဘာလို့ အဲသလို အမည်ခံ လက်ထပ်ပေးတယ်ဆိုတာကိုတော့ မယ်မှုန် ကလည်း မပြောပြဘူး .. ပတ်သက်ရာတစ်ခု ရှိလို့ပါလို့ပဲ ဖြေတယ်.. ဒေါ်ကြီးစိန် ဆီမှာ လာသောင်တင်နေတော့ မတတ်သာတဲ့အဆုံး မယ်မှုန် ကို ခေါ်ထားခွင့်ပြုဖို့ .. မယ်မှုန် ဆိုတာ မုဆိုးမဖြစ်နေပါတယ်လို့ .. မမလေးကို အသနားခံ ဖုန်းဆက်ပြောတော့ .. အစ်ကိုလေးဆီ ခွင့်တောင်းကြည့်မယ်လို့ မမလေး ဖြေတယ် .. နောက်တစ်နေ့ကျတော့ မမလေးဆီက ဖုန်းလာပါတယ် ခေါ်ထားပါတဲ့လေ.. အဲဒီတုန်းကတော့.. ဒေါ်ကြီးစိန် မှာ ဝမ်းသာလိုက်ရတာ .."

ဒေါ်ကြီးစိန် ပြောရင်း မျက်ရည်သုတ်၏။ ကိုကြီး ကတော့ အံခဲထားသည်ပါပဲ ..။

"အဲဒီမှာ .. မမလေးလည်း ကိုယ်ဝန် ခုနှစ်လနဲ့ ပြင်ဦးလွင်ကို ရောက်လာတယ် .. ရန်ကုန်မှာ ပူလွန်းလို့ဆိုပြီး အစ်ကိုလေး ကိုယ်တိုင် အားမောင်းပြီး လိုက်ပို့တာ .. လင်မယားနှစ်ယောက်တူတူ အဲဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နေကြဦးမယ်ဆိုပြီး ရှိခဲ့ပေမယ့် .. တစ်ပတ်တောင် မကြာဘူး အစ်ကို လေးဆီ စက်ရုံကိစ္စ ဖုန်းဝင်လာတာနဲ့ ပြန်သွားတယ် .. ရက်မကြာခ ပြန်လာမယ်လို့လည်း အစ်ကိုလေးက မမလေးကို မှာသွားတာ ..မယ်မှု ကလည်း ကိုယ်ဝန် နေ့စေ့ လစေ့ကြီး .. အဲဒီအချိန်မှာ ရှိနေတာ ..

"ကျွန်တော့် ညီမလေးအရင်း .. ဘယ်မှာလဲ .."

အံခဲ၍ သည်းမခံနိုင်တော့သည့်နှယ် ကိုကြီး ဖြတ်မေးတော ဒေါ်ကြီးစိန် မပြောရက်သည့်နှယ် မျက်ရည်ကျနေသည်။ ကိုကြီး ထ မျက်တောင်မခတ်ကြည့်ကာ သွားကို စေ့ထားမိရင်းမှ အတန်ကြာ ငြိမ် ကြည့်၏။

"ပြောလေ .. ကျွန်တော့်ညီမလေး ဘယ်မှာလဲ ..၊ အရင်း .. အရ ကို မေးတာ အတုကို မေးတာ မဟုတ်ဘူး .."

အတု ..၊ နှုတ်ဆီမှ အလိုလို ခုန်ပေါက်ပွင့်ကျလာသော စကား ရင်ထဲ ဟာ၏။.ချစ်လိုက်ရပါသည့် ညီမလေး ငွေဝန်းပျို သည် ညီမအ တဲ့လား ..။

"ပြောလေ ဗျာ .. ပြောလေ ဗျာ .."

အသံတွေ အက်ကျနေရင်း ဆက်တိုက်မေးလာမိက်မှာ ဒေါ်ကြီး လန့်ခနဲ ကြည့်သည်။

"မွေး ..မွေးချင်း ဆုံးသွားတာ .. ဒေါ်ကြီးစိန် ကိုယ်တိုင် မွေး ရတာ .. မမလေး ဗိုက်နာနေတာက မနက်ဦးကြီး .. မိုးတွေ လေ ထန်နေတယ်.. အပြင်ကိုလည်း သွားလို့ မရလွယ်ဘူး ဖြစ်နေတယ်.. မိုးကျတာမို့ ဆရာဝန်လည်း ခေါ်လို့မရဘူး ဖြစ်နေတယ် .. ဒေါ်ကြီး လည်း မတတ်နိုင်တော့တာမို့ ရွာမှာနေတုန်းက ကလေးမွေးပေးဖူးထ တာလည်း ရှိတော့ .. မမလေးကလည်း မွေးဖွားတော့မယ်ဆိုတာ ဖြ နေပြီမို့ မွေးပေးလိုက်ရတာပါ.. ကလေးက အသေလေး ဖြစ်နေတယ်

"ခင်ဗျား သတ်ပစ်တာ မဟုတ်လား .. ခင်ဗျား တူမ မွေး





လေးကို မေမေ့ဆီမှာ ထားချင်လို့ ကိုကြီးရဲ့ညီမလေးအရင်းကို သတ် တာ မဟုတ်လား .. ခင်ဗျားကို အမှုဖွင့်မယ် .. မနက်ကျရင် အမှုဖွင့် ယ် ဗျာ .."

ကိုကြီး ရင်ထဲ ကျေနေအောင် ခံစားရင်း ပြောတော့ ဒေါ်ကြီးစိန် က်ကာသည်။

"မဟုတ်ရပါဘူး ကိုကြီး ရယ် .. အဲဒီအချိန်မှာ နေ့စေ့ လစေ့ ယ်မှုန် ကဖြင့် ကလေးကို မမွေးသေးတာ .. မွေးရက်နီးနေတာပဲ တာ မမလေးက ကိုယ်ဝန်ခုနစ်လနဲ့ မွေးတာ .. လ မစေ့ပဲ မွေးတာ.. ဒီနေ့ညနေက မမလေး တစ်ချက် ခြံထဲမှာ ချော်လဲတယ် .. မနက်ဦး ဗိုက်နာတာပဲ .."

ဟု လက်တကာကာဖြင့် ဒေါ်ကြီးစိန် ပြောရှာပါ၏။

"မွေးတာက မိန်းကလေး .. ဖြူဖြူ သေးသေးလေး .. ချစ်စရာ သေးပါကွယ် .."

နမြောစိတ်ဖြင့် ကိုကြီး အံခဲထားသည်ပါပဲ။ ညီမလေးတစ် ယောက် လိုချင်သည်ဟု အမြဲ ကိုကြီးနှင့် ကိုငယ်တို့ တောင့်တကြ..၊ လင့်ကြနှင့် ရှိခဲ့ရပါလေသော အဖြစ်တစ်ခု ..၊ တကယ်လည်း ညီမလေး မွေးခဲ့သည်ပါပဲ။ ဒါပေမယ့် သေဆုံးခဲ့ပြီ ..၊ မျက်ရည်သည် ဆည်မရ ကျချေ၏။

"မမလေး ဆိုတာ မျက်ရည် ပေါက်ပေါက်ကျတာ .. အဲဒီအချိန် မယ်မှုန် က ဗိုက်နာပါရော .. မိုးထဲ လေထဲ မွေးတဲ့ အဲဒီနေ့ က်ဦးမှာ တစ်ယောက်က ကလေးသေတယ် .. တစ်ယောက်က ဆုံးတယ် .. မယ်မှုန် .. ကလေးမွေးပြီး ဆုံးရှာတယ် ကိုကြီးရယ်.. ဒီမှာ မီးတွင်းထဲမှာရှိနေတဲ့ မမလေး .. မယ်မှုန့် သမီးလေးကို တောင်း တာပါပဲ .. အစ်ကိုလေးကလည်း သမီးလေး လိုချင်တယ်.. ကိုကြီး ကိုငယ်ကလည်း ညီမလေး လိုချင်တယ် .. အဲဒီ ညီမလေးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မယ်မွန့် သမီးလေးပဲ ဖြစ်ရတော့မယ် .. အဲသလို မမလေး ပြောတယ်
ဒီကိစ္စ .. ဘယ်သူမှ မသိပါစေနဲ့လို့လည်း ကတိတောင်းတယ် .. အစ်
လေးကိုလည်း သမီးလေး မွေးပြီလို့ မမလေး ဖုန်းဆက်ပြောတယ် ..

ကိုကြီး အံ့ခဲထားသည် ..၊ ဘယ်မေ့နိုင်မည်တဲ့လဲလေ ..။ ညီမလေး
မွေးသည်ဆို၍ ဖေဖေနှင့်အတူ ကိုကြီးရော ကိုယ်ရော အပျော်တွေ
ကျောင်းတွေဘာတွေပင် အပျက်ခံကာ ပြင်ဦးလွင်သို့ ရောက်ခဲ့ကြသ
အတိတ်က ပုံရိပ်များကို မည်သို့ မေ့နိုင်မည်တဲ့လဲ ..၊ ဟိုတုန်းက
အပျော်တွေဖြင့် ရောက်ခဲ့သည့်နေ့များပေမို့ မမေ့နိုင်စွမ်းခဲ့ ..။ ခုကျ
လည်း ထိုနေ့တွေသည် ကြေကွဲဖွယ်နေ့တွေအဖြစ် ပြောင်းလဲကုန်
တာမို့ ရှေ့ခရီးသည်လည်း ကြေကွဲခြင်းတွေဖြင့် မမေ့အပ်စရာ ရှိနေ
ဦးတော့မည် ..။

"မမလေးက ပြောပြတယ် ကိုကြီးရယ် .. မမလေးမှာ ရှိတဲ့
တိုးရောဂါကြောင့် .. အသက်လေးလည်း ရလာပြီဆိုတော့ .. နောက်
ကလေးမယူအပ်တော့ဘူးလို့ ဆရာဝန်ကလည်း သတိပေးထားတ
တဲ့ ..၊ နှလုံးလည်း သိပ်မကောင်းချင်တော့ဘူးလို့ ပြောထားတာလည်း
ရှိတယ်တဲ့ .. အစ်ကိုလေးရော ကိုကြီးနဲ့ ကိုယ်ရော နောက်ထပ် သ
လေးတစ်ယောက် .. ညီမလေးတစ်ယောက် .. လိုချင်နေကြတဲ့ ဆန္ဒ
ကို .. တောင့်တခြင်းတွေကို .. အဲသလို မယ်မွန် သမီးလေးကိုမှ ယူ
မမလေး မမွေးရင်ဖြင့် အဲဒီဆန္ဒတွေ ပြည့်ဝနိုင်ကြတော့မှာ မဟုတ်
တဲ့.. ခင်ပွန်းသည်နဲ့ သားနှစ်ယောက်ရဲ့ဆန္ဒ ပြည့်ဝစေဖို့ဆိုတာ .. သ
လေးတစ်ယောက်.. မမလေး ရင်ခွင်ထဲမှာ ရှိနေဖို့ လိုနေလို့ပါတဲ့.. ဦး
ပြောတာ .. တောင်းပန်ရှာတာပါ ..၊ မယ်မွန် ကလည်း ဆုံးပြီဆို
ဒေါ်ကြီးစိန် တို့လည်း စိတ်တွေကုန်ရတော့တာပါပဲ .. ကလေးကို သ
ရင်းလို တစ်သက်လုံး ချစ်မှာပါလို့ မမလေးကလည်း ငိုပြီး သစ္စာပြု
တာပါ .."





ဟင့်အင်း ..၊ မေ့မေက သမီးရင်းလို ချစ်နိုင်ပေမယ့် .. အဲဒီအပါး
သမီး ..၊ ပြီးတော့ အဖေရင်းက မမွေးခင်ကတည်းက ရှောင်နေသည့်
သမီး ..၊ ကြားလူက အမည်ခံ အဖေဝင်လုပ်ပေးကာ မယ်မွန် ၏ အရှက်
ကို ဝင်ထိန်းပေးခဲ့ပါသည့် သမီး ..၊ အတိတ်ကြောင်း မကောင်းသည့်
ကလေးကို .. ညီမရင်းလေးလို ဘယ်နှယ်လုပ်၍ ကိုကြီး ချစ်နိုင်ပါ
တော့မည်တဲ့လဲ ..။

မျိုးရိုး အခြေခံမကောင်းသည့်ကလေးကို ပန်းရဂုံ၏ မျိုးဆက်သွေး
အဖြစ် .. မျက်စိမှိတ်၍ နေပေးလိုက်ရမှာကို ရင်ထဲမှာ လက်မခံနိုင်ဘဲ
ဖြစ်နေသည်။

"မီးနေသည်အလောင်းဆိုတော့ .. နောက်နေ့မနက်ပဲ မြေချရ
တယ် .. မယ်မွန် ရဲ့အလောင်းကို ပြင်ဦးလွင်က ပန်းစံကားအိမ်ကြီးရဲ့
နောက်ဖေးဘက် အစေခံတန်းလျားမှာ ထားရတာ .. အဲဒီကနေပြီးတော့
မြေချရတာ .."

ကိုကြီး ရင်ထဲမှာ နင့်နေသည်။ တနင့်နင့် ခံစားနေရသည့်ရင်ဖြင့်...

"ညီမလေးကိုရော .. အဲသလိုပဲ .. မြုပ်လိုက်တယ် ဆိုပါတော့ ..
အဲဒီ မယ်မွန် ရဲ့ သမီးအဖြစ်လေ အမေရော ကလေးရော .. သေတယ်
ဆိုပြီးတော့ပေါ့ .. ဟုတ်လား .."

အံ့ခဲ၍ မေးစဉ်နိုက် ဒေါ်ကြီးစိန် အဖြေခက်သလို တစ်ချက်ငြိမ်
နေရာမှ ခေါင်း အနိုင်နိုင် ညိတ်ပြသည်။ တက်ခေတ်သံက ကိုကြီး၏နှုတ်
မှ ပြင်းထန်သည့် ခံပြင်းရှိန်ဖြင့် မွှင့်ကျ၏။

"မေမေ လုပ်ရက်လိုက်တာဗျာ .. သမီးရင်း ကို ဖြစ်သလို မြေမြှုပ်
ခံလိုက်တာများ ရင်ထဲ .. မယုံနိုင်အောင်ပါလား .."

ဟု အံ့ခဲ၍ ဖြေတော့ ဒေါ်ကြီးစိန် လက်ကာသည်။

"မဟုတ်ပါဘူး ကိုကြီးရယ် .. သေချာ ရှုသွင်းပေးတာပါ .. မမ
လေးမှာ သမီးလေးအလောင်းကို နောက်ဆုံးအကြိမ် ပွေ့ပိုက်ရှာတုန်းက..



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဖွေးဆုတ်ကျသွားတာပါ .. အဲသလို .. ပစ်ပစ်ရက်ရက်လုပ်... တယ်လို့တော့ မပြောပါနဲ့ ကိုကြီးရယ် ..''

ဟု ဒေါ်ကြီးစိန် လက်တကာကာဖြင့် ငိုချ ပြောရှာပါသတည်း..

''ဟို ဒရိုင်ဘာဆိုတဲ့လူ .. ဘယ်မှာလဲ ..''

''အစက .. နာမည်လေးတောင် မပြောဘဲ နှုတ်ပိတ် ငြိမ်ခဲ့ပေမယ့် ကလေး မွေးဖွားခါနီးမှာတော့ .. ကလေးအဖေရယ်လို့ နာမည်ဆို... လိုနေတာလည်း သိပါတယ်တဲ့ .. ဒါပေမယ့် မပြောပါရစေနဲ့တဲ့.. အဲ... လူဟာ .. သူ့အလုပ်ရှင် သူဌေးဆီက ကားမောင်းတဲ့အလုပ်ကို ထွက်ပြီ... မယ်မှုန် ကို လက်ထပ်ခဲ့တာတဲ့ .. ပြီးတာနဲ့ ကွာရှင်းပေးခဲ့တာပါတဲ့.. အဲဒါ စပယ်ယာဝင်လိုက်ရင်း ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံမှာ ဘယ်... ခြေတစ်ဖက် ဖြတ်လိုက်ရတယ်တဲ့ .. အဲဒါ ဘာမှ မလုပ်နိုင်တော့တာ... ဖိနပ်ချုပ်နေတယ်တဲ့ .. ဖိနပ်အလုပ်ရုံလေးတစ်ခုမှာ ဆိုပါတော့ ..''

ရင်ထဲ ခံပြင်းလာပြန်သည်။ အဖေလုပ်သူက ဖိနပ်ချုပ်သမား... လားလေ ..။

''အဲဒါပဲ သိလိုက်ရတာရှိတယ် ကိုကြီးရယ် .. အဖေဆိုတဲ့ အမည်... ကို မယ်မှုန် ပြောကို မပြောပဲ နေခဲ့ရှာက ကလေးမွေးပြီးတော့လည်... ဆုံးရှာတယ် .. မယ်မှုန် ကိုယ်တိုင်က ကလေးမွေးပြီး သူ ဆုံးရုံလိမ့်မယ်... လို့ ထင်ထားပုံ မရပါဘူး .. အလွန်စိတ်ဓာတ်တင်ထားတာ သူ့ကလေး... ကို သူ ရှာကျွေးမယ်တဲ့ ..၊ ကလေးမွေးဖွားတုန်းကိစ္စမို့သာ ကိုယ်ဝန်ကြီး... နဲ့မို့ ဒေါ်ကြီးတို့ဆီမှာ ခဏ ခိုတာပါတဲ့ .. နောက်ကျရင် ကလေး... သူ ရှာကျွေးနိုင်ပါတယ်တဲ့ .. တခြားမှာ နေမှာပါတဲ့ .. အဲသလို ... ကိုယ်ဝန်ကြီးနဲ့တုန်းက အမြဲ ပြောပြောနေတတ်တာပါ ..''

ထိုအပြောသည် လက်တွေ့မှာ တကယ်ဖြစ်မလာပဲ ထိုကလေး... သည် ပန်းရဂုံမှာ ဖေဖေနှင့် မေမေ့သမီး လာဖြစ်နေသည်။ ကိုကြီးနှ... ကိုယ့် ညီမလေး လာဖြစ်နေသည်။





''ဒေါ်ကြီးစိန်လည်း တော်တော် ပျော်နေမှာပေါ့ .. ဒေါ်ကြီးရဲ့ ...မွေးပဲ ဆိုပါတော့ .. တူမရဲ့သမီးကို .. အဲဒီကလေးက .. ဒီမှာ ရွှေမှုန် ...အားပြီး ကြီးလာလို့လေ .. အမွေတွေလည်း ရဦးမှာကိုး ..''

ငေါ့တော့တော့ အပြောသည် အလိုလို ရှောရှောရှူရှူကြီး ထွက် ...လာနိုင်သည့်အဖြစ် ..။

''မဟုတ်ရပါဘူး ကိုကြီးရယ် .. အဲဒီလို လောဘစိတ်မျိုး ဒေါ်ကြီး ...ရော ကိုစိမ်း မှာရော .. မရှိကြတာ ယုံပါ ..၊ မမလေး ငိုပြီး ပြောလွန်း ...သို့သာ လက်ခံခဲ့ရတာပါ .. မမလေး စိတ်ချမ်းသာအောင်လို့ပါကွယ်.. အဲဒီကတည်းကလည်း ဒေါ်ကြီး ပြောပါတယ် .. ကလေးကို မမလေး ...ပြီး သမီး လုပ်လိုက်တာကြောင့် တစ်နေ့မှာ ပစ္စည်းမက်တယ်ဆိုတာ ...း ဒေါ်ကြီးတို့ ဖြစ်ကုန်ပါ့မယ်လို့ ပြောခဲ့ပါတယ်ကွယ် .. မမလေးက ...ကိစ္စ ဘယ်လိုမှ အစ်ကိုလေးရော .. ကိုကြီးနဲ့ ကိုငယ်ရော သိလာနိုင်မှာ ... မဟုတ်တာ .. မမလေးက ပြောပြမှာမှ မဟုတ်တာလို့ ပြောခဲ့တာပါ..''

''အေး .. အခု .. မမလေးက မပြောဘဲ .. ညည်း နှုတ်မငြိမ်လို့ ...ကြီး သိရပြီ မဟုတ်လား .. ကြားထဲက .. ကလေး ဒုက္ခဖြစ်ဦးမယ်..၊ ...ျာ ဘာမှ သိရှာတာ မဟုတ်ဘူး .. သူ့မိဘ .. သူ့အစ်ကိုတွေပဲဆိုပြီး ...နေတာ ညည်းကို ငါ အမြဲ သတိပေးတယ် .. စကားပြောရင် စဉ်းစား ...ပြောလို့ ..''

ဘဘစိမ်း က ဝင်ပြောကာ ခေါင်းခါ၍ အိမ်ကြီးထဲ ဝင်သွားတော့ ...ဒေါ်ကြီးစိန် ခဏရပ်နေသေးသည်။ ကိုကြီး ဘာမှမပြောဘဲ ခေါင်းခါ၍...

''သွားတော့ ဗျာ .. သွားတော့ ..''

ဟု ရင်မောသံကြီးဖြင့် ပြောချလိုက်တော့ ဒေါ်ကြီးစိန် မျက်ရည် ...သုတ်ပြီး ထွက်သွားရှာပါ၏။ ကိုကြီး တစ်ယောက်တည်း ငြိမ်၍ ကျန်ခဲ့ ...အမှ ခြေလှမ်းလေးလေးဖြင့် လျှောက်လာမိသည်က ပန်းစံကားပင်တန်း ...ဆီသို့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး ငွေဝန်းပျို အဖြစ် ချစ်လိုက်ရပါသည့် အတိတ်ဆိ
ပုံရိပ်များ ...၊ ညီမလေးကို ပန်းစံကားသရဖူလေးတွေ .. ဆွဲကြိုးလေးတွေ
ဆွဲပေးခဲ့ပါသည့်အဖြစ်များ ...။

မြက်ခင်းထက်မှာ ကိုကြီး ပန်းလျှော့ ထိုင်ချသည်။ ပန်းစံကား
တွေက ပြန့်ပြန့်ကြဲကြဲမျှ မြက်ခင်းထက်မှာ တင်နေ၏။ တစ်ဖက်ဆီ
လည်း ပန်းစံကားနီတို့က လေအနောမှာ ဖြူတ်သဲသဲ ကြွေနေတာ
မြင်နေရသည်။

ကိုယ်ထက်မှာ လာထိပြီးမှ မြက်ခင်းယက်မှာ ငြိမ်သက်နေ
သည့် ပန်းစံကားကြွေတစ်ပွင့် ...၊ အဖြူမှာ အဝါရိပ်လေး သမ်းနေ
သည့်ပန်းလေးကို ကောက်ကိုင်မိရာမှ ...

"ညီမလေးရယ် အိပ်ချင်ပြီ ×× ဝဲတိုင်ကို မှီ ×× အိပ်ချင်ပြီကွယ့် စံပ
ကို ×× လွှဲကြပါဦး ×× အိပ်ချင်တဲ့မျက်တောင် ×× မြွေးယောင်ယေ
မျက်တောင်ကော့ကလေး ×× ပေမြွေးမြွေး ××"

ကိုကြီး နှုတ်ဆီမှ သီချင်းဆိုသံ ...၊ ဩော် .. ညီမလေးကို ချော့ချေ
သိပ်ခဲ့ပါလေသော ကလေးချော့တေးသံ ...၊ စံပယ်ကုံးလေးပမာ ချစ်ရ
သည့် ကလေး ...၊ မျက်တောင်ထူ ရှည်စင်းစင်းလေးဖြင့် မော့မော့ကြ
တာကို ချစ်မဆုံးနိုင်အောင် ငုံ့မိုးကြည့်ရင်း ပါးလေးကို မွှေးရပါသ
ညီမလေး ...။

ဩော် .. ခုတော့ဖြင့် .. ထို ညီမလေးသည် .. နှလုံးအိမ်ထဲမှ
ရှန်းကြွ ထွက်ခွာနေချေပြီတည့် ...။ ညီမလေးဆိုသည့် ချစ်ရပါလေသော
နှလုံးအိမ်တွင်းဆီမှ .. ရှန်းကြွ ထွက်ခွာနေစေသည်ကလည်း .. ကိုကြ
ကိုယ်တိုင်ပဲ ဖြစ်နေချေသည် ...။

ဒါပေမယ့် .. ခံပြင်းခြင်းတွေဖြင့် မွန်းကျပ်နေသော ရင်ထဲမှာ
ကြေကွဲခြင်းကလည်း ရှိနေသည်။





ငယ်တုန်းက ကိုကြီး၏ လက်ညှိုးလေးကို လက်ကလေးဖြင့် ဆုပ်
ထားကာ အိပ်သွားတတ်ပါသည့် ညီမလေး ...။ လက်ညှိုးကို ငုံ့မိုး
ကြည့်ရာမှ မျက်ရည်တွေ ဖြိုင်ကျလာသည်။

"မင်း .. ဘာလို့ .. ညီမလေးအရင်း မဖြစ်ရတာလဲ .. မဖြစ်ရတာ
.. တကယ်က .. မယ်မွန် ရဲ့ သမီးက သေသွားရမှာကွ .. သေသွား
မှာ .. ငါ့ညီမလေးက မေမေ့ရင်ခွင်ထဲမှာ ကျန်ခဲ့ရမှာ .. အသက်ရှင်
မှာ .."

အတ္တစောဖြင့်လား ...၊ မေတ္တာစောဖြင့်လား ...။

ယူကျုံးမရ ညည်းတွားသံတွေ ကိုကြီး၏နှုတ်ဆီမှ ငိုညည်းသံဖြင့်
မြွေကျနေသည့် ရင်ဖြင့် ပွင့်ကျနေကြပါချေသည်တကား ...။

ထိုညက .. ပန်းစံကားပင်အောက်မှာ ပန်းစံကားရနံ့တွေနှင့်
အတူ...၊ ပန်းစံကားကြွေတွေနှင့် အတူ ...။ ပန်းစံကားတို့ ဝေနေသည့်
မြက်ခင်းပြင်မှာ ကိုကြီးသည် တိတ်ဆိတ်စွာ နာရီပေါင်းများစွာ မျက်
ရည်ကျရင်း ငြိမ်သက် ထိုင်နေခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၈]

နံနက်ဦး၏ လေပြည်နှော့နှော့ကဖြင့် ထုံးစံအတိုင်း ပန်းရနံ့
သယ်ဆောင်၍ ငွေဝန်း ကို တို့ထိ၏။ ပြတင်းကို ဖွင့်ထားကာ ခန်း
လေးကို တစ်ဖက်စီဆွဲ၍ ချကြဲစေပြီး အရင်ဆုံးကြည့်မိသည်က
စံကားပင်တန်းဆီသို့ပါ ..။

ကိုကြီးနှင့် ကိုငယ်တို့ မရောက်သေး ..၊ မနက်ဆို ပန်းစံကား
တွေ သီနှင့်နေကြပြီဖြစ်ပါသည့် ကိုကြီးနှင့် ကိုငယ်တို့ ဤနေ့မှာ အိပ်
ထ နောက်ကျချေသည်လား ..။

ဘယ်တော့မဆို ငွေဝန်း ထက် အရင်စောအောင် အိပ်ရာမှ
ကြ ..၊ ပန်းလေးတွေ သီကြနှင့် အမြဲရှိနေကြပါသည့် အစ်ကိုတွေ
ဤနေ့မှာ ပန်းစံကားရိပ်မှာ ရှိမနေကြ ..။ ငွေဝန်း စောစောနိုးနေလှ
လည်း အပင်အောက် ရောက်မသွားရဲ ..၊ မသွားရက် ..။

ဘာကြောင့်ဆို ကိုကြီးနှင့် ကိုငယ်ကဖြင့် ပန်းစံကားသရဖူလေး
တွေ၊ ဆွဲကြိုးလေးတွေ သီကြပြီးချိန်ကျတော့မှ ငွေဝန်း ကို ရောက်လ
စေချင်ကြသည်လေ ..။ ညီမလေး ရောက်လာတာနှင့် ကလေးလေး
ပါးနမ်းကြ ..၊ ပန်းသရဖူ ဆောင်းပေး ..၊ ပန်းဆွဲကြိုး ဆွဲပေးနှင့် ရှိပြီးမှ
မောင်နှမတွေ ထမင်းစားဆောင်ထဲ ဝင်ကြခြင်းပါ။





ထိုအခါမှ မနက်စာ စားဖို့ ဖေဖေ နှင့် မေမေ့ကို စောင့်ဖြစ်ကြခြင်းပါ ..။ ငွေဝန်း အောက်ထပ်သို့ ဆင်းလာမိရပါ၏။

ဧည့်ခန်းမှာ လူစုံနေသည်။ ဖေဖေနှင့် မေမေလည်း ရှိနေသည်။ ဒေါ်ကြီးစိန် နှင့် ဘဘစိမ်း လည်း ရှိနေသည်။ ကိုကြီးနှင့် ကိုငယ်တို့လည်း ဆိုဖာထက်မှာ ငူငူကြီး ထိုင်နေကြတာ မြင်နေရပါ၏။ ဖေဖေ့မျက်နှာကြီး နီနေသည်။ မေမေကဖြင့် မျက်ရည်ကျနေ၏။

"ဘာဖြစ်လို့ မေမေ ငိုနေတာလဲ .. ဘာဖြစ်တာလဲ .."

မေမေ ခုလို ဘယ်တုန်းကမှ ငိုတာ မရှိခဲ့ ..၊ မနက်ဆို မေမေသည် သနပ်ခါးလေးဝင်းအောင် လူးထားကာ .. နှင်းဆီပန်းလေးတစ်ပွင့်ကို ဆံထုံးထက်မှာ ပန်ထားလျက် ..။ သန့်စင်လှပစွာ ကျော့ကျော့မော့မော့လေးဖြင့် ချောမွေ့နေသည်ပါပဲ ..။

ဤနေ့မှာ မေမေသည် ပန်းလည်း ပန်မထား ..၊ သနပ်ခါးလည်း တင်မထား ..၊ မည်သည့်အပူသည် မေမေ့ကို လွှမ်းမိုးထားပါသလဲ ..။ ဘယ်သူများ ဘာဖြစ်၍လည်းလေ ..၊ မေမေနှင့်ပတ်သက်ရာ ဆွေမျိုးတစ်ယောက်ယောက်များ နေထိုင်မကောင်း ဖြစ်နေချေသည်လား ..။

ဟင့်အင်း ..၊ မေမေက တစ်ဦးတည်းသော သမီး ဟူ၍ သိထားရသည်ပဲလေ ..။ မေမေ့ဘက်မှ ဘိုးဘိုး ဘွားဘွားတွေလည်း မရှိကြတော့ ။ ဤသို့ပင် ဖေဖေ့ဘက်မှ ငွေဝန်း ၏ ဘိုးဘွားတို့သည် မရှိကြတော့ ..။ ဖေဖေသည်လည်း တစ်ဦးတည်းသော သား .. ဟူ၍ ငွေဝန်း သိထားရသည်ပါပဲ ..။ နှစ်ဘက် ဘိုးဘွားတွေကို ငွေဝန်း ဓာတ်ပုံထဲမှာသာ မြင်ဖူးခဲ့ရခြင်း ..။

ဒါဆို ဘာကြောင့် .. မေမေ .. ငိုနေရပါသလဲ ..။

"ဘာပဲဖြစ်ဖြစ် .. စာကြည့်ခန်းထဲမှာပဲဖြစ်ဖြစ် .. ပြောကြ .. ဆိုကြတာပေါ့ မောင်ရယ် .. ကလေးဆင်းလာရင် ကြားသွားပါ့မယ်.."

ခုထိ ငွေဝန်း ကို မမြင်ကြသေး ..၊ မေမေ ကလည်း ငိုရှိုက်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်နေသည်။ လှေကားထိပ် မကျတကျနေရာ ..၊ လှေကားထစ် သုံးထစ် လောက်ပဲ ဆင်းရသေးသောနေရာလေးမှာ ငွေဝန်း ရပ်နေမိရဆဲ .. မေမေ ငို၍ ပြောနေသည်က ငွေဝန်း ကြားသွားမှာ စိုးသည်ဆိုသည့် စကား ပါလာနေချေသည်တကား ..။

ဒါဆို .. ဒါဆို မေမေ ငိုနေသည်က ငွေဝန်း နှင့် ပတ်သက်နေပြီ..။

"ဟော .. ကြားတော့ရော ဘာဖြစ်သလဲ ယမုန် .. ဒီကိစ္စ နောက် လည်း သူ့ကို အသိပေးရမှာပဲ ..၊ ဒါ .. ပေါ့ပေါ့တန်တန် ထားရမယ့်ကိစ္စ မဟုတ်ဖူးကွ .. သူများသမီး ကိုယ့်သမီး လုပ်ထားတဲ့ကိစ္စ .. ကိုကြီး ပြောပြလို့ မောင် ကြားရချိန်မှာ .. ယုံတောင် မယုံနိုင်ဘူး ..၊ မောင့် မယား ဒီလောက် မိုက်တွင်းနက်မယ် .. အဆင်ခြင်ကင်းမယ်လို့ ထင်ကို မထင်ထားမိတာ .. ဘယ်နှယ်ကွာ အစေအပါး မယ်မှုန် ရဲ့ သမီး .. ဗိနပ်ချုပ်သမားရဲ့ သမီး .. အဲဒါ .. မောင့်သမီး ဖြစ်ရမှတဲ့လား .. ဘုန်းသာ သမီး ဖြစ်ရမယ်တဲ့လား ..၊ တော်သေးတယ် စောသိလို့ ဒါမှ မဟုတ်ရင် .. ကိုမြတ်မှူး တို့ကို ဘယ်နယ်လုပ် မျက်နှာပြရမလဲ .. ဟင် .. သူများသမီး .. အမျိုးဂုဏ်မရှိတဲ့ ကလေးကို .. ငါ့သမီးလုပ်ပြီး လိမ်ညာပေးစားတယ် ထင်ခံရမှာပေါ့ကွ .. အဲဒါ .. သိက္ခာနဲ့ ဆိုင်တယ် သိရဲ့လား ..၊ လိမ်ညာတဲ့လူ ငါ အဖြစ်မခံနိုင်ဘူး .. ဒါကြောင့် .. မောင်ထက်ခေါင်မှူး ကို ခေါ်ပြီး .. ချက်ချင်းလာခဲ့ပါလို့ ကိုမြတ်မှူး ကို ငါ ဖုန်းဆက်ခေါ်ထားပြီးပြီ .. ရောက်လာကြလိမ့်မယ် .."

"အလျှင်စလို ဘာမှ မလုပ်ပါနဲ့ မောင်ရယ် .. အဲဒီ သားအဖကို ဘယ်တုန်းက မောင် ဖုန်းဆက်ခေါ်လိုက်တာလဲ .. ရောက်လာကြရင် ဖြင့် .. တခြားအကြောင်းပြချက်ပဲ ပေးပါ မောင် .. ဒီကိစ္စကြီးကိုတော့ အသိမပေးသင့် မပေးသင့် နောက်တော့မှ ခေါင်းအေးအေးနဲ့ စဉ်းစား ကြရင် ကောင်းမယ် ထင်ပါတယ် မောင်ရယ် .. အခုက စဉ်းစားရမှာက ယမုန့် သမီးလေးအတွက်ပါ မောင်ရယ် .."





"ယမုန့် သမီး .. ခုထိ .. အဲဒီစကားကို ဆက်နေတုန်းပဲလား .. ခုထိ .. မိုက်နေတုန်းလား .. အေး .. ငါ ဖုန်းဆက်ခေါ်လိုက်တာက ဒီနေ့ ဘုရားဆောင်မှာ ဘုရားရှိခိုးနေတုန်း အချိန်ကပဲကွ ..၊ ကိုကြီးက ကိုယ်နဲ့ ငါ့ကို မနက် ခြံထဲခေါ်ပြီး ဖြစ်စုံအားလုံး ငိုပြီး ပြောပြတာ သိလား .. ငါတို့ဆိုတာ ယုံတောင် မယုံနိုင်ဘူး .. မင်းမို့ လုပ်ရက်တယ် ယမုန် ရာ .. ငါ့ကလေး သေ .. သေတယ်ပေါ့ကွ ..၊ သူများသမီး ကို သမီး လုပ်ပြီး ငါတို့သားအဖ စိတ်ချမ်းသာအောင် လုပ်ရသတဲ့လား.. သမီး မရှိတော့ရော ဘာဖြစ်လဲ .. ငါ့မှာ သားရှိတာပဲ .. သမီး လိုချင် ရင်တောင်မှ .. မွေးတဲ့ သမီးလေး သေသွားတဲ့နောက်မှာ .. ငါ ဘာဘတ် ခံမှာလဲ .. ကံကြမ္မာပဲပေါ့ ယမုန် ..၊ ခုလို .. မလိမ့်တပတ်နဲ့ ငါတို့ သားအဖကို မင်း အရူးလုပ်တာ မခေါ်ဘူး .. ခု .. သူများကလေးက .. ငါ့သမီးဖြစ်ပြီး ပန်းရဂုံ ရဲ့ မျိုးဆက်အဖြစ် ရှိနေတာ .. ငါ ခံရအခက် ဆုံးပဲ .."

လှေကား လက်ရန်းကို တုန်ခါနေသည့် လက်ချောင်းလေးတွေဖြင့် တင်းမြဲအောင် ဆုပ်ခဲကိုင်ထားရင်း ငွေဝန်း ၏ သွေးတွေ ရပ်ဆိုင်း သွားသည်သို့ ခံစားလာရသည်။ တစ်ကိုယ်လုံး အေးစက်နေခြင်းက ရုတ် တရက်ပင် တိုးဝင်လာ၏။ မျက်ရည်က ထိန်းမရနိုင်အောင် ကျကျလာ ကြပြီ ..။

မည်သို့ မည်ပုံဖြင့် မေမေ့ သမီးအဖြစ် ငွေဝန်း ရှိခဲ့ရသည်ဆိုတာ မသိရသေးပေမယ့် .. ငွေဝန်း သည် .. ငွေဝန်း သည် .. ဤ ပန်းရဂုံ ၏ သမီး မဟုတ်တာကိုတော့ ကိုယ်တိုင်နားနှင့် ဆတ်ဆတ် ကြားနေခဲ့ ရပြီးပြီ ..၊ ဖေဖေ ကိုယ်တိုင်ကလည်း ခုမှ သိရခြင်း ..။ သိတာနှင့် ဘာကိုမျှ ထိမ်ချန်ထားချင်ဟန် မရှိတော့သည့်နှယ်ပင် တိုဆတ်မာကျော စွာ မေမေ့ကို အသံတင်းတင်းဖြင့် ပြောနေပြီ။ မေမေကတော့ ငိုနေသည် သည့် ..။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် .. မေမေ စိတ်ဆင်းရဲနေရပြီ .."

ဟု တွေးနေ သိနေရင်း ငွေဝန်း ရင်ထဲမှာ မချိနိုင် ..၊

"ငါဟာ .. အဲဒီအပါးရဲ့ သမီး တဲ့ .. ဖိနပ်ချုပ်တဲ့သူရဲ့ သမီး တဲ့.."

ငွေဝန်း ကြားခဲ့ရလေသမျှ မယုံနိုင်ပဲ ဖြစ်နေရဆဲ ..၊

"ကလေး ကြားသွားပါ့မယ် မောင်ရယ် .. ခုချိန်ဆို သမီးလေး အပေါ်ထပ်က ဆင်းလာတော့မှာ .. ခမျာ .. မနေ့ကမှ မွေးနေ့ဖြစ်ခဲ့ တာပါ မောင်ရယ် .. ကလေးကို ရုတ်တရက်ကြီး စိမ်းကားပြတ်ထင် မလုပ်ပါနဲ့ မောင် ရယ် .. ဘာပဲဖြစ်ဖြစ် သမီးလေးဟာ ယမုန့် သမီး လေးပါ .. ယမုန် နို့တိုက်မွေးခဲ့ရတာပါ.. ယမုန့် ရင်ထဲက ဖြစ်တည် တဲ့ နို့ရည်ကြည်နဲ့ တိုက်မွေးခဲ့ရတာပါ မောင်ရယ် .."

မေမေ ငိုပြောနေချိန်မှာ ..၊ ထပ်၍ အခန်းထဲ ဝင်လာကြပါသည် မမထား နှင့် မမခက် တို့က မော့ခနဲ အကြည့် ..၊ ငွေဝန်း ကို မြင်ကြချိန် မှာ မျက်နှာတွေ တည်ကုန်ကြသည်ပါပဲ ..။

"မဟုတ်ဘူး .. မေမေ .. အဲဒါ အမှန်တရား မဟုတ်ဘူး .."

ကိုကြီး ဝင်ပြောသည်။ မမထား ကိုကြီးကို လက်ကုတ်၍ အပေါ် ဘက် မော့ခနဲ ကြည့်ပြတော့ ကိုကြီး လှမ်းကြည့်လာပါ၏။ ငွေဝန်း ကို မြင်တော့ တစ်ချက် မျက်နှာပျက်သည်။ ငွေဝန်း ၏ မျက်ရည်ကျနေ တာကို တွေတွေကြီး စိုက်ကြည့်သည်။ နောက်တော့ ထိနိုက်သံကြီး ဖြင့် ..

"လုပ်ရက်တယ် ဗျာ .. မေမေရာ .."

ဟု ပြောချလိုက်သည်ကလည်း ကိုကြီး ပါ ..၊ ငွေဝန်း လက်လေး တွေ တုန်ခါနေရင်းမှ .. ခြေသလုံးလေးတွေ မခိုင်သည့်ကြားမှ မနည်း အားတင်း၍ အောက်ထပ်သို့ လှေကားလက်ရန်းကို လက်ဖြင့် ဆုပ်ကိုင် ထိန်းရင်း ဆင်းလာမိရပါပြီ ..။





ငွေဝန်း ဆင်းလာတာ ထိုအခါမှ အားလုံး မြင်ကြကာ ဖေဖေ သည်း တွေ၍ ကြည့်၏။ ငွေဝန်း မျက်ရည်တကျကျဖြင့် ဖေဖေ့ကို အကြည့်တည်းကြည့် ဆင်းလာတာကို ကြုံရတော့ ဖေဖေ့ရင်ထဲ ထိခိုက် မှုဖြင့် မချိတင်ကဲကြီး တက်ခတ်၍ ...

"ယမုန် ရာ .. မင်း အားလုံးကို ဒုက္ခပေးတာပါလား ဟင် .. မောင်တို့ သားအဖကိုလည်း ဒုက္ခပေးတယ် .. ကလေးကိုလည်း ဒုက္ခ ပေးတယ် .. မင်းကိုယ်မင်းလည်း ဒုက္ခပေးတယ် .. ခု .. ကောင်းကြသေး ရဲ့လား .. ဟင် .."

ယူကျုံးမရသံဖြင့် ဖေဖေ မချိတင်ကဲ ညည်းပါ၏။ ငွေဝန်း မေမေ့ အားမှာ သွားရပ်ကာ လက်ကိုကိုင်၍ ...

"ငွေဝန်း .. ငွေဝန်း ဟာ မေမေ့ သမီးပါနော် .. ဟုတ်ပါတယ် နော် .. တစ်ခုခု .. မေမေ နဲ့ ဖေဖေတို့ လွဲနေတာ ဖြစ်မှာပါ .. မေမေ့ သွေးအုပ်စုက ဘီလေ .. ငွေဝန်းလည်း ဘီလေ မေမေရဲ့ .. ပြီးတော့ ပြီးတော့ .. ငွေဝန်း က .. ငွေဝန်း က မေမေနဲ့ မျက်လုံးလေးတွေ တူ တယ် ဆို.. တူတယ် ဆို .. ဖေဖေနဲ့ နှာတံလေး တူနေတာဆို .. မျက်နှာ ကျလေးက မေမေနဲ့ တူတာဆို .. ဟင် .. ဟင် .."

ငွေဝန်းပျို မျက်ရည်တွေကျရင်း တတွတ်တွတ် မော့မေးနေတော့ မေမေ ချုံးချ၍ ငိုပါ၏။ ငွေဝန်း ကို ရင်ခွင်ထဲ သိမ်းပွေ့ပိုက်ကာ နဖူး လေးကို နမ်းသည်။ မျက်ရည်သုတ်ပေးသည်။ မျက်နှာလေးကို လက် ဝါးဖြင့် ဖေးအုပ်၍ ...

"ဟုတ်ပါတယ် သမီးရယ် .. သမီးဟာ မေမေ့သမီးပါ မေမေ့သမီး ပါ .."

ဟု မျက်ရည်ကျနေရင်း ငိုသံပါကြီးနှင့် ဖြေလာပါ၏။ ဖေဖေ ခေါင်းခါသည်။

"ကလေးကို အမှန်အတိုင်း အသိပေးစမ်းပါ ယမုန် .. ဒါ အသိ



www.burmeseclassic.com

www.burmeseclassic.com



ပေးကို ပေးရမယ့်ကိစ္စကွ .. ငါ့အမွေအနှစ်တွေကို သူစိမ်းလက်ထဲ ဝေခြမ်း မပေးနိုင်ဘူး သိရဲ့လား .."

ဟု အော်တော့ ငွေဝန်း ဖေဖေ့ကို ပြေးဖက်မိကာ ...

"ငွေဝန်း ကို အမွေမပေးပါနဲ့ ဖေဖေရယ် .. အချစ်ပဲပေးပါ .. ငွေဝန်း ကို အမြဲ .. နေ့တိုင်း .. ခုလို .. ဖက်ထားတတ်တဲ့ ဖေဖေဟာ .. အခုလည်း ဖက်ထားပါ ဖေဖေရယ် .. ငွေဝန်း အမွေ မလိုချင်ပါဘူး လက်မှတ်ထိုးပေးပါ့မယ် ဖေဖေရဲ့ .. ဖေဖေနဲ့ မေမေတို့ ချစ်ပဲ ချစ်ပေးကြပါ .. ကိုကြီးနဲ့ ကိုငယ်တို့ ချစ်မြဲ ချစ်ပေးကြပါ .."

ဟု ငိုပြောရင်း မော့ကြည့်တော့ ..၊ ဖေဖေ အံခဲထားရင်း ငြိမ်နေသည်။ ငွေဝန်း ကို ခါတိုင်းလို ချစ်ကြင်နာစွာ ပွေ့ပိုက်ထားတာ မရှိ .. ဖေဖေ့လက်သည် တွဲလွဲကျ ငြိမ်နေ၏။ ငွေဝန်း ငိုချလိုက်မိပြီ။ အားကိုးရာ ပျောက်ချေပြီကော ..။ အချစ်တွေ ဆုံးရှုံးရချေပြီကော ..။

တစ်ယောက်တည်းပါလားဟု ခံစားရင်း သိမ်ငယ်လိုက်သည်။ ... လည်း ရင်နှင့်မနိုင် ..၊ ခံစားချက်က ဆို့ဝါးလွန်းနေသည်။ ကိုယ်လေး လျှောကျသွားကာ ဖေဖေ့ခြေအစုံမှာ ခေါင်းလေး ဦးနိုက်မှီတင်ထားရင်း ဖေဖေ့ ခြေထောက်ကို သိမ်း၍ ဖက်ထားမိရင်း ...

"ဒါဆို .. ဒါဆို .. ငွေဝန်း က ဘယ်သူ့ကို ချစ်ရမှာလဲ ဖေဖေ ရဲ့ .. ဘယ်သူ့ကို အားကိုးရမှာလဲ .. ဘယ်သူ့အချစ်ကို ခံရမှာလဲ .. ငွေဝန်း မှာ ဖေဖေနဲ့ မေမေရယ် .. ကိုကြီးနဲ့ ကိုငယ်ရယ်ပဲ ရှိတာပါ .. ရှိတာ ပါ.."

ဟု ရင်တွေကျေနေရင်း ဖေဖေ့ ခြေအစုံကို နဖူးဖြင့် တိုက်၍ ပြော မိရပါပြီ ..။ ဖေဖေ့ လက်တွေ ငွေဝန်း ၏ ကိုယ်လေးကို ထူမတ်ပေး မလာ ..၊ မကြည့်ရက်သည့် မေမေသာ ငွေဝန်း ကို ပွေ့ထူပေးရှာပါ၏။ မေမေ့ ရင်ခွင်မှာ ငွေဝန်း ငိုနေသည်။ ငိုနေရင်းလည်း မေမေ့ ရင်ခွင်ကြား မှ ကိုကြီးနှင့် ကိုငယ်ကို မျက်ဝန်းလေးတွေဖြင့် နိုး၍ကြည့်မိသည်။





ကိုကြီးနှင့် ကိုငယ်၏ မျက်နှာထက်မှာ ထင်နေကြသည်က အံခဲ၍ ... တင်းမာသည့်အကြည့်တွေပဲ ဖြစ်နေသည်။ ထို တင်းမာကြည့်တွေကြား ... ထဲမှပင် .. ကြေကွဲရိပ်တွေကလည်း ထင်နေပြန်၏။ ဘာကြောင့်ဆို .. မျက်ရည်ဝဲနေကြသည်လေ ..၊ လက်သီးတင်းနေအောင် ဆုပ်ထားပါ သည့် ကိုကြီးကို အားကိုးစိတ်ဖြင့် ငွေဝန်း ကြည့်မိကာ ငိုရှိုက်ရင်း ကိုကြီး ရှေ့မှာ သွားရပ် မော့ကြည့်မိရပါ၏။

"ကိုကြီး ညတိုင်း သီချင်းဆိုသိပ်တဲ့ ညီမလေးလေ ကိုကြီးရဲ့ .. ငွေဝန်း ကို ငွေဝန်း ကို .. ညီမလေးရယ် အိပ်ချင်ပြီ .. ဝဲ .. တိုင် .. ကို .. မှီ အိပ်ချင်ပြီ .. ကွယ့် .. စံပယ် .. ကုံး .. လွှဲ .. ကြ .. ပါဦး .. အိပ် .. ချင်တဲ့ မျက်တောင် .. မြေးယောင်ယောင် မျက်တောင် .. ကော့ကလေး ... .. မြေး .. မြေး .. လို့ ကိုကြီးနဲ့ ကိုငယ် .. ဟောဒီ နဖူးလေး ဟောဒီ ... ခုံးလေးကို ပုတ်ပြီး .. သိပ် .."

ငိုရင်း သီချင်းလေး ဆိုပြ ..၊ နဖူးလေးကို ပုတ်ပြ ..၊ ပခုံးလေးကို ပုတ်ပြနှင့် ငွေဝန်း ပြောနေတော့ ကိုငယ် တက်တစ်ချက်ခတ်ကာ ပြတင်းဘက်သို့ ခြေလှမ်းကြဲကြီးနှင့် လျှောက်သွားပြီး ကျောပေးရပ် ... လိုက်ပါသတည်း ..။ ကိုကြီးကတော့ တစ်ချက် တွေ၍ ငြိမ်၍ ကြည့် သည်။ နောက်တော့ ငွေဝန်း ၏ လက်လေးတွေ ကိုကြီး၏ လက်မောင်း ကို အားကိုးတကြီး ငိုရှိုက်ကိုင်လိုက်တာကို ခံရချိန်မှာ ချက်ချင်း လက် ကို ရုပ်လိုက်ကာ .. ကိုငယ် ရပ်နေရာ ပြတင်းဆီသို့ ခြေလှမ်းကြဲကြီးနှင့် လျှောက်သွား၍ ကျောပေး ရပ်နေပစ်လိုက်ပါသတည်း ..။

ငွေဝန်း နေရာလေးမှာ ငြိမ်၍ အားကိုးရာပျောက်ရင်း ငိုရှိုက်ကျန်ခဲ့ ... သည်ပါပဲ..။ မြင်ကွင်းကို ငို၍ ကြည့်နေသည်က ဒေါ်ကြီးစိန်..၊ မကြည့် ... နိုင်ပုံဖြင့် အခန်းထောင့်မှာ သွားထိုင်လိုက်သည်က ဘဘစိမ်း ... မေမေကတော့ ငွေဝန်း ၏ကိုယ်လေးကို ထွေးပိုက်ဖို့ ရှေ့တိုးလာချိန် ... မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"နေရာမှာ ရပ်နေလိုက်ပါ ယမုန် .. ဒီအချိန်မှာ .. တစ်အိမ်လုံး ကြေကွဲအောင် ခံစားကြရတဲ့အချိန်ပဲ .. တစ်ယောက်မှ စိတ်ချမ်းမြေ့ကြ ရတာမဟုတ်ဘူး သူ့ရင် .. ကိုယ့်ရင် .. ကိုယ်စီ ကျေနေကြတာပဲကွ - ဒါပေမယ့် အမှန်တရားဆိုတာကို သိကြဖို့ လိုတဲ့အထဲမှာ ငွေဝန်းပျို လည်း ပါတယ် .. သူ သိဖို့က အလိုအပ်ဆုံးပဲ .."

ဟု ဖေဖေ ပြတ်သားစွာ လှမ်း၍ပြောရင်း မေမေ့ ခြေလှမ်းတွေကို ဟန့်တားလိုက်ပါပြီ ..၊ မေမေ ငိုနေသည်။ ငွေဝန်း ဖေဖေ့ကို ကြည့်ကာ အိမ်ဧည့်ခန်းနံရံမှာ ချိတ်ထားပါသည့် ငွေဘောင်ကွပ် မိသားစုဓာတ်ပုံ ကြီးရှေ့မှာ သွားရပ်ကာ ...

"ဒီမှာလေ ဖေဖေရဲ့ .. ဖေဖေ့လက်တွေနဲ့ ဖက်ထားတဲ့ ငွေဝန်း ဟာ .. ဖေဖေနဲ့ နှာတံလေးတွေ .. နှုတ်ခမ်းလေးတွေ တူတယ်ဆို - တူတယ်ဆို .. ငွေဝန်း မှာ ဖေဖေနဲ့ မေမေတို့ပဲ ရှိတာပါ ဖေဖေရဲ့ - ကိုကြီးနဲ့ ကိုငယ်တို့ပဲ ရှိတာပါ ဖေဖေရဲ့ ..၊ ငွေဝန်း .. ငွေဝန်း ကို ဒီလောက် ပိုင်းချစ်ကြတာ အခု အဲဒီအချစ်တွေအားလုံး ပျောက်ကွယ် သွားနိုင်ပါ့မလား .. ငွေဝန်း .. ငွေဝန်း ကြောက်တယ် .. ကြောက်တယ် - အဲဒီအချစ်တွေ .. အချစ်တွေ .. ငွေဝန်း ကို ပေးပါ ဖေဖေ ရဲ့ .."

တစ်သက်လုံး အရိပ်တကြည့်ကြည့်ဖြင့် ဖူးဖူးမှုတ် ပိုင်း၍ သည်း သည်းလှုပ် ချစ်ကြချေသမျှ ..။ ကိုကြီး ဆို .. လက်ဖျားအထိ အကိုင်မခံ တော့ပဲ စိမ်းပြတ်ပြတ် နေကြချေတော့ ..။ ငွေဝန်း .. ရူးမတတ် ခံ စားလာရပါပြီ။ ရင်သည် မခံနိုင် ..၊ လက်တွေ့ကြုံနေရတာကို မယုံနိုင် - ပြီးတော့ .. ချောက်ချားနေသည်။

ဓာတ်ပုံကြီးကို လက်ညှိုးလေးဖြင့် ထောက်၍ ထောက်၍ ပြ - ဖေဖေ့ကိုကြည့်၍ တောင်းပန်ဖြင့် ငွေဝန်း အရူးတစ်ပိုင်းဖြစ်နေချိန်မှာ မေမေကတော့ ချုံးပွဲချ ငိုနေပါပြီ ..။ ဖေဖေကလည်း အံခဲ၍ တမင် တကာပင် ငွေဝန်း ကို မကြည့်ပဲ စိတ်ကို တင်းထားနေပုံဖြင့် ငြိမ်နေ





သည်ပါပဲ ..။ ကိုကြီးနှင့် ကိုငယ်ကလည်း လှည့်ကို မကြည့်ကြတော့..။ ပဲ ငိုနေကြသည်လား မသိ ..၊ မျက်နှာထားပဲ တင်းနေကြသည်လား ည်း မသိ ..။ ငွေဝန်း သာ .. ငွေဝန်း သာ .. ဧည့်ခန်းဆောင်ကျယ်ကြီး ာ .. ဖေဖေ့ကို ကြည့်ပြောလိုက် ..၊ မေမေ့ကို ကြည့်ပြောလိုက် ..။ ကိုကြီးနှင့် ကိုငယ်ကို ကြည့်လိုက် ပြောလိုက်ဖြင့် ဖေးကူမည့်သူ မရှိ..။ ောင်းဖျမည့်သူ မရှိ ..။ ပွေ့ပိုက်မည့်သူ မရှိဖြင့် ချက်ချင်း နေထဲ ချလိုက်ရသလိုကြီး အပူကြီး ပူနေရပါပြီ။ တစ်သက်လုံး ပန်းလေးလို ားရှရှ .. နုနုနယ်နယ်လေး ပိုင်းအချစ်ခံနေခဲ့ရပါသည့်ဘဝဆီမှ .. လို အကျဉ်းခံ အဖယ်ခံဘဝ ရောက်ရတော့ .. နေလုံးကြီးထဲ ခုန်ချလိုက် ည့်နှယ် ဖြစ်ကုန်ရသည်ပါပဲ။

နောက်ဆုံးတော့ .. ငွေဝန်း ဘာကိုမှ မကြိုးစားတော့ ..၊ ဓာတ်ပုံ ကြီးကို မော့ကြည့် ပြောနေရာမှ လက်မောင်းလေးကို အားကုန်အားပြတ် လွဲကြီး ချလိုက်မိသည်။ မျှော်လင့်ချက်တွေ လက်လျှော့ကုန်ဆုံးသွား ည့်နှယ် မျက်ဝန်းလေးတွေ မှိန်ဖျော့ကျလာသည်။ အရုပ်ကြိုးပြတ် ကြမ်းပေါ်ထိုင်ချလိုက်ကာ စတင်၍ ငွေဝန်း ၏လက်လေးတွေက လေးကို သိမ်း၍ ထိုင်ပိုက်ပုံလေးဖြင့် ရှိနေရပါ၏။

ကိုယ်မှတစ်ပါး အားကိုးရာ မရှိတော့သည့်အဖြစ်ကို လက်မခံနိုင် မယ့် .. ငြင်းဆန်ခွင့် မရစွာဘဲ နလုံးသားတွေ မွ၊ ကျေနေရင်း သိ ိကရ ..။ လက်ခံလိုက်ရပါသည့် ငွေဝန်း ၏နှုတ်မှ ညည်းတွားသံ သားတွေ ပွင့်ကျနေသည်။ ဘာမှန်းမသိနိုင်လောက်အောင် ပြောနေသည့် ားလုံးလေးတွေကလည်း နှုတ်ဆီမှ ကစဉ့်ကလျားနိုင်စွာ တစ်ချက် စ်ချက် ပေါ်နေ၏။ သေချာ နားထောင်ကြည့်တော့မှ ...

"ညီမလေးရယ် အိပ် .. ချင် .. ပြီ .. ဝဲ ×× တိုင် .. ကို .. မှီ .."

ဆိုသည့် စကားလုံးလေးတွေအဖြစ် ဝေဝါးလွန်းစွာ ရှိနေပြီ ည့်အဖြစ် ..၊ တဖြည်းဖြည်း ငွေဝန်း ၏ကိုယ်လေးသည် ူးလေး



www.burmeseclassic.com

www.burmeseclassic.com



ထောင်၍ လက်လေးဖြင့် ဒူးကို သိမ်း၍ ထိုင်နေရာမှ ရှေ့နောက် လှုပ်လ
သည်။ အသံလေးတွေက တုန်ချိချိဖြင့် နှုတ်ဆီမှ ပွင့်ကျနေဆဲ ..။
ထိုစဉ်ခိုက် ငွေဝန်း ၏ ရှေ့မှာ ခြေအစုံ ရပ်လာပါ၏။ မော့ကြည့်
လိုက်တော့ အစ်ကိုကြီးပါတကား ..၊ မျက်တောင်မခတ် ငွေဝန်း ၏
ငုံ့မိုး ငေးစိုက်ကြည့်နေသည့် အစ်ကိုကြီး၏ မျက်ဝန်းတွေမှာ ကြေကွဲ
တွေ ထင်နေသည်။ ကြင်နာရိပ်တွေ ပြည့်သိပ်နေသည်။ ကရုဏာ
စိတ်ထိခိုက်ရိပ်တွေကလည်း စွန်းထင်းနေကြသည်ပါပဲ ..။
ငွေဝန်း ကတော့ ပုံစံမပြောင်းစွာ ကိုယ်လေး ရှေ့တိုး၊ နောက်
ဖြစ်နေရင်း နှုတ်ခမ်းလေး လှုပ်၍ ...
"အိပ် .. ချင် .. ပြီ .. ကွယ့် .. စံ .. ပယ် .. ကုံး .. လွဲ .. ကြ
ပါ .. ဦး .."
**အသံ မပီ ..၊ ရှိုက်သံလေးတွေဖြင့် ဆိုနေသည့် သီချင်းသံ ..**
တိုးလျှိုက်**လျှိုက် ပေါ်နေဆဲ ...**
"**ကလေးရယ် ..**"
အစ်ကိုကြီး**၏နှုတ်မှ ထိထိခိုက်ခိုက် ညည်းလိုက်သံ** ..၊ ပြီးတော့
ငွေဝန်း ဘေးမှာ ညင်သာစွာ **အစ်ကိုကြီး ထိုင်လိုက်ပြီး ငွေဝန်း ၏**ဆံ
လေးတွေကို ဖွဖွညင်ညင် **သပ်ပေးနေသည်။ အားလုံးကိုကြည့်ကာ ..**
"အန်ကယ် ဖုန်းဆက်ခေါ်တာမို့ လာခဲ့တာပါ .. **မေမေက အလု**
ကိစ္စတစ်ခုကြောင့် ခဏလေး နောက်ကျပြီး **ရောက်လာမယ်ဆိုတာ**
လည်း မှာလိုက်ပါတယ် .. မေမေ ရောက်လာပါလိမ့်မယ် .. **အဲဒီအခါမှာ**
မေမေ့ကို ပြောသင့်တယ်ထင်တာတွေ အားလုံး **အန်ကယ်တို့ ပြော**
လိုက်ကြပါ .. ကျွန်တော်လည်း ရောက်လာတော့ တံခါးဝမှာ ရပ်
ရင်း .. ဒီအိမ်ထဲက အဖြစ်အပျက်တွေ .. အန်ကယ့် ပြောစကားတွေ ..
ငွေဝန်းလေး ငိုပြောနေတာတွေအားလုံး .. မြင်ခဲ့ပြီးပါပြီ .. သိပြီးပါပြီ.."
**အစ်ကိုကြီး အားလုံးကို ခေါင်းတည်၍ ပြောနေခြင်း ..။**





**ပြီးတော့ ငွေဝန်း ၏**ကိုယ်လေးကို ထိန်းပွေ့၍ ရပ်စေသည်။ နဖူး
**ပေါ်မှာ ချွေးတွေနှင့် စေးကပ်နေသည့်** ဆံနွယ်လေးတွေကို လက်ကိုင်ပဝါ
**ဖြင့် ဖွဖွပွတ်သုတ်ပေးသည်။** မျက်ရည်တွေ လူးနေသည့် ပါးလေး
လည်း လက်ကိုင်ပဝါလေးဖြင့် သုတ်ပေးပြန်သည်။
"**ကိုကိုတို့** ဒီက သွားကြစို့ ငွေဝန်းလေး .. ဘာမှ အားမငယ်နဲ့
**.. ကိုကို ရှိတယ်** .. ငွေဝန်းလေး အပေါ်မှာ အပြောင်းအလဲမရှိ
**တဲ့ အချစ်တွေနဲ့** ကိုကို ရှိနေပါတယ် ကလေးရယ် .. ငွေဝန်းလေး
**အခု** .. တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်မယ် .. လာ .. လာခဲ့.."
ဟု နူးညံ့ညင်သာစွာ တိုးဖွဖွ ပြောသည်။ ငွေဝန်း ခေါင်းလေးငုံ့ချ
တ်မိရာမှ အားကိုးရာ ပျောက်နေသည့် ကလေးနယ်ပင် ..။ အားကိုး
ရင်ခွင်တစ်ခုကို ရလိုက်သည့်နှယ် ရှိသွားရရင်းမှ အစ်ကိုကြီး၏
ခွင်မှာ ကလေးလိုပင် တိုးဝင် ငိုချလိုက်မိရပါချေသည်တကား..။
ဘာကဆိုတာ ဘယ်ပ...းကမှ အဖျားပင် မသမ်းရအောင် ရှိနဲ့ရပါ
ည့်ဘဝ ...ပ်နမှာ ..၊ ခုလို .. အုံကျင်းဖွဲ့၍ မာကျောခါးသီးစွာသော
ကြကွဲတုန်လှုပ်ခြင်းတွေ .. စိမ်းပြတ်စွာ ဖြတ်ချလိုက်ပါသည့်အချစ်တွေ
အားလုံးကို သိမ်းကျုံး၍ ခံလိုက်ရသည့်နောက်မှာ ..။
ငွေဝန်း .. ငွေဝန်း .. အစ်ကိုကြီး၏ရင်ခွင်မှာ အားကိုးရာတစ်ခု
ဖြစ် တိုးဝင်မိရင်း ကလေးတစ်ယောက်နှယ်ပင် အစ်ကိုကြီး၏ လက်
မောင်းကြီးတွေကို ကိုင်ထားမိရင်း ..၊ ရင်တွေ ကွဲကျေ ပွင့်ကျလာသည့်
ယ် ညတစ်ကြိမ်မှာ .. အော်၍ ငိုချလိုက်ချေသည်တကား ..။ အစ်ကို
ကိုယ်တိုင်လည်း မျက်ရည်ကျလာသည်။
ငွေဝန်း ၏မျက်ရည်ကိုလည်း သုတ်ပေးသည်။ နဖူးလေးကို ထိထိ
ခိုက် ခံစားနေသည့်ရင်ဖြင့် သနားစိတ်တွေ ပြည့်သိပ် နမ်းမိရင်း
—
"သွားစို့ .. ငွေဝန်းလေး .."



www.burmeseclassic.com

www.burmeseclassic.com



ဟု အစ်ကိုကြီး ပြောလာချိန်မှာ ...

"လိုက်သွားတော့ သမီး ရေ .. လိုက်သွားတော့ .."

ဟု ရင်ထဲ ဆို့နေသမျှ သိမ်းကျုံး၍ မေမေ အော်ပြော .. ငိုချလို သံကလည်း ပေါ်လာပါသတည်း ...။

အစ်ကိုကြီး၏ စောင့်ခေါ်ရာအတိုင်း ခြေလှမ်းလေးတွေ ရွေ့ပါ ရင်းမှ အားလုံးကို ငွေဝန်း အားငယ်သွီးဖျော့စွာ ကြည့်သည်။ လက်အ လေးချီ၍ ကန်တော့နေရင်းမှ ငိုရင်း ရှိုက်ရင်းဖြင့်ပင် ...။ ငွေဝန်း သည် အစ်ကိုကြီး၏ ဖေးခေါ်ရာလက်၏ တွဲအခေါ် ...။ စောင့်ခေါ်ရာ .. အရွေ့အတိုင်း .. ပါသွားရပါ၏။

ငွေဝန်း နှင့်အတူ .. ပါလာသည်က ဖေဖေနှင့် မေမေတို့ ...။ ကိုကြ နှင့် ကိုငယ်တို့ ပေးထားပါသည့်အမည် ...၊ ငွေဝန်းပျို ဆိုသည့် အမည် လေးတစ်ခုပဲ ဖြစ်ချေသည်တည့် ...။ ကျန်သော အရာများအားလုံး တော့ .. ငွေဝန်း .. အဆုံးအရှုံးခံလိုက်ရပြီ။ အားလုံးသော အချစ်များ

ငွေဝန်း ၏ မျက်ရည်စက်သည် .. ငွေဝန်း ၏ ခြေဖမိုးသို့တို အောင် .. တစ်ချက် .. တစ်ချက် ထိခတ် ပေါက်ပေါက်စက်စက် ကျ ကြရင်း ...။ ပန်းရဂုံမှ ငွေဝန်း ထွက်ခွာလာရချေပြီ တကား ...။





## အခန်း | ၉ |

"အဲဒီနေရာမှာ ရပ်နေလိုက်ပါ ထက်ခေါင် .."

အိမ်အဝင် တံခါးမကြီးကို တွန်းဖွင့်၍ သူ ဝင်မည်ပြုနိုက်မှာ ညေ ...မှာ ရပ်နေပါသည့် ဖေဖေ့ထံမှ တင်းတည်နေသော မျက်နှာဖြင့် ...တားသံက ပေါ်လာပါ၏။ ငွေဝန်းပျို ၏လက်ကလေးကို ထွေးဆုပ် ...လိုက်ရင်းမှ သူကလည်း ဖေဖေ့ကို အရာရာ ရင်ဆိုင်ဖို့ အသင့်ရှိနေ ...သည့် ထက်ခေါင်မျိုး အဖြစ် ကြည့်လိုက်မိရပါ၏။

ငွေဝန်းပျို ၏လက်လေးတွေ အရမ်းကို အေးစက်နေကြတာ သူ ...နေသည်။ ရင်ထဲ သူ မကောင်းနိုင် ...၊ ငုံ၍ ကြည့်လိုက်တော့ အရမ်းကို ...ဖြစ်ကင်းစင်သည့် မျက်နှာလေးနှင့် မျက်ဝန်းလေးတွေ၏ အရှင်သခင် ...ပါသည့် ငွေဝန်းပျို ၏ မျက်ရည်လေးတွေဖြင့် သိမ်ငယ်စွာ ဖေဖေ့ကို ...ကြည့်နေတာ မြင်ရသည်ပါပဲ ...။

ဤ မိန်းကလေး .. သူမှလွဲ၍ အားကိုးရာလည်း မရှိ ...။ လက် ...လာမှာ ပန်းရဂုံ၏ ပြတ်သားစိမ်းကားစွာ ဆက်ဆံလိုက်တာက ...ည်း နှလုံးအိမ်နုနုလေးကို အစိမ်းခွဲ ခွဲလိုက်သည့်နှယ် ပြင်းထန်လွန်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ အမှန် ..၊ ငွေဝန်းပျို ၏ လက်ကလေးကို သူ ဆွဲ၍ ပန်းရုံမှ ထွက်ခဲ့စဉ်မှာ တားမြစ်သံမှ မရှိခဲ့သည်ပဲလေ ..။ အန်တီယမုန် ၏ ငိုရှိုက်သံတစ်ခုသာ ရင်ကွဲ ရင်ကြေ ကျန်ခဲ့ခြင်း ..။

ခုလည်း .. ပန်းရုံမှ အကြောင်းစုံကိုသိပြီး ပြန်လာပါသည့် ဖေဖေ သည် သူ ပြန်လာမည့်အချိန်ကို ရတနာမွှန်းအိမ်ကြီး၏ ဧည့်ခန်းမှာ စောင့်နေခဲ့ချေသည်တကား ..။ တင်းမာနေသော ဖေဖေ့မျက်နှာကြောင့် ပင်လျှင် သူနှင့် ငွေဝန်းပျို ကို ဖေဖေ လက်မခံနိုင်တော့ပြီဆိုတာ နားလည်လာမိရသည်ပါပဲ ..။

ဖေဖေ ကျောပေးထားရာ ထမင်းစားဆောင်ရှိ တံခါးဝမှာလည်း ကြီးကြီးမြတ် မျက်နှာပျက်ရင်း ရပ်နေသည်။ ပြီးတော့ .. အိမ်ကြီး၏ ထမင်းချက်ဖြစ်ပါသည့် ဒေါ်ကြီးဥ ကိုလည်း မမြင်ရ ..၊ ဒေါ်ကြီးဥ ခင်ပွန်းသည် ဘဘချို ဥယျာဉ်မှူးကိုလည်း ဥယျာဉ်ထဲမှာ မမြင်ခဲ့ရ..။ ဒရိုင်ဘာ ဖြစ်ပါသည့် လေးလေးနိုင် ကိုလည်း မတွေ့ရ ..။

ကြည့်ရတာ.. အိမ်နောက်ဘက်တန်းလျားဆီမှာ အားလုံးကို ရှောင်နိုင်းထားပုံ ရပါ၏။

ဖေဖေကပဲ ရှောင်နိုင်းခဲ့သည်လား .. ကြီးကြီးမြတ် ကပဲ ရှောင်နိုင်းထားသည်လားတော့ မသိရ ..။ သေချာတာ တစ်ခုကတော့ သူစိမ်းတွေရှေ့မှာ မဟုတ်ပဲ ရှိစေလျက် ..၊ ဘာကိုမျှ ရင်ထဲချန်မထား .. ကျန်မထားအောင် ပြတ်ပြတ်သားသားကြီး ဖေဖေ ပြောတော့မည်ဆိုတာပဲ ဖြစ်လေသည်။

"အခု လက်ထပ်လာတယ် ဆိုပါတော့ .. အဲဒီ ကောင်မလေးကို.."

ဖေဖေ စတင်၍ မေးလာတော့ သူလည်း ဖေဖေ့ စကား ဟန့်တားရာတိုင်း ဧည့်ခန်းထဲ ခုထိမဝင်သေးပဲ ငွေဝန်းပျို ၏ လက်ကလေးကို မလွှတ်စတမ်း ထွေးဆုပ်ထားဆဲဖြင့် ခေါင်းညိတ်ပြလိုက်သည်ပါပဲ။

"ဟုတ်ပါတယ် ဖေဖေ .. ထက်ခေါင် ရဲ့သူငယ်ချင်းတွေကို ဖုန်း





ဆက်ခေါ်ပြီး အသိသက်သေ ထားပြီး .. တရားရုံးမှာ လက်ထပ်ခဲ့တာပါ .."

ဟု တည်ငြိမ်စွာလည်း သူ ဖြေသည်။ ကြီးကြီးမြတ် ရှေ့သို့ ခပ်လောလော လျှောက်လာကာ လက်ဖြန့်၍ ..

"အဲဒီ စာချုပ်ပြစမ်းပါ ..",

ဟု လေသံမာမာဖြင့် ပြောလာပော့ သူ ငွေဝန်း ကို ကြည့်မိရပါ၏။ ဆံစလေးကိုလည်း သပ်ပေးသည်။ ကလေးလေးကို ငုံ့မိုး၍ ကြည့်သည့်နှယ် အားပေးပြုံးဖြင့်လည်း ကြည့်သည်။

"ဘာကိုပဲ မြင်ရ ကြားရ .. မကြောက်ရဘူး နော် .. ဝမ်းလည်း မနည်းနဲ့ .. ကိုကို ငွေဝန်းလေး ကို ချစ်လို့ လက်ထပ်ထားတာ..၊ ငွေဝန်း ရှေ့မှာ အရာရာကို .. ရင်ဆိုင်ပေးမယ့် ကိုကို ရှိတယ် .. ငွေဝန်း မှာ ကိုကို တစ်ယောက်တည်းပဲ ရှိတယ် မဟုတ်လား .."

ကိုကို တစ်ယောက်တည်းပဲ ရှိတယ်မဟုတ်လား.. ဆိုသည့် အမေးကြောင့် ငွေဝန်း ၏ မျက်ဝန်းဝယ် မျက်ရည်တွေ အိုင်တက်လာသည်။ ပိုးဖိုးပေါက်ပေါက် ကျလာရင်းမှ ကလေးလေးလိုပင် ခေါင်းညိတ်ပြရှာပါ၏။ သူ .. မျက်ရည်သုတ် ပေးရင်းမှ ...

"အဲသလို .. ကိုကို တစ်ယောက်တည်းပဲရှိတဲ့ ငွေဝန်း ကို ဘယ်တော့မှ ကိုကို ခွဲမသွားဘူးဆိုတာ ယုံကြည်ထား .. စိတ်ချထား နော်.."

သူ ဘည်ငြိမ်အေးချမ်းစွာ ငွေဝန်း ကို ပြောနေပုံက သူ့ စကားလုံးတိုင်းကို ငွေဝန်း သည် အကြွင်းမဲ့ သံသယမရှိ ယုံကြည်စေနိုင်လိုက်ဖို့ပါ။ ပြီးတော့ .. သူ့ ရင်ထဲက ဆုံးဖြတ်ချက်ကို ဖေဖေရော ကြီးကြီးမြတ်ရော သိစေဖို့လည်း ဖြစ်နေချေသည်တည့် ..။ ကြီးကြီးမြတ် ကတော့ မျက်နှာကြီး မဲခနဲ ဖြစ်သွားသည်ပါပဲ ..။ ဖြန့်ထားသော လက်ကိုလည်း မရုပ်သေး ..။ သူ .. အကျီအိတ်ကပ်ထဲမှ ခေါက်ထားသော စာချုပ်နှစ်စောင်ကို ကြီးကြီးမြတ် လက်ထဲ ထည့်ပေးလိုက်သည်ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



သူ မျှော်လင့်ထားသည့်နှယ်ပင် စာချုပ်နှစ်စောင်စလုံးကို ကြီးမြ
မြတ် သည် သူတို့ နှစ်ယောက်လုံး၏ရှေ့မှာပင် အညှာအတာမရှိ ဆု
ဖြဲပစ် လိုက်ချေသည်တကား ..။ ငွေဝန်း ၏ကိုယ်လေး တုန့်ခနဲ ဖြစ်
ကြောက်ကြောက်ဖြင့် ကြီးမြတ် ကို မကြည့်ရဲသည့်နှယ် ငွေဝန်း
ကိုယ်လေး သူ့ကျောဘက်မှာ ပုန်းသလိုလေး ရောက်သွားသည်ပါပဲ
သူကလည်း လက်ပြန် ဖေးကိုင်ထိန်းထားလိုက်သည်က ငွေဝန်း ကို

"ကိစ္စမရှိပါဘူး ကြီးမြတ် .. ထက်ခေါင် တို့ လက်ထပ်ထားတ
ဆိုတာ တရားရုံးမှာ မှတ်တမ်းမှတ်ရာ ရှိနေတာပါပဲ .. ကြီးမြတ်
စာချုပ်နှစ်စောင်ကို ဆုတ်ဖြဲလိုက်ရုံနဲ့ .. ဘာမှ မပြောင်းလဲသွားနိုင်
ဘူး.. ထက်ခေါင် နဲ့ ငွေဝန်းပျို တို့ဟာ အကြင်လင်မယား ဖြစ်ခဲ့ပါပြီ

သူ တည်ငြိမ်စွာ ပြောတော့ ကြီးမြတ် မျက်ရည်ကျလာသည်

"မင်း အမေဆုံးသွားတာ ဆယ်နှစ် ဝေသွားတာမို့ ပြေသာ
လိမ့်မယ် သိရဲ့လား .. ငါ့မှာသာ အမေ ဆက်လုပ်ခဲ့ရတာ .. ခုကြည့်
အစေအပါးသမီးကိုမှ ယူလာသတဲ့ .. ပြီးတော့ အဖေက ဖိနစ်
သမား .."

ရင်ကိုထု၍ ကြီးမြတ် ငိုနေခိုက် သူ သက်ပြင်းရှိုက်သည်။ ဘာ
ဖြစ်ဖြစ် ဖေဖေနှင့် ကြီးမြတ် တို့ စိတ်ထိခိုက်ကြတာကိုတော့ သူ ရင်
မကောင်းပါ ..၊ ဒါပေမယ့် မတတ်နိုင် သူ့မှာလည်း ရွေးချယ်ရန် လမ်း
မရှိတော့သည်ပဲလေ ..။

"ဖေဖေ ပန်းရဂုံကို ရောက်တဲ့အခါမှာ ကိုဘုန်းသာ အား
အဖြစ်မှန် ဖွင့်ပြောပြလို့ သိခဲ့ရပြီးပြီ .. သူ့ဘက်က ဘာမှ ဖုန်းကွယ်ထာ
ခြင်း မရှိခဲ့တာမို့ .. သူ့ဘက်က တာဝန်ကျေတယ် ..၊ သူ့အပေါ် အပြစ်
ည်း ပြောစရာ မရှိဘူး .. သူကိုယ်တိုင်က ခုမှသိရတဲ့ကိစ္စလည်း ဖြစ်
တယ်လေ .. အမိက မရှိးသားခဲ့တာက သူ့ဇနီးပါပဲ .."

ငွေဝန်းပျို မျက်ရည်ကျနေသည်။





မေမေ့ကို အပြစ်တင်သံ ကြားရတာမို့ ရင်ထဲမှာ ထိခိုက်ရပါ၏။
ဤသို့ မေမေ အပြစ်ပြောခံရသည်ကလည်း ငွေဝန်း ကြောင့်ပါ။ ငွေဝန်း
ကို မွေးခဲ့၍ပါ။

သမီးရင်းအဖြစ် အားလုံးအပေါ် ထိမ်ချန်လိမ်ညာခဲ့သည်ဟု ဖေဖေ
ငြင်းစွာ ပြောခဲ့သည်နှယ် ..။ ခုလည်း အစ်ကိုကြီး၏ ဖေဖေ အနက်ကယ်
မြတ် ကလည်း ပြောနေပြီတည့်။

"အစကတည်းက .. သား သူ့ကို ချစ်တာပါ .. သူဟာ ဦးဘုန်း
သာ ရဲ့ သမီးရင်းဖြစ်မှ ဆိုတာမျိုးတွေတော့ ဟိုတုန်းက ထည့်မတွေးခဲ့
ပေမယ့်.. လက်တွေ့မှာ ..သမီးရင်း ဟုတ်တာတွေ မဟုတ်တာတွေက
င်လာတယ် .. ငွေဝန်း ကို မြင်မြင်ချင်း ချစ်မြတ်နိုးခဲ့တဲ့ အချစ်ဟာ
မ်းသာမှ ဘာမှ ဆိုတာမျိုး မဟုတ်ပါဘူး ဖေဖေ .. ဒီကလေးဟာ ..
လွန် ရိုးသားဖြူစင်တဲ့ ကလေးပါ .. ကလေးလေးတစ်ယောက်လို
ပြစ်ကင်းစင်တဲ့ စိတ်မနောလေးကို ပိုင်တဲ့သူပါ .. လူကလည်း ချစ်ဖို့
လွန်ကောင်းတာ ဖေဖေလည်း မျက်မြင်ပါ .. ခုမှ .. အဆုံးအဖြတ်
ပြောင်းတာ နည်းလမ်း မကျပါဘူး ဖေဖေ .."

"အံမယ်လေးလေ .. အဖေကိုများ ပြောလိုက်ပုံများနော် ..ဒီမယ်
ထက်ခေါင် .. ကြီးမြတ် ပြောမယ် ..လုံးဝ သဘောမတူနိုင်ဘူး ဒါပဲ.."

ဖေဖေ့ကို သူ ပြောနေခိုက် ကြီးမြတ် ရင်ကိုထု၍ ကြားဖြတ်ပြော
တော့ သူ ခေါင်းညိတ်လိုက်သည်ပါပဲ။ သူ .. လှည့်ပြန်သွားရုံပဲ
န်မည်သာ ..။

"ငွေဝန်းလေး သွားကြစို့ .."

သူ တည်ငြိမ်စွာ ပြောလာတော့ ငွေဝန်း ခေါင်းလေး ခါပြလာ
ည်။ မျက်ရည်တွေ ဝိုးဝိုးပေါက်ပေါက် ကျနေရာမှ ...

"အစ်ကိုကြီး ဆင်းရဲဒုက္ခ ရောက်ပါမယ်ရှင် .. ငွေဝန်း ..မမှာ
နေပါဘူး .. အစ်ကိုကြီးလည်း ငွေဝန်း အတွက် နောက်ဆံမငင်ပါနဲ့..



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း ... တခြားတစ်နေရာရာမှာ ... သွားရှာနေပါ့မယ် .. အစ်ကိုကြီး
နေခဲ့ပါ ..''

မြကျယ်ဝန်းကြီးဖြင့် နေသည့် အစ်ကိုကြီး ...။ အိမ်ကြီးကလည်း ရဲတိုက်နှယ် ကြီးမားနေသည့်အိမ် ...၊ ဤသို့သော အိမ်ကြီးကို ချန်ခဲ့ပြီး အဘယ် အိမ်စုတ်၊ အိမ်ငယ်လေးမှာ အစ်ကိုကြီး သွားနေမည်တဲ့လဲ - ဟင့်အင်း ...၊ လောလောဆယ်မှာ ငွေဝန်း အတွက်ကဖြင့် အိမ်စုတ် အိမ်ငယ်လေးတစ်လုံးပင် နိုစရာ မရှိ ...။ ခုမှ ဘယ်သောင်၊ အယ်ကမ်း ကမ်းမှန်း မသိသည့် ပင်လယ်ပြင်ကြီးထဲ တွယ်ဖက်စရာ ပျဉ်တစ်ချပ် ပင် မရှိသည့်ဘဝထဲ ငွေဝန်း ရောက်နေတာ သိနေရပေမယ့် .. အစ်ကိုကြီးကိုတော့ဖြင့် ဒုက္ခပင်လယ်ကြီးထဲ တူတူ အမျောမခံရက်ပါ ...။

''အဲသလို မပြောရဘူးလေ .. ငွေဝန်း က ကိုကို့ ဇနီးပဲ .. ဘာလို့ ကိုကို့ကို ထားရစ်ခဲ့လို့ ဖြစ်မလဲ .. ငွေဝန်းလေး က ကိုကို့ကို ချမ်းသာမှ လက်ထပ်တာ မဟုတ်သလို .. ကိုကို ကလည်း ငွေဝန်း ကို ချမ်းသာမှ လက်ထပ်မယ်လို့ ဘယ်တုန်းကမှ တွေးထားတာမဟုတ်ဖူး .. ကိုကို ယောကျာ်းပါ .. ကိုယ့်မယားကို ရှာကျွေးနိုင်ပါတယ် .. ဒုက္ခဆင်းရဲ ဆိုတာ ဟောဒီ ကိုကို့ လက်တွေ ရှိနေသမျှ .. ရှာဖွေကျွေးနိုင်တာမို့ - တော်ပြတ်လောက်အောင်တော့ ဒုက္ခမကြီးနိုင်ပါဘူး ... ငွေဝန်း ရယ် - ဒီမှာ ငွေဝန်း ကိုကို့ကို ပြုံးပြစမ်း ...၊ ကြည့်စမ်း ..''

သူ ငွေဝန်း ၏ ကိုယ်လေးကို မျက်နှာချင်းဆိုင် ဆွဲယူလိုက်ရင်း ခေါင်းကိုငိုက်၍ ငွေဝန်း၏ မျက်နှာလေးကို မလွှတ်စတမ်း စိုက်ကြည့် နေရင်း ပြောနေသည်။ ငွေဝန်း မျက်ဝန်းကို စုံမှိတ်ချလိုက်ကာ ရှိုက်ကြီး တငင် ငိုချရင်းမှ ...

''မကြည့်ရက်ပါဘူး အစ်ကိုကြီးရယ် .. ဘာလို့ .. ငွေဝန်း ဂ ချစ်သွားရတာလည်း ရှင် .. ဒုက္ခကြီးလိုက်တာ အစ်ကိုကြီးရယ် .. အနေ နေစရာတောင် အစ်ကိုကြီးမှာ မရှိရတော့ဘူး ...၊ ဒါတွေ အားလုံးဟာ





ငွေဝန်း ကြောင့်ဖြစ်တာ .. ဖြစ်ရတာ ...၊ ငွေဝန်း ဟာ ဖေဖေနဲ့ မေမေ့ကို လည်း ဒုက္ခပေးတယ် .. ကိုကြီးနဲ့ ကိုငယ့်ကိုလည်း ဒုက္ခပေးတယ် .. မေမေ ဒေါ်မယ်မှုန် ဆိုတာကိုလည်း ဒုက္ခပေးတယ် .. အခု အစ်ကိုကြီး ကိုလည်း ဒုက္ခပေးပြီ ...၊ မေမေ ဒေါ်မယ်မှုန် ရေ .. ငွေဝန်း ကို ခေါ်ပါ.. ခေါ်ပါ ..''

သွားစရာလည်း မရှိ ...၊ နေစရာလည်း မရှိ ...၊ အသက်ကလည်း ရှင်နေသည်။ တစ်သက်လုံး ဖူးဖူးမှုတ်ခံဘဝဖြင့် ဒုက္ခလည်း မသိ ...၊ ဘာမှမသိ ချက်ချင်းကြီး ဆိုးဝါးလွန်းသည့် ကံကြမ္မာအလှည့်အပြောင်း ကို ကြုံရချိန်က .. မရှိတော့သည့် အမေ ...၊ မမြင်ဖူးသည့် အမေ ...၊ ကွယ်လွန်ခဲ့ပြီဖြစ်သည့် အမေကို တမ်းတ၍ ငိုချလိုက်သည်က ငွေဝန်း ပါ။ ဟုတ်သည် ...၊ ငွေဝန်း .. သေသွားလျှင် ကောင်းမည်လေ ...။ အစ်ကို ကြီး၏ လက်တွေ ဆုပ်ကိုင်ထားရာ ပခုံးလေးတွေ ဆတ်ဆတ်ခါနေသည်။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်နေသည်။ ခြေထောက်တွေ မနိုင် ...၊ အယိုင် ယိုင် ပြိုကျတော့ အစ်ကိုကြီး မျက်နှာမကောင်းနိုင်ပဲ ငွေဝန်း ကို ရင်ခွင် ထဲ သိမ်းပွေ့ထားလိုက်ပါပြီတည်း ...။ တအိအိ ပြိုကျ သတိလစ် သွားသည့် ငွေဝန်း ကို သူ စိုးရိမ်တကြီး ကြည့်ရှုကာ ...

''ငွေဝန်း .. ငွေဝန်း .. ဘုရားရေ!...''

သူ အထိတ်တလန့် ငွေဝန်း ၏ ကိုယ်လေးကို လှုပ်ခေါ်နေမိ သည်။ မျက်နှာလေးမှာ သွေးရောင်ပျောက်နေသည့် ငွေဝန်း...၊ မျက်ရည်ဥ တွေ ကတော့ဖြင့် သတိမေ့နေသည့်ကြားမှာ စုဝေနေသမျှ ပြိုဆင်းနေ ဆဲ ...။

''မဖြစ်တော့ပါဘူးကွာ .. အထဲဝင် .. အထဲဝင် .. ကိုယ့်မျက်စိ ရှေ့မှာ လူတစ်ယောက် ပိုးစိုးပက်စက် .. အဖြစ်တော့ မခံနိုင်ဘူးကွာ.. အဲဒါကတော့ လူစိတ်ပဲ .. မမြတ် .. လက်ရှိမှာတော့ ဒီနှစ်ယောက်ကို သက်ခံထားမှ ဖြစ်လိမ့်မယ် .. မိန်းကလေးကို မမြတ် ရဲ့ တောက်မောင်



www.burmeseclassic.com

www.burmeseclassic.com



ကဲ လက်ထပ်လာတာ .. သူ ခေါ်လာတဲ့ မိန်းကလေး လက်မခံချင်တာ လက်ခံချင်တာတွေ ခဏဖျောက်ထားရလိမ့်မယ် ..၊ ငွေဝန်းပျို့ လည်း မတန်တဆ ထိခိုက်ခံစားခဲ့ရ .. ခုလည်း ကြုံနေရတော့ .. မနိုင်ဝန် ဖြစ်ကုန်ရပြီ .. ကဲ .. ဝင် .. အထဲဝင် .. အပေါ်ထပ် သားရဲ့ အခန်းကို ခေါ်သွား .."

ဖေဖေ ဝင်ပြောတော့ သူ ကမန်းကတမ်း ခြေလှမ်းကြဲကြီးဖြင့် အပေါ်ထပ်သို့ တက်လာမိရသည်က ငွေဝန်းလေး ကို ပွေ့၍ပါ .. တံကောက်ကွေးနှင့် လက်မောင်းကြားမှာ လက်တွေ လျှိုသွင်း ပွေ့ယူလာနိုက် ငွေဝန်း ၏ လက်လေးတွေက တွဲရရွဲ ဘေးဘက်ဆီမှာ ကျနေသည်။ လည်ကုပ်က နောက်လန်နေတာမို့ ရင်ခွင်မှာ ဖေးကပ်ထိန်းယူနိုင်ဖို့ ကြိုးစားနေရသည်။

"အလကား .. တကယ်လည်း ဖြစ်တာမဟုတ်ဘဲနဲ့.. အခု .. မှုယာမာယာ ဓာတ်ခင်းနေတာ မောင်မှူး ရဲ့ .. ဒါမှ အိမ်ထဲ ဝင်လို့ရမှာကိုး– လွှတ်ထားလိုက်စမ်းပါ .. သူဘာသာ သူ ပြန်သတိလည်လာတာတွေ ဘာတွေ လုပ်လာပါလိမ့်မယ် .. ထက်ခေါင် .. ရပ်နေစမ်း .."

ခုထိ မလျှော့သေးပဲ ခေါင်းမာနေဆဲ ကြီးမြတ် ကို သူ လှေကားတစ်ဝက်မှာ ခြေစုံရပ်ပစ်လိုက်ရင်း ဧည့်ခန်းဘက်ကို ငုံ့ကြည့်ကာ ..

"ဒါ .. မှုယာမာယာ လုပ်တာလား ဗျ .. မျက်နှာမှာ သွေးရောင်ဖျော့နေ ပျောက်နေပြီ ..၊ တစ်ချက် ထမကြည့်ပဲ စိတ်ထဲထင်ရာတွေ စွပ်စွဲတာတော့ မကောင်းပါဘူး ကြီးမြတ် .. ဒါ .. ထက်ခေါင် လက်ထပ်ထားတဲ့ မိန်းမ ဗျ .. ကြီးမြတ် လက်ခံခံ မခံခံ ဒါ ထက်ခေါင် ရဲ့မိန်းမပဲ.. အခုလည်း ထက်ခေါင် ရဲ့ ဇနီးပဲ .. နောင် တစ်သက်လုံးလည်း ထက်ခေါင် ရဲ့ ဇနီးပဲ .. ဘယ်သူမှ ခွဲလို့မရဘူး .. အခွဲမခံဘူး အဲဒါ ကြီးမြတ် သိထားပါ.."

မခံချင့်စောဖြင့် သူ အော်ပြောမိသည်။ ရင်ထဲမှာ မကောင်းနိုင်





တော့ပြီ ..၊ ရင်ခွင်ထဲမှာက ငွေဝန်းလေး မှာ သတိလက်လွတ် ရှိနေသည်။ တစ်ချက် သနားဖော်မရ ..၊ ပြောရက် ဆိုရက်သည့် ကြီးမြတ် ကို သူ ဤတစ်ကြိမ်မှာတော့ အပြတ်ပြောမှကို ဖြစ်မှာမို့ ပြောချလိုက်ခြင်းပါ ..။ ဖေဖေ နောက်မှ လိုက်လာသည်။ ဟန်းဖုန်းဖြင့်လည်း ဒေါက်တာ သူသူအေး ကို ဖုန်းဆက်နေ၏။ သူ .. တောက်လျှောက် အခန်းထဲ ရောက်လာရကာ ငွေဝန်းလေး ကို ခုတင်ထက်မှာ တင်သည်။ တစ်ကိုယ်လုံး အေးစက်နေတာမို့ လက်ကလေးတွေ သွေးပူလာအောင် လက်ဖြင့် ပွတ်ပေးနေမိရ ..။ ခြေဖဝါးလေးတွေကို ပွတ်ပေးနေမိရနှင့် သူ ယောက်ယက်ခတ်နေရသည်ပါပဲ ..။

အိမ်ချင်းကပ်ရက်မှ ဒေါက်တာသူသူအေး ရောက်လာကာ ငွေဝန်းကို စမ်းသပ်သည်။ ဆေးထိုးပေးသည်။ သူကတော့ ငွေဝန်း ၏ ဆံစလေးကို သပ်ပေးနေရင်း မျက်ရည်လည်နေသည်ပါပဲ ..။ ဤမျှ နုနုစင်စင်သား နုဖန့်လွန်းပါသည့် ငွေဝန်းလေး မိုကိုးရာမဲ့ဘဝဖြင့် ရင်ဆိုင်နေရတာကို ဘယ်နှယ်လုပ်၍ နလုံးသားနုနုလေး ခံနိုင်ရည် ရှိနိုင်ပါမည်တဲ့လည်းလေ ..။ တကယ် ဖြစ်မှန်း သိတော့မှ ကြီးမြတ် လည်း ပါးစပ်ပိတ်သွားသည်ပါပဲ ..။

ဆေးရှိန်ဖြင့် ငွေဝန်းပျို့ အိပ်ပျော်သွားချိန်မှာ သားအဖနှစ်ယောက် အခန်းထဲမှာ ငူငူငိုင်ငိုင်ကြီး ထိုင်နေမိကြရသည်။

"ရှေ့ ဘယ်လိုခရီးဆက်မယ်ဆိုတာ နောက်မှ စဉ်းစားမယ် ..၊ လောလောဆယ်တော့ ဒီမှာပဲ သား နေရလိမ့်မယ် .. မမမြတ် ကလည်း ငွေဝန်းပျို့ ကို ရှေ့ထားပြီး နောက်ထပ် ဘာမှမပြောသေးပါနဲ့ဦး .. ဒီကလေး ခုလောက် ခံစားရတာ မြင်တော့လည်း .. ကျွန်တော့်ရင်ထဲ မကောင်းဘူး ဗျာ .. ကဲ .. သား နေခဲ့ .. နေခဲ့ .. မမမြတ် ကျွန်တော်နဲ့ လိုက်ခဲ့ .."

ဟု ပြောကာ ခြေလှမ်းလေးလေးဖြင့် ဖေဖေ အပြင်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြတ် မျက်စောင်းခဲ၍ ငွေဝန်း ကို ကြည့်သေးသည်။ မလိုက်ချင် လိုက်ချင်ဖြင့်လည်း ဖေမေ့နောက် လိုက်သွားသည်ပါပဲ။

"မကြာခင် .. မဥ ရောက်လာလိမ့်မယ် .. သားအတွက် နွားနို့ပူပူ နဲ့ စားစရာ ပါလာလိမ့်မယ် .. နေ့လယ်စာ ဘာမှ မစားရသေးဘူး မဟုတ်လား .. ငွေဝန်းပျို အတွက် .. မကြာခင် မြူဆွမ်ဖြစ်ဖြစ် တစ်ခုခု ရောက်လာလိမ့်မယ် .. သူ သတိရလာတဲ့အခါ .. နွားနို့ပူပူ ပို့ပေးဖို့လည်း ဖေဖေ မဥ ကို မှာထားမယ်၊ ကဲ .. ကဲ နားနေတော့ .. နားနေတော့.."

ဟု ဖေဖေ တံခါးဝအရောက်မှာ တစ်ချက်ရပ်၍ လှည့်ပြောလာပါ ၏။ အတန်ကြာမျှလည်း သူ့ကို ကြည့်သည်။ မျက်နှာ မလှန်း ..။

"ဘာပဲဖြစ်ဖြစ် .. ခုလို .. သား တစ်ယောက်တည်းသဘော သား တစ်ယောက်တည်းရဲ့ အဆုံးအဖြတ်နဲ့ ငွေဝန်းပျို ကို လက်ထပ်လိုက် တာကိုတော့ ဖေဖေ အပြစ်တင်တယ် သား .. လူတစ်ယောက်ကို ကူညီ ချင်လို့ နေစရာ စားစရာ စီစဉ်ပေးလိုက်တယ်ဆိုရင်ဖြင့် ဖေဖေ ပြောသ သေးတယ် .. ခုလို လက်ထပ်လိုက်တာကိုတော့ ဖေဖေ လက်မခံဘူ သား .. ဒီ မိန်းကလေးနဲ့ သားကို လက်ထပ်ပေးဖို့ စကားကမ်းခဲ့တာ မှန်ပါတယ် .. ဖေဖေကိုယ်တိုင် ကြည်ဖြူခဲ့တာလည်း မှန်တယ် .. ဒါပေ မယ့် အဲဒီ ငွေဝန်းပျို ဟာ လက်ရှိ ငွေဝန်းပျို မဟုတ်ဘူး သား .. ဂုဏ် ရှိန်ကြီးတဲ့ ငွေဝန်းပျို ဖြစ်တယ် ..၊ ခု သား လက်ထပ်လိုက်တာက အစေအပါးရဲ့သမီးကို လက်ထပ်တာဖြစ်နေတယ် .. ဖေဖေ့ဝန်းကျင်မှာ ဖေဖေ့ ချမ်းသာဂုဏ် မျိုးရိုးဂုဏ် .. အားလုံးကို ထိခိုက်စေတယ် သား ခုလို သား မိုက်လိမ့်မယ်လို့ကို မထင်ခဲ့တာ .."

ဟု ဖေဖေ ဆက်တိုက်ပြောပြီးမှ ထွက်သွားတော့ ကြီးမြတ် မျ စောင်းထပ်ခဲကာ ဖေဖေ့ နောက်ပါသွားသည်ပါပဲ ..။

သူ .. ဖေဖေ့ကိုလည်း ဘာမှ မပြောတော့ပါ ..၊ ငွေဝန်းလေး ကောင်းလာလျှင် .. ရတနာမွန်းအိမ်ကြီးမှ သူ အပြီးတိုင် ထွက်ခွာသွား





ဖြတ်ထားပြီးနေပြီ ..။ ငွေဝန်း ၏ဆံစလေးကို သူ သပ်ပေးနေမိသည်။ ခဉ်ခိုက် ငွေဝန်း မျက်ရည်ကျလာ၏။

"ကိုကြီး ရေ .."

ခပ်တိုးတိုး ခေါ်သံ ..၊ သူ ရင်ထဲမချို ..။ မနက်ကတည်းက ဤ လေး အရမ်းကို စိတ်ထိခိုက်ထားတာ ..။ ကြုံကြိုက်လိုက်ရသည့် ဖြစ်တွေကလည်း ဘယ်လိုမှ ယုံမှတ်နိုင်စရာ မရှိသည့် အဆိုးဝါးဆုံး သော ရင်ဆိုင်ရမှုကြီးတစ်ခု ဖြစ်ခဲ့တာမို့ .. ငွေဝန်းပျိုလေး ခမျာ အရာရာ လက်ခံပေးလိုက်ရမှာ အရှုံးမီးပိုင်းသည့်နှယ် ဖြစ်နေရှာချေမည်သာ..။ တွေဖြစ်နေသည်ဆိုတာ ကိုယ့်ဘာသာကိုယ် မနည်း သဘောပေါက် င် ကြိုးစားယူနေရမည့်အဖြစ်မျိုးကို ငွေဝန်းပျိုလေး အရွယ်နှင့်မမျှ ဆိုင်တိုးခဲ့ရသည်ပဲလေ ..။ ခုလည်း .. ကယောင်ချောက်ချားဖြင့် ရဲ့ မိသားစု တစ်စုလုံးကို အိပ်မက်မက်နေခြင်းများပေလား ..။

ငွေဝန်းပျိုလေး ၏ လက်ကို သူ တွေးဆုပ်ထားမိရင်း မကြည့်ရက် ဖြစ်နေရသည်ပါပဲ ..။ နဖူးပြင်လေးကို ငုံ့နမ်းလိုက် ..၊ ဆံစလေးကို ပေးမိလိုက်ဖြင့် သနားမဆုံး ..။ ဤကလေးမှာ သူကလွဲ၍ ဘယ်သူမှ မရှိတော့တာကြီးကလည်း မယုံရက်နိုင်စရာပဲ ဖြစ်နေသည်။

တစ်သက်တာလုံး ကိုယ့်မိ ကိုယ့်ဖ ..။ ကိုယ့်အစ်ကိုတွေအဖြစ် ာမှ အစိမ်းခွဲ ခွဲလိုက်သည့်နှယ် ဘာမှကို မဆိုင်သည့်သူတွေအဖြစ် င်းလဲကုန်ကြရသည့် လက်တွေ့ဘဝတစ်ခုကို ငွေဝန်းပျို ငိုယိုခယ င်ယန်ရင်းဖြင့်ပင် ရှောင်လွှဲနိုင်ဖို့ ကြိုးစားခဲ့ရှာသေးပေမယ့် ..။ ာင်မြင်ခဲ့ ..၊ ထိုအခါမှာ သူက အရင်းအချာဖြစ်သွားရကာ .. ထို မှာပဲ သူ ရပ်တည်ပေးခဲ့လျက် ဤမိန်းကလေး၏ လက်ကို ဆွဲခေါ် ခဲ့ရစဉ်ခိုက် .. ငွေဝန်းပျို ခမျာ .. သူမှတစ်ပါး အားကိုးရာမရှိသည့် းတစ်ယောက်နှယ် မျက်ရည်ကျရင်း ပါလာခဲ့ရသည် မဟုတ်ပါ ..။ ဒါပေမယ့် ..၊ သြော် .. ဒါပေမယ့် .. ငွေဝန်းပျို ၏ ဘာရုံထဲ

www.burmeseclassic.com



မှာ .. ရင်ထဲမှာ .. ရှိနေသည့် ပန်းရဂုံ ဆိုတာ မည်သို့ လွယ်လွယ်နှ ပျောက်ကွယ်သွားနိုင်ပါ့မည်တဲ့လဲ ..။ ခုလည်း ကိုကြီးကို အိပ်မက်ထဲ မြင်နေခြင်းများလား ..။

"သမီး ဆို .. သမီး ပါ ဆို .. ဖေဖေ နဲ့ တူ .. တယ် .. ဆို .."

ငွေဝန်း ငိုနေသည် ..၊ ပြောနေသည်။ သူ့ မျက်ရည်ကျလာရပါပြီ တည်း။ ရုတ်ခနဲ သတိရလာမိသည်က ငွေဝန်းပျို ၏ ပန်းရဂုံမှာ အားလုံး ရှေ့မှာ အရာရာကို လက်လျှော့လိုက်ရင်း လက်လွတ်ခံဘဝလေးအဖြ ကြေကြေကွဲကွဲဖြင့် လုပ်ခဲ့ပါလေသော မြင်ကွင်း ..၊ နဖူးလေးကို ကိုယ ဘာသာ ဖွဖွလေးပုတ်၍ ရှိုက်သံတွေဖြင့် ဆိုခဲ့သော သီချင်း ..၊

သူ .. ငွေဝန်း ၏ နဖူးပြင်လေးကို ဖွဖွလေး ပုတ်ပေးမိရပါပြ နှုတ်ခမ်းလေးတွေ တလှုပ်လှုပ်ဖြင့် ကယောင်ကတမ်းနိုင်ဖွာ ဘာ မှန်း မသဲကွဲနိုင်တော့သည့် စကားသံ တိုးတိုးလေးတွေ ပြောနေသည ငွေဝန်းပျို ..။ ငြိမ်ခနဲ ဖြစ်၏။ နဖူးအပုတ် ဖွဖွနုနုလေးကို ငြိမ်၍ ခံ သည်။

"ပန်းရဂုံကို လာခဲ့ဖို့ အရေးတကြီး ခေါ်လိုက်တဲ့ အန်ကယ့်ဖု ကြောင့် .. ငါက အရင်ဆုံး ပန်းရဂုံကို ရောက်ခဲ့ရတာ .. ဖေဖေ နောက်က လိုက်လာမယ်လို့ မှာလိုက်တာ .. ကံကောင်းပါတယ်လေ ဖေဖေ့ ရှေ့မှာ အဲသလောက်ကြီး ငွေဝန်းလေး ကို ပြတ်ပြတ်ထင်ထ ခါထုတ်ပစ်ကြတဲ့မြင်ကွင်းကို .. ငွေဝန်း အဖြစ်မခံလိုက်ရတာ က ကောင်းပါတယ် .. အို .. အဲဒီတုန်းကများ .. ပြောလိုက်ကြတဲ့စကားတွေ ငါ ငြိမ်နေတာတောင် ဘယ်သူမှ မမြင်ကြ .. သတိမထားမိကြ လောက်အောင်ပဲ သူတို့ဓာနဲ့ သူတို့ ဖြစ်နေကြတာ .. အန်တီ ယ ခများတော့ သနားစရာပါ .. ငိုနေလိုက်တာ .."

ဘယ်လိုမှ မေ့နိုင်စရာမရှိသည့် မြင်ကွင်းပေပဲလေ ..၊ ပေါက် ပြောကြ ..၊ ခံစားကြဖြင့် ရှိနေပါသည့် အန်ကယ်နှင့် သားနှစ်ယောက်





ဘယ်သူကမှ ငွေဝန်း အတွက် သနားပေးရဖို့ ဓာမကျန်နေကြ ..။ သူ အတန်ကြာမျှ စောင့်ဆိုင်း ရပ်ကြည့်နေခြင်းသည် တစ်စုံတစ်ခုသော ပြောင်းအလဲများ ဖြစ်များ ဖြစ်လာဦးမည်လားဆိုသည့် အတွေးဖြင့် ပါ ..။

စာတ်ပုံကြီးကိုပြ၍ မိသားစုတစ်စုအဖြစ် ရှိနိုင်ဖို့ ငွေဝန်း ကြိုးစား နေချိန်မှာ သူ မျက်ရည်လည်နေသည်။ အန်ကယ်ပဲဖြစ်ဖြစ် .. ကိုကြီးနှင့် ကိုယ်ပဲ ဖြစ်ဖြစ် .. တစ်ယောက်ယောက်များ စိတ်ထားတင်းမာမေါက် ကဲ့နေကြတာ လျှော့ပါး ပြောင်းလဲသွားမည်လားဟု သူ မျှော်လင့်ခဲ့ပေ သည် ..၊ လက်တွေ့မှာ ဘာမျှ ပြောင်းလဲမသွားတာကို သူ အံ့သြစွာ မြင်ခဲ့ရသည်ပဲလေ ..။

အရာရာကို စိတ်လျှော့ချလိုက်ကာ နံရံကိုမှီ၍ ကိုယ်လေးလျှော ..။ နဖူးလေးကို လက်လေးဖြင့် ဖွဖွပုတ်ကာ ..။ ညီမလေးရယ် အိပ်ချင် .. ဆိုသည့် ကလေးချော့တေးလေးကို ကိုယ့်ဘာသာကိုယ် ဆို၍ ကိုယ့် ကြကွဲမှုတွေဖြင့် လူးလဲမျောပါနေသည့် ငွေဝန်း ကို သူ မကြည့်ရက် င်တော့တာမို့ .. လက်လေးဆွဲခေါ်လာချိန်မှာရော .. တားမြစ်သံမှ ါမလာနိုင်သည်ပဲလေ ..။ ငိုယိုနေသူဆို၍ အန်တီယမုန် တစ်ယောက် ရှိနေသည်ပါပဲ။

"ချမ်းသာဂုဏ် ထိခိုက်တယ်လို့ သူတို့ ခံစားနေကြတာ .. ဒီ လေးဟာ .. သူတို့ အမေရဲ့ နို့ရည်ကြည်ကို စို့ပြီး ကြီးလာခဲ့တာ .. တို့အားလုံးရဲ့ အချစ်တွေနဲ့ ကြီးလာခဲ့တာ .. အားလုံးကို မေ့ပစ်လိုက် ကြတာပါပဲလား .."

ဟု တွေးတောကာ လူ့မနောကိုလည်း အံ့သြရင်းဖြင့် အသိတရား မိရပြန်သည်။ ငွေဝန်းပျိုလေး က မိဘရင်း၊ အစ်ကိုရင်းဖြင့် အရှ ဖြစ်တည် ပြောနေချိန်မှာ ဖခင်နှင့် အစ်ကိုတွေက ခါးခါးသီးသီး နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ပါလဲ .. ချမ်းသာဂုဏ်ရှိန် ..၊ မျိုးရိုးဂုဏ်ရှိန်.. ဆင်း
ချမ်းသာ ခွဲခြားသည့် စိတ်ဓာတ်အရှိန်တွေဖြင့် နစ်မွန်းနေကြခြင်း ..

"အဲဒီအချိန်မှာ မင်းရဲ့ လက်လေးကို ကိုကို လက်တွဲခေါ်ခဲ့ခြင်း
ဟာ .. ကိုကို့ အသက်ရှင်နေသမျှ .. တစ်သက်တာအတွက်ပဲ ငွေဝန်းပျို
ငါ့တစ်သက် လက်တွဲခြင်းပဲ ..၊ ငါ သွားရာမှာ ငါ လက်တွဲခေါ်
သွားရမယ့် လက်လေးဟာ .. ဒီလက်လေးပဲ ..၊ မင်းရဲ့ လက်လေး
ကလေးရယ် .."

သူ ရင်ကိုနှစ်၍ ပြောမိရင်း ငွေဝန်းပျို ၏ လက်လေးကို နုနုသ
သက် .. ဖွဖွညင်ညင် ဖေးယူလိုက်မိကာ ..။ လက်ဖမိုးလေးကို
တနင့်နင့်ဖြင့် .. သနားချစ်ကြင် နမ်းလိုက်မိရပါချေ၏။

သူ့ လက်တစ်ဖက်ကတော့ဖြင့် .. ငွေဝန်းပျို ၏နဖူးလေးကို
လေး ဖေးပုတ်နေဆဲ ..။

မင်းရဲ့ရင်ထဲက အပူတွေအားလုံးကို နုတ်သိမ်းပစ်လိုက်နိုင်အော
ခုကတည်းက .. ငါ့ရဲ့ အချစ်တွေကို .. မင်း ရယူ ပိုင်ဆိုင်ထားလိုက်
တော့ ငွေဝန်းပျို ..၊





ချစ်သူ ...
မင်းကို သောကအပူတွေ
မဟာစ်ရစေလအောင်
အလွန်တောက်ပနိုင်စွံတဲ့
ရင်ခွင်တံတိုင်းကြီးတစ်ခုနဲ့
အလွန်လှပမွှေးပျံ့ရာ
လရောင်အောက်က
ပန်းမြို့တော်တစ်ခုဟာ
ငါ့ရဲ့အချစ်တွေမှာ တည်ရှိနေလေရဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

မနက်စာ ကော်ဖီပွဲသည် သူ့အခန်းရှိ ဆက်တီစားပွဲထက်မှာ ရှိနေ၏။ ဒေါ်ကြီးဥ လာပို့ထားခြင်း ..၊ ပေါင်မုန့်ကြက်ဥကြော် ..၊ အာလူးကတ္တလိတ်၊ ပူတင်းနှင့် မြူဆွမ်တို့ရှိနေသည့် စားပွဲရှေ့မှ ဆိုဖာကြီးထက်မှာ သူ ငွေဝန်း နှင့် တူတူယှဉ်၍ ထိုင်သည်။

မနေ့က နေ့လယ်စာ၊ ညစာလည်း အခန်းထဲအရောက် ဒေါ်ကြီးဥ လာပို့ပေးရသည်။ သူ နားလည်ပါ၏။ ငွေဝန်း နှင့် တစ်စားပွဲတည်း မစားနိုင်ပါဟု ကြီးမြတ် ဆုံးဖြတ်ထားသည်တည့် ..။ အစတုန်းကတော့ နေဝန်းဆောက်လုပ်ရေးပစ္စည်းစက်ရုံနှင့် အိမ်အလှဆင်ပစ္စည်းစက်ရုံကြီးကိုလည်း ပိုင်သော ..။၊ ပရိဘောဂစက်ရုံကြီး တစ်ခုကိုလည်း ပိုင်သော ဦးဘုန်းသာ နှင့် ဒေါ်ယမုန် တို့၏ သမီးဆိုတာနှင့် မမြင်ဖူးသေးပေမယ့် အလွန်သဘောမျှနေသည့် ကြီးမြတ် ..၊ ပီတိဖြစ်နေသည့် ကြီးမြတ် ..၊ ချစ်သူအရှာကောင်းသည့် တူအဖြစ်ပင် သူ့ကို တရရ ချီးကျူးနေသေးသည့် ကြီးမြတ် ..။ ခုကျတော့ .. ငွေဝန်း နှင့် မျက်နှာချင်းပင် အဆုံမခံနိုင်ပဲ ဖြစ်နေသည်တည့် ..။

သူ .. အရာရာ သဘောပေါက်ထားပြီးရပြီမို့ .. ငွေဝန်း ကို ရတနာမွန်းအိမ်ကြီးမှာ ခေါ်ထား၍လည်း မဖြစ်ပြီဆိုတာ ဆုံးဖြတ်ခဲ့သည်က မနေ့ကတည်းကပါ ..။





ခုလို .. သီးသီးသန့်သန့် စားစေ သောက်စေသည်အထိ ဖြစ်လာတော့ ပို၍ ထိုဆုံးဖြတ်ချက်က မှန်ကန်လာသည့်အဖြစ် ..၊

"ငွေဝန်းလေး .. အားရှိအောင်လို့ နားနားနေနေ အခန်းထဲမှာပဲ နေရအောင် ဒီမှာပဲ စားခိုင်း သောက်ခိုင်းတာဗျ .. ကဲ .. မြူဆွမ်ပူပူလေးလည်း စား .. ကော်ဖီလည်း သောက် .. ဒီထဲက တစ်ခုစီလောက်လည်း စား .. စားဝင်သလောက်ပဲ စား .. မကုန်ရင် ချန်ထား ..၊ ကျန်တာကိုကို စားလိုက်မယ် သိလား .. ငွေဝန်းလေး အားရှိအောင် .. ဒီထဲကဥစ္စာတွေအားလုံး .. နည်းနည်းစီပဲ ဖြစ်ဖြစ် .. စားတော့ စားရလိမ့်မယ် .. ချန်မထားရဘူး နော် .."

သူ ပြောကာ ငွေဝန်း ကို မြူဆွမ်လေး ဇွန်းဖြင့် ခပ်၍ တိုက်တော့ ရက်အမ်းအမ်းလေးဖြင့် ငွေဝန်း သောက်ရှာပါ၏။ သူ တိုက်သမျှ တစ်ချက် မငြင်းပဲ သောက်နေတော့ သူ တဖြည်းဖြည်း သိလာရသည်။ ငွေဝန်းလေး စမျှ ငြင်းကို မငြင်းရဲရှာ ..၊ ငြင်းလိုက်လျှင် သူ စိတ်ထဲ ငြိုငြင်သွားမှာ လန့်နေသည်ဟု သိလာရပြန်သည်။ ရင်ထဲ မကောင်း..။

"ဝပြီလား .."

သူ တိုးတိုးမေးတော့ ဝမ်းသာအားရလေး ခေါင်းညိတ်ပြရှာသည်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ရှိနေသည့် ကလေးပေပဲလေ ..။ ဘယ်မှာ စားဝင် သောက်ဝင် ဖြစ်နိုင်ရှာပါ့မည်လဲ ..၊ ဒါပေမယ့် .. တစ်ချက်ဂျီမတိုက် ..၊ ခေါင်းမခါ ..။ ဘာမဆို .. နားထောင်ရှာသမျှ ခုလိုကျတော့လည်း ရင်ထဲ ထိခိုက်ရရင်း ပေါင်မုန့်လေးတစ်ဖဲ့ ကျွေးတော့လည်း ကလေးလိုပဲ ပါးစပ်လေးဟပေးကာ စားသည်ပါပဲ။ အာလူးကတ္တလိတ် ကျွေးတော့လည်း စားသည်ပါပဲ။ ပူတင်းလေး ခွံ့ကျွေးတော့ စားနေရင်းမှ တစ်ချက် ပျို့တက်လာသည်က ငွေဝန်း ပါ..။ ရေချိုးခန်းသို့ သုတ်သုတ်ပြေးကာ ဘေစင်မှာ ခေါင်းထိုး၍ အန်တော့ သူ နောက်မှ အပြေးလိုက်လာရတာမို့ အားလုံး မြင်နေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ .."

ဘယ်နှယ့်လုပ်၍ သူ ရင်ထဲကောင်းနိုင်ပါတော့မည်တဲ့လဲ ..။
ကျွေးသမျှ စားနေရှာသည့် ငွေဝန်း ..။ ဆက်မစားနိုင်တော့တာ
ဟန်ဆယ်နေသည့်ကြားမှ ထိုးအန်ချင်လာရှာသည်ကောလေ ..။ ငွေ
၏ ကျောလေးကို သူ ဖွဖွလေး သပ်ပေးနေမိရသည်။ ဆံစလေးတွေ
ချွေးတွေစို့နေရင်း မျက်ဝန်းမှ မျက်ရည်တွေ ကျနေသည်အထိ အန်
တာ မြင်ရတော့ သူ စေတနာအောလွန်၍ ကျွေးမိလေခြင်းဟု ရင်
မရှိ ..။ နောင်တ ဖြစ်ရပြန်သည်။ မောနေသည့် ငွေဝန်း ကို သူ ထိန်း
ကာ မျက်နှာကို ရေအေးအေးဖြင့် သစ်ပေးမိရပါ၏။ ခုတင်ထက်
ထိုင်စေကာ .. မျက်နှာကို တဘက်ပွကြီးဖြင့် သုတ်ပေးရသည်။

"မစားနိုင်ရင် ပြောပါလား ငွေဝန်း ရယ် .. ကိုကို ကျွေး
အားလုံး စားတာကိုး .. ကိုကို ကလည်း .. အားရှိစေချင်ဇောနဲ့ ကျွေး
တာ .."

သူ ညည်းတော့ ငွေဝန်း မျက်ရည်ဝဲနေသည်။ ငွေဝန်း ၏
လေးကို သပ်ပေးရင်း ထိထိနိုက်နိုက် ကြည့်မိကာ ...

"မစားချင်ဘူးလို့ ပြောလိုက်ရင် .. ကိုကို စိတ်ဆိုးမှာစိုးလို့လာ
ပြောပေါ့ ငွေဝန်း ရယ် .. ကိုကို့ကိုမှ ငွေဝန်း မပြောရင် .. ဘယ်သူ
ပြောမလဲ ကိုကိုပဲ ရှိတာ .."

သူ ခပ်ညည်းညည်း ပြောမိချိန်မှာ ငွေဝန်း မျက်ရည်ကျလာသည်
ငွေဝန်း မှာ ကိုကိုပဲ ရှိတာ .. ဆိုသည့် စကားသည် ငွေဝန်း ၏ နှ
အိမ်ကို ဖွဲ့ခြွေပြီကောဟု နားလည်လိုက်ရချိန်က အရှမ်းကို နောက်
သွားပြီး ..။ ကလေးလေးလို ငွေဝန်း မျက်ရည်တွေ ဆက်တိုက်ကျ
သည်။ တကယ့်ကို အားကိုးရာ တစ်ယောက်တည်းရှိနေသည့် က
လေးနှယ်ပင် သူ့ ပခုံးပေါ် ခေါင်းလေး ငိုက်မိုချလိုက်ရမှ ငွေ
စိတ်ကို လျှော့ချလိုက်ပုံ ရပါ၏။





အသံလေးထွက်လာအောင် ငွေဝန်း ငိုနေသည်။ ရင်တွေကျေနေ
သည့်နှယ် ငိုနေပုံလေးက အားကိုးရာ ပျောက်နေသည့်နှယ် ဖြစ်နေ
သည်။ သူ့လက်မောင်းကို ဆုပ်ကိုင်ထားသည့်လက်လေးတွေ တဆတ်
ဆတ် တုန်နေသည်။ နှုတ်က ဘာမျှ ပြောမလာ ..၊ ဒါပေမယ့် .. မွမွကြေ
နေသည့် အားငယ်ကြေကွဲမှု၏ ပေါက်ကွဲရှိန်က မျက်ရည်နှင့် ရှိုက်သံ
အလွှာပဲ ဖြစ်နေချေသည်တကား ..။

အင့်ခနဲ .. အင့်ခနဲ အသံလေး ပွင့်ကျလာအောင် ရင်ပေါက်မတတ်
နေသည့် ငွေဝန်းလေး ကို သူ ရင်ခွင်ထဲ ထွေးပွေ့ထားမိရင်း ဆံစလေး
ကို သပ်ပေးလိုက် ..၊ ကျောလေး သပ်ပေးလိုက် ..၊ ပါးလေး အငိုမိလိုက်
နှင့် သူလည်း ဆောက်တည်ရာပျောက်အောင် ရင်ထဲ ထိရသည်ပါပဲ..။

"စိတ်ချ .. ကိုကို လေ .. ဘယ်တော့မှ ငွေဝန်း နဲ့ မခွဲဘူး .. အခွဲ
လည်း မခံဘူး .. တစ်သက်လုံး အရိပ်တကြည့်ကြည့်နဲ့ ထားမှာ ..
အင့်ရှောက်မှာ ..၊ ကိုကိုဟာ ငွေဝန်း ရဲ့ အားကိုးလုံခြုံရာကို ဘယ်တော့
မှ အဖျက်မခံ .. အပျောက်မခံတဲ့ ကိုကို ဖြစ်နေမယ်ဆိုတာ .. ယုံထား..၊
အားမငယ်ရဘူး နော် .. ကိုကို ရှိတယ်လေ .. ကိုကို့ကို ကြည့်စမ်း ..
မော့ကြည့်စမ်း .."

ပြောတော့လည်း ငိုနေသည့်ကြားမှပင် ကလေးလို မော့ကြည့်ရှာပုံ
လေးက သူ ဘာပြောပြော နာခံနေသည့် သနားစရာ အားငယ်မှုလေး
များဖြင့်ပါ ..။

"ကိုကို့ကို .. ယုံကြည်နေရမယ် .. အမြဲ ယုံကြည်နေမယ် ..၊
ဘယ်တော့မှ ငွေဝန်း အပေါ်မှာ ချစ်တဲ့အချစ်ကို .. မရှုပ်သိမ်းဘူး ..
ကိုကို ရှိနေသမျှ .. ငွေဝန်း ဟာ အမြဲ လုံခြုံအေးချမ်းနေတယ်လို့ စိတ်ချ
ထား .. ဟုတ်ပြီလား .."

သူ တည်တည်ငြိမ်ငြိမ် ပြောရသည်။ သူ့ စကားလုံးတိုင်းသည်
ငွေဝန်း ၏ယုံကြည်မှုဆိုသည့် ခံစားချက်ကို ထိုးဖောက်သွားနိုင်ဖို့အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည်။ တကယ်က အရမ်းကို ဝိုင်းချစ်ကြသည့် ပန်းရဂုံမှ အိမ်သားများ၏ အစိမ်းဖြတ် ဖြတ်ချလိုက်သည့်ဒဏ်ကို ရူးမတတ် ခံစားခဲ့ရပါသည့် ချောက်ချားမှုကြီးသည် ..၊ အချစ်ဆိုသောအရာတစ်ခုကို .. ယုံကြည်ပေးရမှာ .. စိတ်ချပေးလိုက်ရမှာ .. သွေးလန့်နေချေမည်သာ ..။ သူတစ်ယောက်ပဲ ရှိတော့သည့်နယ် ငွေဝန်း ဖြစ်နေရချိန်မှာ .. သူ စိတ်လက်ဆိုးသွားမှာ .. စိတ်ပျက်လက်ပျက်ဖြစ်သွားမှာကို ငွေဝန်း လန့်နေရှာမှန်း သိနေရပါသည့်အဖြစ် ..၊ ငွေဝန်း ၏ နှုတ်မှ ဖွင့်မပြောပေမယ့် သူ နားလည်နေမိရသည်လေ ..။

"တိတ်တော့ နော် .."

မျက်ရည်ကို သုတ်ပေးရင်း သူ တိုးတိုးညင်ညင်ပြောတော့ ခေါင်းလေးညိတ်ပြသည်။ လက်ဖမိုးလေးဖြင့်လည်း ကလေးလေးနယ်ပင် မျက်ရည်ကို ခပ်မြန်မြန် သုတ်နေသည်။ အငိုတိတ်ကျလိုက်ပေမယ့် ရှိုက်သံက မစင်နိုင်ရှာ ..၊ ငွေဝန်း ၏ ခေါင်းလေးကို သူ့ပခုံးပေါ် လက်ဖြင့်သိမ်း၍ ဖေးတင်လိုက်ကာ ဆံစလေးကိုသာ အတန်ကြာ သပ်ပေးနေမိရပါ၏။ အချိန်တစ်ခုကို စောင့်နေခြင်း ..၊ အတန်မျှ စိတ်ငြိမ်သက် ထိန်းလာနိုင်ချိန်ထိ သူ စောင့်ပေးပြီးမှ ဆိုဖာရှည်ကြီးဆီသို့ တွဲခေါ်လာမိသည်။ သူ့ဘေးမှာ ထိုင်စေသည်။

"ကိုကို စားလိုက်ဦးမယ်နော် .. ကိုကို စားနေတာကို ငွေဝန်းလေးက ထိုင်ကြည့်ရင်း အဖော် လုပ် .. ဟုတ်ပြီလား .."

သူပြုံး၍ ပြောတော့ မျက်ဝန်းနက်နက်လေးတွေဖြင့် ငေးကြည့်ကာ ခေါင်းလေးညိတ်ပြရှာသည်။ သူ .. ထိုအခါမှ မနက်စာကို စားဖြစ်ပါ၏။

ဒေါ်ဥ ရောက်လာတော့ မနက်စာ ပြင်ထားပေးတာ သိပ်မကုန်သည်မို့ မျက်နှာမကောင်းရှာ ..၊ ဒေါ်ကြီးဥ ခမျာ စားစေချင်ရှာသည်ကိုးလေ ..။





"ငွေဝန်းလေး .. စားရင်း အနံ့တာနဲ့ .. သိပ်မစားဖြစ်လိုက်ဘူး ဒေါ်ကြီးဥ .. ဆယ်နာရီလောက်ကျရင် .. ဖျော်ရည်လေးတစ်ခုခုနဲ့ အစာကြေလွယ်တဲ့ အစာတစ်ခုခုလောက် ငွေဝန်း အတွက် စီစဉ်ပေးနော်.."

သူ ပြောတော့ ဒေါ်ကြီးဥ ခေါင်းညိတ်ကာ ပန်းကန်တွေအားလုံး လင်ပန်းဖြင့် သယ်သိမ်းသွားပါ၏။

သူ မနက်ကိုးနာရီခွဲလောက်အထိ ငွေဝန်း နှင့်အတူ ရှိနေလိုက်ရပေမယ့် .. မသွား၍လည်း မဖြစ်သည်မို့ နာရီကို ကြည့်ကာ ...

"ကိုကို ခဏ အပြင်သွားမယ်.. ဘာမှအားမငယ်ရဘူး.. မကြောက်ရဘူး .. ဘယ်သူ ဘာပြောပြော ဂရုလည်း မစိုက်နဲ့ .. သိလား..၊ ကိုကို အမြန်ဆုံးပြန်လာခဲ့မယ် .. ခဏပဲ .. လုပ်စရာရှိတာလေးတွေ မသွားမဖြစ် သွားလုပ်ရမှာမို့ .. ကိုကို ခဏပဲသွားမှာ .. ငွေဝန်း အိပ်နေလိုက်နော် .."

သူ ပြောကာ ငွေဝန်း ၏ နဖူးလေးကို နမ်းသည်။ မျက်နှာငယ်လေးဖြင့် ငွေဝန်း ခေါင်းညိတ်ပြလာပါ၏။ တူတူလိုက်မည်ဟုလည်း မပြောရဲရှာ ..၊ ဘာတစ်ခုမှ သူ စိတ်ကွက်တာမျိုးကို အဖြစ်မခံနိုင်ပဲရှိနေတာ မြင်ရတော့ ပို၍ ရင်ထဲမကောင်း ..။ သနားလာရသည်ပါပဲ..။ နေရေးထိုင်ရေး ကိစ္စလည်း ရှိသည်။ အလုပ်အကိုင်ကိစ္စလည်း ရှိသည်။ မနေ့က ငွေဝန်း နှင့် လက်ထပ်စာချုပ်မှာ သက်သေအဖြစ် လိုက်ပေးခဲ့ပါသည့် ဖေယျာ ထံသို့ သူ သွားရမည် ..။

သူ အခန်းထဲမှ ထွက်မည့်ဆဲဆဲ ..။ တံခါးနားအရောက်မှာ ငွေဝန်းကို လှည့်ကြည့်မိရပြန်သည်။ ခုတင်ထက်မှာ ဒူးလေးသိမ်း၍ လက်ကလေးဖြင့် သိမ်းပိုက် ငြိမ်ထိုင်နေရင်း သူ့ခြေလှမ်းသွားရာအတိုင်း တကောက်ကောက် လိုက်ကြည့်နေသည့် မျက်ဝန်းလေးတွေနှင့် ဆုံသည်။ သူ .. ရှေ့ဆက်မသွားပဲရက်ပဲ ဖြစ်ရပြန်ကာ လှည့်၍လျှောက်လာရရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မကြာဘူး .. အမြန်ပြန်လာမှာ .. စိတ်ချ .. ကိုကို ပြောတဲ့ သေချာ နားထောင် နော်.. ငွေဝန်း ရဲ့ ရင်ထဲက အပူတွေအားလုံး နှုတ် သိမ်းပစ်လိုက်နိုင်အောင် .. ခုကတည်းက ကိုကို့ အချစ်တွေကို ငွေဝန်း ရယူပိုင်ဆိုင်ထားလိုက်စမ်းပါ .. ငွေဝန်း ရဲ့ အင်အား .. ငွေဝန်း ရဲ့ အားကိုးရာ .. ငွေဝန်း ကို ချစ်တဲ့သူ .. အဲသလို .. သိထားလိုက်စမ်းပါ ကွယ် .."

ဟု ပြောကာ ငွေဝန်း ၏ ပါးလေးကို ဖွဖွမျှ သူ့လက်ဖဝါးဖြင့် ပုတ်သည်။ နဖူးလေးကို နမ်းသည်။ ငွေဝန်း ၏ လက်လေးတွေ သူ့ လက်မောင်းကို ရုတ်ခနဲ စိတ်စေရာအတိုင်း ကိုင်လာသည်။ နောက် တော့.. အားကိုးရာ အရိပ်ကလေးတစ်ခုအဖြစ် သူ့ပခုံးပေါ် ခေါင်းလေး မှေးမှီ တင်ပြရှာပါသတည်း ...။ သူ .. မသွားရက်ပြန် ...၊ ခေါင်းလေးကို လက်ဖဝါးဖြင့် ဖေးအုပ် သိမ်းအုပ်ထားမိရပြန်သည်တည့် ...။

တကယ်က .. ငွေဝန်း ကိုလည်း ခေါ်သွား၍ မဖြစ် ...၊ ဖေယျာ ၏ဖေဖေ အန်ကယ်ဇော် ဆိုတာက ဖေဖေနှင့် အရမ်းရင်းနှီးသည့် သူငယ်ချင်းပေမို့ .. ရွှေပြည်သုံ့ဟိုတယ်မှာ သူ အလုပ်ရဖို့ကိစ္စပြောလျှင်.. ဖေဖေ စိတ်ကွက်မှာ စိုးရိမ်ပြီး လက်ခံချင်မှ လက်ခံမည်လေ ...။ ငြင်း သည့် စကားတစ်ခုခုကို ငွေဝန်းလေး ဘေးထားရင်း သူ ရင်မဆိုင်ချင်...။ ငွေဝန်းလေး စိတ်ထိခိုက်ချေမည်ပေါ့ ...။ ဒါကြောင့် .. ငွေဝန်း ကို သူ ချန်ခဲ့ရခြင်းပါ ...။

နာရီကို ငုံ့ကြည့်မိတော့ ဆယ်နာရီထိုးနေပြီ ...၊

"ကိုကို သွားမယ်နော် .. မကြာဘူး .. ပြန်လာမှာ .. ဘာစားချင် လည်း ဟင် .. ကိုကို ဝယ်လာခဲ့မယ်လေ .."

ငွေဝန်း ခေါင်းခါသည်။ မော့ခနဲ ကြည့်ကာ မျက်နှာလေး ငိုမဲ့မဲ့ ဖြစ်ရင်းမှ ...

"ငွေဝန်း .. ကြောက်တယ် ကိုကို .."





ဟု ပြောလည်း ပြော .. မငိုနဲ့ဟု တားထားတာမို့ အောင့်ထားရှာ နေပုံလေးဖြင့် ခေါင်းလေးငိုက်ချထားကာ လည်ချောင်း တနင်နင်ဖြင့် ရှိနေရှာပါ၏။ သူ .. သက်ပြင်းရှိုက်ကာ ဘေးတွင် ထိုင်မိရပြန်သည်။ မျက်နှာလေးကို ရင်မှာ ဖေးကပ်ထားမိရာမှ ...

"ကိုကို ပြောထားတယ်လေ .. ကိုကို့ကို ယုံ .. ကိုကို ရှိနေသမျှ.. ဘာမှ .. ငွေဝန်း အားငယ်စရာ မလိုဘူး .. ကြောက်စရာ မလိုဘူး .. ဘယ်သူ့ကိုမှ မကြောက်နဲ့ .. ကိုကို ရှိတယ်လို့ အော်ပစ်လိုက် .. သိ လား .."

ဟု ပြောရပြန်၏။ ကြီးမြတ် ကို ကြောက်နေတာလည်း သိသာ သည်။ သူ ပြန်မလာမှာကို လန့်နေတာလည်း သိသာသည်။

"ကိုကို မသွားတော့ဘူး .. ဟုတ်ပလား .."

ဟု ပြောတော့လည်း ခေါင်းလေးခါ၍ ..

"သွားပါ ကိုကိုရယ် .. အမြန်ပြန်လာနော် .."

ဟု ပြောရှာ၏။ ကိုကို .. တဲ့လားလေ ...၊ အစ်ကိုကြီးဟု ခေါ်ရာမှ.. ခုတော့ .. သူ ပြောပြောနေသည့် ကိုကို ဆိုတာကို လိုက်၍ခေါ်ရှာသည်...။ ရင်ထဲ ကြည်နူးရသည်ပါပဲ ...။

"ဒါဆို .. ကိုကို သွားမယ် .. ဟိုဘက်လှည့်အိပ်နေလိုက် .. ကျော ပေးနေလိုက် .."

"ဟင့်အင်း .. ဘယ်တော့မှ ကျောမပေးဘူး ကိုကို .. ကျောမခိုင်း ဘူး .."

ဟု အတိတ်နိမိတ်လေးပင် ကောက်၍ ငွေဝန်း ပြောတော့မှ သနား စိတ်ဖြင့် ပါးလေး ပုတ်မိရ ...၊ သူကိုယ်တိုင်လည်း ငွေဝန်း ကို ကျော မပေးဘဲ နောက်ဆုတ် နောက်ဆုတ်ပုံစံဖြင့် ကိုယ့်အခန်းတံခါးအရောက် သွားခဲ့ရကာ .. ပြုံးပြပြီး အခန်းထဲမှ ထွက် ...၊ တံခါးလေး ဆွဲစေ့ထား ခဲ့ရပါသတည်း ...။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲပါလာသည်က ငွေဝန်း ပြောခဲ့ပါသည့် စကားလေး ..၊ ဘယ်တော့မှ ကျော်မပေးဘူး .. တဲ့လားလေ ..။ ဪ .. ငွေဝန်း ခမျာ.. ငွေဝန်း ချစ်ရသော ပန်းရဂုံ၏ ကျော်ပေး .. ကျော်ခိုင်းလိုက်တာကို ခံရသည့်နောက်မှာ ..၊ ကျော်ခိုင်းခံရခြင်း၏ ဆိုးဝါးသော ခံစားချက်ကို ထဲထဲဝင်ဝင် ရင်ကိုနှစ်၍ သိထားရရှာသည်မို့ .. သူ့ကို ကျော်ပေး၍ပင် မနေရဲသည်အထိ အစွဲအလမ်းကြီးတစ်ခုနှယ် ရင်ထဲမှာ ဖြစ်တည် ကျန်ခဲ့ရချေသည် တကား ..။

"ဘယ်လိုလဲ ထက်ခေါင် .. မင်း မယားက မနေ့ကမှ မင်းနဲ့ လက်ထပ်တာ .. အခု အန်နေပြီဆို .. ဘယ်လိုလည်းကွယ် .. သွေးရိုး သားရိုးမှ ဟုတ်ရဲ့လား .."

ငွေဝန်း အန်တာ ဒေါ်ကြီးဥ သဘောရိုးဖြင့် ကြီးမြတ် ကို ပြောပြ ခဲ့၍ ဖြစ်ချေမည် ..။

ညနေခန်းသို့ သူ ရောက်တာနှင့် အသင့်ကြို၍ စောင့်နေပုံရပါသည့် ကြီးမြတ် ဆတ်ခနဲ ထရပ်ကာ ခါးထောက်၍ တင်းတင်းကြီး မေးလာတော့ သူ မျက်နှာကြီး ပျက်သွားရကာ ...

"ကြေကွဲဒုက္ခတွေ ခံစားနေရတဲ့သူကို .. ထပ်ပြီး စွပ်စွဲစကားတွေနဲ့ မရက်စက်ပါနဲ့ ကြီးမြတ် .. ငွေဝန်း ဟာ အရှမ်းကို ဖြူစင် အပြစ်ကင်းတဲ့ မိန်းကလေးပါ .."

ဟု ပြောကာ ခြေလှမ်းကြဲကြီးဖြင့် ထွက်လာခဲ့ရပါ၏။ ကားပင် မယူ ..၊ အရာရာ ကင်းအောင် ရတနာ့ဗွန်းမှာ ရှိသည့် သူ့ကားကိုပင် မယူပဲ ခြေလျင် ထွက်ခဲ့ရသည်ပါပဲ ..။





## အခန်း [ ၁၁ ]

အခန်းထဲ ကြီးမြတ် မျက်နှာတည်ကြီးဖြင့် ဝင်လာတော့ ငွေဝန်းမျို ခုတင်ထက်မှာ မျက်နှာငယ်လေးဖြင့် ငြိမ်ထိုင်နေရာမှ လန့်လန့်ဖြင့် ထရပ်လိုက်မိရသည်ပါပဲ ..။

"ဒီလောက် သွက်သွက်လက်လက် ထရပ်နိုင်နေမှတော့ .. နေကောင်းနေပါပြီ.. မိန်းကလေးဆိုတာ အခန်းထဲအောင်းပြီး အပျင်းကြောထူနေလို့တော့ အလကားပဲကွယ့် .. အိမ်မှုကိစ္စဆိုတာ လုပ်ရတယ်.."

ဟု ပြောတော့ ငွေဝန်းမျို မျက်နှာလေး ပို၍ ငယ်ကျသွားရပါပြီ။ ငွေဝန်း က ဘာဆို ဘာမှ မလုပ်တတ် ..၊ ဘာမှ မလုပ်ရအောင်လည်း ကိုကြီးနှင့် ကိုငယ် တို့က ထားထားသည်မှ သံမဏိစည်းကမ်းကြီးဖြင့် ဖြစ်ချေတာမို့ ဒေါ်ကြီးစိန် လည်း ဘာမှကို မခိုင်းရဲရှာ ..။

မတော်တဆ မေးထိသွားတာမျိုး ဖြစ်ချေလျှင် ကိုကြီးနှင့် ကိုငယ် တို့ မိုးမီးလောင်ကြချေလိမ့်မည်ဟု ပြောခဲ့သည့်နှယ် ..၊ ဟင်းအိုးလေးပင် မွှေခွင့်မရ..။ ထမင်းအိုးလေးပင် တည်ခွင့် မရှိ ..။

အပူထိသွားလျှင် အခက် .. ဟု ဒေါ်ကြီးစိန် လက်တကာကာဖြင့် မျက်စိမျက်နှာပျက်လျက် တားခဲ့သမျှ .. မေမေလည်း ကိုကြီးနှင့် ကိုငယ် တို့ အဖြစ်သည်းတာကို လက်လျှော့ခဲ့ရသည်အထိပါ ..။



www.burmeseclassic.com

www.burmeseclassic.com



နက်ကျတော့ .. ကြီးမြတ် က အိမ်အလုပ် လုပ်ရမည်ဟု ပြောလေပြီ။ ငွေဝန်း မလုပ်ချင်၍ မဟုတ်ပါ ..။ မလုပ်တတ်မှာကို သိနေရင်း လန့်နေခြင်း ..။

"ဟဲ့.. ဘာရပ်ငေးနေတာလည်း .. အောက်ထပ်ဆင်းရမယ်လေ.."

ငေါက်ဆတ်ဆတ်ကြီး ခေါ်တော့ ငွေဝန်း ကိုကို့ကို တမ်းတမိရသည်ပါပဲ။ ကိုကို မရှိတော့ ပို၍ အားကိုးရာ ပျောက်နေသည် ..။

"ဒီမှာ .. ညည်းကို ငါ ပြောမယ် .. ဒီမှာ မနေချင်ရင်.. ငါ ကူညီနိုင်တယ် .. အခု အချိန်လည်း ရှိသေးတယ်.. ထက်ခေါင် လည်း အိမ်မှာ လောလောဆယ် မရှိဘူး .. ဟောဒီမှာ ငွေ ဆယ်သိန်း .. ညည်း ဒီက ထွက်သွားလို့ ရတယ် .. အဲဒီ ပိုက်ဆံနဲ့ အရင်ဆုံး ဟိုတယ်တစ်ခုခုမှာ နေလိုက်ပေါ့ .. ဒီမှာ .. နောက်ထပ် ဆယ်သိန်းလည်း ထပ်ပေးမယ် .. ဒီတော့ .. သိန်းနှစ်ဆယ် ရမှာ .. ဟိုတယ်မှာ ခဏနေပြီးရင် .. ညည်း အဖေနဲ့ အမေကို ဆက်သွယ်ပေါ့ .. သူတို့ကလည်း ပြန်ခေါ်ကြမှာပါ.. ခဏလောက်တော့ သမီးရင်းမဟုတ်တဲ့ကိစ္စကြောင့် သွေးပူနေမှာပေါ့ အေ .. အရေးကြီးတာက .. ငါ့တူနဲ့ ဝေးဖို့ပဲ ..၊ ညည်းလို အစေခံ သမီးနဲ့တော့ဖြင့် .. ငါ့တူကို တူတူ မထားနိုင်တာ သဘာဝကျပါတယ် အေ ..၊ ဘယ်လိုလဲ .. သိန်းနှစ်ဆယ်ကြီးများတောင် ငါ့မှာ တူဇောနဲ့ စွန့်လွှတ်ရတာ နော် .. နည်းတဲ့ငွေ မဟုတ်ဘူး .. ညည်း .. ဟိုတယ်မှာ ကောင်းကောင်းနေ .. ကောင်းကောင်းစား .. နည်းနည်း ရက်ကြာလာတော့မှ .. ညည်း မွေးစားမိဘကို ဆက်သွယ်ပေါ့ .. အဲဒီနည်းလမ်းဟာ အကောင်းဆုံးပဲ ..၊ ဒါပေမယ့် .. ညည်း .. ငါ့တူကိုတော့ ကွာရှင်းစာချုပ်လေး လက်မှတ်ထိုးပြီးမှ သိန်းနှစ်ဆယ် ရမှာ နော် .. ငါက .. ဆယ်သိန်းပဲ မှန်းထားတာ .. ဒါပေမယ့်အေရယ် .. မနေမြောတော့ပါဘူးဆိုပြီး သိန်းနှစ်ဆယ်ပေးဖို့အထိ မျက်စိမှိတ် ဆုံးဖြတ်လိုက်ရတာလေ .."

ငွေဝန်း မျက်ရည်လည်နေသည်ပါပဲ။





ဘာမှလည်း တုံ့ပြန်မပြောရဲ ..၊ ပြောလည်း မပြောတတ် ..။ ဘာပြန်ပြောရမည်ဆိုတာလည်း သတ္တိမရှိသလို ဖြစ်နေသည့် ငွေဝန်း ၏နှုတ်[illegible]မှ စကားလုံးတွေ ရွေးချယ်မတတ်ပဲ ဖြစ်နေသည်။ ကြောက်နေတာ[illegible]သိနေရသည်ပါပဲ ..။

"[illegible]ယ်.. ညည်း ဝတ်လာတဲ့ နှစ်ကျပ်သားလောက်ရှိမယ့် လုံးချောလက်[illegible]က်နှစ်ကွင်းရယ် .. ကျောက်စိမ်းဆွဲသီးနဲ့ နှစ်ကျပ်သားရွှေကြိုး[illegible]စ်ကုံးရယ် .. ကျောက်စိမ်းလေးတွေ ဆင့်စီထားတဲ့ နားဆွဲလေး[illegible] လက်စွပ်လေးရယ်ကို .. ငါက အထိမခံဘူးနော် .. ငါ့အိမ်က နှင်ထုတ်လိုက်လို့ .. ရှိတဲ့ လက်ဝတ်လက်စား .. ရောင်းပြီး တစ်နေရာမှာ နားခိုရတယ်ဆိုတာမျိုး ငါက အဖြစ်မခံနိုင်ဘူးလေ .. ရတနာမွန်းရဲ့ သိက္ခာ[illegible]တယ် ..၊ ဒါကြောင့် ညည်း ဟိုတယ်မှာ လနဲ့ချီပြီး နားနေနိုင်အောင် [illegible]စားနေနိုင်အောင် .. ငါက သိန်းနှစ်ဆယ်ကို ပေးလိုက်မယ် ပြောတာ[illegible]အေ .."

[illegible]န်း မျက်ရည်ကျလာပါ၏။ ကိုကို့ မျက်နှာကိုပဲ မြင်လာနေမိရသည်။ ငွေဝန်း ကိုကို့ကို ခုလို .. မလုပ်ရက်ပါ ..။ အားလုံးကို ရင်ဆိုင်ရဲစွာ ငွေဝန်း ကို လက်ထပ်ခဲ့ပါသည့် ကိုကို့အချစ်တွေကိုတော့ ငွေဝန်း မစော်ကား[illegible]ရက်ပါ။

[illegible]မြတ် ပြောသလို ပိုက်ဆံယူပြီး ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုး [illegible]ဘာမျိုး ကိုကို့ကြုံရချေလျှင်ဖြင့် ရင်ကျိုးချေမည် ..။

ငွေဝန်း ခေါင်းလေး ခါပြလိုက်မိသည်ကဖြင့် မနည်း သတ္တိမွေး၍ပါ။ [illegible]မြတ် စကားကို လက်မခံနိုင်ပါဟု ဖြေသည့် အဖြေကို ကြီးမြတ် ကြ[illegible]ဟုတ် ..။

"[illegible]လဲ .. ပိုက်ဆံနည်းနေလို့လား .. နောက်ထပ် ဘယ်လောက်တို[illegible] ပြောစမ်းအေ .. အချိန်မရှိဘူး သိရဲ့လား .."

[illegible]၍ ငေါက်ဆတ်ဆတ် အော်တော့လည်း ငွေဝန်း [illegible]ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို အားကိုးရာအဖြစ် ကြည့်မိသည်။ ကိုကို ရောက်လာပြီလားဟု တမ်းတကြည့်မိခြင်း ..၊ ဒါပေမယ့် ဘယ်သူမှ ရှိမလာ..။ ငွေဝန်း ခေါင်းလေး ဆတ်၍ခါတော့ ကြီးမြတ် စိတ်ပျက်လက်ပျက် ကြည့်သည်။ မျက်တောင်မခတ်လည်း ငွေဝန်း ကို ဒေါသဖြင့် ကြည့်သည်။

တင်းမာလွန်းသော မျက်နှာကို ငွေဝန်း မကြည့်ရဲ ..၊ ကယောင်ကတမ်းလေးဖြင့် ခုတင်ထက်မှာ ထိုင်ချလိုက်မိကာ ကြောက်နေတာပဲ ရှိနေရသည်ပါပဲ ..၊ ရင်ထဲမှာ တမ်းတလိုက်သည်မှလေ .. ကိုကို .. ဟုသာ အော်ခေါ်လိုက်ချင်တော့သည်ပါပဲ။ ကြီးမြတ် ကို ကြောက်သည်လေ ..။

အကြမ်းပတမ်း ခြေလှမ်းဖြင့်လည်း လျှောက်လာ ..၊ ငွေဝန်း ၏ လက်မောင်းကိုလည်း ခပ်တင်းတင်း ကြမ်းတမ်းစွာ ဆွဲကိုင်လိုက်သည့် နယ်ပင် ကိုင်ပစ်ကာ ဆောင့်ဆွဲလိုက်တာမို့ နာလည်း နာသွားရ ..၊ ထရပ်လိုက်ရသည်ပါပဲ ..။ ကြီးမြတ် ဆွဲခေါ်ရာနောက်သို့ ငွေဝန်း အသံလေးပင် မထွက်ရဲပဲ ပါလာရသည်။

"ဒီ မီးဖိုခန်းကို ကြမ်းတိုက်စမ်း .. ဟိုမှာ ရေဇလုံ တွေ့လား .. ဟိုမှာက .. ရေပတ်တိုက်အဝတ် .. ယူလိုက် .. မဥ .. လုပ်ကိုင် ကူမယ်လို့တော့ စိတ်ကူးမရှိစေနဲ့ .. သူက အစေခံသမီးပဲ .. လုပ်ကို လုပ်ရမှာ ..၊ ကဲ .. လုပ် .."

ပန်းနုရောင် ချည်သား ဂါဝန်ရှည် လက်တိုလေးဖြင့် ရှိနေပါသည့် ငွေဝန်းပျို ကို တည်တည်ကြီး ကြည့်၍ ကြီးမြတ် နိုင်းချိန်မှာ ငွေဝန်း မျက်ရည်လည်နေရင်းမှ မီးဖိုဆောင်ထောင့်မှာ ရှိနေပါသည့် ပလတ်စတစ် လက်ကိုင်ကိုင်းပါ ဇလုံအပြာရင့်ကို သွားယူသည်။ ရေပတ်တိုက် အဝတ်ကို ယူသည်။ ရေစက်အောက်မှာ ဇလုံပြာကို ချ၍ ရေခံပြီး ကြမ်းပေါ် ချ ..။ ရေပတ်ဝတ်ဖြင့် ရေဆွတ်ကာ တိုက်ရပါ၏။ ဒူးလေးထောက်ထောက်ပြီး နေရာရွှေ့တိုင်းမှာလည်း လက်လေးနှစ်ဖက်ပါ ထောက်ရွှေ့





တိုက်ရချိန်လေး နည်းနည်းရလာတော့ ဒူးတွေ နာလာသည်။ လက်ဖနောင့်လေးတွေ နာလာသည်။ မလုပ်စဖူး လုပ်ရတာမို့ မောလည်း မောလာရသည်ပါပဲ ..။

ဒါပေမယ့် အံခဲ၍ ငွေဝန်း ကြမ်းတိုက်သည် ..၊ ငွေဝန်း နားထဲမှာ စွဲနေသည်လေ .. ငွေဝန်း က အစေခံသမီး ဟူသော စကား ..။ ကြီးမြတ် ကတော့ ရေဇလုံထဲ ရေတွေညစ်နောက်လာလျှင် ရေသစ် ပြန်လဲခိုင်းသည်။ နောက်တော့လည်း .. ရေ ခဏခဏ လဲလိုက်ရသည်က ငွေဝန်း ပါ ..။

တစ်ခန်းလုံး ကြမ်းတိုက်ပြီးချိန်မှာ ကြီးမြတ် စေ့စေ့စပ်စပ်ကြည့်သည်။

"နောက်တစ်ကျော့ ထပ်တိုက်စမ်း .. ဟို ပန်းကန်စင်အောက်ကို သေချာထပ်တိုက် .."

ငွေဝန်း ရေငတ်လာသည်။ လက်ကလေးဆေး၍ ရေခဲသေတ္တာကို ဖွင့်မိရပါ၏။

"ဘာလုပ်မလို့လဲ .. ကြမ်းထပ်တိုက်ရမှာလေ .."

"ရေ .. ရေပုလင်း ယူမလို့ပါ .. ရေ .. ငတ် .. လို့ .. ပါ .."

ငွေဝန်း အာခေါင်လေးတွေပင် ခြောက်နေပြီ။ လန့်ရှိန်ဖြင့် ကြီးမြတ် ကို ဖြေစဉ်ခိုက်မှာဖင် ကြီးမြတ် ရင်ကိုဖိ၍ ...

"အလိုလေးလေ .. ရာရာစစ အေးရယ် .. ညည်းက .. ငါ့အိမ်က ရေခဲသေတ္တာထဲက ရေပုလင်းကို ယူသောက်မယ် .. ဟုတ်လား .. သွား.. ရေငုတ်တိုင်က ရေကို ခွက်နဲ့ ခံသောက် ..၊ အလိုလေးတော် .. မမေးမစမ်းများ ရဲရဲတင်းတင်း သူ့မို့ .. ရေခဲသေတ္တာကို ဖွင့်ရဲတယ် .."

ကြီးဥ မျက်နှာ ပို၍ မကောင်းနိုင်ပါ။ ဟင်းချက်ဖို့ အသားငါး ခုတ်ထစ်နေရင်းဖြင့် ငွေဝန်း ကို တကြည့်ကြည့်ဖြင့် ရှိနေရှာပါ၏။ ကြီးမြတ်ကို လန့်တာမို့ ဘာမှလည်း ဝင်မလုပ်ကူရဲ ..။ ဝင်လည်း မပြော



www.burmeseclassic.com

www.burmeseclassic.com



ရဲတာ သိသာနေသည်ပါပဲ ..။ ငွေဝန်း ရေခဲသေတ္တာတံခါးကို ဆောင့်အောင့် ပိတ်လိုက်ပါသည့် ကြီးမြတ် ကို မော့ပင် မကြည့်ရဲ ..၊ ရင်ထဲမှာ ကြေကွဲနေရသည်ပါပဲ။

ပန်းရုံမှာ ရေခဲသေတ္တာကြီးဖွင့်၍ စတော်ဘယ်ရီသီးလေး နို့နှင့်ဖောက်စားလိုက် ..၊ ဖျော်ရည်ဘူး ယူသောက်လိုက်ဖြင့် ရှိခဲ့သည့်ဘဝသည် ကျန်ခဲ့ချေပြီတကား ..။ စတော်ဘယ်ရီ သကြားနို့ဖောက် ဆိုတာပင် ဒေါ်ကြီးစိန် က လုပ်ပေးခြင်း ..။ ခုကျတော့ .. ရေခဲသေတ္တာပင် ဖွင့်ခွင့်မရတော့သော ငွေဝန်းပျို ဖြစ်ရချေပြီ တကား။

ငွေဝန်း ဘာမှ မပြောပါ ..၊ ရေစက်ခေါင်းကို ဖွင့်၍ လက်ခုတ်လေးဖြင့်သာ ခံပြီး ရေသောက်လိုက်ရသည်ပါပဲ။ ရေသောက်နေရင်းလည်း မျက်ရည်က ဘယ်လိုမှ ထိန်းမရနိုင်စွာ ဖြိုင်ကျလာပါ၏။

"အံမယ်လေး လေ .. ငါ့အိမ်ကို .. မျက်ရည်နဲ့ အပူမတိုက်ချင်စမ်းပါနဲ့ ..၊ မျက်ရည်လေး စမ်းစမ်း .. စမ်းစမ်းနဲ့ လုပ်နေတာမျိုးလည်း ငါ မကြိုက်သလို .. မျက်ရည်တွေ ခုလို .. တဖြိုကျကျ လုပ်နေတာမျိုးလည်း ငါ မကြိုက်ဖူး နော်.. ငါ့အိမ်မှာ မျက်ရည်စက်လက်ဆိုတာ မရှိ ဘူး အေ .."

ကြီးမြတ် လက်တကာကာ .. ခေါင်းတခါခါဖြင့် အလန့်တကြားအော်တာမြစ်တာမို့ ငွေဝန်း အံခဲ၍ မျက်ရည်ကို ထိန်းရသည်။ လက်ဖမိုးလေးဖြင့် မျက်ရည်ကို သုတ်သည်။ လက်ဖနောင့်လေးတွေ လည်း ကျိန်းစပ်နေပြီ ..။ ကြမ်းကို ရေဝတ်နှင့် မတိုက်တတ်တာမို့ ပွတ်တိုက်ချိန်မှာ လက်ဖဝါးတွေ .. လက်ချောင်းလေးတွေပါ ကြမ်းနှင့် ပွတ်တိုက်မိတာက အခါခါမို့ .. လက်ဖဝါးနှင့် လက်ချောင်းတချို့မှာ အသားနုလေးတွေ နီရဲနေပြီ ..။

ရေဆွတ်လိုက် .. ရေညှစ်လိုက် ..၊ ကြမ်းပွတ်လိုက်ဖြင့် လက်ကလေးတွေကလည်း ရေနူးထားသလို ဖြစ်နေတာမို့ ပို၍ ကြမ်းနှင့်





အပွတ်အဆွဲမှာ အသားနုလေးတွေ ရဲတက် နာလာရခြင်း..။ ခုလည်း.. အလုပ်က မပြတ်သေး ..။ နောက်တစ်ကျော့ ထပ်တိုက်ရမည်တဲ့ ..၊ ရင်ထဲမှာ ကြေကွဲနေတာပဲ ရှိနေသည်။

မေမေ့ကို သတိရလိုက်သည်မှ အရမ်းပါပဲလေ ..၊ ငွေဝန်း ပန်းရုံမှ ထွက်ခဲ့ရစဉ် မေမေ ငိုယိုကျန်ခဲ့သည် ..။ ခုလို .. ငွေဝန်း ဖြစ်ပျက်နေတာ မြင်လျှင်ဖြင့် ရင်ထုမနာ ဖြစ်ရချေဦးမည်။

နောက်တစ်ကျော့ ကြမ်းထပ်တိုက်ရချိန်မှာ ဒူးခေါင်းလေးတွေ မခံနိုင်တော့ပြီ ..၊ ပွန်း၍ သွေးစို့လာချေပြီတည့် ..။ ချည်သားဂါဝန် ဒူးထောက်ရွေ့ရာ နေရာလေးမှာ သွေးစွန်းစို့လာချေပြီကောလေ ..။

"ကဲ .. ကဲ .. ရပြီ .."

ကြီးမြတ် ပြောတော့ ငွေဝန်း ပျော်သွားသည်ပါပဲ။ ခုမှ အသက်ရှူရတာ အားရှိလာသည်။ ရေဇလုံလေးကို ရေစက်ဖွင့်၍ ရေကျင်း ..။ ရေစိုဝတ်ကို စောစောက ယူခဲ့ရာ နေရာလေးမှာ ပြန်၍ သစ်သားတန်းလေးမှာ လှန်း ..။ လက်ကလေးဆေးနေချိန်မှာ ကြီးမြတ် တံခါးဝမှာ ပေါ်လာပြန်၏။

"ပြီးရင် .. လာခဲ့ .."

ဟု ထပ်ခေါ်တော့ ဒေါ်ကြီးဥ မနေသာ ..၊ ငွေဝန်း ၏ ဂါဝန်လေးမှာ သွေးစို့စွန်းရာနေရာကို တကြည့်ကြည့်ဖြင့် ဒေါ်ကြီးဥ မျက်နှာမကောင်းပဲ ကြည့်ရာမှ ...

"မဥ လုပ်ပါ့မယ် မမလေး .. ဘာခိုင်းဖို့ ရှိလို့လဲ ဟင် .."

ဟု ငွေဝန်း ကို သနားစိတ်ဖြင့် ဝင်ပြောရှာပါ၏။ ကြီးမြတ် မျက်နှာတင်းလျက် တည်တည်ကြီး တုံ့ပြန်ကြည့်ကာ ...

"မီးဖိုဆောင်မှာ လုပ်စရာရှိတာ ဆက်လုပ်ပါ မဥ .. မြတ် လုပ်နေတဲ့ ကိစ္စတွေမှာ .. ဝင်ပါစရာ မလိုဘူးဆိုတာ သေချာ သဘောပေါက်ထားပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ညှော်ခန်းသို့ ပြန်သွားလိုက်တော့ ငွေဝန်း စိတ်အားငယ်နေရင်း လိုက်လာပြန်ရသည်ပါပဲ ..၊ လက်ချောင်းလေးတွေ လက်ဖဝါးတွေလည်း ကျိန်းစပ် နာနေသည်။ ဒူးကလည်း နာလှန်းနေပြီ ..၊ ဒါပေမယ့် မပြောရဲ ..၊ ညှော်ခန်းဆိုဟာရှည်ကြီးမှာ ကြီးမြတ် ထိုင်သည်။ ရှေ့တည့်တည့်နေရာကို လက်ညှိုးထိုး၍ ...

"ရပ် .. လက်ပိုက်ထား .."

ဟု ပြောတာမို့ မဝံ့မရဲလေး ရပ်ကာ ငွေဝန်း လက်ပိုက်ထားရပါ၏။ ကြီးမြတ် အကဲခတ်သလို ကြည့်သည်။

"ဘယ်လိုလဲ .. အပေါ်ထပ်အခန်းမှာ ငါ ပြောခဲ့တဲ့ သိန်းနှစ်ဆယ်ယူပြီး ဒီက ထွက်မလား .. ဒီအလုပ်တွေ နေ့တိုင်း လုပ်မလား .."

ငွေဝန်း ပြန်မဖြေ ..၊ တစ်ချက်စောင့်နေရာမှ အဖြေမရပဲ ရှိနေတာကို စိတ်မရှည်သည့်နှယ် ကြီးမြတ် မာကျောကျော ကြည့်လာပြန်သည်။

"အတော် ခေါင်းကြောမာတဲ့ ကောင်မလေးပဲ .. ဒီမှာ .. ငါနဲ့ လိုက်ခဲ့စမ်း .."

ပြောပြော ခေါ်ခေါ်ဖြင့် အပေါ်ထပ် တက်ပြန်တာမို့ ငွေဝန်း မျက်နှာငယ်လေးဖြင့် နောက်မှ လိုက်တက်ရသည်။ ခြေထောက်လေးတွေ မခိုင်ချင် ..၊ ဆိုးတာက ဒူးအရမ်းနာနေခြင်းပဲ ဖြစ်နေသည်။ လှေကား လက်ရန်းကိုလည်း မထိရဲ ..။ လက်ရန်းကို ထိတိုင်း အားယူပြီး တက်လိုက်မိလျှင် စိတ်မထင်သလို ကြီးမြတ် လှည့်ငေါက်လိုက်တာခံလိုက်ရမှာ လန့်နေတာက ပိုဆိုးနေသည်လေ ..။

ထမင်းစားဆောင်တံခါးဆီမှ ခန်းဆီးလေးကို လှစ်ဟ၍ ခိုးကြည့်နေသည့် ဒေါ်ကြီးဥ ၏ မျက်နှာကို တစ်ဝက်တစ်ပျက် ငွေဝန်း တွေ့လိုက်ရသည်က လှေကားထစ်တွေကို အနိုင်နိုင် တက်နေရင်းဖြင့်ပါ။ ဒေါ်ကြီးဥ ၏ မျက်နှာမကောင်း ..၊ ငွေဝန်း ကို သနားနေတာ သိသာနေသည်ပါပဲ ..။





ဩော် .. လောလောဆယ်မှာ ငွေဝန်း အတွက် .. မျှဝေ နားလည်ပေးရာ လူတစ်ယောက်တော့ဖြင့် ဤအိမ်ကြီးမှာ ရှိနေသည်ပဲလေ ..။ ကိုကို အမြန်ပြန်လာပါစေတော့ .. ဟု တောင့်တမိပြန်၏။ ဒါပေမယ့်.. နောက်နေ့တွေမှာ ကိုကို မရှိချိန် ..၊ ရတနာမွန်းမှာ ကြီးမြတ် နှင့်အတူ ငွေဝန်း ဆက်လက်ဖြတ်သန်းရမည့်နေ့ရက်များအဖြစ် မွန်းကျပ် ရင်ဆိုင်ရချေဦးမှာကိုလည်း သိနှင့်နေရသည်ပါပဲ။

ဘာကြောင့် .. ကြီးမြတ် ပေးသည့် ငွေတွေကိုယူပြီး ဤအိမ်ကြီးမှ ထွက်မသွားချင်ရပါသလဲ ..၊ ငွေဝန်း .. ကိုကို့ကို မချန်ခဲ့နိုင်၍ပါ ..။ ကိုကို့အချစ်ကို ယုံကြည်၍ပါ ..။ ငွေဝန်း မရှိလျှင် ကိုကို စိတ်ထိခိုက်ကျန်ခဲ့မှာကို သိနေသည်။ ငွေဝန်း မလုပ်ရက် ..။

ကိုကို့ အခန်းထဲ ကြီးမြတ် ဝင်လိုက်ကာ နံရံမှာ ချိတ်ထားသည့် ကိုကို့ ဓာတ်ပုံကြီးကို လက်ညှိုးထိုး၍ ..

"ညည်းရှိနေသမျှတော့ဖြင့် .. ဒီအခန်းကိုလည်း ထက်ခေါင် မပိုင်တော့တဲ့ သဘောပဲဆိုတာ နားလည်စမ်း ငွေဝန်း .. ဓာတ်ပုံကြီး ဖြုတ်စမ်း .. အောက်ထပ်က စတိုခန်းထဲ သွားချောင်ထိုးထားလိုက်မယ် သိလား .."

ထိုမျှအထိတော့ဖြင့် ငွေဝန်း မလုပ်ရက်ပါ ..၊ ငွေဝန်း ၏ လက်ဖြင့် ကိုကို့ ဓာတ်ပုံကြီးကို ဖြုတ်ချပေးရမှာကျတော့ ငွေဝန်း ဘယ်လိုမှ မလုပ်နိုင်ပဲ ခြေစုံရပ်နေမိရသည်ပါပဲ ..။

ကြီးမြတ် အနားရောက်လာကာ စိတ်မရှည်သလို ကြည့်ရင်းမှ...

"ဟဲ့ .. ဖြုတ်လေ .."

အဘယ်မျှ အော်အော် ..၊ ငွေဝန်း မလုပ်ရက်ပါ။ မျက်ရည်ဝဲနေရင်းမှ ခေါင်းလေးသာခါပြနေမိတော့ ကြီးမြတ် ဟင်းခနဲ သက်ပြင်းရှိုက်ကာ စိတ်လက်ကုန်ခန်းနေသည့်နှယ် စိတ်ပျက်လက်ပျက်နိုင်စွာ ငွေဝန်း ကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်း .. သဘောမပေါက်သေးဘူးလား .. ညည်းကြောင့် ငါ့တူ ဒီအိမ်ကြီးက အနှင်ခံရမယ့်ရက်ဟာ အချိန်မရွေး ရောက်လာနိုင်တယ် ဆိုတာ နားလည် သဘောပေါက်လာအောင် .. အရိပ်ပြတဲ့သဘောနဲ့ ငါက ခတ်ပုံဖြုတ်ခိုင်းတာ ဟဲ့ .. ညည်းလက်နဲ့ ဖြုတ်လို့ ဖြုတ်အကျ ခံရတယ် .. ဆိုတဲ့ သဘောကို နားလည်အောင် ပြောတာ .. ညည်း တယ်ခေါင်းမာတာကိုး ..၊ ဘာလဲ .. ငါ့တူ သူဌေးသားကို .. မက်နေတာ ပေါ့လေ .."

ရူးရူးဝါးဝါးကြီး ကြည့်ကာ အသံရူးရူးဖြင့် ပြောတာမို့ ငွေဝန်း ကြီးမြတ် ကို ကြောက်လာသည်။ ကြမ်းတမ်းသည့် အကြည့်သည် နောက်ဆက်တွဲအဖြစ် လက်ဖြင့် ဆောင့်တွန်းတာမျိုးတွေ ဖြစ်လာစေ တော့မည်ဟု ထင်မှတ်စရာ ဖြစ်လာနေသည်ကိုးလေ ..။

တကယ်ပဲ ကြီးမြတ် ၏ လက်တွေက ငွေဝန်း ၏ ကိုယ်လေးကို ဆောင့်တွန်းပစ်လိုက်တာမို့ ကြမ်းပေါ် လက်ကလေးထောက်၍ ကျသွား ရသည်က ငွေဝန်း ပါ ..။ လက်ကောက်ဝတ်လေး ပိုနာလာသည်။ ကူကယ်ရာမဲ့ခြင်းဆိုတာ သိနေရရင်း ထိတ်လန့်ခြင်းတွေ၊ အားငယ်ခြင်း တွေ ပြွမ်းတီး မွေနှောက်နေသည့် အကြည့်လေးဖြင့် ကြီးမြတ် ကိုသာ သိမ်သိမ်ငယ်ငယ်လေး ငွေဝန်း မော့ကြည့်မိရပါသည်။

"ဖေဖေနဲ့ မေမေရေ .. ကိုကြီးနဲ့ ကိုငယ်ရေ .. ငွေဝန်း ဖြစ်ပုံကို မြင်လှည့်ပါတော့ .. ကိုကို ရေ .. ပြန်လာပါတော့ .. ပြန်လာပါတော့.."

ငွေဝန်း ရင်ထဲမှာ တမ်းတ ပြောနေမိရပါပြီ ..။ ကြီးမြတ် ၏ အကြည့်တွေထဲမှာ အငွေ့ဖြစ်ပြီး ပျောက်သွားလိုက်ချင်သည်ပါပဲ။ ဒါဆို.. ငွေဝန်း ဆိုတာလည်း ပျောက်ကွယ်သွားချေမည်ပေါ့ ..။

"ငါတို့အိမ်ဟာ မနေ့က မနက်ထိတော့ အေးချမ်းနေတုန်းပဲ .. ညည်းရောက်လာမှ အပူဟပ်ရတာ .. ညည်းကို .. ငါမောင် မြတ်မျိုး က နှင်ထုတ်မှာ သေချာတယ်ဟဲ့ .. ငါ့တူကိုလည်း နှင်ထုတ်မှာပဲ ..





အဲဒါကို ငါ သိနေလို့ .. ဒီခတ်ပုံကြီး ခုကတည်းက ဖြုတ်စမ်းပါလို့ ပြောတာဟဲ့ .. ဒုက္ခတွေကို သယ်လာတဲ့ နတ်ဆိုးလေးရဲ့ .."

ကြီးမြတ် အော်သမျှ ငွေဝန်း ခေါင်းလေး ငုံ့ခံရသည်ပါပဲ။ စိတ် လက်မရှည်တော့သည့်နှယ် ကြီးမြတ် ကိုယ်တိုင် ခတ်ပုံကြီးကို ထိုင်ခုံ တစ်လုံးချ၍ တက်ပြီး မျက်နှာထားကြီးဖြင့် ဖြုတ်တော့ ငွေဝန်း ရင်ထဲ မှာ မကောင်းနိုင်တော့ပြီ ..။

လက်ကလေး တကာကာဖြင့် ...

"မလုပ်ပါနဲ့ ကြီးမြတ် ရယ် .. မဖြုတ်ပါနဲ့ .."

ဟု ငို၍ တားမိသည်။ ငွေဝန်း ဘာလုပ်ရမည်လဲလေ ..။ ဟိုတယ် တစ်ခုမှာ သွားတည်းပြီး ကိုကို့ကို ထားရစ်ခဲ့တာမျိုးလည်း မလုပ်ရက်..။ ဟိုတယ်မှာလည်း မတည်းခိုတတ် ..၊ မနေတတ် ..။ ပန်းရဂုံကိုလည်း ပြန်သွား၍ မရ ..။ ကြီးမြတ် ထံမှ ပိုက်ဆံကိုလည်း မယူချင် ..။ ကိုကို့ ကိုလည်း မချန်ရစ် .. ရက် ..။

ဘာလုပ်ရမှန်း မသိရလောက်အောင် တကယ့် စိတ်ဒုက္ခကြီးထဲ ငွေဝန်း မဖယ်ရှားနိုင်စွာ နစ်မြုပ်နေရခြင်း ..။

ကြီးမြတ် ခတ်ပုံကြီးကို ဆောင့်အောင့်၍ ဖြုတ်သည်။ ဆိုးဆိုး ဆတ်ဆတ်နိုင်စွာပဲ ကုလားထိုင်ပေါ်မှ ဆင်းသည်။ ငွေဝန်း လက်ထဲ ခတ်ပုံကြီးကို အောင့်ခနဲ ဆောင့်ထည့်တာမို့ ခတ်ပုံဘောင်စွန်းတွေဖြင့် ထိရာ ရင်ဘတ်မှာ အောင့်ခနဲ ဖြစ်သွားရပြန်သည်။ ကြမ်းကြမ်းတမ်း တမ်းကြီး ငွေဝန်း ကို ထရပ်ခိုင်းတာမို့ ခတ်ပုံကြီး လွှတ်မကျအောင် တင်းခဲ ပိုက်ထားရင်း ငွေဝန်း ၏ ကိုယ်လေး အားပျော့စွာပဲ ကြီးမြတ် ၏ လက်ထဲမှာ မြောက်ပါလာခဲ့ရ ..။ ရပ်လိုက်ရပါ၏။

ငွေဝန်း ကို ကာကွယ်ပေးနိုင်မည့်သူ တစ်ယောက်မျှ မရှိပဲ ဖြစ်နေ ချိန်မှာ ငွေဝန်း ကြောက်ကြောက်ဖြင့် ကိုကို့ ခတ်ပုံကြီးကို ပိုက်ထား ရင်း အသံမထွက်ပဲ မျက်ရည်ကျ ငိုနေမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောပြင်ကို အုန်းခနဲ လက်ဖြင့်ထုကာ ...

"ဟဲ့ .. ကျက်သရေ မရှိဘူး .. မငိုနဲ့ .."

ငေါက်လာသံကြီးကလည်း ရှုးရှုးဝါးဝါးနိုင်နေတာမို့ ငွေဝန်း အရှိုက်မရပ်နိုင်ဘဲ ဖြစ်နေသမျှ အောင့်ထားရကာ မျက်ရည်ကို ထိန်းရပါ၏။ ကျောဘက်မှ တွန်းလိုက်တာကို ခံလိုက်ရပြန်သည်။

"အောက်ဆင်းစမ်း .."

ဟု ပြောတာမို့ အခန်းပြင်သို့ ထွက်ရ ...၊ လှေကားထစ်တွေကို အနိုင်နိုင်ထိန်း၍ ဆင်းရဖြင့် ငွေဝန်း ရှိရပြန်သည်ပါပဲ။ လှေကားတစ်ဝက်အရောက်မှာ ငွေဝန်း ကိုကို့ ဓာတ်ပုံကြီးကို ပိုက်ထားရာ လက်ထဲမှ ဆောင့်ယူလိုက်တာကို ခံရပြန်သည်။ ဘာတွေမှန်းလည်း ငွေဝန်း လိုက်မမှီနိုင်တော့ပါ။ စိတ်တွေလည်း မွှန်းကျပ်ရှုပ်ထွေးလှပြီ ...၊ ကြောက်လှပြီ ...။ ကြီးမြတ် သည် နတ်ဆိုး ပူးထားသည့်နှယ် ဖြစ်နေသည်တည့် ...။

ဓာတ်ပုံကြီးကို လှေကားဆီမှ ဆောင့်၍ လွှဲပစ်ချလိုက်တာကိုလည်း ငွေဝန်း ထိတ်လန့်စွာ ကြုံလိုက်ရသည်ပါပဲ။ ကြီးမြတ် ထိုသို့ လုပ်လိုက်လိမ့်မည်ဟု မထင်မိ ...။ ငွေဝန်း ပိုက်ထားရာ ဓာတ်ပုံကြီးကို ဆောင့်ဆွဲယူတာ ခံလိုက်ရတာမို့ ဓာတ်ပုံဘောင်စွန်းတွေ ခြစ်ဆွဲပါသွားရာ လက်မောင်းမှာလည်း အစင်းကြောင်းလိုက်ကြီး သွေးတွေ စို့တက်နေတာ ငုံ့ကြည့်မြင်ရသည်က ငွေဝန်း ပါ ...။ လက်လည်း နာနေပြီ ...။ ငွေဝန်း မှာ ကြောက်လွန်း၍ ခြေစုံရပ်နေရင်း ဘာလုပ်ရမှန်းပင် မသိလိုက်နိုင် ...။

ကိုကို့ ဓာတ်ပုံကြီး မှန်တွေကွဲ၍ လှေကားထစ်တွေမှာ တဒိုးဒေါက်ဒေါက် ထိခတ်ကာ အောက်ကြမ်းပြင်ထိ ရောက်သွားတာကို ထိထိခိုက်ခိုက်ကြီး မှင်တက်ကြည့်နေမိရဆဲ ...။ မှန်ကွဲစတွေက လှေကားထစ်တွေမှာလည်း ကစဉ့်ကလျားရှိနေသည်။ အိမ်စီးဖိနပ်ကို စီးထားသော ကြီးမြတ် ...၊ ငွေဝန်း ၏လက်ကိုဆွဲ၍ ဆင်းလာတော့ မှန်ကွဲစတွေ





ထိရှကုန်ကာ ငွေဝန်း ၏ ဖြူဥဥ ခြေထောက်လေးတွေမှာ သွေးတွေ ရဲလာကုန်ပြီ။ ငွေဝန်း တစ်ကိုယ်လုံး တုန်နေသည်။ ငရဲကျသလို ခံစားလာရရင်းမှ လက်ကလေးတွေကတော့ဖြင့် လှေကားလက်ရန်းကို သာ အားကိုးရာတစ်ခုနှယ် ဖမ်းဆုပ်ထိန်းနိုင်ဖို့ ကြိုးစားနေရင်းဖြင့်ပင် အရိုးမရှိသည့် စက္ကူရုပ်လေးနှယ် ငွေဝန်း ၏ ကိုယ်လေးသည် အထိန်းကျောင်းမဲ့ .. အံတုခြင်းကင်းမဲ့စွာ .. ကြီးမြတ် ဆွဲငင်ခေါ်ရာအတိုင်း ပါလာရပါပြီ ...။ ငွေဝန်း ငိုနေသည်။ နှုတ်မှ ...

"ကြောက်တယ် .. ကြောက်တယ် .."

နှင့် အော်နေသည်။

"ညည်း .. ငါ့တူရဲ့ ဓာတ်ပုံကြီးကို .. ကျကွဲအောင် လုပ်လိုက်တယ်ပေါ့လေ ဓာတ်ပုံကိုဖြုတ်ပြီး မှန်ကြည်အောင် ပွတ်ဖို့ဥစ္စာ .. ခု .. ခွဲပစ်တယ်ပေါ့လေ .. ငါ့တူကို .. နာမ်နှိမ်တာလား .. ညည်း .. ရက်စက်တယ်.."

မထင်မှတ်သော စွပ်စွဲစကားတွေ ပွင့်ကျလာရင်း ငွေဝန်း ကို ဆောင့်တွန်းလိုက်စဉ်မှာ ...

"ငွေဝန်း .."

ဟု အော်သံ ...၊ ငွေဝန်း ကြားလိုက်ရသည်။ မျက်စိတွေ ပြာဝေနေရင်း ဘာမှ မလုပ်တတ် ...၊ မငြင်းတတ်စွာ ...။ လုပ်သမျှခံနေရသည့် ငွေဝန်း ...၊ ကိုကို့အသံကို ကြားလိုက်ရတာနှင့် အားရှိလိုက်သည်မှလေ...။ ကြီးမြတ် ဆောင့်တွန်းချလိုက်ရာ ကြမ်းပြင်ဆီမှ ကျုံးရုန်းထနေချိန်မှာပင် ကိုကို့ လက်တွေက ငွေဝန်း ၏ ကိုယ်လေးကို ထွေးပိုက်လာသည်။

ငွေဝန်း ကလည်း ကလေးလေးနှယ်ပင် ကိုကို့ရင်ဘတ်မှာ မျက်နှာလေး ကပ်ထားမိကာ လက်ကလေးတွေက ကိုကို့ကို အားကိုးတကြီး တင်းနေအောင် ဖက်ထားမိရင်းမှ ...

"ကြောက်တယ် .. ကြောက်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ငိုယိုပြောနေတာပဲ ရှိနေသည်။ ကိုကို့လက်တွေက ငွေဝန်း၏ မျက်နှာလေးကို ဖေးယူ မော့လာစေကာ …

"ကိုကို ရောက်လာပြီပဲ ငွေဝန်း ရယ် .. မကြောက်နဲ့နော် .. ဖြစ်ရလေ .. ဖြစ်ရလေကွာ .."

ဟု ညည်းကာ မျက်နှာလေးကို လက်ဖြင့် သိမ်း၍ ရင်မှာ မချိတင်ကဲကြီး ကပ်ထားပြန်သည်။

"ယုယမနေနဲ့ .. မင်း ခွာတ်ပုံကြီး နမောနမဲ့နဲ့ .. ပြုတ်ကျအောင် လုပ်တာ ငါ ငြိမ်ခံနေရမလား ထက်ခေါင် .."

ဟု အော်လိုက်စဉ်မှာ ငွေဝန်း လန့်လန့်ဖြင့် ကိုကို့ကို မော့ကြည့်မိရသည်။ လက်ကလေး တကာကာဖြင့် …

"မဟုတ်ပါဘူး ကိုကိုရယ် .. ငွေဝန်း ကို စိတ်မဆိုးပါနဲ့ .. မမုန်းပါနဲ့ .. ငွေဝန်း ကြောက်တယ် .. ကိုကိုပဲ ငွေဝန်း မှာ ရှိတာ .."

တစ်ယောက်တည်းသာ ကျန်သည့် ကိုကို တစ်ယောက်ပဲ ငွေဝန်းကို ချစ်ဖော်ရသည်မို့ .. ငွေဝန်း ထိတ်လန့်နေရင်း ငိုယိုရှင်းပြနေမိုက်…

"ကိစ္စမရှိဘူး .. ကိစ္စမရှိဘူး .. လွတ်ကျလဲ ဘာဖြစ်လဲ ကလေးရယ် .. မတော်တဆဖြစ်တာပဲ ဥစ္စာ .. ကြီးမြတ် ကလည်း .. ဘာလို့ဒီလောက်ထိ စိတ်တွေဆိုးပြီး ငွေဝန်း ကို အကြမ်းပတမ်းကြီး အောက်ဆွဲချလာရတာလဲ …၊ ကြည့်ပါဦးဗျာ .. ခြေထောက်မှာ မှန်ရှရာတွေ .. မှန်စူးရာတွေ .. ကြည့်ရက်စရာတောင် မရှိဘူး .. ဆရာဝန်ခေါ်မှ ဖြစ်မှာ .."

ဟု မချိသည့် ရင်ဖြင့်လည်း ပြော …၊ ကြီးမြတ် ကိုလည်း ရက်စက်ချေသည်ပဲ .. ဟု မော့ကြည့်ပြောနှင့် ဖြစ်ကာ ငွေဝန်း ၏ ကိုယ်လေးကို ထွေးပိုက်ထားရင်းမှပင် ခြေထောက်မှ ဒဏ်ရာတွေကို ကြည့်သည်။ ဆိုဖာရှည်ကြီးထက်မှာ ပွေ့ခေါ်တင်ရင်းမှ …

"ဒေါ်ကြီးဥ .. ဒေါ်ကြီးဥ .. ဆေးသေတ္တာ ယူလာပါဦး .."





ဟု မျက်နှာတွေပျက်နေရင်း အော်တော့ ဒေါ်ကြီးဥ ဆေးသေတ္တာနှင့် ရောက်လာပါ၏။ ဒေါ်ကြီးဥ သည်လည်း မျက်နှာမကောင်း …၊

"ထက်ခေါင် ရောက်လာချိန်က .. ငွေဝန်း ကို ကြီးမြတ် ဆွဲခေါ်ချလာချိန် ဖြစ်နေတယ် .. ဘာလို့ ဒီလိုလုပ်ရတာလဲဗျာ .. ဓာတ်ပုံလွတ်ကျတော့ရော ဘာဖြစ်မှာမို့လို့လဲ .. ပြီးတော့ .. ဒီနေ့ကျမှပဲ .. ဒီဓာတ်ပုံကြီး ဘာကိစ္စနဲ့ အောက်ထပ်ကို သယ်နိုင်းရတာလဲ .."

သူ မခံနိုင်တော့တာမို့ မျက်နှာကြီး ရဲတက်လာရင်း ကြီးမြတ်ကို မော့မေးပစ်လိုက်ပါပြီ …။

"ငွေဝန်း မှာ ထက်ခေါင် တစ်ယောက်ပဲရှိတယ် .. ခမျာ .. ဒီအချိန်လေးအတွင်းမှာ .. ထက်ခေါင် ရဲ့ မျက်ကွယ်မှာ .. ဒီလောက်ထိ ဖြစ်ပျက် ရင်ဆိုင်ရသတဲ့လား .. ဒီလောက်အထိ ကြီးမြတ် လုပ်ရက်မယ်လို့တော့ မထင်မိခဲ့တာ ထက်ခေါင် ရဲ့ အမှားပဲ .. ကြီးမြတ် ဟာ ထင်မထားနိုင်လောက်အောင် ဆိုးဝါးလှပါလား ဗျာ .. ကြည့်ပါဦးဗျ .. ဒီလောက် နုနုဖန့်ဖန့် ကလေးလေးကို .. ဒီလောက်ကြီးထိ လုပ်ရက်တယ် ဗျာ .."

လက်မောင်းမှာ ထင်နေသည့် ခြစ်ရာအစင်းကြောင်းရှည်ကြီးတွေဆီမှ သွေးတွေ နီရဲစို့နေတာ …။ ခြေထောက်မှာ မှန်ကွဲရာတွေပြည့်နေတာ .. အားလုံးကို ကြည့်ကာ ကြည့်ကာ ကိုကို ဆက်တိုက်ပြောနေချိန်မှာ ငွေဝန်း ကိုကို့ကို အားကိုးရာရပြီမို့ အားငယ်စိတ်တွေ လျော့လာရပါ၏။ ဒဏ်ရာက အနာတွေထက် .. ကြီးမြတ် ကို ကြောက်နေသည့် စိတ်က ပိုဆိုးနေသည်ကိုးလေ …။

ကိုကို ရှိလာတော့ နာနေသည့်ဒဏ်ရာတွေပင် မနာတော့သည့်နှယ် ဖြစ်ကုန်ရသည်ပါပဲ …။ ကိုကို့ လက်မောင်းကြီးကို အားကိုးရာအဖြစ် မလွှတ်တမ်း ငွေဝန်း ကလေးလေးနှယ်ပင် တဆုပ်ကိုင်ကိုင်နှင့်ဘယ်လိုမှ အလွှတ်မခံပဲ ရှိနေတာကလည်း လူချင်း အကွဲမခံနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



သိသာနေသည်။

"ဒါ .. တမင်သက်သက် ရက်စက်တာ ဗျ .."

ကိုကို မခံနိုင်သလို အော်ပြောတော့ ကြီးမြတ် ခပ်မဲ့မဲ့ ပြုံးသည်။

"မင်း .. ဒီလို အမျိုးညံ့ကောင်မလေးကို လက်ထပ်လာတာက .. ငါတို့ကို ပိုရက်စက်ရာကျတယ် ထက်ခေါင် .."

ဟု တုံ့ပြန်သံက မာကျောနေသည်ပါပဲ ..။ ဓာဂနာလေးဖြင့် မှန်စလေးတွေကို ဆွဲနှုတ်နေရင်း ကိုကို မျက်ရည်ကျလာတော့ ငွေဝန်း ရင်ထဲမကောင်း ..၊ ကိုကို့ကို မျက်ရည်သုတ်ပေးမိသည်။ ကလေးလိုပင် ကိုကို မျက်ရည်သုတ်ခံပါ၏။ ဒဏ်ရာနေရာတိုင်းကို ဂွမ်းစလေးမှ ဆေးဆွတ်၍ လူးပေးသည်။ ပတ်တီး ပတ်ပေးသည်။

"ဒေါ်ကြီးဥ .. ဘယ်လိုဖြစ်တာလဲ .. ဒီမှာ ဒေါ်ကြီးဥ ရှိတယ် .. မြင်သမျှ ပြောပြဗျာ .. ဒီကလေးမှာ .. ဘယ်သူမှ ရှိတာမဟုတ်ဖူး .. ဖြေဗျာ .."

ဟု အဖြစ်စုံ သိချင်ဇောဖြင့် မေးရာမှ ကိုကို့ အကြည့်က ငွေဝန်း ၏ အင်္ကျီ .. ဂါဝန်ရှည်လေးမှာ သွေးစွန်းနေတာကိုမြင်တာမို့ ရုတ်ခနဲ ဂါဝန်ရှည်လေးကို လှစ်၍ ကြည့်တော့ ငွေဝန်း ၏ ဒူးလေးတွေ ပွန်းပဲ့ ညိုနေကာ .. တချို့ နီရဲနေတာတွေ မြင်ရတော့ မျက်တောင်မခတ် ထိထိနိုက်နိုက်ကြီး ကြည့်နေသည်။

ငွေဝန်း ကိုယ်တိုင်ပင် မြင်မကောင်းအောင် ညိုညစ်နီရဲကာ ပွန်းပဲ့ သွေးထွက်နေသည့် ဒူးကိုကြည့်၍ ထိုမျှအထိ အဖြစ်ဆိုး အမြင်ဆိုးအောင် ဖြစ်နေမှန်းပင် မကြည့်ခဲ့ရ ..၊ မသိခဲ့ရ ..၊ နာနေတာပဲ သိနေခြင်း ..။

ငွေဝန်း ၏ ကိုယ်လေးကို .. ရုတ်ခနဲ ကိုကို ထွေးပွေ့လိုက်သည်။ ဒေါ်ကြီးဥ ကို လက်ကာသည်။

"မပြောနဲ့တော့ .. မကြားချင်တော့ဘူး .. ဒီအချိန်တိုလေးအတွင်းမှာ .. ဒီကလေးတစ်ယောက်ကို ဒီလောက်ထိ ပိုက်စိပ်တိုက်အောင် ..





ထိခိုက်နာကျင်ကုန်အောင် .. လုပ်တဲ့သူဟာ ကြီးမြတ် ပဲဆိုတာ ကျွန်တော် ရှင်းနေအောင် နားလည်နေတယ် .. ဒါ .. ဓာတ်ပုံလွတ်ကျတာတွေ ဘာတွေကိုပါ .. သဘောပေါက်စေတာ ဗျ .. တမင်လုပ်ကြံမှုပဲ.. အဲသလို ကျွန်တော် သဘောပေါက်လာတယ် ..၊ ကိစ္စမရှိဘူး .. ဘယ်လို ဖြစ်ပျက်တယ်ဆိုတာ .. ငွေဝန်း ကို ကျွန်တော် မေးယူမယ် .. သူ ဖြေမှာပါ .. မလိမ်မညာ ဖြေရမယ်လို့ ကျွန်တော် .. ပြောယူရလိမ့်မယ်..၊ သူ မညာရဲပါဘူးလေ .. သူ့ကို သိပ်ချစ်တဲ့လူတစ်ယောက်ကို .. သူ မညာရက်ဖူးဆိုတာ ကျွန်တော် ယုံကြည်တယ် .."

ယတိပြတ် ပြောချကာ ငွေဝန်း ကို ပွေ့ချီရင်း အိမ်တံခါးမကြီး ဘက်သို့ သူ လျှောက်သည်။

"မင်းက .. ငါ့ကို စွပ်စွဲတယ်ပေါ့လေ .."

ကြီးမြတ် လှမ်းအော်သည်။ သူ တည်ငြိမ်စွာပင် ကြီးမြတ် ကို ကြည့်လိုက်ကာ ...

"အသေအချာပါပဲ ကြီးမြတ် .."

ဟု လေသံတွေ အေးစက်နေရင်း ဖြေသည်။

"ဒေါ်ကြီးဥ ပြောပါ့မယ် .. ဒီလောက်ထိ ရက်စက်တဲ့ အိမ်တစ်ခု မှာ အမှန်ကို ပြောလို့ဆိုပြီး အလုပ်ထုတ်လိုက်ရင်လည်း ကြီးဥ နဲ့ ကိုချို တို့ ဒီက ထွက်သွားကြဖို့ ဝန်မလေးတော့ပါဘူး .. တစ်နေရာရာမှာတော့ အလုပ်တစ်ခု ရမှာပါကွယ် .. အသက်ရလာပြီမို့ .. အလုပ်ရဖို့ မလွယ်ဘူး ဆိုတာကိုတော့ သိပါရဲ့ .. ဒါပေမယ့် .. အလုပ်ဖြုတ်ခံရမှာကိုလည်း မလန့်ချင်တော့ပါဘူး ..၊ ဒီကလေးကို .. မမလေး အားလုံးလုပ်တာပါ.. ဓာတ်ပုံကြီး လုယူပြီး .. ပစ်ချလိုက်တာလည်း မမလေး ပါပဲ .. ကလေး ကို ကြမ်းတိုက်ခိုင်းလို့ .. အဲဒီ ဒူးလေးတွေ ဒဏ်ရာဖြစ်ကုန်စေတာလည်း မမလေးပါပဲ ..၊ စိတ်မဆိုးပါနဲ့ မမလေးရယ် .. ဒီကလေး ခံစားနေရတာ မမြင်ရက်လို့ ကိုချို နဲ့ အများသုံးဖုန်းကနေပြီး ထက်ခေါင်လေး ကို



www.burmeseclassic.com

www.burmeseclassic.com



အမြန်ပြန်လာဖို့ ဖုန်းဆက်ခေါ်ခိုင်းခဲ့တာပါ .. ကျွန်မလည်း ပစ္စည်းတွေ သိမ်းပါတော့မယ် .. ကိုချို နဲ့ ကျွန်မတို့လည်း .. ဒီရတနာ့မွန်းကနေပြီး ထွက်သွားဖို့ပဲ ရှိပါတော့တယ် .. ဒါပေမယ့် .. နောင်တ မဖြစ်ပါဘူး.. ဒီလို .. ကလေးလေးတစ်ယောက်ကို .. ဒီလောက်ကြီးထိ .. ရက်စက်ခဲ့တာကို သူ့ကို ဘာတစ်ခုမှ ဝင်မကူနိုင်ခဲ့တာ တစ်ခုကိုပဲ ကျွန်မ.. ဝမ်းနည်းပြီး လိပ်ပြာမလုံနိုင်တာပါ ..၊ မိန်းကလေး .. ကြီးဥ ကို ခွင့်လွှတ်ပါကွယ် .. နာကျင်နေတဲ့ ဝေဒနာတွေ မခံစားရအောင် .. ကလေးကို ကြီးဥ .. မကူညီပေးနိုင်ခဲ့ပါဘူး .."

ဟု ပြောကာ ကြီးဥ မျက်ရည်ကျသည်။ မျက်ရည်သုတ်ပြီး နောက်ဘေးဖက်တန်းလျားဆီသို့ ထွက်သွားပြီ။ အိမ်က ထွက်သွားဖို့ အထိ ဆုံးဖြတ်ပြီးတာလည်း သိသာနေပြီ ..။ သူ့ထံ ဘဘချို ဖုန်းဆက်ကာ ...

"အိမ်ကို အမြန်ပြန်လာပါ လူလေး .. ဘဘချို ဖုန်းနဲ့ ဘာမှကို ပြောမထွက်ဘူး .. မယ်ဥ ဖုန်းဆက်ခိုင်းလာတာမို့ရော .. ဘဘချို လည်း မယ်ဥ ပြောပြတာတွေ ကြားရတာမို့ ရင်ထဲ မကောင်းတာကြောင့်ရော.. အမြန် ပြေးဖုန်းဆက်တာပါ .. ကြာရင် မကောင်းဘူး လူလေး.. ဒီမှာက.. မိန်းကလေး ဒုက္ခဖြစ်နေရှာပြီ .. သနားစရာကွယ် .. မယ်ဥ ပြေးလာပြီး ဥယျာဉ်မှာ ရှိနေတဲ့ ဘဘချို ကို လာပြောလို့ .. ပန်းဥယျာဉ်ထဲမှာ ရှိနေတာမို့ အိမ်ထဲကအဖြစ်တွေကို .. ဘဘချို ကိုယ်တိုင် မမြင်ရပေမယ့် .. မယ်ဥ ပြောပြတာနဲ့ပဲ .. ကလေးကို သနားလှပါပြီ ..၊ အခုလည်း ကလေးကို အပေါ်ထပ်ခေါ်သွားတယ်လို့ ပြောတယ် .. ဘာတွေ ဆက်ဖြစ်မယ် မသိဘူး .. အမြန်ပြန်လာပါ .."

ဟု သူ့ ဟန်းဖုန်းကို ဘဘချို ဆက်လာခြင်း ..၊ သူလည်း ကသောကမျော ပြေးလာရသည်ပါပဲ။ တော်သေးသည် ..၊ ဇေယျာ ၏ ရုံးခန်းထဲမှာ ရှိနေချိန်မို့ ဇေယျာ ၏ ကားဖြင့် သူ လိုက်လာခြင်း ..။





ဇေယျာ က ကားကို ပေးလိုက်သည်လေ ..၊ သူ အရမ်းစိတ်ပူနေမှန်း သိ၍ ပေးလိုက်ခြင်း ..။

ခုကျတော့ .. သူ ရောက်ချိန်မှာ .. မြင်ကွင်းသည် ကြည့်ရက်စရာ မရှိ ..၊ ခေတ်ပုံကြီးက မှန်စတွေ ကွဲကျေ ကြဲပြန့်နေရင်းဖြင့် လှေကားထစ်တွေနှင့် ဧည့်ခန်းကြမ်းပြင်မှာ ရှိနေသည်။ ငွေဝန်းလေး ကို ကြီးမြတ် တရွတ်ဆွဲတိုက်၍ လှေကားဆီမှ ခေါ်ချကာ ကြမ်းပေါ်အရောက်မှာ တွန်းပစ်လိုက်သည်။ မြင်ကွင်းသည် မြန်ဆန်လွန်းနေ၏။ သူ .. ပြေးလာရင်းမှ ကြီးမြတ် ကို လှမ်း၍ ဟန့်တားချိန်ဆိုတာက အရာရာဖြစ်ပြီးချိန်လို ဖြစ်ကုန်ပြီ ..။

"နေရစ်ခဲ့ပါ ကြီးမြတ် .. မြင့်မြတ်စွာ နေရစ်ခဲ့ပါ .. ငွေဝန်း ကို သမီးလေးတစ်ယောက် .. တူမလေးတစ်ယောက်လို ..၊ လက်မခံသရွေ့ ဟောဒီ ရတနာ့မွန်းကို ဘယ်တော့မှ ထက်ခေါင် ခြေမချဘူး ကြီးမြတ်.. ဘယ်အထိလည်း သိလား .. ထက်ခေါင် တစ်ယောက်ပဲ .. ဒီလောက်ထိ.. ရက်စက်ခဲ့မှတော့ဖြင့်.. ဘယ်တော့မှလည်း ငွေဝန်းလေး အပေါ်မှာ စိတ်ပြောင်းလဲမှာ မဟုတ်လောက်ဘူးဆိုတာ သိထားမိပြီမို့ .. ပြောခဲ့ပါရစေ..၊ မြင့်မြတ်ချမ်းသာသော .. ဒီဘဝကြီးထဲမှာ .. နေရစ်ခဲ့ပါ.."

သူ ပြတ်ပြတ် ပြောခဲ့ကာ ငွေဝန်းလေး ကို ပွေ့ချီ၍ အိမ်ကြီးဆီမှ ထွက်လာခဲ့ရပါပြီ ..။ ရင်ထဲမှာ မကောင်းနိုင် ..။

ဤမျှအထိ .. ငွေဝန်း အပေါ်မှာတော့ဖြင့် ဤအချိန်တို ရက်ပိုင်းအတွင်းမှာ ကြီးမြတ် မရက်စက်တန်ရာဟု ထင်မိခဲ့ခြင်းကိုက .. သူ့အမှား ..။

ငွေဝန်း ၏ကိုယ်လေးကို ထွေးပိုက်ထားရာမှ .. ငွေဝန်း ၏နဖူးလေးကို သူ ငုံ့၍ သနားစိတ်ဖြင့် ထိထိနိုက်နိုက် နမ်းမိရပါ၏။ သနားလိုက်သည်မှလေ .. တွေးပင် မတွေးကြည့်မိရက် ..၊ ရင်ထဲမှာ ကျေးနေပြီ..။ ရသည့်ဒဏ်ရာတွေနှင့် ပတ်သက်၍ တစ်ချက် မညည်း..။



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်လာပြီဆိုတာ တစ်ခုဖြင့်ပင် အားကိုးရာရသွားသည့် ကလေးနှယ် ရှိသွားခဲ့ပါသည့် ငွေဝန်းလေး ...၊ သူ့ရင်ထဲ အထိဆုံးက.. ကြောက်တယ် .. ဆိုသည့် စကားလေးပဲ ပြောနိုင်ရှာသည့် ငွေဝန်း ၏ မြင်ကွင်းလေးပါ ...။ အဘယ်မျှထိ သွေးပျက်မတတ် ကြောက်သွားရှာချေမည် မသိ။ သူ့ရင်တွေ ဆတ်ဆတ်ခါနေသည်။

ငွေဝန်း ကို ထားမိခဲ့လေခြင်းဟု ယူကျုံးမရ ခုမှ ဖြစ်ရသည်။ ခေါ်သွားလျှင်ဖြင့် ,, ဟိုမှာ အလုပ်အကိုင် အဆင်မပြေတာ ကြုံလျှင် ငွေဝန်း စိတ်ဆင်းရဲမှာ စိုးရိမ်တာမို့ ချန်ထားမိခဲ့ခြင်း ...။ ဒါပေမယ့် .. ထိုသို့ ချန်ခဲ့ခြင်းသည် ကြီးမြတ် လက်ထဲ ရက်စက်ခံဖို့ ဝကွက် ချန်ထားခဲ့သလိုကြီး ဖြစ်သွားခဲ့ရချေသည်တကား...။ ကားတံခါးကိုဖွင့်၍ ငွေဝန်း ကို ရှေ့ခန်းမှာ ထိုင်စေသည်။ နဖူးစပ်ရှိ ချွေးတွေကို လက်ကိုင်ပဝါဖြင့် သူ သုတ်ပေးမိသည်။ ဆံစလေးကို သပ်ပေးမိသည်။ နဖူးလေးကို နမ်းမိသည်။

ငွေဝန်းလေး ကို ဆေးခန်းပြရမည် ...၊ ဆေးထိုးရမည် ...။

ခြေထောက်ရှိ ပတ်တီးဖြူသည် သွေးတွေ စိမ့်ထွက်နေ၍ ဖြစ်မည်။ သွေးရောင် စွန်းထင်းနေ၏။ သူ ကြေကြေကွဲကွဲကြီး မချိတင်ကဲ တက်ခတ်မိရပါ၏။ ငွေဝန်း ကိုမှ ချန်မိခဲ့လေခြင်းဟု ယူကျုံးမရခြင်းက ထပ်၍ တကျော့ကျော့မျှ ရင်ကို တိုးဝင်နှိပ်စက်နေစေဆဲ ...။

"ကိုကို့ကို ကြည့်စမ်း ကလေး .."

ဆံစလေးကို သပ်ပေးရင်း သူ တိုးဖွဖွ ပြောမိသည်။ ငွေဝန်း သူ့လက်မောင်းကို ကိုင်ထားပါ၏။ မလွှတ် ...၊ သူ့ကို အပျောက်မခံနိုင်တာ သိနေရင်း ပို၍ ရင်ကဲ ထိခိုက်နေရဆဲ ...။ နောင်တသည် အတော မသတ်...။

"ကိုကို .. သွားလေရာမှာ .. ငွေဝန်းလေး ကို ခေါ်သွားမယ် .. နောက်ထပ် ဒီလိုအဖြစ်မျိုး .. ငွေဝန်းလေး ဘယ်တော့မှ မကြုံစေရဘူး..





ကိုကို ကတိပေးတယ် .. အဲဒီ ကတိကို ယုံပါ ငွေဝန်း ...၊ ခုလည်း .. ကိုကိုတို့ ဒီကအဝေးကြီးကို သွားကြမှာ .. ကိုကို့ လက်မောင်းကို ခဏလွှတ်နော် .. ကိုကို .. ဟိုဘက်ကားတံခါးကို သွားဖွင့်တဲ့အထိ ခဏလွှတ်လိုက်ပေါ့ .. ကိုကို .. ကားမောင်းနေတဲ့အခါ .. ကိုကို့ လက်မောင်းကို ပြန်ကိုင်ထား နော် .."

သူ ပြောသမျှ မျက်လုံးတွေ ဝိုင်းစက်နေရင်း နားထောင်သည်။ ခေါင်းလေးညိတ်ပြရှာသည်။ သူ့လက်မောင်းကိုလည်း လွှတ်ပေးလိုက်ပါ၏။ ဒါပေမယ့် ...သူ လှုပ်ရှားမှုတိုင်းကို မျက်တောင်မခတ် အလွတ်မှုမခံဘဲ တကောက်ကောက် လိုက်ကြည့်နေရှာပါ၏။ သူ ကားမောင်းဖို့ ဝင်ထိုင်လိုက်တာနှင့် တကယ်ပဲ သူ့ လက်မောင်းကို ငွေဝန်း ၏ လက်လေးတွေ ဖေးကိုင်လာသည်။ လက်ဖဝါးလေးတွေမှာ ပွန်းရာလေးတွေ နီရဲတွေ့ရသည်က အခုမှပါ ...။ သူလည်း ငွေဝန်း ၏ ခြေထောက်လေးတွေ ဒူးလေးတွေကိုပဲ ကြည့်မိမြင်မိခြင်း ...၊ ခု .. ဒဏ်ရာ ထပ်မြင်တော့ ရင်ထဲမှာ မကောင်းနိုင် ...။

လက်လေးတွေကို ဖွဖွထွေးယူကာ သူ့မျက်နှာမှာ အပ်ထားမိလိုက်ရင်းမှ .. ထိထိခိုက်ခိုက် မျက်ရည်ကျလာမိရသည်က သူကိုယ်တိုင်ပဲ ဖြစ်လေသည်။

"မြင်ရက်စရာကို မရှိတော့တာပါလား ကလေးရယ် .. ဟင် .. ကိုကို .. ငွေဝန်းလေး ကို ဒုက္ခထဲ ခေါ်လာသလိုပါပဲလား .. ဒီလောက်လေးပဲ ကိုကို မရှိလိုက်တာ .. ဒီလောက်ထိ ဖြစ်ကုန်ရသတဲ့လား ဗျာ.. ဟင် .."

ဟု သူ ညည်းမိသည်က ဘယ်လိုမှ ဖြေ၍ မရနိုင်တော့သည့် ကြေကွဲမှုတွေ .. ယူကျုံးမရမှုတွေဖြင့်ပါ ...။

"ကိုကို ရှိပြီပဲ ကိုကိုရယ် .."

တိုးဖွဖွ ပြောလာသံလေးသည် ရင်ကို စူး၏။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် ...၊ နောင်တဆိုးတွေ ရှုံးစေခြင်း ...၊ သူ .. ငွေဝန်း ၏ လက်လေးတွေကို လက်တစ်ဖက်ဖြင့် ဖေးဆုပ်ထားမိကာ ကားစက်နှိုး လိုက်မိရပြီ ...။

အံခဲထားမိရင်းမှ ဆုံးဖြတ်မိရသည်က ခိုင်ခိုင်မာမာ ...၊

ရတနာမွန်းနှင့် အဝေးဆုံးသို့ သွားမည် ...၊ သူ့လက်မောင်းကို ငွေဝန်း ၏ လက်လေးတွေ ဆုပ်ကိုင်ထားလာတော့လည်း သူ့အလိုက် တသင့်ပင် ငွေဝန်း ၏ လက်လေးတွေကို လွှတ်ပေးလိုက်မိရပါ၏။

ပြီးတော့ .. သူ့လက်တွေက ငွေဝန်း ၏ ကိုယ်လေးကို သူ့ဘက် သို့ သိမ်းပွေ့ယူသည်။ ငွေဝန်း ၏ ခေါင်းလေးကို သူ့ပခုံးပေါ် ဖေးတင် စေသည်။ ဆံစလေးကို ဖေးအုပ်သပ်ပေးမိပြီးမှ ကားကို သူ မောင်းထွက် လာမိရပါပြီ ...။

သူ့ လက်တွေက သူ ချစ်ရပါသည့် မိန်းကလေး ...၊ သူ အရိပ် တကြည့်ကြည့်ဖြင့် .. ချစ်ရပါသည့် ကြွေရုပ်လေး၏ ဆံစလေးတွေပေါ် မှာ ဖေးတင်အုပ်ထားမိဆဲ ...။ တစ်ခါတစ်ခါ ဆံစလေးတွေကို သပ်ပေး နေမိဆဲ ...။

ငွေဝန်း ၏မျက်တောင်လေးတွေ မှေးယှက်ကျလာကာ ကြောက် ရွံ့ .. ပင်ပန်းရှိန်တို့ ခံစားခဲ့ရလေသမျှ ...။ ပြင်းထန်ခါးသီးသော နေရာ တစ်ခုမှ လွတ်မြောက်လာရင်း အားကိုးရာပခုံးထက်မှာ မှေးခနဲ အိပ်ပျော် သွားရှာသည်။

နှလုံးအိမ်နုနုလေး ပင်ပန်းနွမ်းလျလှချေပြီကောလေ .. ဟု သူ သိနေရရင်း ခေါင်းလေးကို ဖေးကိုင် ထိန်းထားမိရပါသတည်း ...။





## အခန်း [၁၂]

"ဖြစ်ရလေကွာ .."

ဖေယျာ မကြည့်ရက်သလို ညည်း၏။ ခြေထောက်မှာ ရှိသည့် ဒဏ်ရာတွေဆိုတာက မှန်စရှတာမို့ ဓားနှင့် ခွဲထားသလို ဖြစ်နေသည် ကိုးလေ ...။ သူ့မှာ မျက်ရည်လည်နေသည်။ ဟိုတယ်ရှိ အရေးပေါ် ဆေးခန်း တာဝန်ယူထားပါသည့် ဒေါက်တာမြတ်နိုး ကတော့ ဂရု တစိုက်ဖြင့် ဒဏ်ရာတွေကို ဆေးထည့်ပေးသည်။ ပတ်တီးစည်းပေး သည်။ ဆေးထိုးပေးသည်။ သောက်ရမည့်ဆေးလည်း ပေးထားခဲ့ပါ၏။

သူ ရှိနေလျှင် အားကိုးရာ ရှိနေပြီ ...၊ လုံခြုံပြီဟု စိတ်တုံးတုံး ချထားပုံလေးဖြင့် ကျန်သည့်အရာတွေကို ဘာမဆို အံခဲ၍ ရင်ဆိုင်လိုက် ဖို့ အသင့်ပြင်ထားသည့်နှယ် ရှိနေသည်က ငွေဝန်းလေး ပါ ...။

တစ်ချက် မညည်းရှာ ...၊ ဒဏ်ရာတွေ များနေတာကို မကြည့်ရဲပဲ ရှိနေပေမယ့် .. အဘယ်မျှ နာကျင်နေသည်ဆိုတာကိုဖြင့် သူ သိအောင် မလုပ်ရှာသည့် မိန်းကလေး ...။ သူ ချစ်ရပါသည့် မိန်းကလေး၏ သူ့အပေါ် အားကိုးလွန်းနေသမျှကို သိသိနေရင်း ပို၍ ခံစားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မရှိချိန်မှာ အဘယ်မျှထိ ငွေဝန်းလေး သူ့ကို တမ်းတနေရှာချေမည် မသိ ..၊ ကြီးမြတ် ၏ အကြမ်းပတမ်း ဆက်ဆံမှုတိုင်းကို တွန်းလှန်ခွင့် မရှိဘွာ သိုးငယ်လေးပမာ ခေါင်းငုံ့ရင်း သူ့ကိုသာ တမ်းတနေရှာမည်..။ ဒေါက်တာမြတ်နိုး ပြန်သွားတော့မှ ဓေယျာ သူ့ကို ကြည့်ကာ...

"ကြီးမြတ် အဲသလောက်ကြမ်းမယ်လို့ ထင်ကို မထင်ထားမိတာ အမှန်ပဲ ထက်ခေါင် .. မင်း အိမ်ကို ငါ ဝင်ထွက်နေတာပဲကွာ .. အလွန်ပြုံးချိုစိတ်ရင်းကောင်းတဲ့ပုံစံမျိုးပဲကွ .. ငါ .. မျက်မြင်မို့သာ ယုံပေးလိုက်ရတာ .. ဒီလောက်ကြီးထိ စိတ်ရင်းကြမ်းမယ်လို့ကို မထင်တာ.."

ဟု မျိုသိပ်မထားနိုင်သည့်နယ် ဖွင့်ပြောတော့ သူ ခေါင်းပဲ ညိတ်နိုင်သည်။ ဆေးရှိန်လေးဖြင့် ကလေးလေးနယ်ပင် ငိုက်မျဉ်းစပြုလာပြီဖြစ်သည့် ငွေဝန်းလေး ကို သူ လက်လေး တွေးဆုပ်ထားမိသည်က ခုတင်စွန်းမှာ ထိုင်လိုက်ရင်းဖြင့်ပါ ..။ ဆံစလေးကိုလည်း သပ်ပေးနေမိသည်။

"ငါလဲ .. မထင်မိတာ အမှန်ပဲ ဓေယျာ .. ကြီးမြတ် သဘောမတူတာကိုတော့ သိထားခဲ့ရပေမယ့် .. ဒီလောက်ကြီးထိ .. မြန်မြန်ဆန်ဆန်ကြီး ပတ်ကြမ်းတိုက်လိမ့်မယ်ကို မထင်ထားတာ .. ငါ .. ကြီးမြတ်ကို လျှော့တွက်မိခဲ့သလို ဖြစ်ခဲ့တာ အမှန်ပဲ ဓေယျာ .. ဟိုမှာ ငါ မြင်ရတဲ့မြင်ကွင်းမျိုး မင်း မမြင်လိုက်ရလို့ပေါ့ ..၊ ငါကွာ .. ကူကယ်ရာမဲ့နေတဲ့ ငွေဝန်းလေး .. တရွတ်ဆွဲခေါ်ချသမျှ ကြောက်လန့်နေရင်း ပါသွားရှာတာကို မြင်နေရတုန်းပဲ .. ငါ့မျက်စိထဲကကို မထွက်နိုင်တာ .."

သူ ပြောနေမိရဆဲ ..၊ ဓေယျာ ကတော့ ငြိမ်၍ ကြည့်နေသည်။ သက်ပြင်း ရှိုက်သည်။

"အိပ်သွားပြီကွ .. ပင်ပန်းထားတာ အိပ်ပါစေကွာ .."

ဟု ပြောကာ ရွှေပြည့်စုံဟိုတယ် ၏ လသာဆောင်ဘက်ဆီသို့ ဓေယျာ သွားလိုက်တာမို့ ငွေဝန်း ကို စောင်ပါးလေး ရင်ဘတ်ထိဆွဲတင်ပေးခဲ့ကာ ဆံစလေးသပ်ပေးပြီးမှ ဓေယျာ ထံ ထွက်ခဲ့မိရပါ၏။





ဓေယျာ ၏ ရွှေပြည့်စုံဟိုတယ်သို့ ငွေဝန်းလေး ကို ခေါ်လာစဉ်က .. လမ်းမှာ ကားတစ်ချက်ရပ်ပြီး ဓေယျာ ထံ သူ ဖုန်းဆက်ခဲ့သည်လေ ..၊ အဖြစ်စုံကိုလည်း ခပ်တိုတိုဖြင့် လိုရင်းနားလည်အောင် ပြောပြခဲ့တာမို့ .. ရွှေပြည့်စုံဟိုတယ်၏ ကားပါကင်နေရာမှ ကားရပ်လိုက်ချိန်မှာ ဓေယျာ က အသင့်ရောက်နှင့်ပြီးနေပြီ ..။ ဝှီးလ်ချဲလေးလည်း ရှိနေသည်။

ငွေဝန်း ကို ဝှီး(လ်)ချဲလေးပေါ် သူ တင်ပေးကာ တွန်းယူလာခဲ့လျက် ဓာတ်လှေကားဖြင့် အပေါ်ဆုံးထပ်ရှိ ဓေယျာ စီစဉ်ထားပေးရာ အခန်းသို့ ရောက်ခဲ့ရခြင်းပါ ..။ အခန်းထဲ ရောက်တာနှင့် ငွေဝန်း ကို ခုတင်ထက်မှာ လှဲစေလျက် ရေခဲသေတ္တာမှ ရေပုလင်းကို ယူ၍ ဖန်ခွက်ထဲ လောင်းထည့်တိုက်နေချိန်မှာ ဆရာဝန်ကို ခေါ်ခဲ့သည်က ဓေယျာပါ ..။

ဩော် .. ခုတော့ .. သူ၏ ချစ်ရလေသော မိန်းကလေး .. ဆေးရှိန်ဖြင့် အိပ်ပျော်ခဲ့ချေပြီ ..။ ဘာပဲဖြစ်ဖြစ် ..။ ခုလို အိပ်မောကျသွားတာက စိတ်ထဲ ထိတ်လန့်ပန်းဟိုက်နေရလေသမျှကိုတော့ ပြေလျော့သွားစေချေမည်သာ ..။

လသာဆောင်ရှိ ကြိမ်ကုလားထိုင်ဝိုင်းကြီးမှာ သူနှင့် ဓေယျာ တို့ မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြသည်။

"ဖေဖေ့ကို ငါ ဘာမှ လျှို့ဝှက်ထားတာ မရှိတာမို့ .. မင်းရဲ့ကိစ္စလည်း ငါ ဖေဖေ့ကို အသိပေးခဲ့တယ် ထက်ခေါင် .. မင်း ငါ့ဆီလာပြီး အလုပ်တစ်ခုပေးဖို့ပြောပြီး ပြန်သွားချိန်မှာပေါ့ ..၊ မင်းကို ငါ့ကားလည်း ထည့်ပေးလိုက်တယ် .. မင်း .. ငါ့ရဲ့ တောင်ကြီးက ရွှေပြည့်စုံဟိုတယ်မှာ .. ငါ့ရဲ့ကိုယ်စား အားလုံး ကြီးကြပ်အုပ်ချုပ်ပေးဖို့ တာဝန်တစ်ခု ပေးလိုက်တယ်ဆိုတာတွေကို ဖေဖေ့ကို အသိပေးခဲ့တယ် ထက်ခေါင်..၊ မင်းရဲ့ အိမ်ထောင်ရေးကြောင့် ဒီလို .. ရတနာမွန်းမှာ ပြဿနာဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာရယ် .. ဘာအကြောင်းကြောင့် ဖြစ်ရတယ် ဆိုတာရယ်လည်း မင်း ငါ့ကို ပြောပြခဲ့တဲ့အတိုင်း .. မခြွင်းမချန် ငါ အသိပေးလိုက်တာပါပဲ ..၊ ဖေဖေက .. အန်ကယ်ကြီးနဲ့ ကြီးမြတ် တို့ရဲ့ စိတ်အပြောင်းအလဲကို မှားတယ်လို့ ပြောတာပဲ .. အစက ငွေဝန်းပျို ကို စကားသွားမြန်းတယ် .. ငွေဝန်းပျို ဟာ သမီးရင်း မဟုတ်ဘူးဆိုတာ သိချိန်မှာ စိတ်ထားပြောင်းတယ်ဆိုတာ မကောင်းဘူးတဲ့ .. မင်း .. ခုလို .. ငွေဝန်းကို လက်ထပ်လိုက်တာရယ် .. ငါလည်း သက်သေ လိုက်ပေးခဲ့တာရယ်ကိုလည်း မှန်တယ်လို့ ပြောတယ် .. စိတ်မပူနဲ့ ထက်ခေါင် .. ငါ့ဖေဖေက ငါတို့ဘက်မှာ ရှိနေတယ်ကွ .."

ဖေယျာ ပြောတော့ အန်ကယ် ဦးမျိုးဇေ ကို ကျေးဇူးတင်မိနေရသည်ပါပဲ ..။

"ဒါပေမယ့် .. ဖေဖေက ပြောတယ် .. ရန်ကုန်မှာတော့ မင်းနဲ့ ငွေဝန်းပျို ကြာကြာမနေကြတာ ပိုကောင်းမယ်တဲ့ .. ဒီဟိုတယ်မှာ မင်းတို့ကို ထားရတဲ့အတွက် .. ဘာမှ ဖေဖေ့မှာ ဝန်မလေးပါဘူးတဲ့ .. ဒါပေမယ့် ကြီးမြတ် နဲ့ အန်ကယ်ဘုန်း တို့က ငါ့ဆီမှာများ မင်းတို့ရှိနေမလားဆိုတာ တွေးပြီး တစ်ခုခု ပြောကြ ဆိုကြတွေ .. ဒီ ဟိုတယ်ထိ လိုက်လာပြီး ဖြစ်ပျက်ကုန်ရင် .. မင်းတို့အတွက်လည်း မကောင်းဘူးတဲ့ ..၊ အဲ့ဒါ .. မင်း .. ပြင်ဦးလွင် က ရွှေပြည့်စုံမှာ သွားနေရင် ပိုကောင်းလိမ့်မယ်တဲ့ .. ဟိုမှာက ဟိုတယ် တိုးချဲ့ဆောင်ကြီး တစ်ခုကလည်း ဆောက်လက်စရှိနေတာမို့ .. မင်းကလည်း အင်ဂျင်နီယာလည်း ဖြစ်တယ် .. ရတနာမွန်းအိမ်ရာဆောက်လုပ်ရေးမှာလည်း လုပ်နေ ကိုင်နေတာ နှစ်သက်ရှိနေပြီဆိုတော့ .. ပြင်ဦးလွင်ကို သွားရင် ပိုကောင်းမယ်ထင်တယ်လို့ ပြောလာတယ်ကွ ..၊ ငါလည်း အဲဒီ ပြင်ဦးလွင်မှာ ဟိုတယ်တိုးချဲ့ဆောက်နေတာ မေ့သွားတယ် .. မင်းကို ဟိုမှာ ထားသင့်တယ်ဆိုတဲ့ အချက်ပေါ့ကွ .."





ဟု ပြောလာတော့ သူ ငိုင်နေသည်။

ဟုတ်သည် ..၊ ဤ ရန်ကုန်ရှိ ရွှေပြည့်စုံဟိုတယ်မှာ သူ ကြာကြာမနေသင့် ..။ ဖေဖေပဲ ဖြစ်ဖြစ် ..၊ ကြီးမြတ် ပဲ ဖြစ်ဖြစ် .. သူ ဘယ်မှာရှိနေနိုင်သည်ဆိုတာ တွေးကြ မှန်းဆကြမည်ဆိုလျှင် .. သူ့သူငယ်ချင်းအရင်းထဲကဆို၍ ဖေယျာ ရှိတာမို့ .. ဖေယျာ ကိုပဲ ထိပ်ဆုံးထား၍ တွေးကြမှာ သေချာသည်။

သို့ဆိုလျှင်ဖြင့် ရွှေပြည့်စုံဟိုတယ်မှာ သူနှင့် ငွေဝန်း ရှိနေနိုင်သည်ဟု တွေးမိကြမည် ..၊ လိုက်လာနိုင်သည်။ သူ့ကို လက်ခံပေးရကောင်းလားဟု ကြီးမြတ် ဆိုတာက အန်ကယ် ဦးမျိုးဇေ ကို အားနာစရာကောင်းလောက်သည့် အပြစ်တင်စကားတွေ အဆင်ခြင်မရှိ ပြောလိုက်လျှင် မကောင်း ..။

"အန်ကယ် ပြောသလို .. ပြင်ဦးလွင်ကို ငါ သွားမယ် ဖေယျာ .. ခက်တာက .. ငွေဝန်း ခြေထောက်မှာ ဒဏ်ရာတွေနဲ့ ဖြစ်နေတယ် .. လက်လေးတွေကလည်း ပွန်းနေတယ်ကွာ .. ဓာတ်ပုံဘောင်ကြီး ခြစ်ထားတာကလည်း နည်းတာ မဟုတ်ဘူး .. ခမျာ .. ဘယ်တုန်းကမှ အဲသလို ထိခိုက်နာကျင်ရတာ ကြုံဖူးတာ မဟုတ်ဘူး ဖေယျာ .. ခုဥစ္စာက .. မတန်တဆကြီးကို ဒဏ်ရာတွေ ရထားတာ .. သူ့ကို ခရီးဝေးခေါ်သွားရမှာ ခက်နေတယ် .."

ဟု ညည်းမိရပါ၏။

"ကားက အဲကွန်းကားပဲ ထက်ခေါင် .. နောက်ခန်းမှာ လှဲလိုက်လို့လည်း ရတာပဲ .. ရှေ့ခန်းမှာဆိုရင်လည်း ထိုင်ခုံကျောခင်းဆန့်ပြီး လှဲလိုက်လို့ ရတာပဲ .. ကားမောင်းဖို့ကတော့ မင်းနဲ့ တစ်လှည့်စီ မောင်းနိုင်အောင် .. ငါ .. ရွှေပြည့်စုံက ဒရိုင်ဘာတစ်ယောက် ထည့်ပေးမယ် မနက်ဖြန် မနက်လောက် ခရီးထွက်ရင် ကောင်းမယ်ထင်တယ်။ ငါပြောတာက ဒီလိုပါကွာ .. အန်ကယ်ဘုန်း နဲ့ ကြီးမြတ်ပါ ..လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြရင်လည်း .. ငါက အမှန်အတိုင်း ဖြေမှာပဲ .. ရှိတယ်လို့ .. ဘာလို့လဲ ဆိုတော့ .. လိမ်ညာတယ်ဆိုရင် .. ငါတို့က မင်းကို လက်ခံထားတာ အပြစ်မကင်းသလို ဖြစ်နေမယ် .. ကိုယ့်အပြစ်ကို ကွယ်ဝှက်တယ် ဖြစ်မယ် .. ဒီတော့ .. အမှန်အတိုင်း ဖြေမှာပဲ .. မင်းဆီ ဒီအခန်းထိ လိုက်လာနိုင်တယ်ကွ .. ငါက .. ငွေဝန်းပျို မှာ လတ်တလောကြီး ဒဏ်ရာရထား လို့သာ ဒီမှာ ညအိပ်နိုင်းရတာ .. တကယ်က .. ဒီနေ့သွားလေ ,, ပို ကောင်းလေပဲ ..၊ ငါသဘောကို မင်း နားလည်မှာပါ .. မင်းနဲ့ ငွေဝန်းပျို တို့ ထပ်ပြီး ကြီးမြတ် နဲ့ မျက်နှာချင်းဆိုင် မတိုးလေ .. ပိုကောင်းလေပဲ.. သူ့စကားတွေ ထပ်ပြီး နားနဲ့ဆတ်ဆတ် မကြားရ မကြုံရလေ ကောင်း လေပဲကွ ,, ငွေဝန်းပျို သနားပါတယ်ကွာ .. သူ .. ဘာမှ ထပ်ပြီး စိတ် ထိခိုက်စရာ မတိုးလေ ကောင်းလေပဲ .."

ဟု ပြောလာတော့ သူ စိတ်ငြိမ်အောင် ထိန်းသည်။ တည်ငြိမ်လာ တော့မှ သေချာစဉ်းစားသည်။ ဟုတ်သည် ..၊ ဖေယျာ ပြောတာမှန်လွန်း နေသည်တည့် ..။

"မထူးဘူး ဖေယျာ .. ငွေဝန်းလေး အိပ်ရာက နိုးလာတာနဲ့ .. ခဏတော့ နားမယ် .. ဒီည နေအေးချိန်မှာ .. ဒီကထွက်မယ် .. ဒီတော့.. ငါ တောင်းပန်ချင်တယ် ဖေယျာ .. အကယ်၍များ ဖေဖေနဲ့ ကြီးမြတ် လိုက်လာရင် .. ဒီမှာတော့ လာတည်းသွားတယ် .. ပြီးတော့ ,, ထွက် သွားကြပြီ .. ဘယ်ကိုသွားမယ်လို့ မပြောသွားဘူးလို့ပဲ .. ဖြေပေးကွာ.. ပြင်ဦးလွင်ထိတော့ .. ကြီးမြတ် လိုက်လာပြီး ပြောတာဆိုတာမျိုးတွေ.. ငွေဝန်းပျို ဆက်ပြီး ရင်ဆိုင်မတိုးစေချင်တော့ဘူး .. ငါလဲ ရတနာမွန်း က ထွက်ခဲ့ပြီပဲ ဖေယျာ .. ထွက်သွားပြီဆိုကတည်းက .. တော်တော်နဲ့ ပြန်ပြီး အဆင်ပြေနိုင်ကြမှာလည်း မဟုတ်တော့တဲ့အဖြစ်ကို ငါ သိနေလို့ ထွက်သွားတယ်ဆိုတာ ဖေဖေရော ကြီးမြတ် ရော သဘောပေါက်ကြ မှာပါ ..၊ အဆင်မပြေနိုင်တဲ့ အနေအထားမှာ .. ငွေဝန်း ကို စိတ်ထင်





ဆင်းရဲစရာ မကြုံရဖို့ပဲ ငါတို့ စဉ်းစားရလိမ့်မယ် ဖေယျာ ..၊ လိမ်ညာဖြေ တယ်လို့ မသတ်မှတ်ပဲ .. ငါတို့ စိတ်ချမ်းသာကြရအောင် .. ဆိုတဲ့ အတွေးမျိုး တွေးပေးပြီးတော့ .. အဲသလိုပဲ ဖြေပေးပါ သူငယ်ချင်း ရာ.. ငါတို့ ဘယ်သွားလိုက်တယ်ဆိုတာ မသိဘူးဆိုတဲ့ အဖြေကိုပေါ့.."

ဟု သူ ပြောတော့ ဖေယျာ တစ်ချက် စဉ်းစားသည်။ နောက်တော့ ခေါင်းညိတ်၏။

"အိုကေ .. မသိဘူးလို့ပဲ ဖြေမယ်ကွာ .. သူတို့ဘက်က .. စိတ် ဓာတ်တွေ ပြောင်းလဲကုန်ကြပြီဆိုရင်တော့ .. ပြင်ဦးလွင်မှာ မင်းတို့ရှိ နေတာကို ငါ ပြောပြလိုက်မယ် .. ဒါပေမယ့် .. သေချာအောင် ငါ လေ့လာပြီးမှ ,, စိတ်ချရပြီဆိုမှ .. ငါ .. ပြောပြမှာပါ .. ဟန်ဆောင်ပန် ဆောင်နဲ့ .. သဘောတူပါတယ်တွေဘာတွေ ရုပ်ရှင်ထဲကလိုမျိုး မိဘ တွေက ဉာဏ်ဆင်ပြီး ပြောတာမျိုး ဖြစ်နေ .. မဖြစ်နေဆိုတာ .. ငါ သေချာ စောင့်ကြည့် လေ့လာပြီးမှ .. သေချာမှ .. ငါက ပြောပြမှာပါ.. စိတ်ချ .."

ဟု ကတိပေးလာပါ၏။ သူ့ကို တစ်ချက် တွေ၍လည်း ဖေယျာ ကြည့်သည်။

နောက်တော့ သက်ပြင်းရှိုက်ကာ ...

"တစ်မျိုးတော့ မထင်နဲ့ ထက်ခေါင် .. မင်းအတွက် .. ငွေလိုမယ် ဆိုတာ ငါ သိတယ် .. ဒီတော့ .. မင်း ပြင်ဦးလွင်မှာ အလုပ်လုပ်တဲ့ အတွက် .. ကြိုတင်လစာငွေ ပေးထားတယ်လို့ပဲ မှတ်ပါ .. မင်းရဲ့မာန ကိုလည်း ငါ သိပါတယ် ..၊ ကူပါရစေကွာ .. နော် .."

ဟု ပြောကာ လက်ကိုင်အိတ်ကို သူ့လက်ထဲ ထည့်၏။ ယောကျ်ား ကိုင် ပိုက်ဆံအိတ်အလတ်စားသည် ပြည့်ဖောင်းနေသည်ပါပဲ။ အတွင်း မှာ ပိုက်ဆံတွေ ရှိနေမည်ဆိုတာ သူ သိနေသည်။

ငြင်းရမှာလည်း ခက်နေသည်။ ဖေယျာ ၏ စေတနာ မေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com



ဇော်ကားရာရောက်မည်။

ယူလိုက်ရမှာကျတော့လည်း .. အလွယ်တကူ သူများပိုက်ဆံ ယူရာ ရောက်နေပြန်သည်။

"ယူပါဆိုကွာ .. လစာ သဘောပါဆိုမှ မင်းကလဲ .."

ဟု ဇေယျာ ထပ်၍ ပြောလာသည်။

"ငါကွာ .. ရုတ်တရက် လက်ထပ်လိုက်ရတာဆိုတော့ .. ဘာမှကို ပြင်ဆင်ထားချိန် မရလိုက်ပဲ ဖြစ်ကုန်တယ် ဇေယျာ .. ပန်းရုံ ရောက်မှ မထင်မှတ်တာတွေ ကြားရ .. ငွေဝန်းလေး ကိုလည်း ပစ်ပစ်ခါခါ လုပ်နေကြတာ မြင်ရ ကြားရနဲ့ ဆိုတော့ .. လက်ဆွဲခေါ်လာခဲ့ရတော့တာ..၊ သူ့ကို ဘယ့်နှယ်လုပ် မျက်နှာလွှဲ ခဲပစ် ချန်ထားရက်နိုင်ပါ့မလဲ ဇေယျာ.. ဒီလောက် ငါ ချစ်တဲ့ မိန်းကလေးကို .. ငါ .. ပစ်မထားခဲ့နိုင်ဘူးကွာ.. ဒါကြောင့် မင်းကို ဝင်ခေါ် .. လက်ထပ်စာချုပ်မှာ သက်သေတွေ ဘာတွေ လုပ်နိုင်းခဲ့ရတာ .. ဟိုကောင် ဖိုးအောင်မြင့် နဲ့ပေါ့ .."

ဟု ပြောကာ ငိုင်နေမိရသည်ပါပဲ။ သူကိုယ်တိုင်လည်း ဤသို့သောပုံစံမျိုးဖြင့် အိမ်ထောင်တစ်ခုကို ထူထောင်ရမည်ဟုပင် မထင်ထားမိခဲ့ ..။

သူ ချစ်သော မိန်းကလေးကို ရွှေရည်ပန်းဆက် ..၊ တခမ်းတနား လက်ထပ်ရမည်ဟု ထင်ထားမိခဲ့သည်လေ ..။ ဤသို့သော ပြဿနာတွေ ကြုံရမည်ဟု ထင်ကို မထင်ခဲ့ ..။

"ကဲ.. ငါ အောက်ပြန်ဆင်းမယ် .. စားဖို့ သောက်ဖို့ .. ငါ ပို့နိုင်းမယ် .. စိတ်အေးလက်အေး တစ်ချက် နား .. မင်းက ခရီးထွက်ရမှာ .. မင်းနဲ့ ငါဟာ ညီအစ်ကိုတွေလို ချစ်ကြတဲ့သူတွေပါကွာ .. ငါ့မှာ မင်းလိုပဲ အမေ မရှိတဲ့ ဘဝနဲ့ အဖေ့လက်ထဲ ကြီးရတာချင်းလည်း တူခဲ့တာလေ .. ဟိုတုန်းကတော့ မင်းမှာ ကြီးဒေါ်တစ်ယောက်ရှိတာကို အားကျမိတာကွ .. ခုကျတော့လည်း ကြီးမြတ် ကို ကြည့်ပြီး လန့်သွားတယ်





သိလား .. ကြီးဒေါ်ကြီး မရှိတာ နားအေးတယ်လေ ..၊ ငါလည်း ဘယ်လို မိန်းကလေးနဲ့ ဖူးစာဆုံမယ် မသိဘူးကွ .. ဖေဖေကတော့ လူတန်းစား မခွဲတတ်တာမို့ မင်းလို ပြဿနာ မရှိနိုင်ဘူးလေ .. ကံကောင်းတာက.. ကြီးမြတ် လို အဆင့်အတန်း ခွဲတတ်တဲ့ ကြီးဒေါ်ကြီး .. ငါ့ဘဝထဲ ပါ မလာတာပဲ ထက်ခေါင် ..၊ ကဲ .. အောက်ထပ်ဆင်းတော့မယ် .. မတော်တဆများ အန်ကယ်နဲ့ ကြီးမြတ် တို့ ဒီကို လိုက်လာရင် .. ငါ မင်းမှာထားသလိုပဲ ဖြေလိုက်မယ် .. မရှိဘူးပေါ့ကွာ .. မင်းတို့လည်း အခန်းပြင် မထွက်နဲ့ .. ငါက .. အားလုံး လမ်းကြောရှင်းတယ်ဆိုမှ .. မင်းဆီ လာမှာ .. မင်း ခရီးထွက်ဖို့ကိစ္စကို ပြောတာ .."

ဟု ပြောကာ သူ့ပခုံးကို တရင်းတချာ ပုတ်၍ နှုတ်ဆက်ပြီး ဇေယျာ အခန်းတွင်းမှ ထွက်သွားပါ၏။

သူ တစ်ယောက်တည်း ကျန်ခဲ့တော့ ငွေဝန်း ၏ ခုတင်ဘေးမှာ ထိုင်ခုံလေးချ၍ ထိုင်မိရပါ၏။ ငွေဝန်း ၏ မျက်နှာနုနုလေးကို ငေးစိုက်ကြည့်မိသည်။ စောစောကအရှိန် ရင်ထဲက ထွက်မသွားနိုင်ရှာသေးသည် ကောလေ ..။

အိပ်နေသည်ကိုက မျက်နှာညှိုးလေးဖြင့်ပါ ..၊ သနားစိတ်သည် ရင်မှာ မောက်လျှံတတ်လျက် ရင်ထဲ အထိကြီး ထိရသည်။ ဘယ်လိုမှ ရင်ထဲမကောင်းနိုင်တော့ပြီ ..။

ငွေဝန်း ၏ လက်လေးကို ဖွဖွလေး ဆုပ်မိ၏။ လက်ဖနောင့်ဖွန်းလေးတွေ ..။ လက်ချောင်းတချို့တွေမှာ ပွန်းရာတွေ အသားလန်သလိုလေးတွေ ဖြစ်နေတာကလည်း နီရဲနေသည်ပါပဲ ..။ တင်းကြမ်းခဲ့သမျှ ဆက်တိုက်ကြီး ထိတ်လန့်အားငယ်စွာ ရင်ဆိုင်တိုးခဲ့ရပါလေသည့် အဖြစ်များစွာသည် သူ နေထိုင်ခဲ့ရာ ရတနာမွန်းအိမ်ကြီးမှာ ဖြစ်ခဲ့သည်။ သူ၏ ငွေဝန်းလေး ကို သူ မကာကွယ်နိုင်ခဲ့။

သူ ခေါ်ခဲ့ရာ နေရာမှာ သူ၏မိန်းကလေးသည် ကူကယ်မည့်သူ



www.burmeseclassic.com

www.burmeseclassic.com



ကင်းမဲ့စွာ ရှိနေခဲ့ရတာလောက် သူ့ရင်ကို ဆိုးဝါးစွာ ထိခိုက်နေစေတာ မရှိ ..၊ ကြေကွဲနေစေတာ မရှိ ..။ ယူကျုံးမရ ဖြစ်လိုက်ရသည်မှလေ .. ရင်တွေ ကျေမတတ်ပါ။

ထိုစဉ်ခိုက် ငွေဝန်းလေး နာ၍လား မသိ ..။ တစ်ချက်ညည်းကာ မျက်ဝန်းလေးတွေ ပွင့်လာသည်။ ဘေးမှာ ငြိမ်သက်စွာ ထိုင်ရင်း ငေး ကြည့်နေသည့် သူ့ကို မြင်တော့ အားရှိသွားတာလည်း သိသာနေသည်။

သူ ပျောက်သွားမှာကို လန့်နေတာ သိသာလွန်းနေသည်တည့်..။ တစ်နေရာရာမှာ ခဏလေး သူ ရောက်သွားချိန်မှာ ရတနာမွန်းမှာကဲ့သို့ ပင် သွေးလန့်စရာအဖြစ်ကို ထပ်ကြုံရမှာ စုထိ ငွေဝန်းပျို ရင်ထဲမှာ စွဲနေတာ သူ နားလည်နေမိရသည်ပါပဲ ..။

"ရေသောက်မလား .. ဒါမှမဟုတ် .. ကော်ဖီသောက်လိုက်မလား.. ဓာတ်ဘူးထဲမှာ ကော်ဖီတွေ ရှိတယ်ကွ .. မုန့်လည်း ရှိတယ်.. အစ်ပဲ..၊ ကိုကို့သူငယ်ချင်းက စောစောကတည်းက ပို့ထားတာလေ .. နောက် တော့မှ .. စားစရာတစ်ခုခု ထပ်ပို့ဦးမယ်လို့ ပြောသွားသေးတာ ..၊ အခု .. ကော်ဖီသောက်လိုက်နော် .. ဘဲသားမုန့်လေးလည်း စားကြည့်ပါ လား .. ကိုကို ဘဲသားမုန့် သိပ်ကြိုက်တာကွ .."

ဟု ငွေဝန်း စိတ်ထဲမှာ အရာရာသည် အေးအေးချမ်းချမ်းရှိနေသည် ဟု ခံစား စိတ်ချသွားအောင် ပြုံး၍ ပြောနေရခြင်းပါ။ ငွေဝန်း ကို ထူ ပေးမိသည်။ အလိုက်သင့် ငွေဝန်း ထထိုင်ရှာပါ၏။ သူ ဘာပြောပြော.. ငွေဝန်း ကတော့ ချက်ချင်း ခေါင်းညိတ်ရှာသည်ပါပဲ။ တစ်ခုမှကို မဆန့် ကျင် ..၊ မငြင်း ..။ သူ .. ငွေဝန်း ကို ပွေ့ချီ၍ ဗိုး(လ်)ချဲထက်မှာ ထိုင် စေသည်။ စားပွဲဝိုင်းမှာ အုပ်ဆောင်းအုပ်ထားပါသည့် ကော်ဖီပွဲပြင်ထား ရာဆီသို့ တွန်းလာခဲ့ရသည်။ ဓာတ်ဘူးထဲမှ ကော်ဖီကို ကော်ဖီနှစ်ခွက် လောင်းထည့်သည်။ ငွေဝန်း ကို သူကိုယ်တိုင် တိုက်သည်။ မုန့်လေးတွေ ခွံ့ကျွေးသည်။





"ဘဲသားမုန့် ကြိုက်ရဲ့လား ငွေဝန်း .. မကြိုက်ရင် ပြော .."

ကျွေးသမျှ စားနေတာကို တစ်ချက် သူ စိတ်ပူရင်း မေးတော့ ခေါင်းလေးညိတ်ပြသည်။ ပါးစပ်လေး ဟာပေးတာမို့ သူ ဆက်ကျွေးရ သည်ပါပဲ ..။ စားရင်းလည်း စိတ်မချသလို တစ်ချက် တစ်ချက် .. ပိတ်ထားသော တံခါးဘက်ဆီသို့ ငွေဝန်း ကြည့်ရှာသည်။ ကြီးမြတ် တို့ လိုက်လာမှာကိုများ ထိတ်လန့်နေသည်မလား မသိ ..။

သူ .. ရင်ထဲ ထိခိုက်ရပြန်သည်။ ကော်ဖီလေး စောင့်တိုက်နေမိရင်း မှ ...

"ကိုကိုတို့ .. ဒီညနေ ခရီးထွက်မှာ သိလား .. ဒီရန်ကုန်နဲ့ ဝေး တဲ့ နေရာကိုပေါ့ .. ဘယ်သူမှ လိုက်မလာနိုင်တဲ့နေရာ .. အဲဒီမှာ နေ ကြမှာ .."

ဟု ကလေးလေး စိတ်ထဲ အေးသွားအောင် ပြောသည့်နယ် လေသံ ကို ချိုချိုသာသာလုပ်ပြီး သူ ပြောရခြင်းပါ။ ငွေဝန်း ၏ မျက်ဝန်းလေး တွေ ရွှန်းလဲ့လာသည်။ ဖြတ်ခနဲ တောက်ပသွားပါသည့် မျက်ဝန်း လေးတွေ ပြန်၍ ညှိုးဖျော့မှိန်သွားကာ ...

"တကယ်လား ဟင် .."

ဟု မော့မေးလာပုံလေးက သနားစရာ မျက်နှာညှိုးငယ်ငယ်လေး ဖြင့်ပါ ..။

သူ ငွေဝန်း ကို နဖူးချင်း ထိလိုက်ကာ ...

"တကယ်ပါ ငွေဝန်း .. ပြင်ဦးလွင်ကို သွားရမှာ .. ဟိုမှာ ဟိုတယ် ကြီး ရှိတယ် .. ထပ်ပြီးတော့လည်း ဟိုတယ် တိုးချဲ့ဆောက်နေတာ ရှိ တယ် .. ဖေယျာ တို့ရဲ့ ရွှေပြည့်စုံဟိုတယ်မှာ ကိုကိုက ကြီးကြပ်သူ အဖြစ်လည်း တာဝန်ယူရမယ် .. ကိုကို အလုပ်ရပြီဆိုတော့ .. အခုစ အဆင်ပြေတာပေါ့ .. နေစရာကလည်း ဟိုတယ်မှာ သီးခြားအခန်း ကျယ်ကြီးနဲ့ နေရမှာလေ ..၊ အဲဒီအခန်းမှာ ချက်ပြုတ်စားနိုင်ဖို့ မီးဖို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လေးလည်း ပါတယ် .. ဟိုတယ်စားဖိုဆောင်က ပို့ပေးပါဆိုရင်လည်း အဲဒီ စားဖိုဆောင်ကပဲ မနက်.. နေ့လယ် .. ညစာအတွက် တာဝန်ယူ ပို့ပေးမှာ .. ကိုကိုက ဟောဒီ ငွေဝန်းလေး မချက်ပြုတ်တတ်တာ သိတာမို့ ဟိုတယ်စားဖိုဆောင်က ဟိုတယ်ထမင်း ဟိုတယ်ဟင်း စားဖို့ ဆုံးဖြတ်ထားတယ် .. ကိုကို အားတဲ့အခါကျတော့ .. ဟောဒီက ကိုကို့နှလုံး မျက်ရှုလေးကို ချက်ပြုတ်ကျွေးမယ် .. ကိုကို့ကို အထင်မသေးနဲ့.. မခေဘူး သိလား ..၊ ချက်တတ် ပြုတ်တတ်တယ်ဗျ .. အဟုတ် ပြောတာ .. မယုံမရှိနဲ့ .."

ငွေဝန်းလေး စိတ်ထဲ ပျော်သွားအောင် ..၊ အာရုံပြောင်းအောင် သူ ရယ်မော၍ ပြောလည်း ပြော ..။ အရုပ်လေး ထွေးပိုက်ထားသလို ရင်ထဲ ပွေ့ထားမိရသည်ကလည်း ချစ်ရသူလေးကိုပါတည့် ..။

"ငွေဝန်း ကိုလည်း သင်ပေး နော် .. ပန်းရဂုံမှာ ဘယ်သူမှ ပေး မလုပ်ကြလို့ကို ငွေဝန်း ဘာမှ မလုပ်တတ် မကိုင်တတ်ပဲ ဖြစ်ရတာ ပါ .."

ဟု မော့ပြောလာရင်းမှ ပန်းရဂုံ ဆိုသည့်နေရာသည် ငွေဝန်း ၏ အာရုံမှာ ပြန်၍ ဖြစ်တည်လာပြန်သည်မို့ ခဝ်ငေးငေးဖြစ်ကာ ငြိမ်ကျ သွားရှာသည်။

"သင်ပေးမယ် .. လို့ .. မပြောဘူး နော် .. ဟောဒီ လက်ချောင်းနုနုလှလှလေးတွေ စုံစုံလင်လင်နဲ့ ဒီလိုပဲရှိနေဖို့ အရေးအကြီးဆုံးကတော့ မီးဖိုချောင်သုံး ဓားတွေအားလုံးနဲ့ ငွေဝန်းလေး ကို အပတ်သက် မခံဖို့ပဲကွ .. မလုပ်တတ် မကိုင်တတ်နဲ့ ကိုယ့်လက်ကိုယ် လှီးပစ်တာမျိုးကြုံရင်ဖြင့် ကိုကို ရင်ကျိုးမှာ .. ဒီလက်လေးတွေကို မခိုင်းရက်ပါဘူးဗျာ .. ကိုကို ချက်ပြုတ်တဲ့အခါ ဘေးက ထိုင်ကြည့် .. အဖော်လုပ် .. ကိုကို ကြော်လှော် ချက်ပြုတ်ထားတာတွေကို အားပေးတဲ့အနေနဲ့ ဟိုဟာမြည်း ဒီဟာမြည်း လုပ်ပေး .. အဲဒါဆို လုံလောက်ပြီ .."





သူ ချက်ချင်း ငွေဝန်း ၏ ရင်ထဲမှ ကြေကွဲတွေးတွေကို မောင်းထုတ်လိုက်နိုင်ဖို့ ကြိုးစားလိုက်ရသည်ပါပဲ ..။ ငွေဝန်း သူ့ပခုံးပေါ် ခေါင်းလေးတင်ကာ ...

"ကိုကိုလည်း ဒုက္ခပဲ နော် .. အခု .. အိမ်ပေါ်က ဆင်းရပြီ .."

ဟု ညည်းသည်။ သူ ငွေဝန်း ၏ ပါးလေးကို ဖွဖွလေး လက်ဖဝါးဖြင့် ဖေးအုပ် ပုတ်လိုက်သည်။

"ပြင်ဦးလွင် .."

ငွေဝန်း တစ်ချက် တိုးတိုးလေး ရွတ်ကာ သူ့ကို မော့ကြည့်သည်။ ခဝ်ထွေထွေလေးလည်း တစ်ချက် ခေါင်းငုံ့ကာ ငြိမ်သွားပြန်သည်။

"ငွေဝန်း ဟာ ဒေါ်မယ်မှုန် ရဲ့သမီးဆိုတာ ကိုကြီးနဲ့ ဖေဖေ တို့ ဒေါသတွေနဲ့ .. စံပြင်းစိတ်တွေနဲ့ ပြောရင်း နာမည်ပါသွားတာမို့ .. ငွေဝန်း သိခဲ့ရတယ် ကိုကို .. ငွေဝန်း ကို ပြင်ဦးလွင်မှာ မွေးတာဆိုတာလည်း ငွေဝန်း သိထားရတယ်လေ .. ဒေါ်ကြီးစိန် တို့က အဲဒီတုန်းက ပြင်ဦးလွင်မှာ နေတာတဲ့ .. ငွေဝန်း ရဲ့ မွေးနေ့မှာ .. ဒေါ်ကြီးစိန် က.. ငွေဝန်း ကို သူ့တူမ မယ်မှုန် ရဲ့ ဆွဲကြိုးလေး လက်ဆောင်ပေးတယ် ဆိုပြီး လာပေးတော့ မေမေ ရောက်လာတယ် ကိုကို .. ဆွဲကြိုးလေး အပေးမခံပဲ မေမေ တားခဲ့တာ ကိုကိုရဲ့ .. ဒါဆို .. ငွေဝန်း ရဲ့ မေမေဟာ ဒေါ်ကြီးစိန် ရဲ့ တူမလည်း ဖြစ်တယ် .. ဆုံးခဲ့ပြီလည်း ဖြစ်တယ် ကိုကို.. မေမေ့ သမီးလေး မွေးပြီးတာနဲ့ ဆုံးသွားတယ် ထင်ပါရဲ့.. ငွေဝန်း ကို မေမေက .. မေမေ့သမီးဆိုပြီး ကိုကြီး ကိုငယ် တို့နဲ့ ဖေဖေ့ကို ညာထားတာ ..ငွေဝန်း ရဲ့ ဖေဖေက ဖိနပ်ချုပ်တယ်လို့ ပြောတာလည်း ခြည်ခန်းမှာ ကိုကြီး နဲ့ ဖေဖေတို့ ယူကျုံးမရ ပြောပြောနေသမျှ ငွေဝန်း ကြားခဲ့ရတယ် ကိုကိုရယ် .. ကိုကို အဲဒါတွေ ကြားခဲ့တယ် မဟုတ်လား .. ဘာလို့ ငွေဝန်း ကို လက်ထပ်ရတာလည်း ကိုကို ရယ်.. ဟင် .. ငွေဝန်း က အစေခံ သမီးတဲ့ .. ဖိနပ်ချုပ်သမား သမီးတဲ့ ကိုကိုရယ် ..ဒါလည်း..



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း ကို ကယ်တင်ပြီး စောင့်ရှောက်ထားတာမို့ .. ဘယ်နေ့မဆို .. ငွေဝန်း ကို .. ကိုကို .. ကွာရှင်းချင်တယ်ဆိုရင် .. ကွာရှင်း နော် .."

ဟု ပြောလာတော့ သူ ရင်ထဲမကောင်းနိုင် ..၊ အားကိုးရာမရှိသည့် ငွေဝန်းလေး ခမျာ .. သူသာလျှင် အားကိုးရာအဖြစ် ရှိနေချိန်မှာပင်.. သူ့အတွက် ထည့်တွက်ပေးကာ ကွာရှင်းခွင့်ရှိသည်ဟု ပြောလာရှာသည်။ ပြောရင်း အဘယ်မျှ ရင်ထဲမှာ မျိုသိပ်အားငယ်နေရှာမည် မသိ ..။

သူ.. ငွေဝန်းပျို ၏ မျက်နှာလေးကို ဖေးမော့လိုက်ကာ ငုံ့မိုးကြည့်ရင်းမှ ...

"ကိုကို့ကို ကြည့်စမ်း ငွေဝန်း .. ဘယ်တော့မှ ငွေဝန်း ကို လက်တွဲ မဖြုတ်ဖူးဆိုတာ ယုံကြည် နားလည်ထား .. သိထားစမ်းပါ .. ဟောဒီက ကိုကို့ ချစ်သူ .. ကိုကို့ နှလုံးသား .. ကိုကို့ဇနီးလေးကို သောကအပူတွေ မဟပ်ရလေအောင် အလွန်တောက်ပနိုင်ခဲ့တဲ့ ရင်ခွင်တံတိုင်းကြီးတစ်ခုနဲ့ .. အလွန် လှပမွေးပျံ့ရာ လရောင်အောက်က ပန်းမြို့တော်တစ်ခုဟာ .. ကိုကို့ရဲ့ အချစ်တွေ့မှာ တည်ရှိနေတယ်ဆိုတာ နားလည်ထား .. ဘာလိုသေးလဲ ငွေဝန်း ရယ် .. အိမ်တွေ လိုသေးသလား .. မြို့ကြီးတစ်ခုကိုတောင် ပိုင်ထားပြီလေကွ .. လရောင်အောက်က ပန်းမြို့တော်ကြီးလေ .. ချစ်ပန်းတွေ ဝေနေတာကွ .. ဟောဒီ ရင်ဘတ်ကြီးမှာ ကပ်ကြည့် .. နှလုံးသားထဲက ပန်းရနံ့တွေ ရလိမ့်မယ် .."

သူ့ရင်မှာ မျက်နှာလေး အပ်ကာ ငွေဝန်း မျက်ရည်ကျလာသည်။

"ကိုကို ရယ်.. ငွေဝန်း ကို ပန်းရဂုံက ဖေဖေနဲ့ မေမေ့သမီးအဖြစ်.. စပြီး သိခဲ့ရတာပါ .. ချစ်ခဲ့မိသွားတာပါ ..၊ အဲဒါတွေ မဟုတ်တော့ဘူးဆိုတာ သိသွားချိန်မှာတောင် .. ငွေဝန်း ကို စိတ်ပျက်မသွားဘူးနော်.. ငွေဝန်း ကိုလေ .. အရမ်းချစ်ခဲ့ကြတဲ့ ကိုကြီး နဲ့ ကိုငယ် ရော .. ဖေဖေရော .. စိတ်ပျက်သွားခဲ့ကြတာပါ .."

ဟု ပြောလာတော့ သူ မကြားရက် ..၊ ငွေဝန်း ငိုနေတော့ ဤတစ်





ကြိမ်မှာ သူ မတားချင်တော့ပါ။

ငိုစေတော့ ..၊ ရင်ထဲမှ ခံစားချက်တွေ သွန်း၍ ငိုချလိုက်စေတော့..။ သူ့နှလုံးသားကို အထိဆုံး စကားက .. စိတ်ပျက်သွားသည်ဆိုသည့် စကားပါတည့် ..။

ငွေဝန်းလေး သည် သိမ်ငယ်ကြေကွဲသော ခံစားချက်တွေကို လွယ်လွယ်နှင့် နှင်ထုတ်နိုင်မှာ မဟုတ်တာကိုလည်း ကြာလေပို၍ နားလည်လာရလေပါ ..။

"ကိုကို .. ပြင်ဦးလွင် ရောက်ရင်လေ .. ကိုကို အလုပ်အားတဲ့အခါ စုံစမ်းပေးပါလား ဟင် .. မေမေ ဒေါ်မယ်မှုန် ဆိုတာက .. ဒေါ်ကြီးစိန်ရဲ့ တူမလေ .. ပြင်ဦးလွင်မှာ နေခဲ့ကြတာ .. ပြင်ဦးလွင်က ပန်းစံကားအိမ်ကြီးမှာ ဘဘစိမ်း နဲ့ ဒေါ်ကြီးစိန် တို့က အိမ်စောင့် .. ဥယျာဉ်ပန်းပင်တွေ စိုက်နဲ့ ရှိခဲ့တာ အကြာကြီးဆိုတော့ .. ဘဘစိမ်း နဲ့ ဒေါ်ကြီးစိန် ဆိုတာကို သိတဲ့သူတွေကတော့ ပြင်ဦးလွင်မှာ ရှိကြမှာပါပဲ.. မေမေမယ်မှုန် ဆိုတာ အဲဒီ ပြင်ဦးလွင်အိမ်ကြီးမှာ ဆုံးတာတဲ့လေ .. ငွေဝန်းရဲ့ ဖေဖေ ဖိနပ်ချုပ်သမားဆိုတာကို ငွေဝန်း ရှာချင်တယ် ကိုကို ရယ်.. ဖေဖေ့ကို ငွေဝန်း မြင်ချင်တယ် .. ဖေဖေနဲ့ အတူနေချင်တယ် ကိုကို.. ဖိနပ်ချုပ်သမားဖြစ်တဲ့ ဖေဖေ့ကို .. ကိုကို .. တူတူ ခေါ်ထားနိုင်ပါ့မလားဟင် .."

မဝံ့မရဲလေး မော့မေးလာတော့ သူ ပြုံးလိုက်ကာ ငွေဝန်း ၏ ဆံစလေးကို သပ်ပေးသည်။ နဖူးလေးကို ငုံ့မိုး၍ နမ်းသည်။ ဖိနပ်ချုပ်သမား ဆိုတာလောက်ပဲ သိရရုံရှိကာ အမည်ပင် မသိပဲဖြစ်နေသည့် ငွေဝန်း ၏ဖခင် ရှာပုံတော်ခရီးကို မလွယ်ကူမှန်းတော့ သူ ကြိုတင်သိထားနှင့်ရပေမယ့် .. ငွေဝန်း ကို စိတ်ဓာတ်မကျစေလို ..။

ငွေဝန်း အတွက် အရေးအကြီးဆုံးအချက်က .. မျှော်လင့်ချက်ဆိုတာ ရှိနေဖို့ပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကို တွေ့ရမည်ဆိုသည့် မျှော်လင့်ချက်သည် ငွေဝန်း အတွက် အားအင်တစ်ခု ဖြစ်နေပါချေလိမ့်မည် ..။ အဓိပ္ပာယ်ရှိသော အနာဂတ် တစ်ခုလည်း ဖြစ်နေပါလိမ့်မည်။ သူ ငွေဝန်း ကို ငုံ့မိုး၍ ကြည့်ကာ နဖူးလေး ထိလိုက်ရင်းမှ ...

"ဘာလို့ တူတူ ခေါ်မထားနိုင်ရမှာလည်း ငွေဝန်း ရဲ့ .. ခေါ်ထားမှာပေါ့ .. ငွေဝန်း ရဲ့ ဖေဖေပဲ ဥစ္စာ .."

ဟု ပြောလိုက်တော့ ငွေဝန်း သူ့လက်မောင်းကြီးကို အားကိုးတကြီး လက်လေးတွေဖြင့် ဆုပ်ကိုင်ထားပါ၏။

"အရေးကြီးဆုံးက.. ခုလို .. အမြဲ အားကိုးနေဖို့ပဲ လိုတယ် ငွေဝန်းလေး .. ခုလို .. ကိုကို့လက်ကို မဖြုတ်စတမ်း ဆုပ်ခဲကိုင်ထားဖို့ပဲ ရှိတယ်.."

ဟု သူ မြတ်နိုးစွာ ပြောလိုက်မိရပါ၏။ ရင်ကို နှစ်၍ ပြောသော စကားပါတည့် ..။





အခန်း [ ၁၃ ]

ပြင်ဦးလွင် ...၊

အလွန်လှပလျက် တောင်နိမ့်တို့ ဝန်းရံထားရာ မြို့ ...။

ပန်းအမယ်စုံတို့ ပွင့်ဝေရာမြို့ ...၊ ရေတံခွန်တို့ ပျော်မြူးရာမြို့...။

ပန်းနှင့် ရေတံခွန် ..၊ တောင်နှင့် တိမ်အုပ်တို့ အလှခြယ်ရာမြို့..။

ရွှေပြည့်စုံဟိုတယ်၏ အပေါ်ဆုံးထပ် လသာဆောင်မှာ ကိုကိုနှင့် ငွေဝန်း တို့ မနက်စာ ကော်ဖီသောက်ရင်း ရှုခင်းတွေကို ငေးကြည့်မိသည်။ ပြင်ဦးလွင်၏ မနက်ခင်းသည် လတ်ဆတ်စွာ ကြည်ကြည်စင်စင် ရှိ၏။

"နွေရာသီဆိုရင် ရန်ကုန်ကနေပြီး ပန်းရဂုံ မိသားစု အားလုံး ပြင်ဦးလွင်က ပန်းစံကားအိမ်ကြီးမှာ အနည်းဆုံး နှစ်ပတ်လောက်တော့ လာနားကြတယ် ကိုကို .."

ငွေဝန်းပျို ပြောပြလိုက်မိရသည်က လွမ်းလွမ်းဆွတ်ဆွတ်ဖြင့်ပါ ..။ ရုတ်ခနဲ ရင်ကိုလာ၍ ထိသည်က မိသားစုအားလုံးဆိုသည့် စကား ..၊ မျက်လွှာလေး တစ်ချက်ချ၍ ငွေဝန်း တွေခနဲ ဖြစ်၏။

ဟင့်အင်း ..၊ ဖေဖေ နှင့် ကိုကြီး ကိုငယ်တို့အတွက်က .. ငွေဝန်း သည် မိသားစုဝင်တစ်ယောက် မဟုတ်ချေတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မယ်မှုန် နှင့် ဖိနပ်ချုပ်သမားတစ်ယောက်၏ သမီးဆိုတာ ချည်းကိုက .. ဖေဖေ့အတွက် ထိတ်လန့်စရာ သိလိုက်ရ .. လက်ခံလိုက်ရသည့် ချောက်ချားမှုတစ်ခု ဖြစ်နေသည်။ ငွေဝန်း ကို .. ပန်းရဂုံ၏ အမွေခံတစ်ယောက်အဖြစ် လက်မခံနိုင် ..။

ဖေဖေ့သမီး ..၊ ဖေဖေ့မျိုးဆက်အဖြစ် လက်မခံနိုင်ဟု ပြောနေချိန်မှာ ငွေဝန်း သည် တွယ်ရာမဲ့ လွင့်မျောခံလိုက်ရသည့် ငှမ်းစလေးတစ်စနှယ် ဖြစ်ကုန်ရသည်ပဲလေ ..။ ဦးတည်ရာ ထားခွင့်မရ ..၊ လေနှင့်အတူ လေသယ်ဆောင်ရာအတိုင်း လွင့်ရမည့်ဘဝ ..။ အရှေ့ဆီသို့ လေနှင့်အတူ လွင့်မျောရာမှ လေအနေ့ာသည် အနောက်သို့ရောက်လျှင် နောက်ဘက်ကို မျောလိုက်ရ ..၊ အို .. တောင်ဘက်သို့နှင်နှင် ..။ မြောက်ဆီသို့ နော့နော့ ..။ ဟိုလူးသည်မျော လေကြောထဲမှာ ပါနေရပါသည့် ငှမ်းတစ်စနှင့်တူသည့် ဘဝထဲသို့ ရုတ်ခြည်း ရောက်ခဲ့ရသည်တည့်..။ ဘယ်သူ့လက်ကို ဆွဲရမှန်း မသိ ..၊ ဘယ်သူ့ကို အားကိုးရမှန်း မသိ..၊ အားကိုးရာလည်း အခွင့်မရှိ ..။ လက်ဆွဲရာလည်း ကမ်းသည့်လက် မရှိ..၊ လှမ်းသည့်လက် မရှိ ..။ ထိုနေ့ မနက်ကအဖြစ်သည် ငွေဝန်း ၏ရင်ထဲမှာ ဘယ်တော့မှ ပျောက်ကွယ်နိုင်စွမ်းတော့မည် မဟုတ် ..။

"အခုတော့ ကိုကိုရယ် .. မိသားစုဆိုတာ .. ငွေဝန်း မှာ မရှိတော့ပါဘူး .."

တိုးတိုးလေး ပြောမိစဉ်ခိုက် ကိုကို့လက်တွေက ငွေဝန်း ၏ လက်လေးကို ထွေးဆုပ်လာသည်။

"ကိုကို ရှိတယ်လေ .. ငွေဝန်း ရဲ့ ရှေ့မှာ မားမားမတ်မတ် ရပ်တည်တဲ့ ကိုကိုဟာ .. ငွေဝန်း ရဲ့ခင်ပွန်းလည်း ဖြစ်တယ်.. ငွေဝန်း ကို အလွန်ချစ်တဲ့သူလည်း ဖြစ်တယ် .. အဲဒါကို မမေ့ရဘူးလေ .."

ညင်ညင်သာသာ ကိုကို ပြောတော့ ငွေဝန်း ကိုကို့ လက်ဖမိုးကို အားကိုးစွာ ငုံ့မိုး၍ နှုတ်ခမ်းလေးကို ဖေးတင်ကာ ရင်ကိုနှစ်၍ နမ်းလိုက်





မိရသည်ပါပဲ ..။ ကိုကို့ကို မော့ကြည့်တော့ မျက်တောင်မခတ် ငေးစိုက်ကြည့်နေသည့် ကိုကို့မျက်ဝန်းတွေနှင့် ရင်ဆိုင်တိုးရသည်။ အလွန်နူးညံ့သော အကြည့်များ ..၊ ငွေဝန်း ကို ချစ်သည့် ကိုကို့အချစ်တွေ အဘယ်မျှ နက်ရှိုင်းလေးနက်သည်ဆိုတာ ကိုကို့ မျက်ဝန်းတွေကို မြင်ရုံမျှဖြင့်ပင် ငွေဝန်း ၏ နှလုံးသားက သိနေစေလောက်အောင် .. နူးညံ့နေသည့် မျက်ဝန်းအကြည့်များ ..။

"ကိုကို ရှိတယ်ဆိုတာ ငွေဝန်း ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး ကိုကိုရယ် .. ငွေဝန်း မှာ ကိုကိုပဲ ရှိတာ .. ကိုကို့ကို မေ့ထားလိုက်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား .. ငွေဝန်း ကို ဂရုစိုက်တဲ့ သူ .. ကာကွယ်စောင့်ရှောက်ပေးတဲ့ သူ .. ချစ်မြတ်နိုးတဲ့သူအဖြစ် ကိုကို ရှိနေတယ်ဆိုတာ အမြဲ ငွေဝန်း ရဲ့ နှလုံးသားထဲမှာ .. ဦးနှောက်ထဲမှာ .. ရှိနေတာပါ ကိုကိုရယ် .. ဒီအရိပ်လောက် တန်ဖိုးကြီးမားတဲ့အရိပ် .. အားကိုးရတဲ့အရိပ် .. ငွေဝန်း မှာ .. ရှိတာမှ မဟုတ်တာ ..၊ နောက်ကို .. ကိုကို ဘယ်တော့မှ မပြောနဲ့ နော် .. ကိုကို ရှိတယ်ဆိုတာကို ငွေဝန်း မေ့ထားလိုက်မယ်လို့လေ .."

တကယ့်ကို ခံစား၍ ပြောမိရရင်းမှ ငွေဝန်း မျက်ရည်ကျလာတော့ ကိုကို မျက်နှာပျက်ကာ ....

"အဲသလို ဝမ်းမနည်းရဘူးလေ .. ကိုကိုက .. ငွေဝန်း အားမငယ်အောင် ပြောမိတာပါ ကလေးရယ် .. မျက်ရည်မကျနဲ့တော့နော် .. ကိုကို့ရင်ကို အထိဆုံးဟာ .. ငွေဝန်း ရဲ့ မျက်ရည်ပဲ .."

ကိုကို ပြောလည်း ပြော ..၊ ငွေဝန်း ကို မျက်ရည်လည်း သုတ်ပေးသည်။ ထွေးပွေ့ထားလိုက်သည်ပါပဲ ..။

"မနက်စာ စားပြီးကြရင် .. ကိုကို .. ငွေဝန်းလေး ကို .. ခေါ်သွားစရာရှိတယ် .. ငွေဝန်း ရဲ့ ခြေထောက်လေးတွေ နည်းနည်းသက်သာလာပြီမို့ .. ကိုကို .. ခေါ်သွားမှာ .. ဒါပေမယ့် .. ကားပေါ်ရောက်တဲ့အထိ..



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ပွေ့ခေါ်သွားမှာ နော်.. ကားပေါ်က ဆင်းရင်လည်း ပွေ့ခေါ်မှာပဲ..၊ ကဲ.. ကိုကို .. ရေချိုးမယ်..၊ ငွေဝန်းလေး အဝတ်အစားလဲထား .. မနက် စောစော အေးနေသေးတယ် .. အခုတော့ ရေမချိုးသေးနဲ့ဦး ကောင်မလေး ရေ .."

ပြောကာဆိုကာဖြင့် ငွေဝန်း ကို ထွေးပိုက်၍ ကိုကို ခေါ်လာသည်။ ခုတင်ထက်မှာ ထိုင်စေသည်။ ကိုကို ငွေဝန်း ၏ ဆံစလေးကို သပ်ပေးခဲ့ကာ ရေချိုးခန်း ဝင်သွားပါ၏။ ငွေဝန်း အဝတ်အစား လဲထားလိုက်ရပါ၏ ..။ အဘယ်နေရာသို့ ငွေဝန်း ကို ခေါ်သွားမည်ဆိုတာ ငွေဝန်း မမေးတော့ပါ ..။ ကိုကို ခေါ်သွားသည့်နေရာသည် .. ငွေဝန်း ကို စိတ်ချမ်းသာစေဖို့ပဲ ဖြစ်မည်ဆိုတာ ငွေဝန်း ယုံကြည်ထားပါသည်။ ပြင်ဦးလွင်ရှိ ရွှေပြည့်စုံဟိုတယ်မှာ ကိုကိုနှင့် ငွေဝန်း တို့ ရောက်ခဲ့ကြတာ နှစ်ပတ်ရှိပြီ ..။ ခြေထောက်မှ ဒဏ်ရာတွေကလည်း သက်သာလာပြီ..။ လမ်းလျှောက်လျှင် နာနေသေးပေမယ့် ..အနာတွေက သွေးတစို့စို့ဖြင့် မဟုတ်တော့ပြီ ..။ ပတ်တီးတော့ စည်းထားရဆဲ ..၊ ကိုကို ဝတ်ဖို့အတွက် အဝတ်အစားလေးတွေ ငွေဝန်း ထုတ်ပေးထားသည်။ လက်ကိုင်ပဝါလေးက အစ၊ ကိုကို လိမ်းမည့်ထင်ရာ ဘောလ်ပင်လေးအထိ .. ခုတင်ထက်မှာ စီစီရီရီ ခုတင်ထက်မှာ တင်ထားခြင်း ..။

ကိုကို့ ဟန်းဖုန်းလေးကတော့ အမြဲပင် စက်ပိတ်ထားခဲ့သည့်အဖြစ် ..၊ ဘယ်သူနှင့်မှ ကိုကို ဖုန်းအဆက်မခံ ..။ ညဘက်ကျမှသာလျှင် အစ်ကို ဇေယျာ ထံ ကိုကို ဖုန်းပြောသည်။ ကိုကို့ ကြီးမြတ် မှ ကိုကို့ကို ဖုန်းဆက်၍ ပြောဟယ် ဆိုဟယ်တွေဖြစ်မှာ ကိုကို အဖြစ်မခံချင်၍ ဖုန်းကို စက်ပိတ်ထားမှန်း ငွေဝန်း ရိပ်မိသည်ပါပဲ။ စက်ပိတ်မထားလျှင်ဖြင့် ဖုန်းခေါ်လျှင် တမင်မကိုင်ဘဲ နေမှန်း သိသာမည်လေ ..။ ကြီးမြတ် ၏ ဖုန်းနံပါတ်က ပေါ်နေမည်ကိုး ..။

"ကိုကိုဟာ .. ငါ့ကို လက်ထပ်လိုက်ရတဲ့အတွက် .. ဘဝတစ်ခုကို





ချန်ခဲ့ရတာပါပဲ .. ချမ်းချမ်းသာသာ ကိုယ်ပိုင်အလုပ်နဲ့ရှိတဲ့ ကိုကိုဟာ.. အခုဆို သူများ လခစားဘဝကို ရောက်ရတယ် .. ဒါတောင်မှ ကိုကို့ သူငယ်ချင်း အစ်ကိုဇေယျာ က အပေါစီးနဲ့ ခန့်ထားတာ မဟုတ်ဘူး.. ကိုကို့ကို ချစ်လို့ ခန့်ထားတာ .. ဒါပေမယ့် .. ကိုကိုဟာ အရာရာမှာ သူများအလိုကျ .. ဂရုစိုက်ပြီး လုပ်ကိုင်ရရှာမှာ .. ငါဟာ .. ဘယ်သူ့ကိုမှ အကျိုးမပေးတဲ့ ငွေဝန်းပျို ပါပဲ .."

ခုတင်ထက်မှာ တွေတွေလေး ထိုင်ရင်း ငွေဝန်း ရင်ထဲ မကောင်းနိုင် ..၊ ကိုကို့ကို သနားသည်လေ ..။ မနက်ဆို .. ငွေဝန်း ကို မျက်နှာကအစ သစ်ပေးသည့် ကိုကို ..၊ ငွေဝန်း ကို အရိပ်တကြည့်ကြည့်ဖြင့် ထားပါသည့် ကိုကို ..၊ အလုပ်သို့ ကတိုက်ကရိုက်သွားရှာသည်။ အလုပ်ကို ရောက်နေလျှင်လည်း ငွေဝန်း တို့နေရာ အခန်းရှိ ကြိုးဖုန်းကို ကိုကို ဆက်လာတတ်သည်။

"လမ်းတွေ ထော့နင်း ထော့နင်းနဲ့ နင်းကန် လျှောက်မနေနဲ့ ငွေဝန်း .. နေ့လယ်စာ ကိုကို လာမှ စားနော် .. စောင့်နေ .. ရေချိုးခန်းထဲ အရမ်းမသွားနဲ့ .. ခြေထောက်က ခိုင်တာမဟုတ်ဘူး .. ချော်ကျမယ်.. ကိုကိုက ဟန်းဖုန်းကို စက်ပိတ်ထားတာမို့ .. ငွေဝန်း တစ်ခုခုဖြစ်ရင် ဖုန်းဆက်ခေါ်မရ ဖြစ်မှာစိုးနေမိတာ .. ဒါကြောင့် ငွေဝန်း ဆီကို.. ကိုကို ဖုန်းခေါ်ခေါ်နေရတာကွ .. အဲဒီတစ်ချိန်လေးတော့ ဖုန်းစက်ပိတ်ထားလိုက်ရတာပေါ့ ကောင်မလေးရဲ့ .. အလုပ်ထဲမှာ ကိုကို ရှိနေပေမယ့်.. စိတ်မဖြောင့်ဘူးကွ .. ဒီတော့ .. ငြိမ်ငြိမ်နေနော် ငွေဝန်းလေး .. ကိုကို အစိုးရိမ်ဆုံးက ငွေဝန်း ချော်ပြုလဲကျမှာ စိုးတာပဲ .."

ဟု အလုပ်မှ နာရီဝက်တစ်ကြိမ်လောက် ဖုန်းဆက်ဆက်နေတတ်သည်အထိ ကိုကို့မှာ ငွေဝန်း အတွက် ဗျာများနေရရှာသမျှ ..။ ကိုကို့ အချစ်ကိုလည်း ပို၍ ပို၍ ကြည်နူးစွာ လက်ခံပေးနေရ ..။ ကိုကို့ကိုလည်း သနားရနှင့် ငွေဝန်း ဖြစ်ရစမြဲပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် .. ကိုကို ခုလို .. လခစားဘဝရောက်ရတာ အဓိက ငွေဝန်း ကြောင့်ဆိုတော့ သိသိနေရရင်း ရင်ထဲက မချိပါ ..။

"အခုလည်း ကိုကို ဘယ်ကိုများ ခေါ်သွားမလို့ပါလိမ့် .."

ငွေဝန်း တွေးနေမိချိန်မှာ ကိုကို ရေချိုးခန်းမှ ထွက်လာသည်။ ကိုကို့ ဆံစတွေမှာ ရေစိုနေ၏။ ရေလဲပုဆိုး တိုတိုလေး ဝတ်ထားရင်း ကိုကို ထွက်လာပုံကဖြင့် ပထမဆုံးကြည့်သည်က ငွေဝန်း ပဲ ဖြစ်နေသည်။ ခုတင်ထက်မှာ ထိုင်နေတာမြင်တော့မှ မျက်နှာကြည်လင်လာရှာပါ၏။ တဘက်ကြီးဖြင့် ရေစက်တွေကို သုတ်နေရင်းမှ ...

"ရေချိုးခန်းထဲ ရေချိုးနေရင်းနဲ့ နားတစွင့်စွင့်ဗျ .. ငွေဝန်းလေး ခြေထောက်နာတာက အရှင်းပျောက်သေးတာ မဟုတ်ဘူး .. သွားရင်း ပြုရင်း .. ခြေထောက်ဒဏ်ရာ တစ်ခုခုက နင့်ခနဲ နာသွားတာမျိုး ကြုံနိုင်တယ် .. လဲကျသွားနိုင်တယ် .. အဲဒါကို ရင်ထဲထ ငံ့နေတာ ငွေဝန်းလေးရဲ့ .."

ကိုကို့မှာဖြင့် ငွေဝန်း ချော်ကျမှာကို စိုးရိမ်သည့်ဓာသည် စိတ္တဇ နယ်ပင် ဆန်လာသည်အထိ ဖြစ်နေရရှာသည်ကောလေ ..။ ကြာတော့လည်း ငွေဝန်း ကိုကို့ကို မကြည့်ရက် ..၊ သနားလှပြီ ..။

"ငွေဝန်း အမြဲ ဂရုစိုက်ပါတယ် ကိုကိုရဲ့ .. ခြေထောက်ကလည်း သက်သာလာပါပြီ .. အနာတွေလည်း ခြောက်လာပါပြီ .. နည်းနည်းနက်တဲ့ မှန်ရှရာ ဒဏ်ရာလောက်ပဲ .. သွေးနည်းနည်း တစ်ခါတစ်ခါ ထွက်ချင်တာပါ .. အဲဒါကလည်း နည်းနည်းပါးပါးပါ ကိုကိုရဲ့ .."

"ဟ .. ဒဏ်ရာတွေ တစ်ပြုံကြီး ရထားတဲ့ ခြေထောက်လေးမှာ.. ဒဏ်ရာနဲ့ ခြေထောက်လေးကဖြင့် မဆန့်နိုင်အောင် ထပ်နေတာ ကိုကို အမြင်ပဲဥစ္စာ .. ပေါ့ပေါ့တန်တန် မပြောချင်စမ်းပါနဲ့ .. တချို့ဒဏ်ရာက သက်သာပေမယ့် .. တချို့က ကျန်နေတာ ကိုကို သိနေတာနော်.. မြင်နေတာ နော် .. ညနေတိုင်း ရွှေပြည့်စုံရဲ့ဆရာဝန်မလေး ခေါ်သီရိ လာ





ဆေးထည့်ပေးနေတဲ့ဥစ္စာ .. ကိုကို့ဘေးက အားလုံး မလွတ်အောင် ကြည့်ထားတာ အသိ .."

ကိုကို ခေါင်းတခါခါဖြင့် ငွေဝန်း ဘေးမှာ လာထိုင်၏။ ရေစိုနေသည့် ဆံပင်တချို့ နဖူးပေါ် ကျနေသည့် ကိုကို ..၊ ထူထဲသော မျက်ခုံးတန်းကြီးသည်လည်း ရေစို၍ ထင်းနက်နေသည်ပါပဲ ..။ ကိုကို့ မျက်ဝန်းတွေဆို အရမ်းကို နက်မှောင် ရွှန်းလဲ့ ကြည်စင်နေကြတာမို့ .. ကိုကိုသည် အရပ်မြင့်မြင့်၊ အသားဖြူဖြူ ပါးမြိုင်းမွေး စိမ်းဖန့်ဖန့်သမ်းပါသည့် မေးရိုး၊ ပါးပြင်တို့ဖြင့် လူချောလူခန့်ကြီးတစ်ယောက် ဖြစ်နေသည်ပါပဲ။ ဒါပေမယ့် .. ကိုကိုသည်လည်း မိဘ၏ စွန့်ပစ်ခံ သားတစ်ယောက် ဖြစ်နေရရှာပြီ ..။ ငွေဝန်း ကြောင့် ဖြစ်ရခြင်း ..၊ ဘေးချင်းယှဉ်၍ ထိုင်နေပါသည့် ကိုကိုသည် ငွေဝန်း ထက်လည်း မြင့်နေသည်ပါပဲ။ ငွေဝန်း ကိုကို့ဘေးမှာ ထိုင်နေရင်း မော့ကြည့်မိကာ ...

"ပင်ပန်းလိုက်တာ ကိုကို ရယ် .. ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ပါဦး ကိုကို .. ငွေဝန်း ကိုပဲ ဂရုစိုက်နေတာနဲ့ ပြီးနေတာ ကြာလှပါပြီ.."

ငွေဝန်း ဖွင့်ပြော ညည်းမိရသည်အထိပါ ..။ ကိုကို ရယ်သည်..၊ ငွေဝန်း ၏ လက်လေးကို ထွေးဆုပ်သည်။ ခုထိ အဝတ်ခြောက် မလဲသေးသော ကိုကို ..၊ လောလောဆယ်မှာ အအေးမိနိုင်တာတွေကို မေ့နေတာလည်း ကိုကိုပဲ ဖြစ်နေသည်။ ကိုကို့အာရုံထဲမှာ ငွေဝန်း ပဲ စိုးမိုးလွှမ်းနေတာ များနေတော့လည်း ကြာလာတော့ ငွေဝန်း ကိုကို့အတွက် စိုးရိမ်လာရပါ၏။

"အဝတ်လဲတော့လေ ကိုကို .. ရေစိုပုဆိုးနဲ့ .. အင်္ကျီဗလာနဲ့ .. ခေါင်းလည်း အေးနေတော့မှာပဲ .. ဆံပင်တွေ ရေစိုနေတာ ကိုကိုရဲ့.."

ဟု စိတ်ပူလာရင်း ငွေဝန်း ပြောတော့ ကိုကို ရယ်ပြန်သည်။ တဘက်ကြီး ပခုံးပေါ် သိုင်းတင်ကာ ငွေဝန်း လက်ထဲ ထည့်ပေးသည်။

"ဒါဆို .. ခြောက်အောက် ဆံပင်တွေ သုတ်ပေးလေ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာတော့လည်း ငွေဝန်း မငြင်းနိုင်ပါ။ ကလေးလို ခေါင်းထိုးခံထားပါသော ကိုကို့ကို ဆံပင်တွေ ခြောက်အောင် သုတ်ပေးမိရပါ၏။ ခုလိုကျတော့လည်း ကိုကို သည် ကလေးဆန်နေပြန်၏။

အမြဲ ငွေဝန်း အတွက် လူကြီးလုပ်ပြီး စိတ်ပူတတ် ..။ ဖုန်းဆက်၍ပင် အလွတ်မခံဘဲ မေးမေးနေတတ်ပါသည့် ကိုကိုသည် .. ခုလိုကျတော့လည်း ကလေးဆိုးကြီးနှယ် ဖြစ်ချင်တာကို ပူပူဆာဆာပုံကြီးဖြင့် ရှိနေပြန်၏။ ဆံပင်တွေ ခြောက်အောင် သုတ်ပေးခိုင်းသည်။ ငွေဝန်း သုတ်ပေးပြီး တဘက်ကို ကိုကို့လက်ထဲ ပြန်ထည့်ပေးတော့ ...

"ဟင် .. ဒီဆံပင်တွေကလည်း အခြောက်မြန်လိုက်တာ .."

ဟု ကိုကို ညည်းသည်။ ခေါင်းကြီး ထပ်၍ ငုံ့ကိုင်းပေးကာ ...

"နည်းနည်း ထပ်သုတ်လိုက်ပါဦး .. စိတ်ထဲ ချမ်းသာလွန်းလို့.."

ဟု ခိုင်းတာမို့ ငွေဝန်း အလိုလိုက် စိတ်လေးဖြင့် နောက်တစ်ကျော့ ဆံပင်တွေကို တဘက်ကြီးဖြင့် သုတ်ပေးလိုက်ရသည်က ကိုကို့ကို ပျော်စေချင်၍ပါ ..။

ကိုကို ငွေဝန်း လက်ထဲမှ တဘက်ကို ယူသည်။ ငွေဝန်း ၏နဖူးလေးကို ဖွဖွနမ်းသည်။ ငွေဝန်း ၏လက်လေးတွေက ကိုကို့လက်မောင်းနှင့် ပခုံးကို ဖွဖွ ကိုင်ကြည့်ကာ ...

"အဝတ်ချောက်လဲပါ ကိုကိုရဲ့ .. ရေနွေးနဲ့ ချိုးတာပေမယ့် .. ဒီလို .. ရင်ဘတ်ဗလာကြီးနဲ့ နေတာ မကောင်းဘူး သိရဲ့လား .."

"အံမယ် .. လူကြီးလေးကျလို့ .. ဆူတတ်လာပြီကိုး .."

ကိုကို ရယ်၍ ပြောပေမယ့် တကယ်ပဲ အဝတ်ခြောက်တွေ ဝတ်သည်ပါပဲ ..။

"ကိုကို ပြောပြစရာရှိတယ် ငွေဝန်း .. သေချာနားထောင်နော် .. အခု ကိုကို ခေါ်သွားမယ့်နေရာနဲ့ ပတ်သက်ပြီး ပြောပြမှာ .."

ငွေဝန်း ဘေးမှာ ကိုကို လာထိုင်သည်။ စပို့ရှပ်လက်တိုအဖြူလေး





နှင့် ချည်ချော ပုဆိုးနက်ပြာရောင်ကွက်စိပ်လေးဖြင့် ကိုကိုသည် လိုက်ဖက်နေသည်ပါပဲ။ ငွေဝန်း ကိုကို့ကို ကြည့်မိကာ ဤမျှအထိ ငွေဝန်းကို ဂရုတစိုက်ရှိလွန်းသည့် ကိုကိုနှင့် အိမ်ထောင်ကျရသည့်အတွက် ငွေဝန်း ကံကောင်းသည်ဟု ပြောရမည်သာ ..။ ဒါပေမယ့် .. ကိုကို့ကို ပင်ပန်းစေဖို့ လက်ထပ်ခဲ့ခြင်းဟု ခံစားချက်တွေ တစ်ဆက်တည်း ဖြစ်တည်လာတိုင်းလည်း ကြေကွဲခြင်းတွေဖြင့်သာ အတွေးသည် ယူကျုံးမရစွာ အဆုံးသတ်လိုက်ရစမြဲ ..။

ခုလည်း ခေါ်သွားမည့်နေရာနှင့် ပတ်သက်ပြီး ပြောပြချဦးတော့မည်။ ဘာမဆို .. ငွေဝန်း အတွက် အရာရာ လေးလေးနက်နက်ထားလွန်း ..၊ အလိုလိုက်လွန်းနေသည့် ကိုကို့ကို .. ငွေဝန်း တစ်ခါတစ်ခါ အားနာရပါသည်။ တာဝန်ကြီးလှချေသည်ကောလေ .. ဟု တွေးမိရခြင်းဖြင့်ပါ ..။

"ကြိုတင် သိထားတော့ .. ဟိုကိုရောက်တဲ့အခါမှ သိရတာထက်.. ကြုံရတာထက် .. နည်းနည်းတော့ ပိုပြီး ထိန်းသိမ်းနိုင်မယ်လို့ ကိုကို ထင်တယ်လေ .. ဒါကြောင့် ပြောပြတော့မယ်လို့ ဆုံးဖြတ်လိုက်တာ.."

ငွေဝန်း ၏ လက်လေးကို ထွေးဆုပ်လိုက်ရင်း ကိုကို ပြောသည်။ နောက်တော့ ချက်ချင်းပင် ပခုံးလေးကို သိုင်းငင် ပွေ့ယူထားသည်။ ငွေဝန်း ၏ကိုယ်လေးကို ကြိုတင်၍ ထိန်းထားတာမျိုး ဆန်နေသည်။ ငွေဝန်း ရင်ထဲ တစ်ချက်ထင့်၏။ သာမန်နေရာတစ်ခုတော့ မဟုတ်နိုင်တော့ပြီဟု သွားရမည့်နေရာနှင့် ပတ်သက်၍ နားလည်စပြုလာရပါ၏။

"ကိုကို့အလုပ်မှာ .. ကျပန်းဝန်ထမ်းတွေ အများကြီး ရှိတယ် ငွေဝန်း၊ အသက်လေးဆယ်ကျော်အရွယ်တွေလည်း ပါတယ်.. ယောက်ျားမိန်းမ တော်တော်များများ ဆိုပါတော့ .. ပြင်ဦးလွင်ဒေသခံတွေဆိုတော့လည်း ကိုကို သိချင်တာလေးတွေကို ဟိုမေးသည်မေးနဲ့ ရှိရှိနေခဲ့တာပါပဲ၊ အဲဒီမှာ .. ဦးဘမောင် ဆိုတဲ့ ဦးလေးတစ်ယောက်ဆီက ကိုကို



www.burmeseclassic.com

www.burmeseclassic.com



သိချင်တာ သိခဲ့ရတယ် .. ဦးဘမောင် က .. ဒေါ်ကြီးစိန် နဲ့ ဘဘစိမ်း ကိုလည်း သိတယ် .. မယ်မှုန် ဆိုတာလည်းကိုလည်း သိတယ်.. မယ်မှုန် ဆိုတာနဲ့ သမီးလေးတစ်ယောက် ဆုံးခဲ့တာကိုလည်း သိတယ် .. မယ်မှုန် ဆိုတာ အစတုန်းက ဝန်းခြံတစ်ခုမှာ အလုပ်လုပ်ခဲ့တယ် ဆိုတာလည်း သိနေတယ် .. ပြောပြတယ် ..၊ ကိုတိုးဆွေ ဆိုတဲ့ လူတစ်ယောက်နဲ့ မယ်မှုန် လက်ထပ်ခဲ့ပြီး ကွဲသွားကြတယ်ဆိုတာကိုလည်း ပြောပြတယ်.. အဲဒီ လက်ထပ်တဲ့နေ့မှာပဲ ကိုတိုးဆွေ ဆိုတာ ကားစပယ်ယာအလုပ်နဲ့ ချက်ချင်း ကားနောက်ပါသွားကတည်းကိုက အဲဒီဝန်းကျင်က အုံ့ဩကြ .. တောင်တွေး မြောက်တွေးနဲ့ .. ရှိကြ .. အဲသလို ရှိကြရာက .. နောက်တော့ သိရတာပဲတဲ့ .. လင်မယား ကွဲကြတယ်ဆိုတာ .. တော်တော် ပြဿနာတစ်ခုခု ကြီးကြီးမားမားရှိပြီး ချက်ချင်း ကွဲသွားကြပုံ ရတယ်လို့ ပြောတယ် .. အဲဒီလူဟာ .. အက်ဆီးဒင့်ဖြစ်ပြီး ဘယ်ခြေတစ်ဖက် ဖြတ်လိုက်ရတယ်တဲ့ .. မယ်မှုန် ကတော့ အဒေါ်ဖြစ်သူ ခြံစောင့် အိမ်စောင့် လုပ်နေတဲ့ ပန်းစံကားအိမ်ကြီးမှာ သွားနေတာတဲ့ .. သမီးလေးမွေးပြီး ကလေးရော အမေရော ဆုံးလို့ .. အဲဒီ မနက်လင်းပြီးတာနဲ့.. အမြန်ဆုံး အလောင်းမြေချတာတဲ့ .. မီးနေသည်အလောင်း ကြာကြာ မထားတဲ့သဘောဆိုရာမှာ ကလေးပါ သေတာကိုး .. ပိုဆိုးတာပေါ့ .."

ငွေဝန်း တစ်ကိုယ်လုံး အေးစက်လာသည်။ မျက်ရည်ကျနေသည်။ သြော် .. ငွေဝန်းပျို ၏ အတိတ်ကာလတစ်ခုကို ပြန်၍ လှစ်ကြည့်နေရခြင်း ..၊ ကြည်နူးစရာကို မရှိ ..။ စိတ်ချမ်းမြေ့စရာကို မရှိ ..။ ကိုကို့ကို ငွေဝန်း မော့ကြည့်မိသည်။ ကိုကို ကလည်း ငွေဝန်း ကို မျက်တောင်မခတ် ငုံ့မိုး စိုက်ကြည့်နေသည်။ နဖူးလေးကို နမ်းသည်။

"စိတ်ကို ငြိမ်အောင် ထိန်းထားနော် .. ရှောင်လွဲလို့ မရတဲ့အထဲမှာ.. အတိတ်ဆိုတာ ပါတယ် ငွေဝန်းလေး .. သူ့ကို ပစ်ပယ်လို့ မရဘူး.. ငြင်းလို့ မရဘူး .. ဘဝထဲက ခါထုတ်ပစ်လို့ မရဘူး .. အတိတ်ကျန်ရာ





အဖြစ်ဟာ ကံတရားနဲ့လည်း ဆိုင်တယ်.. ကံဆိုတာ .. ဘယ်သူမှ ဖန်တီးယူလို့ မရဘူး .. လူတိုင်း လူတိုင်းမှာ ကံတရားဆိုတာက မွေးကတည်းက ပါလာတာ .. သေတဲ့အထိ ကံဆိုတာ လူတိုင်းမှာ လွှမ်းမိုးထားတယ် .. လူတစ်ယောက်ရဲ့ ဘဝနိဂုံး .. အို .. သေဆုံးခြင်းဆိုတာအထိ.. ဘယ်လို အဆုံးသတ်မယ်ဆိုတာ ပါလာခဲ့ပြီးသား .."

အဖြစ်ဆိုးလှသည်ကော .. ဟု မေမေ ဒေါ်မယ်မှုန် အတွက် ကြေကွဲ ထိနိုက်ရ ..၊ ရင်ထဲ ဆို့တက်နေရလေသမျှ ကိုကို့ရင်မှာ မျက်နှာလေးအပ်ထားမိရင်း မျက်ရည်ကျနေရသည်ပါပဲ ..။ ကိုကို့လက်တွေကလည်း ငွေဝန်း ၏ကျောလေးကို ခပ်ဖွဖွ သပ်ပေးနေသည်။ ငွေဝန်း ငိုနေတာကို တားလိုက်ခြင်းသည် ရင်ကို ပိုထိစေမည်ဟုများ ကိုကို သိနေ၍လား မသိ။ ဤတစ်ကြိမ်မှာတော့ ကိုကို မတားရက်ရှာပါ ..။

"ပန်းစံကားအိမ်ကြီးရယ် .. ဘဘစိမ်း နဲ့ ဒေါ်ကြီးစိန် ဆိုတာရယ် .. ဒေါ်ကြီးစိန် ရဲ့ တူမ မယ်မှုန် ဆိုတာရယ်ကို ခေါင်းတည်ပြီး ကိုကို သက်ကြီးပိုင်းထဲက လူတွေကို မေးစမ်း စုံစမ်းခဲ့တာ .. အဲဒီ ဦးဘမောင် နဲ့ .. မနေ့က စကားစပ်ပြောသလို မေးစမ်းရာက .. အဲဒါတွေ သိခဲ့ရတာ .."

ဟု ကိုကို ဆက်ပြောနေသည်။ ကိုကိုသည် .. ငွေဝန်း အတွက်ဆို.. အမြဲ .. အလိုလိုက်သူပါ ..။ ခုလည်း .. ငွေဝန်း ၏အဖေ ဖိနပ်ချုပ်သမားတစ်ယောက်ကို ရှာဖွေနိုင်ဖို့အတွက် .. စုံစမ်းခဲ့ရှာချေသည်တကား ..။

ကိုကို သည် ကတိတစ်ခုကို .. တည်အောင်လုပ်ခဲ့သူပါ ..။ ငွေဝန်း စိတ်ကျေနပ်ရုံမျှ .. ခဏတာ အလွယ်ပေးလိုက်သည့် ကတိမျိုး မဟုတ်နေ ..။

"အခု .. အဲဒီ ဦးတိုးဆွေ ဆိုတဲ့သူဆီ သွားကြမယ် ငွေဝန်း .. သူဟာ .. အစက ဒရိုင်ဘာ .. နောက်တော့ အလုပ်ကထွက်ပြီး စပယ်ယာအဖြစ် ကားကြီးနောက်ကို လိုက်ရာက .. အက်ဆီးဒင့်ဖြစ်တဲ့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကားမှာ .. ခြေထောက်ဒဏ်ရာရပြီး .. ဘယ်ခြေ ဖြတ်လိုက်ရတာမို့ .. မိနပ်ချုပ် အလုပ်ရုံတစ်ခုမှာ အလုပ်လုပ်ခဲ့တယ်ဆိုတဲ့အထိ .. အားလုံး တိုက်ဆိုင်နေပြီမို့ .. ငွေဝန်း တွေ့ချင်နေတဲ့ အဲဒီ ဦးတိုးဆွေ ဆီကို .. ကိုကို ခေါ်သွားမယ် .. စိတ်ကိုထိန်းပါ ကလေးရယ် ..၊ ဒီမှာလည်း စိတ်ထိခိုက် ပင်ပန်း .. ဟိုမှာ ထပ်ပင်ပန်းဖြစ်ရင် .. အရမ်းခံရမှာ .. ကိုကို မကြည့်ရက်ဘူး .."

ဟု ပြောချိန်မှာ ငွေဝန်း ကိုကို့ကို အားကိုးရာအဖြစ် လက်မောင်းကြီးတွေကို ဖေးကိုင်ထားမိရင်း ငိုချလိုက်မိရပါပြီ ..။

ဖေဖေရေ .. ဟု ငွေဝန်း ရင်ထဲမှာ တစာစာ ခေါ်နေမိရပါ၏ ..။

မိုးတွေရွာ ..၊ လေတွေထန်သော မနက်ဦးကာလကြီးမှာ .. မေမေ ဒေါ်မယ်မှုန် ၏သမီးလေးအဖြစ် လူ့ဘဝတွင်းကို စတင် ဝင်ရောက်လာခဲ့ရပါသည့် သမီး ..။

ငွေဝန်း ကို မွေးပြီးတာနှင့် ဆုံးပါးခဲ့လေသော မေမေ ဒေါ်မယ်မှုန် ..။

လေထန် မိုးထန် ကြားမှာ ဘဝ ပြင်းပြင်းထန်ထန်ကြီး တစ်ခုကို ငြင်းဆန်ခွင့်မရစွာ လက်ခံပေးခဲ့ရပါလေသော သမီး ငွေဝန်းပျို ဖေဖေ ထံသို့ ရောက်လာပါတော့မည် ဖေဖေ ..။

ဖေဖေ့ မျက်နှာကို မှန်းဆ ပုံဖော်ယူနိုင်စွမ်းပင် မရှိစွာ ရှိရပါသည့် ငွေဝန်း .. ဖေဖေထံ .. ရောက်လာပါတော့မည် ဖေဖေရယ် ..။





## အခန်း ( ၁၄ )

မြို့စွန်ဘက်ကျသော ရပ်ကွက်ငယ်လေးတစ်ခု၏ ကျောက်ခင်း လမ်းဘေးမှာ ကားကို သူ ရပ်သည်။ ဦးဘမောင် ပြောသော လိပ်စာ အတိုင်း သူ ကားမောင်းလာခြင်းပါ။ သေးငယ်ကျဉ်းမြောင်းသော ပျဉ်ထောင်အိမ်ငယ်လေးသည် အိုနေပြီ ..၊ သွပ်မိုးတချို့ သံချေးတက်နေကာ ညိုညစ်ညစ်အရောင်ဖြင့် ရှိနေသည့်အိမ် ..။ ဘေးတွင် မျက်ရည်ဝဲနေရင်းဖြင့် စိတ်လှုပ်ရှားစွာ အိမ်လေးဘက်ကို လှမ်းကြည့်နေသည့် ငွေဝန်းကို သူ လက်လေးတစ်ချက် ထွေးဆုပ်လိုက်ကာ ...

"ဟိုရောက်ရင် စိတ်ထိန်းရမယ် နော် .. ကိုကို မခံနိုင်ဆုံးအရာဟာ .. မျက်ရည်ပဲလို့ ကိုကို ပြောထားတယ် ငွေဝန်း ..၊ ငွေဝန်း ရဲ့ မျက်ရည်ကို .. ကိုကို ဘယ်လိုမှ ခံနိုင်ရည် မရှိဘူး .. အဲဒါ .. သိပါ ကလေးရယ် .."

သူ့ တိုးဖွဖွ ပြောတော့ ငွေဝန်း ခေါင်းလေး ညိတ်ရှာသည်ပါပဲ..။

"ငွေဝန်း ခဏ ထိုင်နေခဲ့ဦး .. လိုက်မလာရဘူး ငွေဝန်း .. ကိုကို သေချာ မှာထားတာနော် .. လိုက်မလာရဘူး .. ခြေထောက်က ဒဏ်ရာတွေနဲ့ .. ကားပေါ်က မပြောမဆို ဆင်းလိုက်လာရင် .. ချော်ကျသွားနိုင်တယ် သိရဲ့လား .. ဟိုမှာ လူ ရှိမရှိ ကြည့်ဖို့ ကိုကို အရင်သွားမယ် .."



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်မချသလို အထပ်ထပ်ပြောတော့လည်း ငွေဝန်း ခေါင်းလေး ညိတ်ပြရသည်။

"ငွေဝန်း နားထောင်ပါ့မယ် ကိုကို .. အထဲမှာ ဖေဖေ ရှိနေလား ဆိုတာ သွားကြည့်ပေး နော် .."

အသံလေး တိမ်ကျလာရင်း ငွေဝန်း ပြောတော့ သူ သက်ပြင်းရှိုက်ကာ ခေါင်းလေး သပ်ပေးမိရသည်။ နောက်တော့မှ ကားတံခါးဖွင့်ကာ ခြံဝင်းတံခါးအိုလေး ယိုင်ယွဲ့ယွဲ့ရှိရာဆီသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်ခဲ့ရပါ၏။ နောက်ကို တစ်ချက် သူ လှည့်ကြည့်မိသည်။ တကယ်ပဲ ငွေဝန်း လိုက်မလာပါ ..၊ ကားတံခါးပေါ် လက်ကလေးတင်၍ သူ့ကို ငေးနေသည်။ ခြံတွင်းသို့ သူ ဝင်ခဲ့ပါ၏။ ခြံဝင်းငယ်လေးသည် ပေါင်းပင်တွေ တောထနေသည်။

ခြေတစ်ဖက်မရှိသည့် လူတစ်ယောက်သည် ခြံဝင်းကို ပေါက်ပြားကိုင်၍ ရှင်းဖို့ဆိုတာ ခက်ခဲသည်ပဲလေ ..။ လူသွားလမ်းလေးပမာ ရှိနေသည့် နေရာလေးမှ လွဲ၍ ပေါင်းပင် မြက်ပင်တွေက ခြံဝင်းလေးထဲမှာ အုံကောင်းနေသည်ပါပဲ ..။ အပွင့်လေးတွေ ဖွေးနေအောင် ပွင့်နေသည့် စံပယ်ပင်တစ်ပင်သည် ပေါင်းပင်တွေ ကြားထဲမှာ ဝပ်နေ၏။ လှေကားထစ်သုံးထစ်ကို သူ နင်း၍တက်သည်။ ဝရန်တာလေးသည် ဆွေးနေပြီ..၊

ဖွင့်ထားသော တံခါးမကြီးရှေ့မှာ သူ ရပ်လိုက်စဉ် လူတစ်ယောက် သူ့ကို ကျောပေးလျက် ထိုင်နေရင်း ဖိနပ်ချုပ်ခုံလေးဖြင့် ဖိနပ်ချုပ်နေ၏။ အခန်းထောင့်ရှိ ရေဒီယိုအိုအိုလေးဆီမှ သီချင်းသံ တိုးတိုး ကြားနေရသည်။

"ဦးတိုးဆွေ .."

သူ တလေးတစား ခေါ်ခြင်း ..၊ ချက်ချင်းပဲ လှည့်ကြည့်လာသည်က အလွန်တရာ ရုပ်ကျ အိုစာနေသည့် လူတစ်ယောက် ..၊ ဆံပင်တွေက ဖြူတချို့ နက်တချို့ဖြင့် ကြမ်းရှရှပုံစံကြီးဖြင့် ထူထဲစွာ လည်ကုပ်





သားကို ထောက်နေသည်။ ထူထဲသော မျက်ခုံးအောက်မှ မျက်ဝန်းသည် အရောင်မှိန်ဖျော့နေ၏။ ထူထဲသော မျက်မှန်တစ်လက်ကို တပ်ထားသည်။ ညိုညစ်ညစ် အသားသည် စိုပြည်မှု မရှိ ..၊ လူကလည်း ပိန်လိုလို..။ လက်ဆစ်ကြီးတွေ ထင်ရှားစွာရှိနေသည့် လက်ချောင်းညိုညိုကြီးတွေက ကြည့်ရဆိုးစေသည့်အဖြစ် ..။ ညာဘက်လက်မှာ ဖိနပ်ချုပ်အပ်သည် ချုပ်ကြိုးနှင့်အတူ ရှိနေလျက် ..၊ လက်ထဲမှာ သားရေအညိုရောင်ဖြင့် ချုပ်လက်စရှိနေသည့် ယောကျ်ားစီး ရှူးဖိနပ်တစ်ဖက် ရှိနေသည်။

"ဘာလဲ .. ဖိနပ်ချုပ် .. အင်းလေ .. ဖိနပ်အပ်ချင်လို့လား .. ဘယ်လိုပုံစံမျိုးဆိုတာ နမူနာပါလာရင် ပိုကောင်းမယ် .. ချုပ်ခကတော့ ဈေးမသေးဘူးဆိုတာ သိထားပါ ..၊ အော်ဒါ မှာချုပ်နိုင်းတာဆိုတော့.. လက်ရာအတွက် ကျုပ် တာဝန်ယူသလို .. အခကြေးငွေကလည်း တန်တန်ရာရာ ပေးမှဖြစ်မှာ .. တိုးဆွေ တို့က ဖိနပ်ချုပ်ပေမယ့် .. အောက်ဈေးနဲ့တော့ မချုပ်ဖူး နော် .."

လေသံကတော့ တင်းသည်။ အပ်ချင် အပ် ..၊ မအပ်ချင်နေ .. ဆိုသည့် အချိုး ..။ ပေကပ်ကပ်အလွန်နိုင်မည့်လူဆိုတာကတော့ သိသာနေသည်ပါပဲ။ ဘေးမှာ အလျားလိုက်ချထားသည်က ချိုင်းထောက်တစ်စုံ ..။

သူ .. အခန်းထဲဝင်သည်။ ဟိုဟိုသည်သည် ကြည့်သည်။ ထင်းရှူးသားဖြင့် အခန်းဖွဲ့ကာထားရာ နံရံမှာ စုံတွဲဓာတ်ပုံတစ်ပုံ ရှိသည်။ ကြည့်လိုက်တာနှင့် ဦးတိုးဆွေ ၏ ငယ်စဉ်ကပုံ ဖြစ်နေကာ ..။ ဘေးတွင် အလွန်လှပချောမွေ့သည့် မိန်းမပျိုတစ်ယောက်နှင့် ယှဉ်၍ထိုင်နေခြင်း..။ ဝတ်စားထားတာတွေကို ထောက်၍ မင်္ဂလာဆောင်နံ့ဆိုတာ သိသာနေသည်ပါပဲ။ ငယ်တုန်းကတော့ ဦးတိုးဆွေ သည် စိုစိုပြေပြေတော့ရှိသည်။ ရုပ်ကတော့ ခပ်ဆိုးဆိုးထဲက ဖြစ်၏။ ဝက်မြီတွေက ဓာတ်ပုံထဲမှာပင် သိသာနေသည့်အဖြစ် ..။



www.burmeseclassic.com

www.burmeseclassic.com



သူ ကြည့်နေသည့် ဓာတ်ပုံကို လိုက်၍ ဦးတိုးဆွေ ကြည့်သည်။ ခပ်ယဲ့ယဲ့ပြုံး၏။

"အဲဒါ .. ကျုပ် လက်ထပ်ခဲ့ဖူးတဲ့ မိန်းမပေါ့ .. အခုတော့ .. မရှိရှာပါဘူး .. ဆုံးရှာတာမှ ကြာပေါ့ .. လာတဲ့သူတိုင်းက မလိုက်ဖက်တဲ့ စုံတွဲကို အခုလိုပဲ .. ကြည့်သွားကြလေရဲ့ .. ကျုပ်ကလဲ ကျုပ် လက်ထပ်ထားတဲ့ မိန်းမဆိုတာ ပြောလိုက်တာပါပဲ .. ကလေးရော အမေရော တစ်ကြိမ်တည်း ဆုံးတာလေ .. မယ်မှုန် ပေါ့ .. မယ်မှုန် .. ကံဆိုးရှာတယ် .. ကံအဆိုးဆိုးကတော့ ကျုပ်လို ရုပ်ဆိုးပန်းဆိုးကြီးကို လက်ထပ်ခဲ့ရရှာတာပါပဲ .."

ဟု လောကကြီးကို လှောင်နေသည့် အပြုံးတွေဖြင့် ပြောသည်။ ပြောနေပုံက တစ်ယောက်တည်း ခပ်ညည်းညည်း ပြောနေပုံ ..။

နောက်တော့ တိတ်ဆိတ်စွာ ခုထိ ကြည့်နေဆဲဖြစ်သည့် သူ့ကို စိတ်မရှည်သလို ကြည့်လာကာ ...

"အလုပ်အပ်မလို့လား .. အလုပ်စကား ပြောကြမယ်လေ .. ကျုပ်က ဒီမှာ လက်စသတ်ရသေးတာ မဟုတ်ဘူးဗျ .."

ဟု ပြောလာသည်။

"ဖိနပ်ချုပ်ဖို့ သားရေကအစ .. ပုံစံကအစ .. အဲဒါတော့ ကာယကံရှင် ယူလာရတယ် ဗျ .. သားရေအညံ့ဖြစ်တယ် ဘာညာနဲ့ ကျုပ် ဝယ်တယ်ဆိုတာ အဖြစ်မခံနိုင်ဘူးလေ .. တချို့က ချမ်းသာပေမယ့် အလွန် မယုံသင်္ကာများကြတာလေ .. ပိုက်ဆံကျတော့ ယူတယ်.. ဝယ်ပေးတာ .. ချုပ်ပေးလိုက်တာက သားရေညံ့နဲ့ဆိုတာမျိုး တယ်ထင်တတ်ကြသကိုး .. ဒါကြောင့် .. လိုတဲ့ သားရေ ဝယ်လာခဲ့ .. ချုပ်ပေးမယ် .. အဲသလိုရှိတယ် .. တိုးဆွေ တို့က လက်ရာတော့ လက်ပျက်မခံဘူး .. အာမခံချုပ်ပေးတာ .. ပုံစံပြရင် .. အဲဒီနမူနာထက် ပိုသာအောင် ချုပ်တဲ့သူမျိုး .."





ပြောပုံကတော့ ပညာရှင်ဆန်သည်။ မာနလည်း ရှိသည်။ သူ .. ခေါင်းခါ၍ ...

"ကျွန်တော် ဒီကိုလာတာ .. ဦးလေး ဦးတိုးဆွေ နဲ့ တွေ့ဖို့သက်သက်ပါ .. ကျွန်တော် .. မိန်းကလေးတစ်ယောက်နဲ့ တွေ့ပေးဖို့ပါ.."

ဟု ပြောတော့ လက်ကာ၍ ...

"ဟာ .. အချိန်ကုန်တယ် ဗျာ .. အလုပ်ပျက်တယ် ဗျာ .. ကျုပ်က လူတွေနဲ့ စကားတွေ တောင်စဉ်ရေမရပြောရင်း အချိန်ဖြုန်းတဲ့ကောင် မဟုတ်ဘူး .. အလုပ်လာအပ်ထားတဲ့ကိစ္စ .. ပြတ်အောင် ဖြတ်တယ် .. အလုပ်မရှိရင် .. အိပ်နေလိုက်တယ် ..၊ ပြောမယ့်သာ ပြောရတာပါလေ .. ကျုပ်လို လူမျိုးဆီကို တကန့်တကလာပြီး စကားလာပြောတဲ့သူကတော့ .. မရှိပါဘူး .. မင်းလိုလူမျိုးပဲ ထူးထူးဆန်းဆန်း ရှိလာတာ .."

ဟုလည်း ပြောလာပြန်သည်။ ဖျာချောထည်သည် ဟောင်းနေပြီ..၊ သူ ထိုင်လိုက်ကာ ...

"ခဏပါ ဦးလေး .. ဒေါ်မယ်မှုန် ရဲ့ သမီးနဲ့ တွေ့ပေးမလို့ပါ.."

ဟု ပြောတော့ ရယ်လိုက်သည်မှ ကျိုးကြဲ ကျိုးနေသည့် သွားတွေ ပေါ်အောင်ပါ ..။

"သေရှာပြီလေ .. သူ့သမီးလေးလည်း တစ်ခါတည်း သူနဲ့ ပါသွားတာ .. ခုမှ ဘယ်နှယ်လုပ်ပြီး မယ်မှုန့် သမီးက လူလာဖြစ်နေရတာလဲ.. ဇာတ်လာမရှုပ်ချင်စမ်းပါနဲ့ မောင်ရင်ရယ် .. ပြန် .. ပြန် .."

ဟု ပြောပေမယ့် သူ မပြန် ..၊ အဖြစ်စုံကို လိုရင်းရောက်အောင် ခပ်မြန်မြန်ပဲ ဆက်တိုက် သူ ပြောပြတော့မှ ဦးတိုးဆွေ ငြိမ်ကျသွားသည်။ ပြတင်းဆီမှ လှမ်းမြင်ရရာ ရပ်ထားသော ကားဆီသို့ ရီဝေသော မျက်ဝန်းတွေဖြင့် လှမ်းကြည့်သည်။

"ဩော် .. ဒုက္ခ .. ဒုက္ခ .. တယ်ကြီးကြသကိုး .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းသည်။ နောက်တော့ သူ့ကို ကြည့်ကာ ...

"ပါလာရင် ခေါ်လာကွယ် .. မောင်ရင့်ကို တစ်ခါရှင်းပြ .. သူ့ကို တစ်ခါရှင်းပြနဲ့ နှစ်ကြိမ် ရှင်းမနေတော့ဘူး .. တစ်ခါတည်း .. မင်းတို့ နှစ်ယောက်ရှေ့မှာ ငါ ပြောမယ် .. အင်း .. အံ့သြသကွယ့် .. အဖေ ဆိုပြီးတော့ ဖိနပ်ချုပ်သမားကို .. လာတွေ့သကိုး ..၊ တချို့များ .. အဲသလို အဖြစ်ကြုံရင် .. လူသိမှာတောင် လန့်ကြတာ .. ဖိနပ်ချုပ်သမား အဖေ တော်ရမှာလေ .. လန့်ကြပေမပေါ့ .. ရှက်ကြရျေမပေါ့ .."

ဟု ညည်းပါ၏။

"ဖြစ်ရလေတယ်ကွယ် .. မယ်မှုန့် သမီးလေးက ကျန်ခဲ့ပြီး သူဌေး ကတော်လေးရဲ့သမီးလေးက သေရှာသကိုး .. မောင်ရင် ပြောပြလို့ ကြားရပုံများနယ် နော် .. စိတ်မကောင်းစရာပါလား .. အေး .. တစ်ခုတော့ မောင်ရင်က ရှင်းသကွယ့် .. သူဌေးသမီးအရင်း မဟုတ်မှန်း သိလည်း .. လက်ထပ်ခဲ့သကိုး .. ချီးကျူးတယ် မောင်ရင် .. ဦးဘုန်းသာ ဆိုတဲ့ ဟို သူဌေးကိုတော့ စိတ်ပျက်မိတယ် သိရဲ့လား ..၊ အူဝဲ ဆိုကတည်းက ကိုယ့်လက်ပေါ်မှာ လူလာဖြစ်တဲ့ကလေးပဲကွယ် .. သမီးရင်းလို ဆက် မချစ်နိုင်ဘဲ ရှိရသတဲ့လား .. အဖေစိတ် မရှိလိုက်ပုံများ .. အဲဒါပဲကွ .. သူဌေးဆိုပြီး .. အမွေမပေးချင်ဖော တက်နေတာကိုး ..၊ ဥစ္စာဖောဆိုတာ များ .. တယ်ကြောက်စရာကောင်းပေတယ် .. မောင်ရင် ပြောပြသမျှ ကြားရပုံများ .. တယ်စိတ်မကောင်းစရာ ကြုံရ ကြားရတာကြီးကို ဖြစ် လို့ .."

ဟု သူ့ကို ကြည့်ကာ တစ်ချက် စိတ်ကိုနှစ်၍ စကားရှည်ကြီးပြောခြင်းပါ ..၊ သူကလည်း ပြောသည်ဆိုကတည်းက .. ပန်းရဂုံ၏ လက်ရှိ အခြေအနေနှင့် စိတ်ထားကအစ ..။ ပြီးတော့ သူ၏ ရတနာမွန်အိမ်မှ ဖေဖေနှင့် ကြီးမြတ် တို့၏ သူ့အိမ်ထောင်ရေးအပေါ် မကြည်ဖြူကြသည့် အဆုံး အားလုံးကို ပြောပြခဲ့သည်ပါပဲ။





အစအဆုံး အဖြစ်စုံ နားထောင်ပြီးသည့်နောက်မှာ ဦးတိုးဆွေ မှာ မျက်နှာချိုးပြောင်းသွားသည်။ သူ့ကိုလည်း တန်ဖိုးထား၍ ကြည့်သည်။ လေသံကလည်း လိုလိုလားလား ဆက်ဆံသည့်လေသံ ဖြစ်လာသည်။

"အဲဒါပဲ မောင်ရင် .. ဆင်းရဲနေတဲ့ ငါက .. ဖိနပ်ချုပ်နေရင်း .. ဆင်းရဲတဲ့ဒဏ်ကို မကြောက်မရွံ့ ရင်ဆိုင်ရဲနေတယ်ကွ .. ငါ့မှာ ခြေထောက်တစ်ဖက် ဒူးဆစ်အပေါ်ကနေပြီး ဖြတ်ပစ်လိုက်ရတာတောင်မှ .. ငါ့ဘဝ ငါကျော်နေခဲ့တာပါပဲ .. ချမ်းသာတဲ့ အဲဒီ ဦးဘုန်းသာ ဆိုတာကြီးက ဆင်းရဲတဲ့ဘဝကို ဆင်းရမှာ မဟုတ်ဘူးနော် .. သူ့ချမ်းသာပုံထဲက စည်းစိမ်ကို သူ့လက်ပေါ်ကြီးခဲ့တဲ့ .. သူ့သမီးလို့လည်း ထင်ခဲ့ဖူးတဲ့ ကလေးတစ်ယောက်ကို .. သူစိမ်းမှန်းလည်း သိရော .. သူ့ချမ်းသာထဲက မှဲ့ပေးရမှာ လန့်နေတယ် .. ချမ်းသာဖောကဖြစ်တဲ့ အတ္တဆိုတာ တယ်ဆိုးသကိုး .. ကဲ .. ကဲ .. သွားခေါ် .. သွားခေါ် .. အဲဒီ ကလေးမ ကို .."

ဟု ပြောလာတာမို့ သူ ကားရှိရာသို့ ပြန်လာခဲ့ရပါ၏။ သူ့စိတ်ထဲမှာ အတွေးတွေက ရောထွေးပါလာနေပြီ ..။ ဘာတဲ့ ..၊ ဦးတိုးဆွေ ပြောသည့်စကားထဲမှာ နောက်ဆုံး အဆုံးသတ်အဖြစ် ပြောခဲ့သည့် အသုံးအနှုန်း ..၊ သွားခေါ် .. အဲဒီ ကလေးမကို .. ဟူသော စကား ..၊ အဖေတစ်ယောက်က သမီးကို ထိုသို့ခေါ်စရာကို မရှိ ..။ သူရော .. ငွေဝန်း ရော ငွေဝန်း ၏ အတိတ်နှင့်ပတ်သက်၍ ကြားခဲ့ရသမျှသည် ပန်းရဂုံ၏ညှို့ခန်းထဲမှာ အန်ကယ်နှင့် အန်တီတို့ ပြောခဲ့သည့်စကား...။ ကိုကြီး ကိုငယ်တို့၏ အခြေအနေ ..၊ ပြောသည့် စကားတချို့ ..။ ဒါကိုပဲ ကြားခဲ့ မြင်ခဲ့တာ ရှိခဲ့သည်ပဲလေ ..။ ထိုမျှသာ သိခဲ့ရပါသည့် အဖြစ်အပျက် .. အလုံးစုံသော အကြောင်းတွေ မဟုတ်သေးပဲ တချို့သော အကြောင်းခံတို့သည် သူရော ငွေဝန်း ရော မသိလိုက်ရ ..၊ မကြားခဲ့ရသည့်စကားတွေအဖြစ် ရှိခဲ့ရျေလိမ့်ဦးမည် ..။

www.burmeseclassic.com



သူ .. ငွေဝန်း ကို ပွေ့ခေါ်လာခဲ့ကာ .. အိမ်လေး၏ ဧည့်ခန်းမှာ ဖျာအိုတစ်ချပ်ထက်၌ ထိုင်စေပါ၏။ ဦးတိုးဆွေ ကတော့ မျက်တောင်မခတ်ပင် ငွေဝန်း ကို ကြည့်နေသည်။ နောက်တော့ ပြုံး၍ ...

"ကဲ .. ကဲ .. ဘာများ ပြောချင်သလဲကွယ် .."

ဟု မေးသည်။ ငွေဝန်း မျက်ရည်ကျလာရင်းမှ ...

"ငွေဝန်း .. ဖေဖေ့ကို လာခေါ်တာပါ ဖေဖေ .."

ဟု အသံလေးတွေ တုန်ခါနေရင်း လက်အုပ်လေးချီ၍ ပြောတော့ အတန်ကြာမျှ ငေးစိုက်ကြည့်နေသည်က ဦးတိုးဆွေ ပါ။

နောက်တော့ မင်္ဂလာမောင်နှံဓာတ်ပုံ ချိတ်ထားရာနံရံကို လက်ညှိုးညွှန်၍ ...

"မယ်မှုန် ကို မမြင်ဖူးဘူး မဟုတ်လား .. အေး .. အဲဒါ .. ညည်းအမေ မယ်မှုန် ပဲ .. ငါနဲ့ လက်ထပ်ခဲ့တာလေ .. ဓာတ်ပုံရိုက်ထားတာ.. အဲဒီ မင်္ဂလာဆောင်တဲ့နေ့မှာ ရိုက်ထားတဲ့ ဓာတ်ပုံပဲ..၊ ငါ့လက်ထဲ ခုထိ ရှိနေတာကွယ် .. မယ်မှုန် နဲ့ ငါက .. အဲဒီနေ့မှာပဲ ကွာရှင်းခဲ့ကြတာ.. ဒါပေမယ့် .. မယ်မှုန့် အပေါ်မှာ သံယောဇဉ်ရှိတဲ့ ငါကတော့ .. မင်္ဂလာဓာတ်ပုံကို ပုံကြီးချဲ့ကူးပြီး .. ဒီအိမ်အိုလေးတစ်လုံးရဲ့ နံရံမှာ ချိတ်ထားတာပါပဲ .."

ဓာတ်ပုံဘောင်သည်ပင်လျှင် သစ် အရောင်အဆင်းတို့ မတောက်ပနိုင်တော့ပဲ ဟောင်းအိုနေကြပြီ ..၊ ငွေဝန်း ကို တည့်တည့်စိုက်ကြည့်ကာ ...

"အင်း .. ရယ်စရာကောင်းနေပြီလို့ ပြောရမလား .. ရင်နာစရာကောင်းနေပြီလို့ ပြောရမလား ကလေးမရေ .. ဒီလို ဖိနပ်ချုပ်သမားကို အဖေဆိုပြီး လာခေါ်တဲ့ သမီးမျိုး ရှိသကိုး ..၊ ကဲ .. ကဲ .. ငါက ညည်းရဲ့ အဖေ .. ဟုတ်ပါပြီ တဲ့ .. ဘာလုပ်မလို့တုန်း .."

လောကကြီးကို စိတ်နာနေသည့်ပုံမျိုးကြီးဖြင့် ခပ်မဲ့မဲ့ တစ်ချက်ပြုံး





လိုက်ပြီးမှ တည့်တိုးကြီး မေးလာစဉ်မှာ ငွေဝန်းပျို မျက်ရည်ကျနေရင်းမှ ...

"ဖေဖေနဲ့အတူ နေချင်လို့ပါ ဖေဖေ .. ဖေဖေ့ကို လာခေါ်တာပါ ဖေဖေ .. ငွေဝန်း နဲ့ တူတူနေပါ နော် .. ငွေဝန်း ပြုစုပါရစေ ဖေဖေရဲ့.."

ဟု ပြောကာ ရှေ့မှာသွားထိုင်ပြီး ကန်တော့စဉ်ခိုက် ဦးတိုးဆွေ အံ့ခဲ၍ ငြိမ်နေသည်။ သူကတော့ ဘာမှကို မပြော ..၊ ဝင်လည်း မစွက်..။ အခန်းထောင့်နေရာလေးမှာ ငြိမ်သက်စွာ ရပ်ရင်း ဦးတိုးဆွေ နှင့် ငွေဝန်း တို့ကို ကြည့်နေသည်။

ဦးတိုးဆွေ ကိုကျတော့ အကဲခတ် ကြည့် ..၊ ငွေဝန်း ကိုကျတော့ သနားကြည့် ..။ ချစ်ရသူလေး အရမ်း ပင်ပန်းလှပြီကောလေ ..။ ဦးတိုးဆွေ ကိုကျတော့ မျက်နှာထက်မှာ ထင်လာနေသည့်ပုံရိပ်တွေကို ဖမ်းဆုပ် ခွဲခြားနိုင်ဖို့ အကဲခတ် ကြည့်နေမိရခြင်း ..။

"ဖိနပ်ချုပ်သမားကိုများ .. အဖေလုပ်ရဲတဲ့စိတ်ကိုတော့ .. ချီးကျူးသကွ .. ကလေးမ .. ဒါပေမယ့် .. ငါ ပြောမယ် .. ငါ .. မင်းရဲ့အဖေ မဟုတ်ဘူး .. မယ်မှုန့် မှာ ညည်းကိုယ်ဝန် ရှိနေလို့ .. ငါက အမည်ခံ လက်ထပ်ပေးခဲ့တာ ..၊ မယ်မှုန့် ကို သနားတယ်လေ .. မယ်မှုန် ဆိုတာ ဘယ်လောက်ရုပ်ချောပြီး စိတ်ထားအေးချမ်းတယ်ဆိုတာ ငါ အသိဆုံး.. အလွန်အပြစ်ကင်းစင်တဲ့ မိန်းကလေး .. ခမျာ .. ကံဆိုးရှာတယ် ..၊ သစ္စာမဲ့တဲ့လူတစ်ယောက်ရဲ့ သွေးကို လွယ်ထားခဲ့ရတယ် .. ဪ .. မွေးဖွားပြန်တော့လည်း သေဆုံးရပြန်တယ် .. သူ့ကလေးကျတော့လည်း .. သူများလက်ထဲ ရောက်ရတယ် .. သူများကလေး အသေလေးက သူ့ကလေးအဖြစ် သူနဲ့အတူ တစ်နေ့တည်း မြေမြုပ်သင်္ဂြိုဟ်ခံခဲ့ရတယ်.."

ဟု ပြောလာတော့ ငွေဝန်း မျက်ဝန်းနက်လေးတွေဖြင့် ဦးတိုးဆွေကို ငေးကြည့်နေသည်။ ငိုလည်း ငိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေရယ် .. ငွေဝန်း နောက်ကို လိုက်နေမယ်ဆိုရင် .. ငွေဝန်းတို့ မျက်နှာငယ်ရမယ်လို့ ထင်လို့ မလိုက်ပဲ တမင်ပြောနေတာလား ဖေဖေရဲ့ .. ငွေဝန်း လေ .. ဖေဖေနဲ့အတူ နေရရင် ပြည့်စုံပါပြီ .. ဖိနပ်ချုပ်တော့ရော ဘာဖြစ်လဲ .. ရိုး ရိုးသားသား ရှာစားတာပဲဥစ္စာ .. လိုက်ခဲ့ပါ ဖေဖေရယ် .."

အဖေက ငြင်းနေချေပြီကော .. ဟု သဘောပေါက်သွားရင်း ငွေဝန်း ငိုယိုခယပြောကာ ရှေ့တိုး၍ ဦးတိုးဆွေ ၏လက်ကို ကိုင်ကာ ငိုနေတော့ လက်ကို အမြန်ရုပ်လိုက်သည်က ဦးတိုးဆွေ ပဲ ဖြစ်လေသည်။

"ငါ့လက်မှာ ပေကျံနေတာကွ .. အစတုန်းက ဖိနပ်စက်ရုံမှာ လုပ်ခဲ့တာမို့ .. ခုလို .. ဖိနပ် ကိုယ်ပိုင်ချုပ်အလုပ်နဲ့ တစ်ဝမ်းတစ်ခါး ရှာစားနေရတဲ့ ဘဝထဲမှာ .. ညည်းမို့လို့ .. ငါ့ဘဝထဲ .. ရဲရဲဝံ့ဝံ့ တိုးဝင်လာခဲ့တယ်လို့ကွာ ..၊ ဖြစ်ရလေ .. အဖေရင်းက သစ္စာမဲ့တဲ့သူ .. သမီးလေးကျတော့ .. စိတ်ထားကောင်းလိုက်တာ .. အံ့လောက်ပါပေရဲ့ .. မယ်မှုန် ရေ.. ညည်းသမီး .. အခု .. ငါ့ကို လာခေါ်နေသလေ .. ညည်းလိုပဲ စိတ်ထားလေးကောင်းလိုက်တာများ .. တယ်တူပေသကိုး .."

ဟု ညည်းကာ ခေါင်းခါ၍ ငွေဝန်း ကို ကြည့်သည်။

"နားလည်စမ်းပါ ကလေးမ .. ငါ မင်းရဲ့အဖေ မဟုတ်ဘူး.. အဲဒါကို ယုံကြည်ပေးစမ်းပါ .. ဖွတ်မပြောချင်စမ်းပါနဲ့ .. ညည်းအဖေကို.. ငါ .. အခု .. နောက်တစ်ကြိမ် သွားတွေ့ရလိမ့်ဦးတော့မယ် .. ငါက .. ဆင်းရဲပေမယ့် .. အဲဒီလူဆီကို .. မယ်မှုန် နဲ့ ပတ်သက်ပြီး သူ့ရင်သွေးကို တာဝန်ယူဖို့ သွားပြောတုန်းက နောက်ဆုံးအကြိမ်အဖြစ်ပဲ ရောက်ခဲ့တော့တာ ..၊ အခု .. သူ့သမီးကိစ္စ နောက်တစ်ကြိမ် သွားပြောရချေဦးတော့မယ် .. ဒီမယ် မိန်းကလေး .. ငါ .. မင်းရဲ့အဖေ မဟုတ်ဘူး .. ဒါပေမယ့် .. မင်း အဖေ ဘယ်သူဆိုတာ ငါ မပြောသေးဘူးကွ.. သူ့ကို





ငါ သွားတွေ့ရဦးမယ်လေ .. သူက .. သူ့သမီးအဖြစ် လက်ခံရင် .. ဒီကို ပါလာမှာပဲ .. အကယ်၍ လက်မခံရင် .. ဟိုမှာ ကျန်ခဲ့မပေါ့ .. အဲဒီတော့လည်း သူ့သမီးကိုမှ သူက .. အသိအမှတ်မပြုရင် .. ငါကလည်း .. သူဟာ မင်းရဲ့အဖေပါပဲလို့ ပြောပြချင်တော့မှာ မဟုတ်ဘူး .. ဒီတော့လည်း .. မင်းမှာ မင်းကို အသိအမှတ်မပြုတဲ့ အဖေတစ်ယောက်ရှိတယ် ဆိုတာလောက်ပဲ သိထားတဲ့အဆင့်မှာပဲ ခြေလှမ်းကို ရပ်တန့်ထားလိုက်ပေတော့ .. ရှေ့ဆက် မတိုးနဲ့တော့ .."

ဟု ပြတ်ပြတ်ကြီး ပြောချလာပါ၏။ ငွေဝန်း ၏ မျက်နှာနုနုလေးထက်မှာ စိတ်ရှုပ်ထွေးရိပ်တွေ စွန်းထင်းလာသည်။ သူ့ကို ကြည့်လာပါ၏။ အဖေဖော်ဖြင့် ရောက်လာသမျှ .. စိတ်ခွတ်အရာ ကျဆင်းသွားကာ မျှော်လင့်ချက် ပျောက်ဆုံးရသည့်နှယ် မျက်ရည်သာ ကျနေသည်။

"ဖေဖေ .. မညာပါနဲ့ ဖေဖေရယ် .. ငွေဝန်း လေ .. ဖေဖေ ရှိရင် ပျော်ပါပြီ .. ငွေဝန်း .. ဖေဖေ့ကို ညအိပ်ရာဝင်တိုင်း ကန်တော့ခွင့်ရပါရစေ ဖေဖေရယ် ..၊ ကိုကို .. ဖေဖေ့ကို ပြောပေးပါ ကိုကိုရယ် .. ဖေဖေ မလိုက်ချင်လို့ ငြင်းနေတာပါ .. မဟုတ်တာတွေကို ပြောနေတာပါ .. ဖေဖေဟာ မေမေ့ကို လက်ထပ်ထားတာပါ ဖေဖေရဲ့ .."

ရှေ့လည်း တိုး ..၊ ဦးတိုးဆွေ ၏ ခြေဖဝါးကို လက်ဖြင့် ထိကာ ထိကာဖြင့် ပြောငိုနေတော့ ဦးတိုးဆွေ ခေါင်းကို ဟိုသည် ငဲ့သည်။ မကြည့်ရက်၍ အကြည့်ကို လွှဲနေခြင်း ..။

"ဖြစ်ရလေကွာ .. ငါ .. တကယ်ကို .. မင်း အဖေရင်း ဖြစ်လိုက်ချင်တာပါပဲ မိန်းကလေးရယ် .. ဒါပေမယ့် .. အမှန်တရားဆိုတာကို လက်ခံရလိမ့်မယ် ကလေးမ .. ငါဟာ .. မင်းရဲ့အဖေ မဟုတ်ဘူးဆိုတာ လက်ခံရလိမ့်မယ် ..၊ ခုလို .. ငါ့လို ဒုက္ခိတ လူဆင်းရဲ .. ညစ်ညစ်ပတ်ပတ်ကြီးကို .. အဖေဆိုပြီး .. လက်လေးတွေနဲ့ တချစ်တခင် .. တရိုတသေထိ .. ခယယ ခေါ်နေတာ ကြုံရတော့ .. ငါ .. တော်တော့တလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတယ် .. တကယ်ပဲ အဖေ ဖြစ်လိုက်ပါတော့လို့ .. ဒါပေမယ့် .. ငါ က .. အမှန်တရားကို သိနေရက်နဲ့ .. အမှတ်မှားအောင် ညည်းကို .. လိမ်မပြောပေးနိုင်ဘူးကွ .. ဒီမှာ .. ငါ .. ညည်းရဲ့အဖေ မဟုတ်ဘူး .. ယုံစမ်းပါ ..၊ မောင်ရင် .. သူ့ကို နားလည်အောင် ရှင်းပြစမ်းပါ ..''

ဟု ဆက်တိုက်ပြောလာတော့ သူ ငွေဝန်း ဘေးမှာ သွားထိုင်ရသည်။ ငွေဝန်း ၏ လက်လေးကို ဖွဖွလေး ဖေးကိုင်ရင်းမှ ...

''ငွေဝန်းလေး .. ဒီက ဦးဦး ပြောတာကို ယုံလိုက်ပါကွယ် .. ကိုကိုလည်း ယုံတယ် .. ဒီက ဦးဦးကို ကျွန်တော် တောင်းပန်ပါရစေ.. အဲဒီ ငွေဝန်း ရဲ့ဖေဖေ ဆိုတာကို .. ဦး သွားတွေ့မှာ မဟုတ်လား .. ကျွန်တော်ကားနဲ့ လိုက်ပို့ပါရစေ ..''

ဟု ပြောလိုက်မိရပါ၏။ ဦးတိုးဆွေ ရယ်သည်။ ခေါင်းခါသည်။

''ပြောပြီးပါရောလား .. ဒီလူနဲ့ ငါ အဆက်ပြတ်တာ နှစ်များစွာ ရှိပြီးခဲ့ပြီ .. မယ်မှုန် ကို .. သစ္စာမဲ့ခဲ့တဲ့သူကို ငါ အပြတ်ပြောခဲ့တာ .. မယ်မှုန် အရှက်တကွဲ မဖြစ်အောင် .. အမည်ခံအဖြစ် ငါ လက်ထပ်မယ် ဆိုတဲ့စကားပေါ့ .. ခု .. သူ့ဆီ ထပ်သွားရမှာကဲလည်း မယ်မှုန် သမီး ကြောင့်ပဲ .. ဒီကလေးက .. အဖေကိုရှာနေတဲ့ သမီး ဖြစ်နေတယ်လေ.. သူ့အဖေက သူ့ကို လက်ခံရင် .. လိုက်လာလိမ့်မယ် .. မလိုက်လာဘူး ဆိုရင်ဖြင့် .. သူဟာ .. ဒီကလေးမကို သမီးအဖြစ် အသိအမှတ်မပြုလို့ပဲ ဖြစ်တယ် .. စောစောက ငါ ပြောပြီးပါရောလား ..၊ သမီးအဖြစ် အသိ အမှတ်မပြုတဲ့လူနဲ့ ပတ်သက်ပြီး ငါက ဒီကလေးမကို ဘာများ အဲဒီလို ရိုင်းစိုင်းတဲ့လူအကြောင်းကို ပြောပြဖို့ လိုနေဦးမှာလဲကွ .. ဒါကြောင့်.. မောင်ရင် လိုက်ပို့ရင် သူ့အိမ် သိသွားမှာမို့ .. လိုက်မပို့နိုင်းနိုင်ဘူးလေ.. သူ ဘာဖြေမယ်ဆိုတာ ငါ ကြိုတင်မသိနိုင်ဘူး မဟုတ်လား .. ဒီလောက် အသည်းမာတဲ့ လူတစ်ယောက်ဟာ .. ဒီလောက် နှစ်ကြာမှ သူ့သမီး အဖြစ် သူ့ဆီကို ငါ သတင်းသွားပို့ရင်လည်း.. သူ.. လက်ခံချင်မှ လက်ခံ





မှာလေ .. ပြီးတော့ .. သူက ဒီမြို့မှာလည်း ရှိတာမဟုတ်ဘူး ..''

ဟု ပြောကာ ဖိနပ်ချုပ်ဖို့ ဟန်ပြင်သည်။ ရေဒီယိုရှိရာ စားပွဲသို့ ဖင်ရွှေ့ဖင်ရွှေ့ပုံဖြင့် သွားကာ ဖွင့်ထားသည့် ရေဒီယိုကို အသံချဲ့သည်။ သီချင်းသံက ပိုကျယ်လာ၏။

ပြောစရာစကား ကုန်ပြီဆိုသည့်ဟန်ဖြင့် လုပ်ပြလာတော့လည်း ငွေဝန်း ရင်ထဲ မခံနိုင်တော့သည့်နှယ် ခြေထောက်လေး ထော့နင်းနင်း ဖြင့် ဓာတ်ပုံရှိရာသို့ သွားကာ အမေ့ကို ကြည့်သည်။ အလွန်လှပသော အမေ ..၊ ဩော် .. ခုမှ မြင်ဖူးပါလေသော အမေ ..။ မျက်ခုံးနက်နက် လေးတွေအောက်မှ မျက်နက်ဝန်းလေးတွေက အလွန်လှနေပြန်သည်။ ဒါပေမယ့် .. အမေသည် သတို့သမီးတစ်ယောက်အဖြစ် တောက်ပသော အပြုံးလေးတွေ ရှိမနေ ..။ မျက်နှာလေး ညှိုးသယောင်ရှိ၏။ ဟန်ဆယ်၍ အပူကို ထိန်းထားသည့်နှယ် ညှိုးရိပ်သမ်းနေသော မျက်နှာလေး ..၊ အတယ် သောကအပူသည် အမေ့ကို လောင်မြိုက်နေပါချေသလဲ ..။ အမေသည် သတို့သမီးတစ်ယောက်အဖြစ် သိသိသာသာ ပြင်ဆင် ခြယ်သထားတာမျိုး ရှိမနေ ..၊ ခပ်မြင့်မြင့် ထုံးဖွဲ့ထားသော ဆံထုံးထက် မှာ ပန်း ပန်မထား ..၊ အမေ့လည်ကိုင်မှာ ရွှေဆွဲကြိုးတစ်ကုံးသော်မျှ မရှိ ..။ ဒါပေမယ့် အမေသည် အလွန်လှနေ၏။

ဓာတ်ပုံထဲမှ အမေသည် ငွေဝန်း ကို ကြေကြေကွဲကွဲ ကြည့်နေခြင်း များလား ..။ ထားရစ်ခဲ့ရပါလေသော သမီးလေးကို .. ခုမှ မြင်တွေ့ခွင့် ရချေသည်မို့ အမေသည် ဝိညာဉ်ဘဝဖြင့် ဓာတ်ပုံထဲမှနေ၍ တရှိုက်မတ် မတ် .. ကြည့်မဝနိုင်စွာ ကြည့်နေခြင်းများလား ..။ ဩော် .. တရှိုက်ငင်ငင် ငိုများနေချေပြီလား ..။ ငွေဝန်း ၏ စိတ်အစဉ်သည် အမေနှင့်ပတ်သက်၍ တပြန့်တလျား ပြေး၏။ ကြေကွဲ၏။ မျက်ရည်စက်သည် ပိုးပိုးပေါက် ပေါက် ကျချေ၏။

ရင်ထဲမှာ မွန်းကျပ်နေအောင် ထိခိုက်ရနေသမျှ ရင်သည် ဆို့နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လည်ချောင်းတွေ ကျပ်ခဲနေသည်သို့ ရှိ၏။ အသက်ကို ရှိုက်၍ ရှူနေရသည့်အဖြစ် ...၊ ကိုကို .. ငွေဝန်း ဘေးကို စိုးရိမ်တကြီး ရောက်လာကာ ပခုံးလေးကို ထိန်းကိုင်လာပါပြီ ...။

ငွေဝန်း မေမေ့ကို လက်အုပ်ချီ၍ ကန်တော့ရင်းမှ ...

"မေမေ့ သမီး မေမေ့ ရှေ့မှာ ရောက်နေပါပြီ မေမေ .. မေမေ့ကို ကန်တော့နေပါတယ် မေမေ .."

ပြောကာ ရပ်နေရာမှ ကြမ်းပေါ် ကိုယ်လေးညွတ်ချ ထိုင်လိုက်သည်မို့ ကိုကိုလည်း ငွေဝန်း ကို ထိန်းကာ ဘေးမှာ လိုက်ထိုင်သည်။ ငွေဝန်း အမေ့ကို ကန်တော့ချိန်မှာ ကိုကိုလည်း လိုက်၍ တူတူကန်တော့သည်ပါပဲ ...။ ငွေဝန်း အမေ့ကို မော့ကြည့်ကာ ...

"ဖေဖေက .. ငွေဝန်း နဲ့ မလိုက်ဘဲ ကျန်နေခဲ့မယ်တဲ့ မေမေ .. ငွေဝန်း ကို အဖေ မဟုတ်ပါဘူးလို့ ဖေဖေ ပြောနေတယ် မေမေ .. ဖေဖေ့ကို မေမေ ပြောပေးပါ မေမေရယ် .. ငွေဝန်း နဲ့ တူတူလိုက်သွားပါလို့ .. ငွေဝန်း ခုမှ မေမေ့ကို မြင်ဖူးရတာပါ မေမေရဲ့ .. ကန်တော့ခွင့်ရတာပါ မေမေရဲ့ .. မိဖွဲ့ ဖမွဲ့ တစ်ကောင်ကြွက်လိုတော့ ငွေဝန်း မနေပါရစေနဲ့ .. ဖေဖေ့ကို ပြောပေးပါ .. သမီး နောက်ကို လိုက်သွားပါလို့ ပြောပေးပါ မေမေ ..."

အရှုးတစ်ပိုင်းနှယ် ခံစားရင်း ဆောက်တည်ရာ ပျောက်နေသလို တငိုငိုဖြစ်နေသည့် ငွေဝန်း ကို သူ မကြည့်ရက်နိုင် ...၊ ရင်ထဲမကောင်းနိုင်တော့ပြီ ...။ ထိထိခိုက်ခိုက်ကြီး ခံစားနေရရင်းမှ ငွေဝန်း ၏ ကိုယ်လေးကို သူ သိမ်းပွေ့ထားမိလိုက်ရပါပြီ ...။

"ဒုက္ခကြီးလိုက်တာ ငွေဝန်းလေး ရယ် .."

သူ ရင်ကို ခတ်၍ ညည်းမိရပါပြီ ...။

"ဖေဖေ့ကို ရအောင်ခေါ်ပါ ကိုကို ရဲ့.. ငွေဝန်း တို့ ဒီကပြန်သွားရင်ဖြင့် ဖေဖေ တခြားကို ရှောင်ထွက်သွားမှာ ကြောက်တယ် ကိုကိုရဲ့.."





ချောက်ချောက်ချားချားလေး အမေ့ဖေဖော်ဖြင့် ရင်ထဲ စိုးရိမ်နေသမျှကို ဖွင့်ပြောလာစဉ်ခိုက်မှာ ဦးတိုးဆွေ သက်ပြင်းရှိုက်သည်။

"တယ်ခက်သကိုး .. ဒီမှာ ငွေဝန်း .. ညည်းဟာ ငါ့သမီး မဟုတ်ဘူးကွ .. အဲဒါ ဘယ်နှစ်ကြိမ်ပြောပြ ရှင်းပြနေရမှာလဲ .. လူဆိုတာ လူစိတ် ရှိရတယ်ကွ .. လူ့ဘဝမှာ လူလာဖြစ်ရချိန် .. လူစိတ်ရှိရမယ်.. လူပီသရမယ် .. လူဆန်ရမယ် ...၊ ညည်း ဒီလို ငိုနေတာကိုမြင်တော့ ငါ ပျော်နေနိုင်ပါ့မလား .. ရင်ထဲ ကောင်းနိုင်ပါ့မလား .. ငါက ငမွဲဖြစ်ပေမယ့် .. လူပီသတဲ့ လူတစ်ယောက် .. လူစိတ်ရှိတဲ့ လူတစ်ယောက်ပါ..၊ ကိုယ့်သမီး မဟုတ်တဲ့ ညည်းကို .. ငါ့သမီးလို့ လိမ်ပြီး အသာလေး လိုက်သွားရင် .. ငါ ကောင်းကောင်းနေရမယ်ဆိုတာ ငါ သိတာပဲ .. ဒါပေမယ့် .. ငါ .. အဲသလို မညာချင်ဘူး .. တခြားလူကို ထား .. ငါက ငါ့ကိုယ်ငါ သိနေတာပဲဥစ္စာ .. ငါ လိမ်နေတယ်ဆိုတာ ငါ သိသိကြီး လုပ်ပြီး ညည်းဆီမှာ အဖေ နေရာဝင်ယူတာမျိုးတော့ ငါ မလုပ်နိုင်ဘူး မိန်းကလေး .. ငါ့လိပ်ပြာ ငါ ရှက်တယ် ...၊ အေး .. တစ်ခုပဲ ငါ ကူညီနိုင်တယ် .. စောစောက ငါ ပြောခဲ့သလိုပဲ .. အဖေဖော ဒီလောက်ကပ်နေတာ .. ညည်း အဖေကို ငါ သွားတွေ့မယ် .. အဖြစ်စုံကို ပြောပြမယ် ...၊ အစတုန်းကတော့ .. မယ်မှုန် ရော .. ကလေးရော ဆုံးတယ်ဆိုတာမို့ .. ဓာတ်လမ်းပြတ်ပြီဆိုပြီး အဲဒီလူကိုလည်း ငါ ရှုံ့မုန်းမုန်းနဲ့ မပတ်သက်ဘဲ နေခဲ့တာ .. ခုကျတော့ တစ်မျိုးဖြစ်နေတယ် .. မယ်မှုန့် သမီးက ကျန်နေတယ်ဆိုတာ ဖြစ်လာပြီ .. ငါ .. အဲဒီ ညည်း အဖေကို သွားတွေ့ရတော့မယ် .."

ဟု ပြောကာ နံရံမှာ ချိတ်ထားသည့် ပြက္ခဒိန်ကို ကြည့်သည်။

"တစ်ပတ်လောက်နေပြီးရင် ဒီကို လာခဲ့ .. မောင်ရင်ရဲ့လိပ်စာလည်း လိုရမယ်ရ ပေးထားခဲ့ .. ဖုန်းရှိတယ် မဟုတ်လား .. ရေးပါတ်ပေးထားခဲ့ .. ဒီနားမှာ ဖုန်းအငှားပြောဆိုင် ရှိတယ် .. ငါ လှမ်းပြောနိုင်တယ်.."



www.burmeseclassic.com

www.burmeseclassic.com



ဟိုက ပြန်လာတဲ့အခါ .. ငါ ဖုန်းဆက်မယ် .. ညည်းတို့လည်း တစ်ပတ်လောက်ကြာပြီးရင် .. ဒီကို လာလှည့် .. ငါ ပြန်ရောက်လောက်ပါပြီ.. ဒုက္ခတဆိုတော့ ခြေထောက်ကိုက်ရင်ဖြင့် ဖုန်းအငှားနေရာလေးကို ငါ မရောက်နိုင်ပဲ ရှိနေမှာစိုးလို့ .. တစ်ပတ်လောက်ဆိုရင် ဒီလာခဲ့လို့ လိုရမယ်ရ ပြောထားတာပါ .. ညည်းအဖေ ပါလာရင်တော့ .. ညည်းတို့ ရှိတဲ့ နေရာအရောက် .. ငါ .. တစ်ခါတည်း လာပို့ပေးလိုက်မယ် .. လိပ်စာ ပေးထား .."

ဟု ပြောနေတော့ သူ အိတ်ထဲမှ ပိုက်ဆံပါလာသမျှ အထပ်လိုက် စားပွဲပေါ် တင်ခဲ့ပါ၏။ လိပ်စာလည်း ဦးတိုးဆွေ ၏စားပွဲပေါ်မှာ အသင့်တွေ့ရပါသည့် ဗလာစာအုပ်ဟောင်းလေးထဲ ရေးပေးခဲ့သည်။ ဖုန်းနံပါတ်လည်း ရေးပေးခဲ့ပါ၏။

ခရီးစရိတ်အဖြစ် ထားခဲ့ပါသည့် ငွေကို ဦးတိုးဆွေ တစ်ချက်ကြည့်သည်။ သူ့အပေါ် တစ်မျိုးထင်မှာ စိုးစိတ်ဖြင့် ကမန်းကတမ်း လက်အုပ်ချီကာ သူ ကြည့်မိရင်းမှ ...

"ဦး အတွက် ခရီးစရိတ်ပါ ခင်ဗျာ .. လိုင်းကားနဲ့ မသွားပါနဲ့ဗျာ.. စလွန်းတစ်စီး စင်းလုံးငှားပြီး သွားပါ ဦးရယ် .. ခြေထောက်မှာက နာတာကျင်တာ ရှိမှာမို့ .. သက်သောင့်သက်သာ သွားနိုင်လှပါတယ် ဦး ရယ် ..၊ ဦး လက်မခံလို့သာ ကျွန်တော်ကားနဲ့ ကိုယ်တိုင် မပို့ရတာပါ.. တကယ်က .. ပို့ပေးချင်တာပါ ခင်ဗျာ .."

ဟု ခပ်ယယ ပြောတော့ ဦးတိုးဆွေ ခေါင်းညိတ်သည်။

"ခရီးစရိတ်ပေးတာတော့ ငါ မငြင်းဘူး မောင်ရင် .. ငါက ဆင်းရဲတယ်ကွ .. ဒုက္ခိတလည်း ဖြစ်တယ် .. ပိုက်ဆံရှားသလေ .. မင်း ခရီးစရိတ်အဖြစ်ပေးတဲ့ ပိုက်ဆံ ငါ သုံးမယ် .. ပြန်လာတဲ့အခါ .. စာရင်းအင်းနဲ့ ပြမယ် .."

ဟု ပြောလာတော့ သူ လက် ဓားကာကာဖြင့် ..





"ဟာ .. မဟုတ်တာ ဦးရယ် .. ကျွန်တော်က .. စာရင်းကြည့်ရမှာလား ခင်ဗျာ .."

ဟု ရင်ထဲ မကောင်းနိုင်ပဲ ပြောမိရပါ၏။ ဦးတိုးဆွေ ကတော့ ငွေဝန်း ကို ကြည့်သည်။ မျက်ရည်ယာကျကျဖြင့် ကြည့်နေသည့် ငွေဝန်း မှ မျက်နှာလေး ငိုမဲ့မဲ့ဖြင့် ...

"ဖေဖေ ပြန်လာမှာပါ နော် .."

ဟု နုထိ အဖေဟု ဖွဲ့နေရင်း ပြောလာတော့ ဦးတိုးဆွေ ရင်ထဲ မကောင်းနိုင်သည့်နှယ် ခပ်ငေးငေး ကြည့်သည်။

"ဖိနပ်ချုပ်သမားကို အဖေ ခေါ်ရဲတဲ့ ညည်းကို .. ငါ .. ချီးကျူးတယ် မိန်းကလေး.. ဒီလို သမီးမျိုး ငါ လိုချင်လိုက်တာလို့တောင် မပြောရက်တော့ပါဘူးကွာ .. မတော့င့်တရက်တော့ပါဘူး .. လိမ္မာလိုက်ပုံများကွယ် ..၊ ဟဲ .. ဟဲ .. ပြန် .. ပြန် .. ငါလည်း .. ငါ့ကို အော်ဒါမှာထားတဲ့ ဒီဖိနပ်တွေ ချုပ်ရလိမ့်ဦးမယ် .. ရှူးဖိနပ်တစ်ရံလည်း လုပ်ဖို့ ကျန်နေသေးတယ်ကွ .. အဲဒါတွေပြီးမှ .. ငါက .. ညည်း အဖေကို သွားခေါ်ရမှာ .. ဒီတော့ ဒီနေ့မှာ အဲဒါတွေ အားလုံးပြီးဖို့ လိုတယ်လေ .."

ဟု တည်တည်ငြိမ်ငြိမ်ကြီး ပြောလာပါ၏။

သူ .. ငွေဝန်း ကို ဤအိမ်လေးဆီမှ ခေါ်သွားဖို့ပဲ ရှိတော့သည့် အဖြစ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၅ ]

သူ တစ်ရေးနိုးလာချိန်မှာ သူ့ဘေးမှာ ငွေဝန်း ရှိမနေ ..။ ဟိုတယ်၏ အခန်းကျယ်ကြီးသည် ညအိပ်မီးသီး ပြာလဲ့လဲ့၏ လွှမ်းခြုံလင်းလဲ့ရာမှာ မည်သည့်လှုပ်ရှားမှုမျှ မရှိဘဲ ငြိမ်နေသည်။ သူ .. လန့်ခနဲ ဖြစ်ကာ ရုတ်ခနဲ ထထိုင်လိုက်မိရပါပြီ ..။

ငွေဝန်း သည် .. ဦးတိုးဆွေ ထံသို့များ တစ်ယောက်တည်း အချိန်မတော် ထွက်သွားချေပြီလား မသိ ..။ နာရီကို ကမန်းကတမ်း ခုတင်ဘေးရှိ ဗီရိုပုလေးဆီမှ ယူကြည့်မိသည်။ မီးလည်း ဖွင့်လိုက်မိရပါ၏။ ဗီရိုပုလေးထက်မှာ ရှိသော စာကြည့်မီးတိုင်လေး၏ ကြည်စင်သော အလင်းရောင်အောက်မှာ မနက်နှစ်နာရီဆိုတာ ပြနေသည့်နာရီကို ကမန်းကတမ်း ဗီရိုပုလေးပေါ် ပြန်ချ ..။ ခုတင်ပေါ်မှ အလောသုံးဆယ် ဆင်းလိုက်မိရပါပြီ ..။

ထိုစဉ်နိုက် သူ သတိထားမိလိုက်သည်က ရေချိုးခန်းမီး လင်းနေသည်။ တံခါးကို ပိတ်ထားပေမယ့် မီးရောင်က တံခါးရွက်၏ အောက်နားဆီမှ စိမ့်၍ အပြင်သို့ ဖြာကျ တိုးဝင်၏။

ရေချိုးခန်းနှင့် ရေအိမ်တွဲထားတာမို့ ..။ သူ တွေးမိသည်က ငွေဝန်း ရေအိမ်ဝင်ခြင်းပေလားဟုပါ ..။ ဒါပေမယ့် .. သူ .. သေချာစွာ နားစွင့်ကြည့်တော့ ရေကျသံ ကြားနေရသည်။ ရေစက်ခေါင်းဖွင့်ထား၍ ရေကျသံမျိုး ဖြစ်နေသည်။





သူ .. ရေချိုးခန်းသို့ သွားကာ တံခါးရွက်ကို တွန်းလိုက်တော့ ပွင့်သွားပါ၏။ မြင်ကွင်းကို သူ မြင်တော့ ရင်ထဲ မကောင်းနိုင်တော့ပြီ..။ ဘေစင် ကြွေဇလားငယ်လေးမှာ သူ့ ရှပ်အင်္ကျီတချို့၊ စပို့ရှပ်တချို့ ခပ်မောက်မောက်ကြီး ရှိနေသည်။ ဘေစင်ရှိ ရေစက်ခေါင်းကို ဖွင့်ချထားလျက် ..။ ရေတွေက လျှံ၍ ကျနေပြီ ..၊ ငွေဝန်း ၏ လက်လေးတွေက အဝတ်တွေကို တစ်ထည်ပြီး တစ်ထည် ဟိုတစ်ထည် ယူပွတ်လျှော်နေလိုက် ..။ သည်အင်္ကျီယူ၍ ပွတ်လိုက်ဖြင့် ရှိနေသည်။ ငွေဝန်း ၏ ရှေ့ဘက်ခြမ်းမှာ ရေတွေ အတော်စိုနေပြီ ..။ ဆပ်ပြာမြှုပ်တွေကလည်း ရေတွေ ရွှဲနေသည့် ရေချိုးခန်းကြမ်းပြင်မှာ ဖွေးထနေ၏။ ဘေစင်မှာ ဆပ်ပြာမှုန့်ထည့်၍ အဝတ်တွေလျှော်နေသည့် ငွေဝန်း ..။

သူ ခြေလှမ်း မြန်မြန်သုတ်သုတ်ဖြင့် ငွေဝန်း ထံ သွားရသည်။ ငွေဝန်း ၏ လက်လေးကို ရေစက်ခေါင်းအောက်မှာ ထားကာ ဆပ်ပြာမြှုပ်တွေစင်အောင် အရင်ဆေး ..၊ နောက်တော့ ရေစက်ခေါင်းခလုတ်ကို ပိတ် ..၊ ကြွေဘေစင်ဇလားရှိ ရေထုတ်ခေါင်းစွပ်ကို ဆွဲဖြုတ်လိုက်ရသည်။ ဘေစင်ကို လျှံ၍ တလဟောကျနေသည့် ရေတွေ ရေထွက်ပေါက်မှ ဝေါခနဲ ကျကုန်ပါ၏။ သူ .. ငွေဝန်း ကို ပွေ့၍ ရေချိုးခန်းမှ ထွက်ခဲ့ရပါ၏။ ပတ်တီးစည်းထားရာ ခြေထောက်မှာလည်း ရေတွေ ရွှဲနေသည်။ ကမန်းကတမ်း ငွေဝန်း အတွက် အဝတ်ခြောက်တွေ ဗီရိုထဲမှ ထုတ်..။ အဝတ်လဲခိုင်းရပါ၏။ ငွေဝန်း အဝတ်လဲနေခိုက် သူ ဟိုတယ်ခန်းထဲမှာ တွဲ၍ရှိပါသည့် မီးဖိုဆောင်ခန်းထဲဝင်ကာ ဓာတ်ဘူးထဲမှ ရေနွေးဖြင့် ကော်ဖီနှစ်ခွက် ဖျော်သည်။ သူ .. ကမန်းကတမ်း အိပ်ခန်းထဲရောက်တော့ ငွေဝန်း အဝတ်လဲပြီးနေပြီ ..၊ ငွေဝန်း ၏ မျက်နှာလေး ညှိုးနေရင်း သူ့ကို မျက်ရည်တဝဲဝဲဖြင့် ကြည့်နေရှာသည်ပါပဲ ..။

ခုထိ သူ ငွေဝန်း ကို ဘာမှမပြော ..၊ ဘာမှ မမေး ..။ လောလောဆယ်မှာ မေးတာ ပြောတာတွေထက် ငွေဝန်း အဝတ်ခြောက် အမြန်လဲ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ လိုသည်။ ကော်ဖီပူပူတစ်ခွက် သောက်လိုက်ဖို့ လိုသည်လေ ..။ ဘယ်အချိန်ကတည်းက ရေချိုးခန်းထဲမှာ ခုလို ရေတွေ စိုနစ်နေရင်း အအေးကြီးထဲ ကြာနေခဲ့သည် မသိ ..။

"ကော်ဖီပူပူလေး သောက်လိုက်နော် ငွေဝန်း .. သောက် .. သောက် .. ကိုကို မှုတ်ပေးမယ် .. တိုက်မယ် .. ဟုတ်ပြီ .. သောက်.."

ကော်ဖီကို သောက်နိုင်အောင် မှုတ်ပေးပြီး ခပ်ပူပူ ကော်ဖီအဖြစ်ပဲ ချော့မော့တိုက်တော့လည်း ကလေးလေးလို သောက်နေရှာသည်ပါပဲ..။ ကော်ဖီတစ်ခွက်ကုန်အောင် သူကိုယ်တိုင် ကော်ဖီခွက်ကို ငွေဝန်း ၏ နှုတ်ခမ်းမှာ တေ့တေ့ပေးပြီး တိုက်ခဲ့ရပါ၏။ ကော်ဖီကုန်တော့ သူ ငွေဝန်း ၏ခြေထောက်လေးမှာ ပတ်ထားသော ရေစိုပတ်တီးကို ညင်ညင်သာသာ ခွာသည်။ ချောက်စပြုနေသည့် ဒဏ်ရာလေးတွေလည်း ရေနှူးထားသလို ဖြစ်ကုန်ပြီ ..။ ဒဏ်ရာ သေချာမကျက်သေးသည့် နေရာမှာကျတော့ ပိုး၍ ဆိုးသည်။ ရေချိုးခန်းထဲရှိ ကိုယ်သုတ်တံဘက်တွေထဲမှ အငယ်တစ်ထည်ကို သူ သွားယူကာ ဂရုတစိုက် ခြေထောက်လေးတွေကို ခြောက်အောင်သုတ်ပေးသည်။ ဒဏ်ရာတိုင်းကို ဆေးထည့်ပေးသည်။ ပြီးတော့မှ ပတ်တီး သေချာပတ်ပေးရပါ၏။ သူ့ လှုပ်ရှားမှုတိုင်းကို ငွေဝန်း တကောက်ကောက်လိုက်ကြည့်နေသည်။ သူ ဆေးထည့် ပတ်တီးစည်းတာကိုလည်း ငြိမ်၍ ခံသည်။

သူ .. ငွေဝန်း ၏ဘေးမှာ ယှဉ်၍ ခုတင်ထက်မှာ ထိုင်ကာ ခုမှ ကော်ဖီခွက်ကိုယူ၍ စိတ်မောကိုယ်မောဖြင့် မော့နဲ့သောက်ပစ်လိုက်မိရပါပြီ ..။

ငွေဝန်း ၏ ခေါင်းလေးကိုလည်း သူ့လက်တစ်ဖက်ဖြင့် သိုင်းငင်ယူ၍ သူ့ပခုံးပေါ် ဖေးတင်ထားလိုက်ကာ ခေါင်းလေးပေါ် လက်ဖဝါးကို အုပ်မိုး၍ ခပ်ဖွဖွ ပုတ်ပေးမိရပါ၏။ ငွေဝန်း ငြိမ်၍ ခံသည်။ မျက်ဝန်းကို မှိတ်ချလိုက်သည်။ မျက်ရည်ကျလာ၏။





"ညီမလေးရယ် အိပ်ချင်ပြီ ×× ဝဲတိုင်ကိုမှီ ×× အိပ်ချင်ပြီကွယ့် စံပယ်ကုံး×× လွဲကြပါဦး ×× အိပ်ချင်တဲ့ မျက်တောင် ×× မြွေးယောင်ယောင် ×× မျက်တောင်ကော့ကလေး ×× ပေမြွေးမြွေး ××"

ငွေဝန်း ၏ နှုတ်မှ တိုးဖွဖွသံလေး ..၊ သူ ရင်ထဲမကောင်းနိုင် ..။ ဩော် .. သူ၏ ချစ်ရသူလေး ..ပန်းရဂုံရှိ ငယ်ဘဝ .. ပြီးတော့ .. အမြဲ ညအိပ်ချိန်တိုင်းမှာ အစ်ကိုတွေ၏ ကလေးနယ်ထား ချော့သိပ်ရာ မကြာမတင် ထိကျန်ခဲ့ရာဘဝကို ပြန်၍ စိတ်ကူးဖြင့် ရောက်သွားချေပြီလားလေ ..။ သီချင်းလေးကို ခပ်တိုးတိုး ဆွဲဆွဲငင်ငင်ဆိုနေရင်းမှ ငွေဝန်း မျက်ရည်တွေ စိမ့်ကျနေသည်။ မျက်ဝန်းထောင့်ဆီမှ ဆက်တိုက်စီးကျလာခြင်း ..၊ နောက်တော့ .. ကလေးနယ်ပင် .. သူ့ရင်ခွင်ထဲ ခေါင်းလေး တိုးဝင်လိုက်ကာ ...

"ငွေဝန်း .. ငွေဝန်း .. အိပ်မပျော်ဘူး ကိုကိုရဲ့ .. အိပ်လို့ .. မရ .. ဘူး .. ကိုကို .. ရဲ့ .. ပန်းရဂုံကိုလည်း ငွေဝန်း လွမ်းတယ် .. ပြီးတော့ ဖေဖေ ဒီက ထွက်သွားမှာ .. ခြေရာပျောက်သွားမှာလည်း ကြောက်တယ် .. ငွေဝန်း ..အိပ်လို့ .. မရ .. ဘူး .. ကိုကို .. ရဲ့ .."

ရှိုက်သံတွေ ဗလုံးဗထွေးဖြင့် ငွေဝန်း ပြောနေသည်။ ရင်ကိုသွန်ချလိုက်သည့်နယ် ရင်ကွဲ ရင်ကျေမှု .. အလူးအလဲ ခံစားရင်း ပြောနေခြင်း ..။ သူ .. ဘာမှ မပြောနိုင် ..၊ မျက်ရည်ဝဲလာရင်းဖြင့်ပင် ငွေဝန်း ၏ခေါင်းလေးကို ဖွဖွ ဆက်ပုတ်ပေးနေမိဆဲ ..။ နောက်ဆုံးတော့ .. ငွေဝန်း ၏ ခေါင်းလေးကို ရင်မှာ လက်ဖြင့် ဖေးအုပ်ထားမိရင်း ချစ်ရသူလေး၏ သောကအပူတွေကို သိနေရင်း ရင်ထဲ မချိနိုင် ..။

ဩော် .. ချစ်ရသည့် မိန်းကလေး ..၊ အိပ်၍လည်း မရရှာ ..။ သောကတွေဖြင့် .. တလူးလိမ့်လိမ့် ရှိခဲ့ရှာလိမ့်မည် ..။ သူက .. ထိုအချိန်မျိုးမှာ အိပ်ပျော်နေရှာသည်တဲ့လား။

"ငါမို့ .. အိပ်ပျော်ရက်တယ်ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



ယူကျုံးမရ သူ မချိတင်ကဲ ညည်းမိခြင်းပါ ..။ ငွေဝန်းလေး ရင်ထဲမှာ ယောက်ယက်ခတ်နေသမျှ မျိုသိပ်ထားရင်း .. တစ်ညလုံး အိပ်မရ ပြုမရဖြင့် လုပ်မိလုပ်ရာသဘော ရေချိုးခန်းမှာ အဝတ်တွေ ထလျှော်နေခြင်းပါ တကား ..။

"ဘာလို့ အဝတ်တွေ လျှော်ရတာလည်း ငွေဝန်း ရယ် .. ဘယ်တုန်းကမှ လျှော်ရတာ မရှိခဲ့တဲ့ ငွေဝန်း .. ရေတွေ စို .. အနာတွေလည်း ရေတွေထိနဲ့ ဖြစ်ကုန်ရတာ .. အဝတ်တွေကို ဟိုတယ်ဝန်ထမ်းက အမြဲယူယူ လျှော်ပေးနေတာပဲကွယ် .. ဓါးပူတိုက်ပြီး လာပို့ပေးနေတာပဲဥစ္စာ .. ဖြစ်ရလေကွာ .."

သူ ခပ်ညည်းညည်း ပြောမိရပါ၏။ ငွေဝန်း ကိုတော့ သူ အပြစ်တင်စကား မပြောရက်ပါ။ အဘယ်မျှ ထိမနိုင်ရင်ကန်ခံစားနေရသည်ဆိုတာ သူ သိထားရသည်ကိုးလေ ..။

"လာ .. ကိုကို တို့ ခဏလောက်တော့ လသာဆောင်ကြီးမှာ ထိုင်လိုက်ကြရအောင်နော် .. စကားလည်း ပြောကြတာပေါ့ .. မငိုနဲ့ကလေးရယ် .. ကိုကို ပြောတာကို မမေ့နဲ့လေ .. ကိုကို ရင်မဆိုင်နိုင်ဆုံး .. ခံနိုင်ရည် မရှိဆုံးဟာ ငွေဝန်း ရဲ့ မျက်ရည်တွေပဲ ဆိုတာလေ .. ကိုကို ရင်ထဲ မကောင်းဘူးကွာ .. အရမ်းခံစားရတယ် ကလေးရယ် .. မငိုနဲ့ နော် .. တိတ် .. တိတ် .. ငွေဝန်း အိပ်မပျော်ရင် ကိုကို့ကို နှိုးလိုက်ရောပေါ့ .."

"ကိုကို အိပ်ပျော်နေတာကို မနှိုးရက်ဘူး ကိုကို ရယ် .."

မော့၍ ပြောလာတော့လည်း ငွေဝန်း ၏ နဖူးလေးကို ဖွဖွနမ်းမိပြန်သည်။

"လာ .. ကိုကို တို့ လသာဆောင်ကို သွားကြမယ် .."

ဟု ပြောကာ ငွေဝန်း ကို ပွေ့၍ လသာဆောင်သို့ ခေါ်လာသည်။ ကြိမ်ကုလားထိုင်ပိုင်းကြီးမှာ ငွေဝန်း ကို ထိုင်စေသည်။ သူကတော့





ထိုင်ခုံပုလေးတစ်လုံး သွားယူကာ ငွေဝန်းရှေ့မှာ ထိုင်သည်။ ငွေဝန်း၏ လက်လေးကို မလွှတ်စတမ်း တွေးဆုပ်ထားသည်။

"နောက်ကို .. အမြဲမှတ်ထားရမှာကတော့ .. ငွေဝန်း ဘာကိုပဲကြုံကြုံ တစ်ယောက်တည်း ကျိတ်မခံနဲ့ .. ကိုကို ရှိတယ်ဆိုတာ အမြဲရင်ထဲမှာ သိထား .. ကိုကို့ကို ပြောပြ .. အိပ်နေရင်လည်း နှိုးပြီး ပြောပြ.. ဟုတ်ပလား .."

ဟု ပြောတော့ ငွေဝန်း ငေးကြည့်သည်။ အဖေလုပ်သူ ခြေရာပျောက်မည်ဟု လန့်နေတာကြောင့် အိပ်မရရှာ ..၊ ဒါကြောင့် .. အဝတ်တွေ ထလျှော်ခြင်း .. လျှော်ဖူးတာလည်း မဟုတ် ..။ အားလုံးသည် ရူးမတတ် ခံစားနေရသူတစ်ယောက်၏ ထွက်ပေါက်တစ်ခု ရှာနေပုံမျိုးဖြစ်နေသည်။ တကယ်က .. ငွေဝန်း စုပြုံခံစားနေရပုံကြီးကြောင့် သူသာ ငွေဝန်း ဘေးမှာ မရှိလျှင်ဖြင့် အားကိုးရာပျောက်ကာ ငွေဝန်း ရူးသွားနိုင်သည်ဆိုတာ ကြာလေ .. ပို၍ နားလည်လာလေ .. သိလာရလေပါ ..။

"ငွေဝန်းလေး .."

ငွေဝန်း ၏ ဆံစလေးကို ဖွဖွလေး သပ်ပေးကာ သူ ညင်ညင်သာသာ ခေါ်မိရပါ၏။

"ကိုကို ပြောတာကို သေချာနားထောင် .. ကိုကို့ကို ကြည့် .. ကိုကို ပြောတဲ့ စကားတွေဟာ .. တကယ့်အမှန်တရားနဲ့ နီးစပ်တဲ့စကားတွေဆိုတာ နားလည်ထား .. ကိုကို့ကို ကြည့်စမ်း ငွေဝန်း .."

သူ ပြောတော့ ငွေဝန်း နားထောင်ရှာပါ၏။ သူ့ကို ငေးကြည့်သည်။ ငွေဝန်း ၏ လက်လေးကို စုယူ၍ သူ့လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်မိုး တွေးဆုပ်ထားမိကာ ..

"ဦးတိုးဆွေ ပြောတာ အမှန်လို့ ကိုကို ယုံကြည်တယ် ငွေဝန်း.. သေချာအာရုံထဲ ပြန်ဖော်ကြည့် .. ငွေဝန်း ရဲ့ မေမေ ခေါ်မယ်မှန် နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း တူတာဆိုလို့ မျက်လုံးနဲ့ မျက်ခုံးလေးပဲ တူတာ .. ကျန်တာ မတူဘူး .. ဒီတော့ ဦးတိုးဆွေ နဲ့ တူနေသလားဆိုတော့ .. မတူဘူး .. ဦးတိုးဆွေ က ရုပ်ကြမ်းကြီး .. ရုပ်မချောတဲ့သူ .. ခု .. ငွေဝန်း က .. နုနုညက်ညက်လေး .. ဒီတော့ ဦးတိုးဆွေ ပြောသလို .. ငွေဝန်း ဟာ .. ဦးတိုးဆွေ ရဲ့ သမီး မဟုတ်ဘူးဆိုတာ သိသာတယ် .. ပြီးတော့ .. ဦးတိုးဆွေ ပြောပုံဆိုပုံကို ကြည့် .. လူဖြောင့်ကြီးဆိုတာ အရမ်းထင်ရှားနေတာပဲ.. သူသာ အဖေရင်းဆိုရင်ဖြင့် .. ငွေဝန်း ကို ဒီလောက်ထိ မျက်ရည်အကျခံပါ့မလား.. ခံစားနိုင်းပါ့မလား .. ဒီတော့ .. ဦးတိုးဆွေ ဆိုတာ .. ငွေဝန်း ရဲ့အဖေကို သွားတွေ့လိမ့်မယ်ဆိုတာ ယုံပါကွယ် .. ခြေရာ ပျောက်သွားမယ်လို့ မစိုးရိမ်ရဘူး .. သူ ပြန်လာမှာပါ .. တစ်ခုပဲရှိတယ် .. ငွေဝန်း လေး ရဲ့အဖေရင်း .. သူနဲ့အတူ ပါလာမယ် .. မပါလာဘူးဆိုတာကို တော့ .. ဘယ်လိုမှ ကြိုတင်မှန်းဆယူလို့ မရနိုင်တာ အမှန်ပဲ .. ဒီတော့.. စိတ်ကို တုံးတုံးချထား .. ဘာကိုပဲ ရင်ဆိုင်ရ .. ရင်ဆိုင်ရ .. ကြံကြံခံမယ် ဆိုတဲ့စိတ်ကို ကြိုမွေးထားရလိမ့်မယ် .. အဆိုးတကာ့ အဆိုးဆုံးတွေကို တောင် ငွေဝန်းလေး ရင်ဆိုင်ခဲ့ရပြီးပြီပဲ .. ကျန်တာကိုလည်း ရင်ဆိုင်နိုင် ရမှာပေါ့.. ငွေဝန်း သိထားဖို့က .. ကိုကို ရှိနေတယ် ဆိုတာပဲ .. ငွေဝန်း ဘဝမှာ .. ကိုကို အမြဲရှိနေမယ် .. စောင့်ရှောက်မယ်.. ချစ်မြတ်နိုးမယ်.. သစ္စာရှိမယ် .. အဲဒါကို သိထားရင်းနဲ့ ကိုကို ရှိနေပါလားဆိုတဲ့စိတ် ရယ် .. ကိုကိုနဲ့ အတူ မခွဲမခွာနေရင်း .. ကိုကို မကြည့်ရက်တဲ့ မျက်ရည် စက်ကို ဘယ်တော့မှ မချဘူးဆိုတဲ့ အားအင်မျိုး မွေးစမ်းပါ ကလေး ရယ် .. နော် ..''

ဟု ပြောတော့ ငွေဝန်း သူ့ကို မျက်တောင်မခတ် ကြည့်နေသည်။ မျက်ရည် လည်တက်လာနေသည်။ ငွေဝန်း ၏ ခေါင်းလေး ငိုက်ကျလာပါ၏။ သူ့လက်ပေါ်မှာ ငွေဝန်း ၏ နှုတ်ခမ်းလေး ဖေးတင်ကာ ရင်ကို ရှိုက်၍ နမ်းရှာသည်။





သူ ထွေးဆုပ်ထားရာ လက်နုနုလေးတွေကလည်း တုန်ခါနေကြ ဆဲ ..၊ ငွေဝန်း သည် ငွေဝန်း ၏လက်လေးတွေကို ဆုပ်ယူကိုင်ထားပါ သည့် သူ့လက်တွေကို အားကိုးစွာ .. ချစ်လွန်းစွာ .. နမ်းရှိုက်နေခြင်းပါ တကား ..။

သူ .. ငွေဝန်း ၏ အနမ်းလေးတွေကို ငြိမ်သက်ခံနေမိရဆဲ ..။ ငွေဝန်း ၏ခေါင်းလေး သူ့ရင်ဘတ်ကို ငိုက်မှီလာသည်။ ငွေဝန်း ၏ လက်လေးတွေက ခုထိ သူ့လက်ဖဝါးတွေဆီမှ မရုန်း ..၊ သူကလည်း မလွှတ် ..၊ ထွေးဆုပ်ထားမြဲ ..။

''ကိုကို့ကို .. ငွေဝန်း .. အမြဲ အားကိုးနေတာပါ ကိုကို ရယ် .. ချစ်လည်း ချစ်နေရတာပါ .. ငွေဝန်း မှာ .. ကိုကို ပဲ ရှိတာ ..''

ငိုသံလေးဖြင့် ငွေဝန်း ပြောလာတော့ သူ ငွေဝန်း ၏ ခေါင်းလေး ပေါ် မေးဖျားကို ဖေးတင်ကာ ...

''ကိုကို သိတာပေါ့ ကလေးရယ် .. ကိုကို အလွန်ချစ်တဲ့ ကောင် မလေးရဲ့ နှလုံးသားလေးကို .. ကိုကို မြင့်တက်တယ် .. မြင်နိုင်တယ်.. အဲဒါကို .. ဟောဒီက ငွေဝန်းလေး အမြဲ သိထား .. ဟုတ်ပလား ..''

ဟု တိုးဖွဖွ ပြောမိရပါ၏။

မနက်ဦးပိုင်းမှာ သာနေသည့် လဝန်းစက်စက်သည် လသာဆောင် ဆီသို့ ငွေရောင်ဆမ်းသော လရောင်အေးမြမြကို ဖြာကျစေ၏။

ဥယျာဉ်ကျယ်ကြီးဆီမှ ပန်းရနံ့တို့ကလည်း မွှေးတမြမြဖြင့် လေနု အေးနှင့်အတူ တိုးဝင်လာသည်။ လသာဆောင်လေးမှာ လရောင်သာရှိ နေတာ မဟုတ် ..။ ပန်းရနံ့တို့သာ ရှိနေခြင်း မဟုတ် ..၊ သူနှင့် ငွေဝန်း တို့၏ အချစ်သည်လည်း တည်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၆ ]

ပန်းရဂုံသည် ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေ၏။ နှစ်ပတ်စွန်းလာပြီ ...၊ တစ်အိမ်လုံး ငြိမ်ကျနေတာက သိသာလွန်းနေသည်။

မီးဖိုဆောင်ထဲမှာ မေမေနှင့်အတူ ခင်ထား နှင့် ခက်စံ တို့က မနက်စာ ချက်ပြုတ်နေကြရှေသမျှ ကြော်လှော်သံပဲ ကြားနေရကာ .. စကားသံကတော့ ဆိတ်နေသည့်အဖြစ် ...။

ဧည့်ခန်းမှာလည်း ဖေဖေသည် သတင်းစာကြီး ဘေးချ၍ ငြိမ်သက်ထိုင်နေသည်။ ကိုငယ်လည်း ဘယ်ရောက်နေသည် မသိ ...။ ကိုကြီး ရင်ထဲ မကောင်းနိုင် ...၊ တစ်အိမ်လုံး ဖူးဖူးမှုတ် ဝိုင်းချစ်ကြရပါသည့် ညီမလေး ငွေဝန်းပျို မရှိတော့ခြင်းသည် ကြည်နူးချမ်းမြေ့ခြင်းများ ဆိတ်သုဉ်းသွားစေခြင်းဆိုတာ ကြာလေ ကိုကြီး ပို၍ သိသိလာနေရလေ ...။

ကိုကြီး ပန်းခြံဘက် ဆင်းလာမိရပြီ ..၊ တကယ်ကတော့ စံကားပင်တန်းကို လာမိခြင်းပါ ...။ တစ်ချက်မျှလှော်ကတော့ ဟန်ဆယ်၍ ပန်းခြံထဲမှ ပန်းတွေ ကြည့်သယောင်ဖြင့် လုပ်ပြီးသည့်နောက်မှာ ပန်းစံကားရိပ်ဆီသို့ ရောက်ခဲ့ရသည်ပါပဲ ...။

ပန်းစံကားကြွေလေးတွေက မြက်ခင်းစိမ်းထက်မှာ ပန်းရနံ့တို့ ဝေနေရင်း ရှိနေကြလျက် ...။





ပန်းပွင့်တွေကလည်း အနိုင်လိုက် ကောင်းကင်ကြီးကို မော့မျှော်ရင်း .. မွှေးရနံ့တို့နှင့်အတူ လှပစွာ အပင်၌ ဝေနေကြပြန်သည်။

"ငါ့ညီမလေး .. ငါ့ညီမလေး .. သူ့ကို .. ငါတို့ ညီအစ်ကိုနှစ်ယောက် ပန်းစံကားပွင့်လေးတွေ သီပြီး .. ပန်းသရဖူလေး လုပ်ပေးကြ .. ပန်းဆွဲကြိုးလေး ဆွဲပေးကြနဲ့ ရှိခဲ့တာ .. အခုတော့ .. ဘယ်တော့မှ အဲဒီဘဝကို ငါတို့ ပြန်မရနိုင်တော့ပါလား .. ညီမလေး အရမ်းစိတ်နာသွားလောက်ပြီ .. ဝမ်းနည်းနေမှာလည်း ငါ သိနေတယ် .."

ခုကျတော့ နေမတတ် ထိုင်မတတ်ဖြင့် ရင်ထဲဟာနေတာက ဆိုးနေသည်။ အစပိုင်းတုန်းကတော့ ကိုယ့်ဇောနှင့် ကိုယ် ...၊ ကိုယ့်မခံချင်ဇော .. ဒေါသဇောတွေဖြင့် ညီမလေးကို သူစိမ်းနယ်ပင် မေ့ဖျောက်ပစ်လိုက်နိုင်မည်ဟု အထင်ကြီးတစ်ခွဲသားဖြင့် ရှိခဲ့မိသည်။

အစေအပါး၏ သမီး ...၊ ဖိနပ်ချုပ်သမား၏ သမီးဆိုသည့် အဆင့်ခွဲသည့်စိတ်သည်လည်း ထိုဇောတွေကို မြှောက်ထိုးပင့်ကော်ဖြင့် လုပ်ပေးနေခဲ့သည်တည့်...။

ဒါပေမယ့် .. နှစ်ပတ်နား ကပ်လာချိန်ကစ၍ ရင်သည် ယောက်ယက်ခတ်နေပြီ ...။ ချစ်ခဲ့တုန်းက အသည်းတုံးလေး .. နှံ့သာတုံးလေးဟု တဖွဖွ ပြော ချစ်ရပါသည့် ညီမလေး ...၊

ခုကျတော့ .. ထိုအချစ်တွေသည် တကယ်တမ်းကျတော့ ရင်ထဲမှ ထွက်ခွာမသွားနိုင်ကြတာကို သိလာရစဉ်ခိုက် .. ရင်သည် ယူကျုံးမရခြင်းတွေဖြင့် နောင်တ ဖြစ်တည်၏။

ထို နောင်တ၏ ထိုးနှက်ခြင်းကလည်း ကိုကြီး၏ နှလုံးသားကိုပဲ တိုက်ရိုက် ထိမှန်ပြန်၏။

"ညီမလေးရယ် အိပ်ချင်ပြီ ×× ဝဲတိုင်ကိုမှီ ×× အိပ်ချင်ပြီကွယ့် စံပယ်ကုံး×× လွဲကြပါဦး ×× အိပ်ချင်တဲ့ မျက်တောင် ×× မြွေးယောင်ယောင် ×× မျက်တွေပေါ်ကော့ကလေး ×× ပေမြွေးမြွေး ××"



www.burmeseclassic.com

www.burmeseclassic.com



ညတိုင်း ညီမလေး၏ခေါင်းလေးကို မွှတ် ..၊ နဖူးလေးကို ပွတ်၍ ချော့သိပ်ခဲ့ပါလေသော သီချင်းသံ ချိုအေးအေး ..၊ ခုကျတော့ ငိုသံတို့ စွက်နေချေပြီ တကား ..။

ကိုကြီး၏ လက်ဖဝါးတွေက ညီမလေး၏ခေါင်းလေးကို ပွတ်နေသည့်နှယ် .. ကိုယ့်ပေါင်ကို ပြန်၍ ဖွဖွ ပွတ်နေမိသည်တည့် ..။ နောက်တော့ .. အကြည့်တန့်သွားသည်က လက်ဖဝါး ရှိရာမှာပါ ..။

"မှားပြီ .. မှားကုန်ပြီ .. ဒီမိးကို ငါ မွေးခဲ့တာ .. ဘာဘစိမ်း နဲ့ ဒေါ်ကြီးစိန် တို့ ပြောခဲ့တာကို ငါ ကြားခဲ့ရပေမယ့် အဲဒါတွေကို ဘယ်သူ့ကိုမှ မပြောဘဲ ထားလိုက်ရင် .. ဒီမိးဟာ လောင်စရာကို မရှိဘူး .. ငါ မှားတာ .. ငါ .. မိုက်တာ ..၊ ခု .. ဘယ့်နှယ်လုပ်မလဲ .. ငါ .. ဒီလက်တွေနဲ့ ငါ့ညီမလေးကို ခင်းနှီးထုပ် ဖွေးဖွေးလေးကတည်းက ချီခဲ့ ချော့ခဲ့တာ .. ချစ်ခဲ့တာ .. ဒီအရွယ်ထိ ကလေးလေးလို ချစ်နေတုန်းပဲ.. အဲဒါတွေကို .. ငါ .. သူစိမ်းဆိုတဲ့ ခွဲခြမ်း ခွဲခြမ်း လုပ်မိတဲ့ စိတ် .. အစေအပါးရဲ့ သမီး .. ဖိနပ်ချုပ်သမားရဲ့ သမီးဆိုပြီး .. မတူမတန်တွေ လုပ်မိခဲ့တဲ့ ဖောနဲ့ .. ပန်းရဂုံဟာ သူနဲ့ ဘာမှမဆိုင်ဘူးဆိုတဲ့ ပစ္စည်းဖော.. မျိုးဂုဏ်ဖောတွေနဲ့ .. ရက်ရက်စက်စက် .. ဖေဖေ့ကို သွားပြောပြမိခဲ့တာ ဘယ်လောက်ထိ မှားခဲ့ပြီလဲ .. ဘယ်လောက်ထိ ရက်စက်ခဲ့ပြီလဲ.. ငါ့ညီမလေးခမျာ .. ငိုလိုက်တာ .. ငိုလိုက်တာ .."

ခုကျတော့ ရင်ထဲမှာ ဆောက်တည်ရာ ပျောက်နေရင်း ယောက်ယက်ခတ်နေသည်က စိတ်တွေ အရှမ်းထိနိုက်နေသည့် စိတ်တစ်ခုဘည်းဖြင့်ပါ ..။

အားလုံးကို နိုး၍ ကြည့်ရှာ ..၊ လက်အုပ်လေး ချီရှာရင်း ထက်ခေါင်မှူး နောက်သို့ ပါသွားခဲ့သည့် ကလေး ..။

ထိုစဉ်တုန်းကတော့ သနားရမှန်း မသိခဲ့ ..။ ခုကျတော့ .. ထို မြင်ကွင်းသည် ရင်ထဲက မထွက်နိုင် ..။





"ဘာဘစိမ်း နဲ့ ဒေါ်ကြီးစိန် တို့ကိုလည်း အဲဒီနေ့ကပဲ ဖေဖေ ဒေါသတကြီးနဲ့ အလုပ်က ထုတ်ပစ်ခဲ့တယ် .. ပန်းရဂုံက ထွက်ခိုင်းခဲ့တယ် .. လစာ ခြောက်လစာ ပေးလိုက်တယ် .. ဒေါ်ကြီးစိန် ကလည်း ပြင်ဦးလွင်ကို မသွားတော့ဘူးလို့ အားလုံးကို ပြောခဲ့တာပါပဲ .. ဘာဘစိမ်း ရဲ့ ဇာတိရွာလေးမှာ တစ်ခုခု လုပ်စားမယ်လို့ ပြောခဲ့သလို .. ဖေဖေ ပေးတဲ့ လစာ ခြောက်လစာကိုလည်း အလုပ်မလုပ်ပဲ မယူချင်တာမို့ မယူပါရစေနဲ့လို့ ပြောသွားခဲ့တာပဲလေ ..၊ ကြည့်စမ်း .. ဘယ်လောက် မာနတရားတွေနဲ့ ငြင်းသွားတဲ့ စကားလဲ .. အဲသလို ဒေါ်ကြီးစိန် ရဲ့ စိတ်မျိုး .. မယ်မှုန် မှာလည်း ရှိမှာပဲ .. မယ်မှုန် ရဲ့ သမီးလေးမှာလည်း ရှိမှာပဲ ..၊ ငါ့ညီမလေးဟာ .. ငယ်ကတည်းက အဖေရဲ့ စွန့်ပစ်ထားခြင်းကို ခံခဲ့ရတယ် .. မွေးတော့ အမေက ဆုံးသွားပြန်တယ် .. အခုလည်း ငါတို့ တစ်အိမ်လုံးမှာ မေမေက လွဲပြီး အားလုံးက .. နှင်မထုတ်ရုံ တစ်မယ် .. တင်းတင်းမာမာ .. ရက်ရက်စက်စက် .. မတူမတန်ကြီး လုပ်ပြခဲ့ကြတယ် .. ညီမလေး ထွက်သွားချိန်လေးမှာ သနားရမှန်း မသိကြသလို .. တားခဲ့သူတောင် မရှိခဲ့ကြဘူးလေ .. အဲဒါတွေ အားလုံးကို ငါ့ညီမလေး ဘာတစ်ခွန်းမှ အပြစ်မပြောပဲ ခေါင်းငုံ့ လည်စင်းခံပေးသွားခဲ့ရှာတာ .."

ကိုကြီး တစ်ယောက်တည်း ကျိတ်၍ မျက်ရည်ကျနေပြီတည့် ..။

မျက်ရည်သုတ်ပစ်မိကာ ခြေလှမ်းကြဲကြီးဖြင့် အိမ်ထဲ ပြန်ဝင်ကာ စိတ်၏ စေရာအတိုင်း ငွေဝန်း ၏အခန်းထဲ ဝင်လိုက်မိရပါပြီတည်း..။

တံခါးကို ဖွင့်၍ ဝင်လိုက်ချိန်မှာ မြင်ကွင်းကို ငေးစိုက်ကြည့်နေမိ ရင်းမှ ရင်ထဲမှာ ခံနိုင်ရည်ပင် မရှိတော့ပြီ ..၊ မကျန်တော့ပြီ ..။

ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်နေသည့် ကိုယ် ..၊

ခေါင်းအုံးလေးပေါ် လက်ဖဝါးကို ဖေးတင်၍ ဖွဖွပွတ်နေပါ၏ ..။ ခပ်တိုးတိုး ဆိုနေသည်က ညတိုင်း .. ညီမလေး ၏ ပန်းလေးပေါ် ဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



လေးပုတ်၍ ဆိုနေကျ သီချင်း ..။

"ညီမလေးရယ် အိပ်ချင်ပြီ .. ဝဲတိုင်ကိုမှီ ×× အိပ် ×× ချင် ×× ပြီကွယ်×× စံပယ်ကုံး ×× လွှဲ .. ကြ .. ပါ .. ဦး .."

ငိုသံက သိသိသာသာ ပါလာနေပါ၏။ ကိုကြီး အံခဲထားရင်း ခြေစုံရပ်ကာ မျက်ရည်တွေသာ လိမ့်ကျလာနေကြပါပြီ ..။

ဩော် .. ညီမလေးသည်လည်း .. ဤ ပန်းရုံမှ ထွက်ခွာသွားရခါနီးလေးမှာပင် ညှော်ခန်းကြမ်းပေါ်မှာ အားကိုးရာ ကင်းမဲ့နေရင်းမှ.. ဤသီချင်းလေးကို ကယောင်ကတမ်းလေးဖြင့် ဆိုခဲ့ရှာသေးသည်ကောလေ ..။

ခုလည်း .. ကိုယ် သည် .. ညီမဇောဖြင့် ဤအခန်းမှာ တစ်ယောက်တည်း ဘယ်သူမှ မသိအောင် လာ၍ .. ညီမလေး ၏ ခေါင်းအုံးလေးကို ပုတ်ကာ ပုတ်ကာဖြင့် ဤ သီချင်းလေးကို ဆိုနေခြင်းပါတကား ..။

ခြေသံမကြားအောင် နေရာမှ ကိုကြီး ပြန်လှည့်ခဲ့ကာ ရင်ထဲ ယူကျုံးမရဖြစ်နေတာပဲ သိနေရပါသည့်အဖြစ် ..။

အိမ်မှာ ဘယ်သူမှ ဟုတ်တိ ပတ်တိ ထမင်းမစားဖြစ်ကြ ..။ စကားလည်း ပြောကြ ဆိုကြတာမျိုးတွေ မရှိသလောက် ဖြစ်နေသည်။ အားလုံးကို ကြည့်လိုက်လျှင် ငြိမ်ကျနေတာပဲ ဖြစ်နေကြပါသည့်အဖြစ် ..။

တကယ်က .. ငွေဝန်းလေး ပျောက်သွားခြင်းသည် ပျော်ရွှင်ခြင်းတွေလည်း ပျောက်သွားခြင်းပဲ ဖြစ်နေသည်။

"ငါက တရားခံ .. တရားခံ .. ငါ့လောက် မသိဆိုးဝါး မိုက်ကန်းတဲ့ကောင် မရှိဘူး .. မရှိဘူး .. ဒီ ကိစ္စ .. ငါ လုပ်တာ .. ငါ ရှင်းရလိမ့်မယ် .."

ခုထိ ညှော်ခန်းဆိုဖာရှည်ကြီးမှာ ငြိမ်လိုင်နေဆဲဖြစ်ပါသည့် ဖေဖေ





သည် ကိုကြီး ညှော်ခန်းမှာ ဖြတ်လျှောက်သွားတာကိုပင် သိလိုက်ဟန်မရှိ ..၊ စိတ်အစဉ်သည် လွင့်ရရှင့် ဖြစ်နေဟန်ဖြင့် ငြိမ်သက်နေတာပဲ ရှိနေသည်။

ကိုကြီး ပေါ်တီကို အောက်မှာ ရပ်ထားပါသည့် ပရာဒိုကားကြီးပေါ်တက်ကာ ဘယ်သူကိုမှ ဘာမှ ပြောမနေတော့ပဲ မောင်းထွက်လာမိသည်က ရတနာမွန်းမှာပဲ သွားခေါ်လာဖို့ ရှိတော့သည်ကိုးလေ ..။

"ငါ့ကို တွေ့ရင် ညီမလေး အရမ်းမှင်တက် အံ့ဩသွားမှာ .. အို.. ဝမ်းသာသွားမှာ သေချာတယ် .."

ကားမောင်းနေရင်း စိတ်သည် ကြည်နူးခြင်းဘက်သို့ ရောက်လာသည်။ အဘယ်မျှထိ အံ့ဩဖို့ကောင်းနေပါသလဲ ..၊ ညီမလေးကို ပြန်ခေါ်ဖို့ သွားသည်ဆိုသည့် အသိတစ်ခုကြောင့်ပင်လျှင် .. ပျောက်ဆုံးနေခဲ့ပါသည့် အပျော်တွေသည် ပြန်၍ ရင်ထဲသို့ ခုန်မြူး ရွှင်ပျ ဖြစ်တည် ရောက်ရှိလာကြချေသည်ကောလေ ..။

မွန်းကျပ်ပိတ်လှောင်နေသည့် ဆောက်တည်ရာ ပျောက်နေသည့် နေမတတ် ထိုင်မတတ်ဖြစ်ချေသော ခံစားချက်တွေသည်လည်း ရင်ကို ဖိစီးနေစေရာမှ အတန်မျှတော့ သက်သာရာ ရလာစေသည်။ လျော့ပါးလာစေသည်။ ဤသည်က .. သိသိသာသာကြီး သိလာရပါသည့် ခံစားချက် ..။

ရတနာမွန်းအိမ်ကြီးရှိရာ ခြံဝင်းတံခါးရှေ့မှာ ကားကိုရပ်၍ ကိုကြီး ဆင်းလိုက်ကာ လူခေါ်ဘဲလ်ကို နှိပ်တော့ အသားဖြူဖြူ၊ အရပ်မြင့်မြင့်ဖြင့် ရောက်လာသည်က ရတနာမွန်း၏ ဒရိုင်ဘာ ကိုနိုင် ပဲဖြစ်နေသည်။ ကိုကြီး သိသည်ပေါ့ ..၊ အနက်ကယ် ဦးမြတ်မှူး ပန်းရုံသို့ နောက်ဆုံးရောက်ခဲ့သည့်နေ့က .. ကိုနိုင် ကားမောင်း၍ လိုက်ပို့ခြင်း..။

ထိုနေ့က .. ထက်ခေါင်မှူး သည် ငွေဝန်းလေး ကို ခေါ်သွားလိုက်ပြီးနေပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ် ဦးမြတ်မှူး ကလည်း ဖေဖေ ပြောပြသော ငွေဝန်း၏ ဘဝမှန်ကို ကြားရပြီးချိန်မှာ ငွေဝန်းလေး ကို ချွေးမအဖြစ် လက်မခံနိုင်ပါဟု ပြတ်ပြတ်သားသား ပြောခဲ့သည်ပါပဲ။ သားရှိရာသို့ လိုက်သွားမည်ဟု အလောတကြီး ပြောကာဆိုကာဖြင့် ပန်းရဂုံမှ ထွက်သွားသည်ကလည်း ရတနာမွှန်းဆီသို့ပဲ ဖြစ်လေသည်။

ခုကျတော့ ကိုကြီးသည်လည်း ရတနာမွှန်းသို့ လိုက်လာရပါပြီ..။ ညီမလေးကို မကြည့်မဖြူဖြင့် အန်ကယ်တို့ လက်ခံထားရတာကို သူ ဖယ်ရှားပေးလိုက်တော့မည် ..။ ညီမလေးကို ပြန်ခေါ်သွားမည်။ ထက်ခေါင်မှူး ကိုလည်း ခေါ်သွားမည်။

ဤသည်က ကိုကြီး၏ အဆုံးအဖြတ် ..။

"ကျွန်တော် ကား ဒီမှာပဲ ခဏရပ်ထားလိုက်ပါ့မယ် .. အန်ကယ်နဲ့ ခဏတွေ့ရုံပါ .."

ဟု ပြောကာ ကိုနိုင် ကို ကြည့်တော့ မျက်နှာမကောင်းပဲ ရှိနေပါသည့် ကိုနိုင် ခြံတံခါးကို ဖွင့်ပေးပါ၏။ ဘာမှလည်း မပြော ..၊ မျက်နှာပျက်ပျက်ဖြင့်သာ ကျန်ခဲ့ပါ၏။ ခြေလှမ်းသုတ်သုတ်ဖြင့် ကိုကြီး အိမ်ကြီးထဲ ဝင်တော့ ဧည့်ခန်းမှာ တစ်ယောက်တည်း ငိုင်၍ ထိုင်နေပါသည့် အန်ကယ် ဦးမြတ်မှူး ကို တွေ့ပြန်သည်မို့ ရင်ထဲ တစ်ချက် ထိတ်ခနဲ ဖြစ်ရပါပြီ ..။

ညီမလေး နှင့် ပတ်သက်၍ ရတနာမွှန်းကို လုံးဝ မဆက်သွယ်ပဲ အဆက်ဖြတ်ထားပါသည့် ဖေဖေ..၊ ကိုကြီးနှင့် ကိုယ့်ကိုလည်း မဆက်သွယ်ရဟု ပြောထားပါသည့် ဖေဖေ့စကားကို ကိုကြီး မေ့ပစ်ကာ ဤ အိမ်ကြီးဆီသို့ ရောက်လာမိရပါပြီ ..။

ဤသည်ကလည်း .. ဖေဖေ အဘယ်မျှ ငွေဝန်းလေးကို လွမ်းနေသည်ဆိုတာ အဖေ့ရင်ကို ထွင်း၍ မြင်နေမိရတာမို့ လာရခြင်းပါ ..။

ပြောထားသည့် စကားကို ပြန်ပြင်တာမျိုး မဟုတ်ပဲ ကြေကွဲမှုကို





မနိုင်မနင်း ဖေဖေ ရင်စည်းခံနေတာကိုလည်း ကိုကြီး သိနေရသည်ကိုးလေ ..။ ခုကျတော့ အန်ကယ့်ကို မြင်ရသည့် မြင်ကွင်းသည် လူသာ မတူပေမယ့် .. ခံစားချက်တွေ စွန်းထင်းနေသည့် မျက်နှာ .. ချုံးချုံးကျ ထိုင်နေသည့်ပုံစံတို့သည် ဖေဖေနှင့် တစ်ထရောတည်း တူညီနေကြချေသည်တကား ..။

ဒါဆို .. ဒါဆို .. အန်ကယ်သည်လည်း .. သားကို လွမ်းနေခြင်းများလား ..။

"ဘုရားရေ!... ဒါဆို ... ထက်ခေါင် ရော .. ညီမလေး ရော .. ဒီမှာ မရှိကြဘူးလား .. မရှိကြတာများ ဖြစ်နေပြီလား .."

အပျော်တွေ လုံးဝ ပျောက်ဆုံးနေသည့် အန်ကယ့်မျက်နှာကို ကြည့်ကာ ကိုကြီး ထိတ်လန့်လာသည် ..၊ စိတ်ပူလာသည်။

ညီမလေးနှင့် ထက်ခေါင် တို့ .. တစ်နေရာမှာ ဒုက္ခ သုက္ခတွေဖြင့် ဆင်းရဲကျပ်တည်းစွာ နေနေရချေပြီလား မသိ ..။ အနေဆင်းရဲ ..၊ အစားဆင်းရဲ ဖြစ်နေချေပြီထင့် ..။ ကိုကြီးမှာ ကိုယ့်ကိုယ်သာ ကျိန်ဆဲနေမိသည်။

ဤမီးကို သူ မွှေးခဲ့သည်ကိုးလေ ..၊

ရတနာမွှန်း၏ ဧည့်ခန်းဆောင်ကျယ်ကြီးသို့ ကိုကြီး ဝင်လာချိန်မှာ အန်ကယ် ဦးမြတ်မှူး နှင့် အဆင်တသင့်ပင် ကြုံလိုက်ရတာမို့ ရင်ထဲ တစ်ချက်တော့ ဝမ်းသာသွားရပါ၏။ ဦးမြတ်မှူး ကလည်း ခုလို ကိုကြီး ရောက်လာမည်ဟု ထင်ထားပုံ မရ..၊ မနက်အစောကြီးမှာ ခုလို ပန်းရဂုံမှ လူတစ်ယောက်သည် ဤ ခြံကျယ်ကြီး၏ ခြံဝင်းတံခါးကြီး ရှေ့မှာ ကားတစ်စီးနှင့် ရောက်လာလိမ့်မည်ဟုလည်း ထင်နိုင်စရာမှ မရှိချေသည်ပဲလေ ..။

ခုကျတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဧည့်ခန်းဆောင်အထိရောက်လာပြီဖြစ်သည့် ကိုကြီး ကို ဦးမြတ်မှူး မှ အကဲခတ်သလို ကြည့်သည်

www.burmeseclassic.com

www.burmeseclassic.com



အကြည့်ထဲမှာ တစ်စုံတစ်ရာအတွက် စိတ်ရှုပ်ထွေးနေတာလည်း သိသာနေပါသည့်အဖြစ် …။

"အန်ကယ် … ကျွန်တော် အန်ကယ့်အိမ်ကို ခုလို အစောကြီး ရောက်လာရတာက … ကျွန်တော့်ညီမလေးကို တွေ့ချင်လို့ပါ အန်ကယ် … သွေးပူနေတုန်း … သွေးဆူနေတုန်း ခဏတစ်ချက် စိမ်းပြတ်သလို ရင်ထဲ ဖြစ်ခဲ့ရပေမယ့် … တကယ်တမ်းကျတော့ … ကျွန်တော့် ညီမလေးဟာ ကျွန်တော့်လက်ထဲ တပွေ့ပွေ့ … တနမ်းနမ်းနဲ့ ကြီးလာရတဲ့ ကလေးပါဗျာ … သူ့ကို ကလေးလေးလို ညတိုင်း ချော့သိပ်ခဲ့ကြတာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ပါ … ဖေဖေဆိုတာလည်း ဒီအဖြစ်မှန်ကို ဖေဖေ မသိရသေးချိန်အထိ … တစ်ချက် … ညီမလေး မျက်နှာအညှိုးမခံအောင် အလိုလိုက်ခဲ့ကြတာပါ …။ ခုတော့ … တစ်အိမ်လုံး ဘယ်သူမှ စားလို့မရ … အိပ်လို့မရ … နေလို့မပျော်နဲ့ ရင်ထဲ အဟာကြီးဟာ … ရင်ထဲ အနာကြီး နာနေကြရပါပြီ …။ ကိုယ့်ရင်ကို ကိုယ်နာအောင် လုပ်မိကြတာမို့ … အဲဒီ အနာသက်သာဖို့ဆိုတာက … ညီမလေး ရှိမှ ဖြစ်မှာပါ… ညီလေး ထက်ခေါင်မျိုး ကိုလည်း အိမ်ကို ခေါ်သွားပါရစေ…"

ဘာပဲဖြစ်ဖြစ် …။ သားနှင့် သဘောမမျှသည်ပဲ ထား …။ ငွေဝန်းလေးကိုတော့ ဤအိမ်မှာ သားနှင့်အတူ လက်ခံထားချေမည်ဟု ကိုကြီး ထင်သည်လေ …။

ထက်ခေါင်မျိုး ကလည်း ငွေဝန်းလေး နှင့် လက်ထပ်မည်ဟု အတိအလင်းပြောပြီး ပန်းရဂုံမှ ခေါ်သွားခဲ့ခြင်းပေမို့ …။ ကိုကြီး … ခုလို … ရတနာမွန်းသို့ ရောက်အောင် လာမိခဲ့ရခြင်းပါ။ မတတ်သာ၍ ရတနာမွန်းမှာ ထက်ခေါင်မျိုး နှင့် ညီမလေးကို လက်ခံပေးထားရသည် ဆိုလျှင်ဖြင့် … ထိုအိမ်မှာ အနေမခံတော့ပဲ ပန်းရဂုံသို့ အပြီးခေါ်သွားလိုက်တော့မည်ဟု ကိုကြီး အပြတ် ဆုံးဖြတ်ခဲ့ပြီးပြီ …။

"မမြွတ် … လာပါဦး …"





အန်ကယ် ဦးမြတ်မျိုး မှ အတွင်းဘက် လှည့်အော်တာမို့ ဒေါ်ခင်မြတ်လှိုင် ထွက်လာပါ၏။

"မမြွတ် ကို မိတ်ဆက်ပေးရမယ် … ငွေဝန်းပျို နဲ့ စေ့စပ်မယ်ဆိုတုန်းက မမြွတ် အရမ်းဝမ်းသာခဲ့ဖူးတဲ့ … ပန်းရဂုံအိမ်ကြီးက … ကိုကြီး ပါ … ဦးဘုန်းသာ ရဲ့ သားအကြီး ဆိုပါတော့ … အခု … သူက … သူ့ ညီမ လာခေါ်တာတဲ့လေ … ထက်ခေါင် ကိုလည်း ခေါ်ချင်ပါတယ်တဲ့ … ကဲ … မမြွတ် … ဘယ်လိုရှင်းကြမလဲ … အဲဒီကိစ္စ …"

စိတ်လက်ညစ်နေပုံကြီးဖြင့် မျက်နှာကြီးပျက်နေရင်း အန်ကယ်ပြောတော့ အန်ကယ်၏ အစ်မ ဆိုသူထံမှ စိတ်ပျက်လက်ပျက်နိုင်နေသော အကြည့်စူးစူးကို လက်ခံလိုက်ရသည်က ကိုကြီး ပါ …။

"ဘာလုပ်ရမှာလည်း မောင်မျိုး ရယ် … သူတို့က သူတို့ညီမလေး… သူတို့ သမီးဆိုတာကို … မဟုတ်တော့ပါဘူးဆိုပြီး ထက်ခေါင် လက်ထဲ ရေမျှောကမ်းတင် ပန်းတစ်ပင်လို ထည့်လွှတ်လိုက်ကြတာပဲလေ … တစ်ခေါက်တောင်မှ ဒီရက်အတွင်း သတင်းမေးဖော်လေးတောင် ရှိခဲ့ကြဖူးလို့လား … အဲဒီအိမ်က တစ်ယောက်တလေလေးတောင်မှ မရှိခဲ့ကြတာပဲလေ … သူတို့ လက်ထဲက ကောင်မလေး … ဒီအိမ်က လက်မခံလို့ မရှိတော့တာကို အပြစ်လာမတင်နဲ့လေ … သူတို့ နှင်ထုတ်လို့ ဒီကို သောင်ကပ်ကမ်းကပ် အဲဒီကောင်မလေး ရောက်လာရတာပါ … သူတို့ နှင်မထုတ်ရင် သူတို့အိမ်မှာ ရှိမှာပေါ့ … အဲဒါ … သူတို့တာဝန်ပဲ …"

တာဝန်မဲ့စကားကို ခပ်တင်းတင်း ပြောနေသည့် ဒေါ်ခင်မြတ်လှိုင်ကို တုံ့ပြန်ပြောရမည့်စကားလည်း ကိုကြီး ရှာမတွေ့နိုင်ပဲ ဖြစ်ကုန်ရပါ၏။ တကယ်လည်း ဟုတ်နေသည်ပဲလေ …။

ပန်းရဂုံမှ ခါးသီးသည့်အပြောတွေ ဖေဖေက ပြောချခဲ့သမျှ ငွေဝန်းကြားခဲ့ရှာသည် မဟုတ်ပါလား။ ထို စကားတွေကို ဖေဖေ ပြောနေတာနှင့် မတူ …။



www.burmeseclassic.com

www.burmeseclassic.com



*ကိုကြီး ပြောနေတာပဲဟု ရင်ထုမနာ ခုကျတော့ ခံစားလာရ* သည်။

ဟုတ်သည်..၊ ဖေဖေ့နားထဲ ပေါက်အောင် ကိုကြီးသာလျှင် ငွေဝန်း၏ ဘဝမှန်တစ်ခုကို ထိုစဉ်က မညာမထောက် ပြောပြခဲ့သည် မဟုတ်ပါလား ..။ ကိုယ့်ကိုလည်း ကိုကြီးပဲ ပြောပြခဲ့သည်။ ကိုယ့် ရင်ထဲမှ ငွေဝန်းလေး အပေါ် ထားသည့် အချစ်တွေကို ထိုစဉ်က ရုတ်တရက် ပျောက်လွင့်အောင် လုပ်သူသည်လည်း ကိုကြီးပဲ ဖြစ်နေသည်တည့် ..။

ခုလည်း ဒေါ်ခင်မြတ်လှိုင် မှ ပြတ်သားတင်းမာသောစကားတွေ ပြောချလာချိန်မှာ ခေါင်းငုံ့ခံနေဖို့ပဲ ရှိနေသည့်အဖြစ် ..။ ပြီးတော့ .. ငွေဝန်းလေး အတွက် ကိုကြီး စိတ်ပူလာသည်။ ဒေါ်ခင်မြတ်လှိုင် ၏ ပြောပုံဆိုပေါက်က ငွေဝန်းလေး အပေါ် ညှာညှာထောက်ထောက် မရှိ။ ပြီးတော့ ကြိုတင်၍ ပြောထားနှင့်သည့် စကားက တာဝန်မရှိပါ .. ဆိုသည့်အရာတွေ ပါလာနေသည်။

ဒါဆို .. ဒါဆို .. ညီမလေး မရှိတော့ပြီလား မသိ ..။ ထက်ခေါင်မှူး ကို ခေါ်ထားကာ ညီမလေးကို နှင်ထုတ်လိုက်ပြီလားဟု နားလည် တွေးထင်စပြုလာချိန်မှာ ဖြုန်းခနဲ ထရပ်လိုက်မိသည်က ကိုကြီးပါ။ မျက်စိမျက်နှာကြီး ပျက်ကာ ဟိုဟိုသည်သည် ရှာရန်မိသည်ကလည်း ညီမလေးကိုပါတည့် ..။

"မဟုတ်သေးဘူး မမမြတ် .. ထက်ခေါင် နဲ့ ငွေဝန်းပျို ကို ကျွန်တော်လည်း သဘောမတူပဲ ရှိနေတာပါပဲ .. သဘောမတူဘူးဆိုတာ ကိုလည်း ပန်းရဂုံက လူတွေအားလုံးကို ရှင်းရှင်းလင်းလင်း ပြောခဲ့တာ ပါပဲ၊ ဒါက တစ်ကဏ္ဍပါ .. ဒါပေမယ့် .. အဲသလို ကောင်မလေးကို ရက်ရက်စက်စက် .. နှိပ်စက်ဖို့အထိတော့ လက်တွေ့မှာ မမမြတ် မလုပ် သင့်တာ အမှန်ပဲ .. ပြီးတော့ .. ထက်ခေါင် ပြန်လာရင် .. အဲဒါတွေကို တွေ့ရင် ဘယ်လောက်ထိ ပေါက်ကွဲမယ်ဆိုတာလေးလောက်တော့ မမ





မြတ် ကြိုတင်တွေးမထားတာကို ကျွန်တော် အံ့သြတယ် .. သူ ချစ် မြတ်နိုးလို့ လက်ထပ်ထားတဲ့ မိန်းကလေးကို အဲသလို .. မမမြတ် ဆက်ဆံတာ .. နာကျင်စေတာတွေကို လက်ပိုက်ပြီးတော့ ထက်ခေါင် မကြည့်နိုင်ဘူးဆိုတာလေးလောက်တော့ မမမြတ် နားလည်ထားသင့် တာပေါ့ ..၊ ခုကျတော့ ဗျာ .. မဥ တို့ လင်မယား .. ဒီအိမ်ကြီးမှာ မနေတော့ဘူးဆိုပြီး ဖုန်းနဲ့ လှမ်းလဲ ဆက် .. ကျွန်တော်ရှေ့မှာတင် သူတို့သယ်သွားမယ့် သူတို့ပစ္စည်းတွေကို ပြခဲ့ချင်ပါတယ် .. တော်နေ ကြာ မမမြတ် က သူနိုး နိုးသွားပါသေးတယ်ဆိုရင် .. ရှင်းရလင်းရနဲ့ ဖြစ်ကုန်မှာစိုးလို့ပါဆိုတဲ့စကားပါ ထည့်ပြောလာလို့ ကျွန်တော် အဲဒီနေ့ က အိမ်ကို ရုံးခန်းကနေပြီး ကတိုက်ကရိုက် ပြန်လာရတာလေ ..၊ ခုကျတော့ ကိုချို နဲ့ မဥ တို့ လင်မယားလည်း ဒီအိမ်ကြီးကို စိတ်ပျက်ပြီး ပြန်သွားကြပြီ .. ဘယ်လောက် ရက်ဖို့ကောင်းလဲ .. ဒီအိမ်မှာ ကိုယ့် လခစားအဖြစ် ထမင်းချက် ဟင်းချက် .. ခြံရှင်း အပင်စိုက်နဲ့ ရှိကြတဲ့ သူတွေတောင်မှ .. မမမြတ် ရဲ့ စရိုက်ကို အထင်သေးပြီး ဒီကထွက်သွား ကြတယ် .. သူတို့ဟာ အလွန်သံစွာရှိကြတဲ့ ရတနာမွန်းရဲ့ နှစ်သက် ကြာ ဥယျာဉ်မှူးနဲ့ ထမင်းချက် လင်မယားပဲ .."

ဦးမြတ်မှူး နဲ့ ပြောနေသမျှ ဒေါ်ခင်မြတ်လှိုင် ကတော့ ဘာကိုမှ နောင်တမရသည့် မျက်နှာထားတင်းတင်းကြီးဖြင့် ခပ်တည်တည် ရပ်နေ သည်ပါပဲ။

လုပ်မိသည့်ကိစ္စအတွက် ဘာကိုမှ အမှားမရှိဆိုသည့် ခေါင်းမာ ကြည့်ဖြင့်လည်း မောင်လုပ်သူ ဦးမြတ်မှူး ကို စိုက်ကြည့်သည်။

"ငါက အကြီးပါ မောင်မှူး .. ဘာလဲ .. မင်းက ငါ့ကို အပြစ်တင် နေတာလား .. ဒီမှာ .. အဲသလို အမျိုးညံ့ ကလေးမကို ငါတူရဲ့ မိန်းမ အဖြစ် ဒီ ရတနာမွန်းမှာ ငါက တင်ထားရမှာလား .. သူ့ကို မိုက်ခဲ့ပေး ပြီး ထွက်သွားခိုင်းတယ် .. ဟိုတယ်မှာ စည်းစိမ်နဲ့ အခန်းငှားနေပါ ..



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်ဖြင့် သူတို့ ပန်းရဂုံက လူတွေကို ဖုန်းလေးဆက်ပြီး ခေါ်ပါ .. ဟိုကို ပြန်သွားနေပါလို့ ပြောတဲ့ဥစ္စာ .. လက်မခံဘူးလေ .. တော်တော် ခေါင်းမာတဲ့ ကောင်မလေး .. ထက်ခေါင် ကို အလွှတ်မခံနိုင်ဘဲ ဖြစ်နေတာ သိပ်သိသာတာပဲ .. ချမ်းသာတဲ့ ရတနာမွှန်းကို ဘယ်လက်လွှတ်ချင်ပါ့မလဲ .. ပန်းရဂုံကတော့ သူတို့ချမ်းသာစည်းစိမ်ထဲကနေပြီး အဲဒီကောင်မလေးကို ကန်ထုတ်လိုက်ပြီဆိုတော့ .. လက်ထဲမိရာ ရတနာမွှန်းက ထက်ခေါင် ကို ဘယ်လိုမှ အလွှတ်ကိုမခံဘဲ ပေတေတွယ်ကပ်နေတာ .. အဲသလိုဖြစ်နေတော့လည်း.. လန့်သွားအောင်ဆိုပြီး သူ့ကို အလုပ်တွေ နိုင်း .. မာတ်ပုံကြီး အောက်ထပ်ချခိုင်း .. သူ့လက်ထဲက မာတ်ပုံကို ယူပြီး လွှင့်ပစ် .. မှန်ကွဲစတွေနေရာမှာ သူ့ကို တရွတ်တိုက် ဆွဲချန့် လုပ်ပြလိုက်တယ်လေ .. အဲဒါမှ သူ လန့်ပြေးမှာပေါ့ .. ဒါပေမယ့် .. ဟိုကောင် ထက်ခေါင် က ပြန်ရောက်လာသလေ ..၊ အဲဒါကလည်း ကိုချို သစ္စာမဲ့ပြီး ထက်ခေါင် ကို ဖုန်းလှမ်းဆက်ခေါ်တာ ဆိုတာတွေကို မင်းကို အဲဒီ ကိုချို က ဒီအိမ်က ထွက်ခါနီးထပ်ပြီး ပြောပြလို့ ငါ ကြားနေရတော့ဖြင့် .. ဒေါသဖြစ်လိုက်တာလေ .. ဒါမှမဟုတ်ရင် .. ထက်ခေါင် လဲ ပြန်ပြီး အချိန်မီ ရောက်လာမှာ မဟုတ်ဘူး .. မှန်စရှရာ ဗရပွနဲ့ အဲဒီကောင်မလေး အရမ်းလန့်နေချိန်မှာ .. ငါက ငွေထုတ်ပစ် ပေးပြီး အိမ်က နှင်ထုတ်မလို့ ကြိုတင် ပြင်ဆင်ထားပြီးသား .. အဲဒီ ကောင်မလေးကလည်း အဲဒီလိုအချိန်မျိုးမှာ ငါ့ကို လန့်နေတာပဲ ကျန်တော့မှာဆိုတော့ .. ဒီက တစ်ချိုးတည်း လစ်ပြေးတော့မှာကို ငါက သိထားတယ်လေ .. ဘယ်လောက်ထိ ငါ့လက်သံ ပြောင်တယ်ဆိုတာ သူ သိသွားပြီကိုး .. ဒါပေမယ့် .. ကိုချို နဲ့ မဥ တို့ လင်မယား စနက်ကြောင့် .. ထက်ခေါင် လည်း ရောက်လာတယ် .. သူ့မယားခေါ် ဆင်းသွားတယ် .. ထက်ခေါင် ကိုလည်း မဥ က အဖြစ်တွေအားလုံး ငါ့ မျက်နှာမှ မထောက် ပြောချခဲ့တာ ငါ ရင်နာတယ် ဟဲ့ .. သိရဲ့လား -





အဲဒီလို လင်မယားကိုများ သစ္စာရှိတဲ့ အလုပ်သမားတွေလို့ မင်းမို့ ပြောရက်တယ်ကွယ် .."

ဒေါ်ခင်မြတ်လှိုင် ရင်နာသံကြီးဖြင့်ပင် မခံချင့်ဓောဖြင့် ပြောနေချိန်မှာ ကိုကြီး၏ရင်ထဲမှာ သွေးတွေ ဆူတက်နေပြီ။ ညီမလေးကို ရက်ရက်စက်စက် အလုပ်တွေ နိုင်းသည်တဲ့ ..။ ဓာတ်ပုံကို အသယ်နိုင်းပြီး ကွဲအောင်လွှင့်ပစ်ကာ မှန်စတွေရှအောင် တရွတ်တိုက် ဆွဲသည်တဲ့ ..။ ကြားရက်စရာကို မရှိ ..၊ သွေးသံတွေဖြင့် ရှိနေမည့် ညီမလေး ၏ ခြေထောက်လေးတွေကို မြင်ယောင်လာမိသည်။

အရမ်းကို ထိတ်လန့် ချောက်ချားပြီး ကူကယ်ရာမဲ့ဖြစ်နေသည့် ညီမလေး၏အဖြစ်ကို ရင်ကွဲအောင် မြင်ယောင်နေမိရပြီ ..။

"အန်တီ .. အဲသလို ဘာလို့ ညီမလေးကို လုပ်ရတာလည်း ဗျာ.. ကျွန်တော်တို့ ဖူးဖူးမှုတ်ချစ်တဲ့ ညီမလေး ဗျ သိရဲ့လား .. ခင်ဗျားကြီး လူ့စိတ်မရှိတာ .. အဲသလောက် နုနုဖန့်ဖန့်ရှိတဲ့ ကလေးကို .. မြင်တာနဲ့ နုနုဥဥလေး နေနေရတယ်ဆိုတာ သိသာနေပါရက်ကယ်နဲ့ အလုပ်တွေ နိုင်းတယ် .. ဟုတ်လား ., ခင်ဗျား .. လူမှ ဟုတ်ရဲ့လား ဗျ .."

ပေါက်ကွဲပြီး ပြောနေချိန်မှာ ဒေါ်ခင်မြတ်လှိုင် ခပ်ဟက်ဟက်ရယ်သည်။

"အလိုလေးလေ .. သူနိုးက လူဟစ် .. ကိုယ့်အပြစ် သူများ ပခုံးပေါ်တော့ လှမ်းမတင်လိုက်ပါနဲ့ တော်ရယ် .. မကျက်တကျက် ဖုတ်ထားတဲ့ ပေါင်မုန့်ကများ .. သူများကို မကျက်ဖူးလေး ဘာလေးနဲ့ လှမ်းအပြစ်မြင်နေတာမျိုးလည်း မလုပ်စမ်းပါနဲ့ ..၊ မင်းတို့ကရော.. အဲဒီကောင်မလေးကို ပန်းရဂုံက နှင်မလွှတ်လို့လား .. အဲဒီကလေးမကို လက်ဆွဲပြီး ထက်ခေါင် ခေါ်ခဲ့တာကို မင်းတို့လက်ထဲက အမျိုးညံ့ တစ်ယောက် ထက်ခေါင် ပခုံးပေါ် တာဝန်တွေနဲ့ တင်လွှတ်လိုက်ရပြီးပြီး ရင်ပေါ့ကျန်ခဲ့ကြတာ မဟုတ်လား .. ကျုပ်က ရက်ပိုင်းလေး မြင်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရက်စက်တာ ဘာဖြစ်လဲ .. မင်းတို့ တစ်သက်လုံး နေခဲ့ကြတာ တောင်မှ .. ရက်စက်ခဲ့ကြသေးတာပဲ ..၊ ငါက .. အဲဒီကလေးမ ခြေထောက်တွေလောက်ပဲ မှန်စရှုဒဏ်ရာ ဖြစ်ခဲ့တာပါဟဲ့ .. မင်းတို့က.. သူ့အသည်းနှလုံးတွေကို ပြတ်ရှဒဏ်ရာရအောင် လုပ်ခဲ့ကြတာပါ .. ခင်မြတ်လှိုင် တို့ကို လာအပြစ်တင်ပြီး ရန်တွေ့မယ်တော့ စိတ်မကူးကြနဲ့လို့ ခုကတည်းက သတိပေးထားလိုက်ပါရဲ့ .. ကဲ .. ကျုပ် မအားဘူး.. အိမ်မှာ ထမင်းချက် ဟင်းချက်ရှိတာ မဟုတ်ဘူး .. ချက်ရ ပြုတ်ရဦးမှာ.. မောင်မှူး ကိုလည်း ခုကတည်းက တစ်လက်စတည်း ပြောလိုက်ပါရဲ့.. မင်းရဲ့သား မရှိတော့တာကို ရင်ထဲ မချိတင်ကဲဖြစ်ပြီး အစားမဖြောင့် အအိပ်မဖြောင့် လုပ်နေတာ ကြာပြီ.. ခုတော့ .. ဒီကောင်လေးရောက်လာတုန်း .. ပြောချင်တာတွေ သူတို့ကိုလည်း ပြောလိုက်သလို .. မင်းကိုလည်း ပြောလိုက်ချင်တယ် .. မင်း ကျန်းမာရေးချို့ယွင်းလာရင် .. မင်းရဲ့ သားနဲ့ ချွေးမက လာပြုစုမှာ မဟုတ်ဘူး .. သူတို့ဘယ်ရောက်နေမှန်းလည်း ငါတို့သိနေရတာ မဟုတ်ဘူး .. အဲဒါ .. ကိုယ့်ဘဝကို ကိုယ်သဘောပေါက်ပြီး .. ကိုယ့်ကျန်းမာရေး ကိုယ် ဂရုစိုက်ပါ .. တော်နေကြာ .. သား မမြင်ရခင် .. မင်း အရင်သေနေလိမ့်မယ် ..''

နှုတ်စ လျှာစ ကြမ်းတမ်းတာကိုတော့ ဒေါ်ခင်မြတ်လှိုင် အပေါ် လက်လန်ရချေသည်ပဲဟု ကိုကြီး တွေးကာ တုံ့ပြန်ပြောချင်စိတ်လည်း မရှိတော့ပြီ ..၊ အန်ကယ် ဦးမြတ်မှူး လည်း အစ်မဖြစ်သူအပေါ် စိတ်လက်ကုန်နေတာ သိသာနေသည်ပါပဲ။

''အန်ကယ်လည်း .. အဲသလောက်ထိ .. မမြတ် ငွေဝန်း အပေါ် အဆင်ခြင်မဲ့ လုပ်လိမ့်မယ်လို့ မထင်မိခဲ့တာ အမှန်ပါပဲ .. မဥ တို့ လင်မယားအားလုံး ပြောပြလို့သာ ရင်ထဲမကောင်းနိုင်ပဲ အဖြစ်စုံ သိခဲ့ရတာပါ၊ ငွေဝန်းပျို နဲ့ သားကို သဘောမမျှနိုင်ပေမယ့် .. ကလေးမလေး တစ်ယောက်ကို .. အဲသလောက် ရက်စက်တာမျိုးကိုတော့ အန်ကယ်





မလုပ်ရက်တာ ကိုကြီး ယုံပေးပါ .. ခုလည်း မြင်တဲ့အတိုင်းပဲ .. မမြတ်ကတော့ နောက်မဆုတ်တဲ့ မမြတ် အဖြစ်ပဲ မြင်နေရတာပါပဲ .. ဒါပေမယ့် .. ထက်ခေါင် နဲ့ ငွေဝန်း ကိုတော့ အန်ကယ် စုံစမ်းနေတယ်.. သူ့သူငယ်ချင်းတွေကိုလည်း မေးနေရတာပါပဲ .. ဒါပေမယ့် .. ဘယ်သူကမှ .. သူတို့နဲ့ ထက်ခေါင် လာပတ်သက်တာ ရှိနေပါတယ်လို့ ပြောကြတာ မရှိဘူး .. အန်ကယ်လည်း .. အဲဒီ ကလေးနှစ်ယောက်ကို .. ဒီအိမ်ကြီးမှာ ဆက်ထားလို့ မဖြစ်အောင် မမြတ် ဘက်က တင်းမာနေတာမို့ ခေါ်ထားဖို့တော့ လောလောဆယ် မဆုံးဖြတ်နိုင်သေးပေမယ့် .. သူတို့ လုပ်ကိုင်စားသောက်ဖို့ .. ပြီးတော့ .. တိုက်ခန်း တစ်ခန်းလည်း အခု ဝယ်ထားပြီးပြီမို့ အဲဒီမှာ နေကြဖို့ပဲ စီစဉ်ပေးနိုင်တာ ရှိတာပါ .. သူတို့ အတွက် .. နေစရာလည်း အန်ကယ် အခုလုပ်ပေးထားပြီးပြီဆိုတော့.. မမြတ် ရဲ့ ရန်လည်း ကင်းပြီလေ ..''

ဟု ညည်းသည်။ စိတ်ဆင်းရဲနေတာလည်း သိသာနေသည်ပါပဲ..။ ကိုကြီး မျက်ရည်ကျလာပါ၏။

ရင်ထဲမှာ မကောင်းနိုင် ..၊ တစ်ခုတော့ ရှိသည် .. ဒေါ်ခင်မြတ်လှိုင် ပြောသည့်အထဲမှာ ပန်းရဂုံနှင့်ပတ်သက်၍ ပြောချလိုက်သည့် စကားတွေကတော့ဖြင့် မမှန်တာ မဟုတ် ..။ မှန်နေသည်ပါပဲလေ ..၊ ပန်းရဂုံကလည်း ငွေဝန်းလေး အပေါ် ရက်စက်စိမ်းကားခဲ့ကြသည်ဆိုတာ အမှန်ပဲ ဖြစ်နေသည်လေ ..။

သူများပြောသည့်စကား တစ်ခွန်းမှ တုံ့ပြန်ပြောရန် မရှိ ..၊ ကိုယ့်ဘက်က အလွန်ရှိနေသည်ကိုးလေ ..။

''ကျွန်တော်လည်း .. ညီမလေးကို တွေ့ချင် ခေါ်ချင်လို့ ဒီကိုလာခဲ့တာပါ အန်ကယ် .. ခုတော့လည်း .. မကြားရက်စရာတွေပဲ ရင်ထဲထိခိုက်ရင်း ကြားခဲ့ရ .. နောင်တာတွေနဲ့အတူ အိမ်ကို ပြန်ရတော့မှာပါ.. ဒီအဖြစ်တွေကို လောလောဆယ်မှာ ပန်းရဂုံက လူတွေအားလုံး မသိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ထားမှဖြစ်မှာပါ .. သူတို့သိရင် .. မေမေ အဆိုးဆုံး ခံစားရမှာ..၊ ခုလည်း မေမေ မစားနိုင် မအိပ်နိုင်နဲ့ အရမ်းကို ပိန်နေပါပြီ .. ဖေဖေ လည်း ဖွင့်သာ မပြောတာပါ .. စိတ်ထိခိုက်နေတာ တစ်အိမ်လုံး အသိ ပါ.. မေမေ့ ခများမှာ လုပ်နေကျအလုပ်တွေသာ တွင်တွင်လုပ်နေပေမယ့် စက်ရုပ်လို အသက်မပါပဲ ဖြစ်နေတာပါ ခင်ဗျာ .. ကျွန်တော် ညီမလေး ကို စုံစမ်းနိုင်ဖို့ဆိုတာက .. ညီမလေးနဲ့ တူတူရှိနေတာက ထက်ခေါင်မှူး ဖြစ်နေတာမို့ .. ထက်ခေါင် နဲ့ ပတ်သက်တဲ့သူတွေရဲ့ အမည်နဲ့ လိပ်စာ လေးတွေ ယူသွားပါရစေ .. ကျွန်တော့် အိတ်ဆောင် မှတ်စုစာအုပ်လေး ထဲ ရေးသွားပါမယ် ခင်ဗျာ .."

ဟု ပြောကာ အိတ်ဆောင် မှတ်စုစာအုပ်လေးကို အိတ်ကပ်ထဲမှ ကိုကြီး ထုတ်လိုက်ပါ၏။ ကိုကြီး၏လက်တွေ တုန်ခါနေသည်။ မျက်ရည်လည်း ကျလာနေသည်။

အရိပ်တကြည့်ကြည့်ဖြင့် နုနုဖူးဖူးလေး ထားရပါသည့် ညီမလေး ခများ .. ပန်းရဂုံမှ ထွက်ခွာသွားလိုက်ရတာနှင့် သေလုမျောပါးမျှ ဒုက္ခရာ တွေလည်း ခံစားရ ..၊ သွေးအလူးလူးဖြင့် ဖြစ်ရ ..၊ အားကိုးရာလည်း မဲ့နေရ ..၊ ကြောက်လည်း ကြောက်နေရှာရနှင့် ဖြစ်ခဲ့ရပြီ ..။

"အဲဒီအချိန်မှာ ငါက .. ပန်းရဂုံမှာ ညီမလေး မရှိတော့တဲ့အတွက် ရင်ထဲပေါ့နေသလိုတောင် ဖြစ်နေကြတာလေ .. ဘယ်လောက်များ .. ငါ .. မကောင်းခဲ့သလဲ .. ငါ မကောင်းခဲ့သလဲ .."

ဟု တွေးကာ မချိသည့် ရင် ..၊ ဆို့တက်နေသည့် လည်ချောင်းဆီမှ အသံတစ်ချက် တိုးသဲ့သဲ့မျှ မချိမဆံ့ ပွင့်ကျလာသည်။

မျက်ရည်သည် ဤတစ်ကြိမ်မှာတော့ ဟန့်ဆယ်၍ မရနိုင်အောင် ပြိုကျ၏။

အန်ကယ်ကဖြင့် .. မျက်ရည်ဝဲနေရင်း ကိုကြီး၏အဖြစ်ကို ငေး စိုက်ကြည့်နေပါချေသည်။





ညည့်ခန်းမှာ ရှိနေသည့် လူနှစ်ယောက်သည် ကိုယ်စီ ကြေကွဲ နေခြင်းတွေဖြင့် မျက်ရည်ကျနေကြချိန်မှာ မီးဖိုဆောင်ဆီမှ ကြော်လှော် သံတွေကတော့ ခံစားချက် ကင်းမဲ့နေသူ တစ်ယောက်၏ သရုပ်မှန်ကို သိနေစေသည့်နှယ် ရှိနေပြန်ချေသည် တကား ..။

"ချမ်းသာဂုဏ် .. မျိုးဂုဏ်ကို မက်ခဲ့တဲ့ ကိုကြီးဟာ .. အမိုက် တိုက်. ဖုံးနေခဲ့သလို ဖြစ်ခဲ့ပြီး .. ရက်စက်မိခဲ့လေသမျှ .. ခုတော့ .. ကိုကြီး .. မျက်ရည်မဆည်နိုင်တော့ပါဘူး ညီမလေးရယ် .. ညီမလေး ရင်ထဲမှာ ဘယ်အထိ အားငယ်နေမယ်ဆိုတာ .. ကိုကြီး .. အဲဒီအချိန် တုန်းက မတွေးပေးခဲ့မိဘူး ..၊ ထက်ခေါင် ရဲ့ခေါ်ရာနောက်ကို လက်အုပ် လေး တချီချီနဲ့ ကိုကြီးတို့ တစ်မိသားစုလုံးကို မျက်ရည်တွေနဲ့ ကြည့်ခဲ့ရှာ တဲ့ ညီမလေးကို .. ကိုကြီး အဲဒီအချိန်တုန်းက .. ဘာလို့ လှမ်းမခေါ်မိ ခဲ့ရတာလဲ .. မတားမိခဲ့ရတာလဲ .. သူများ ရက်စက်တာခံဖို့ လွှတ်လိုက် သလို ဖြစ်ကုန်ပါပေါ့လား .. ညီမလေး ရယ် .. ညီမလေး ရယ် .."

ခုကျတော့ ရင်သည် ကြေမွ၏။ မျက်ရည်တွေ ဆက်တိုက်ပြိုကျ ၏။ ညီမလေးက မရှိပြီ ..။



www.burmeseclassic.com

www.burmeseclassic.com





ကြေကွဲ နောင်တတွေနဲ့
ကျရတဲ့ မျက်ရည်
အချိန်မမီလေတော့
ခပ်ပျော့ပျော့ အပြုံးပင်
ဤဘဝတွင် ဝေးချေပြီ ...။
ဧအေးချမ်းသည် ဆိုသည့်ဘဝ
ဘယ်တော့မှ မရနိုင်
ကျိန်စာတိုင်တွင် ရစ်ပတ်ရင်း
ရှင်ခြင်းနှင့် သေခြင်းကြား
မရပ်မနား သွားချေပြီ ...။
သစ္စာမဲ့သူ့ရဲ့ဖြစ်အင်
အထီးကျန် လွင်ပြင်မှာ
ရှင်သန်ရာ ကျန်သည့်ခရီး
ပူလောင်ခြင်းကြီးစွာ
ဝဋ်ခံကာ နေရပြီ ...။
ခြော် ...
ဝဋ်ခံကာ နေရသည် ...။ ။







## အခန်း [ ၁၇ ]

ဦးစက်ဖေ ၏ အကြည့်တွေက စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် တစ်နေရာတည်းမှာ တန့်နေသည်။ ရှေ့မှာ ထိုင်နေသော တိုးဆွေ ...၊ တစ်ချိန်က ဒရိုင်ဘာဖြစ်ခဲ့ပါသည့် တိုးဆွေ ကို မှင်တက်ငေးကြည့်နေမိသည်က လတ်တလောမှာ ဘာကိုပြောရမှန်း မသိလောက်အောင် ပြင်းထန်မြင့်မားစွာ ရင်မှာ ဖြစ်တည်နေပါသည့် အံ့သြကြည့်နူးခြင်းများဖြင့်ပါ။

"ငါ့မှာ .. သမီး ရှိတယ် ဟုတ်လား .. ငါ့သမီးလေး အသက်ရှင်နေတယ် ဟုတ်လား တိုးဆွေ .."

အသံတွေ တုန်ခါနေရင်း ဦးစက်ဖေ မေးသည်။ ရှေ့မှာ ထိုင်နေသည့် အရမ်းကို တည်လွန်းနေသော လူတစ်ယောက်၏ အေးစက်စက်အကြည့်တွေကိုလည်း ရင်ဆိုင်ရမှာ ခက်ခဲသည့် ခံစားချက်ကလည်း ဖြစ်တည်လာပြန်သည်။ ပြီးတော့ ထိုအကြည့်တွေဖြင့် အရွံ့အကြောက်မရှိစွာ ကြည့်ရဲနေသူသည် တစ်ချိန်က ကိုယ့်ထံမှာ ဒရိုင်ဘာလုပ်ခဲ့သည့် လူတစ်ယောက်လည်း ဖြစ်နေသည်။

ဘယ်တော့မဆို ပျာနေအောင် ရှိသေခဲ့သည့် လူတစ်ယောက် ...၊ ကားရပ်လိုက်တာနှင့် ချက်ချင်းပြေးဆင်းပြီး ခပ်မြန်မြန်ပင် တံခါးဖွင့်ပေးခဲ့ပါသည့် ဒရိုင်ဘာတစ်ယောက်သည် .. ခုကျတော့ တည်တင်းစွာ အေးစက်စက်အကြည့်တွေကို ကြည့်ရဲနေသည့်သူ ဖြစ်နေချေသည်တကား ...။



www.burmeseclassic.com

www.burmeseclassic.com



ဤအတွက် တိုးဆွေ မမှားပါ ..၊ မှားသည်က ကိုယ်ပဲ ဖြစ်ချေသည်။ အရှိအသေတန်အောင် .. စက်ဆုပ် ရွံမုန်းအောင် လုပ်ခဲ့သူသည် ကိုယ်ပဲ ဖြစ်ချေသည်ကိုးလေ ..။ ရင်ထဲမကောင်းသည့်အထဲမှာ ဘယ်ခြေတစ်ဖက် ဆုံးရှုံးနေသည့် ဒုက္ခိတဖြစ်နေတာကို မြင်လိုက်ရခြင်းပဲ ဖြစ်လေ၏။

"ခြေထောက်တွေ ဘယ်လိုဖြစ်ခဲ့တာလဲ ကိုးဆွေ ရာ .."

သမီးနှင့်ပတ်သက်၍ ဘာမှ ဆက်မပြောသေးပဲ အေးစက်စွာ ကြည့်နေသည့် တိုးဆွေ ကို ဦးစက်ဖေ မေးမိပြန်ပါ၏။

"စပယ်ယာလုပ်တဲ့အလုပ်က ရခဲ့တဲ့ဒဏ်ရာပါ ဆရာ .. ကုန်ကားကြီးတစ်စီးမှာ စပယ်လုပ်ခဲ့ရာက .. အက်ဆီးဒင့်ဖြစ်ပြီး ရခဲ့တဲ့ဒဏ်ရာကြောင့် ..ဘယ်ခြေတစ်ဖက် ဒူးအထက်က ဖြတ်လိုက်ရတာပါ .. အခု.. ကျွန်တော် .. ဖိနပ်ချုပ်နေပါတယ် .. အော်ဒါလာအပ်တဲ့ ဖိနပ်အသစ်တွေကို ဆိုပါတော့ ..၊ ဒါပေမယ့် .. တစ်နေ့မှာ အသစ်လာအပ်သူ မရှိကြတော့ဘူးဆိုရင်တော့ .. ကိုယ့်ဝမ်းစာအတွက် လမ်းဘေးမှာ ခြေတစ်ဖက်ပြတ်ဘဝနဲ့ ထိုင်ပြီး ဖိနပ်ဟောင်းလည်း ချုပ်တန်ရင် ချုပ်ရမှာပါပဲ.. ဝမ်းစာအတွက်ကိုး ဆရာရယ် .. ဒါပေမယ့် .. လူချမ်းသာတွေလို .. လူတစ်ယောက်ကိုတော့ သေသည်အထိ ဒုက္ခမပေးတဲ့ ဖိနပ်ချုပ်သမားတစ်ယောက်အဖြစ်နဲ့ပဲ .. ကျွန်တော် သေမှာပါ ဆရာ .. သေရာပါ ဝဋ်ကြွေးကြီးတစ်ခုကိုတော့ .. ကျွန်တော် ကင်းပါတယ် .."

ခနဲ့စကား ဆိုတာကို ဦးစက်ဖေ သိ၏။ နှုတ်ခမ်းမှာတွက တရွရွ လှုပ်နေသည်။ သမီးနှင့် ပတ်သက်တာကို သိချင်ဇောက ရင်ကို အုပ်မိုးထားကြပြီ။

ဒါပေမယ့် မမေးရဲ ..၊ ရှေ့မှာ ထိုင်နေသည့် တိုးဆွေ သည် သန့်သန့်ပြန့်ပြန့် ဖြစ်နေသည်။ အဖြူရောင် ရှပ်တိုကို ဝတ်ထားကာ ချည်ချောပုဆိုး အပြာကွက်စိပ်လေးနှင့် သန့်နေသည်။





လက်မှာ လက်ပတ်နာရီဟောင်းလေးကို ပတ်ထားသည်။ အသားတွေကတော့ ညိုထေးထေး ..။ ဆံပင်တွေလည်း ကြမ်းကြမ်းထူထူကြီးဖြင့် ဖြူတချို့ နက်တချို့ .. လွယ်ထားသော လွယ်အိတ် နီညိုရောင်သည် ဟောင်းနေပေမယ့် လျှော်ဖွပ်ထားတာမို့ သန့်နေသည်။

"ပုန်းညက်မြို့ကို လာရမှာမို့ .. အဝတ်အစားကအစ .. သန့်အောင် ဝတ်ထားရတာယ် ဆရာ .. ညစ်တီးညစ်ပတ်ဆိုရင် အိမ်ထဲဝင်ခွင့် မရမှာ လန့်နေရတယ်လေ .. ပုန်းညက်မြို့မှာ ခြံစောင့် ဘာဘမုန်း မဟုတ်ဘဲ .. တခြားတစ်ယောက်ယောက် ဖြစ်နေရင် ခက်မယ် မဟုတ်လား .. ဘာဘမုန်း ရှိနေတယ်ဆိုရင်တော့ဖြင့် .. ခြေတစ်ဖက်ပြတ် .. ညစ်ပတ်ပတ် ဖိနပ်ချုပ်သမား တိုးဆွေ ကို .. ပေးမဝင်ဘဲတော့ နေမှာ မဟုတ်ဖူးလို့ သိထားပြီးသားပါ .. ဆင်းရဲသားချင်းချင်း မဟုတ်လား..၊ တစ်ချိန်က ပုန်းညက်မြို့မှာ ဘိုကေလေး ကျော်အောင်ဖြိုးပြီး .. မီးပူကျအဝတ်သန့်လေးဝတ်တဲ့ တိုးဆွေ ဆိုတဲ့လူကို ဘာဘမုန်း မမေ့နိုင်ဘူးဆိုတာလည်း သိထားပါရဲ့ .. ဘာဘမုန်း မရှိပဲဖြစ်မှာကိုသာ စိုးရိမ်လို့ ဒီလောက် သန့်သန့်ပြန့်ပြန့် ဝတ်လာရတာပါ ဆရာရယ် .. ခုလို ဘာဘမုန်း ရှိနေမယ်ဆိုတာ သိရင် .. ဆရာ့ဆီကို .. မွဲညစ်ညစ် အဝတ်တွေနဲ့ .. စုတ်ဖွားဖွား တိုးဆွေ အဖြစ်ပဲ လာလိုက်ပါရဲ့ .. ဘာလို့လည်းဆိုတော့ .. မသန့်ရှင်းခြင်းဆိုတာက .. အဝတ်တစ်ခုတည်း မဟုတ်ဘူး ဆရာရဲ့ .. စိတ်မသန့်ရှင်းတာလည်း မသန့်ရှင်းတကာ့မှာ အဆိုးဆုံး မဟုတ်လား ..၊ စိတ်မသန့်ရှင်းတဲ့ လူတစ်ယောက်ဆီကို နံစော်နေတဲ့ အဝတ်တွေနဲ့ မသန့်မရှင်းဝတ်လာတဲ့ လူတစ်ယောက်ဟာ .. ဘာမှကို.. ဒီအိမ်ထဲ မဝင်ရဲစရာကို မရှိတာပါ .."

မယ်မှုန် နှင့်ပတ်သက်၍ အတော်ကြီးကို ကိုယ့်အပေါ်မှာ နာကြည်းစိတ်ရှိသမျှ ခုထိ မပြေနိုင်ပဲရှိနေတာကို ဦးစက်ဖေ သိနေရပါပြီ။ ပုန်းညက်မြို့သို့ ဒုက္ခိတဘဝဖြင့် လွယ်အိတ်တစ်လုံး လွယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ချိုင်းထောက်ကြီးနှင့် တိုးဆွေ ရောက်နေကြောင်း ဦးစက်ဖေ ရှိရာ စာကြည့်ခန်းဆီသို့ ဘဘမုန်း ပြေး၍ လာပြောပြချိန်သည် ညနေ သုံးနာရီ ဖြစ်နေပြီ။ ကြားတော့ ရင်ထဲမကောင်း ..၊ ဒုက္ခိတဘဝ မည်သို့ ရောက်ရှာပါလိမ့်ဟုလည်း တွေးသည်။ ခြံတံခါးဖွင့်ပေးဖို့လည်း ပြောခဲ့သည်။

ဘဘမုန်း ခြံတံခါး သွားပြေးဖွင့်ရှာ၏။ ဘဘမုန်း သည်လည်း တိုးဆွေ ခုလို ဒုက္ခိတဘဝဖြင့် အရွယ်များစွာကျကာ ဆံပင်တွေဖြူတောများနေသည့် ရုပ်အဆင်းဖြင့် ရှိနေတာကို မြင်ရတော့ ရင်ထဲမကောင်းနိုင်တာ သိသာနေသည်ပါပဲ ..။

စာကြည့်ခန်းမှာပဲ ဦးစက်ဖေ တိုးဆွေ ကို တွေ့သည်။ ရောက်တာနှင့် ရှေ့မှာ ထိုင်သည်။

"ဆရာ့မှာ .. သမီးတစ်ယောက် ကျန်ခဲ့တယ် ဆရာ .."

ဟု စကားကို ပိုင်းတာမရှိပဲ တည့်တိုး ပြောလိုက်သမျှ ကြားခဲ့ရစဉ်က ဦးစက်ဖေ မှင်တက်သွားသည် ..၊ နောက်တော့ ကြည်နူးခဲ့ရသည်။ ထိုမျှသာ အသိပေးပြီးသည့်နောက်မှာ သမီးလေးနှင့် ပတ်သက်တာကို ဘာမှ ရှေ့စကားမဆက်တော့ပဲ တခြားစကားတွေဘက် ခန်းခနဲ့ပြောင်း ပြောလာသမျှကို ငြိမ်ခံနေရသည့်အဖြစ် ..၊ ဒါပေမယ့် ကိုယ့်ဘက်က တစ်ချိန်က လွန်ခဲ့တာတွေရှိခဲ့တာမို့ ဘာမှကို ရှေ့ဆက်မမေးရဲသေးပဲ ရှိနေရသည်ကလည်း ဦးစက်ဖေ ပဲ ဖြစ်နေသည်။

"ဆရာ အတိတ်ကိုတော့ မမေ့နိုင်သေးဘူး ထင်ပါရဲ့ .. ပန်းခြံကြီး တစ်ခုမှာ နေ့စား အလုပ်လုပ်တဲ့ မယ်မှုန် ဆိုတဲ့ မိန်းကလေးကို မြင်မြင်ချင်း ချစ်လှချေရဲ့ဆိုပြီး ပြင်ဦးလွင်က မပြန်နိုင်ဘဲ သောင်တင်နေခဲ့တဲ့ ကာလတွေကို ဆိုပါတော့ .. အဲဒီတုန်းက ဆရာ့ ဒရိုင်ဘာ မောင်တိုးဆွေ အဖြစ် ကျွန်တော် ရန်ကုန် ပြင်ဦးလွင် အပန်းဖြေ ဆရာ့ ခရီးမှာ ပါခဲ့ရတာမို့ မမေ့နိုင်သေးတာတော့ အမှန်ပါပဲ ဆရာ .. ပန်းခြံကြီးထဲ ဝင်ပြီး





ပန်းတွေ တစ်ပွေ့ဝယ် ရန်ကုန်ပြန်မယ်ဆိုတဲ့ ဇောနဲ့ ဆရာ အဲဒီပန်းခြံကို ရောက်ခဲ့ပေမယ့်.. အဲသလို ရောက်ခဲ့တာဟာ ပြန်ဖို့မဟုတ်ဘဲ နေဖို့ ဖြစ်ကုန်တာ ဆရာ သတိမြဲနေတယ်ဆိုရင်တော့ မှတ်မိနေမှာပါ .."

ဦးစက်ဖေ ခေါင်းငုံ့ထားမိရပါပြီ။ ပြောစေတော့ ..၊ မယ်မှုန် နှင့် ပတ်သက်၍ ခံပြင်းစိတ်ဖြင့် တိုးဆွေ ပြောစေတော့လေ ..။ တကယ့်ကို ချစ်မြတ်နိုးစိတ်ဖြင့် မယ်မှုန် ဆိုသည် ပန်းပုသူဇာလေးထံမှ မခွဲနိုင်သည့် အတိတ်ကုအဖြစ်တွေကို ဘယ်လိုမေ့၍ ရနိုင်မည်တဲ့လဲ ..။ ဒါပေမယ့်.. တိုးဆွေ ကိုတော့ အဖြစ်မှန်တွေ လောလောဆယ်မှာ ပြောပြ၍ ရနိုင်မည် မထင် ..။ တကယ်လည်း မယ်မှုန့် ကို မြင်လိုက်တာနှင့် ပန်းတွေဝယ်ခဲ့ပေမယ့် ပြင်ဦးလွင်မှ ရန်ကုန်ကို မပြန်နိုင်တော့ပဲ ..။ ရက်ခြားတစ်ခါ လောက် ပန်းတွေ တစ်ပွေ့ကြီး ဝယ်ဝယ်နေသည့် သူဌေးလေး စက်ဖေ ဆိုသည့် ကောင်လေးတစ်ယောက်၏ပုံရိပ်ကို အသည်းထဲမှာ ဘယ်တော့မှလည်း မထုတ်ရက်နိုင်တာ ကိုယ့်နှလုံးသားသာ သိနေရပါသည့်ဘဝ..။

နောက်ဆုံးတော့ မယ်မှုန့် ကို ချစ်နေသမျှ တိုးဆွေ ကိုပဲ အားကိုးကာ စာအပေးခိုင်းခဲ့သည်ကိုက .. လူပျိုပေါက်လေးပမာ ကိုယ့်အချစ်ကို ကိုယ်ကိုယ်တိုင် မပြောရဲသည်အထိ ခံစားခဲ့ရ၍ ဆိုတာလည်း ကိုယ်ပဲ ခုထိ သိနေရခြင်း ..။

တိုးဆွေ ကြောင့်ပင်လျှင် .. စက်ဖေ နှင့် မယ်မှုန် တို့ ချစ်သူဖြစ်ခဲ့ကြရသည်။ ပြင်ဦးလွင်မှာ တစ်လကျော်ကြာခဲ့သည်။

မယ်မှုန့် ကို လက်ထပ်ဖို့လည်း ဆုံးဖြတ်ပြီးပြီ ..၊ မေမေ့ကို ခွင့်ပြန်တောင်းပြီး မေမေနှင့်အတူ ပြင်ဦးလွင်သို့ ပြန်လာမည်။ မယ်မှုန် ၏ အဒေါ်ဆိုတာမှာ သွား၍ စကားကမ်းမည်ဟုပင် မယ်မှုန့် ကို ကတိပေးခဲ့သည်ပဲ ..။

ဒါပေမယ့် .. ဪ .. ဒါပေမယ့် .. ဘဝကံဆိုတာ လန့်ဖို့ကောင်းလောက်အောင် လှည့်ဖြား မာယာများတတ်ကြပေသည်ဟု သိခဲ့ရချိန်



www.burmeseclassic.com

www.burmeseclassic.com



သည် မယ်မှုန် နှင့် ဝေးရဖို့အကြောင်းရင်းဖြစ်တည်လာစေခဲ့ချိန်ပဲ ဖြစ်ခဲ့ပါလေ၏။

"ဆရာဟာ .. ဆရာ့အချစ်ကိုလည်း ကျွန်တော်နဲ့တစ်ဆင့် စာပေးနိုင်းပြီး ပြောခဲ့တယ် .. ဆရာ့ လမ်းခွဲစာကိုလည်း ကျွန်တော်နဲ့တစ်ဆင့် စာပေးပြီးတော့ပဲ မယ်မှုန့် ကို ပြောခဲ့ပြန်တယ် .. ဆရာခိုင်းလို့ ကျွန်တော် ရန်ကုန်ကနေပြီး ပြင်ဦးလွင်ထိ မယ်မှုန့် အတွက် သယ်သွားရတဲ့ စာဟာ ဆရာ့ကို မယ်မှုန် မေ့လိုက်ဖို့ရေးထားတဲ့စာဆိုတာ အစောကြီးကတည်းက ကျွန်တော် ကြိုသိခဲ့ရင် .. အဲဒီစာကို မယ်မှုန့် လက်ထဲသွားပို့ပေးရမယ့်တာဝန်ကို ငြင်းခဲ့မှာပါ ..၊ ဘာလို့လဲဆိုတော့ .. ချစ်တဲ့စာကိုလည်း ဆရာ့ကိုယ်စား ကျွန်တော် ပေးခဲ့ရတယ် .. အဆက်ဖြတ်တဲ့စာကိုလည်း ဆရာ့ကိုယ်စား ကျွန်တော် သွားပေးရတယ်ဆိုရင်ဖြင့် .. ဘယ်လို မျက်နှာနဲ့ ပေးနိုင်ပါ့မလဲ ဆရာ .. အရှက်ရှိတဲ့လူ .. ဘယ်လုပ်နိုင်ရဲပါ့မလဲ .. ဒါပေမယ့် .. ဆရာ အရှက်နည်းနည်းနဲ့ ပေးလိုက်တဲ့စာကို .. ဆရာ့ မေတ္တာစာလို့ အမှတ်မှားပြီး .. မယ်မှုန့် လက်ထဲကျွန်တော် ပေးခဲ့တယ် ..၊ ဆရာ့ကို ချစ်တဲ့ မယ်မှုန် .. ဝမ်းသာအောနဲ့ချက်ချင်း ဖတ်ရှာတယ် .. သူ ဘာများပြန်မှာမလဲ .. စာရေးလိုက်မလားဆိုတဲ့ စိတ်နဲ့ .. ကျွန်တော်ကလည်း မယ်မှုန့် ကို ဖြိုးပြီး စောင့်ကြည့်နေခဲ့တာ .. မယ်မှုန် ချုံးချငိုတော့မှ လန့်သွားရတာ .. သူ ပေးဖတ်လို့လည်း ကျွန်တော် လန့်ဖျပ်ပြီး ယူဖတ်ကြည့်ရတာ .. ရက်စက်လိုက်တာ ဆရာရယ် .. ကျွန်တော်ဖြင့် မယ်မှုန့် ကို ဒီလို ဒုက္ခပေးမယ့်စာကို တပျော်ပျော်နဲ့ သွားပေးမိလေခြင်းဆိုပြီး မျက်နှာပျက်လိုက်ရတာဗျာ.. ဒါပေမယ့် .. ဆရာ့ဆီကို .. ကျွန်တော် စိတ်မျက်မျက်နဲ့ ထပ်လာခဲ့ရတာက .. မယ်မှုန် ငိုပြောပြလို့ .. သူမှာ ဆရာ့ရင်သွေးလေးရှိနေပြီဆိုတာ သိခဲ့ရတာမို့ .. မယ်မှုန့် ကို လက်ထပ်ဖို့ လာပြောရဖို့ အတွက်ပါ .. ဒါမှမဟုတ်ရင် .. အဲဒီ ပြင်ဦးလွင် က ပြန်ကို မပြန်ပဲ အလိုလို အလုပ်က





ထွက်ပြီးသားပါ .."

အံ့ခဲ၍ တိုးဆွေ ပြောနေသမျှ ဦးစက်ဖေ ခေါင်းငုံ့၍ ခံနေဆဲ ..၊ ကိုယ့်ဒရိုင်ဘာပေမို့ တိုးဆွေ ဟု နှုတ်ခေါ်တာ နှုတ်ကျိုးနေပေမယ့်.. အရွယ်ချင်းက သိပ်ကွာကြတာ မဟုတ်။ ဦးစက်ဖေ က နှစ်နှစ်လောက်ပဲ ကြီးသည်။ တစ်ချိန်က ကိုယ့်ကားကို မောင်းခဲ့ရာမှာ တိုးဆွေ ဆိုတာကိုယ့်ညီတစ်ယောက်နယ်ပင် ဆက်ဆံခဲ့သည်ကလည်း ဦးစက်ဖေ ပါ။ ခုကျတော့ တရင်းတချာရှိခဲ့လေသမျှ .. စိတ်နာစရာတွေ လိုမ့်ခံခဲ့ သိခဲ့ရပါသည့် တိုးဆွေ သည်က တစ်ချိန်တုန်းကလို အစ်ကိုလေးဟု မခေါ်တော့ပဲ ..။ ဆရာ .. ဟု ပြောင်းခေါ်နေပြီ ..။

"ဆရာ့ကို .. ကျွန်တော် ဒီ ပုန်းညက်မြိုင်ကို ပြန်လာပြီး မယ်မှုန့်မှာ ကိုယ်ဝန်ရှိနေတာကိုလည်း ဒီ စာကြည့်ခန်းထဲမှာပဲ ပြောပြခဲ့တယ်.. ဆရာက .. တာဝန်ယူဖို့ နေနေသာသာ .. လုံးဝ လက်မထပ်နိုင်ဘူးလို့ အပြတ်ဖြေခဲ့တယ် .. ဆရာ့ မေမေ စီစဉ်ပေးတဲ့ မန္တလေးဦး ဆိုတဲ့ ကုန်တိုက်ပိုင်ရှင်သူဌေးကြီး ဦးကျော်စွာမင်း နဲ့ ဒေါ်မြဦး တို့ရဲ့ သမီးကို လက်ထပ်ဖို့ ဗိတ်စာတွေတောင်မှ ဆရာ့မေမေက အပ်လိုက်ပြီလို့ အပြတ်ပြောခဲ့တာမို့ .. အဲဒီနေ့က .. ကျွန်တော် ဆရာ့ကို ပြောခဲ့တယ်လေ .. မယ်မှုန့်ကို ကျွန်တော် လက်ထပ်မယ်လို့ .. ဆရာ့ဆီကိုလည်း နောက်ထပ်ဘယ်တော့မှ မလာတော့ဘူးလို့ ပြောခဲ့တာပါ .. တကယ်လည်း ပြန်လာဖို့ကို လုံးဝ စိတ်ကူးမရှိတာကိုလည်း ခုထိ .. အဲဒီစိတ်ခံစားချက်နဲ့ပဲ ပြောပါရဲ့ ဆရာရယ် .."

တိုးဆွေ ခပ်မဲ့မဲ့ပြုံးသည်။ ဦးစက်ဖေ ကတော့ ခေါင်းငိုက်ချလိုက်ပါပြီ ..။

"စံကားဝါရွှေစင် ဆိုတဲ့ ဟိုတယ်ကို ပိုင်တဲ့ သူဌေးမကြီး ဒေါ်ခင်မကြီး ရဲ့ တစ်ဦးတည်းသော သားဖြစ်တဲ့ ဆရာဟာ .. အမေနဲ့တူပဲ .. ဝန်ထမ်းတွေကို ရင်းရင်းချာချာ ဆက်ဆံတယ် .. သဘောကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဝန်ထမ်းတွေက ချစ်ကြသလို .. ကျွန်တော်လည်း ချစ်ခဲ့တာပါပဲ.. ဒါပေမယ့် ဆရာဟာ အန်တီဒေါ်ခင်မကြီး လိုပဲ တကယ်တန်းကျတော့ ချမ်းသာဂုဏ် တယ်မက်သကိုး ဆိုပြီး .. ဆရာ့ကို လုံးဝ .. အဆက်ဖြတ် လိုက်ဖို့ ဆုံးဖြတ်ခဲ့တာပါ .. ခုကျတော့ .. မလာမဖြစ်လို့ လာရတာပါ ဆရာ .. လာချင်လွန်းလို့ မထင်ပါနဲ့ .. ပြီးတော့ .. ဆရာ့ဆီက တစ်ခုခု ရကောင်းရဲ့ .. အထောက်အပံ့ရစေဆိုပြီး လာတယ်လို့လည်း မထင် လိုက်ပါနဲ့ .. ဖိနပ်သာ ချွတ်တာပါ .. စိတ်ထားကောင်းတဲ့ တိုးဆွေ ဆိုတာက .. လူချမ်းသာ တာဝန်မဲ့တဲ့ ဆရာ့လို လူမျိုးဆီက .. အစ ထိုင်နေတဲ့နေရာမှာ လေတောင် ဝအောင် ရှူရမယ် .. ဆရာက လေဖိုး ပေးမယ်ဆိုရင်တောင် .. အသေခံသွားမယ် ..၊ ဆရာ ပိုက်ဆံနဲ့တော့ အသက်တောင် မရှူချင်ဘူး ဆရာ .. အဲဒါတော့ ကြိုပြောထားပါရဲ့ .. ဆရာက .. ဆရာ့ဆီက တစ်ခုခု ရနိုးနိုးဆိုပြီး ထင်သွားမှာစိုးလို့ ပါ .. ဘာလို့လည်းဆိုတော့ ချမ်းသာတဲ့ လူအများစုဟာ .. သူတို့ဆီမှ အကူ အညီတောင်းတာတွေပဲ ကြုံဖန်များရတော့လည်း .. တစ်ယောက် ယောက် ခပ်နွမ်းနွမ်းပါးပါးနဲ့ လာပြီဆိုရင် .. အကူအညီ လာတောင်းပြီ လို့ ထင်လိုက်တတ်ကြရတယ်လေ .."

ဆက်တိုက်ပြောချကာ သက်ပြင်းရှိုက်၍ တိုးဆွေ တစ်ချက် အမောဖြေသလို ငြိမ်သွားသည်။

"ငါ .. ပြင်ဦးလွင်ကို ရောက်သေးတယ် .. မယ်မှုန် သတင်းသွား နှစ်မ်းတာပါ .. မယ်မှုန် ဆုံးပြီဆိုတာ သိရတယ် .. ကလေးလည်း ဆုံး တယ်ဆိုတာ သိရတယ် .. ပန်းခြံကို ငါရောက်တော့ အလုပ်သမလေး တွေက ငါ့ကို မုန်းတဲ့အကြည့်တွေနဲ့ ကြည့်လိုက်ကြတာ .. ဝိုင်းဝိုင်း လည်နေတာပါပဲ ..၊ မယ်မှုန် မင်းနဲ့ လက်ထပ်သွားတာ .. မင်း ပြန်ကွာ ရှင်းခဲ့တာ .. မယ်မှုန် သူ့အဒေါ်အိမ်မှာ သွားနေတာ .. ကလေးရော အမေရော ဆုံးကုန်ကြတာ အားလုံး ငါ ကြားခဲ့ရတယ် ..၊ အားလုံးတစ်





ယောက်တစ်ပေါက် ဝိုင်းပြီး စိတ်နာနာနဲ့ ပြောကြလို့ ငါ ကြားခဲ့ရတာ ပါကွာ .. မင်းကို ငါ မေးပါတယ် .. သူတို့က .. မင်းကို ဒုက္ခဆက်မပေး ပါနဲ့တော့တဲ့ .. အဲသလိုပဲ ဖြေကြတယ်လေ .. အလုပ်သမလေးတွေဆို တာ .. ငါ့ကို ဝိုင်းကြည့်ကြတာများ .. သတ်ပစ်ချင်နေသလိုပါပဲ .."

ဦးစက်မေ ပြောတော့ တိုးဆွေ တစ်ချက် အံ့ဩသလို ကြည့်လာ သည်။ ပြင်ဦးလွင်သို့ လိုက်သွားသည်ဆိုသည့်စကား ကြားရသည်ကိုး..။

"ဟုတ်လား .. အဲဒါ ကျွန်တော် မသိဘူး .. ကျွန်တော်လည်း မယ်မှုန် လုပ်ခဲ့တဲ့ ပန်းခြံဘက်ကို ရောက်မှ မရောက်တော့တာ .. ဒါပေ မယ့် .. ကျွန်တော် ဆေးရုံမှာ ခြေထောက်ဖြတ်လိုက်ရတယ် ကြားတုန်း က .. အားလုံး သတင်းမေးလာကြသေးတယ် .. မယ်မှုန့် ကိုယ်ဝန်ကို အမေအမည်ခံ လက်ထပ်ပေးတာလည်း သိကြတာမို့ ကျွန်တော့်ကို အလွန်မြင့်မြတ်သူလို့ မှတ်ယူထားကြတာ .. မယ်မှုန် လည်း ကိုယ်ဝန် ကြီးနဲ့ လာကြည့်ရှာပါတယ် .. ငိုရှာတယ် ..၊ ကျွန်တော်က .. ခြေပြတ် ကြီးမြင်ဖို့ ကိုယ်ဝန်ဆောင်အနေနဲ့ မကောင်းဘူးဆိုပြီး ပြန်နိုင်းရတာ.. ထပ်မလာဖို့လည်း မှာရတယ် .. ကျွန်တော် ဆေးရုံကဆင်းပြီး သိပ်မကြာ ပါဘူး .. မယ်မှုန် ရော ကလေးရော ဆုံးတယ်ဆိုလို့ .. အသုဘပို့တောင် ရောက်ခဲ့ပါသေးတယ် .. ဆရာ့ကို အလွန်နာကြည်းတဲ့ စကားတွေ ဆေးရုံမှာကတည်းက ကျွန်တော် ပန်းခြံအလုပ်သမလေးတွေကို ပြောခဲ့ တာမို့ရော .. မယ်မှုန့် ကို လက်ထပ်ခဲ့တုန်းကလည်း ဆရာ့အပေါ်မှာ ကျွန်တော် ဘယ်လောက် စိတ်နာတယ်ဆိုတာ ပြောခဲ့တာမို့ရော .. သူတို့တတွေဟာ ဆရာ သူတို့ဆီကို မယ်မှုန့် သတင်းသွားမေးချိန်မှာ.. ကျွန်တော် ဘယ်မှာရှိတယ်ဆိုတာ ဆရာ့ကို မပြောပြကြတာ ဖြစ်ပါလိမ့် မယ် .. အဲသလို မပြောတာပဲ ကောင်းပါတယ် .. ကျွန်တော်ကလည်း ဆရာ့ကို တွေ့မှ မတွေ့ချင်တာ .."

လုံးဝ အားနာဖို့ စိတ်ကူးမထားပဲ တုံးတိုက်ပြောနေသည့် ဦးစက်



www.burmeseclassic.com

www.burmeseclassic.com



ဖေ ငြိမ်ခံသည်။ မယ်မှုန် ရော .. ကလေးရော .. ဆုံးပြီဆိုတာ သိခဲ့ရစဉ်တုန်းက အဘယ်မျှထိ ရင်ထဲ ဆောက်တည်ရာမရှိ ကြေကွဲခဲ့ရတာ..၊ မျက်စိတွေ ပြာကုန်ရတာ ..။ ခုအချိန်မှာ ပြောပြ၍လည်း ထူးလာချေနိုင်စွမ်းသည်မှ မဟုတ်ချေသည်ပဲလေ ..။

"အခု .. ဆရာ့ကို လာပြောတာ .. ဆရာ့သမီးရှိတာ သိရလို့ လာပြောတာ .. သူက .. သူ့အဖေဟာ ကျွန်တော်လို့ ထင်နေတယ် .. ဖိနပ်ချုပ်သမားကို အဖေခေါ်ရမှာ မရှက်ဘူး .. အဖေကို ချစ်ဖို့ပဲ သိတဲ့ ကလေး.. ရုပ်လေးကလည်း အမေနဲ့လည်း တူ .. အဖေနဲ့လည်း တူနေတာမို့ .. ဆရာ့ကို မုန်းနေတဲ့ကြားထဲက ကျွန်တော်ဖြင့် ဪ .. ဆရာနဲ့ တူပေသကိုးလို့ ကြေကြေကွဲကွဲ တွေးမိခဲ့ပါရဲ့ .. ဆရာ့လိုပဲ မျက်တောင်ရှည် စင်းစင်းထူထူလေးတွေ .. ပါးချိုင့်လေးတွေကို ပိုင်တဲ့ အဲဒီကလေးဟာ.. ပန်းရဂုံဆိုတဲ့ အိမ်ကြီးတစ်အိမ်မှာ .. သမီးလေးအဖြစ် .. ချမ်းတောင့်ချမ်းသာ နေခဲ့ရဖူးတယ် .."

ကိုယ်နှင့်တူသည်ဟု သိရ၍ ရင်ထဲ ကြည်နူးရသည်က ဦးစက်ဖေပါ ..၊ မျက်ရည်တွေ လည်တက်နေသည်။ သမီးလေးနှင့် ပတ်သက်၍ ပန်းရဂုံမှ အဖြစ်တွေကို ဆက်တိုက် တိုးဆွေ ပြောနေသမျှ နားထောင်နေရခိုက်မှာတော့ ရင်ထဲမှာ ထိခိုက်ရပြီ ..၊ ယူကျုံးမရ ဖြစ်ရပြီ ..။ ရတနာမွန်းမှာ အကြမ်းပတမ်း အနာတရဖြစ်အောင် ဆက်ဆံခံရသည့် အဖြစ်တွေ ကြားရချိန်မှာတော့ ဦးစက်ဖေ ရှိုက်ကြီးတငင် ငိုချလိုက်ပါပြီတည်း..။

"ငိုပါ ဆရာ .. ဆရာ့မျက်ရည်ဟာ .. မယ်မှုန့် မျက်ရည်ကိုတောင်မ ကြေးမကျေပါဘူးဗျာ .. မယ်မှုန့် သမီးလေး အဖေဖောနဲ့ ငိုတဲ့ မျက်ရည်နဲ့ မယ်မှုန့် မျက်ရည်တွေ နှစ်ခုပေါင်းလိုက်ရင် .. ဆရာ့မျက်ရည်တွေက .. အမှုန်အစက်လေးလောက်ပဲ ရှိတော့တာပါ .. မျက်ရည်ဆိုတာက ချမ်းသာသူ .. ဆင်းရဲသူ .. ဘယ်သူ့မျက်ဝန်း မျက်ဆံ





ကပဲကျကျ .. မျက်ရည်ချင်းတော့ အတူတူပါပဲ .. ချမ်းသာသူ ကျတဲ့ မျက်ရည်က ရွှေစက်ဖြစ်ပြီး .. ဆင်းရဲသူ ကျတဲ့ မျက်ရည်က ရေစက် မဖြစ်နေကြပါဘူးဗျာ .."

တိုးဆွေ ပြောသည့် စကား ..၊ ရင်ကို လာမှန်၏။ ဘာတဲ့ ..၊ ချမ်းသာသူ ကျသည့် မျက်ရည်သည် ရွှေစက်ဖြစ်ပြီး ဆင်းရဲသူ ကျသည့် မျက်ရည်သည် ရေစက် မဖြစ်နိုင်ပါတဲ့လားလေ။ မျက်ရည်ချင်းတူတူပဲ ဖြစ်ချေသည်တဲ့လား ..။ ဒရိုင်ဘာတစ်ယောက်က ရင်ထဲ ပေါက်ကွဲခံစား ပြောလာခြင်းသည် ဘဝ ဒဿနဆန်နေသည်။

"အဲဒါ .. ကလေးကို သနားလွန်းလို့ .. ဒီလို အိမ်ကြီးအရိပ်ကို လာနင်းရတာပါ .. ဆရာမှာ .. မယ်မှုန့် လို ပန်းစိုက်သမတစ်ယောက်ရဲ့ သမီးလေးကို .. ဆရာ့ရင်သွေးအဖြစ် .. လူသိရှင်ကြား အသိခံနိုင်မယ်ဆိုရင် လိုက်ခဲ့ပါ .. မခံနိုင်ရင် နေခဲ့ပါ .. အဖြေတစ်ခုကိုတော့ အမှန်အကန်အတိုင်းပဲ ငွေဝန်းပျို့ ဆိုတဲ့ ကလေးဆီကို ကျွန်တော် သယ်သွားမှာပါပဲ ..၊ တစ်ခုတော့ ရှိပါတယ် .. သမီးကိုမှ သမီးအဖြစ် အသိအမှတ်မပြုနိုင်လို့ ကျန်ခဲ့တယ်ဆိုရင်တော့ .. ငွေဝန်းပျို့ ကို ကျွန်တော်ကလည်း သူ့အဖေ ဘယ်သူဆိုတာ ပြောမပြတော့ပါဘူး .. သူ့ဘဝမှာ သူနေပါစေ .. အဖေ ပျောက်လည်း မရှာပါနဲ့တော့လို့ ပြတ်ပြတ်သားသား သူ နားလည်အောင် နားချယူရမှာပါပဲ ..၊ ကဲ .. ကျွန်တော့်တာဝန်ကျေပါပြီ .. ဆရာ ဖြေပါ .. ကျွန်တော်နဲ့ လိုက်မလား .. နေရစ်မလား.. ကျွန်တော် ဒီကိုလာတာ ဒီကိစ္စတစ်ခုတည်းအတွက်ပါ .. အဖြေကို ကျွန်တော် အခုပဲ ရချင်ပါတယ် .."

ပြတ်ပြတ်သားသား ပြောလာပါသည့် တိုးဆွေ ကို ဦးစက်ဖေ ကြည့်သည်။

"ရှင်းပြဖို့ ရှိနေသေးတာမို့ .. မင်း သိအောင် အရင်ရှင်းပါရစေကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မဆွဲပါနဲ့ ဆရာ.. လိုက်မလား.. မလိုက်ဘူးလား .. အဲဒါ ဖြေပါ .. တခြားကိစ္စတွေ ကျွန်တော် အချိန်ယူ နားမထောင်ပေးနိုင်လို့ပါ .."

ဖြတ်၍ ပြောချလာသံကို ဦးစက်မေ ကြားနေရပါ၏။

"မေမေ့မှာ ဘရိန်းကျူမာဖြစ်နေတယ်ဆိုတာ ပြင်ဦးလွင်က ပြန်လာမှ ငါ သိခဲ့ရတယ် တိုးဆွေ .. ပြင်ဦးလွင်က အပြန် .. အိမ်ရောက်တော့ .. ငါ .. မေမေ့ကို .. မယ်မှုန် နဲ့ ငါ လက်ထပ်ပါရစေဆိုတာ ခွင့်တောင်းတော့မှ မေမေ လန့်ခနဲ ငါ့ကို ကြည့်တယ် .. သူ မျက်စိမမှိတ်ခင် .. မဥ္ဇူ နဲ့ ငါ့ကို နေရာချပေးချင်တာတွေလည်း ငိုပြောတယ်.. သူ့မျိုးရိုးဂုဏ်ထဲမှာ ပန်းစိုက်သမ ချွေးမတစ်ယောက်ကို အဝင်မခံပါရစေနဲ့လို့ ဘရိန်းကျူမာ ဖြစ်နေတာတွေကအစ အဲဒီတော့မှ ငိုငိုပြီး ပြောတယ် တိုးဆွေ .. ဒါကြောင့် .. ဦးနှောက်မှာ အကျိတ်တွေရှိနေပြီ ဖြစ်တဲ့ မေမေ့ကို .. ငါ .. ဘယ်လိုမှ မငြင်းနိုင်တော့တာမို့ .. မဆန့်ကျင်နိုင်တော့တာမို့ .. မယ်မှုန့် ကို ငါ အဆက်ဖြတ်လိုက်ရတာပါကွာ .. ဒါကြောင့်.. ငါ .. မယ်မှုန့် ကို အဆက်ဖြတ်စာ ပေးနိုင်းခဲ့ရတာပါ ..၊ မင်း ငါ့ကို နားလည်ပေးပါကွာ .."

တိုးဆွေ ငြိမ်ကျသွားသည်။ နောက်တော့ ခေါင်းမော့လာကာ ..

"ဒါဆို .. အန်တီ ဒေါ်ခင်မကြီး ဟာ သေရမယ့်လူတော့ ဖြစ်နေပြီပေါ့ ဆရာ .. သေရမယ့်လူတစ်ယောက် ကျန်နေတဲ့သက်တမ်းမှာ စိတ်ချမ်းသာစေဖို့အတွက် .. အသက်ရှင်ရမယ့် လူတစ်ယောက်ကို သေနိုင်းခဲ့တာ ဆရာပါ .. တကယ်က .. မယ်မှုန့် ကို အန်တီ လက်ခံလာအောင် ဆရာ စည်းရုံးရမှာပါ .. ဆရာက ရှစ်ရှင်ထဲကလို လိမ္မာတဲ့ သား .. အသည်းကွဲခံပြီး အမေ့ကျေးဇူးဆပ်တဲ့ သားအဖြစ် .. လက်တွေ့ဘဝမှာ နေပြခဲ့တာကိုး .. တကယ်က .. အန်တီ့ကို .. ဆရာ တခြားအချိန်မှာ မယ်မှုန် နဲ့ ပတ်သက်ပြီး .. ပြောကို ပြောပြ .. လက်ခံအောင် စည်းရုံးရ





မှာ ရှိနေတယ်လေ .. ဘယ်အချိန်လည်း သိလား .. ဆရာ ရင်သွေးလေး မယ်မှုန် လွယ်ထားရပြီဆိုတာကို ဆရာ သိအောင် ကျွန်တော် ပြန်လာပြောပြချိန် .. ဆရာ့ကို မယ်မှုန် ရေးပေးလိုက်တဲ့စာလေး ဖတ်ရချိန်မှာပေါ့ .. ဒါပေမယ့် .. ဆရာက .. မယ်မှုန့် ကို လက်မထပ်နိုင်ဘူးလို့ပဲ ပြတ်ပြတ် ဖြေခဲ့တယ်.. အဲဒါ .. ဆရာဘက်က မှားတဲ့ အမှားပဲ .."

ဆက်တိုက်ကြီး ပြောချလာသည်က တိုးဆွေ ပါ။

"မင်း ပြင်ဦးလွင်ကို မယ်မှုန့် ဆီ စာသွားပေးချိန်မှာ .. ဒီမှာက အကျဉ်းရုံးပြီး မဥ္ဇူဦး တို့ရဲ့ စံပယ်ဦးအိမ်ကြီးမှာပဲ စေ့စပ်ပွဲက ဖြစ်မြောက်ခဲ့ပြီးနေပြီ တိုးဆွေ .. မင်း လာပြောလို့ မယ်မှုန့် မှာ ငါ့ ရင်သွေးလေး ရှိနေပြီဆိုတာ ငါ သိရချိန်က အရမ်းကို နောက်ကျကုန်ပြီ.. မေမေ့ကိုလည်း .. စင်ကာပူမှာ သွားခွဲစိတ်တယ် .. မေမေ ဟိုမှာ ဆုံးခဲ့တယ် တိုးဆွေ .. မေမေ့မှာ အဲဒီရောဂါဖြစ်နေတာကို ငါ မသိအောင် အစပိုင်းတုန်းက မေမေ သိုဝှက်ပြီးနေခဲ့တာလို့ မိသားစု ဆရာဝန်ကြီးက ငါ့ကို.. မေမေ ဆုံးပြီးချိန်ကျတော့မှ .. ဒီ ရန်ကုန်အိမ်ကြီးမှာ မေမေ့ ဆွမ်းရင်းချိန်မှာ ပြောပြခဲ့တာ .. ဘာပဲဖြစ်ဖြစ် .. မေမေ့ကို မင်း နားလည်ခွင့်လွှတ်ပေးလိုက်ပါတော့ တိုးဆွေ ရာ .. မေမေဟာ .. သူ့သားကို အရမ်းချစ်သောတဲ့ အလွှာထဲက မိန်းကလေးနဲ့ပဲ နေရာချပေးချင်တာဟာလည်း .. သူ .. ရောဂါကျွမ်းနေပြီဆိုတာ သိလို့ဖြစ်မှာပါ ..၊ မဥ္ဇူ နဲ့ စေ့စပ်ပြီးတော့မှ စင်ကာပူကို သွားပြီး ဟိုမှာ ခွဲစိတ်ကုသခံတာပါ.. ငါ့အတွက် စိတ်ချလက်ချ လုပ်ခဲ့တာပါကွာ .."

ဟု ပြောတော့ တိုးဆွေ ငြိမ်ကျသွားပါ၏။

"အလွန်အပြစ်ကင်းစင်တဲ့ မယ်မှုန့် ကို သနားတဲ့စေတနာနဲ့ .. မခံချင်စိတ်နဲ့ .. ကျွန်တော် ပြောမိခဲ့တဲ့အတွက်တော့ .. ခုလို .. အန်တီဆုံးတာကို နားနဲ့ ဆတ်ဆတ်ကြားရချိန်မှာ အားနာစိတ် ဖြစ်ရပါတယ်ဆရာ.. ဆင်းရဲတဲ့သူတွေရဲ့ ရင်ထဲက ပေါက်ကွဲခံစားမှု ဆိုတာမျိုးက .. ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



သားချင်းချင်းပဲ ပိုနားလည်ပေးနိုင်ကြတာပါ .. သေလူဖြစ်တဲ့ အန်တီ့အပေါ်မှာ ကျွန်တော် မထောက်မရက် ပြောမိခဲ့သလိုကြီး ဖြစ်ခဲ့တာတွေဟာ .. မယ်မှုန့် အတွက် ရင်ထဲမကောင်းနိုင်လွန်းတဲ့ဇော ပိုကြီးသွားခဲ့တာပေမို့ .. ဆရာ နားလည်ပေးပါ ဆရာ .. အန်တီဟာ ချမ်းသာမာနရှိသူတစ်ယောက် ဖြစ်ပေမယ့် .. ကျွန်တော့် အလုပ်ရှင်ဖြစ်တာမို့ ထမင်းရှင် ဖြစ်ပါတယ် ဆရာ .. ထမင်းရှင်အပေါ် ပြောမိ ဆိုမိခဲ့တဲ့အတွက်.. ခုကျတော့လည်း ကျွန်တော် ရင်ထဲမကောင်းနိုင်ပါဘူး ဆရာရယ်.."

တိုးဆွေ ပြောလာချိန်မှာ ဦးစက်ဖေ သက်ပြင်းရှိုက်ပါ၏။

"မေမေလည်း ဆုံးခဲ့ပြီမို့ .. ငါလည်း ခုထိ တစ်ယောက်တည်းပဲ နေခဲ့တာပါ တိုးဆွေ .. မချူဦး နဲ့လည်း လက်မထပ်ဖြစ် .. မယ်မှုန်ခများမှာလည်း ငါ့ပယောဂမကင်းဘဲ အဖြစ်ဆိုးနဲ့ ဆုံးရ .. စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ ကလေးကို ကိုယ်ဝန်လွယ်ခဲ့စဉ်တုန်းကလည်း ဘယ်လောက်ထိ အားငယ်ရှာမယ်ဆိုတာ ငါ တွေးတွေးနေရင်း .. ညတွေမှာ အိပ်လို့မရနိုင်ပဲ ဖြစ်ခဲ့ရတာပါ တိုးဆွေ .. ကြေကွဲနောင်တတွေနဲ့ ကျရတဲ့ ငါ့မျက်ရည်တွေဟာ မယ်မှုန့် အသက်ကို ကယ်နိုင်ဖို့လည်း အချိန်မမီခဲ့ဘူး .. မယ်မှုန့် သောကတွေကို ဖယ်ရှားပေးနိုင်ဖို့လည်း အချိန်မမီနိုင်ခဲ့ဘူး .. မယ်မှုန့် ကို အပျော်တွေ ပျောက်ဆုံးစေခဲ့တဲ့ ငါ့ဘဝဟာလည်း အပျော်တွေကို အပျောက်ဆုံး ခံလိုက်ရတာပါပဲ .. မယ်မှုန် ရေ.. သမီးလေးရေ .. ငါ့ကြောင့် ဆုံးရရှာတယ်ဆိုပြီး ခံစားခဲ့ရတယ် တိုးဆွေ .. ငါ့နှုတ်ခမ်းမှာ ပျော့တော့တဲ့အပြုံးတစ်ခုတောင် ဖြစ်မလာနိုင်ခဲ့တာ ဒီကတည်းကပါပဲ ..၊ ငါ့ဘဝဟာ ကျိန်စာတိုင်မှာ ရစ်ပတ်မိနေရင်း အေးချမ်းတဲ့ဘဝဆိုတာကို ဘယ်တော့မှ မရနိုင်တော့တဲ့ စက်ဖေအဖြစ် ငါ အသက်ရှင်ခြင်းနဲ့ သေခြင်းကြားမှာ ခုထိတော့ မရပ်မနားသွားနေရတုန်းပါပဲ .. သစ္စာမဲ့သူတစ်ယောက်ရဲ့ဘဝဟာ .. ဝဋ်ခံနေရတာနဲ့ မခြားပါဘူး .. ငါ့ဘဝရဲ့ ရှင်သန်ရာ ကျန်တဲ့ခရီးကတော့ အပူကြီး





ပူပြီး နေရတဲ့အချိန်တွေချည်း ဖြစ်နေတာပါကွာ .. ငါ့မှာ .. နှလုံးရောဂါ ဖြစ်နေတယ် တိုးဆွေ .. အချိန်မရွေး .. ငါဟာ .. သေသွားနိုင်တဲ့သူတစ်ယောက် ဖြစ်နေတယ် .. မေမေ့လက်ထက်ကတည်းက မိသားစု ဆရာဝန်ကြီးဖြစ်တဲ့ ဦးသူတော် နဲ့ပဲ ငါ အမြဲ ကုသနေရ .. ဆေးစား .. ဆေးထိုးနေရတာပါ တိုးဆွေ ရာ .. အရင်တုန်းကတော့ .. ငါဟာ ငါ့ကိုယ်ငါ သေလူဆိုပြီး .. အကြောက်အရွံ့မရှိ သေချိန်ကို စောင့်နေတဲ့ စက်ဖေ ဖြစ်နေခဲ့ပေမယ့် .. ခုကျတော့လည်း ငါ အသက်ရှည်နေချင်တယ် .. ငါ့သမီးလေး ရှိနေတယ်ဆိုတာ သိရပြီကိုး ..၊ ငါ မသေချင်တော့ဘူး တိုးဆွေ .. ငါ .. ငါ့သမီးလေးနဲ့ တွေ့ချင်တယ် .. အတူနေချင်တယ်..၊ ငါ့သမီးလေးကို ငါ့အိမ်မှာ အရိပ်တကြည့်ကြည့် ထားမယ် .. ငါ့ရဲ့ ဖခင်အချစ်တွေ ပေးမယ် .. သမီးလေးရဲ့ ခင်ပွန်းသည်ကိုလည်း ငါ့အိမ်မှာ ခေါ်ထားမယ် .. သူဟာ .. ငါ့သမီးလေး ကူကယ်ရာမဲ့နေချိန်မှာ .. သူ့ရဲ့အချစ်တွေနဲ့ သစ္စာရှိရှိ လက်ထပ်ခဲ့တဲ့ ထက်ခေါင်မှူး ဖြစ်နေတယ် တိုးဆွေ .. မင်း ပြောပြလို့ အဲဒီ ပန်းရဂုံနဲ့ ရတနာ့မွှန်း အိမ်ကြီး နှစ်အိမ်က အတ္တတွေကို .. ငါ ကြားခဲ့ သိခဲ့ရပြီးပြီ .. ဒါပေမယ့်ကွာ.. ငါ သူတို့ကို အပြစ်မတင်ပါဘူး .. ငါကိုယ်တိုင်က မယ်မှုန့် အပေါ်မှာ ခင်ပွန်းသည် တစ်ယောက်အဖြစ် တာဝန်မယူရဲနိုင်ခဲ့တဲ့ အတ္တဇော .. အမေကို ငဲ့တဲ့ အတ္တဇောနဲ့ ရက်စက်မိခဲ့သူ ဖြစ်နေတယ် .. ငါ့ သမီးလေးဟာလည်း သစ္စာမရှိတဲ့ အဖေတစ်ယောက်ရဲ့ သမီးဖြစ်ခဲ့ရတာမို့ .. ခုလို.. ကူကယ်ရာမဲ့ဘဝကို ရောက်ခဲ့ရ ကြုံခဲ့ရရှာတာ .. ငါ့သမီးလေး ကြက်နှင် ငှက်နှင် အနှင်မခံရရုံတမယ် ခံစားခဲ့ရတာ .."

စကားရှည်ကြီးကို ခုမှ ဦးစက်ဖေ ဆက်တိုက်ပြောပြနေမိသည်။ တစ်ချိန်လုံး တိုးဆွေ ပြောသမျှတွေကို ငြိမ်နားထောင်ပေးခဲ့ရာမှ .. ဖြေရှင်း တောင်းပန်စကား .. ရင်ကို အန်ချဖွင့်ချလိုက်သည့်နှယ် ပြောရပါသည့် စကားတွေကို တစ်ချက်လေးသော်မျှ ဖြတ်ချပြီး မနေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ ..။ ဆက်တိုက်ပြောနေမိရသည်။ တိုးဆွေ တစ်စုံတရာ ဖြတ်၍ မပြောလာနိုင်အောင် အားစိုက်၍ ဆက်တိုက်ပြောရခြင်းပါ ..။

"ငါဟာ .. ငါ့မေမေ ချန်ခဲ့တဲ့ ဒီ စည်းစိမ်ပုံကြီးထဲမှာ ဒီအိမ်ကြီးထဲမှာ .. တစ်ယောက်တည်း နေနေရတာပါ တိုးဆွေ .. မင်း ရှိစဉ်ကတည်းက ဒီအိမ်မှာ ရှိနေခဲ့တဲ့ ဒေါ်ကျော့ ရဲ့ ချက်ကျွေးရာကို ငါ စားနေဆဲပဲ .. ဘဘမှန်း နဲ့ ဒေါ်ကျော့ တို့က ငါ့ကို ဂရုစိုက်ကြပါတယ်ကွာ.. သူတို့ ဇနီးမောင်နှံပဲ ငါ့ဘဝမှာ အဖော်လို ရှိနေခဲ့ရတာပါ ..၊ အခု .. ငါ့သမီးလေးကို ငါ သွားတွေ့မယ် .. ပြင်ဦးလွင်မှာဆိုတော့ .. ဘယ်မှာနေကြသလဲ .. ငါ .. အမြန်ဆုံး ပြင်ဦးလွင်ကို မင်းနဲ့ တူတူ သွားမယ်.. အခုပဲ ဆိုပါတော့ .."

ဟု စိတ်ဆောင်၍ ပြောလာပါသည့် ဦးစက်ဖေ ကို တိုးဆွေ ငေးကြည့်သည်။ ခုမှ မျက်နှာမှာ သွေးရောင် ဖျော့နေတာကိုလည်း တိုးဆွေ သတိထားမိလာရခြင်းပါ။ အောတင်၍ ပြောချင်သမျှ ပြောချနေစဉ်တုန်းကတော့ ကိုယ့်ဆရာသမားပေါင်း .. ကိုယ့်သူဌေး၏ မျက်နှာကို အာရုံထဲ မထားမိ ..။ သမီးဖြစ်သူ ချက်ချင်း ရေးထွက်ဖို့ ဆုံးဖြတ်လိုက်ပါသည့် ဖခင်တစ်ယောက်၏ အနာဂတ်မျှော်လင့်ချက်များ၏ ထွန်းလင်းတောက်ပမှုကို မျက်နှာထက်မှာ တွေ့မြင်နေရပါသည့်အဖြစ် ..။ ခုလို မြင်ရတော့လည်း လက်အုပ်ချီ၍ တိုးဆွေ မျက်ရည်ဝဲ တောင်းပန်မိရပါပြီတည်း ..။

"ဆရာ ခုလို .. လိုက်မှ လိုက်ပါ့မလားလို့ ကျွန်တော် ရင်ထဲ စိုးရိမ်နေမိရတာပါ .. မလိုက်ဘဲများ နေမလားလို့လည်း ရင်ထဲ ထင့်နေမိတာပါ ဆရာ .. စောစောက ကျွန်တော် ပြောမိတဲ့အထဲမှာ နင့်သီးတဲ့ စကားတွေ ပါကုန်တာကို ကျွန်တော်လည်း သိနေပါတယ် ဆရာရယ်.. ခွင့်လွှတ်ပါဗျာ .."

ဦးစက်ဖေ သရဝ်ကာ တိုးဆွေ ၏ လက်ကို ဖေးအုပ်ကိုင်သည်။





"သွေးမတော် သားမစပ်ပဲနဲ့ မယ်မှုန့် အတွက် .. သမီးလေး အတွက် .. ဒီလောက် ခံစားပြောပေးတဲ့ .. ပြောမိနေတဲ့ .. စကားတွေအတွက် .. ငါ ကြည်နူးပါတယ် တိုးဆွေ .. မယ်မှုန် ဟာ ငါ့ဇနီးပါ .. ငွေဝန်းပျို ဟာ ငါ့သမီးပါကွာ .. ငါ .. ငါ့ သမီးလေးအတွက် ဒီလောက်ထိ လာပြောပေးတဲ့ မင်းကို .. ငါက ကျေးဇူးတင်နေရတာပါ တိုးဆွေ.. မင်းက ငါ့ကို တောင်းပန်ရမှာ မဟုတ်ပါဘူး .."

ဟု ပြောကာ လူခေါ်ဘဲလ်ကို နှိပ်တော့ ဒေါ်ကျော့ ရောက်လာသည်။

"နွားနို့ပူပူနှစ်ခွက်နဲ့ စားစရာ မုန့်သုံးလေးမျိုးလောက် ယူလာပေးပါ ဒေါ်ကြီး .."

ဒေါ်ကျော့ ခေါင်းညိတ်သည်။, တိုးဆွေ ကိုလည်း ကြည့်သည်။ နှစ်များစွာ တစ်ချိန်က တူတူနေခဲ့ကြပါသည့် ပုန်းညက်မြိုင် အိမ်ကြီး၏ အလုပ်သမား ဘဝတူများပေမို့ ခုလို တိုးဆွေ ဒုက္ခိတဘဝဖြင့် ရောက်လာတာ မြင်ရတော့လည်း ဒေါ်ကျော့ ရင်ထဲ မကောင်းနိုင်ရှာ ..။

ခင်ပွန်းသည် ဦးမှန်း မှ မီးပိုဆောင်ထဲ ရောက်လာကာ တိုးဆွေ ရောက်လာတာရော .. ဒုက္ခိတဖြစ်တာတွေရော .. မျက်နှာမကောင်းဘဲ ပြောပြခဲ့ကတည်းက ဒေါ်ကျော့ မှာ တိုးဆွေ ကို မြင်ချင်နေသည်ပါပဲ။ ဒါပေမယ့် စာကြည့်ခန်းထဲမှာ စကားပြောနေကြသည်ဆို၍ သွားမတွေ့ရဲ။ ဘယ်တော့များ အစ်ကိုလေး စက်ဖေ ခေါ်လာမည်လဲဆိုတာကိုပဲ ခေါ်သံ နားစွင့်နေခြင်းပါ။ လူခေါ်ဘဲလ်မြည်လာတော့ ခပ်သုတ်သုတ် ရောက်လာရခြင်းပါတည့် ..။

"ဒေါ်ကြီး .. နေကောင်းတယ် နော် .."

ဟု ပြောလာတော့ ခေါင်းအနိုင်နိုင်ညိတ်ပြသည်။ အခေါ်ခံရသည့် ဒေါ်ကြီးဆိုသူက ဆံပင်တွေ နက်နေသေးသည်။ အရိပ်ထဲနေရ၍ အသားအရည် နုံပြည်ဝင်းဝါသည်။ ဒေါ်ကြီးဟု ခေါ်သည့်လူက ဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြူတချို့ နက်တချို့ ..၊ အသားအရေကလည်း ညစ်ထေးထေး ညိုညစ်ညစ် .. လူကလည်း ပိန်ညော်ညော် ..။ ဘယ်ခြေတစ်ဖက်လည်း ဖြတ်ထားရသည်။ လွယ်အိတ်ဟောင်းလေး လွယ်ထားသည်။ နွမ်းပါး ဆင်းရဲချေမှုန်း သိသာနေသည်ပါပဲ ..။

"ဖြစ်ရလေတယ် တိုးဆွေ ရယ် .."

ဟု တစ်ချက်ညည်းကာ ဒေါ်ကျော့ အခန်းပြင်ထွက်သွားပါ၏။ မျက်ရည်တွေဝဲနေသမျှကိုလည်း တိုးဆွေ မြင်ရသည်ပါပဲ။ မကြာလိုက် စားစရာမုန့် လေးပန်းကန်ဖြင့် နွားနို့ပူပူနှစ်ခွက် ပါသော လင်ပန်းကို ကိုင်လျက် ဒေါ်ကြီးကျော့ ဝင်လာသည်။ စားသောက်စရာ ချပေးပြီး တိုးဆွေ ကို မျက်နှာမကောင်းဘဲ ထပ်၍ ကြည့်လာပါ၏။

"ဒေါ်ကြီး .. တိုးဆွေ အတွက် သွားရလွယ်ကူအောင် အောက်ထပ် က အခန်းမှာ အိပ်ရာ ခင်းကျင်းပေးပါဗျာ .. သူ ဒီမှာပဲ နေတော့မှာပါ.. မကြာခင်လည်း ခရီးထွက်ဖို့လည်း ရှိသေးတယ် .. မထွက်ခင် .. သူ လည်း နားနေပါစေဦး .. နေအေးတာနဲ့ ခရီးစထွက်ပါမယ် .. ဟိုတယ် က ဒရိုင်ဘာတစ်ယောက် ဖုန်းနဲ့ ခေါ်လိုက်မယ် ဒေါ်ကြီးကျော့ .."

ဟု ဦးစက်ဖေ ပြောလာပါ၏။ ဒေါ်ကြီးကျော့ ဝမ်းသာသွားပုံဖြင့် တိုးဆွေ ကို ကြည့်သည်။ တိုးဆွေ ဤအိမ်ကြီးမှာ နေမည်ဟု အစ်ကို လေးက ပြောလာသည်ကိုးလေ ..။

"အရင်ဆုံး .. စားလိုက်ကြရအောင် .."

ဟု ဦးစက်ဖေ ပြောချိန်မှာ ဒေါ်ကျော့ အခန်းထဲမှ ထွက်သွားပြီ..၊ သွားလိုက်ပုံက ဝမ်းပန်းတသာဟန် ..။ အရိပ်ထဲ အေးအေးချမ်းချမ်း တိုးဆွေ နေရတော့မယ်ဟု သိလိုက်ရပြီကိုးလေ ..။

"ဒေါ်ကြီးကျော့ ရှေ့မှာမို့ ကျွန်တော် မပြင်းတာပါ အစ်ကိုလေး.. ဒီမှာတော့ဖြင့် ကျွန်တော် မနေပါဘူး .. ပြင်ဦးလွင်က ကျွန်တော့်အိမ် လေးမှာပဲ နေပျော်လှပါပြီဗျာ .. ကျွန်တော့်တာဝန်က .. အစ်ကိုလေးနဲ့





သမီးလေး ရှိနေတဲ့ ပြင်ဦးလွင်က ရွှေပြည့်စုံဟိုတယ်ကို အရောက် .. အစ်ကိုလေးကို ပို့ပေးပြီးရင် .. တာဝန်ကုန်ပါပြီ .. ကျွန်တော် အိမ်လေး ကိုပဲ ပြန်နေမှာပါ .. ဆင်းရဲတဲ့ဘဝထဲက လွတ်မြောက်ဖို့ ဒီကို ကျွန် တော် လာတာ မဟုတ်ပါဘူး အစ်ကိုလေး .. ဘာမျှော်ကိုးချက်မှ မရှိတဲ့ အဖြူစိတ်နဲ့ လာတာပါ .."

ဟု မာနစကားကို ပြောလာသည့် တိုးဆွေ ကို ဦးစက်ဖေ ကြည့် သည်။ ငယ်ကတည်းက ထိုသို့သော လူဖြောင့် လူမှန်ပေမို့ .. ခုလည်း ထို့နယ်ပင် ရှိနေဆဲပါလားဟု ဦးစက်ဖေ တွေးသည်။

လူဖြောင့် စိတ်ရင်းကြီးဖြင့်ပင် မယ်မှုန် ကို ပြင်ဦးလွင်မှာ လက် ထပ်ကာ ကလေးအဖေ အမည်ခံပေးခဲ့သည်ပဲလေ ..။

"ဘာရယ် တိုးဆွေ .. ရွှေပြည့်စုံဟိုတယ် .. ဟုတ်လား .."

"ဟုတ်တယ် အစ်ကိုလေး .. အဲဒီ ဟိုတယ်မှာ သူတို့နေကြတာကို တော့ စောစောက ကျွန်တော် အစ်ကိုလေးကို အဖြစ်စုံပြောတဲ့အထဲမှာ ကျန်သွားတယ် .. ရွှေပြည့်စုံဟိုတယ် သူဌေးလေးက .. သူ့သူငယ်ချင်း လို့ ထက်ခေါင်မှူး က ကျွန်တော့်ကို လာတွေ့တဲ့နေ့က သူတို့အဖြစ်တွေ ပြောပြရင်း ထည့်ပြောပြတယ် .. သူ့သူငယ်ချင်းက .. သူ့ကို ပြင်ဦးလွင် က ရွှေပြည့်စုံဟိုတယ် တိုးချဲ့ဆောင် ဆောက်နေတာကို ကြီးကြပ် ဆောက်ပေးဖို့ အလုပ်ခန့်လိုက်တာတဲ့ .."

ဆရာ ဟု မခေါ်တော့ပဲ စိတ်ထဲ ကြည်လင်လာပုံကြီးဖြင့် တရို တသေပင် ယခင်တုန်းကနှယ် အစ်ကိုလေး ဟု ချစ်စိတ်ဖြင့် ခေါ်နေကျပုံ အတိုင်း ပြောင်းလဲခေါ်လာတာကိုလည်း ဦးစက်ဖေ ကြည်နူးစွာ သိနေရ ပါပြီ။ ပြီးတော့ .. ရွှေပြည့်စုံဟိုတယ် ဆိုတာကို သိလိုက်ရသည်မို့လည်း..

"အဲဒီ ရွှေပြည့်စုံဟိုတယ် ဆိုတာက ရန်ကုန်မှာလည်း ရှိတာကို တော့ .. ငါလည်း စံကားဝါရွှေစင်ဟိုတယ် ရှိတာမို့ .. ဟိုတယ်ချင်း ချင်း မိတ်ဖက်ဖြစ်နေကြတာပါပဲ .. အဲဒီ ရွှေပြည့်စုံဟိုတယ်ပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးဇေ နဲ့ သူ့သား ဇေယျာ ကို ငါ သိတယ် ..၊ ရင်းနှီးတယ် .. ငါ .. သူ့ကို အခုလည်း ဒီကိစ္စ ဖုန်းဆက်ပြောပြမယ် .. သူ့ဆီကိုလည်း ငါ သွားတွေ့ပြီးမှ ပြင်ဦးလွင်ကို သွားမယ် .. အထူးသဖြင့် ဇေယျာ ဆိုတာ မောင်ထက်ခေါင်မှူး ရဲ့ သူငယ်ချင်းပေမို့ .. မောင်ဇေယျာ ရဲ့ အကူအညီနဲ့ .. ပန်းရဂုံကိုလည်း ငါ ရောက်အောင် အရင်ဆုံး ခရီးဆက်ရလိမ့်ဦးမယ် .. ငါ့ သမီးလေးအတွက် ငါ .. တွေ့သင့်တဲ့သူတွေ အားလုံးကို တွေ့ပြီးတာနဲ့ .. ငါ .. ပြင်ဦးလွင်ကို ခရီးဆက်မယ် တိုးဆွေ .."

ဟု တည်ငြိမ်စွာဖြင့် ပြောလာပါသည်က ဦးစက်ဖေ ပါတည်း ..။

ရင်သည် လှုပ်ရှား၏။ အတိုင်းအဆမရှိ ..၊ အနာဂတ်ခရီးသည် မိသားစုဆိုသည့် ဘဝတစ်ခုကို မျှော်လင့်နေခြင်းကြောင့် စောင့်ဆိုင်းနေပြီ ..။ ငံ့လင့်နေပြီ ..။

သမီးလေး .. ဆိုသည့် စောတစ်ခုသည် အဘယ်မျှထိ အားအင်ကို တစ်ကိုယ်လုံးအနှံ့ ဖြစ်တည်စေသည်ဆိုတာ သိနေရသည်။ ညှိုးဖျော့စွာ မျှော်လင့်ချက်ပျောက်နေသည့် ခံစားချက်တို့ဖြင့် ရပ်တည်ခဲ့ရာ အတိတ်သည် ကျန်ရစ်ခဲ့ပြီကောလေ ..။

ငါ့မှာ .. သမီး ရှိသည် .. ဆိုသည့်စိတ်သည် .. အုံ့ညြိုဖို့ ကောင်းလောက်အောင်ပင် အားအင်များကို အပ်နှင်းထားချေ၏။





အခန်း [ ၁၈ ]

ထမင်းစားဆောင်သည် ရုတ်ခြည်း ငြိမ်ကျသွားသည်။ တိတ်ဆိတ်လွန်းနေပြီ ..။

မျက်ရည်ကျနေသည်က ကိုကြီး ..၊ ရင်ထဲမှာ ဆို့နေသည်။ တင်းမခံနိုင်တော့သည်မို့ ညနေ့ မနက်စာ ကော်ဖီပွဲအပြီးမှာ သိထားရလေသမျှ အဖြစ်စုံကို ပြောပြမိခြင်း ..၊ အားလုံး အသံပင်ထွက်မလာနိုင်ကြတော့ပဲ အငြိမ်သက်ကြီး ငြိမ်သက်သွားကြရာမှ ...

"ဖြစ်ရလေ သမီးလေးရယ် .. ကြားရက်စရာ မရှိအောင်ပါလား.. မေမေ့သမီးလေး ဘယ်လောက်များ ကြောက်နေရှာမလဲ .. ငိုနေရှာမလဲ.. မေမေ့ကို တမ်းတနေရှာမလဲ သမီးရယ် .. သမီးမှာ .. ပန်းရဂုံအိမ်ကြီးက လူတွေ ဘယ်လောက်များများ .. တမ်းတရဲစရာဆိုလို့ .. မေမေပဲ ရှိတာ မေမေ သိပါတယ် သမီးရယ် ..၊ ကျန်တဲ့သူတွေက .. မေမေ့ သမီးလေးကို စိမ်းကားပြတ်ထင် လုပ်ခဲ့ကြတာ မဟုတ်လား .. ခု .. ကောင်းကြသေးရဲ့လား ကိုကြီး .. ဟင် .. ကောင်းကြသေးရဲ့လား ..၊ မေမေ အရိပ်တကြည့်ကြည့်နဲ့ ပိုးမွေးသလို မွေးခဲ့တဲ့ သမီးလေး .. ရွှေစင်နဲ့ သွန်းထားသလို ထားခဲ့ရတဲ့ သမီးလေး .. ခြေထောက်တွေမှာ သွေး အလူးလူး .. နှလုံးသားမှာလည်း သွေးအလူးလူးနဲ့ ရှိနေရမှာပါပေါ့လား.. တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြွက်မလေးရေ .. မေမေနဲ့ မဆုံခဲ့ရင် အကောင်းသား .. မဆုံခဲ့ရင် အကောင်းသားပါလား ကံဆိုးမလေးရဲ့ .. မွေးကတည်းက အမေရင်းက သေတယ် .. သူများက ကောက်မွေးတော့လည်း .. အနှင်ခံရတယ် .. တခြားတစ်အိမ်ရောက်တော့လည်း .. သွေးတရဲရဲနဲ့ ဒဏ်ရာတွေ ရရတယ် .. ငွေဝန်းပျိုလေး ရယ် .. သမီးလေး တစ်ခါတည်း မယ်မှုန် နဲ့ အတူ သေသွားရင် ကောင်းမှာ .. သမီးလေးရဲ့ အမေနဲ့ တစ်ခါတည်း သေသွားရင် ကောင်းမှာပါလားကွယ် ..၊ မေမေ့ သမီး ခုတော့ .. ကံဆိုးရှာတယ် .. ပန်းရဂုံမှာ လူလာဖြစ်လိုက်ရတာ ကံဆိုးရှာတယ် သမီးရယ် ..''

မေမေ ပြောပြော ငိုနေသည်။ ဖေဖေ ငိုင်နေ၏။ အံ့ခဲပြီး တစ်နေရာတည်းကို ငေးစိုက်ကြည့်နေပုံကလည်း ထိခိုက် နာကျင်နေသည့်ဟန်..။

''မင်း .. ဘယ်တုန်းကတည်းက အဲဒါတွေကို သိထားတာလဲ ကိုကြီး ..''

အံ့ခဲ၍ ဖေဖေ မေးလာသည်။ ငိုနေရာမှ ကိုကြီး ဖေဖေ့ကို ကြည့်မိရပါ၏။ မျက်တောင်မခတ် သားကြီးကို ကြည့်နေသည့် ဖေဖေ့ မျက်ဝန်းတွေ ရူးရှူလက်တောက်နေကြပါ၏။ ကိုယ့်ကို ကြည့်မိတော့လည်း မျက်ရည်ကျနေသည်။ ခင်ထား နှင့် ခက်စံ လည်း မျက်ရည်တကျကျ..။ ခုကျတော့ အားလုံးရင်ထဲမှာ ကြေကွဲနာောင်တတွေ ဖြစ်နေကြသည့် အဖြစ် ..။ ဖေဖေ့ကိုပဲ ကိုကြီး စိတ်မှန်း မရနိုင် ..။ ဖေဖေ့ ရင်ထဲမှာ ဘာတွေရှိနေသည်ဆိုတာ မသိနိုင် ..။

သူတစိမ်းတစ်ယောက်နှယ်ပင် ငွေဝန်းလေးအပေါ် ဖေဖေ ဆက်၍ သဘောထားနေချေသည်လား။ ရူးရှူလက်တောက်နေသည့် အကြည့်သည် ရတနာမွှန်းသို့ ကိုယ့်သဘောနှင့်ကိုယ် သွားမိခဲ့ပါသည့် ကိုကြီးကို အပြစ်တင်သည့် အကြည့်များပေလား ..၊ ကိုကြီး သေချာမခွဲခြားတတ်နိုင်ပဲ ဖြစ်နေသည်။





''လွန်ခဲ့တဲ့ သုံးရက်ကပါ ဖေဖေ .. သား .. ဘယ်လိုမှ ရင်ထဲ တင်းမခံနိုင်တော့တာနဲ့ .. ညီမလေးရှိရာ ရတနာမွှန်းကို လိုက်သွားတာပါ.. ဒါပေမယ့် .. ညီမလေးကို မတွေ့ခဲ့ရပဲ .. အဲဒီအဖြစ်တွေကိုပဲ သိခဲ့ရတာ ပါ ဖေဖေ .. ကိုကြီးလေ .. ဖေဖေ ဆူမှာစိုးလို့ .. ရင်ထဲ မျိုသိပ် ကျိတ်ခံရင်း ဘယ်သူမှ မသိအောင် ငိုနေရတာပါ ..၊ ခုတော့ ဖေဖေရာ .. ကျိတ်မှိတ်သိုဝှက်မထားနိုင်တော့ဘူး ဖေဖေ .. ညီမလေးကို ပန်းရဂုံမှာ ပြန်ကို ခေါ်ထားမှ ဖြစ်တော့မှာကို သိနေတဲ့ သားဟာ ဘယ်လိုမှ .. ငြိမ်မနေနိုင်တော့တာမို့ .. ဖေဖေ့ကို ဖွင့်ပြော အသိပေးရတာပါ .. ဖေဖေ စိတ်ဆိုးရင်လည်း ခံရုံပါပဲ ဖေဖေ .. ရိုက်ရင်လည်း ခံပါ့မယ် ဖေဖေ .. ဖေဖေ မသိအောင် ရတနာမွှန်းကို သား လိုက်သွားမိတာက ဖြင့် .. ညီမလေးကို သတိရလွန်းလို့ပါဗျာ .. ညီမလေး မရှိရင် .. ကိုကြီး မနေတတ်ဖူးဗျ .. ရင်ထဲမှာ ရှူးနေတယ် ..''

ကလေးလေးလိုပဲ ပြောရင်း ငို ..၊ ငိုရင်း ပြောဖြင့် ရှိနေရာမှ ကိုကြီး ရှိုက်ကြီးတငင် ချုံးပွဲချ ငိုသည်က ရင်ကွဲပက်လက်ကြီးဖြင့်ပါ။ ဘယ်သူမှ တင်းမခံနိုင် ..၊ မနေသာ ..။ လိုက်၍ ငိုကြပြီ ..။

''ဟောဒီလက်တွေနဲ့ ညီမလေးကို ခင်းနှီးထုပ်လေးကတည်းက ကိုကြီးတို့ ညီအစ်ကို ပွေ့ချီခဲ့ .. အညစ်အကြေးကအစ သန့်စင်ပေးခဲ့.. ချစ်ခဲ့ကြတာ ဒီအရွယ်အထိ ဖူးဖူးမှုတ်ခဲ့ကြတာပါ ဖေဖေ .. မေမေ့ နို့ချိုကို စို့ပြီး ညီမလေး ကြီးခဲ့ရတာပါ..၊ မေမေ့သမီး မဟုတ်လို့ ဘယ်သူ့သမီး .. ညီမလေးက ဖြစ်ရမှာတဲ့လဲ .. မေမေ့သမီးဖြစ်တဲ့ ညီမလေးဟာ ကိုကြီး ကိုယ်တို့ရဲ့ ညီမလေး မဖြစ်လို့ ဘယ်သူ့ညီမလေး ဖြစ်ရမှာတဲ့လဲ ဖေဖေရဲ့ .. ဖေဖေကရော .. ညီမလေးကို .. သမီးလေးဆိုပြီး ပွေ့ချီမဝ .. ချစ်မဝနိုင်အောင်ရှိခဲ့တာ သားတို့အမြင်ပဲဥစ္စာ.. အဲဒါတွေ အားလုံးကို .. ကိုကြီး ပယောဂကြောင့် .. ပျောက်လွှင့်စေခဲ့တာပါ .. ကိုကြီး အပြစ်ပါ .. အဲဒီအဖြစ်ကို သိချိန်တုန်းက .. အဆင်ခြင်မဲ့ ပြောမိခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒဏ် .. ခု .. ကိုကြီး ခံနေရပြီ ဖေဖေ ..၊ ညီမလေးကို .. သား မခွဲနိုင်ဘူး .. ခုလို .. သွေးထွက်သံယိုဖြစ်တဲ့အထိ .. အရက်စက်ခံရတာတွေကြားတော့.. ဟော့ဒီ သားရဲ့ နှလုံးသားတွေ ဓားနဲ့မွှန်းလိုက်သလို ခံစားရတာပါဗျာ ..''

ပြောရင်း ပြောရင်း ယူကျုံးမရ ရင်ကို ထုသည်ကလည်း ကိုကြီးပါ ...။

''ညီမလေးရေ .. ဒေါ်ကြီးစိန် နဲ့ ဘဘစိမ်း တို့ ပြောတဲ့ စကားတွေကို ကြားရချိန်က ညီမလေးအရင်း မဟုတ်ဘူးလို့ မိုက်ဇာတ်သွင်းယူခဲ့တဲ့ ကိုကြီးရဲ့ အတ္တကို .. ခွင့်မလွှတ်ပါနဲ့ .. ခွင့်မလွှတ်ပါနဲ့ .. ညီမလေးကို ဒဏ်ရာရအောင် လုပ်ခဲ့တဲ့သူဟာ ဒေါ်ခင်မြစ်လှိုင် မဟုတ်ဘူး .. ကိုကြီးပါကွ .. ကိုကြီးပါ ..၊ ကိုကြီးကြောင့် ညီမလေး ဒီအိမ်ကြီးက .. မျက်ရည်စက်လက်နဲ့ အားကိုးရာမဲ့ရင်း သူများနောက်ကို ပါသွားရတာပါ..''

ဆက်တိုက်ပြောရင်း ရင်ကို အုန်းအုန်းပါအောင် ထုရိုက်ပစ်နေပုံကလည်း တခြားသူတစ်ယောက်ကို အခဲမကျေနိုင်သည့်နှယ် ဖြစ်နေသည်။

ကိုယ့်ရင် ကိုယ်ထုနေတာနှင့်ပင် မတူတော့ပြီ ..၊ အညာအတာလည်း မရှိပဲ ဖြစ်နေသည်။ တကယ်က .. ကိုယ့်အတ္တတွေ ပူးကပ်ရာ ခန္ဓာကို စိတ်နာနေခြင်း ..၊ ကိုယ့်ကိုယ်ကိုယ် ပြန်၍ ရန်ဖြစ်နေခြင်းမျိုး ဆန်နေသည်။

''မင်း.. ဘာလို့ .. ခုမှ ငါ့ကို ပြောရတာလဲ ကိုကြီး .. ဘယ်လောက် နောက်ကျကုန်ပြီလဲ .. တောက်!... လုပ်ရဲလိုက်ကြတာကွာ .. ဒါ .. ငါ့ သမီး ကွ ..''

ဒေါသဖြင့် ကျုံး၍ အော်သံသည် ဦးဘုန်းသာ ၏ ရင်ကိုဖောက်ထွက်လာသည့်နှယ်ပင် အရှိန်ပြင်း၏။

ငါ့ .. သမီး .. ဟု အော်လိုက်သံ ကြားသည်နှင့် ကိုကြီး ကလေးနှယ်





ပင် အဖေဖြစ်သူ၏ ရင်ခွင်ထဲဝင်ကာ ရှိုက်သံတွေ ပွင့်ကျ ..၊ ငိုချပစ်လိုက်ရင်းမှ ...

''ဖေဖေ့ သမီးကို .. ပန်းရဂုံမှာ ပြန်ခေါ်ပါ ဖေဖေရယ် .. ဖေဖေ ရအောင် ပြန်ခေါ်ပေးပါ .. ညီမလေး ရှိမှ .. ပန်းရဂုံဟာ .. အေးချမ်းမှာပါ ဖေဖေ ..''

ဆက်တိုက်ပြောနေသည်ကလည်း ရှိုက်သံတွေ ရောထွေးနေရင်း ဖြင့်ပါတည့် ...။

ကမန်းကတမ်း အဖေ့ရင်ခွင်မှ ခွာကာ စိတ်အားထက်သန်စွာဖြင့် အိတ်ကပ်ထဲမှ အိတ်ဆောင်မှတ်စုစာအုပ်ကို ထုတ်သည်။

''ဒီထဲမှာ .. ထက်ခေါင်မှူး ရဲ့ သူငယ်ချင်းတွေအမည်နဲ့ လိပ်စာတွေ .. ဖုန်းနံပါတ်တွေရှိတယ် ဖေဖေ .. သား စုံစမ်းခဲ့ပေမယ့် .. ဘယ်သူကမှ .. ထက်ခေါင်မှူး နဲ့ ညီမလေးတို့ ဘယ်မှာ ရှိတယ်ဆိုတာ သိတယ်လို့ မဖြေကြဘူး ဖေဖေ .. ကိုကြီးကို မယုံလို့ဖြစ်မှာ .. ဖေဖေ မေးရင်တော့ .. အမှန်ဖြေကြမယ် ထင်ပါရဲ့ ဖေဖေ .. သား ဖုန်းဆက်ကြည့်ရမလား .. အဲဒီ သူငယ်ချင်းတွေရဲ့ ဖုန်းတွေကို ..''

ဇောသည် ညီမလေးပဲ ဖြစ်နေသည်။ ကိုငယ်လည်း ကိုကြီး ဘေးမှာ ရပ်လာသည်။ အလောတကြီးပင် မှတ်စုစာအုပ်ကို ယူသည်။ ကိုငယ့်မျက်နှာမှာ မျက်ရည်တွေ စိုနေ၏။ မျက်ရည်ကလည်း ကျနေဆဲ ...။

''ဘာလုပ်ဖို့ ဖုန်းတကာကို ဆက်နေရမှာလဲ ကိုကြီး .. ကားထုတ်စမ်း .. အဲဒီ ရတနာမွှန်းကို ဖေဖေတို့ လိုက်သွားကြမယ် .. ယမုန် နဲ့ ခင်ထား တို့ ခက်စံ တို့ အိမ်မှာနေခဲ့ ..၊ ကိုကြီး .. ဖေဖေတို့ သားအဖ သုံးယောက် ဟိုကို လိုက်သွားမယ်..၊ သူတို့အိမ်က ထွက်သွားရတာကွ.. ငါ့သမီး ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းဖို့ သူတို့မှာလည်း တာဝန်ရှိတယ် .. ဒီတိုင်း လက်ကလေးပိုက်ပြီး ငြိမ်ကြည့်နေကြတာ ငါ ခံမခံနိုင်ဘူး .. အဲဒီ ဟိုမိန်းမကြီးကိုလည်း မျက်နှာကို စေ့စေ့ကြည့်ပြီး ..



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသား ပြောစရာရှိ ပြောရမယ် .. အမှုဖွင့်စရာရှိ ဖွင့်ရလိမ့်မယ် .. ဘာလဲကွာ .. လူစိတ်မရှိပဲ လုပ်ချင်တိုင်း လုပ်လို့ ရမလား ..၊ အဲဒါ .. လူကွ .. ငါ့သမီးလေးဟာ .. လူ ..၊ ဘုန်းသာ ရဲ့ သမီးဟာ .. လူ ကွ .. လူ .."

စိတ်လိုက် မာန်ပါကြီး ပြောကာ မခံချင့်ဇောဖြင့် အံခဲ၍ လက်သီးကို ကျစ်နေအောင် ဆုပ်ထားလိုက်သည်ကလည်း ဦးဘုန်းသာ ပါ ..။

"အမှုတွေ ဘာတွေတော့ မဖွင့်ပါနဲ့ မောင်ရယ် .. သမီးလေးက အဲဒီ ဒေါ်ခင်မြတ်လှိုင် ရဲ့ တူဖြစ်တဲ့ ထက်ခေါင်မှူး နဲ့ အကြောင်းပါထားတာမို့ .. တစ်ကြောင်းမစပ် တစ်ကြောင်းစပ် ဆိုသလို မကင်းရာ မကင်းကြောင်းတွေ ရှိနေပါတယ် မောင် .. သမီးလေးဘက်က .. မောင်ထက်ခေါင် အပေါ် မျက်နှာပူရ .. မျက်နှာပျက်ရတာတွေ ဖြစ်ကုန်ရင် မကောင်းပါဘူး မောင်ရယ်.. စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့ မောင်.."

ဒေါ်ယမုန် သမီးလေးအတွက် မျက်ရည်ကျနေရပေမယ့် အရှည်ကို တွေးကာ ဝင်၍ ထိန်းရပြန်သည်။

"ဟ .. အဲဒီမိန်းမကြီးတောင်မှ စိတ်လိုက်မာန်ပါ လုပ်ချင်ရာ လုပ်ခဲ့သေးတာပဲ .. လုပ်ရဲသေးတာပဲကွ .. ငါတို့ဘက်က ဘာလို့ စိတ်လိုက်မာန်ပါ မလုပ်ရမှာလဲ ..၊ အမှုဖွင့်တယ်ဆိုတာ သူတို့ ကံကောင်းသေးတယ် .. တကယ်က .. အဲဒီ မိန်းမကြီး မျက်ခွက်ကို .. စုတ်ပြတ်ကုန်အောင် ငါတို့ သားအဖသုံးယောက် ဝိုင်းထိုးပစ်ချင်တာကွ သိရဲ့လား .. ငါ့သမီးကိုများ .. ခြေထောက်တွေ မှန်စရှုအောင် .. လုပ်ရက်တယ် .. လုပ်ခဲ့တယ်..၊ ဒီမှာ ယမုန် .. ဘုန်းသာ ရဲ့သမီးကို သူ အဲသလို ဆက်ဆံခဲ့တဲ့အတွက် .. သူ .. အချုပ်ထဲမှာ နေရလိမ့်မယ်ကွ .. သိရဲ့လား .."

ဒေါသဖြင့် ကျိုး၍ အော်ပစ်သည်က ဦးဘုန်းသာပါ ..။ ထိုစဉ်ခိုက် ကိုကြီးမှ ပရာဒိုကားကြီးကို ပေါ်တီကိုအောက်သို့ မောင်းလာပြီ ..၊





ဦးဘုန်းသာ အရမ်းကို ပေါက်ကွဲနေပြီမို့ အခြေအနေတွေ ရတနာမွန်းမှာ တင်းမာကုန်ကြမှာ လန့်လာရသည်က ဒေါ်ယမုန် ပါ။ သားအဖသုံးယောက်တော့ ဘယ်သူမှ တား၍လည်း မရတော့ပြီ။ ကိုကြီးနှင့် ကိုငယ် ဆိုတာ အဖေ အားကိုးဖြင့် လက်သီးတပြင်ပြင်ဖြင့် ကားပေါ်တက်ကြခြင်းပါ။ ကားကို အရှိန်ဖြင့် မောင်းထွက်သွားသည်ကလည်း ကိုကြီးပဲ ဖြစ်နေသည်။

ခြံတံခါး ပြေးဖွင့်ပေးရသည်က ပန်းရုံ၏ ဒရိုင်ဘာ အန်ကယ်ထွေး ပါ။ ဘယ်သူမှ အန်ကယ်ထွေး ကို ကားမောင်းဖို့ မခေါ်ကြ ..။ ကိုကြီးကဖြင့် ခြံဝင်းတံခါးကြီး ဖွင့်တာ နှောက်ကျလွန်းနေသည်ဟု စိတ်လက်မရှည်စွာပဲ ဟွန်းသံ ညံကုန်အောင် စိတ်မြန်လက်မြန်ဖြင့် တီးနေပါသည့်အဖြစ် ..။

ကားမောင်းထွက်ဖို့ ပြင်နေစဉ်မှာပင် ခြံတံခါးရှေ့မှာ ကားတစ်စီး ရပ်လာသည်။ ကားမောင်းလာသူက ဦးမြတ်မှူး ကိုယ်တိုင်ဖြစ်နေ၏။

ဘေးမှာလည်း လူတစ်ယောက် ထိုင်လာသည်။ ထိုသူကိုတော့ ဦးဘုန်းသာ မသိ ..၊ မျက်နှာစိမ်းထဲက ဖြစ်နေသည်။ ကားထွက်၍ မရတော့ပြီမို့ ကားကို ရပ်ပစ်ကာ ကားပေါ်မှ စိတ်နောက်ကိုယ်ပါကြီးဖြင့် ဒေါသတဆူဆူ ရှိနေသော ဦးဘုန်းသာ ဆင်းသည်။

"ဟေ့လူ .. ဘယ်လိုလဲဗျ .. ကျုပ်သမီးကို ခင်ဗျားအစ်မကြီး တိရစ္ဆာန်စိတ်နဲ့ ရက်စက်တာ ကောင်းသလား .။ ဆင်း ဗျာ .. ခင်ဗျားကို အရင် လက်သီးထိုးကြည့်ချင်လွန်းလို့ပါ .. ဆင်း ဗျာ .."

လူငယ်လေးနှယ်ပင် စိန်တွေဘာတွေ ခေါ်နေသည့် ဦးဘုန်းသာကို လက်အုပ်ချီ၍ တောင်းပန်ရင်း ကားတံခါးဖွင့် ဆင်းလာသည်က ဦးမြတ်မှူး ပါ ..။

ဦးဘုန်းသာ တကယ့်ကို လက်သီးပင့်ထိုးလိုက်တာမို့ ယိုင်ခနဲဖြစ်ကာ လက်ထောက်မိသည်က ကားဘောနက်ပေါ် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"လွှန်ပါမယ် ခင်ဗျာ .. လွှန်ပါမယ် ခင်ဗျာ .."

ကားပေါ်မှာ နောက်လူတစ်ယောက်က သုတ်ကရက် ဆင်းလာရကာ ဦးဘုန်းသာ နှင့် ဦးမြတ်မှူး တို့ကြားမှာ ဝင်ရပ်ရ ..၊ တားရ ..။ နှုတ်ခမ်းထောင့်ဆီမှ သွေးစီးကျလာသည့် ဦးမြတ်မှူး ၏ ဒဏ်ရာမှ သွေးကို လက်ကိုင်ပဝါဖြင့် သုတ်ပေးရန်နှင့် ရှိသွားရပါ၏။

ကိုကြီး နှင့် ကိုငယ်ကလည်း အဖေကို ဝင်မထိန်း ..၊ ပေတေတေပုံကြီးတွေဖြင့် ဦးမြတ်မှူး ကို စိုက်ကြည့်နေကြသည်ပါပဲ..၊ ဦးဘုန်းသာ မျက်တောင်မခတ် ဦးမြတ်မှူး ကို စိုက်ကြည့်ကာ ...

"ကျုပ်သမီး ခြေထောက်တွေက သွေးတွေ ထွက်ခဲ့ရတာ.. ဒီထက်ပြင်းထန်ပါတယ် ကိုမြတ်မှူး .. ဟို မိန်းမကြီးကလည်း မိန်းမသားချင်း စာနာစိတ် မရှိပဲ သူများသားသမီးကို အဲသလောက် အကြမ်းပတမ်း ရက်စက်ရသလား ..၊ ဒီကောင် .. ဒီကောင် .. ခုမှ ကျုပ်ကို အဖြစ်စုံ ပြောပြလို့ .. ခုမှ ကျုပ် သိရတာ.. အခုပဲ ခင်ဗျားအိမ်ကို ထွက်မလို့ သိရဲ့လား .. ဟိုရောက်ရင် ခင်ဗျားနဲ့ ဟိုမိန်းမကြီးကို အမှုန့်ကြိတ်ပစ်မလို့.. သိလား .. သိရဲ့လား .."

ဆက်တိုက်အော်နေသည်က ဦးဘုန်းသာ ..၊ သမီးဖော်သည် တစ်ကိုယ်လုံး အုပ်စီးထား၏။ ဒေါသနှင့် အော်နေသည့်ကြားမှ ကြေကွဲမျက်ရည်ကလည်း ရင်နှင့်မဆံ့ ပြိုကျ၏။

ကားဘောနက်ကို လက်ထောက်၍ ခဏငြိမ်နေရသည်က ဦးမြတ်မှူး ပါ။ ခေါင်းလည်း မူးမိုက်မိုက် ဖြစ်ကုန်ရသည်ကိုးလေ ..။ လက်သီးတစ်လုံးတည်းပေမယ့် အတော်ကြီး အားပါသည်။ အရှိန်ပြင်းသည် တည့် ..။

အိမ်ရှေ့မှာ ကားနှစ်စီးဆုံကြတာ ..၊ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တာကို ပေါ်တီကိုအောက်မှာ စိတ်ပူလက်ပူဖြင့် ထွက်ရပ်ကြည့်နေပါသည့် ဒေါ်ယမုန် မြင်တာမို့ ပြေးလာသည်။





ခင်ပွန်းသည်ကို ထိန်းသည်..၊ ဦးဘုန်းသာ အထိန်းမခံ..၊ ဒေါ်ယမုန်၏ လက်ထဲမှ လက်မောင်းကို ဆောင့်ရုန်းသည်။

"ဝမ်းသာတယ်ဗျာ ကိုဘုန်းသာ ..၊ သမီး .. ဆိုတဲ့စကား ကြားရတော့ ရင်ထဲ ကြည်နူးလိုက်တာ ဗျာ .. ငွေဝန်းပျိုလေး သာ ဒီမြင်ကွင်းကို မြင်ရင် .. မျက်ရည်ကျမှာ .. ခမျာ .. ပျော်လွန်းလို့ မျက်ရည်ကျမှာပါဗျာ .. မိဘကို အလွန်ချစ်တဲ့ သမီး .. အစ်ကိုတွေကို အလွန်ချစ်တဲ့ ညီမလေးဟာ .. သူ့အဖေ .. သူ့အမေနဲ့ သူ့အစ်ကိုတွေကို ပြန်ရလိုက်ပြီကိုး .."

ဟု အသံတွေ အက်ကျနေရင်း ဦးမြတ်မှူး ပြောသည်။ အားယူ၍ ပြုံးသည်။

"ထိုးပါ ကိုဘုန်းသာ .. ထိုးပါ ဗျာ .. ခင်ဗျား ပြောတာ အမှန်ပါပဲ .. သမီးလေး ငွေဝန်းပျို ခံစားခဲ့ရတဲ့ ဝေဒနာတွေထက် .. ကျွန်တော် အထိုးခံရတဲ့ ဒဏ်ရာက ဘယ်လိုမှ ပိုမပြင်းထန်နိုင်ပါဘူး ခင်ဗျာ .. မမြတ် ကြောင့် သမီးလေးဟာလည်း အရမ်းကြောက်လန့် အားငယ်ရှာရတာတွေကို သွေးသံတရဲရဲ ဒဏ်ရာတွေကြားထဲက .. ခံစားနေရရှာတာပါ .. ခမျာ .. ဘယ်လောက်ကြောက်နေမယ် .. အားကိုးရာမဲ့နေမယ်ဆိုတာ .. ကျွန်တော် တွေးမကြည့်ရက်လောက်အောင် ရှိနေရတာပါ ကိုဘုန်းသာ ရယ် .."

ဟု မျက်ရည်ကျလာရင်း ပြောလာတော့ ဦးဘုန်းသာ တွေခနဲ ကြည့်သည်။

ဦးမြတ်မှူး ဘက်က အရမ်းကို အောက်ကျို့ ကြေကွဲနေရှာတာ မြင်ရတော့လည်း အတန်မျှ မျက်နှာထက်မှ ခံပြင်းရိပ်တွေ လျော့ပါးသွားရပါပြီ ..။

"ကျွန်တော်တို့ အရေးတကြီး ဒီကို လာခဲ့ကြတာပါ ခင်ဗျာ .. အထဲ ခဏဝင်ပါရစေ ကိုဘုန်းသာ .. သားနဲ့ သမီးတို့ ဘယ်မှာရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ .. ဟိုကောင်တွေကို မနည်းချော့မော့မေးတော့မှ .. အဲဒီထဲက .. မောင်ဇေယျာ ဆိုတဲ့ ကောင်က .. ခုမှ ဖော်တာဗျ .. အရင်ရက်တွေ ကျွန်တော်ကိုယ်တိုင် သွားသွားပြီး မေးတာမှ .. သား သူငယ်ချင်းတွေအားလုံးကို အိမ်ပေါက်စေ့ပါ .. ဘယ်ကောင်ကမှ မသိဘူးဆိုတာပဲ ဖြေတာ .. သိတယ်လို့ မဖြေကြဘူးလေ .. တကယ်လည်း သိတာက ဇေယျာ ဆိုတဲ့ကောင်ပဲ ရှိတာ .. ခုမှ ဖြေသလေ .. တော်တော် နှုတ်လုံတဲ့ကောင် ..''

ဟု ပြောလာတော့ စောစောက မျက်မှောင်ကြီးကုတ်၍နေသည့် ကိုကြီး နှင့် ကိုငယ်လည်း မျက်နှာတွေ ကြည်လင်လာကြကုန်ပြီ ..။

''ဟာ .. ညီမလေးရှိတာ သိပြီလား .. ဒါဆို .. ဒီနေ့ သွားခေါ်မယ်ဗျာ .. ဒီမှာ အန်ကယ် .. အန်ကယ့်အိမ်တော့ မထည့်နိုင်ဘူးဗျ .. ဟိုမိန်းမကြီးလက်ထဲ အသေသွားအပ်လိုက်သလို ဖြစ်ကုန်လိမ့်မယ် .. ဒီတော့.. ပန်းရုံကို .. ခေါ်ထားရလိမ့်မယ် .. ထက်ခေါင် ကိုလည်း ဒီမှာ ခေါ်ထားမယ်ဗျာ .. အဲဒါတော့ မကန့်ကွက်နဲ့ ..''

ခုကတည်းက နေရာဦးထားသည့် စကားပြောသည်က ကိုကြီး ပါ ..။

''အိမ်ထဲ ခဏ ဝင်ပါရစေ ကိုဘုန်းသာ .. ဒီမှာ ဧည့်သည်လည်း ပါလာတာမို့ပါ..''

ဟု ပြောသည်က ဦးမြတ်မှူး ပါတည့် ..၊ ခုမှ သူစိမ်းတစ်ယောက် ပါလာတာကို အာရုံပြန်ထားနိုင်လာကြရသည်က ဦးဘုန်းသာ တို့ သားအဖပါတည့် ..။

အားလုံးကို အိမ်ထဲခေါ်လာသည်ကလည်း ငွေဝန်းပျိုလေး ဘယ်မှာ ရှိသည်ဆိုတာ သိရမည်ဆိုသည့်အဓိက အချက်ကြောင့်ဆိုတာ ဦးမြတ်မှူး သိနေရသည်ပါပဲ။

ဧည့်ခန်းမှာ ထိုင်ကြတော့ ဒေါ်ယမုန် အိမ်ရှင့်ဝတ္တရား ကျေရှာပါ





၏။ ကော်ဖီ ပြေးဖျော်ကာ ဧည့်ဝတ်ပြုတော့ မျက်မှောင်ကုတ်၍ ဦးဘုန်းသာ ဖနီးသည်ကို ကြည့်သည်။

လောလောဆယ်မှာ စိတ်ထဲ သိပ်မကြည်လင်နိုင်သေးတာတွေက ကျန်နေတာမို့ ကော်ဖီလေးပင် ဦးမြတ်မှူး အပေါ် သထားပုံ မရ ..။

''မိတ်ဆက်ပေးပါရစေ ကိုဘုန်းသာ .. ဒါက .. ကိုစက်ဖေ ပါ.. သူနဲ့ ကျွန်တော့်ကို ဆုံပေးတာလည်း မောင်ဇေယျာ ပါပဲ.. မောင်ဇေယျာဆီ ကျွန်တော် ရောက်သွားတော့ .. ဒီနေ့ကျတော့မှ သားနဲ့ သမီးလိပ်စာလည်း သူ ပေးတယ် .. သူ့ဆီကို ရောက်နှင့်နေတဲ့ ဒီက ကိုစက်ဖေ နဲ့လည်း ဆုံပေး .. မိတ်ဆက်ပေးတယ် .. အံ့သြစရာပါပဲ ကိုဘုန်းသာ..၊ ဒီနေ့မှာ .. ကိုဘုန်းသာ တို့ကလည်း သမီးဖေနဲ့ ကျွန်တော့်ဆီကို လာကြတော့မယ် .. ဒီက ကိုစက်ဖေ ကလည်း သမီးဖေနဲ့ မောင်ဇေယျာဆီကို ရောက်တယ် .. ငွေဝန်းပျို ဟာ .. ကိုဘုန်းသာ နဲ့ အစ်မယမုန် တို့ရဲ့သမီးလေးအဖြစ် ပြန်ဖြစ်ရသလို .. ဒီက .. ကိုစက်ဖေ ရဲ့ သမီးလေး အဖြစ်လည်း အဖေရင်းကို တွေ့ရတော့မှာပါ .. ဒါ .. ငွေဝန်းပျို ရဲ့ အဖေဖြစ်တဲ့ ကိုစက်ဖေ ပါ ခင်ဗျာ ..''

ဟု ပြောလာတော့ ကိုဘုန်းသာ နှင့် ဒေါ်ယမုန် တို့လည်း မျက်စိမျက်နှာ ပျက်ကုန်သည်။ ကိုကြီးနှင့် ကိုငယ်လည်း ခေါင်းတယမ်းယမ်းဖြင့် ...

''ဟာ .. အန်ကယ် .. လာတာ ရိုးရိုးမလာပဲ .. ဘယ်က လူကြီးကို .. ညီမလေး အဖေဆိုပြီး ပြဿနာထုပ်ကြီး ထမ်းတက်လာရတာလဲဗျ .. ဘာလဲ .. ညီမလေးကို တခြားအိမ်အပို့ ဇာတ်ထွင်လာပြန်တာလား.. မသိဘူးဗျာ .. ငွေဝန်း မှာ အဖေဆိုလို့ ဒီက ဖေဖေပဲ ရှိတယ် .. အမေဆိုလို့လည်း ဒီက မေမေပဲ ရှိတယ် .. လာမရှုပ်နဲ့ဆို မရှုပ်ကြနဲ့ဗျာ.. ပြန်တော့ .. ပြန်တော့ .. ကော်ဖီလည်း သောက်မနေနဲ့တော့ .. ပြန်ဆို ပြန်ကြပါဗျာ ..''



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး လေသံတွေ မာကုန်ရင်း အားမနာစတမ်းကြီး ပြောခိုက်...

"ဟ .. ဒီတိုင်းတော့ ဘယ်ပြန်လို့ ရမလဲကွ .. သမီးရဲ့ လိပ်စာ ယူထားရဦးမယ်လေ .. ကဲ .. ပေး .."

ဦးဘုန်းသာ လည်း ဝင်ပါလာရပြီ ...၊ လက်ဝါးကြီးဖြန့်၍ လိပ်စာ တောင်းနေတော့ ကိုငယ် ပြေး၍ ဘောလ်ပင် ယူလာသည်။ အစ်ကို၏ အိတ်ကပ်ထဲမှ မှတ်စုစာအုပ်လေးကို နှိုက်ယူသည်။ လက်ကလည်း လိပ်စာကို မှတ်ဖို့ အသင့်ပြင်ထားပြီးနေပြီ ...။

"မဟုတ်ပါဘူးဗျာ .. အားလုံး တူတူသွားကြဖို့ပါ .. မနက်ဖြန် မနက် ခရီးထွက်ကြဖို့ပါ .. ဒီက ကိုစက်ဖေ ကဖြင့် ဒီည နေအေးချိန် မှာတောင် ခရီးထွက်မယ်ချည်း လုပ်နေတာပါ .. ညဘက်ကြီး မသွားပါ နဲ့ .. မနက်ကျတော့မှ လင်းလင်းချင်းချင်း သွားပါလို့ မနည်း တားထား ရတာပါ ...၊ ဒီက ကိုစက်ဖေ ဟာ ငွေဝန်းပျို ရဲ့ အဖေဆိုတာကိုတော့.. ငြင်းလို့ မဖြစ်ဘူးလေ .. သူက အဖေရင်းပဲ .."

ဟု ဦးမြတ်မှူး ပြောလာတော့ ဦးဘုန်းသာ မျက်နှာထားကြီးတင်း ၍ ...

"ဟာ .. ပစ်ထားတုန်းက ပစ်ထားပြီးတော့မှ .. ခုမှ အဖေ လာ မလုပ်နဲ့လေ .. သမီးကို ကျုပ်တို့ ခေါ်ထားမှာပဲ .. ဟော့လူ .. ပြန် .."

ဟု ဦးစက်ဖေ ကို သမီးဖောကပ်ရင်း ဦးဘုန်းသာ မျက်နှာထား ကြီးဖြင့် နှင်နေပြီ ...၊ သားငယ်ကိုလည်း မျက်ထောင့်ဖြင့် ကြည့်သည်။

"ဟေ့ .. ရေးလေ လိပ်စာ .. ဘာ ငြိမ်နေတာလဲ ငတုံး ရဲ့ .."

ဟု ငေါက်သည်။

"ဒီက အန်ကယ်မှူး က ပြောမှ မပြောပြသေးတာ ဖေဖေ ရ .. ဘယ်ဟာကို ရေးရမှာလဲ .."

ကိုငယ် ကလည်း လိပ်စာဆိုတာကြီး ပြောပြသံ ထွက်မလာသေး သမျှ စိတ်လောကြီးနေရင်း အဖေကို ပြန်၍ ဖြေသည်။





"ဟုတ်သားပဲ .. ဒီမှာ ကိုမြတ်မှူး .. လိပ်စာ ပြောဗျာ .."

ဟု ပြောပြီးတာနှင့် ဦးစက်ဖေ ကို ဘုကလန့်ကြည့် ကြည့်သည်။

"ပြောလေဗျာ .."

ဟု ထပ်အော်တော့ ဦးမြတ်မှူး ခေါင်းခါပါ၏။

"တူတူသွားကြမယ် ကိုဘုန်းသာ .. မနက်ဖြန် မနက် .. ဒီကို လာခေါ်မယ် .. စောင့်ပါ .. ကြိုတင်ပြီး ဟိုကို ခင်ဗျားတို့ သားအဖ သွားကြတာ အဖြစ်မခံနိုင်ဘူးလေ .. ခါက .. သူ့အဖေရင်း ဗျ .."

အဖေရင်းဗျ .. ဆိုသည့်စကား ကြားရတိုင်း ဦးဘုန်းသာ သည်းမခံ နိုင်သလို ဖြစ်နေရပါပြီ ...။

"ဘာလဲ .. ဘာအထောက်အထားရှိလို့လဲ .. ဒီလူက .. ကျုပ်သမီး ရဲ့အဖေပါဆိုပြီး မိုးပေါ်က ကျလာသလို ငုတ်တုတ် လာထိုင်နေရ အောင်.."

ဟု လက်မခံနိုင်သလို အော်၏။

"ကျွန်တော်တို့ စီးလာတဲ့ကားနောက်ခန်းမှာ ထိုင်ပြီး လိုက်လာတဲ့ လူတစ်ယောက် ရှိတယ် .. ကားမှန်တင်ထားလို့ ခင်ဗျားတို့ သားအဖ သတိမထားမိကြ .. မမြင်မိကြတာ ဖြစ်မှာပါ .. ပြီးတော့ ဒေါသဖော ကလည်း ကျွန်တော့်အပေါ် ပြုကျနေတော့ .. ကားနောက်ခန်းကိုလည်း ကြည့်မိကြပုံ မရပါဘူး .. သူ့ကို ကျွန်တော် အခု သွားခေါ်လာပါ့မယ်.. သူ့နာမည်က .. ကိုတိုးဆွေ တဲ့ ...၊ ဒီက ကိုစက်ဖေ ရဲ့ ဒရိုင်ဘာဟောင်း ဆိုပါတော့ .. သူလည်း ဒီနေ့ပဲ ဒီက ကိုစက်ဖေ ဆီ ရောက်လာတာပါ.. ကိုစက်ဖေ ခမျာမှာလည်း ဒီနေ့မှ သူ့သမီးလေး အသက်ရှင်နေပါလား လို့ သိရတာပါဗျာ .. သူ သိထားတာကလည်း မယ်မှုန် ရော ကလေး ရော ဆုံးခဲ့ပြီဆိုတာပါပဲ .. ဒီအဖြစ်တွေကိုလည်း .. မောင်ဇေယျာ အိမ် မှာ .. ကိုစက်ဖေ နဲ့ အဲဒီ ကိုတိုးဆွေ တို့ .. မောင်ဇေယျာ တို့ကို ပြော ပြကြလေသမျှ ခုမှပဲ သိခဲ့ရတာပါ ...၊ ကဲ .. ကိုစက်ဖေ .. ခုလည်း ..



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သနစ်စုံကို ပြောပြရစ်ပါဦး .. ကျွန်တော် .. ကိုတိုးဆွေ ကို ကားနောက်ခန်းက နေပြီး သွားခေါ်လာပါ့မယ် ..၊ ဒီမှာ ကိုဘုန်းသာ .. ကိုတိုးဆွေ ဆိုတာက .. မယ်မှုန် ကို လက်ထပ်ခဲ့တယ်ဆိုတဲ့ သူပါပဲ.."

~ဟု ပြောကာ ဧည့်ခန်းမှ ဦးမြတ်မှူး ထွက်သွားပါ၏။ ပေါ်တီကိုအောက်မှာ ရပ်ထားသော ကားဆီသို့ သွားခြင်း ..။

ဦးစက်ဖေ ဆုံးဖြတ်ထားသည်က .. ဤညနေမှာပင် ခရီးထွက်မည်ဟု ..။

ထိုစဉ်နိုက်မှာဖြင့် .. ဦးစက်ဖေ သည် ဦးဘုန်းသာ တို့ မိသားစုတစ်စုကို .. ကြေကွဲဖွယ် .. ပြီးတော့ .. နောင်တတွေ ဖြေဆည်မရနိုင်ဖွယ်.. ကျန်ခဲ့ရာ.. အတိတ်ဆီမှ အဖြစ်များကို ပြောပြနေချေပြီ တကား..။





အခန်း | ၁၉ |

ခြံလေးက ပေါင်းမြက်တို့ ရှင်းနေပြီ ..၊ ခြံစည်းရိုးတွေလည်း အသစ်ကာထားသည်။ ခြံဝင်းတံခါးလေးသည်လည်း အသစ် ..။

အိမ်အိုလေး၏ ဝရန်တာလက်ရန်းတန်းတွေလည်း အသစ် ..။ သဘော်ဆေးလေးပင် သုတ်ထားသည်။ အပြာရောင် ..၊

ကားပေါ်မှ ဆင်းလာရင်း ငွေဝန်း ကိုကို့ကို မော့ခနဲ ကြည့်မိရပါပြီ ..။

အားလုံးကို ကိုကို ဤအချိန်တို ရက်ပိုင်းအတွင်းမှာ စီစဉ်ထားခဲ့ခြင်းဆိုတာ ငွေဝန်း နားလည်လိုက်မိရပါပြီ ..။

"ကိုကို အလုပ်သမားငှားပြီး အဲဒါတွေ လုပ်ထားတာ ကောင်မလေးရဲ့ .. ဦး ခမျာ .. ဒုက္ခိတ မဟုတ်လား .. သူ ခရီးထွက်နေတုန်း .. ကိုကို ဒီဘက်မှာ လုပ်ပေးနိုင်တာလေးတွေ လုပ်ပေးထားလိုက်တာ .. သူ ရှိရင်တော့ သူများပိုက်ဆံနဲ့ ခြံရှင်းလင်းသွားတယ်ဆိုတာမျိုးကို .. သူ့မာနက လက်ခံမှာ မဟုတ်ဘူး ငွေဝန်းလေး .. ဦးက .. ဒုက္ခိတပေမယ့် .. သူ့ဝမ်း သူကျောင်းတာလေ .. သူများဆီမှာ လက်ဖြန့်ခံတာမျိုး မလုပ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း ကို လက်လေးဆွဲ၍ ခေါ်လာချင်း ကိုကို ပြောတော့ ငွေဝန်း ကျေးဇူးတင်နေမိရသည်ပါပဲ ..။ ဒါပေမယ့် .. ရင်ထဲမှာ ကြောင့်ကြနေရဆဲ ..။

ဖေဖေ ပြန်မလာပဲ နေလိုက်တော့မည်လား ဆိုသည့် သောကသည် ကြာလေ ရင်ကို ချေမွလေ ..။ ခုလည်း .. ဖေဖေ့အိမ်ကို သွားကြည့်ချင်ပါသည်ဟု ကိုကို့ကို ပူဆာရခြင်းမှာ ဖေဖေ ပြန်ရောက်လာပြီလားဟုလည်း မျှော်လင့်ချင်သည်။ ပြန်မလာပဲ ခြေရာပျောက်သွားပြီလားဟုလည်း ချောက်ချားပြန်သည်။

ထိုခံစားချက်နှစ်ခုကြားမှာ ငွေဝန်း ရှိနေရတာ ငါးရက်မြောက်နေပြီ ..၊ ဘယ်လိုမှ ရင်ထဲ မနေသာတော့တာမို့ ဤ ညနေခင်းမှာတော့ ကိုကို့ကို ငွေဝန်း ပူဆာရခြင်းပါ။ ဖေဖေ့အိမ်လေးဆီသို့ ထပ်၍ သွားချင်ပါသည်ဟု ..၊ ကိုကို .. လိုက်ပို့ပေးသည်ပါပဲ ..။

အိမ်ငယ်လေး၏ တံခါးအိုသည် သော့ခပ်ထားဆဲ ..၊ ငွေဝန်း ငေးစိုက်၍ မျက်တောင်မခတ် တံခါးအိုအိုလေးကို ကြည့်နေမိရဆဲ ..။

"ဦး ပြန်လာမှာပါ ငွေဝန်းလေး .. သူ့ကတိကို .. ယုံကြည်စမ်းပါ .. ပြီးတော့ .. သူဟာ .. ငွေဝန်း ရဲ့ ဖေဖေနဲ့ သွားတွေ့နေတယ်ဆိုတာကိုလည်း ယုံကြည်စမ်းပါကွယ် .. သူ အားလုံး အမှန်အတိုင်း ပြောခဲ့တယ်ဆိုတာ ကိုကို သိနေတယ် .. တစ်ခုပဲရှိတယ် .. ငွေဝန်းလေးရဲ့ ဖေဖေ လိုက်လာနိုင်ပါစေဆိုတာ ဆုတောင်း .. ကဲ .. ခဏထိုင်ကြရအောင် ဒီဝရန်တာ နေရာလေးမှာ .."

ကိုကို ထိုင်လိုက်သည်က ရေဖြင့် သေချာသန့်စင် ဆေးကြောထားရာ ဝရန်တာ ကြမ်းခင်းဟောင်းအိုအိုထက်မှာပါ ..။ အားလုံး အလုပ်သမားငှား၍ ကိုကို လုပ်ပေးထားချေသမျှ ငွေဝန်း ကျေးဇူးတင်နေရတာတွေပဲ ရင်ထဲမှာ ဖြစ်တည်နေရပါ၏။

ကိုကိုသည် .. ငွေဝန်း ကို လက်ထပ်ခဲ့တာမို့ တာဝန်တွေ အရမ်း





များခဲ့ရ .. ပိုနေရပြီ ..၊ သူတစ်ပါးထံမှာလည်း အလုပ်လုပ်နေရသည်။ ခုလည်း ငွေဝန်း နှင့် ပတ်သက်ရာ ဖေဖေ့အိမ်လေးနှင့် ခြံဝင်းလေးကို သန့်နေအောင် ကိုကို စီမံပေးခဲ့ရရှာပြန်ပြီ ..။

ကိုကိုကတော့ ဝရန်တာငယ်ငယ် အိုအိုလေးမှာ နေသားတကျ ထိုင်နေပါ၏။ ခြံဝင်းလေးက ရှင်းနေတော့လည်း အတန်မျှ ကျယ်လာသယောင်ပင် ထင်ရသည်။

အရင်က ပေါင်းပင်ကြားမှာ မြုပ်နေသည် စံပယ်ပင်သည်လည်း အပွင့်တဝေဝေ ရွက်ခက်စိမ်းစိမ်းမြမြဖြင့် အုံကျင်းလေး ပေါ်လာနေရပါသည့်အဖြစ် ..၊ ခြံထောင့်ရှိ သရက်ပင်ဆီမှ ငှက်လေးတွေ၏ အသံလေးတွေကိုလည်း ငွေဝန်း ကြားနေရသည်။

"ဦး ပြန်ရောက်လာတဲ့အခါ .. ဒီအိမ်လေးရဲ့ အမိုးကို ပြန်မိုးခွင့်တောင်းရလိမ့်မယ် ငွေဝန်း ရေ .. အိမ်မိုးက သံချေးကိုက်နေပြီကွ .. ဦး မရှိချိန်ဆိုတော့လည်း .. သူများအိမ်ကို ခွင့်မတောင်းပဲ အမိုးအကာ လုပ်လို့ မကောင်းဘူးလေ .. တကယ်က .. ပြင်စမ်းဟေ့ဆိုရင်.. တစ်အိမ်လုံး အိုနေပြီကွ .. အသစ်ဆောက်ဖို့ပဲ ကောင်းတော့တာ .. ဒါပေမယ့် .. ဦးရဲ့ အိမ်ဆိုတော့ .. အရမ်းသွားလုပ်လို့ မကောင်းဘူးလေ .."

ကိုကို ဆက်ပြောသည်။ ငြိမ်နေသည့် ငွေဝန်း ကို ငဲ့ကြည့်ပါ၏။

"ဟော့ ကောင်မလေး .. ခုထိလည်း အာရုံမပြောင်းသေးဘူးလားကွ .. အဖေ ပြန်မလာတော့ဘူး .. ပြန်မလာတော့ဘူး ဆိုတဲ့ စိတ်ကို မမွေးနဲ့လေ .. ကိုကို ပြောထားပါရောလား .. ဦးဟာ ကတိတည်ပါလိမ့်မယ်လို့ .."

ကိုကို ပြောကာ ငွေဝန်း ၏ ပခုံးလေးကို အိမ်၏နံရံမှာ မှီထိုင်ဖို့ ဆွဲယူ မှေးမှီလိုက်စေသည်ပါပဲ ..။

သဘော်ဆေးသစ်၏ ရနံ့ကလည်း မကင်းနိုင်သေး ..။ ဝရန်တာ



www.burmeseclassic.com

www.burmeseclassic.com



လက်ရန်းအသစ်လေးကြောင့် အိမ်အိုလေးကတော့ အတန်မျှ သစ်လွင်လာသယောင် ရှိလာသည်။ ခြံဝင်းလေး ရှင်းနေတာမို့လည်း နေချင်စရာ ပိုကောင်းလာသည်။

"ဖေဖေက ငွေဝန်း တို့နဲ့ တူတူလိုက်နေမှာပါ ကိုကို .. ဒီအိမ်လေးကို ချန်ရစ်ခဲ့ရမှာပေါ့ .. နော် .."

ဟု ငွေဝန်း ပြောတော့ ကိုကိုက သရက်ပင်ဘက်ကို ငေးကြည့်နေသည်။

"ဟုတ်တာပေါ့ .. သူဟာ ငွေဝန်း ရဲ့ဖေဖေ ဖြစ်နေတယ်ဆိုရင်ပေါ့ .. ဒါပေမယ့် .. သူက ငွေဝန်း ရဲ့ ဖေဖေ မဟုတ်ဘူးလေ .. အဲသလိုပဲ သူ ပြောခဲ့တာပဲ ငွေဝန်း ရဲ့ .. ဒီတော့ .. စိတ်ရှည်ရှည်နဲ့ .. အဖြေတစ်ခုကို .. စောင့်နေပါဦး ကိုကို့ ကောင်မလေး ရဲ့ .."

ကိုကို ဖြေတော့ ငွေဝန်း ရင်ထဲမှာ ဘဝင်မကျ ..။ ဖေဖေ့ကို .. ငွေဝန်း ၏ဖေဖေ မဟုတ်ဟု ခုထိ ကိုကို လက်ခံပေးနေတာကို ရင်ထဲမှာ တစ်ချက် မခံချင် ..၊

ဤအိမ်အိုလေး၏ သခင် .. ဒုက္ခိတဖြစ်ပါသည့် ဖေဖေသည် ငွေဝန်း ၏ဖေဖေဟုပဲ တစ်ထစ်ချ ယုံကြည်နေမိမြဲ ..၊ ဖေဖေ့ကို ရအောင်ခေါ်ဖို့ပဲ စိတ်ထဲ ထက်သန်နေရဆဲ ..။

ညနေ မှောင်ရီပျိုးစအထိ ကိုကိုနှင့်အတူ ငွေဝန်း အိမ်အိုလေး၏ ဝရန်တာနေရာလေးမှာ ထိုင်မိရသည်။ ဖေဖေများ ပြန်ရောက်လာမည်လားဟု စောင့်နေမိရခြင်း ..၊ ထိုသို့ မျှော်နေတာကို သိနေသည်ကလည်း ကိုကိုပါ ..။

ငွေဝန်း စိတ်ချမ်းသာအောင် ဘေးမှာ တူတူထိုင်နေသည်။ အလိုလိုက်ခြင်းဆိုသည့် စိတ်ရင်းခံတစ်ခုသည် ငွေဝန်း နှင့်ပတ်သက်လာလျှင် ကိုကို့ထံမှာ အမြဲရှိနေတတ်သည်ဆိုတာ သိနေရရင်း ကိုကို့ကို ချစ်အားကိုးရသည်ကလည်း ငွေဝန်း ပါ ..။





"ကဲ .. ပြန်စို့ ကိုကို့ ကောင်မလေး ရေ .. မိုးချုပ်ပြီကွ .. မနက်ဖြန်မနက် .. ဒီကို ထပ်လာကြည့်မယ်လေ .. ဦး ရောက်လာရင်ဖြင့် ကိုကို့ဆီကို ဖုန်းဆက်မှာပါ ငွေဝန်း ရဲ့ .. ခုလည်း တစ်ပတ်မှ မပြည့်သေးတာ .. တစ်ခုတော့ရှိတယ် .. တစ်ပတ်ဆိုတာက လိုလိုမယ်မယ် ရက်ပိုပြည့်ပြောထားတာလည်း ဖြစ်နိုင်တယ်လေ .. ငွေဝန်း ရဲ့ ဖေဖေ့ဆီကို ရောက်တဲ့အခါ .. ဘယ်လို အဖြေထွက်မယ်ဆိုတာ သူလည်း ကြိုတင်မသိနိုင်ပဲကိုး .."

ကိုကို ပြောတော့ ငွေဝန်း မျက်လွှာလေး ချလိုက်မိရသည်။ ရင်ထဲမှာ ဟာနေသည် ..၊ ငွေဝန်း ကတော့ ဖေဖေသည်သာ ငွေဝန်း ၏ဖေဖေ ဖြစ်နေသည်ဟု ခုထိ စွဲလမ်းနေမိရဆဲ ..။

ဖေဖေ သည် ဦးတိုးဆွေ ဟုပဲ ရင်ထဲ ယုံကြည် စွဲလမ်းနေမိရဆဲ..။

ငွေဝန်း မျက်ရည်ဝေ့လာမိရပြန်ပြီ ..၊ ဖေဖေ သည် ဒုက္ခိတသမီးအဖြစ် လူတွေကြားထဲ ငွေဝန်း ကို မရှိစေချင်၍ အပြီးတိုင် ထွက်သွားပြီဟုသာ ထိတ်လန့်နေမိရမြဲ ဖြစ်နေသည်။

ကိုကိုနှင့်အတူ ရွှေပြည့်စုံသို့ ပြန်ရောက်လာချိန်သည် လမ်းမီးများ ထွန်းပြီးနေပြီ ..၊ ဟိုတယ်သည်လည်း လျှပ်စစ်မီးတိုင်လေးများ လင်းလဲ့နေသော ခြံဝန်းကျယ်ကြီး ..။ ပန်းဥယျာဉ် ..၊ ရွက်စိမ်းပင်တို့ဖြင့် လှပစွာသော ဟိုတယ်တစ်ခုလုံးသည်လည်း မီးတွေလင်း၍ ရှိနေပြီ ..။

ဟိုတယ်၏ ရီဆက်ပ်ရှင်မှာ သော့အပ်ထားခဲ့တာမို့ ကိုကို သော့ပြန်ယူတော့ တာဝန်ကျ မိန်းကလေးမှ ...

"အစ်ကို့အခန်းကို ဆေးပြန်သုတ်ဖို့ အစ်ကိုဖေယျာ ဖုန်းနဲ့ပြောလာတာမို့ အခန်းပြောင်းနေရမှာပါ .. အစ်ကို့အခန်းနဲ့ တစ်ခန်းကျော်အခန်းပါ .. ဒီမှာပါ အစ်ကို .. အခန်းသစ်ရဲ့ သော့ပါ ..၊ အစ်ကိုနဲ့ မမလေးတို့ရဲ့ ပစ္စည်းတွေကို .. အစ်ကိုတို့ အခန်းသစ်ရောက်ပြီးမှ .. ဝန်ထမ်းလေးတွေနဲ့ ယူဖို့ အစ်ကိုဖေယျာ ဖုန်းနဲ့ မှာထားပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို.. အခု .. အစ်ကိုတို့ နေခဲ့တဲ့ အခန်းဟောင်းမှာ အလုပ်သမားတွေ ရှုပ်နေကြလို့ပါ .. အားချင်းကြီး အစ်ကိုလေး ဖေယျာ ဒီညနေကြီးကျ တော့မှ ဖုန်းဆက် မှာလာလို့ .. ကျွန်မတို့ အဲဒီကိစ္စ .. ချက်ချင်း လုပ်နေ ကြရတာပါ .."

ဝန်ထမ်း မိန်းကလေးမှ အားနာသလိုလေး ပြောလာတော့ ကိုကို ပြုံး၍ ...

"သူက အဲသလိုပဲ ညီမလေး .. သူ့စိတ်ထဲ ပေါ်လာရင် ချက်ချင်း ကောက်လုပ်တတ်တဲ့အကျင့် ရှိတယ်လေ .. ခုလည်း .. ရန်ကုန်မှာ နေရင်းနဲ့ ဒီ ပြင်ဦးလွင်က ကိုယ့်အခန်းကို .. ဆေးသစ်သုတ်ပေးချင်တဲ့ ဇော ဝင်လာလို့ဖြစ်မယ် ...၊ ခုလို .. ကောက်စီစဉ်တာ .."

အခန်းသစ်တစ်ခု၏ သော့ကို ယူကာ ကိုကို ပြုံး၍ ငွေဝန်း နှင့် အတူ ဓာတ်လှေကားရှိရာသို့ လျှောက်လာပါ၏။

"အခန်းထဲရောက်မှ .. ညစာအတွက် လာပို့ပေးဖို့ ကိုကို ဖုန်းနဲ့ လှမ်းပြောလိုက်မယ် ငွေဝန်းလေး .."

ကိုကို အေးအေးချမ်းချမ်းပင် ငွေဝန်း ၏ ပခုံးလေးပေါ် လက်လေး တင်၍ အပေါ်ထပ်သို့ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်ပါပဲ ...။

အခန်းနံပါတ်ကို .. ကိုကို ကြည့်သည်။ အခန်းတံခါးကို ဖွင့်စဉ် မှာ လင်းချင်းနေသော မီးရောင် ...၊

အခန်းနံရံတစ်လျှောက်မှာ ပန်းတင်ခုံတွေ ချထားလျက် .. လှပ လွန်းနေသော ပန်းခြင်းတွေ စီရီချထားရာ အခန်း၏ အလှ ...၊ လှပသော မီးသီးရောင်စုံလေးတွေ သွယ်တန်းချထားရာ မျက်နှာကြက်ဆီမှ အလှ တရားများ ...။

အခန်း၏ အလယ်မှာ ဖွေးနေသည့် နှင်းဆီပွင့်တွေကြားထဲမှာ ရှိ နေပါသည့် နှင်းရောင်ဆမ်းထားသော ကိတ်မုန့်ကြီးတစ်ခု ...၊ ကိတ်မုန့် ကြီးသည်လည်း အနီရောင်နှင်းဆီများ ခြံရံထားသည့်နှယ် ခရင်(မ်)နုန





လေးတွေဖြင့် အလှဆင်ထားသည်တည့် ...။ မြင်ကွင်းကို ငေးစိုက်ကြည့် နေရာမှ တံခါးရွက်ကို လူဝင်နိုင်အောင် ထပ်၍ တွန်းလိုက်ရကာ ငွေဝန်း ၏ လက်လေးကို ဆွဲယူရင်း အခန်းတွင်းသို့ ဝင်စဉ်ခိုက် ...

တံခါးရွက်၏ အတွန်းအရွေ့သည် ဘေးဘက်ဆီသို့ ပို၍လည်း ရောက် ...၊ နှင်းဆီပွင့်ဖတ်လွှာရောင်စုံတို့သည် အပေါ်ဆီမှ ကြွချလိုက် သည့်နှယ် ရှိသွားရချေသည်တကား ...။

တံခါးရွက်၏ အတွန်းအရွေ့မှာ အထက်ဆီ၌ ဆင်ထားသော အဝတ်အိတ်နုနု ပွင့်သွားကာ .. ပန်းဝတ်လွှာတို့ ဖြာခနဲ ကျလာခြင်းပါ တကား ...။

အံ့သြမှင်တက်ရင်း ငေးခနဲ ရှိကုန်ရ ...၊ ငြိမ်ရပ်နေမိကြရ ...။ ငွေဝန်း ၏လက်လေးကို ထွေးဆုပ်ထားဆဲ ရှိနေကြရသည့်အဖြစ်သည် ခဏပဲ ကြာမည် ...။ အတွင်းခန်းဆီမှ သီချင်းသံသည် လွင့်ပျံ့လာပါ၏။ ညီညီညာညာ .. ဆိုသံ ...။

"ညီမလေးရယ် အိပ်ချင်ပြီ .. ဝဲတိုင်ကို မှီ .. အိပ်ချင်ပြီကွယ် ×× စံပယ် ကုံး ×× လွှဲကြပါဦး ×× အိပ်ချင်တဲ့မျက်တောင် ×× မြွေးယောင်ယောင် .. မျက် တောင်ကော့လေး ပေမြွေးမြွေး .."

သာယာလိုက်ပါသည့် သီချင်းသံ ...၊ ငွေဝန်း ရော သူရော .. ရင်ထဲမှာ လှုပ်ခတ် လှုပ်ရှားရပြီ။ စိတ်ဇောသည် အခန်းဘက်ဆီသို့ နှင်၏။

အခန်းတွင်းဆီမှ လူတစ်စုထွက်လာကြသည်။ သီချင်းကိုလည်း ဆက်ဆိုနေကြသည့်အဖြစ် ...၊

ငွေဝန်း .. မျက်ရည်ကျနေသည် ...၊ မျက်ရည်ကျနေရင်းလည်း ရယ်နေမိသည်။ ရယ်နေရင်းလည်း မျက်ရည်ကျလာနေသည်။ မျက်ဝန်း လေးတွေ ရွှန်းလဲ့နေကြသည်နှင့်အမျှ .. အပျော်တွေသည်လည်း မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မှာ ခို၏။ မျက်ရည်တို့သည်လည်း မျက်ဝန်းဆီမှာ ပြည့်သိပ်၏။ ကိုကို့လက်ကိုလည်း ငွေဝန်း စိတ်လှုပ်ရှားစွာ ဆုပ်ကိုင်ထားမိဆဲ ..။ ကိုကို့ ပခုံးပေါ်မှာလည်း ခေါင်းလေးကို စိတ်တွေ လှုပ်ခတ်နေရင်း မှီထားမိရပြီ ..။

အပျော်များ ..၊ ကြည်နူးမှုများ ..၊ မယုံရဲနိုင်သေးခြင်းများ..။ ဝမ်းနည်း ဆို့နင့်နေသည့် ခံစားချက်များ ..၊ အားလုံးသည် ငွေဝန်း ၏ ရင်ထဲမှာ ဖြစ်တည်နေကြသည်။

ပန်းရဂုံမှ ချစ်ခြင်းများစွာကို ဖေဖေနှင့် မေမေတို့ သယ်ဆောင်လာကြသည်က ကိုကြီး ကိုငယ် တို့ကိုပါ တူတူ ခေါ်လာခြင်းဖြင့်ပါတကား ..။ ကိုကြီး နှင့် ကိုငယ့် လက်ထဲမှာ ပန်းစံကားဖြူနီတို့ လှပစွာ သီထားပါသည့် ပန်းဆွဲကြိုးနှင့် ပန်းသရဖူ တို့ ရှိနေကြသည်။

အားလုံး၏ မျက်ဝန်းတွေမှာ မျက်ရည်ကိုယ်စီဖြင့် ရှိနေကြပါ၏။ အကြည့်သည်လည်း ငွေဝန်း တို့ထံမှာပဲ တန့်နေသည်။ ဖေဖေ မေမေတို့ နောက်မှာ ကိုကို့ဖေဖေ အန်ကယ် ဦးမြတ်မှူး ..၊ အန်ကယ်သည်လည်း ကိုကို့ကို ကြည့်နေပါ၏။ ပြုံး၍ ကြည့်နေခြင်း ..၊ ငွေဝန်း ကိုလည်း ပြုံးပြသည်။

နောက် .. နောက် .. တွေ့ရသည်က ..၊ ဖေဖေ ဦးတိုးဆွေ ပါတကား ..။ ပြုံး၍ ရပ်နေသည်က ချိုင်းထောက်ကြီးဖြင့်ပါ။

ညစ်ထေးထေး အဝတ်အစားတို့နှင့် မဟုတ်တော့ပြီ ..၊ ဖေဖေ ဦးတိုးဆွေ သည် အဝတ်အစား သန့်သန့်ပြန့်ပြန့် မီးပွကျနှင့် ဖြစ်နေပါ၏။

"ဖေဖေဟာ .. ဖေဖေဟာ .. ပန်းရဂုံကို သွားလိုက်တာပါလား.. ပန်းရဂုံက ဖေဖေနဲ့ မေမေကိုရော .. ကိုကြီးနဲ့ ကိုငယ့်ကိုရော ခေါ်လာတာပါလား .. ကိုကို ပြောပြလို့ ပန်းရဂုံ လိပ်စာကအစ ဖေဖေ သိထားတာပဲလေ .. ဟိုကိုသွားတာက .. ပန်းရဂုံကို သွားတာပါလား .."





ငွေဝန်း တွေးကာ မျက်ရည်ကျနေရပါသည့်အဖြစ် ..၊ ဖေဖေ ဦးတိုးဆွေ နောက်မှာ ငွေဝန်း မသိသည့် လူတစ်ယောက် ရပ်နေပါ၏။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်ခုံးထူထူ မျက်ဝန်းတွေ ရွှန်းတောက်နေကြလျက် .. ခန့်သန့်နေပါသည့် လူတစ်ယောက် ..၊ ပြုံး၍ ကြည့်နေတာမို့ ပါးချိုင့်တစ်ဖုံက ထင်းခနဲ ရှိနေသည်။

အကြည့်သည် မျက်ရည်နှင့် ဖြစ်၏။ အပြုံးသည် အတန်မျှ ကြေကွဲရိပ်တွေ သမ်း၏။ လူချမ်းသာမှန်းလည်း သိသာနေသည်ပါပဲ။

အဖေ ဦးတိုးဆွေ ရှေ့သို့ တိုးလာသည်။ ငွေဝန်း ငေးကြည့်နေမိရာမှ တစ်ချက် တွေခနဲ ဖြစ်လာရပါပြီ ..။ ပန်းရဂုံမှ ဖေဖေနှင့် မေမေ..၊ ကိုကြီးနှင့် ကိုငယ်တို့သည် .. တစ်စုံတစ်ရာသောအဖြစ်တစ်ခုကို စောင့်ဆိုင်းပေးနေသည်ဟု ထင်လာသည်။

ခုထိ .. ဘာကြောင့် ငွေဝန်း ထံသို့ ပန်းရဂုံမှ ဖေဖေတို့အားလုံး ရောက်မလာနိုင်ကြပါသလဲ ..၊ ဘာကြောင့် ထိုနေရာမှာပဲ ရပ်နေကြပါသလဲ ..၊ ဘာကို စောင့်ဆိုင်းနေပါသလဲ ..။

တကယ်ဆို .. ငွေဝန်း ထံသို့ ပြေးပင်ပြေးလာနိုင်ကြမည့်အဖြစ်..။ ငွေဝန်း သည်လည်း ရပ်နေကြပါသည့် ဖေဖေ နှင့် မေမေ တို့ထံ ခုမှ ပြေးသွားဖို့ ဇောဝင်လာကာ ကိုယ်လေး စတင်၍ လှုပ်ရှားလာမိရချိန်မှာပင် ...

"ငွေဝန်းပျို .."

ဟု ဖေဖေ ဦးတိုးဆွေ တည်ငြိမ်စွာ ခေါ်လာပါ၏။ ကိုကိုသည်.. ငွေဝန်း ဘေးမှာ ရပ်နေမြဲ ..၊ ကိုကို့ကို မော့ကြည့်မိတော့လည်း တစ်ခုခုကို ချိန်ဆ၍ အကဲခတ်နေသည့်နှယ် ရှိနေသည်။

ကိုကို့ အကြည့်သည် လူစိမ်းဖြစ်သော အန်ကယ်ကြီးထံမှ ငြိမ်၍ တန့်နေပါ၏။ တစ်ခုခုကို လေးလေးနက်နက် တွေးနေသည့်အခန် ..။

ထိုစဉ်ခိုက် အဖေ ဦးတိုးဆွေ မှ ချိုင်းထောက်ဖြင့် ရှေ့တိုးလာပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဘေးမှာက လူစိမ်းကြီးကို ခေါင်းဆတ်ပြ၍ ခေါ်လာသည်။

"ဒါ .. မိန်းကလေးရဲ့ အဖေရင်းပဲ ကလေးမ .. သူဟာ .. မင်းရှာဖွေနေတဲ့ .. မျှော်လင့်နေတဲ့ .. မင်းရဲ့ အဖေရင်းပါပဲ .."

ဟု ပြောလာချိန်မှာ ငွေဝန်း ၏ အကြည့်တွေ ချက်ချင်းပင် ထို သူစိမ်းထံသို့ ရောက်၏။

သန့်ပြန့်မွန်ရည်သော လူတစ်ယောက် ..၊ ငေးစိုက်ကြည့်နေသည့် အကြည့်တွေထဲမှာ ကြေကွဲခြင်းတွေ .. ထိနိုက်ခြင်းတွေ ..၊ ပြီးတော့ .. ချစ်မဝသောအကြည့်တစ်ခုကို ပေးဆပ်နေပါသည့် ဖခင်၏အကြည့်တွေ ရှိနေကြချေသည်တကား ..။

"ဒါ .. ဒါ .. ငါ့အဖေတဲ့ .. အဖေတဲ့ .. သူဟာ .. သူဟာ .. အရမ်းချမ်းသာတဲ့ လူတစ်ယောက်မှန်း မြင်တာနဲ့ သိသာနေတယ် .. နုနုနယ်နယ် အသားအရေ ရုပ်အဆင်းနဲ့ လူတစ်ယောက်ဖြစ်နေတယ်.. ဝတ်ထားတာကလည်း အဖိုးတန်အဝတ်အစားတွေ .. စိန်လက်စွပ်ကြီးကလည်း အပွင့်ကြီးကြီးနဲ့ လက်နေတာပဲ ..၊ ဒါဆို.. ဒါဆို .. ငါ အဖေလို့ ယုံကြည်ထားမိခဲ့တဲ့ ဘဘ ဦးတိုးဆွေ ရဲ့ စကားတွေဟာ အမှန်တွေပဲပေါ့ .. ဘဘက ငါ့အဖေမှ မဟုတ်ပဲကိုး ..၊ ငါ့အဖေရင်းက .. လူချမ်းသာကြီးတစ်ယောက်ပါလား .. သူဟာ .. ငါ့ကို ငါ့အမေကိုယ်ဝန်ကြီးနဲ့ ထားခဲ့တာပါလား .. တာဝန်မယူခဲ့တာပါလား ..၊ ဟင့်အင်း .. ဒါ .. ဒါ .. ငါ့အဖေ မဟုတ်ဘူး .. ငါ့အဖေက .. ဘဘ ဦးတိုးဆွေ ပဲ ဖြစ်သင့်တယ် .. ဖြစ်သင့်တယ် .. ဘဘက ငါ့အမေကို လက်ထပ်ခဲ့တာ .. လက်ထပ်ပေးခဲ့ရှာတာ .."

ငွေဝန်း တဖြည်းဖြည်း မျက်ရည်တွေ ပိုကျလာသည်။ ကိုယ်လေး နောက်ဆုတ်နေမိပြီ ..၊

ကိုကိုသည်လည်း ငွေဝန်း ကို တောက်လျှောက် အလွှတ်မခံဘဲ ကြည့်ကာ ဘေးမှ လိုက်လာသည်။





"ငွေဝန်းလေး .. ငွေဝန်းလေး .. ကိုကို့ကို ကြည့်စမ်း .. ကိုကို့ကို ကြည့်စမ်း .."

ကြေကွဲခြင်းတွေ အပြုံပြုံအလဲလဲ ဖြစ်နေသည့် အလူးအလဲဒဏ်တွေက နှလုံးသားကို ဖိချေနေကြတာမို့ ငွေဝန်း ၏ မျက်နှာလေးမှာ သွေးရောင်ဆုတ်လာနေသည်။ ကိုကို စိုးရိမ်တကြီး ခေါ်နေပေမယ့် ငွေဝန်း ကိုကို့ကို မကြည့်နိုင်ပဲ ဖြစ်ကုန်ပြီ ..။ မျက်ဝန်း မျက်ဆန်တွေကို ရွေ့မရနိုင်သလို ဖြစ်လာကုန်ကြပြီ ..။ အကြည့်သည် .. ထို သူစိမ်းထံမှာ တန့်နေသည်။

ဟင့်အင်း ..၊ ထိုသူသည် သူစိမ်းမဟုတ် ..၊ ငွေဝန်း ၏ ဖေဖေ ..။ ဟင့်အင်း .. ငွေဝန်း ၏ဖေဖေ မဖြစ်ချင် ..။ သူစိမ်းပဲ ဖြစ်စေချင်သည်။ ငွေဝန်း ၏ ဖေဖေသည် ချမ်းသာဂုဏ်မက်ပြီး မေမေ ဒေါ်မယ်မှုန့် ကို ရက်စက်ခဲ့သည်ဆိုတာကြီးကို ငွေဝန်း ၏ရင်ထဲ အရောက်မခံနိုင်တော့ပြီ ..၊ ဖယ်ထုတ်လိုက်ချင်သည်။

ငွေဝန်း ၏ ကိုယ်လေး ယိုင်လာသည်။ နောက်ဆုတ်နေသည့် ခြေလှမ်းတွေ တောင့်မခံနိုင်တော့ပြီကောလေ ..၊ ငွေဝန်း ၏ ခြေထောက်တွေက ကိုယ်ကို ထိန်းမထားနိုင်သည့်အဆင့်ကို တိုင်လာနေပြီ..။ ကိုကို့လက်တွေက ငွေဝန်း ၏ကိုယ်လေးကို စိုးရိမ်တကြီး ထိန်းပွေ့ထားနေကြရင်းမှ ...

"ဘုရားရေ .. ငွေဝန်းလေး .. ကိုကို့ ငွေဝန်းလေး .. စိတ်ကိုလျှော့လိုက် .. လျှော့လိုက်ပါ ကလေးရယ် .. ငိုချလိုက်လေ .. ငိုချလိုက်လေ.. ရင်ထဲမှာ မျိုမထားနဲ့ .. ငိုချလိုက် .. ငိုချလိုက် .. ဟောကောင်မလေး .. ငိုပစ်လိုက်လေကွာ .."

ငွေဝန်း ၏ ကိုယ်လေးကို ရင်ခွင်ထဲ သိမ်းပွေ့ထားရာမှ ကိုကို စိုးရိမ်ဇောဖြင့် ပြောနေသည်။ ငွေဝန်း ၏ နဖူးလေးကို နမ်းလိုက် ..၊ ဆံစလေးကို သပ်ပေးလိုက် ..။



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေးကို ဆွဲယူ၍ မျက်နှာချင်းဆိုင် ဖြစ်စေလိုက်ရင်းမှ ပန်းလေးကို လှုပ်၍ ငိုနိုင်းလိုက် ..၊ ရင်ခွင်ထဲပြန်၍ သိမ်းမွေ့ထားလိုက်ဖြင့် ကိုကို ရှိနေရှာပါ၏။

ငွေဝန်း မျက်ဝန်းကို စုံမှိတ်ချလိုက်မိရပြီ ..၊ စိတ်ကို လွှတ်ပေးလိုက်မိပြီ ..။ ဤတစ်ကြိမ်မှာတော့ ငွေဝန်း ကိုကို့ ရင်ခွင်ထဲ မျက်နှာလေးအပ်မိကာ ရင်တွေ ပေါက်ကျေကုန်မတတ် .. လည်ချောင်းတွေ ကွဲကုန်မတတ် .. ငိုချပစ်လိုက်မိရပါပြီတည်း ..။

"အဲဒါ .. အဲဒါ .. ငွေဝန်း ရဲ့ ဖေဖေ မဟုတ်ဘူး .. မဟုတ်ဘူး.."

ငွေဝန်း ငိုနေရင်းလည်း ပြောနေသည်။ ကယောင်တမ်းဆန်နေသော အပြော ..၊

"ငွေဝန်း ရဲ့ ဖေဖေက .. ချမ်းသာတယ် .. အဲသလောက်ချမ်းသာတဲ့ ဖေဖေက .. ငွေဝန်း ကို .. ငွေဝန်း ကို .. မမွေးချင်ဘူးတဲ့ .. မမွေးချင်ဘူးတဲ့ .. ငွေကုန်မှာ ကြောက်လို့ မဟုတ်ဘူး .. ဂုဏ်တွေ ကုန်သွားမှာ .. ကြောက်လို့ .. အဲဒါကို .. ကြောက် .. လို့ .."

ငွေဝန်း ရင်ထဲမှာ မကောင်းနိုင် ..၊ မရိုတင်ကဲကြီး ငိုပြောနေသည်။ မေမေ ဒေါ်မယ်မွန် ကို ဘဘ ဦးတိုးဆွေ ၏အိမ်ဈောက်မှ ခတ်ပုံထဲမှာ မြင်ဖူးခဲ့ရတာပဲ ရှိဖူးသည်။ ထိုမျှ အေးချမ်းသော ချောမွေ့မွေ့ မေမေ့ကို .. ဖေဖေ လူချမ်းသာသည် .. ချမ်းသာဂုဏ် .. ကုန်မှာကြောက်၍ .. လက်မထပ်ခဲ့ ..။ ငွေဝန်း ကို တာဝန်မယူခဲ့ ..။

ငွေဝန်း ရင်ထဲမှာ ခုကျတော့မှ ပေါက်ပေါက်ကွဲကွဲ ဖြစ်လာနေသည်။

ဒေါသဖြင့် ပေါက်ကွဲတာ မဟုတ် ..၊ ကြေကွဲခြင်းဖြင့် ပေါက်ကွဲနေခြင်း ..။ ပေါက်ကွဲကုန်ရသည်ကလည်း နှလုံးသားပဲ ဖြစ်နေသည်။ တစ်စစီ ဖောင်းဖောင်းပါအောင် ပေါက်ကွဲ လွင့်စဉ်ကုန်ရခြင်းသည် ငွေဝန်း ၏ နှလုံးအိမ်ပဲ ဖြစ်လေသည်။





"မဟုတ်ဘူး ကောင်မလေးရဲ့ .. ကိုကို ပြောမယ်.. အဲဒါ .. ငွေဝန်း ရဲ့ ဖေဖေ ဆိုတာကို လက်ခံမှ ဖြစ်လိမ့်မယ် .. ဘာလို့လဲဆိုတော့ .. အဲဒီ အန်ကယ်ဟာ ငွေဝန်းလေး ရဲ့ ဖေဖေ ဖြစ်နေလို့ .. ဘဘဦးတိုးဆွေ ခေါ်လာတာလေ .. အဲဒါကိုတော့ သိထားရလိမ့်မယ် .. အခုလည်း ကြည့်လိုက်ပါ ကလေးရယ် .. သူလည်း .. ငိုနေတာပါပဲ .. ငိုနေတာပါပဲ ..၊ တစ်ခုတော့ အခွင့်အရေး ငွေဝန်းလေး ရဲ့ ဖေဖေ့ ကို ငွေဝန်း ပေးသင့်တာပေါ့ .. ဖြေရှင်းခွင့်ဆိုတာ ပေးသင့်တာပေါ့ ကလေးရယ် .. ခုလို.. အဖေ မဟုတ်ဘူးလို့ ငြင်းလိုက်တာနဲ့ .. တကယ် အဖေမဟုတ်ပဲ ဖြစ်သွားမှာမှ မဟုတ်တာ ..၊ ကြည့်လိုက်ပါဦး ငွေဝန်း ရယ် .. ငွေဝန်း ရဲ့ ဖေဖေ့ကို ကြည့်လိုက်ပါဦး .."

ရင်ဘတ်မှာ အပ်ထားပါသည့် ငွေဝန်း ၏ ခေါင်းလေးကို ဖွဖွ ညင်ညင် ကိုကို မေးယူသည်။ ဖေဖေ ရှိရာဘက်ကို မျက်နှာလေးကို ငံ့စေသည် ..၊ ကြည့်စေသည် ..။

ငွေဝန်း ငိုနေရင်းမှ ကြည့်လိုက်တော့ ကြမ်းပြင်ပေါ် ပုံပုံကျ ထိုင်ချရင်း .. မျက်နှာပေါ် လက်ဖဝါးတွေ ပိနေအောင် ကပ်အုပ်ကာ ချုံးချုံးချ ငိုနေသည့် ဖေဖေ ..။ ခေါင်းသည် ဟိုသည် ငံ့နေ၏။ ရင်သည် ခါနေ၏။

အလူးအလဲငိုနေသည့် မြင်ကွင်းသည် ငွေဝန်း ၏ရင်ကို ထိသည်။ အကြည့်သည် တန့်နေမြဲ ..၊ ကိုကို ငွေဝန်း ကို ဘေးမှ ဖေးထိန်းကာ ဖေဖေ့ထံသို့ ခေါ်လာပါ၏။ ဖေဖေ့အနီးမှာ ကိုကိုသည် ငွေဝန်း ကို ရပ်စေသည်။

ငွေဝန်း ၏အကြည့်က ဖေဖေ့ ထံမှာ ငြိမ်တန့်နေဆဲ ..။ အခန်းထဲမှာ ရှိသူတိုင်း၏အကြည့်သည် ငွေဝန်း နှင့် ဖေဖေ့ထံမှာပဲ မျက်လုံးတွေဖြင့် ငြိမ်တန့်နေကြပြီ ..။

"ခွင့်မလွှတ်ပါနဲ့ သမီး ရယ် .. ခွင့် .. မလွှတ်ပါ .. နဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ရင်ကို ဖောက်ခွဲ၍ ထွက်လာသည့်နှယ် ဖေဖေ ရုတ်ခနဲ အော်ပြောလာချိန်မှာ ငွေဝန်း ဖေဖေ့ ဘေးမှာ ထိုင်ချလိုက်မိရပါပြီတည်း။

ဤမျှ ရင်တွေ ကွဲကျေနေအောင် ထိခိုက်ခံစားနေသည့်သူသည် အရမ်းကို ကူကယ်ရာမဲ့ခြင်းဆန်နေသည်ကို ငွေဝန်း ကြာရှည် မကြည့်ရက် ..၊ ဖေဖေဆိုတာ ငွေဝန်း ငြင်း၍ မရနိုင်တာကိုလည်း အသိတရားရလာနေခိုက်မှာ .. အဖေ ဆိုသည့် သွေးဖောသည် ရင်ကို လာထိ၏။ ရင်ကို ထိခိုက်၏။

ခုထိ ဖေဖေ့အမည်ကို ငွေဝန်း မသိရသေး ..၊ ဘယ်သူ့ဘယ်သူကမှလည်း ငွေဝန်း နှင့် ကိုကို့ကို ဖေဖေ့အမည်နှင့် ပတ်သက်၍ ပြောပြကြတာ မရှိသေး ..၊ အမည်ပင် မသိရသေးသည့် အဖေတစ်ယောက်၏ ဘေးမှာ ငွေဝန်း မျက်ရည်တွေနှင့် ထိုင်နေရသည်ဆိုသည့် ဘဝမျိုးကို ဘယ်တုန်းကမှလည်း ငွေဝန်း မမျှော်လင့်ခဲ့ဖူး ..၊ မထင်မိခဲ့ဘူး..။ ဒါပေမယ့် ဤအဖြစ်သည် လက်တွေ့ဘဝမှာ ကြေကွဲဖွယ်ရာ လာဖြစ်နေရပြီ။ ငွေဝန်း လက်ခံပေးနေရပြီ ..။

"ဖေဖေ .. မလာသင့်ပါဘူး သမီးရယ် .. ဒီကို မလာသင့်ပါဘူး.. သမီးရှိနေပါလားဆိုတဲ့ဖောနဲ့ ဖေဖေ လာမိတာ အမှားကြီး မှားနေပါပေါ့လား .. သမီးလေးကို ဖေ့ဖေ စိတ်ထိခိုက်အောင် .. အခံစားကြီး ခံစားရအောင် .. ဖေဖေ ရက်စက်မိပါပေါ့လား .."

ယူကျုံးမရ ငိုရင်း ပြောနေသည်က မချိမဆံ့ ခံစားနေရသည့် ဝေဒနာတွေဖြင့်ပါ ..၊ ဖေဖေ ငိုနေသည်။ ညည်းတွားပြောနေသံက မနိုင်ရန်ကန် ခံစားနေရသည့် ရင်ကို ဖောက်ခွဲ ပွင့်ကျလာသည့်နှယ်ရှိ၏။

ငွေဝန်း ၏ လက်လေးတွေ တုန်ခါနေရင်း မျက်နှာပေါ် အုပ်မိုး၍ ရှိုက်ကြီးငင်ငင် ငိုကြွေးနေပါသည့် ဖေဖေ့ လက်ဖမိုးတွေပေါ် ဖေးတင်လိုက်မိရပါ၏။ ဖေဖေ့ သွေးတွေ ငွေဝန်း ၏ လက်ဖဝါးသွေးကြောမျှင်တွေဆီမှ နှလုံးအိမ်သို့တိုင် စီးမျောတိုးဝင်လာသည့်နှယ် ခံစားလာရပါ၏။





"ဖေ .. ဖေ .."

ငွေဝန်း ၏ အသံလေးတွေ တုန်ခါနေသည်။ နှုတ်ခမ်းလေးတွေ ဆတ်ဆတ်ခါနေသည်။ မျက်ရည်တွေ ဆက်တိုက် ပြိုကျနေသည်။ ငွေဝန်း ၏ ရှိုက်သံချင်းဆက်နေသော ခေါ်သံလေးကြောင့် ..၊ ပြီးတော့.. ငွေဝန်း ၏ လက်ဖဝါးလေးတွေ ဖေဖေ့လက်ဖမိုးပေါ် ဖေးအုပ်လာသည့် အထိအတွေ့ကြောင့် ..၊ ဖေဖေ့ လက်တွေ မျက်နှာထက်မှ ခွာ၏။ ငွေဝန်း ၏ လက်လေးတွေကို ဆုပ်ခဲကိုင်ထားရင်း မျက်နှာလေးကို မျက်တောင်မခတ် ကြည့်နေသည်။ ဖေဖေ့ထံမှာ ထူထဲရှည်စင်းသော မျက်တောင်တွေ ရှိနေ၏။ မျက်ရည်တို့ စိုစွတ်နေသော မျက်တောင်နှစ်စုံ ..၊ တစ်စုံက ဖေဖေ့ထံမှာ..၊ တစ်စုံက ငွေဝန်း ထံမှာပါ တကား..။

"ဖေ .. ဖေ့ကို .. ဖေဖေ လို့ .. ခေါ်လိုက် .. ပြီ .. ပေါ့ နော် .."

ရင်ထဲ လှိုက်တက်လာနေသည့် ဝမ်းနည်း ဝမ်းသာဖောဖြင့် ဖေဖေ စိတ်လှုပ်ရှားစွာ ပြောလာသည်။

"ယုံပါ .. သမီးရယ် .. ဖေဖေ လေ .. မယ်မှုန့် ဆီကို .. လာခဲ့ .. ပါ .. တယ် ..၊ သူ .. မရှိ .. တော့ .. ဘူး လေ .."

ဖေဖေ မျက်ရည်ကျရင်း ပြောကာ ငွေဝန်း ကို ညှိုးမျော့စွာ ကြည့်သည်။ ဖေဖေ့အကြည့်သည် ခယယ နိုင်နေ၏။ တောင်းပန်ခြင်းတွေ ပြည့်နေ၏။ ကြေကွဲခြင်းတွေ စွန်းထင်း၏။

ငွေဝန်း ရင်ထဲမှာ ဤတစ်ကြိမ်မှာတော့ ဖေဖေ့ကို စောစောက စိတ်ဆင်းရဲအောင် ပြုမိခဲ့ပြီကော ဟု နောင်တစိတ်ဖြင့် ငေးစိုက်ကြည့်မိရပါပြီ ..၊ ဖေဖေသည် .. မေမေ့ကို .. လာတွေ့ခဲ့သေးသည်တဲ့ ..၊

မေမေ ဒေါ်မယ်မှုန် မရှိတော့သည့်အဖြေကို ဖေဖေ ရင်ကွဲကျေနေရင်း ကြားခဲ့ရချေမည်သာ ..။ မေမေနှင့် ငွေဝန်း ဖြစ်လာမည့် ရင်သွေးလေးကို စွန့်ပစ်ရက်ခဲ့လေသော ဖေဖေဟု ရင်ထဲမှာ ကြေကွဲမိတာတွေ တမြေ့မြေ့ပါအောင် ခံစားခဲ့ရလေသမျှ ..၊



www.burmeseclassic.com

www.burmeseclassic.com



ငွေ့ဝန်း သည် ဖေဖေ ဆိုတာကို စဆုံ ကြုံလိုက်ရချိန်မှာ အရမ်းကို ခံစားခဲ့ရသည် မဟုတ်ပါလား ..။ ထိုမြင်ကွင်းသည်လည်း ဖေဖေ့ကို အထိကြီး ထိစေခဲ့ပေသည်ကောလေ။ ငွေ့ဝန်း .. ဖေဖေ့ကို လက်အုပ်လေး ချီ၍ ကြည့်သည်။ ကန်တော့သည်။

"ဖေဖေ့ကို .. ခုမှ .. ပထမဆုံးအကြိမ် ကန်တော့ခွင့်ရခဲ့တဲ့ သမီး ကို .. ဖေဖေ .. ခွင့်လွှတ်ပေးပါ ဖေဖေ .. ဖေဖေ့ကို ဒီနေ့မှာပဲ ငွေ့ဝန်း ဟာ မျက်ရည်ကျအောင် လုပ်ခဲ့တဲ့ သမီး ဖြစ်နေလို့ပါ ဖေဖေရယ်.."

ငွေ့ဝန်း ပြောနေရင်းမှ မျက်ဝန်းမှ မျက်ရည်တွေ ကျလာသည်။ နှုတ်ခမ်းလေးကဖြင့် ကလေးလေးနယ်ပင် ခစ်မဲ့မဲ့လေး ဖြစ်နေသည်။ ငိုချလိုက်သည်ကလည်း စိတ်ကိုလွှတ်၍ ငိုချလိုက်ပုံလေးပါ ..။

"သမီး ရယ် .. ဖေဖေ့ .. သမီး ရယ် .."

ဖေဖေ့ နှုတ်ဆီမှ ပွင့်ကျ ခေါ်ဝင်သံသည်လည်း ရှိုက်သံတွေဖြင့် ပြွန်းတီးနေသည်။ သမီး၏ကိုယ်လေးကို ဖခင်တစ်ယောက်၏ ချစ်ခြင်း ဖြင့် သိမ်းကျုံးပွေ့ပင်၍ ရင်ခွင်ထဲမှာ ထွေးပိုက်ထားသည်။ ဖေဖေ ငိုနေ သည်။ ငွေ့ဝန်း ၏ ဆံစလေးတွေကို သပ်ပေးနေသည်။ ကျောလေး ကို သပ်ပေးနေသည်။ မျက်နှာလေးကို ဖေးမော့ယူကာ တစိမ့်စိမ့်ကြည့် သည်။ ကြည့်နေရင်းဖြင့်လည်း နဖူးလေးကို နမ်းလိုက် ..၊ ပါးလေးကို နမ်းလိုက်ဖြင့် မျက်ရည်တွေ ဖြိုင်ကျနေရင်း ဖေဖေ့မှာ သမီးကို ချစ်မဝ နိုင်ရှာ ..။

ဤတစ်ကြိမ်မှာတော့ ငွေ့ဝန်း သည်လည်း .. ဖေဖေနှင့်အတူ .. လိုက်၍ ငိုနေမိရဆဲ ..။ အခန်းသည် .. ရှိုက်သံမှ တစ်ပါး .. ငြိမ်သက်၏။





အခန်း [ ၂၀ ]

ဖေဖေ့ရင်ခွင်မှ ငွေ့ဝန်း လှမ်းမြင်လိုက်ရသည်က ကိုကြီးနှင့် ကိုငယ်..၊ ပြီးတော့ .. ဖေဖေနှင့် မေမေ ..၊ အားလုံးသည် ငွေ့ဝန်း နှင့် ဖေဖေတို့၏မြင်ကွင်းကို ငေးစိုက်ကြည့်နေကြသည်။ မျက်ရည်ကျနေ ကြသည်။

ပြီးတော့ .. အားလုံးညှိုးဖျော့စွာ နောက်ဘက်ကို ခြေလှမ်းတွေ ဆုတ်သွားကြပါပြီ ..။

အဖေရင်းနှင့် သမီးရင်းတို့ ဆုံကြပြီဆိုတာကို မြင်နေရင်း .. ခုမှ.. ဘေးလူအဖြစ် .. သက်ရောက်နေကြရချေပြီကော .. ဟု ခံစားနေကြရ တာလည်း မျက်နှာထက်မှာ စွန်းထင်းနေကြပါသည့် ညှိုးဖျော့သိမ်ငယ် ခြင်းတွေကြောင့်ပင်လျှင် ငွေ့ဝန်း သိနေရပါ၏။

"မေ .. မေ .. မေမေ .."

ငွေ့ဝန်း ဖေဖေ့ ရင်ခွင်မှ ကျုံး၍ ထလိုက်မိကာ မေမေ့ထံ ပြေးသွား မိရပါပြီတည်း။ နောက်ဘက်ဆီသို့ တရွေ့ရွေ့ ဆုတ်နေကြပါသည့် ခြေ လှမ်းတွေ ရုတ်ခနဲ တန့်ကုန်ကြသည်။ မေမေ့ မျက်နှာထက်မှာ ကြည်နူး ရိပ်တွေ ဖြစ်တည်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်တွေ ပျောက်ဆုံးကုန်ကြသည့်နှယ် ဖြစ်နေကြပါသည့် နေရာတစ်ခုဆီသို့ ငွေဝန်း ပြေးလာမိရာမှ .. ကမ်းလင့်နေပါသည့် မေမေ့ရင်ခွင်ထဲ ငွေဝန်း တိုးဝင်လိုက်သည်က အတန်မျှပင် အားအင်ပြင်းနေသည်မို့ မေမေ့ ကိုယ်နွဲ့နွဲ့သည်ပင်လျှင် နောက်ဘက်သို့ ယိုင်ခနဲ တစ်ချက်ပါသွားသည်အထိပါ။

နောက်ပါးဆီမှ ကိုကြီး ဝင်ထိန်းပေးသည်။ ငွေဝန်း ကတော့ မေမေ့ ကိုယ်လေးကို မလွှတ်တမ်း ဖက်မိ ..၊ ခေါင်းလေး ရင်ခွင်ထဲ နိုကပ်ထား မိရပါပြီ။

ခုမှ .. ဪ .. ခုမှ .. ငွေဝန်း ဆုံးရှုံးခဲ့ရာ အသိုက်အဝန်းလေးကို ငွေဝန်း ပြန်ရခဲ့ချေပြီတကား။ ဤ ရင်ခွင်လေးခုသည် .. ငွေဝန်း ၏ဘဝမှာ တန်ဖိုးကြီးမြတ်လွန်းပါသည့် ရင်ခွင်ကြီးများပါ ..။

ဖေဖေနှင့် မေမေ့ရင်ခွင် ..၊ ကိုကြီးနှင့် ကိုယ့်ရင်ခွင် ..၊ တစ်သက်တာမျှ ဆုံးရှုံးရချေပြီကောဟု လက်လွှတ်ခံလိုက်ရပါသည့် ထိုအချစ်များကို ပြန်၍ ကံကောင်းလွန်းစွာ ငွေဝန်း ပိုင်ဆိုင်ရချေဦးတော့မည် ..။

ထိုဖောသည် ငွေဝန်း အတွက် .. ကြီးမားသော အင်အားကြီးကို ဖြစ်တည်လာစေသည့်နှယ်ပါ ..။

"သမီးလေးရယ် .. မေမေ့ အသည်းနှလုံးလေး .. မေမေ့ ရင်သွေးလေး .. မေမေ့ နို့ချိုကို တိုက်မွေးရတဲ့ ကလေး .."

မေမေ ငိုရင်း ပြောသည်။ ငွေဝန်း ကို မျက်နှာအနှံ့ ဆက်တိုက် နမ်းနေသည်။ ငွေဝန်း ကလည်း မေမေ့ ကို တုံ့ပြန်နမ်းနေမိရသည် ပါပဲ ..။

ငွေဝန်း ၏ပခုံးလေးကို လာထိသည်က ကိုကြီးပါ..၊ မေမေ့ရင်ခွင် ထဲမှ ဆွဲယူ ပွေ့ပိုက်လိုက်သည်ကလည်း ကိုကြီးပါ ..။

"ပန်းရဂုံမှာ .. မျက်ရည်နဲ့ လောင်စေတဲ့မီးကို မွေးခဲ့တဲ့သူဟာ ကိုကြီးပါကွယ်.. ရင်ကိုလောင်စေတဲ့ မီးဆိုတာက မျက်ရည်ကို လောင်





စာတိုက်ပြီး ဖြစ်ရတာပါ ညီမလေးရယ် .. အဲဒီမီးဟာ .. နှလုံးသားကို ပြာကျစေနိုင်တယ်ဆိုတာ ကိုကြီး သိရချိန်မှာ .. အရှုံးလိုပါ ကလေးရယ် .. ကိုကြီး .. ရတနာမွန်းကို လိုက်သွားတယ် .. ညီမလေးကို ခေါ်ရအောင်လေ .. ညီမလေး အပေါ်မှာ ရက်စက်ခဲ့တဲ့ ကိုကြီးကို ခွင့်လွှတ်ပါ ကလေးရယ် .."

ပြောနေရင်း ငိုနေပါသည့် ကိုကြီး ကို မော့ကြည့်ကာ ငွေဝန်း လိုက်၍ ငိုသည်။ ငယ်ကတည်းက ငွေဝန်း ဆိုတာကဖြင့် ကိုကြီး နှင့် ကိုယ်တို့ တစ်ခုခုကြောင့် ငိုတာရှိလျှင် လိုက်၍ ဝမ်းနည်းပန်းနည်း အငိုကူးစက်တတ်သည့် ကလေးပါ ..။ ခုလည်း .. ရင်သည် မခံနိုင်..၊ လိုက်၍ ငိုသည်ပါပဲ။

ကိုကြီး .. ငွေဝန်း ကို ခေါ်ဖို့လာသည် ဆိုသည့်စကားသည် ရင်ထဲမှာ စမ်းရေတို့ စီးချေသည့်နှယ် အေးမြနေစေသည်တည့် ..။ ကိုကြီး၏ မျက်ရည်ကိုလည်း ငွေဝန်း သုတ်ပေးနေမိသည်။ ကိုယ့်ဘေးမှာ ရောက်လာကာ ညီအစ်ကိုနှစ်ယောက် ရောထွေး၍ ငွေဝန်း ကို ဖက်ထားကြပါ သည့်အဖြစ် ..။

"ကိုယ် လေ .. ညီမလေး မရှိရင် မနေတတ်ဖူး .. လွမ်းတဲ့အခါ.. ရင်ထဲ ဖြေမရနိုင်တဲ့အခါ .. ညီမလေး အခန်းထဲဝင်ပြီး .. ညီမလေးရဲ့ ခေါင်းအုံးလေးကို .. သီချင်းဆို ချော့သိပ်မိတယ် .. မျက်ရည်တွေကျ လိုက်ရတာ ညီမလေးရယ် .. ခုတော့ .. ပန်းရဂုံကို ပြန်ခေါ်သွားမှ ဖြစ် ယိမ့်မယ် ညီမလေး ..ပန်းရဂုံဟာ ညီမလေးရှိမှ .. အသက်ရှင်နိုင်တာ.."

ကိုယ် ပြောရင်း ငွေဝန်း ၏ ခေါင်းလေးကို နမ်းသည်။ နဖူးလေး ကို နမ်းသည်။

ထိုစဉ်ခိုက် ငွေဝန်း ၏အကြည့်က ဖေဖေ့ထံသို့ ရောက်သွားပါ ပြီ..။ ခုထိ မျက်တောင်မခတ်ကြည့်နေသည့် ဖေဖေ..၊ ရင်ထဲမှာ ဖြေဆည် မရနိုင်အောင် ခံစားရင်း ယူကျုံးမရ ဖြစ်ချင်းမက ဖြစ်နေပါသည့် ဖေဖေ..



www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်း ကို ဖေဖေ ခုထိ .. ခေါ်ရမှာ ဖလိပ်ပြာမရဲသည့်နှယ် ရှိနေတာကို ငွေဝန်း မြင်နေရသည်။ ရင်ထဲမှာ ငွေဝန်း တင်းမခံနိုင် ..၊ ဖေဖေ့ ရင်ထဲမှ ကြေကွဲရှိန်သည် ငွေဝန်း ၏ရင်ကို လာဟပ်၏။

ဖေဖေ့ထံ ငွေဝန်း သွားမည်ဟု ဆောတင်၍ ကိုကြီး နှင့် ကိုငယ်တို့၏ ရင်ခွင်မှ ထွက်ခဲ့ချိန်မှာ ခြေလှမ်းသည် နေးတုန့်နေသည်။ ဖေဖေ အရမ်း စိတ်ထိခိုက်နေတာကို သိနေရခြင်းသည်ပင်လျှင် ငွေဝန်း ၏ ကိုယ်လေးကို စိတ်ထိခိုက်နေစေခြင်းများက ဝါးမျိုချလိုက်သလို ဖြစ်နေပြီ ..။

ခြေလှမ်းမှာ အားအင်မကျန်နိုင်ပဲ ဖြစ်လာကုန်သည်။ လက်ကလေးနှစ်ဖက် လက်ဖဝါးချင်းအားပြု ဆုပ်ကိုင်နေရင်း ခြေလှမ်းလေးတွေ နေးလွန်းနေကာ ဖေဖေ့မျက်နှာကိုသာ ငေးစိုက်ကြည့်ရင်း ငိုယိုနေပါသည့် ငွေဝန်း ကို ဖေဖေလည်း မျက်တောင်မခတ် ကြည့်နေသည်။ နောက်တော့ .. ဖေဖေ့ကိုယ်ကြီး ရှေ့သို့ လျှပ်မြန်စွာ တိုးလာကာ ငွေဝန်း ၏ ကိုယ်လေးကို ပွေ့ငင်ယူလိုက်ပါပြီတည်း ..။

"ဖေဖေ .. ရက်စက်မိခဲ့တယ် သမီးရယ် .. သမီးလေးရဲ့ ရင်ကို လောင်မြိုက်အောင် .. အထီးကျန် သိမ်ငယ်အောင် .. ဖေဖေ ပြောမိခဲ့တာတွေ များလွန်းခဲ့ပါပြီ .. စကားလုံးတွေ ဒင်းကြမ်းမြည့်နေအောင် သုံးပြီး သမီးရဲ့ နှလုံးသားကို ဓားနဲ့ခွဲခဲ့သူဟာ ဖေဖေ ပါ .. ဖေဖေ လေ ..သမီးလေး မရှိတော့ .. အရူးလိုပါပဲကွယ် ..၊ စားလည်း မဝင် .. အိပ်လို့မရ.. ရင်ထဲမှာ ခြောက်သွေ့သွားလိုက်တာ သမီးရယ် .. သမီးကို လိုက်ခေါ်ဖို့ ဖေဖေတို့ သားအဖ ,, ပန်းရဂုံက အထွက်မှာ .. ဒီက .. သမီး ဖေဖေနဲ့ ကိုမြတ်မှူး တို့ ပန်းရဂုံကို လိုက်လာကြတာနဲ့ ရင်ဆိုင်တိုးခဲ့ကြရတာပါ .. အခု .. သမီးမှာ အဖေရင်း ရှိနေပြီ .. ဒါပေမယ့် .. သမီးရယ် .. ပန်းရဂုံဟာ .. နှလုံးသားတစ်ခုဆိုရင်ဖြင့် .. အဲဒီ နှလုံးသားရဲ့အညှာလေးဟာ သမီးပါ .. ဒီ အညှာလေး ခြွေသွား ကြွေသွားရင် .. အဲဒီ နှလုံးသား





ဟာလည်း ကြွေသွား ကျသွားရမှာပါပဲ .. အသက်မရှင်နိုင်တော့ပါဘူး သမီးရယ် .. ဒါကြောင့် သမီးကို ဖေဖေ တောင်းပန်ပါရစေ .. ဖေဖေ့ကို သမီးလေးရဲ့ ဖေဖေအဖြစ်တော့ အသိအမှတ်လေး ပြုပေးပါကွယ် .."

ဖေဖေ ငိုရင်း ပြောရှာသည်။ ငွေဝန်း ၏မျက်နှာလေးကို လက်ဖဝါးဖြင့် အုပ်မိုး၍ ငုံ့မိုးကြည့်ကာ နဖူးလေးကို နမ်းသည်။ မျက်နှာလေးကို ရင်မှာ ဆွဲယူ၍ အပ်ထားသည်။ ငွေဝန်း ဖေဖေ့ကို မော့ကြည့်ကာ ဖေဖေ့မျက်ရည်ကို သုတ်ပေးမိရပါ၏။

ငွေဝန်း သည်လည်း မျက်ရည်ဖြိုင်ကျနေသည်ပါပဲ။

"ဖေဖေဟာ ငွေဝန်း ရဲ့ ဖေဖေပါ .. ဖေဖေ့ကို ငွေဝန်း သိပ်ချစ်တာပဲ ဖေဖေရဲ့ .. အသိအမှတ် ပြုပေးပါလို့ မပြောပါနဲ့ ဖေဖေ ရယ် .. ငွေဝန်း ကို သမီးအဖြစ် အသိအမှတ်ပြုပေးပါလို့သာ .. ငွေဝန်း က တောင်းပန်ရမှာပါ .. တောင်းပန်ရမှာပါ ဖေဖေ ရဲ့ .. ငွေဝန်း လေ .. ဖေဖေ မေမေ တို့ရဲ့အချစ် .. ကိုကြီး ကိုငယ် တို့ရဲ့အချစ် မရှိပဲ.. အသက်ရှင်ဖို့ ခက်ခဲလွန်းလို့ပါ .. ခက်ခဲလွန်းလို့ပါ .."

ငွေဝန်း ပြောပြော ငိုနေတော့ ဖေဖေ ရင်ထုမနာဖြစ်ပုံကြီးဖြင့် တက်တစ်ချက် ပြင်းပြင်းပါအောင် ခတ်သည်။

"ဖေဖေ့ သမီးကို .. စိတ္တဇလို ဖြစ်ကုန်အောင် .. ဖေဖေ လေ .. အဲဒီနေ့က .. ဂုဏ်မောက်ပြီး ပြောမိခဲ့လေခြင်းကွယ် .. ဖေဖေ မှားလိုက်ပုံများ .. ရင်ကြေနေအောင် နှ ခံစားနေရတာပါ ..၊ ဖေဖေ့ရင်တွေ ကျေနေရပါပြီ သမီးရဲ့ .. ဒီလောက်တုန်နေအောင် ချစ်ရတဲ့ ဖေဖေ့ သမီးလေးကို .. ဖေဖေ့ မျက်စိရှေ့မှာ .. မျက်နှာငယ်လေးနဲ့ ထွက်သွားရအောင် လုပ်တဲ့သူဟာ .. ဖေဖေကိုယ်တိုင်ပဲ ဖြစ်နေတယ် သမီးရယ် .. ဒီအတွက် .. ဖေဖေ့တစ်သက် .. နောင်တရလို့ ဆုံးတော့မှာ မဟုတ်ပါဘူး သမီးလေး ရယ် .. တစ်ခုပဲ သမီးလေး သိထားပေးပါ .. သမီးလေးဟာ— လူချမ်းသာကြီး ဦးစက်ဖေ ရဲ့သမီးဖြစ်လို့ဆိုပြီး .. ခုမှ .. အပြေးအလွှား—



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာကြ .. သမီးဆိုပြီး လာတွေ့ကြ .. ခေါ်ကြဖြစ်တာ မဟုတ်ဘူး ဆိုတာကိုတော့ ယုံပေးပါ .. ဖေဖေတို့ .. မေမေ့ ချစ်စိတ်နဲ့ .. သမီးကို ခေါ်ဖို့ ဆုံးဖြတ်ခဲ့ကြတာက အရင်ပါ .. အရင်ပါ သမီးရယ် ..”

တောင်းတောင်းပန်ပန် ပြောနေသည့် ဖေဖေ့ကို ကြည့်ကာ ငွေဝန်း ခေါင်းတွင်တွင်ညိတ်ပြနေသည်။ ဖေဖေ့ကို ချစ်လိုက်သည်မှလေ ..။ ရင်ခွင်ထဲ တိုးဝင်ရင်း ကျစ်နေအောင် ဖက်ထားမိသည်ပါပဲ။

“လာပါ သားရယ် .. ဖေဖေ့ဆီကို လာပါ ..”

ငွေဝန်း ကို ဖက်ထားရင်းဖြင့်ပင် ဖေဖေ ကိုကို့ကို ခေါ်ပါ၏။ မြင်ကွင်းကို မျက်ရည်တွေဖြင့် ကြည်နူးစွာ ရပ်ငေးကြည့်နေပါသည့် ကိုကို ..။ ဘေးသို့ ရောက်လာပါ၏။ ဖေဖေ ပြုံး၍ ကိုကို့ကို ဖက်လိုက်သည်။ ခုကျတော့လည်း ကိုကို ရော .. ငွေဝန်း ပါ ဖေဖေ့ရင်ခွင်မှာ ကလေးတွေနှယ် ရှိနေကြရသည်ပါပဲ။

“ကျေးဇူးတင်တယ် သားရယ် .. ဖေဖေ့ သမီးလေးကို .. မြတ်မြတ်နိုးနိုး ချစ်တဲ့အတွက်ရယ် .. ပြီးတော့ .. ပန်းရဂုံကနေပြီး ဖေဖေ့ သမီးလေးကို ဖေဖေ ရက်ရက်စက်စက် ထွက်စေခဲ့တဲ့အထိ အသည်းတွေ မာကျောပြီး လူစိတ်ပျောက်နေတဲ့ ဖေဖေ့ လုပ်ရပ်ကြားမှာ .. ဒီကလေးကို .. လူလေး .. ခေါ်သွားခဲ့တဲ့အတွက် .. ကျေးဇူးတင်လှပါတယ် ..။ ဒါမှမဟုတ်ရင်ဖြင့် .. ဒီကလေး ခမျာ .. ဘယ်သောင် ဘယ်ကမ်း ကပ်ရမယ်ဆိုတာ မသိနိုင်ဘဲ ဖြစ်နေမှာ .. အဲဒီတုန်းက ဖေဖေ မိုက်တွင်းနက် ရက်စက်ပုံများ .. ပြန်ပြောရမှာတောင် .. မျက်နှာမဖော် ရဲအောင်ပါ သားရယ် ..။ ဒီကလေးကို .. မိဘမဲ့ဂေဟာတစ်ခုခုကို ပို့ပစ် မယ်လို့.. ဖေဖေ မထောက်မရက် ဆုံးဖြတ်မိတာကွယ် .. ခုထိ .. ဖေဖေ လေ .. ကိုယ့်ကိုယ်ကိုယ် .. နှလုံးနာနေအောင် မုန်းနေမိတယ် ..”

ဖေဖေ ပြောကာ ငွေဝန်း နဖူးလေးကို နမ်းသည်။

“ဖေဖေ .. အဲသလောက် .. လူစိတ် တစ်ချက်ပျောက်သွားတာ





ဟာ .. အတ္တကြောင့်ပဲ သား .. သား မှာ .. အဲသလို အတ္တမရှိဘူး .. ချစ်ခြင်းပဲ ရှိတယ် .. မပြောင်းလဲတဲ့ ချစ်ခြင်း ..”

ဖေဖေ ပြောရှာသည်။ ကျန်ခဲ့ရာ အမှားတစ်ခုအဖြစ် ဖေဖေသည် ခုထိ နောင်တတွေဖြင့် ကြေကွဲ လောင်မြိုက်နေချေသမျှ ..၊ ငွေဝန်း သိနေရင်း .. ရင်ထဲမကောင်းနိုင်ပါ။ ဖေဖေ့ကို ထိုအပူကြီးတစ်ခုထဲမှာ ပိတ်မိနေတာမျိုး ငွေဝန်း အဖြစ်မခံနိုင်ပါ ..။

“အဲဒါတွေ မပြောပါနဲ့ ဖေဖေ ရယ် .. အခု .. ငွေဝန်း မှာ ဖေဖေ လည်း ပြန်ရပြီ .. မေမေနဲ့ ကိုကြီး ကိုငယ် တို့ကိုလည်း ပြန်ရပြီ .. ပြီးတော့ .. ကိုကိုလည်း ရှိနေတယ် .. ကိုကို့ ဖေဖေလည်း ရှိနေတယ်.. ပြီးတော့ .. ပြီးတော့ ..”

ငွေဝန်း တစ်ချက် ဖေဖေ့ ကို မော့ကြည့်ပြီးမှ ...

“ငွေဝန်း ကို သိပ်ချစ်တဲ့ .. ငွေဝန်း ဆီကို လိုက်လာတဲ့ .. ငွေဝန်း ရဲ့ ဖေဖေလည်း .. အခု .. ရှိနေပါပြီ ..”

ဟု အန်ကယ် ဦးမြတ်မှူး ဘေးမှာ မျက်ရည်ဖြင့် အရာရာကို ကြည်နူးစွာ ကြည့်နေရှာပါသည့် ဖေဖေ ဦးစက်ဖေ ကို ကြည့်၍ ပြောမိရပါပြီတည်း။

အန်ကယ် ဦးမြတ်မှူး မှ ငွေဝန်း ထံ ရောက်လာကာ ...

“အန်ကယ်တို့ ဒီကို တူတူလာကြတာလေ .. ရန်ကုန်ကို ပြန်ရောက်ကြတဲ့အခါ .. သမီးလေးရဲ့ ဖေဖေဖြစ်တဲ့ ဒီက ကိုစက်ဖေ ရဲ့ စံကားဝါရွှေစင်ဟိုတယ်ကြီးမှာ .. သမီးတို့ရဲ့ မင်္ဂလာပွဲကို ကျင်းပမယ် လို့ အားလုံး တိုင်ပင် သဘောတူထားကြတယ် သိလား .. ဒီ ရွှေပြည့်စုံ ကို အန်ကယ်တို့ရောက်တဲ့အခါ .. ဒီအခန်းထဲမှာ တိတ်တိတ်လေး နေကြမယ် .. သမီးလေး နဲ့ သားတို့ကို .. ဟိုတယ်အခန်းကို မရောက် အောင် .. ဒီကို တူတူလာကြအောင် .. ပြီးတော့ ပန်းဝတ်လွှာလေးတွေ ကြဲဖြန့် ကြိုကြရအောင် .. ပန်းလေးတွေ ပြည့်နေတဲ့ ဒီအခန်းလေးရှိနေ



www.burmeseclassic.com

www.burmeseclassic.com



အောင် .. မနေ့ကတည်းက မောင်ဖေယျာ ဖုန်းဆက်ပြီး ပြင်ဦးလွင်က ရွှေပြည့်စုံဟိုတယ် မန်နေဂျာကို စီစဥ်ခိုင်းတာလေ .. သူ့စိတ်ကူးပေါ့.."

ဖေဖေမှ လက်ညှိုးထိုး၍ ပြောတော့ ပြုံး၍ လက်မထောင်ပြသည်က အစ်ကိုဖေယျာ ပါ။ ကိုကို ကတော့ ပြုံး၍ ကြည့်ကာ ...

"ကျေးဇူးတင်တယ် ဖေယျာ .. ခုလို .. လှပအေးချမ်းတဲ့ဘဝတစ်ခုကို .. ဒီအခန်းထဲမှာ လှလှပပ ပြင်ဆင် ခင်းကျင်းပြီး ဖြစ်တည်စေလို့လေ .."

ဟု ပြောပါ၏။

"ရှက်ခနဲ ပျော်ကုန်အောင်ပါကွာ .."

ဟု ရယ်မော၍ ပြောလာသည်ကလည်း အစ်ကိုဖေယျာ ပါ ..။ ငွေဝန်း ကတော့ ကိုကို့ သူငယ်ချင်း အစ်ကိုဖေယျာ ကို လက်အုပ်လေး ချီပြမိသည်ပါပဲ ..။

"ကဲ .. ကဲ .. အားလုံးစုပါ .. ဓာတ်ပုံရိုက်မယ် .. အမှတ်တရဖြစ်ခြင်းဆိုတဲ့ အထဲမှာ .. ဒီအချိန်ဟာ ဘယ်လိုမှ လက်လွှတ်မခံထိုက်တဲ့ အချိန်ပဲ .. ထက်ခေါင် .. နေရာယူပါ .. အားလုံး စုရပ်ဖို့ စီမံပါ .. ငါလည်း ပါမယ်ကွ .. ဒီဓာတ်ပုံထဲ .."

ဟု ပြောကာဆိုကာဖြင့် အစ်ကိုဖေယျာ-မှ ဒေါက်တင်ကင်မရာလေးကို အခန်းထောင့်မှာ အသင့်ရှိနေစေသည့်နေရာမှ သွားယူသည်။ အားလုံး ဓာတ်ပုံရိုက်ဖို့ နေရာယူကြပါ၏။ ငွေဝန်း တစ်ဖက်မှာက ပန်းရဂုံက ဖေဖေ မေမေ နှင့် ကိုကြီး ကိုငယ် တို့ ရှိ၏။ တစ်ဖက်မှာက .. ဖေဖေ ဦးစက်ဖေ ..၊ ငွေဝန်း ၏ နောက်မှာ ငွေဝန်း ၏ ပခုံးလေးပေါ် လက်တင်၍ ရပ်သည်က ကိုကို နှင့် အန်ကယ်ဦးမြတ်မှူး ..။

ပြီးတော့ ကင်မရာကို အော်တိုခလုတ်လေး နှိပ်ခဲ့ကာ ပြေး၍ ကိုကို့ဘေးမှာ ရပ်လိုက်သည်က အစ်ကိုဖေယျာ ပါ ..။ ထိုအထဲမှာ မဖြစ်မနေ ရပ်စေသည်က ဘဘ ဦးတိုးဆွေ ပါတည့် ..။





လူစုံတက်စုံဖြင့် ဓာတ်ပုံလေးသည် ဖျတ်ခနဲ ဖျတ်ခနဲ အလင်းလေး ပေါ်လာစေကာ ရိုက်လိုက်ပါသည့် ကင်မရာလေးကြောင့် ဖြစ်တည်သွားစေပါချေသည် တကား ..။

နောက်တော့ .. လူကြီးတွေအားလုံးကို ကိုကိုနှင့် ငွေဝန်း ကန်တော့ရပါ၏။ ထိုကန်တော့နေပုံလေးသည်လည်း အစ်ကိုဖေယျာ ကိုယ်တိုင် ရိုက်လိုက်ပါသည့် ဓာတ်ပုံလေးထဲမှာ ပါသွားရချေသည်ပါပဲ ..။

အဘယ်မျှ အေးချမ်းလိုက်ပါသည့် ဘဝလေးတစ်ခုကို .. ကိုကိုနှင့် ငွေဝန်း တို့ ပိုင်ဆိုင်လိုက်ကြရပြီတဲ့လည်းလေ ..။

ပန်းရနံ့တို့ ဝေနေသော အခန်း ..၊ ပန်းဝတ်လွှာတို့ ကြဲပြန့်ရာ အခန်းလေးသည် မွှေးတမြမြ လွှင်နေသည်တည့် ..။




www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ ...
အချစ်ရဲ့ တန်ခိုးနဲ့
ဘာမဆို ဖန်ဆင်းနိုင်တယ် ...။
နှလုံးသားထဲမှာ
ရွှေစင်နဲ့ သွန်းထားတဲ့
ရက်ကန်းစင်လေးကိုလည်း
ဖြစ်တည်စေနိုင်တယ် ...။
အဲဒီ ရက်ကန်းစင်လေးဆီက
အလွန်သာယာတဲ့
ရက်ကန်းခတ်သံလေးကိုလည်း
ဖြစ်တည်စေနိုင်တယ် ...။
အလွန်သာယာတဲ့
ရက်ကန်းခတ်သံလေးတွေ
ဝေစည်လာရာက
တစ်စ တစ်စနဲ့
လှပစွာ ရက်ဖွဲ့ရာ
ရွှေနဲ့ရက်တဲ့ ခြုံပဝါကိုလည်း
ဖြစ်တည်စေနိုင်တယ် ...။
ချစ်သူ ...
မင်း ... မြတ်နိုးစွာ ခြုံပါလေ ...။







အခန်း [ ၂၁ ]

"ကဲ .. ဒီ ဝတ်စုံကိစ္စ .. ဘယ်လိုရှင်းကြမလဲ .."

ငွေဝန်း၏ ခုတင်ထက်မှာ ပုံအောနေသည့် သတို့သမီးဝတ်စုံ တပုံတပင်ကြီးကို ကြည့်ကာ သူ မျက်စပစ်၍ ပြုံးပြုံးကြီးမေးတော့ ငွေဝန်းလှည်း စိတ်အိုက်နေပုံလေးဖြင့် တွေ၍ ကြည့်နေသည်ပါပဲ။

သူ ရယ်သည်။ ရယ်ရင်းလည်း ငွေဝန်း၏ နှာဖျားချွန်ချွန်လေးကို ဖွဖွ တို့ထိ လိုက်မိပြန်သည်။

"နှစ်ဖက်မိဘတွေက သေချာ ဒီဇိုင်နာတွေဆီမှာအပ်ပြီး ယူလာတာတွေလည်း ဒီထဲမှာ ရောက်နေပြီ .. ကိုကြီး နဲ့ ကိုငယ် တို့ စိတ်တိုင်းကျ ရွေးချယ်ယူလာကြတဲ့ ဝတ်စုံတွေလည်း ဒီပေါ်မှာ အထပ်လိုက် .. ဒီကြားထဲ ကြီးမြတ် ကလည်း သူ့ချေးသမီး ငွေဝန်းပျို ဆိုတာ သိလည်းသိရော .. သူ ဘာမှ မလုပ်ခဲ့ဖူးသလို အပြုံးတဝေဝေနဲ့ .. ဒီ ပန်းရုံအိမ်ကြီးထဲကို ဖေဖေ့ အားကိုးပြီး တက်လာ .. သတို့သမီးဝတ်စုံတွေ .. ရတနာထည်တွေ လာထားနဲ့ ဖြစ်တာကလည်း ရှိနေသေးတယ် ..၊ ကဲ.. ကိုကို့ ကောင်မလေးရေ .. ဘယ်ဝတ်စုံ ဝတ်မလဲ .. သတို့သမီး ထိုင်မသိမ်းဝတ်စုံတွေလည်း ပါနေတယ် .. အနောက်တိုင်း သတို့သမီးဝတ်စုံ ဂါဝန်ရှည်လေးတွေကလည်း လှလို့ နုလို့ .. အားလုံးကတော့ .. ကျေနပ်စိတာတွေ ဘာတွေနဲ့ လင်းလက်နေကြတာချည်းပဲ .. နုရွ ပျော်ရွှင်နေကြတဲ့ ဝတ်စုံတွေ .. အားလုံး လှနေတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ထပ်ပြောတော့လည်း ငွေဝန်း စိတ်အိုက်ပုံလေးဖြင့် ငြိမ်နေသည်ပါပဲ။

"ငွေဝန်း ရဲ့ ဒက်ဒီက .. ပုန်းညက်မြိုင်မှာ နောက် လေးလကြာတဲ့အခါ လာနေရမယ် .. ဒီ လေးလကိုတော့ ပန်းရဂုံမှာ နေပါဆိုလို့ ကိုကိုတို့ ရောက်နေရတဲ့ ပန်းရဂုံမှာ .. ဝိုင်းအချစ်ခံရခြင်းဆိုတာ ဒီလိုပါလားလို့ .. ကိုယ်တွေ့မျက်မြင် ကြုံရတော့ .. ငွေဝန်း ရှေ့မှာ ကိုကို ဖြင့် ရပ်တောင် မရပ်ရဲတော့ဘူး သိလား .. ဝိုင်းပြီး ဖူးဖူးမှုတ်နေကြလွန်းလို့ .. ကိုကို အအေးပတ်မှာ ကြောက်လာရသလေ .. ရယ်ရတယ် ကောင်မလေးရေ .. ဒီတစ်ခါပဲ ကြုံဖူးရတော့တယ် .. တစ်အိမ်မှာ လေးလ .. တစ်နှစ်ကို သုံးအိမ် .. ခွဲတမ်းနဲ့ နေရမယ့်ဘဝလေ .. ဒါတောင် .. ဖေဖေဆိုတာ ငွေဝန်း ခေါ်လိုက်ရင် .. အန်ကယ် ဦးဘုန်းသာ ကလည်း ဟေခနဲ ထူး .. အန်ကယ် ဦးစက်ဖေ ကလည်း သမီးရေ လို့ ထူး .. အဲဒါကြောင့် .. အန်ကယ် ဦးစက်ဖေ ကို ဒက်ဒီလို့ ပြောင်းခေါ်ယူရတယ် နော် .. ငွေဝန်းလေး ဟာလေ .. ကံကို ထူးတယ် .. အဟုတ်.."

သူ ပြောကာ ငွေဝန်း ဘေးမှာ ထိုင်သည်။ ပခုံးလေးကို သိုင်းငင်ပွေ့သည်။

"ဒီတော့ .. ကိုကို ပြောမယ် .. ဒီအထဲက ဘာကိုမှ မဝတ်နဲ့ .. ကိုကို ဒီနေ့ပဲ .. ရွေးလာခဲ့တဲ့ .. ဟောဒီ ဝတ်စုံလေးကို ဝတ် .. အဖြူရောင် ထိုင်မသိမ်း သတို့သမီးဝတ်စုံလေး .. အားလုံး ပုလဲနဲ့ အလှဆင်ထားတာ .. ဖွေးဥနေတာပဲ .. ကိုကို တိတ်တိတ်လေး ဒီဖိုင်နာ မမဖွေး ဆီမှာ အပ်ထားတာလေ .. ဒီနေ့ အသားလေးလစ်ပြီး သွားရွေးလာရတာ.. ဟောဒီက လှအုပ်ကို လုံးဝ အမြင်ကို မခံဘဲ ထားထားရတာဗျ .. မနက်ဖြန်ကျတော့မှ .. ဝတ် .. ဒါပဲ ဝတ်မယ်လို့ ပြော .."

သူ တိုးတိုးလေး ပြောသည်။ တံခါးကိုလည်း ပြေးပိတ်ရပါ၏။ သတို့သမီး ဝတ်စုံလေးကို ထုတ်ပြသည်။





"ဆံထုံးမှာ ဘာပန်း ပန်မလဲ မသိပါဘူး ကိုကိုရယ် .. သဇင်ပဲ ပန်ရမလိုလို .. သစ်ခွပဲ ပန်ရမလိုလို .. မမထား နဲ့ မမခက်စံ တို့ ခုထိ ငြင်းကြတုန်း .."

ငွေဝန်း ညည်းခိုက် သူ လက်ကာ၍ ရတနာဘူးကြီးကို ဗီရိုထဲမှ ထုတ်သည်။ ရှုံးခနဲ လက်ညှိုးကို နှုတ်ခမ်းမှာ ကပ်ကာ ငွေဝန်း ဘေးမှာ ကပ်ထိုင်သည်။

"အထဲမှာ.. ရွှေပန်းခိုင်လေးတွေ ရှိတယ်.. အဲဒါ.. ဆံထုံးမှာ ထိုးမယ် .. ဒီစိန်နဲ့ ပုလဲတစ်ဆင်စာကို ဝတ်ရမယ် .. ကိုကို .. အော်ဒါမှာထားတာ.. မနေ့က ရတယ်.. ဟိုလူတွေကို အသိတောင်မပေးရဲဘူး လန့်လို့.."

ပြင်ဦးလွင်မှ ပြန်ရောက်လာသည်ဆိုကတည်းက ဘယ်သူ့ ဘယ်သူမှ ငြိမ်မနေကြ ..၊ ကိုယ်စီ ကိုယ်စီ သတို့သမီးဝတ်စုံ အပ်ကြ ..။ လက်ဝတ်ရတနာတွေ ရွေးကြ ဝယ်ကြ အပ်ကြဖြင့် အလုပ်ရှုပ်နေကြကာ .. ကိုယ့်ဝတ်စုံ သူ မသိအောင် ..၊ သူ့ဝတ်စုံ ကိုယ်သိအောင် လုပ်ကြ၊ စုံစမ်းထောက်လှမ်းကြဖြင့် ပျော်စရာတော့ ကောင်းနေသည်။

"ကိုကို ကတော့လေ .. ညာဏ်ပြေးလိုက်တာများ .. ဘာကိုမှ .. ဘယ်သူကမှ မသိရ .. မရိပ်မိလိုက်ရအောင် .. ဝတ်စုံလည်း ယူလာပြီ.. ရတနာတွေလည်း ရောက်နေပြီ ..၊ ဟုတ်ပြီ .. ငွေဝန်း က ကိုကို့ ငွေဝန်းပဲ .. ကိုကို ဆင်တာ ဝတ်မယ် .. အားလုံးကို ဖြေရမှာက .. မနက်ဖြန် မှ တော့ ရွေးတယ်လို့ ပြောလိုက်မယ်လေ .. အဲဒါပဲ ကောင်းတယ်..၊ ဖြီးရော .. ခုမှ ဝတ်စုံကိစ္စလည်း အေး .. လက်ဝတ်လက်စားကိစ္စလည်း အေးရော .. ငွေဝန်း ဖြင့် ကိုကြီးနဲ့ ကိုငယ် ပြောတာဆိုရင်လည်း ခေါင်းညိတ်ရ .. မမထား နဲ့ မမခက် ပြောရင်းလည်း ခေါင်းညိတ်ရနဲ့.. စိတ်တွေ .. မောလာရော .."

ငွေဝန်း တကယ့်ကို စိတ်ရှုပ်ပြေသွားပုံလေးဖြင့် ရင်ထဲ ပေါ့ပေါ့ပါးပါး ရှိလာရင်း ပြုံး၍ ပြောမိရခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူး ငွေဝန်းလေး ရ .. ဟောဒီ ကိုကို့ရင်ခွင်ထဲမှာ နေစမ်းပါဦး .. နားထောင်ကြည့်စမ်း .. ရက်ကန်းခတ်သံလေး မကြားနေဘူးလား .. ကြည့်လိုက်စမ်း .. ရွှေရက်ကန်းစင်လေးကို နှလုံးသားထဲမှာ မြင်နေရတယ် မဟုတ်လား .."

သူ ပြောတော့ ငွေဝန်း မော့ကြည့်လာသည်။ ရင်ခွင်ထဲ ကလေးလေးလို ထွေးပိုက်ထားရာမှ ဆံစလေးတွေကို သူ နမ်းမိသည်။ နဖူးလေးကိုလည်း မေးဖျားလေးဖြင့် ဖေးတင်ထားမိသည်။ ငွေဝန်း ၏ မျက်တောင် ရှည်ရှည်စင်းစင်းလေးတွေကို သူ့လက်ဖျားဖြင့် ဖွဖွလေး ထိလိုက်မိပြန်သည်။ သူ့လက်တွေက ငွေဝန်းလေး ၏ မျက်နှာလေးကို ဖေးမော့စေလိုက်မိရင်းမှ ...

"အချစ်ဆိုတာ ဘာမဆို ဖန်ဆင်းနိုင်တယ် ငွေဝန်းလေး .. နှလုံးသားထဲမှာ ရွှေနဲ့ သွန်းထားတဲ့ ရက်ကန်းစင်လေးကိုလည်း ဖြစ်တည်စေနိုင်တယ် ..၊ အဲဒီ ရက်ကန်းစင်လေးဆီက အလွန်သာယာတဲ့ ရက်ကန်းခတ်သံလေးကိုလည်း ဖြစ်တည်စေနိုင်တယ် .. အလွန်လှပတဲ့ ရွှေနဲ့ ရက်တဲ့ ခြုံပဝါလေးကိုလည်း ဖြစ်တည်စေနိုင်တယ် .."

သူ ပြောနေမိရသည်။ ထိုမျှ လှပသော သိမ်မွေ့လွန်းသည့် အတွေးများကို ဖြစ်တည်စေသည်ကလည်း သူ၏ အချစ်များကြောင့်ပါတည့်..။ သူ့အချစ်များဖြင့် လုံခြုံစွာ ထားရပါမည့် မိန်းကလေး ..၊ သူ့အချစ်များကို အပ်နှံထားရပါလေသော သက်လုံးပုံမျှ ချစ်ရပါသည့် မိန်းကလေး..။

"ငွေဝန်းလေး .. ကိုကို ပြောမယ် .. သေချာ နားထောင်နော် .. သတို့သမီးအတွက် ရွှေနဲ့ ရက်တဲ့ ခြုံပဝါဆိုတာက .. တစ်ယောက်နဲ့ တစ်ယောက် မျက်တောင်အောက်က အပျောက်မခံနိုင်တဲ့ ကိုကို့ အချစ်တွေနဲ့ ဖြစ်တည်တဲ့ ခြုံပဝါပေမို့ .. ပဝါတကာ့ ပဝါမှာ .. အလွန်တန်ဖိုးကြီးတဲ့ ပဝါဆိုတာ သိထားရမယ် .. ဟောဒီ ကိုကို့ ရွှေတစ်ခေတ်လေး .. သိထားရလိမ့်မယ် .."





သူ ပြောကာ ငွေဝန်းလေး ကို ဗီရိုရှိရာသို့ ခေါ်လာမိသည်။ ဗီရိုထဲမှာ သူ သေချာ ဗီရိုအံဆွဲလေးထဲ ထည့်ထားပါသည့် ဘူးပြားကြီးကို ထုတ်သည်။

ကတ္တီပါဘူးကို ဖွင့်၍ ငွေဝန်း ၏ပခုံးလေးပေါ် တင်ခြုံပေးလိုက်သည်က.. ရွှေနှင့်ရက်ထားပါလေသော ခြုံပဝါလေးပါတကား ..၊ ငွေဝန်း.. သူ့ကို မော့ကြည့်နေပါ၏။

ပြုံး၍ ကြည့်ကာ ပဝါလေးကို ခြုံပေး ..၊ သေချာ လှလှပပလေး ဖြစ်အောင် ဆွဲဆန့်ပေးနှင့် သူ ရှိနေချိန်မှာ ငွေဝန်းလေး သူ့ကို ချစ်စိတ်နှင့် ရင်ခွင်ထဲ တိုးဝင် ဖက်ထားရှာချေသည်တည့် ..။

"ကိုကိုရယ် .. ဒီလောက်ထိ .. ငွေဝန်း အတွက် .. ဆင်ပေးရသတဲ့လား ..၊ တကယ်က .. ငွေဝန်း အတွက်.. ကိုကို ရှိနေရင်.. ပြည့်စုံအေးချမ်းနေပါပြီ ကိုကိုရယ် .. ဒီလောက် အဖိုးတန်တဲ့ လက်ဝတ်လက်စားတွေ .. ခြုံပဝါတွေ .. ငွေဝန်း ဘေးမှာ ခြံရံရှိနေတာထက် .. ကိုကို ရှိနေဖို့က ပိုအရေးကြီးပါတယ် ကိုကို ..၊ တစ်ချိန်က .. အရမ်းကို အားငယ် ငိုကြွေးရင်း .. ဒီအိမ်ကြီးမှာ အားကိုးရာမဲ့နေချိန်မှာ .. ကိုကို့လက်တွေက ငွေဝန်း ကို ဆွဲကိုင်ခေါ်သွားခဲ့တာဝါ .. တကယ်က .. ငွေဝန်း ကို ရတနာမွန်းက လက်ခံမှာ မဟုတ်ဘူးဆိုတာကို .. အဲဒီတုန်းက ကိုကို သိသိကြီးနဲ့ .. ခေါ်သွားခဲ့တာပါ ..၊ အဲဒီနေ့ကတည်းက .. ငွေဝန်း ဘဝမှာ .. ကိုကို ရှိနေမှဖြစ်မယ် ဆိုတာရယ်.. ကိုကိုဟာ ငွေဝန်း အတွက် အားကိုးရာ ဖြစ်သလို .. ကိုကို ရှိမှ .. ငွေဝန်း ရဲ့ဘဝဟာ ပြည့်စုံ လုံခြုံမယ်ဆိုတာရယ် .. ငွေဝန်း ရင်ကိုနှစ်ပြီး သိထားတာပါ ကိုကိုရယ် .. ဒီ ဥစ္စာဓနတွေထက် .. ကိုကို ရှိနေဖို့ .. ငွေဝန်း မှာ ပိုအရေးကြီးပါတယ် ကိုကို .."

"ရှူး .. အဲဒီတုန်းက ကြေကွဲစရာအဖြစ်တွေကို ပြန်မတွေးနဲ့တော့လေ .. စိတ်ဆင်းရဲမယ့်အတွေးတွေ မတွေးနဲ့ .. သတို့သမီးလေး.. ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ မျက်နှာလေး အပ်ထားလိုက်စမ်း .. ကိုကို့ရင်ထဲက အချစ်တွေကို သိနေ မြင်နေ .. ကြည်နူးနေလိုက်စမ်းပါ ကလေးရယ် .."

သူ ပြောကာ ငွေဝန်း ၏ မျက်နှာနုနုဥဥလေးကို လက်ဖဝါးဖြင့်ဖေးအုပ်ယူကာ မော့စေလိုက်ရင်းမှ တစိမ့်စိမ့် ကြည့်မိရပါ၏။

"ကိုကို နဲ့ ငွေဝန်းလေး တို့ နှစ်ယောက်စလုံးက .. အချစ်တစ်ခုတည်းနဲ့ လက်ထပ်ခဲ့ကြသူတွေပါကွယ် .. အချစ်ဆိုတဲ့ မျက်နှာတစ်ခုကိုပဲ ကိုကိုတို့ ကြည့်ခဲ့ကြတာပါ ..၊ အခု .. ဝမ်းသာရမှာလေ .. နှစ်ဖက်မိဘတွေလည်း စုစုစည်းစည်း ရှိနေကြပြီ .. ငွေဝန်း ရဲ့ ပန်းရဂုံက ဖေဖေ မေမေ .. ကိုကြီးနဲ့ ကိုငယ် .. မမထား နဲ့ မမခက်စံ .. သူတို့ကလည်း အရင်တုန်းကလိုပဲ ငွေဝန်း ကို ချစ်နေကြတာပဲ မဟုတ်လား..၊ ငွေဝန်း ရဲ့ ဒက်ဒီဆိုရင်လည်း .. မနက်လင်းတာနဲ့ ဒီပန်းရဂုံကို ရောက်လာပြီ .. ခုလည်း အောက်ထပ်မှာ အန်ကယ် ဦးဘုန်းသာ နဲ့ စကားတပြောပြော ရှိနေရှာတယ် .. အန်ကယ် ဦးစက်ဖေ ခမျာ.. ခုမှ.. အထီးကျန်ဘဝက လွတ်မြောက်ရတာ .. သမီးဆိုတာ ရှိနေရပြီ ..၊ အန်ကယ့်ခမျာ .. ဘဘဦးတိုးဆွေ ကိုတောင်မှ .. ကျေးဇူးရှင်လို သတ်မှတ်ထားတာပါ .. ပုန်းညက်မြိုင်မှာ ခေါ်ထားတာပဲလေ .. အံမယ်.. ဘဘ ဦးတိုးဆွေ ကိုတောင် .. ခြေတုတွေ ဘာတွေ လုပ်ပေးတော့မှာ မဟုတ်လား.. ပြီးတော့ ဘဘစိမ်း ရဲ့ ရွာကို ရအောင်စုံစမ်းပြီး ဘဘစိမ်း နဲ့ ဒေါ်ကြီးစိန်ကို ပန်းရဂုံမှာ ပြန်ခေါ်ထားတော့မယ် ..၊ အကောင်းဖက် .. အပျော်ဖက်ကို တွေးပါ ကလေးရယ် .. ရတနာမွန်းကလည်း ငွေဝန်း ကို .. ကိုကို့ဇနီးလေးအဖြစ် ချစ်နေကြတာပါ .. အခုဆိုရင် .. ဖေဖေလည်း အောက်ထပ်မှာ ငွေဝန်း ရဲ့ဖေဖေ .. ဒက်ဒီတို့နဲ့ အတူ ရှိနေတာလေ .. မင်္ဂလာပွဲကိစ္စ ပြောနေကြတာ .."

သူ ပြောရင်းမှ တစ်ချက် ရယ်မိပြန်သည်။ ရတနာမွန်းမှာတုန်းက ငွေဝန်း ဘက်မှ ရပ်တည်ပြောခဲ့ကာ အလုပ်မှ ထွက်သွားကြပါသည့်





ဘဘချို နှင့် ဒေါ်ကြီးဥ ကိုလည်း ပုန်းညက်မြိုင်မှာ ဦးစက်ဖေ ခေါ်ထားမည်ဟု ပြောပါသည့်အဖြစ် ..။

"မနက်ဖြန်ကျရင် .. ငွေဝန်းလေး .. ကိုကို ဆင်ပေးတဲ့ ဝတ်စုံရယ် .. ရတနာရယ် .. ခြုံပဝါရယ်နဲ့ ဖြစ်နေရင် .. အရင်ဆုံး စိတ်ညစ်သွားမှာကတော့ ကြီးမြတ် ပဲကွ .. သူက .. အခုမှ .. ငွေဝန်း ကို ဒေါ်ချမ်းသာ ဆိုပြီး အတင်းလာတွေ့ .. အတင်းချစ်နဲ့ .. မျက်စိတော့ နည်းနည်း နောက်တယ် သိလား .. သူ့ကို .. ကိုကို .. မကျေဘူးဗျာ .. ဒီလောက် ရက်စက်ခဲ့တာ .."

ပထမတော့ ကြီးမြတ် မျက်ကလူး ဆံပြာဖြစ်မှာကို တွေးမိရင်း ရယ်မိပေမယ့် ..။ နောက်တော့လည်း ရင်ထဲ ခံပြင်းရာတွေက ပြန်၍ ဖြစ်လာပြန်သည့်အဖြစ် ..၊

"ကိုကို ပြောထားတယ် နော် .. စိတ်ထိခိုက်စရာ ပြန်မတွေးရဘူးလို့ .. ခုလည်း ကြီးမြတ် ကို ခွင့်လွှတ်လိုက်ပါ ကိုကို ရယ် .. သူက အကြီးပဲ .. ဟိုတုန်းကလည်း မြူနှန်းစားကြီး သဘောမတူတာတွေ ဘာတွေ ရင်ထဲဖြစ်ကုန်ရင်း ငွေဝန်း ကို .. လုပ်မိလုပ်ရာ လုပ်လိုက်တာဖြစ်မှာပါ ကိုကို ရယ် .."

"အဲဒါပြောတာ .. အဲဒါပြောတာ .. ငွေဝန်းလေး ဟာ အရမ်းကိုဖြူစင်ပါတယ် လို့ .."

သူ .. ခပ်ညည်းညည်း ပြောကာ နဖူးချင်းထိထားမိရာမှ သနားစိတ်ဖြင့် ငွေဝန်း ၏ ဆံစလေးကို သပ်ပေးမိသည်ပါပဲ ..။

"ငွေဝန်း ပြောမယ်နော် ကိုကို .. ငွေဝန်း ရဲ့ ဘဝမှာ .. ကိုကို နဲ့ ကုန်တိုက်မှာ ဆုံမိခဲ့ရတဲ့အတွက် .. ကံကြမ္မာကို ကျေးဇူးတင်မိတယ် ကိုကို .. ကိုကို့ကို ငွေဝန်း အပေါ် ချစ်မြတ်နိုးတဲ့သူကို ကံကြမ္မာ ရွေးချယ် ဆုံစည်းပေးခဲ့လို့ပေါ့ ကိုကို ..၊ ဘယ်တော့မဆို .. ကိုကိုဟာ ငွေဝန်း ကို စိတ်ချမ်းသာအောင် အလိုလိုက်တယ် .. ငွေဝန်းအရမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ချင်နေတဲ့သူ .. အရမ်း ရောက်ချင်တဲ့နေရာ .. ရောက်အောင် ပို့ပေးတယ် .. တွေ့အောင် လုပ်ပေးတယ် ..၊ ဒါကြောင့် ဘဘဦးတိုးဆွေ နဲ့ ကြုံရတယ် .. ဘဘကြောင့် .. ဒက်ဒီနဲ့ ပြန်ဆုံရ .. ဒက်ဒီ့ကို အဖေရင်းအဖြစ် တွေ့ရတယ် .. ကိုကိုဟာ .. ငွေဝန်း အတွက် အားကိုးရာပါ ကိုကို .. ငွေဝန်း အခက်အခဲ ဒုက္ခကြုံချိန်မှာလည်း ကိုကို ရှိနေတယ်.. အခုလည်း .. ငွေဝန်း ဘေးမှာ ကိုကို ရှိနေတယ် .. ဒီလောက် ကြီးမြတ်တဲ့ ဆုလာဘ်ကို ငွေဝန်း ဘယ်ကမှ မရနိုင်ဘူး ကိုကို .. ကိုကို့ကို .. ငွေဝန်း ချစ်လည်း ချစ်ပါတယ် .. အားလည်း ကိုးပါတယ် .. ယုံလည်း ယုံကြည်ပါတယ် ကိုကို .. ကိုကို ရှိနေသမျှ .. ငွေဝန်း ဟာ ဘာမှ အတိဒုက္ခမရောက်နိုင်ဘူးလို့ ရင်ထဲမှာ .. ယုံကြည်နေမိတာပါ ..”

သူ၏ ဘဝ .. ပြည့်စုံအေးချမ်းရချေပြီ တကား ..၊ ဤအရာထက်.. ဘာကိုမျှ ငွေဝန်း ထံမှ သူ မလိုချင် ..။ သူ .. တောင့်တမြတ်နိုးရာ ဘဝတစ်ခုကို .. ပိုင်ဆိုင်ရပြီတည်း။ ငွေဝန်း ၏ ကိုယ်လေးကို ရင်ခွင်မှာ သိမ်းပွေ့ထားမိရင်း ခေါင်းလေးကို လက်ဖြင့် ဖေးအုပ်၍ သူ့ရင်မှာ အပ်ထားမိရပါပြီ ..။

“ကိုကို ပြောတတ်တာ တစ်ခုပဲရှိတယ် ကလေးရယ် .. ငွေဝန်း လေး ကို .. ကိုကို သိပ်ချစ်တာပဲ .. သိပ်ချစ်တာပါပဲကွာ.. ဒါပဲ သိတော့တယ် .. ပြောတတ်တော့တယ် ငွေဝန်း ရယ် ..”

သူ စပ်ညည်းညည်း ပြောမိစဉ်နိုက် ..၊ ငွေဝန်း ၏ လက်လေးတွေက သူ့ကို အားကိုးစွာ .. ယုံကြည် သက်ဝင်လွန်းစွာ .. ချစ်လွန်းစွာ.. နူးနူးညံ့ညံ့ .. သိုင်းဖက် ဖက်တွယ်လာရင်းမှ .. သူ့ နှလုံးသားရှိရာဘက်မှာ ခေါင်းလေးကို မှီအပ် ..။ နှုတ်ခမ်းလေးကို ထိခတ်၍ တသက်သက် ရှိုက်နမ်းလာပါ၏။

သူ့ရင်တို့ နူးညံ့လွန်းစွာ တိမ်းတိမ်းမက်မက် လှုပ်ရှားလာနေရပါသည့်အဖြစ် ..၊ သူ .. ငွေဝန်း ကို မျက်တောင်မခတ် ငုံ့မိုးကြည့်ကာ ...





“ကိုကို့ အသက်ရယ် ..”

ဟု တိုးဖွဖွ ခေါ်မိရပါပြီ။ ငွေဝန်း ၏ နှုတ်ခမ်းလေးတွေက သူ့ လက်ဖမိုးကို ဖေးအပ် နမ်းရှိုက်လာပြန်သည်။

“ငွေဝန်း ကို တစ်သက်တာ လက်တွဲတဲ့ ဒီလက်လေးတွေကို .. ငွေဝန်း ကလည်း ကျေးဇူးတင်ပါတယ် ကိုကို ရယ် ..”

ငွေဝန်း မော့ပြောလာတော့ သူ မြတ်နိုးစွာ နဖူးပြင်လေးကို နမ်းလိုက်မိသည်ပါပဲ ..။ ဖွင့်ထားသော ပြတင်းဆီမှ ပန်းရနံ့မွှေးချို စံကားပျိုတို့၏ရနံ့က တိုးဝင်လာကြသည်။ သူ .. ငွေဝန်း ၏ ဆံစလေးကို သပ်ပေးမိသည်က သိမ်မွေ့စွာဖြင့်ပါ ..။

အမြဲ ဤသို့ အေးချမ်းစွာ နေပါလေ ..၊ နူးညံ့စွာ ချစ်ပါလေ ..၊ ငါ၏ သက်လုံးပုံ၍ ချစ်ရပါလေသော သတို့သမီးလေး ..၊ ငါသည် မင်းကို ချစ်သော အချစ်များဖြင့်သာ .. ဘဝကို ရှင်သန်သွားသည့်သူ တစ်ယောက်အဖြစ် ရှိစေမည်ဟု .. သစ္စာဆိုခြင်းဖြင့် သင့်အပါးမှာ အမြဲ ရှိနေပါမည် ...။

မင်း .. ထာဝရ .. ငါ့အပါးမှာ ရှိနေခြင်းတစ်ခုသာ .. ငါ့အား ပေးဆပ်ပါလေ ..။

သတို့သမီးအတွက်
ရွှေနဲ့ ရက်တဲ့ ခြုံပဝါဆိုတာ ...။
သတို့သားရဲ့ သစ္စာရှိ
ရင်မှာတည် ရွှေမျှင်ဖွဲ့ပါတဲ့
ရက်ကန်းစင်နဲ့ ရက်တဲ့ခြုံပဝါ ...။
ပဝါတကာ့ ပဝါမှာ
မြတ်နိုးစရာ့ မြတ်နိုးရာ
ရွှေနဲ့ရက်ပါတဲ့ ခြုံပဝါ ...။



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ဝင် သခင်မှူးပေမို့
မြို့စေဦးရယ်လို့ ပန်းပေါ်တင်
ပဝါတင် ရွှေတစ်ခက်
နုညက်ညက်မြို့ပါ ခင် ...
အလှတွင် ဝိုယဉ်ကျူး
အသွင်အသွေးသိမ်မွေ့ရာ
ရွှေစင်ကညာ ရှုမငြီး
(မောင့် ..)
သတို့သမီးအတွက် ရွှေနဲ့ရက်တဲ့ မြို့ပဝါ
ဩော် ...
သတို့သမီးအတွက် ရွှေနဲ့ရက်တဲ့ မြို့ပဝါ ...။

ရှုဝေခံစားခြင်း မျှားမျှာဖြင့် ...



မဟူရာ (လှိုင်ကော်)
(၂၉-၃-၂၀၁၄)

အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥရုရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃

ရွှေသမင်စာပေ

www.burmeseclassic.com